ဝိနည်း အဆုံးအဖြတ်ဖြစ်သည့်

# ဝိမတိဝိစ္ဆေဒနီကျမ်း

မန္တလေးမြို့
ဒက္ခိဏာရာမဘုရားကြီးတိုက်
အမရပူရကျောင်း
ပရိယတ္တိသာသနဟိတ (သကျသီဟ) ဓမ္မာစရိယ
မူလစာချ
ဆဋ္ဌသံဂါယနာ ဩဝါဒကထာသနသောဓေယျက ပါဠိပဒ ပိဋကကျမ်းညွှန်းနှင့်
တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်းပြုဆရာတော်

## ဦးဥက္ကံသာဘိဝံသ

စီရင် ဆုံးဖြတ် ရေးသားအပ်သည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၁ ကောဇာ ၁၃၃၉ မေ ၁၉၇၇

ဝိနည်း အဆုံးအဖြတ်ဖြစ်သည့်

# ဝိမတိစ္ဆေဒနီကျမ်း

မန္တလေးမြို့

ဒက္ခိဏာရာမဘုရားကြီးတိုက်

အမရပူရကျောင်း

ပရိယတ္တိသာသနဟိတ (သကျသီဟ) ဓမ္မာစရိယ

မူလစာချ

ဆဋ္ဌသံဂါယနာ ဩသာနသောဓေယျက ပါဠိပဒ ပိဋကကျမ်းညွှန်းနှင့်

တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်းပြုဆရာတော်

## ဦးဥက္ကံသာဘိဝံသ

စီရင် ဆုံးဖြတ် ရေးသားအပ်သည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၁ ကောဇာ ၁၃၃၉ မေ ၁၉၇၇

ရန်ကုန်မြို့ ကမ္ဘာအေး သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒုတိယညွှန်ကြားရေးမှူး ဦးချစ်တင် ( မှတ်ပုံတင်အမှတ်--၀၁၈၀၃/၀၂၂၆၂ ) က
ပုံနှိပ်ထုတ်ဝေသည်။



ဒက္ခိဏာရာမ ဘုရားကြီးတိုက်
ပါဠိပဒပိဋက-ကျမ်းညွှန်းနှင့် တိပိဋကပါဠိမြန်မာအဘိဓာန်အဖွဲ့ ဥက္ကဋ္ဌ
ဝိမတိဝိနောဒနီကျမ်းပြု အမရပူရကျောင်း ဆရာတော် အရှင်ဥက္ကံသာဘိဝံသ

# နိဒါန်း

ဗုဒ္ဓစန္ဒေ အနုပ္ပန္နေ၊ ဗုဒ္ဓါဒိစ္စေ အနုဂ္ဂတေ။
တေသံ သဘာဂ ဓမ္မာနံ၊ နာမမတ္တံ န နာယတိ။ (ဝိ၊၅။၁၅၇)

ဘုရားတည်းဟူသော ငွေစန္ဒာလမင်းကြီး မပွင့်ပေါ်ခဲ့သည်ရှိသော် ဘုရားတည်းဟူသော ရောင်ခြည်တထောင် ဆောင်သည့် နေမင်းကြီး မပေါ်တက်ခဲ့သည် ရှိသော် ကုဋေတသိန်းသော ကြာဝဠာတိုက်နေ ဝေနေယျကြာ သတ္တဝါတို့အဖို့ ထိုထို အနိစ္စ စသည့် အခြင်းအရာ တို့ဖြင့် ပဘောတူသော သင်္ခတတရားတို့၏ ဖဿ ဝေဒနာ သညာ စသည့် ပရမတ္ထ ဝိဇ္ဇမာန အမည် ဥတ်မျှကိုသော်လည်း မသိအပ်နိုင် ဉာဏ်၌ မထင်မြင်နိုင်သည် သာလျှင်တည်း။

ဘုရား တည်းဟူသော ငွေသော်တာ လမင်းကြီး ပွင့်ပေါ်တော်မူသည့် အတွက် သတ္တဝါတို့၏ ၊ ၁န္တာန်၌ ကမ္ဘာအဆက်ဆက် မရပ်မနား လောင်ကျွမ်းနေသည့် ရာဂ စသည့် အပူမီးကြီးများ ငြိမ်းအေး ချမ်းသာမှုကို ရကြလေသည်။ ကိုယ်တော်ရောင် ဉာဏ်တော်ရောင် တို့ဖြင့် အလျှံ ပြောင်ပြောင် တောက်ပတော်မူသည့် ဘုရားတည်းဟူသော နေမင်းကြီး ပေါ်တက်လာခဲ့သည့် အတွက် ကုဋေတသိန်းသော စကြာဝဠာတိုက်နေ ဝေနေယျကြာ သတ္တဝါသားတို့အဖို့ မောဟ ာည်းဟူသော အမိုက်မှောင်ထုကြီး ပြိုကွဲ၍ အမြင်မှန် အလင်းခေတ်ကြီးကို မျက်ဝါးထင်ထင် ကိုယ်စီကိုယ်ငှ သိမြင်တွေ့ရှိကြရလေသည်။

## တိရစ္ဆာန်များပင် ဘုရားရှင်အား လုပ်ကျွေးကြခြင်း

မင်္ဂဖိုလ်နိဗ္ဗာန်အထိ ဉာဏ်အမြင် မပေါက်နိုင်သေးသည့် ပုထုဇဉ် ပုဂ္ဂိုလ်တို့အဖို့လည်း ဘဝ နိဿရဏ=ဘဝမှ ထွက်မြောက်နိုင်မည့် ပါရမီ ကုသိုလ်ကံထူး တို့ကို ဖြည့်ဆည်းပူး သွားနိုင်ကြ ပေသည်။ အယုတ်သဖြင့် ဘုရားသခင် ဒေသစာရီ ကြွချီတော်မူသည့်အခါ တောလမ်းခရီး ကြုံကြိုက်သည့် သမင် ဒရယ် ဂျီငယ် စိုင် ဆတ် ဖွတ် ပတတ် စသည့် တောသား တောသတ္တဝါလေး တို့သည်ငှင်း ကျေးငှက် သာလိကာ စသည့် ကောင်းကင်ပျံ သတ္တဝါလေးတို့သည်ငှင်း ဘုရားရှင်ကို ဦးညွတ်ကော်ရော် ပူဇော်ကန်တော့ လိုက်ကြသည်သာ များကြပေသည်၊ (ဓမ္မပဒ၊ဋ္ဌ။၁။ ၃၇–၉။ ဝိ၊၃။၅၀၀-တို့၌ပါသော) ပါလိလေယျက ဆင်မင်းသည် ဘုရားရှင်အား တဝါတွင်းပတ်လုံး နေ့ရောညပါ ရေပူရေချမ်း ကမ်းလှမ်း၍ လုပ်ကျွေးပြုစု လေသည်။ ၎င်းဆင်မင်းကြီးကို အားကျ၍ မျောက်တကောင်သည် ဘုရားရှင်အား ပျားကောင်များ ပျားရည်ကို စုတ်မသွားသည့် ပျားလဘို့ တခုကို လှူဒါန်း ပူဇော်လေသည်။ ၎င်းတို့ နှစ်ဦးလုံးပင် သေလွန်သည့်အခါ တာဝတိံသာ နတ်ပြည်၌ ဖြစ်ကြလေသည်။ **အမှန်မှာ မြတ်စွာဘုရားသခင် တောလမ်းခရီးဖြင့် အပင်ပန်းခံပြီး**

ခရီး ဒေသစာရီ ကြွချီတော်မူခြင်းသည် ၎င်းကျေးငှက်စသည့် သတ္တဝါလေးတွေကိုသနားငဲ့ညှာ၍ "ကုသိုလ် ပွားကြပါစေ"ဟု နှလုံးသွင်းကာ ကြွချီတော်မူခြင်း ဖြစ်ပေသည်။

ထိုပြင် မ ဋ္ဌ၊၁။၃၂၂-နှင့် ခုဒ္ဒက၊ဋ္ဌ။၁၂၇-တို့၌ လာသော ဇီးကွက်ငှက်ကလေး အကြောင်းမှာလည်း မှတ်သားဘွယ် ကောင်းလှပေသည်။ ၎င်းငှက်ကလေး၏ အကြောင်းကား—

## ဇီးကွက်ငှက်ကလေး

တရံရောအခါ မြတ်စွာဘုရား သခင်သည် ဇလန္ဒိယပြည် မဇ္ဈိမဒေသ တောင်ပိုင်း ဝေဒိသက တောင် ဇလန္ဒသာလမည်သော လိုဏ်ဂူ၌ သီတင်းသုံး နေတော်မူလေသည်၊ ထိုစဉ်အခါ ဇီးကွက်ငှက်တကောင်သည် မြတ်စွာဘုရား ရှာသို့ ဆွမ်းခံကြွသည် ရှိသော် ခရီးတဝက် လိုက်ပို့လိုက်လေသည်၊ ဆွမ်းခံရွာမှ ထွက်လာသည်ရှိသော် ခရီးတဝက်မှ ဆီးကြိုလေသည်၊ ၎င်းဇီးကွက်ငှက်သည် တနေ့သောအခါ ညနေချမ်းဝယ် ရဟန်းတော်အပေါင်း ခြံရံလျက် ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့် တင့်တယ်စွာ ထိုင်နေတော်မူသည့် ဘုရားရှင်ကို မြင်ရ၍ ကြည်ညိုလှသဖြင့် တောင်ပေါ်မှ ဆင်းသက်ကာ အတောင်နှစ်ဖက်တို့ကို ညွတ်၍ လက်အုပ်ချီမိုး ဦးညွတ်ကျိုးလျက် ရှိခိုးကန်တော့ကာ ရပ်နားနေလေသည်။

မြတ်စွာဘုရားသခင်သည် ၎င်းဇီးကွက်ငှက်ကလေးကို ကြည့်၍ ပြုံးတော်မူလျှင် သွားတော်တို့မှ ဖြူသော ရောင်ခြည်တော်တို့ ထွက်စမြဲဖြစ်သည်၊ စိန်တောင်စိန်ခဲမက ဖြူဖွေးလှသော ရောင်ခြည်တော် ထွက်မှုကြောင့် ဘုရားရှင် ပြုံးတော်မူကြောင်း ညီတော်အာနန္ဒာ သိသဖြင့် "မြတ်စွာဘုရား အဘယ်အကြောင်းကြောင့် ပြုံးတော်မူပါသနည်း၊ပြုံးရယ်ခြင်း၏ အကြောင်းကား အဘယ်ပါနည်း" ဟု လျှောက်ထားလေသည်။ ထိုအခါ ဘုရားရှင်က "ညီတော် အာနန္ဒာ၊ ဤဇီးကွက်ငှက်ကလေးကို ကြည့်ပါ၊ ဤငှက်ကလေးသည် ငါဘုရားနှင့် သံဃာတော်အပေါ် အကြည်ညိုပွါး၍ ရှိခိုးပူဇော်ရသော ကုသိုလ်စေတနာကြောင့် ကမ္ဘာတသိန်းပတ်လုံး အပါယ်မလားရဘဲ လူ့ပြည် နတ်ပြည်တို့၌သာ ကျင်လည်၍ သောမနဿ-မည်သော အရှင်ပစ္စေက ဗုဒ္ဓါဖြစ်လိမ့်မည်" ဟု မိန့်တော်မူလေသည်။ ဤသို့လျှင် ဘုရားသခင် ပွင့်တော်မူသည့်အတွက် လူနတ်ဗြဟ္မာ အကြီးအမြတ်စား ဝေနေယျကြာ သတ္တဝါတို့နှင့်တကွ ကျေးငှက်စသည့် သတ္တဝါ အသေးအငယ်လေးတွေပါ မကျန် ကောင်းကျိုးချမ်းကို ရရှိခံစား ရလေသည်။

ထိုကြောင့် အင်္ဂုတ္တိုရ် ပါဠိတော် (အံ၊ ၁။ ၂၁) ၌ အောက်ပါအဝိုင်း ဟောထားတော်မူခဲ့လေသည်—

ရဟန်းတို့ ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူသော လူနတ်ဦးခိုက် ပူဇော်အထူးကို ခံတော်မူထိုက်သည့် သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင် လောက၌ ပွင့်ပေါ်မူသည်ရှိသော် များစွာသော သူအပေါင်းတို့ စီးပွားချမ်းသာခြင်းငှါ လောကသားတို့ကို သနားစောင့်ရှောက်ခြင်းငှါ နတ်လူတို့၏ အကျိုးစီးပွါးများခြင်း ချမ်းသာခြင်းငှါ ဖြစ်တော်မူ၏။

## သာသနာသုံးရပ်

ဤကဲ့သို့ ကျေးဇူးတော် ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော ဘုရားရှင်၏ အဆုံးအမ သာသနာတော်သည်ကား—

(၁) စာပေကျမ်းဂန်များနှင့် ၎င်းတို့ကို သင်ကြားပို့ချမှုဟူသော ပရိယတ္တိသာသနာ။

(၂) သမထ ဝိပဿနာ တရားတို့ကို ကျင့်ကြံကြိုးကုတ် အားထုတ်မှုဟူသော ပဋိပတ္တိသာသနာ။

(၃) မဂ်ဖိုလ် နိဗ္ဗာန်ဟူသော ပဋိဝေဓ သာသနာ အားဖြင့် ၃-ပါး အပြားရှိသည်။ ထို ၃-ပါးတို့အနက် သာသနာတော် အဓွန့်ရှည်ကြာ တည်တံ့စေရေး အထောက်မှုကား ပရိယတ္တိသာသနာ သာလျှင် အရင်းမူလ ပဓာနဖြစ်ပေသည် (အံ၊ ၄၊ ၁။ ၇၂)။ ၎င်းပရိယတ္တိ စာပေကျမ်းဂန် ဓမ္မက္ခန္ဓာအပေါင်း ရှစ်သောင်းလေးထောင်တို့သည်ပင် သက်တော်ထင်ရှား မြတ်စွာဘုရား၏ ကိုယ်စား ဆရာဘုရားများ ဖြစ်ကြပေသည်။ ထို့ကြောင့် (ဒီ၊ ၂။ ၁၂၆-၇။ ၌) အောက်ပါအတိုင်း ဘုရားရှင် မိန့်ကြားခဲ့လေသည်—

အာနန္ဒာ ငါဘုရားသခင်သည် သင်တို့အတွက် သုတ် အဘိဓမ္မာတရားကိုလည်း ဝိနည်းဥပဒေကို၎င်း ဟောကြားအပ်ခဲ့ ပညတ်အပ်ခဲ့ပေပြီ၊ ၎င်းသုတ် အဘိဓမ္မာနှင့် ဝိနည်းဥပဒေတော်သည် ငါဘုရား ကွယ်လွန်သောအခါ သင်တို့၏ ဆုံးမပဲ့ပြင်ပေးမည့် ဆရာဘုရား ဖြစ်ပေလိမ့်မည်။

## ဝိနည်းပိဋကတ် အရေးအကြီးဆုံး

ထိုသုတ် အဘိဓမ္မာ ဝိနည်းဟူသော ပရိယတ်တရားတော် ၃-ပါးတို့တွင်လည်း ဝိနည်း ပိဋကမှာ အရေးအကြီးဆုံး ပိဋကတ် ဖြစ်ပေသည်။ ထို့ကြောင့်ပင် ပဌမ သံဂါယနာတင်ရန် ရဟန္တာ ၅၀၀ စည်းဝေးထိုင်နေကြစဉ် သံဃနာယက ခေါင်းဖြစ်တော်မူသည့် အရှင်မဟာကဿပက "တပည့်တော်များ သုတ် အဘိဓမ္မာကို ဦးစွာ သံဂါယနာတင်ကြမလား? သို့မဟုတ် ဝိနည်းပိဋကကိုပဲ ဦးစွာ သံဂါယနာ တင်ကြမလား?" ဟု အမိန့်ရှိလေရာ-ရဟန္တာအရှင်မြတ် အားလုံးကပင် "အရှင်မဟာကဿပဘုရား ဝိနည်းပိဋကဟူသည် ဘုရားသာသနာတော်၏ အသက်သွေးခဲ ဖြစ်ပါသည်၊ ထို့ကြောင့် ဝိနည်းပိဋကကို ဦးစွာ သံဂါယနာတင်ကြပါစို့ ဘုရား" ဟု တညီတညွတ်တည်း လျှောက်ထားကြလေသည်။ (ဝိ၊ ၄၊ ၁။ ၁၁။ ဒီ၊ ၄၊ ၁။ ၁၂။)

ဤရဟန္တာကြီးများ၏ ထုံးနည်းအတိုင်း ယခု ဆဋ္ဌသံဂါယနာ အထိ ဝိနည်းပိဋကမှစ၍သာလျှင် သံဂါယနာ တင်ခဲ့ကြလေသည်။

ဘုရားရှင် ကိုယ်တော်တိုင်လည်း ဝိနည်းပိဋက၏ ဂုဏ်ကျေးဇူးကို အမျိုးမျိုး ချီးကျူးတော်မူလေ့ရှိသည်။ ဝိနည်းပိဋကတ်ကို သင်ကြားပို့ချခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း အမျိုးမျိုး ချီးကျူးတော်မူလေ့ရှိသည်။ ဝိနည်းပိဋကကို မြတ်စွာဘုရား လက်ထက်တော်မှာပင် အလွန်ပြတ် ချပို့ သင်ကြား ပြသတော်မူသည့် အရှင်ဥပါလိ ရဟန္တာ၏ ဂုဏ်ကျေးဇူးကိုလည်း ပုဂ္ဂလာဓိဋ္ဌာန်အားဖြင့် အမျိုးမျိုး ချီးကျူးတော်မူလေ့ရှိသည်။ (ပိ၊ ၂။ ၁၀၇။ ဝိ၊ ၄။ ၃၁၉။)

ဤနေရာ၌ အဘယ်ကြောင့် ဘုရားသခင်သည် ဝိနည်းပိဋကၡ ဂုဏ်ကျေးဇူး စသည်ကို အမျိုးမျိုးအဖုံဖုံ ချီးကျူးပါသလဲ ဟု မေးမြန်းဘွယ် ရှိသည်၊ အဖြေမှာ-- ဤသို့ ဘုရားရှင်ကိုယ်တော်တိုင် ချီးကျူးထောမနာပြုလိုက်သဖြင့် ကြီးကြီးငယ်ငယ် ရွယ်ရွယ် လတ်လတ် အားလုံးသော ရဟန်းတော်တို့သည် ဝိနည်းပိဋကကို အမြတ်တနိုးထားပြီး သင်ယူသင့်သည်ဟု မှတ်ထင်လာကြသည်၊ အရှင်ဥပါလိ၏ အထံမှာ ဝိနည်းပိဋကကို ကြိုးကြိုးစားစား သင်ယူ လာကြသည်၊ ယင်းသို့ ဝိနည်းပိဋကကို လေးလေးစားစား သင်ယူကြမှ သာသနာဝါးထောင် တည်လိမ့်မည်ဟု သိတော်မူသောကြောင့် ဖြစ်ပေသည်။ ဝိ၊ ဋ္ဌ၊ ၃။ ၁၄၅။

## ဝိနည်းဓိုရ်ပုဂ္ဂိုလ်၏ အကျိုးအာနိသင်များ

တို့ပြင် ဝိနည်းပိဋကကို နှုတ်တက်အာဂုံဆောင်သည့်ဝိနည်းဓိုရ် ပုဂ္ဂိုလ်၏ အကျိုးအာနိသင်တို့ကိုလည်း ၅-ပါး ၆-ပါး ၇-ပါး ၈-ပါး ၉-ပါး ၁၀-ပါး ၁၁-ပါး ဟု အမျိုးမျိုးချီးကျူး ထောမနာ ပြုလေ့ရှိပေသည်။ ပရိဝါ ပါဠိတော် (၂၃၆၊ ၃၂၀)၌ ဟောပုံမှာ—

ရဟန်းတို့ ဝိနည်းဓိုရ်ပုဂ္ဂိုလ်၌ အကျိုးအာနိသင်တို့ကား ဤ ၅-ပါးတို့တည်း။

(၁) မိမိ၏ အဓိသီလ အစုကို ကောင်းစွာလုံခြုံစေအပ်, စောင့်ရှောက်အပ်ပြီးဖြစ်၏။

(၂) ဝိနည်းနှင့်ပတ်သက်၍ သံသယကုက္ကုစ္စ အနှိပ်စက် ခံနေရသော ရဟန်း ရှင်လူတို့၏ ကိုးကွယ် အားထားရာ ဖြစ်၏။

(၃) သံဃာအလယ်ဝယ် ရဲရင့်စွာ ပြောဆိုရ၏။

(၄) ရန်သူတို့ကို အကြောင်းနှင့်တကွ ကောင်းစွာ နှိမ်နင်းနိုင်၏။

(၅) သူတော်ကောင်းတရား သာသနာဝါးထောင် အရှည် တည်တံ့စေခြင်းငှါ ကျင့်ကြံသူ ဖြစ်၏။

ဝိနည်းဓိုရ်ပုဂ္ဂိုလ်၏ အကျိုးအာနိသင် ၆-ပါး ၇-ပါး ၈-ပါး ၉-ပါး ၁၀-ပါး ၁၁-ပါး အကျယ်ကို ဝိ၊ ဋ္ဌ၊ ၃။ ၁၄၄-၅။ ဝိ၊ သင်္ဂဟ။ ၄၆၇-တို့၌ ကြည့်ရှုကြပါကုန်။ ထို့ကြောင့်- ၎င်းအဋ္ဌကထာတို့၌ ဝိနည်းဓိုရ်ပုဂ္ဂိုလ်သည် သာသနာ ၃-ရပ် စည်ပင်ပြန့်ပွားအောင် ငါးထောင်သာသနာ အဓွန့်ရှည်ကြာအောင် ကျင့်ကြံကြိုးကုတ် အားထုတ်နေသူဖြစ်ကြောင်း အကျယ်တဝင့် ချီးကျူး ဖွင့်ပြတော်မူကြလေသည်။

## ဘုရားပွဲ၌ သင်္ကန်းကောက်ယူသော ရဟန်းဝတ္ထု

ပြဆိုခဲ့သော ဝိနည်းဓိုရ် ပုဂ္ဂိုလ်၏ အကျိုးအာနိသင် ၅-ချက်အနက် ၂-နံပါတ်နှင့် ပတ်သက်၍ ရှေးဖြစ်ဟောင်း သီဟိုဠ် ဝတ္ထုလေး တပုဒ်ကို တင်ပြလိုပေသည်— သီဟိုဠ်ကျွန်း ဘာတိယမင်း၏ လက်ထက် မဟာစေတီဘုရား ပူဇော်ပွဲကြီး ကျင်းပနေခိုက်ဖြစ်သည်။ စေတီတော်၏ တောင်ဖက် အရပ်မှ ရဟန်းတော်တပါးသည် ခုနစ်တောင်ရှိ အရောင်ဖျော့သင်္ကန်းကထည်ကို ပခုံးမှာတင်၍ စေတီယင်ပြင်သို့ ဝင်လာလေသည်။

ထိုခဏ၌ပင် ဘုရင်မင်းမြတ်သည်လည်း စေတီတော်ကို ဖူးရန် ကြွချီလာလေသည်၊ ထိုအရပ်၌ ဘုရင်မင်းမြတ် ထွက်တော်မူခြင်း ဖြစ်လတ်တော့ လူအပေါင်းတို့ လှုပ်လှုပ်ရွရွ ချောက်ချားမှုဖြစ်လေသည်၊ ထိုစဉ်အခါ ၎င်းရဟန်းသည် လူအပေါင်း လှုပ်ချောက်ချားမှုဖြင့် နှိပ်စက်ရကား ပခုံးမှ လျှောကျကျန်ရစ်သည့် သက်န်းကို ဂရုမမူမိဘဲသာလျှင် ထွက်ခွါသွားလေတော့သည်၊ ဘုရားစေတီယင်ပြင်၏ အပြင်ဖက်ရောက်ပြီးမှ သင်္ကန်းကို မမြင်တွေ့ရကား "ဤသို့ သဘောရှိသည့် လူအပေါင်းတို့ လှုပ်လှုပ်ရွရွ ချောက်ချားနေရာ ဌာနမျိုး၌ သင်္ကန်းကို အဘယ်ပုဂ္ဂိုလ်မျိုးမှ ပြန်ရနိုင်မည် မဟုတ်ပါဘူး၊ ၎င်းကျခဲ့သည့် သင်္ကန်းသည် ငါ့ဟာ မဟုတ်တော့ပါဘူး"ဟု စိတ်နှလုံး ဒုန်းဒုန်းချပြီး သွားလေတော့သည်။ ၎င်းနောက် ကာလမှ ရဟန်းတပါးကြွလာပြီး ထိုသင်္ကန်းကို တွေ့မြင်ကာ ခိုးလိုသောစိတ်ဖြင့် ကောက်ယူလိုက်လေသည်။ ကောက်ယူပြီးခါမှ တဖန် စိတ်နှလုံး မသာမယာ ဖြစ်ပြီး "ယခု ငါရဟန်း မဟုတ်တော့ချေ၊ လူထွက်တော့မည်"ဟု စိတ်ဖြစ်ပေါ် လာလေသည်။ လူထွက်တော့မည် လုပ်ပြီးခါမှ "ဝိနည်းဓိုရ်ပုဂ္ဂိုလ်ကို မေးမြန်းပြီးမှ အမှန်အတိုင်းသိရတော့မည်" ဟု စိတ်အကြံ ဖြစ်လာပြန်သည်။

## စူဠသုမနထေရ်ထံ ချဉ်းကပ်လျှောက်ထားခြင်း

ထိုစဉ်အခါမှာလည်း ပရိယတ္တိအားလုံးကို နှုတ်တက်အာဂုမ်ဆောင်နိုင်သော ဝိနည်းအရာ ပါမောက္ခတဆူ ဖြစ်တော်မူသည့် စူဠသုမနမည်သော ဆရာတော်ဘုရားသည် မဟာဝိဟာရ ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူသည်၊ ၎င်း လူထွက်တော့မည်ဟု ကြံသည့် ရဟန်းသည် စူဠသုမနထေရ်ထံ ချဉ်းကပ်ပြီး ရှိခိုးကာ အခွင့်တောင်းလျက် မိမိ၏ သံသယကုက္ကုစ္စကို မေးမြန်းလျှောက်ထားလေသည်။ ပရိသတ်လူထုကြီး ဖဲခွာသွားပြီးနောက်မှ ၎င်းရဟန်းရောက်လာပြီး ကျကျန်ရစ်သည့် ၎င်းသင်္ကန်းကို ကောက်ယူကြောင်း စူဠသုမနထေရ် သိရလျှင် "ဒီနေရာမှာ အာပတ်မှ ကင်းလွတ်နိုင်သည့် အချက်အလက် အခွင့်အရေးကောင်းတော့ ရှိပေသည်"ဟု ကြံစည်၍"အကယ်၍ သင်္ကန်းပိုင်ရှင် ရဟန်းကို ပင့်ခေါ် လာနိုင်လျှင် ငါရှင်၏ ထောက်ရာ တည်ရာ အားကိုးရာကို ပြုလုပ်ပေးနိုင်ကောင်းပါရဲ့"ဟု မိန့်တော်မူလိုက်လေသည်။

ထိုအခါ "အရှင်ဘုရား တပည့်တော် သင်္ကန်းပိုင်ရှင် ရဟန်းကို ဘယ်လိုလုပ်ပြီးတွေ့အောင်ရှာနိုင်ပါ့မလဲဘုရား"ဟု လျှောက်ထားလေရာ "ထိုထို အရပ်ဒေသသွားပြီး ရှာကြည့်ပါ"ဟု မိန့်တော်မူလိုက်လေသည်။ ၎င်းရဟန်းသည် ကျောင်းတိုက်ကြီး ၅-တိုက်တို့ကို ရှာကြည့်သော်လည်း မတွေ့ချေ။ ထိုအခါ စူဠသုမနထေရ်က ၎င်းရဟန်းကို "ငါ့ရှင် အဘယ်အရပ်မှ ရဟန်းတော်များများလာကြသလဲ" ဟု မေးရာ "တောင်ဖက်အရပ်မှ များများလာကြပါသည်ဘုရား" ဟု လျှောက်ထားလေသည်။

"သို့ဖြစ်လျှင် သင်္ကန်းကို အလျား အနံ တိုင်းပြီးထားပါ၊ တောင်အရပ်မှ ရှိသမျှကျောင်းတိုက်တို့ကို တခုမကျန် လှည့်လည်မေးမြန်း စုံစမ်းပြီး သင်္ကန်းပိုင်ရှင် ရဟန်းကို တွေ့အောင်ရှာလျက် ပင့်ခေါ် လာပါ"ဟု မိန့်တော်မူလိုက်လေသည်။ ၎င်းရဟန်းသည် စူဠသုမနထေရ် မိန့်သည့်အတိုင်း တွေ့အောင်ရှာ၍ သင်္ကန်းရှင်ရဟန်းကို ပင့်ခေါ် လာလေသည်။

## စူဠသုမနထေရ်၏ အဆုံးအဖြတ်

စူဠသုမနထေရ်က "ဤ သင်္ကန်းသည် သင့် သင်္ကန်းဟုတ်ပါသလား" ဟု မေးရာ ၎င်းရဟန်းက "ဟုတ်ပါသည်ဘုရား"ဟု လျှောက်ထားလေသည်၊ "အဘယ်အရပ်မှာ ကျကျန်ရစ်ခဲ့ပါသလဲ"ဟု မေးရာ ၎င်းရဟန်းက အကြောင်းအရာ အစုံအလင်ကို လျှောက်ထားလိုက်လေသည်။ စူဠသုမနထေရ်သည် ၎င်းသင်္ကန်းပိုင်ရှင်ရဟန်းက "ငါ့ဟာ မဟုတ်တော့ပါဘူး"ဟု စိတ်နှလုံးဒုန်းဒုန်းချ=ဓုရနိက္ခေပ ပြုကြောင်း စကားရပ်ကို ကြားရလျှင် သင်္ကန်းကောက်ယူသော ရဟန်းကို တဖန် "ငါ့ရှင် သင်သည် ဤ သင်္ကန်းကို အဘယ်အရပ်မှာ တွေ့မြင်၍ ကောက်ယူခဲ့သလဲ" ဟု မေးမြန်းပြန်လေသည်၊ ၎င်းရဟန်းကလည်း အဖြစ်အပျက် အစုံအလင်ကို ပြန်ပြောင်း လျှောက်ထားလေသည်။ ထိုနောင်မှ မထေရ်မြတ်က ကောက်ယူသော ရဟန်းကို "အကယ်၍ သင်သည် စင်ကြယ်သော စိတ်ဖြင့် ကောက်ယူသည်ဖြစ်ငြားအံ့၊ အာပတ်မသင့်သည်သာ ဖြစ်ရာ၏။ ယခုမူကား ခိုးလိုသော စိတ်ဖြင့် ကောက်ယူအပ်သည်၏ အဖြစ်ကြောင့် ဒုက္ကဋ်အာပတ်သင့်သည်၊ ၎င်းအာပတ်ကို ဒေသနာကြားပြီး အာပတ်မရှိအောင် ပြုလုပ်ပါ၊ ဤ သင်္ကန်းကိုလည်း မိမိသင်္ကန်းပြုပြီး ၎င်း သင်္ကန်းရှင် ရဟန်းအား လှူလိုက်ပါ"ဟု ဆုံးဖြတ်တော်မူလိုက်လေသည်၊ ၎င်းရဟန်းသည် အမြိုက်သုဓာဘုတ်ဖြင့် အဘိသိက်သွန်းလောင်းခံရဘိသကဲ့သို့ အလွန်တရာ စိတ်သက်သာရာ ရသွားလေတော့သည်။ ဝိ၊ ဋ္ဌ၊ ၁။ ၂၆၅-၆။

ဤကား ဝိနည်းဓိုရ်ပုဂ္ဂိုလ်သည် ဝိနည်းနှင့် ပတ်သက်၍ သံသယကုက္ကုစ္စ အနှိပ်စက်ခံနေရသော ရဟန်း ရှင် လူ တို့၏ ကိုးကွယ်အားထားရာဖြစ်ကြောင်း ရှေးဟောင်း အဋ္ဌကထာလာ သီဟိုဠ်ပုံ ဝတ္ထုလေးတခု ဖြစ်ပါသည်။ ထိုကြောင့်ပင် အဋ္ဌကထာတို့၌ ဝိနည်းပရိယတ်၌ ကျွမ်းကျင်လိမ္မာသော ဝိနည်းဓိုရ်ပုဂ္ဂိုလ်သည် သာသနာတော်ဝယ် သဒ္ဓါတရားရှိသည့် အမျိုးကောင်းသားတို့၏ မိကောင်း, ဖခင်သဖွယ် ဖြစ်၏-ဟု မိန့်ဆိုတော်မူလေသည်။ (ဝိ၊ ဋ္ဌ၊ ၁။ ၇၇)။

ဤ ဝတ္ထုလာ အဆုံးအဖြတ်ပါ ရဟန်းကလေးသည် "လူထွက်တော့မည်"ဟု စိတ်ဗျာများနေရာမှ သံဃာဖခင်သဖွယ်ဖြစ်သော စူဠသုမန ဝိနည်းဓိုရ်ထေရ် ကယ်ဆယ်လိုက်သည့်အတွက် တသက်လုံး စိတ်ချမ်းသာမှုကို ရသွားလေသည်။

ယခုခေတ်ဝယ် သံဃာတော်အများစု၏ ဖခင်သဖွယ် ဖြစ်တော်မူသော ဘုရားကြီးတိုက် အမရပူရ ဆရာတော်ဘုရား၏ ဝိနည်းအဆုံးအဖြတ်များကြောင့်—

ကာယကံရှင်များအဖို့ အမြိုက်သုဓာဘုတ်ဖြင့် အဘိသိက် သွန်းလောင်းခံရဘိအလား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုကို အနှန်ပင်ရရှိကြပေမည်။ ကာယကံရှင်မဟုတ်သည့် အေးပုဂ္ဂိုလ်များ အနေဖြင့်လည်း ၎င်း အဆုံးအဖြတ်များသည် လိုက်နာဘွယ်, ရှောင်ကြဉ်ဘွယ်, ကျင့်သုံးဘွယ် တို့ကို ကြိုတင်သိရှိကြသဖြင့် အဘိုးဖြတ်နိုင်သည့် ပြည်တန် ပဋ္ဌမြား ရတနာတို့ကို တလုံးစီ တလုံးစီ စီရရီ သီကုံးထားသည့် ပတ္တမြားလည်ရွဲ ဆွဲကြိုးကုံးကြီးပမာ လွန်စွာ တန်ဘိုးရှိလှပေသည်။

## ဘုရားကြီးတိုက်နှင့် အမရပူရ ဆရာတော်

ဘုရားကြီးတိုက်သည်ကား တိုက်တည်သည်မှစ၍ ယခု မြန်မာနိုင်ငံဝယ် အကြီးဆုံးသော စာသင်တိုက်ကြီးတခု ဖြစ်ကြောင်း သာသနာနွယ်ဝင် သူတော်စင်တိုင်းလို သိရှိကြလေသည်၊ ဤမျှ ကြီးကျယ်ခမ်းနားပြီး သံဃာတော်ပေါင်း မြောက်မြားစွာတို့ကို ထိန်းသိမ်း စောင့်ရှောက်ထားနိုင်သည်မှာ သာသနာစောင့် သံဃပိတု=သံဃဖခင် ပရိယတ္တိ စာချ အကျော်အမော် ဆရာတော် အဆက်ဆက် သီတင်းသုံး နေထိုင်ရာဖြစ်သောကြောင့် ဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် နေလပမာ လွန်စွာ ထင်ရှားပြီးဖြစ်သဖြင့် ဘုရားကြီးတိုက်နှင့် ပတ်သက်ပြီး ထို့ထက်အလွန် ချဲ့ထွင်ဘွယ် မလိုတော့ပါ။

အမရပူရ ဆရာတော်ဘုရားသည်ကား ငယ်ရွယ်စဉ်မှ စ၍ ဂမ္ဘီရဉာဏ် ထက်သန်သည့် ပုဂ္ဂိုလ်ထူးရဟန်း အာဇာနည်ဘဦး ဖြစ်ရကား သာမန်ပုဂ္ဂိုလ်တို့ သိမြင်နိုင်ခဲသည့် ဝိနည်းအဆုံးအဖြတ် ဝါကျ သံဝဏ္ဏနာ ကျမ်းသွား ကျမ်းလာတို့၌ သူမတူအောင် ကျွမ်းကျင် တတ်မြောက်တော်မူလေသည်၊ ပင်ကိုယ်ဉာဏ် ကြီးသူဖြစ်သဖြင့် စာသင်ဖက် သီတင်းသုံးဘော် သက်တူ ရွယ်တူများကို မဆိုထားဘိ၊ ဆရာသမားများပင် ချီးကျူး မြောက်စားမှု အားကိုးမှုကို ရရှိခဲ့လေသည်။ အထူးသဖြင့် ကျေးဇူးရှင် ပုခန်းဆရာတော်ဘုရား, ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် အရှင်ပညာ, ကွမ်းရွာ မင်းကျောင်း ဆရာတော် အရှင်စက္ကိန္ဒ, မန္တလေးမြို့ ဘုရားကြီးတိုက် သာသနဇောတိကာရုံ အုတ်ကျောင်းဆရာတော် အရှင်နာရဒ စသည့် အဓိပတိဆရာတော်ကြီးများ၏လက်ရုံးတဆူ အားကိုးအားထားမှုရသည့် တပည့်ကြီးအနေဖြင့် အဆုံးအဖြတ်ပေါင်း များစွာတို့ကို ကူညီ ရေးသား ပေးတော်မူခဲ့လေသည်။

## ယောကျ်ား အာဇာနည်တို့သည် ဆရာဆက်ပင် ပညာရည် ချွန်ကြသည်

ကျွန်ုပ်တို့၏ မြတ်စွာဘုရား အလောင်းတော်သည် တောထွက်တော်မူပြီး ဒုက္ကရစရိယာအကျင့် မကျင့်မီ အာဠာရ ရသေ့ကြီးနှင့် ဥဒက ရသေ့ကြီး ၂-ဦးထံမှာ လောကီစျာန် ကျင့်နည်း ယောဂီပဋိပတ်များကို နည်းခံခဲ့လေသည်၊ ထိုသို့ နည်းခံ ကျင့်သည်မှာလည်း ၂-ရက် ၃-ရက်မျှသာ ကြာသည်၊ ၂-ရက် ၃-ရက် အတွင်းမှာပင် အာဠာရ ရသေ့ကြီး သိသည့် အာကိဉ္စညာယတန သမာပတ်အထိ သမာပတ် ၇-ပါးကို ရွှေလှေခါး ၇-စင်းကို ထောင်တက်လိုက်သကဲ့သို့ အလွယ်တကူ အောင်လံ စိုက်ထူနိုင်ခဲ့ပေသည်၊ အာဠာရ ရသေ့ကြီးသည် အားရ နှစ်သက်တော်မူလှသဖြင့် တပည့်ဟူသော အသုံးကို မသုံးစွဲဘဲ "သဗြဟ္မစာရီ=တရားကျင့်ဘော်" ဟူသောအသုံးအနှုန်းဖြင့် ခေါ်ဝေါ်ချီးကျူး၍ မြှောက်စားတော်မူလေသည်။

ဥဒကရသေ့ကြီးထံ နည်းခံသောအခါ၌မူ ၎င်း ဥဒကရသေ့ကြီးက သူ၏ ဖခင် ရာမ ရသေ့ကြီးထံမှ လက်ထပ် ရရှိလိုက်သည့် နေဝသညာနာသညာယတန စျာန်သမာပတ်အထိ ကျင့်စဉ် ယောဂီပဋိပတ် နည်းနာ နိဿယများကို ဟောပြလေသည်၊ သို့ရာတွင် ၎င်းဥဒက ရသေ့ကြီးကိုယ်တိုင် ထိုစဉ်က ၎င်းစျာန်အထိ မရသေးချေ၊ ဘုရားလောင်းမူကား ၎င်းကျင့်စဉ်များကို နားထောင်သင်ယူပြီး ၂-ရက် ၃-ရက် အတွင်းမှာပင် နေဝသညာ နာသညာယတနသမာပတ် အထိ လောကီ

သမာပတ်အားလုံးကို တံခွန်စိုက်ထူ အောင်ပန်းကို ဆွတ်ချူနိုင်ခဲ့လေသည်၊ ၎င်း ရသေ့ကြီးလည်း နှစ်ထောင်းအားရသဖြင့် မိမိ၏ တပည့်ပင် ဖြစ်ပါလျက် ဘုရားလောင်းကို အာစရိယဋ္ဌာနေ ဌပေသိ=ဆရာ အရာမှာလည်း တင်ထားလိုက်သည်၊ ဥဠာရာယ စ ပူဇာယ ပူဇေသိ=မြင့်မြတ်ကြီးကျယ်သော ပူဇော်ခြင်းဖြင့်လည်း ပူဇော်ကန်တော့လေသည်။ (မ၊ ၁။ ၂၂၃၊ ၃၀၆။ မ၊ ၄၊ ၂။ ၇၇။) ဤကဲ့သို့ အလောင်းအလျာ ယောကျ်ားအာဇာနည်ပုဂ္ဂိုလ်များသည်ကား ဆရာထက်ပင် ပညာရည်ချွန်သွားမှု ရှိဘတ်လေသည်။

## သက်သေသာဓကများ

ဘုရားအလောင်းတော် သိဒ္ဓတ္ထယောဂီအတူ အမရပူရဆရာတော်သည်လည်း ပဋိသန္ဓေပင်ကိုယ်ဉာဏ် ဂမ္ဘီရဉာဏ် အလွန်ထက်သန်သူဖြစ်ရကား ဆရာသမားများကပင် ယုံကြည်လေးစားအားထားရလောက်အောင် ပညာအရာ ထူးချွန်တော်မူပါပေသည်၊ အဆုံးအဖြတ်နံပါတ် ၁၄၊ ၂၀၊ စာမျက်နှာ ၁၇၅၊ ၂၁၃-ကြည့်ပါ။

ဘိက္ခုနီ ဒူသကကဲ့သို့ ဘိက္ခုဒူသက သာမဏေအဖို့ မည်သို့ မည်ပုံ ဖြစ်သင့်သည်၊ ၎င်းသာမဏေ ရဟန်းခံလာလျှင် ရဟန်းကောင်းဖြစ်နိုင် မဖြစ်နိုင် စသည်တို့ကို တွေးတောမိပြီး သာသနာဘောင်မှ ဆုတ်နစ်ရတော့မည့် သာသနာ့ဝန်ထမ်းတဦးကိုလည်း ဆရာတော်ဘုရား၏ အဆုံးအဖြတ်များက ကယ်တင်နိုင်ခဲ့လေသည်၊ အဆုံးအဖြတ်နံပါတ် ၁၂၊ စာမျက်နှာ ၁၅၅-ကြည့်ပါ။

ဝိနည်းအရာဝယ် ဋီကာကြီး ၃-စောင်ရှိရာ အချို့နေရာ၌ ၎င်းဋီကာကြီးတို့ အဆိုအမိန့် မတူညီကြ၊ ဝါဒကွဲနေသည်၊ ထိုအခါ အဘယ်ဋီကာအဆိုက မှန်ကန်သည်ဟု ဆုံးဖြတ်နိုင်သူ အနေဖြင့် ကျွန်ုပ်တို့ ကျေးဇူးရှင် ဆရာတော်တပါးကိုသာ မျက်ဝါးထင်ထင် ဖူးမြင်ဘူးပေသည်။

ဝရဇိန်တမျှ ထက်မြက်လှသည့် ပညာဉာဏ်ရှိသည့်အတွက် ဝဇိရဗုဒ္ဓိအမည်ရှိသော ဆရာတော်ကြီးတပါး ရေးသားထားသော ကျမ်းဂန်ဖြစ်သောကြောင့် ဝဇိရဗုဒ္ဓိမည်သော နာမည်ကျော် ဝိနည်းဋီကာကြီးရှိပေသည်၊ ၎င်းဋီကာကြီး၏ အဆိုအမိန့်အတိုင်း အများအားဖြင့် လိုက်နာကျင့်သုံးကြရလေသည်၊ သို့သော် ၎င်းဋီကာကြီး၏ ချွတ်ချော်မှားယွင်းချက်ကို အကြောင်းယုတ္တိ ခိုင်ခိုင်လုံလုံပြ၍ ပယ်ဖျက်ထားသည့် အဆုံးအဖြတ်တခုမှာ ဝိနည်းအရာ ကျွမ်းကျင်သူတိုင်း ရင်သပ်ရှုမောအံ့သြလောက်ဘွယ်ဖြစ်ပါပေသည်၊ လက်ဖျစ်ခတ်တီး အံ့ချီးဘွယ်တရပ်ပင် ဖြစ်ပါပေသည်၊ အဆုံးအဖြတ်ကြီးနံပါတ် ၁-နှင့် ( ၈ )။ ၅၁၊ ၁၂၅-၈-နှာတို့ကို ကြည့်ပါ။

ထို့ပြင် ကထိန်နှင့်ပတ်သက်၍ အမျိုးမျိုးအဖုံဖုံ ဝိဝါဒကွဲပြားကြလေသည်၊ ကထိန်သင်္ကန်းအလှူခံပုံ အလှူခံရမည့် နေ့ရက် ကထိန်အာနိသင် ရထိုက်သော ကျောင်းတိုက် အဆုံးအဖြတ်တို့မှာလည်း တကယ့်ပြောင်မြောက်သော အဆုံးအဖြတ်များ ဖြစ်ပါပေသည်၊ ဝိနည်းအဆုံးအဖြတ်တခုကို ဖတ်လိုက်ရလျှင် တောအရှုပ်ကြီးတခု ရှင်းသွားသလို လင်းသွားသလို ထင်ရလောက်အောင် တိကျပြတ်သားစွာ ဆုံးဖြတ်ထားသည်ကို တွေ့ရပေသည်၊ အဆုံးအဖြတ်နံပါတ်(၁)၊ စာမျက်နှာ ၁-၅၁-ကြည့်ပါ။ ဤကား အရိပ်အမြွက် မိတ်ဆက်မျှသာဖြစ်ပါသည်၊ စာရှုသူတို့ ကိုယ်တိုင် အဆုံးအဖြတ်များကို လက်တွေ့ကျကျ ကြည့်ရှုက ပိုမို၍ သိပါလိမ့်မည်။

ဤကဲ့သို့ သာသနာစောင့် သံဃဖခင်သဘွယ်ဖြစ်တော်မူသော ဆရာတော်ဘုရားမျိုးကိုပင် ရည်ရွယ်၍ ပါဠိအဋ္ဌကထာတို့၌ အောက်ပါအတိုင်း ဟောကြားမိန့်မြွက်တော် မူခဲ့လေသည်။

ဤကဲ့သို့ အနက်အဓိပ္ပါယ်ကို သိစေတတ်သော သဒ္ဒါ, ပုဒ်, ဗျည်းတို့ကို ကျကျနနသိစေတတ်သော အရှင်ဘုရားကဲ့သို့သော သီတင်းသုံးဘော်တဦးကို တပည့်တော်များ ဖူးတွေ့ရခြင်းသည် ¸ အရတော်ပါပေစွတကား၊ လူအဖြစ်ကို ရကျိုးနပ်ပါပေစွတကား။ ဒီ၊၃။၁၀၇။

စုန္ဒရဟန်း ဤကဲ့သို့ အနက်အဓိပ္ပါယ် သဒ္ဒါ'ပုဒ်, ဗျည်းတို့ကို ကျကျနန သိစေတတ်သော ရဟန်းတော်ဘပါးကို ချီးကျူးသောမနာမူ ပြုကြလေ၊ဤသို့သော ရဟန်းတော်သည်ကား သင်တို့အဖို့ ဘုရားတပည့် သာဝက သာမန်ပုဂ္ဂိုလ် မဟုတ်၊ ဤပုဂ္ဂိုလ်မျိုးသည်ကား သင်တို့အဖို့ ဗုဒ္ဓေါနာမ=ငါဘုရားကိုယ်စား ဘုရားပင်မည်တော့သည်ဟု မြတ်စွာဘုရားသခင်သည် ပရိယတ်ကျွမ်းကျင်၍ ဗဟုဿုတကြွယ်ဝသော ရဟန်းတော်ကို ကိုယ်တော်၏ အရာ၌ ထားတော်မူလေသည်။ ဒီ၊ဋ္ဌ၊၃၊၉၆။

ဤ ပါဠိ အဋ္ဌကထာ များကို ကြည့်လျှင် ပရိယတ် ကျွမ်းကျင် လိမ္မာတော်မူသည့် ဝိနည်းဓိုရ် ပုဂ္ဂိုလ် ဗဟုဿုတ ရဟန်းပုဂ္ဂိုလ် တို့သည်ကား နောင်လာနောက်သား ရဟန်း ရှင်လူတို့ အဖို့ ဘုရားပင် မည်တော့လေသည်၊ ထို့ကြောင့် ရှေးရှေးမြန်မာ သူတော်ကောင်း တို့သည် သီလ, သမာဓိ, ပညာ, ဗဟုဿုတ ကြွယ်ဝလှသော ဆရာတော်များကို "ဘုရား" ဟူသော စကားလုံး ဖြည့်စွက်ပြီး "ဆရာတော်ဘုရား"ဟု ခေါ်ဝေါ် သုံးစွဲတော် မူကြခြင်းဖြစ်ပေသည်။

ဤသို့ ကျွန်ုပ်တို့၏ ဆရာတော်ဘုရား ရေးသား ဆုံးဖြတ်သားသည့် အဘိုးအနဂ္ဃ ထိုက်တန်လှသော ဝိနည်းအဆုံးအဖြတ်များမှာ စုစည်းမှုမရှိပဲ အချို့မှာ ပျောက်ပျက်ကုန် လေပြီ၊ အချို့မှာလည်း တပိုင်းတစသာ တွေ့ရတော့သည်၊ အချို့မှာမူ တပည့်ကြီးများ၏ လက်ထဲ၌ အပြည့်အစုံ ကျန်ရှိနေပေသေးသည်၊ ယင်းသို့ ကာလကြာလျှင် အားလုံး ပျောက်ပျက်ဘွယ် အခြေအနေရှိသဖြင့် စကြဝတေး မန္ဓာတ်မင်း များသာ သုံးဆောင်ထိုက်သည့် ဝေပုလ္လ တောင်အတွင်းရှိ ပတ္တမြားမျက်ရှင် ရတနာကို ပုဏ္ဏကနတ်ဘီလူး ယူဆောင်၍ ကုရုတိုင်းရှင် ကောရဗျဘုရင်အား ပြသကဲ့သို့ ကျွန်ုပ်တို့ တပည့်ကြီးငယ်တစုတို့က ရရှိသမျှ အပြည့်အစုံပါသော အဆုံးအဖြတ်ရတနာများကို လဇ္ဇီပေသလ သိက္ခာကာမ ဖြစ်တော်မူကြသည့် သာသနာစောင့် သာသနာ့ပါလ အရှင်မြတ်များ၏ လက်ဝယ်ရောက်အောင် စာအုပ်အဖြစ် စက်ဘင် ရိုက်နှိပ်အပ်ပါသည်။ ၎င်း အဆုံးအဖြတ်များကို ကြည့်ရှု၍ သံသယကုက္ကုစ္စ ဘေးကြီးမှ လွတ်မြောက်ကာ မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်နန်းသို့ ကြွမြန်း ဝင်စံတော် မူနိုင်ကြပါစေသတည်း။ ။

တပည့်ကြီးများ–

ဓမ္မာဂါရ ဆရာတော် ဦးနန္ဒဝံသာဘိဝံသ

ဗန်းမော်ဆရာတော် ဦးကုမာရာဘိဝံသ

ဝဋံသကာ၊ သိရောမဏိ၊ ဘီ-အေ

ဗန်းမော်တိုက်၊ တက္ကသိုလ်စာတိုက်၊ မန္တလေး

၂၈–၅–၇၆

## ဝိမတိဝိနောဒနီကျမ်း

# မာတိကာ

---

### ၁–ကထိနဝိမတိဝိနောဒနီ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မစိုးရိမ်တိုက် ဦးပါမောက္ခ၏ ပုစ္ဆာ ၄-ချက် .... .... | ၁ |
| ၂။ | ကထိန် သင်္ကန်း လှူဒါန်းပုံ ၄-မျိုး .... .... | ၂ |
| ၃။ | ကထိန် သင်္ကန်း လှူရာ၌ ဝါဒန္တရထုတ်ပြချက် .... .... | ၃ |
| ၄။ | ကထိန် သင်္ကန်း လှူဒါန်းရာ၌ အပ်စပ်သော လှူပုံလှူနည်း ၃-နည်း .... | ၈-၉ |
| ၅။ | သံဃိက အပြား .... .... | ၁၄ |
| ၆။ | ကထိန် ခင်းအပ်သော သံဃိက .... .... | ၁၄ |
| ၇။ | အာဂတာနာဂတ သံဃိက ကထိန်သင်္ကန်း လှူဒါန်းက မအပ်ကြောင်း .... | ၁၄ |
| ၈။ | အာဂတာနာဂတ သံဃိကနှင့် အာဂတာဂတ သံဃိက ၂-ပါး အထူး .... | ၁၇ |
| ၉။ | အာဂတာနာဂတဝါဒီတို့၏ အယူအဆ ၃-ချက် .... .... | ၂၈ |
| ၁၀။ | ဥပစာရသီမဌ္ဌက ဝဿံဝုတ္ထသံဃိက ကထိန်သင်္ကန်းဖြင့် ကထိန်ခင်းအပ်ပုံ .... | ၂၈ |
| ၁၁။ | အဘယ်သံဃာ၌ ကထိန် ခင်းအပ်ပါသနည်း .... .... | ၂၉ |
| ၁၂။ | အာရာမိက သံဃိက ဝိဟာရသံဃိက ရှိ-မရှိ .... .... | ၃၁ |
| ၁၃။ | ပုဂ္ဂလိကသင်္ကန်းဖြင့် ကထိန် ခင်းထိုက်-မခင်းထိုက် .... .... | ၃၁ |
| ၁၄။ | ကျောက်ပြူမြို့ ရှင်နာဂိန္ဒ၏ ပုစ္ဆာ ၃-ချက် .... .... | ၄၀ |
| ၁၅။ | အင်္ဂါ ၈-ပါးနှင့် မပြည့်စုံသော ရဟန်းသည် ကထိန်ခံယူလျှင် အပြစ်ရှိ-မရှိ.... | ၄၁ |
| ၁၆။ | ၄င်းရဟန်း ကထိန်ခင်းက ကထိန် မမြောက် .... .... | ၄၂ |
| ၁၇။ | အင်္ဂါ ၈-ပါးနှင့် ပြည့်စုံသော ရဟန်း သင်္ကန်းသစ်ရှိပါလျက် သင်္ကန်း အလှူခံလျှင် အပြစ်ရှိ-မရှိ၊ ကထိန်ခင်းသော် မြောက်-မမြောက် .... | ၄၆ |
| ၁၈။ | ကေသီမသွိ`ဝါ နာနာသီမသွိ`ဝါ နာနူပစာရေ ဝုတ္ထဝဿာဂိ န လဘန္တိ-ဟူသော ဝဇိရဗုဒ္ဓိဋီကာ၏ အနက် အဓိပ္ပါယ် .... .... | ၄၇ |
| ၁၉။ | ကျောင်းတိုက်ကြီး တခုအတွင်း၌ အသီးအသီး ဝါဆိုဝါကပ်ခြင်း မပြုအပ် .... | ၄၉ |
| ၂၀။ | ဝဇိရဗုဒ္ဓိဋီကာဝါဒ မသင့်ပုံ .... .... | ၅၁ |

## ဝိမတိဝိနောဒနီကျမ်း

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

### ၂ – သီမာဝိမတိဝိနောဒနီ

#### သိမ်နှင့် ပတ်သက်သော အဆုံးအဖြတ်များ


၂၁။ သိမ်ကျောင်း၏ အပြင်သို့ အုတ်လှေခါးထွက်၍ ဆောက်သင့်-မဆောက်သင့် (ဦးရေဝတ အမေး) .... .... ၆၃

၂၂။ သိမန္တရိက် အတွင်း၌သာ ထုတ်သင့်ပုံ .... .... ၆၅

၂၃။ ခဏ္ဍသိမ်ပေါ်ဝယ် စီးနေသော မြစ်၌ ကံပြုလျှင် ကံပျက်-မပျက် (ဦးဉာဏိန္ဒာဘိသ အမေး) .... .... ၆၀


### ၃ – ပရိဝါသ ဝိမတိဝိနောဒနီ

#### ပရိဝါသ်နှင့် ပတ်သက်သော အဆုံးအဖြတ်များ


၂၄။ မာနတ်ကြားပြီးလျှင် မာနတ်ကို မချရ အဗ္ဘာန်သွင်းပြီးမှ ချရမည်လော (မင်းပြားမြို့ ဦးပဒုမ အမေး) .... .... ၇၃

၂၅။ မာနတ်ကြားပြီးလျှင် မာနတ်ကို ချပြီးမှ အဗ္ဘာန်တောင်းရမည်လော .... ၇၇


### ၄ – ဥပသမ္ပဒါကမ္မဝိမတိဝိနောဒနီ

#### ရဟန်းခံ ကံဆောင်နှင့် ပတ်သက်သော အဆုံးအဖြတ်


၂၆။ သမ္မုတိရ အနုသာသကပုဂ္ဂိုလ် မစွမ်းနိုင်၍ သမ္မုတိမရသည့် ပုဂ္ဂိုလ်တပါး အစားထိုးပြီး ဆုံးမလျှင် ကံ ပျက်-မပျက် (ဟဲရားရွာမ ဦးစန္ဒိမာ အမေး).... ၈၀

၂၇။ ပဌမ အနုသာသက ပြုခဲ့သော ဝတ္ထုပုဂ္ဂလ ပရာမာသဖြင့် ပြီးနိုင်-မပြီးနိုင်.... ၈၂

၂၈။ ပြီးနိုင်သည်ဟု နှလုံးသွင်း၍ ကံဆောင်လျှင် ပျက်-မပျက်.... .... ၈၂


### ၅ – ကမ္မဝါစာဝိမတိဝိနောဒနီ

#### ကမ္မဝါစာ ရွတ်ဖတ်ပုံနှင့် ပတ်သက်သော အဆုံးအဖြတ်များ


၂၉။ ကံပျက်သော ဒုရုတ္တနှင့် ကံမပျက်သော ဒုရုတ္တ (ဇွက္ကဒိန်ကျောင်း ဦးအာစိဏ္ဏအမေး) ၉၃

၃၀။ နိဂ္ဂဟိတ်ကို ရွတ်ဖတ်ရာ၌ "အဝိဝဋ္ဋေန မုခေန" အရ အနက် အဓိပ္ပါယ် .... ၉၇

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## ၆–တာဝကာလိက ဝိမတိစ္ဆေဒနီ

### တခဏ အပ်နှံသော ပစ္စည်းနှင့် ပတ်သက်သော အဆုံးအဖြတ်


၃၁။ တာဝကာလိက ပေးကမ်း အပ်နှံခြင်းသည် အပ် မအပ်၊ မြောက် မမြောက် (တောင်ကြီး ဦးမေဓိယ အမေး) .... .... ၁၀၅
၃၂။ ပဌမ ပုဂ္ဂိုလ် ပျံလွန်သွားလျှင် နောက်ပုဂ္ဂိုလ်အား မည်သို့ အပ်နှံသင့်သည်.... ၁၀၈
၃၃။ မေးခွန်းလွှာ အားလုံး၏ အကျိုးအပြစ် စိစစ်ချက် .... .... ၁၁၀


## ၇–ဥဿာဝနန္တိက ဝိမတိစ္ဆေဒနီ

### ဥဿာဝနန္တိကကျောင်းနှင့် ပတ်သက်သော အဆုံးအဖြတ်


၃၄။ ဥဿာဝနန္တိက ကျောင်းဟောင်းကို ဖျက်၍ ဖြည့်စွက်ပြီး ပြင်ဆောက်ရာ ဥဿာဝနန္တိက ကပ္ပိပြန်၍ ဖြစ် မဖြစ် (ဦးပဏ္ဍိတ အမေး) .... .... ၁၁၆
၃၅။ ကပ္ပိယ ကုဋိဖြစ်အောင် မည်ကဲ့သို့ ပြုသင့်သနည်း .... .... ၁၁၉


## ၈–ကေသိမ နာနူပစာရာဒိ ဝိမတိစ္ဆေဒနီ


၃၆။ ကျောင်းတိုက်ကြီး တခု အတွင်း၌ ကျောင်းအသီးသီးနေ ရဟန်းတို့ ကထိန် အာနိသင် ခံသင့် မခံသင့် (ဆိပ်ခွဲရွာ ဦးသုန္ဒရ အမေး) .... .... ၁၂၂
၃၇။ ဝဇိရ ဗုဒ္ဓိဋီကာ ဝါဒကို ထုတ်၍ ရှင်းချက် .... .... ၁၂၅


## ၉–ကေသိမ နာနာဝိဟာရာဒိ ဝိမတိစ္ဆေဒနီ


၃၈။ ကျောင်းတိုက်ကြီး တခုအတွင်း၌ ဝါဆိုစည်း ပိုင်းခြားပြီး နေခွင့် ရ မရ (ဦးစန္ဒာသိရိ အမေး) .... .... ၁၃၂
၃၉။ ဝိသုံဂါမ ရရန် လျှောက်လွှာရေးနည်း .... .... ၁၃၆


## ၁၀–ဝိဿာသဂ္ဂါဟာဒိ ဝိမတိစ္ဆေဒနီ


၄၀။ အကျွမ်းဝင်၍ ယူခြင်းစသည်နှင့် ပတ်သက်သော အဆုံးအဖြတ် (ညောင်ရင်းကျေးရွာ ဂိုဏ်းသံဃာ အမေး) .... .... ၁၃၀


## ၁၁–စေတျာဒိ တိသန္တက ဝိမတိစ္ဆေဒနီ


၄၁။ စေတီ, တရား, ကျောင်း ၃-ခုဆိုင် ပစ္စည်းနှင့်ပတ်သက်သောအဆုံးအဖြတ် (မတ္တရာမြို့ ဦးကောဝိဒ အမေး) .... .... ၁၄၄

# ဝိမတိစ္ဆေဒနီကျမ်း

ဦးရေ　　အကြောင်းအရာ　　စာမျက်နှာ

## ၁၂–ဘိက္ခုဒူသက သာမဏေရ ဝိမတိစ္ဆေဒနီ

၄၂။ ဘိက္ခု ဒူသက သာမဏေသည် ဒူသိတရဟန်း၏ သရဏဂုမ်ဖြင့် သာမဏေဖြစ် မဖြစ် (ဦးကေတုမာလာ လက်ာရ အမေး) .... .... ၁၅၅

၄၃။ ထိုသာမဏေကို ရဟန်းခံပေးလျှင် အပ် မအပ်။ .... .... ၁၅၇

၄၄။ ထိုသာမဏေ ရဟန်းဖြစ် မဖြစ်။ .... .... ၁၅၈

## ၁၃–နေ၀သုဒ္ဓ နာသုဒ္ဓါဒိ ဝိမတိစ္ဆေဒနီ

၄၅။ နေ၀သုဒ္ဓ နာသုဒ္ဓ အဆုံးအဖြတ်ချထားသော ရဟန်းအား နောင်အခါစင်ကြယ်၏ဟု သံဃာက လက်ခံပါက လျော် မလျော် (ဦးဇာဂရ အမေး).... .... ၁၆၆

၄၆။ စေတီတဆူအား လှူပြီးသည့် ပိုလျှံနေသော အနာမာသ ဝတ္ထုတို့ကို .... အခြားစေတီအား သုံးစွဲလျှင် အပ် မအပ်။ .... .... ၁၇၀

## ၁၄–သိက္ခာ ပစ္စက္ခာတကာဒိ ဝိမတိစ္ဆေဒနီ

၄၇။ သိက္ခာပစ္စက္ခာတက ဟူသည် အဘယ်ပုဂ္ဂိုလ်နည်း .... .... (မန်ကျီးကုန်း ကျောင်းဆရာတော်အမေး) .... .... ၁၇၅

၄၈။ အဘယ်သံ၀ါသကို ထိုက်သော အသွင်၌ တည်သနည်း .... .... ၁၇၆

၄၉။ အဘယ်သံ၀ါသကို သာယာသော် ထေနက ဖြစ်သနည်း .... .... ၁၇၆

၅၀။ ထေနက ၃-ပါးတို့တွင် အဘယ် ထေနက ဖြစ်ထိုက်သနည်း။.... .... ၁၇၈

၅၁။ သိက္ခာပစ္စက္ခာတက ပုဂ္ဂိုလ်သည် သာမဏေတို့နှင့် ပေါင်းသင်းသော် .... ထေနက ဖြစ် မဖြစ်။ .... .... ၁၇၉

## ၁၅–နီလကဟာပဏာဒိ ဝိမတိစ္ဆေဒနီ

၅၂။ နီလကဟာပဏ၊ နေလကဟာပဏ၊ နေဠကဟာပဏ ပါဠိတို့တွင် .... အဘယ်ပါဠိ သင့်ပါသနည်း။ (အဘယာရာမ ဦးပဒုမ အမေး) .... ၁၈၃

၅၃။ ယဒိ စေတံ ဥဒ္ဒေသာ၀သာနေ စသောကခ်ါ ပါဠိ၌ စာစပ် အနက် အဓိပ္ပါယ်.... ၁၈၆

၅၄။ ပဗ္ဗတာယတိတိ ဧတ္ထ ဓာတုပစ္စယန္တာနံ ဘုဇာဒိတ္တာစသည့် .... .... ရှုသိဒ္ဓိ၌ အနက် အဓိပ္ပါယ် .... .... ၁၈၇

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


## ၁၆–သုက်ဿာတာဒိ ဝိမတိဋ္ဌေဒနီ

၅၅။ သူပုန်နယ်တွင်းသို့ ဆေးထိုး ကိရိယာကို ယူဆောင်သွားသော ရဟန်းအား.... အာပတ်လွတ် မလွတ် (မြင်းဝန်တိုက် ဦးကုသလ အမေး) .... .... ၁၉၁

## ၁၇–ဥပနိက္ခတ္တ ဘဏ္ဍ ဝိမတိဋ္ဌေဒနီ

၅၆။ ရဟန်းထံ အပ်နှံထားသော ပစ္စည်းနှင့်ပတ်သက်သော အဆုံးအဖြတ် .... (ဦးပုညနှင့် ဦးဝီရိယဓဇတို့ အမေး) .... .... ၁၉၄

## ၁၈–ဒါယဇ္ဇာဒိ ဝိမတိဋ္ဌေဒနီ

၅၇။ အမွေခံ အမွေပစ္စည်းနှင့်ပတ်သက်သော အဆုံးအဖြတ် (ရှင်စန္ဒာသီရိအမေး) ၂၀၃

၅၈။ ပေးကမ်းခြင်း ၄-မျိုး။ .... .... ၂၀၅

## ၁၉–ရူပိယဒါယာဒ ဝိမတိဋ္ဌေဒနီ

ရွှေငွေ အမွေခံနှင့်ပတ်သက်သော အဆုံးအဖြတ်။

၅၉။ ဆရာတော် ဦးကလျာဏ၏ ဘဏ်ငွေစုလက်မှတ်(၂၃၀၀၀)ကျပ်နှင့်ပတ်သက်၍ ၎င်းကို လူပုဂ္ဂိုလ်အနေဖြင့် ဆက်ခံခွင့် ရှိ မရှိ၊ ရဟန်းသံဃာအနေဖြင့် .... ဆက်ခံခွင့် ရှိ မရှိ။ (ဦးဝဏ္ဏသာမိ အမေး) .... .... ၂၀၈

## ၂၀–သံဃဘေဒကမ္မ ဝိမတိဋ္ဌေဒနီ

၆၀။ သံဃာညီညွတ်စေလိုသော ဆန္ဒဖြင့် စေ့စပ်ရာ မအောင်ပဲ သံဃာ ၂-ပက္ခကွဲရာ၌ ဆောင်ရွက်သူ သံဃဘေဒကံ ထိုက် မထိုက်။(မန်ကျီးကုန်းဆရာတော် အမေး) ၂၁၄

## ၂၁ -သကအဋ္ဌုပ္ပတ္တိ ပဏ္ဏ ဝိမတိဋ္ဌေဒနီ

၆၁။ ရဟန်းသံဃာများ မှတ်ပုံတင်ကပ်ပြား ဆောင်သင့် မဆောင်သင့် .... (မကွေး ဦးသူရိယအမေး) .... ....

## ၂၂–စိတ္တသညာဒိ ဇာနန ဝိမတိဋ္ဌေဒနီ

၆၂။ စိတ် သညာ ပညာတို့၏ သိပုံအထူးနှင့် သညာပညာကိစ္စ ဂိဘိဋ္ဌ-မူလဋ္ဌီကာပါဌ် မှန် မမှန် (ဦးပဒုမ အမေး) .... ၂၃၄

ဦးရေ အကြောင်းအရာ စာမျက်နှာ

## ၂၃–မဇ္ဈေစေတိယသိမာဒိ ဝိမတိဒွေဒနီ

၆၃။ အလယ်၌တည်ရှိသော စေတီကိုပတ်လည်ရံ၍ သိမ်သမုတ်လိုသော် အဘယ်သို့ သိမ်နုတ်၍ သမုတ်အပ်သနည်း (ရှင်ဣန္ဒာသဘအမေး) .... .... ၂၃၉

၆၄။ အဆောက်အဦရှိပြီးဌာန၌ သိမ်နုတ်ပုံ သမုတ်ပုံ။ .... .... ၂၄၃

၆၅။ ပကတိဂါမသိမ်ကို နယ်သိမ်း၍ သမုတ်ပုံ။ .... .... ၂၄၅

၆၆။ ညောင်စောင်းရာ တခု၌ သံဃာမည်မျှနေ၍ ကမ္မဝါမည်မျှ ဖတ်ရပါသနည်း.... ၂၄၅

၆၇။ ကမ္မဝါစာ၌ ပုဒ်အက္ခရာတို့ မှန်အောင်ဖတ်နည်း .... .... ၂၄၆

## ၂၄–မတသန္တက ဝိဟာရာဒိ ဝိမတိဒွေဒနီ

၆၈။ မဟာဝေယန် ဘုံသာတိုက် မြေနှင့် ကျောင်းများကို ဆရာတော် ဦးအာစိဏ္ဏပိုင် မပိုင် (ဦးဝဏ္ဏသာမိ အမေး) .... .... ၂၅၂

၆၉။ ဆရာတော် ဦးအာစိဏ္ဏသည် သံဃာဆန္ဒမယူမူ၍ တိုက်တာ .... .... စည်းကမ်းဥပဒေပြုသင့် မပြုသင့်။ .... .... ၂၅၃

၇၀။ ဆရာတော် ဦးကုလျာဏပျံလွန်တော်မူပြီးနောက် ကျန်ရစ်သောပစ္စည်းကို ပန်ကြားပြီး အပေးခံရသူ ဦးဝဏ္ဏသာမိ သုံးစွဲခွင့် ရှိ မရှိ .... .... ၂၅၅

၇၁။ မတသန္တက ရွှေငွေများ၌မည်သို့ ကျင့်ရမည်။ .... .... ၂၅၆

၇၂။ မတသန္တကပစ္စည်းများ ပိုင်ခြင်း ၃-မျိုး .... .... ၂၅၇

## ၂၅–မာနတ္တာဒိ ဝိမတိဒွေဒနီ

၇၃။ အဋ္ဌသမောဓာန် ပက္ခပရိဝါသ်၌ ကမ္မဝါစာပြင်ပုံ .... .... (အရှင် တိလောကသာရအမေး) ... ... ၂၅၉

၇၄။ မာနတ်ချရာ၌ ကြားစရာ လို မလို။ .... .... ၂၆၁

## ပြင်ဆင်ဖတ်ရှုရန်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၃ | ၁၃ | မရသ်မှတ် | မရည်မှတ် |
| ၆ | ၁ | လရက်မှ | ရက်မှ |
| ၁၄ | ၁၁ | ဥဘတောသံဃိက ဘိက္ခုသံဃိက | ဥဘတောသံဃိက၊ ဘိက္ခုသံဃိက |
| ၁၆ | ၈ | အတ္တဒီပက | အန္တဒီပက |
| ၁၇ | ၁၂ | သမ္ပတ္တာသမ္ပတ္တ | သမ္ပတ္တသမ္ပတ္တ |
| ၁၉ | ၉ | အပိုင်းအခြားရှိ | အပိုင်းအခြားမရှိ |
| ၁၉ | ၁၀ | သံဃာတပါး | သံဃာ။ တပါး |
| ၂၃ | ၁၈ | ကြေ င့် | ကြောင့် |
| ၂၃ | ၂၇ | တို့သည်ပင့်သံဃာဟု | တို့သည်ပင် သံဃာဟု |
| ၄၈ | ၅ | နိဗ္ဗဒ္ဓဝသနကအာဝါသနတော | နိဗ္ဗဒ္ဓဝသနကအာဝါသတော |
| ၅၀ | ၄ | မဟိစ္ဆာတရား၌ | မဟိစ္ဆာတရား |
| ၅၁ | ၁၄ | ဒုတိယပုစ္ဆာ၏အဖြေပြီး၏ | တတိယပုစ္ဆာအဖြေ၏ အခြခံပြီး၏ |
| ၅၂ | ၂၃ | သင်စောဒကယူဆသောကျောင်းမျိုး မဟုတ်မမှန်၊ နာနာသီမယူထားသော | သင်စောဒက မဟုတ်မမှန် နာနာသီမဟုယူဆထားသော |
| ၅၄ | ၇ | စီးရမ်း | စီးစောင်ရမ်း |
| ၅၅ | ၅ | သိမြင်ယူရမည် | သိမြင်မှတ်ယူရမည် |
| ၅၅ | ၁၀ | အာဏာတော်နှံ့ | အာဏာတော်အနှံ့ |
| ၅၅ | ၁၁ | အောက်ခြေခံ | အောက်အခြေခံ |
| ၅၅ | ၁၇ | ဆုံးဖြတ်သော | ဆုံးဖြတ်အပ်သော |

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၆၉ | ၄ | ငြိမ်းပေါက်သော | ငြိမ်း, ပေါက်သော |
| ၇၄ | ၁၅ | ဖြစ်စေခြင်း | ဖြစ်နေခြင်း |
| ၇၅ | ၂၂ | ပရိဝါသ် မာနတ်သားများ | ပရိဝါသ်သားများ |
| ၉၁ | ၁၈ | ဤသကတ္တ | ဤသတ္တ |
| ၉၄ | ၂၄ | ရွတ်ဖတ်လျက် | ရွတ်ဖတ်အပ်လျက် |
| ၉၆ | ၁၈ | အနုဂ္ဂမာဂတ | အနုက္ကမာဂတ |
| ၉၈ | ၈ | ထိုဆရာကြီးတို့ကား | ထိုဆရာကြီးတို့ကိုကား |
| ၉၉ | ၁၁ | မှတ်ယူဟုသိမြင် | မှတ်ယူသိမြင် |
| ၁၀၅ | ၂၆ | အလိုတော်ကျနှင့် | အလိုတော်နှင့် |
| ၁၀၆ | ၇ | တဝက်ကိုသာ | တဝက်ကသာ |
| ၁၀၉ | ၃ | သမ္မုတ္တာသမ္မုတ္တ | သမ္မုတ္တသမ္မုတ္တ |
| ၁၀၉ | ၂၀ | ဒိန္နံ | နိန္နံ |
| ၁၁၀ | ၂၁ | သမ္မုတ္တာသမ္မုတ္တ | သမ္မုတ္တသမ္မုတ္တ |
| ၁၁၇ | ၈-၁၂-၂၄ | အာဝါသတ္တကတ | အဝါသတ္တကတ |
| ၁၂၁ | ၂၀ | အကျိုးအပြစတို့၌ | အကျိုးအပြစ်တို့၌ |
| ၁၂၂ | ၁၅ | ကျောင်းတိုက်မည်၏ | ကျောင်းတိုက်သည် ကေသိမ ကျောင်းတိုက်မည်၏ |
| ၁၄၈ | ၁၁ | အောင်မြင်ပြီးသည်မှ | အောင်မြင်ပြီး သေသည်မှ |
| ၁၅၆ | ၂၃ | ရဟန်းမည်ဆန်းသွမ်းတို့ | ရဟန်းမည်ဆန်း ရဟန်းသွမ်းတို့ |
| ၁၆၇ | ၃ | ဒေါသာဂမ | ဒေါသောပဂမ |
| ၁၆၇ | ၂၈ | ဖြတ်စ ဟူ၍ | ဖြတ်စာဟူ၍ |
| ၁၆၇ | ၃၁ | အသုဒ္ဓအဆုံးဖြတ်၌လည်း | အသုဒ္ဓအဆုံးအဖြတ်၌လည်း |
| ၁၆၈ | ၈ | အပြီးမပြတ် | အပြီးအပြတ် |
| ၁၇၂ | ၁ | အပိုအလျှံပစ္စည်းကို | အပိုအလျှံပစ္စည်း |

## ပြင်ဆင်ဖတ်ရှုရန် [

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၇၆ | ၂၃ | ငဲ့ကွက်ခြင်းမရှိ၊ ပယ်ချုတ်၍ | ငဲ့ကွက်ခြင်းမရှိ ပယ်ချုတ်၍ |
| ၁၇၇ | ၆ | သာဒိတော | သာမိတော |
| ၁၈၀ | ၄ | ဠီကာ အားထား၍ | ဋီကာကို အားထား၍ |
| ၁၈၇ | ၁၅ | ကသ္မာဟူသော | ထင်စေလို၍ ကသ္မာဟု |
| ၁၉၅ | ၁၅ | ပြေပြုပြီး | ပြောပြပြီး |
| ၂၀၅ | ၁၁ | ဥပဒေမပြောက် | ဥပဒေအရ မပြောက် |
| ၂၀၉ | ၂၇ | မယူသင့်ဟု | မယူလင့်ဟု |
| ၂၂၉ | ၂ | ပရဟာနိ | ပရိဟာနိ |
| ၂၃၂ | ၉ | ဝတ္ထု၌ | ဝတ္ထုနှ၌ |
| ၂၃၃ | ၂၇ | (၆၅-နှာ) | (၆၅-နှာ)။ |
| ၂၃၇ | ၁၇ | ၁ စွံ | သစ္စံ |
| ၂၄၃ | ၂၀ | ဂဏ္ဍပူရဏ | ဂဏ္ဍပူရက |
| ၂၆၀ | ၆ | မဟာဒုမထေရ် | မဟာပဒုမထေရ် |

# ဝိမတိစ္ဆေဒနီကျမ်း

၁။ တိဏ္ဏကင်္ခံ တိလောကဂ္ဂံ၊ ဗုဒ္ဓံ သံမောဟခံသကံ။
ဓမ္မံ သံဃဉ္စ သီလာဒိ- ဂုဏောပေတံ အဟံ နမေ။

၂။ ဝိနယေ ဝိမတိံ ဆေတွာ၊ သိက္ခာကာမာန ဘိက္ခုနံ။
ဟိတတ္ထာယ ကရိဿာမိ၊ ဝိမတိစ္ဆေဒနီကထံ။

၁။ တိဏ္ဏကင်္ခံ၊ ရှစ်ပါးသော ယုံမှားခြင်း, တဆယ့်ခြောက်ပါးသော ယုံမှားခြင်း တို့ကို ကူးမြောက်ပြီးတော်မူလသော။ တိလောကဂ္ဂံ၊ ကာမ, ရူပ, အရူပ-ဟူသော လောကတိုက်သား သုံးဘုံသူ သတ္တဝါအားလုံးထက် အမြတ်ဆုံး ဖြစ်တော်မူပေထသော။ ဗုဒ္ဓံ၊ သစ္စာ ၄-ပါး မြတ်တရားကို ကိုယ်တော်တိုင်လည်း သိ၍ သူတပါးကိုလည်း သိစေတော်မူနိုင်ထသော။ ဝါ၊ မောဟ တည်းဟူသော အိပ်ပျော်ခြင်းဖြင့် အိပ်ပျော်နေသည့် ကျွတ်ထိုက်သသူ များဗိုလ်လူကို တရားရေအေး တိုက်ကျွေးခြင် ဖြင့် နိုးစေတော် မူတတ်ထသော။ ဝါ၊ စကြဝဠာ ကုဋေတသိန်း အတွင်းရှိ နှစ်ဆယ့်လေးသင်္ချေ ကုဋေခြောက်ဆယ် ဗိုလ်ခြေတသိန်း အတိုင်းအရှည် ရှိသော ဝေနေယျကြာ သတ္တဝါအများကို တရားရောင်ခြည် အလင်းဓာတ်ဖြင့် ငွါးငွါ.စွင့်စွင့် မဂ်ဖိုလ် ဆင့်လျက် ပွင့်စေတော်မူတတ်ထသော။ ဝါ၊ လျှောင်း ထိုင် ရပ် သွား ဣရိယာပုတ် လေးပါးလုံး တို့၌ပင် အသခ်တဓာတ် အမတ တရားမြတ်သို့ ကုဋေ နှစ်သန်းလေးသိန်းသော ဖလသမာပတ် ဝင်စားလျက် နေ့စဉ်နေ့တိုင်း ကြွသွားတော်မူလေ့ရှိသသော။ ဘဂဝန္တံ စ၊ ဘုန်းတော် ၆-ပါး, ဘုန်းတော် ဂ-ပါး, ဘုန်းတော် ၁ဂ-ပါးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကိုရင်း။ သံမောဟခံသကံ၊ ၁၄ ရက်လကွယ်,သန်းခေါင်,တိမ်တောင်,တောအုပ် ဟူသော အင်္ဂါလေးချက်နှင့် ပြည့်စုံသည့် အမိုက်မှောင်ကြီးထက် ဆထက်ထမ်းပိုး တိုး၍မိုက်သော မောဟတည်းဟူသောအမှောင် ဓာတ်ကို အမြစ်ပါမကျန် ပယ်လှန် ဖြိုဖျက်နိုင်ပေထသော။ ဓမ္မံ စ၊ မဂ်လေးတန်, ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ် ၁၀-ပါးသော တရားတော်မြတ်ကိုရင်း။ သီလာဒိဂုဏောပေတံ၊ သီလက္ခန္ဓ စသည့် ကျေးဇူး ဂုဏ်အထူးတို့နှင့် ကွန့်မြူးကုန်လုံ ပြည့်စုံတော်မူပေထသော။ သံဃဉ္စ၊ မဂ္ဂဋ္ဌာန်, ဖလဋ္ဌာန် ရှစ်တန်ထင်ပေါ် အရိယာ သံဃာတော်မြတ်ကိုရင်း။ အဟံ၊ ခန္ဓာငါးဝ ငါဟုသမုတ်ရသည့် ဉက္ကံသမည်ခေါ် ဘုရားတပည့်တော်သည်။ နမေ နမာမိ၊ ဦးညွှတ်ရှိကျိုး လက်ဆယ်စုံ ထိပ်မှာမိုး၍ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

၂။ သာသနေ၊ အံ့ဘွယ်ရှစ်ဖြာ သာသနာတော်၌။ သိက္ခာကာမာနံ၊ သိက္ခာ ၃-ရပ်ကို လိုလား တောင့်တတော်မူကြကုန်သော။ ဘိက္ခုနံ၊ လဇ္ဇီပေသလ ရဟန်းတော်တို့၏။ ဝိနယေ၊ ဝိနည်း ပိဋကတ်အရာ၌။ ဝိမတိံ၊ သို့လော သို့လော တွေးတောကြံဆ ယုံမှားမှု သံသယကို။ ဆေတွာ၊ ပါဠိအဋ္ဌကထာ ဋီကာလာတိုင်း မဆုတ်ဆိုင်းပဲ ပိုင်းပိုင်းခုတ်ဖြတ် ရှင်းလင်းလတ်၍။ သိက္ခာကာ-မာနံ၊ သော။ ဘိက္ခုနံ၊ တို့၏။ ဟိတတ္ထာယ၊ လောကီလောကုတ် မယုတ်တိုးပွား အကျိုး များစိမ့်သောငှါ။ ဝိမတိစ္ဆေဒနီ ကထံ၊ ယုံမှားသံသယ တစမကျန် ပယ်လှန် ခုတ်ဖြတ်ကြောင်း စကားရပ်၏ အဖြစ်ကြောင့် ဝိမတိစ္ဆေဒနီ ကထာမည်သော ဝိနည်းအဆုံးအဖြတ် ကျမ်းကို။ ကရိဿာမိ၊ ငါးထောင်သာသနာ တည်စိမ့်ငှါပါဟု ခါခါရှုလျက် ရေးပြုစီရင်ပေအံ့သတည်း။ ။

# ဝိမတိဝိနောဒနီကျမ်း

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ကထိနဝိမတိဝိနောဒနီ

### ပုစ္ဆာ (၄) ချက်

ဘုရားတပည့်တော် ရှိသေလေးမြတ် လျှောက်ထားအပ်ပါသည် ဘုရား–

(၁) (က) "ဣမံ (ဣဒံ) စီဝရံ ကထိနတ္ထာယ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ဒေမ"–ဟု မာဂဓဘာသာဖြင့်ဖြစ်စေ၊ သို့မဟုတ် မြန်မာဘာသာဖြင့် ဖြစ်စေ နှုတ်ထုံးသွင်းပြီး ပြောဆိုမြွက်ကြား၍ လှူဒါန်းသော ကထိန်သင်္ကန်း–။

(ခ) "ဣမံ (ဣဒံ) စီဝရံ ကထိနတ္ထာယ သံဃဿ ဒေမ"–ဟု ပါဠိလိုဖြစ်စေ မြန်မာလို ဖြစ်စေ နှုတ်ထုံးသွင်းပြီး ပြောဆိုမြွက်ကြား၍ လှူဒါန်းသော ကထိန်သင်္ကန်း–။

(ဂ) "ဣမံ (ဣဒံ) စီဝရံ ကထိနတ္ထာယ အာယသ္မန္တာနံ ဒေမ"–ဟု ပါဠိလိုဖြစ်စေ မြန်မာလိုဖြစ်စေ နှုတ်ထုံးသွင်းပြီး ပြောဆိုမြွက်ကြား၍ လှူဒါန်းသော ကထိန်သင်္ကန်း–။

(ဃ) "ဣမံ (ဣဒံ) စီဝရံ ကထိနတ္ထာယ အာယသ္မတော ဒေမ"–ဟု ပါဠိလိုဖြစ်စေ မြန်မာလိုဖြစ်စေ နှုတ်ထုံးသွင်းပြီး ပြောဆိုမြွက်ကြား၍ လှူဒါန်းသော ကထိန်သင်္ကန်း–

အားဖြင့် လေးပါးသော အခြင်းအရာရှိသော သင်္ကန်းလေးမျိုးတို့တွင် အဘယ်သင်္ကန်းဖြင့် ကထိန်မခင်းအပ်ပါသနည်း ဘုရား။

(၂) သံဃိကမြောက်မှ ကထိန်ခင်းအပ်သော် သံဃိကအပြား ဘယ်နှစ်ပါးရှိ၍ အဘယ်သံဃိကသင်္ကန်းဖြင့် အဘယ်သံဃာ၌သာ ခင်းအပ်၍ အဘယ်သံဃာ၌ မခင်းအပ်ပါသနည်း ဘုရား။

(၃) အာရာမိကသံဃိက ဝိဟာရသံဃိက ရှိ မရှိ၊ ရှိခဲ့လျှင် အာရာမိက ကထိန်သင်္ကန်း ဝိဟာရကထိန်သင်္ကန်းများလည်း ရှိပါသလား ဘုရား။

(၄) ကထိန်ခင်းရန်အတွက် ပုဂ္ဂိုလ်ကို ရည်မှန်း၍ ပုဂ္ဂလိကလှူဒါန်းသော သင်္ကန်းဖြင့် ကထိန်ခင်းလျှင် ကထိန်မြောက် မမြောက် (ဝါ) ခင်းထိုက် မခင်းထိုက်။

ကထိန်နှင့် စပ်ယှဉ်သော ရှင်းအကြောင်းအရာများကို သံသယ မဖက်မတွယ် ယထာဘူတ အနက်အဓိပ္ပါယ်ကို မသိသော ဘုရားတပည့်တော်အား ယောနိသော မနသိကာရလျှင် အရင်းရှိသော ကရုဏာပြခန်းသောစိတ်ဖြင့် မကျဉ်းမကျယ် ဖြေကြား ပေးသနားတော်မူပါရန် အထူးယုံကြည်လေးစား အားထားမှီခိုသော စိတ်ဖြင့် ရိုသေ လေးမြတ် တောင်းပန်အပ်ပါသည် ဆရာတော် အရှင်သူမြတ်ဘုရား – ။

ဟူသော မစိုးရိမ်တိုက် ဦးပါမောက္ခ၏ မေးလျှောက်ချက်ကို အဖြေရေးသား ဆက်သရန် သာသနဇောတိကာရုံ ဆရာတော်ဘုရား၏ အမိန့်ကို ဦးထိပ်ထက်ပန်ဆင်လျက် ပုခန်းဆရာတော်၏ ကျောင်း၌ စာပေပို့ချနေစဉ် အမရပူရဆရာတော် မကျဉ်းမကျယ် သိသာထင်ရှားရုံမျှ ပါဠိ အဋ္ဌကထာ ဋီကာလာသည့်အတိုင်း ညှိနှိုင်း၍ ဆုံးဖြတ်ဖြေကြားပေးအံ့။

မှတ်ချက်။ ကျေးဇူးရှင် သာသနဇောတိကာရုံဆရာတော်၏ ထံတော်သို့ အမရပူရဆရာတော် ဆက်ကပ်အပ်သော အဆုံးအဖြတ် မူရင်း။

## (၁) နံပါတ် ပုစ္ဆာ၏ အဖြေ

### လှူဒါန်းပုံ လေးမျိုး

မေးလျှောက်ရင်း လှူဒါန်းပုံ လေးမျိုးတို့တွင်

(က) "ဣမံ စီဝရံ (ဣဒံ ဒုဿံ) ကထိနတ္ထာယ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ဒေမ"- ဟုဆို၍ လှူဒါန်းအပ်သော သင်္ကန်းသည် သံဃိကဖြစ်သော်လည်း ပါဠိ အဋ္ဌကထာ ဋီကာတို့၌ "အာဂတာနာဂတဿ စာတုဒ္ဒိသဿ" ပုဒ် မလာမရှိသောကြောင့်ရင်း, ကထိန်လျှာသင်္ကန်း၏ လဟုဘဏ် ဖြစ်သောကြောင့်ရင်း ပါဠိ အဋ္ဌကထာ ဋီကာတို့၌ သက်ဝင်သော လှူဒါန်းနည်း မဟုတ်ရကား ထိုသင်္ကန်းဖြင့် ကထိန်မခင်းအပ် မခင်းထိုက်။

(ဂ) "ဣမံ စီဝရံ (ဣဒံ ဒုဿံ) ကထိနတ္ထာယ အာယသ္မန္တာနံ ဒေမ"–ဟု ဆို၍ လှူဒါန်းအပ်သော သင်္ကန်းသည် ဂိုဏ်းကို ရည်မှတ် မြွက်ဆိုသုံးသပ်၍ လှူဒါန်းအပ်သည်၏ အဖြစ်ကြောင့် ဂဏိကဖြစ်သည်။

(ဃ) "ဣမံ စီဝရံ (ဣဒံ ဒုဿံ) ကထိနတ္ထာယ အာယသ္မတော ဒေမ"–ဟု ဆို၍ လှူဒါန်းအပ်သော သင်္ကန်းသည် ပုဂ္ဂိုလ်ကို ရည်မှတ် မြွက်ဆိုသုံးသပ်၍ လှူဒါန်းအပ်သည်၏ အဖြစ်ကြောင့် ပုဂ္ဂလိကသင်္ကန်း ဖြစ်သည်။

ထို ဂဏိကပဋိဂ္ဂလိကသက်န်းတို့သည် ဥတ်ကမ္မဝါစာအား မထိုက် ဥတ်ကမ္မဝါစာ၌ မသက်ဝင်သော သက်န်းတို့တည်း။ ထို့ကြောင့် ထို ဂဏိကပဋိဂ္ဂလိကသက်န်းတို့ဖြင့်လည်း ကထိန်မခင်းအပ်၊ ကထိန် မခင်းထိုက်။

ယင်းသို့ ဖြစ်ရကား မေးလျှောက်အပ်သော လှူဒါန်းနည်း လေးမျိုးတို့တွင် (က) (ဂ) (ဃ) လှူဒါန်းနည်းတို့ဖြင့် လှူဒါန်းခြင်းငှါ မအပ်ဟု သေသေသပ်သပ် မှတ်။ (ခ)ဖြင့် မေးလျှောက် အပ်သောနည်းဖြင့် လှူဒါန်းအပ်သော သင်္ကန်းဖြင့်သာ ကထိန်ခင်းထိုက် မခင်းထိုက် စိစစ်ရန် ရှိသည်၊ နောက်၌ စိစစ်၍ပြလတ့်။

## ဝါဒန္တရ ထုတ်ပြချက်

### ဤအရာ၌ အသိဉာဏ် ရှင်းလင်းစေရန် ဝါဒန္တရ ထုတ်ပြချက်

ဤ ကထိန်သက်န်း လှူဒါန်းရာ၌ ဝိ၊ ၄၊ ၃။ ၃၇၉ – ၌ “ကထိနစီဝရံ ဒေမာတိ ဒါတုံ ဝဋ္ဋတိ” ဟု သမ္ပဒါန်ကင်းလျက် မိန့်ဆိုဖွင့်ပြအပ်သော ဒါယက၏ဝတ်ပြ အဋ္ဌကထာ၏ အဖွင့် ဝဇိရဗုဒ္ဓိ ဋီကာဆရာ၏ စကားကို စွဲ၍ တပါးသော ဆရာတို့သည် ကထိန်သင်္ကန်းကို ‘‘ဣမံ ကထိနစီဝရံ ဒေမ’’ – ဟု သံဃာဂိုဏ်းပုဂ္ဂိုလ် တစုံတရာ မရည်မှတ် မသုံးသပ်မူ၍ အတိဥက္ကဋ္ဌသက်န်းဖြစ်အောင် အဋ္ဌကထာ၌ တိုက်ရိုက်လာတိုင်းသာ မြွက်ဆို၍ လှူဒါန်းရမည်ဟု ဆိုကုန်၏။

> သိသာရုံ ရှင်းပြအံ့–ကထိန်ဒါယကာ၏ ဝတ်ကို ပြသော အဋ္ဌကထာဆရာသည် “ကထိန ဒါယကဿ ဝတ္တံ အတ္ထိ၊ သစေ သော တံ အဇာနန္တော ပုစ္ဆတိ ‘ဘန္တေ ကထံ ကထိနံ ဒါတဗ္ဗ’န္တိ။ တဿ ဧဝံ အာစိက္ခိတဗ္ဗံ တိဏ္ဏံ စီဝရာနံ အညတရပ္ပဟောနကံ သူရိယုဂ္ဂမနသမယေ ဝတ္ထံ ‘ကထိနစီဝရံ ဒေမာ’ တိ ဒါတုံ ဝဋ္ဋတိ။ တဿ။ ပ။ ဒါတုံ ဝဋ္ဋတိ တိ–ဟု ဝိ၊ ၄၊ ၃။ ၃၇၉– ၌ ‘‘သံဃဿ’’ဟူ၍ရင်း—

“ဣတ္ထန္နာမဿ ဘိက္ခုနော, တုမှာကံ” စသည်ဟူ၍ရင်း—

သံဃာဂိုဏ်းပုဂ္ဂိုလ် တစုံတရာ ရည်မှတ် သုံးသပ်အပ်သော သမ္ပဒါန်မထည့်မူ၍ မိန့်တော်မူသော ကြောင့် ရဟန်းသည်သာ နိမိတ် ပရိကထာတို့ဖြင့် ရအပ် ဖြစ်စေအပ်သော ကထိန်သက်န်းဖြင့် ကထိန်မခင်းအပ်သည် မဟုတ်သေး၊ စင်စစ်သော်ကား ဒါယကာသည်လည်း ကထိန်သက်န်းကို သံဃာဂိုဏ်းပုဂ္ဂိုလ် တစုံဘရာ ရည်မှတ် သုံးသပ်၍ လှူအပ်သည်ရှိသော် ကထိန် မခင်းအပ် မခင်း ထိုက်၊ ခင်းသော်လည်း အခင်းမမြောက်။

ထိုစကား မှန်၏၊ ရဟန်း၏ နိမိတ် ပရိကထာ ကင်းခြင်း, ဒါယကာ၏ မရည်မှတ်မူ၍ လှူခြင်း- ဤ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ကထိန်သက်န်းသည် အာဂမသုဒ္ဓိ ဖြစ်၏၊ ထိုသက်န်းဖြင့်သာ ကထိန် ခင်းထိုက်သည်။ ထို အင်္ဂါနှစ်ပါးတို့တွင် တပါးပါးပျက်လျှင် အာဂမသုဒ္ဓိ မဖြစ်၊ ထိုသက်န်းဖြင့် ကထိန်မခင်းထိုက်။

ဤကား ဝဇိရဗုဒ္ဓိဋီကာကို စွဲ၍ ယူဆအပ်သော တပါးသောဆရာတို့၏ အယူတည်း။ ထိုမှတပါးသော ဆရာတို့၏ အယူအဆသည် ဝဇိရဗုဒ္ဓိဋီကာ ဆရာ၏ အလိုအဓိပ္ပါယ် မဟုတ်။

ရှင်းလင်းပြအံ့—

အသန္နိဓိကတေန အတ္တတံ ဟောတိ ကထိနန္တိ ဧတ္ထ (၁) ကိံ ကထိနတ္ထာရမာသေယေဝ ဒုဝိဓောပိ သန္နိဓိ အဓိပ္ပေတော၊ ဥဒါဟု တတော ပုဗ္ဗေပိ၊ (၂) ဒါယကေန ဝါ ကဒါ ဒါတဗ္ဗံ ကိံ ကထိနတ္ထာရမာသေယေဝ၊ ဥဒါဟု တတော ပုဗ္ဗေပိ၊ ကထိနတ္ထာရမာသေပိ အသုကသ္မိံ ဒိဝသေယေဝ အတ္ထာရတ္ထာယ ဒမ္မိတိ ဒါတုံ ဝဋ္ဋတိ, န ဝဋ္ဋတီတိ ဣဒံ ဝိစာရေတဗ္ဗံ။ (က) ကထိနတ္ထာရမာသေဝ ဒုဝိဓောပိ သန္နိဓိ။ (ခ) ဒါယကေနာပိ ဝဿာဝါသိကံ ဝိယ ကထိနစီဝရံ ဥဒ္ဒိဿ ဒိန္နံ န ဝဋ္ဋတိ။ ကသ္မာ "ကထိနဒါယကဿ ဝတ္တံ အတ္ထိတိ" အာဒိနာ နယေန အဋ္ဌကထာယံ ဝုတ္တတ္တာ။ (၃) ဥက္ကဋ္ဌမတ္တမေတန္တိ စေ? (ဂ) န၊ "ကထိနံ နာမ အတိဥက္ကဋ္ဌံ ဝဋ္ဋတီတိ" ဝုတ္တတ္တာ။ (၄) န အာဂမနံ သန္ဓာယ ဝုတ္တန္တိ စေ? (ဃ) န၊ ဣဒမ္ပိ အာဂမနမေဝ သန္ဓာယ ဝုတ္တံ၊ ပုဗ္ဗေ ဒိန္နံ န ဝဋ္ဋတီတိ။ ဝဇိရ၊ ၄၉၂။

ဤဦ–

(၁) (၂) မူလ မေးရင်း ပုစ္ဆာ နှစ်ချက်၊

(က) (ခ) မူလ ဖြေရင်း ဝိဿဇ္ဇနာ နှစ်ချက်၊

(၃) (၄) ထပ်ဆင့်ပုစ္ဆာ နှစ်ချက်၊

(ဂ) (ဃ) ထပ်ဆင့် ဝိဿဇ္ဇနာ နှစ်ချက် တို့ကို ပိုင်းခြား သိထားရမည်။

ထိုတို့တွင်—

(၁) ဖြင့် ကထိန်ခင်း လ ၌သာ ကရဏသန္နိဓိ နိစယသန္နိဓိ နှစ်ပါးကိုလည်း အလိုရှိအပ်ပါသလောဟု မေးသည်။

ယင်းအမေးကို–

(က) ဖြင့် ကထိန်ခင်းရာ လ ၌သာ ကရဏသန္နိဓိ နိစယသန္နိဓိ နှစ်ပါးကိုလည်း အလိုရှိအပ်သည်ဟု ဖြေသည်။

(၂) ဖြင့် ကထိန်ဒါယကာသည်လည်း ဘယ်အခါ ပေးလှူအပ်ပါသနည်း ဟူသာမညာ မေး၍ ကထိန်ခင်းရာ လ၌သာ ပေးလှူအပ်ပါသလော၊ သို့မဟုတ် ကထိန်ခင်းရာ လမှ ရှေး၌လည်း (ကြိုတင်၍လည်း) ပေးလှူအပ်ပါသလော၊ ကထိန်ခင်းရာ လ၌လည်း ဤမည်သော (သတ်မှတ်ထားသော တရက်ရက်၌သာ)

> ကထိန်ခင်းခြင်း အကျိုးငှါ (ကထိန်ခင်းဘို့ရန် ရည်ရွယ်၍) ပေးလှူပါ၏ ဟု ပေးလှူခြင်းငှါ အပ်သလော မအပ်သလော ဟု ခွဲစိတ်၍ ဝိသေသမေးသည်။
>
> (၂) မူလမေးရင်း ဤပုစ္ဆာကို အသေအချာ သိမှတ်ရာသည်။ သို့မှ ဋီကာဆရာ၏ အလိုသဘောကို သက်ဝင် နားလည်နိုင်မည်။

ယင်းအမေးကို (ခ)ဖြင့် ဤသို့ဖြေသည်၊ ဖြေဟန်ကား –

ဝါဆိုသင်္ကန်းကို ဝါမကျွတ်မီ ရှေးမဆွ ဝါတွင်း၌ ဝါလပတ်လုံး နေသည့် ဝါကျွတ်သော သံဃာ ဝေဘန်ယူခြင်းငှါ ရည်ညွှန်း၍ ဖြစ်စေ၊ သင်္ကန်းကာလ၌ အတိတ်ဝါကျွတ်ပြီးသော သံဃာ ဝေဘန်ယူခြင်းငှါ ရည်ညွှန်း၍ ဖြစ်စေ၊ ပိဋ္ဌိသမယ၌ အဘိတ်ဝါကျွတ်ပြီးသော သံဃာ ဝေဘန်ယူခြင်းငှါ၊ သို့မဟုတ် အနာဂတ်ဝါကျွတ်သံဃာ ဝေဘန်ယူခြင်းငှါ ရည်ညွှန်း၍ ဖြစ်စေ ပေးလှူအပ်သကဲ့သို့ ဤကထိန်သင်္ကန်းကို ကထိန်ခင်းရာ လ ရက် မတိုင်မီ ရှေးမဆွက ကြိုတင်၍ "ဤမည်သော ကထိန်ခင်းရာ လ ရက် ၌ ကထိန်ခင်းခြင်း အကျိုးငှါ" ဟု ရည်ညွှန်း၍ ပေးလှူအပ်သည်ရှိသော် မအပ် (ဤသင်္ကန်းဖြင့် ကထိန်မခင်းထိုက်။)

အဘယ့်ကြောင့်နည်း –

"ကထိနဒါယကဿ ဝတ္တံ အတ္ထိ"-အစရှိသည်ဖြင့် "အရုဏုဂ္ဂမနသမယေ"-ဟု ကထိန်ခင်းရာ နေ့ရက်ကို မှတ်၍ အဋ္ဌကထာဆရာ မိန့်ဆိုအပ်သောကြောင့်တည်းဟုသာ ဖြေသည်၊သံဃာကို ရည်ညွှန်း၍ ပေးလှူအပ်သော ကထိန်သင်္ကန်း မအပ် ဟု ဖြေသည် မဟုတ်၊ အပ်သည်ဟုသာ ဖြေလိုသည်။ သံဃာကို ရည်ညွှန်းလျက် '-သံဃဿ' ဟု မြွက်ဆိုသုံးသပ်၍ လှူဒါန်းခြင်းကို "ဥဒ္ဒိဿဒါန" ဟု ဝဇိရဗုဒ္ဓိဋီကာဆရာ ဆိုသည် မဟုတ်၊ ကထိန်ခင်းဘို့ရန် ရည်ညွှန်း၍ ရှေးမဆွက ကြိုတင်လှူဒါန်းခြင်းကိုသာ ဥဒ္ဒိဿဒါနဟု ဆိုသည် ဟူလို။

နောက် မသိလျှင် ထပ်၍မေး ဟူသည်နှင့် အညီ (ခ)အဖြေကို မနှစ်သက်နိုင် မယူဆနိုင်၍ (ဥ) ဖြင့်- ကထိန်သင်္ကန်းလည်း ဝါဆိုသင်္ကန်းကဲ့သို့ ဥက္ကဋ္ဌမတ္တ (သံဃိက သာမည)မဟုတ်လောဟု ထပ်ဆင့် မေးပြန်သည်။

ယင်းအမေးကို (ဂ)ဖြင့်- "ကထိနံ နာမ အတိဥက္ကဋ္ဌံ ဝဋ္ဋတိ"- ဟု အဋ္ဌကထာဆရာ မိန့်ဆိုသောကြောင့် ဤကထိန်သင်္ကန်းသည် ဝါဆိုသင်္ကန်း ကဲ့သို့ ဥက္ကဋ္ဌမတ္တ (သံဃိက သာမည) မဟုတ်၊ အတိဥက္ကဋ္ဌ (အလွန်ထူးမြတ်သော သံဃိက) သင်္ကန်းဖြစ်သည်ဟု ဖြေသည်(သံဃိကအထူး ဟူလို။)

တဖန် (ဂ) အဖြေကို မနှစ်သက်နိုင် မယူဆနိုင်ပြန်၍ (ဃ)ဖြင့်- "ကထိနံ နာမ အတိဥက္ကဋ္ဌံ ဝဋ္ဋတိ" ဟူသော စကားကို အာဂမန=ကထိန် ဖြစ်ပေါ်လာကြောင်းကို ရည်၍ အဋ္ဌကထာဆရာ မဆိုအပ် မဟုတ်လောဟု ထပ်ဆင့် မေးပြန်သည်။

ယင်းအမေးကို (ဃ)ဖြင့် "ကထိနံ နာမ အတိဥက္ကဋ္ဌံ ဝဋ္ဋတိ"- ဟူသော စကားကို ကထိန်ဖြစ်ပေါ်လာကြောင်းကို ရည်၍ မဆိုအပ်သည် မဟုတ်၊ ဤစကားကိုလည်း ကထိန် ဖြစ်ပေါ်လာ

ကြောင်းကိုပင် ရည်၍ ဆိုအပ်၏။ ကထိန်ခင်းရာ လရက်မှ ရှေးမဆွ၌ ကြိုတင်ပေးလှူအပ်သော ကထိန်သင်္ကန်းကား မအပ်ပေဟု ဖြေသည်။

ဤသို့ ယူမှ အမေးနှင့် အဖြေ ညီညွတ်မှန်ကန်၍ ဋီကာဆရာ၏ အလိုတော်ကျ သည်ဟု တတ်တတ် ထင်ထင် သိမြင်မှတ်ယူရမည်။

ထိုသို့ ကထိန်ခင်းရာ လ,ရက်မတိုင်မီ ရှေးမဆွက ကြိုတင်၍ "ဤမည်သော ကထိန်ခင်းရာ လ, ရက်၌ ကထိန်ခင်းခြင်းအကျိုးငှါ"ဟု ရည်ညွှန်း၍ ပေးလှူအပ်သော ကထိန်သင်္ကန်းသည် မအပ်၊ ကထိန်ခင်းရာ နေ့ရက်၌ သံဃာကို ရည်ညွှန်း၍ ပေးလှူအပ်သော ကထိန်သင်္ကန်းကား မအပ်ဟု ဆိုသည် မဟုတ်ဟု ဝဇိရဗုဒ္ဓိဋီကာဆရာ၏ အလိုကို အတတ်သိမြင်ရသောကြောင့် ပြဆိုအပ်ပြီးသော တပါးသော ဆရာတို့၏ အယူကို ဝိနည်းသိမြင် ပညာရှင်မထေရ်မြတ်တို့ လက်ခံတော်မမူကြ၊ မနှစ်သက်နိုင် ရှိကြသည်။

## ဝိနယာလင်္ကာရဋီကာဝါဒ

ဝိနယာလင်္ကာရဋီကာ ဆရာတော်သည်—

> ကထိနစီဝရံ ဒေမာတိ ဒါတုံ ဝဋ္ဋတီတိ ဧတ္ထ "သံဃဿ ကထိနစီဝရံ ဒေမာ"တိ ဝတ္တဗ္ဗံ။ ဧဝဉ္ဟိ သတိ "ဣဒံ သံဃဿ ကထိန ဒုဿံ ဥပ္ပန္နံ"န္တိကမ္မဝါစာယ သမေတိ။ အထ စ ပန ပုဗ္ဗေ ကတပရိစယတ္တာ "သံဃဿာ"တိ အဝုတ္တေပိ သမ္ပဒါနံ ပါကဋန္တိ ကတွာ အဝုတ္တံ သိယာတိ—

> ဟု ဝိနယာလင်္ကာရဋီကာ၊ ၂။ ၉၄။ ၌ ကထိန်သင်္ကန်း လှူဒါန်းပုံ လှူဒါန်းနည်းကို မိန့်ဆိုတော်မူ၏။

## ထိုဆရာ၏ အလိုတော်ကျ နိတတ္ထ နေယျတ္ထ အဓိပ္ပါယ်

"ကထိနစီဝရံ ဒေမာတိ ဒါတုံ ဝဋ္ဋတိ"—ဟူသော အဋ္ဌကထာ၌ သံဃဿ ဟူသော သမ္ပဒါန် မလာမရှိသော်သည်း ကထိန်သင်္ကန်းကို လှူသောအခါ ဒါယကာသည် "သံဃဿ"—ဟူသော သမ္ပဒါန်နှင့် တကွ "သံဃဿ ကထိနစီဝရံ ဒေမ"—ဟု သံဃာကို ရည်မှတ်သုံးသပ်၍ မြွက်ဆို လှူဒါန်းရမည်။

အကျိုးကား။ ဤသို့ "သံဃဿ"—ဟူသော သမ္ပဒါန်နှင့် တကွ လှူဒါန်းအပ်၏ ဟူသော အနက်ကို အဋ္ဌကထာပါဌ်၌ ယူအပ်သည်ရှိသော် သံဃဿ—ဟူသော သမ္ပဒါန် မပါသော အဋ္ဌကထာ၏ စကားသည် သံဃဿ—ဟူသော သမ္ပဒါန်ပါသော "ဣဒံ သံဃဿ ကထိနဒုဿံ ဥပ္ပန္နံ"—ဟူသော ကမ္မဝါစာ ပါဠိတော်နှင့် ညီညွတ် နှီးနှော မိသည်။ ဤကား နိတတ္ထ။

အပြစ်ကား။ အကယ်၍ သံဃဿ — ဟူသော သမ္ပဒါန်မပါမူ၍ လှူဒါန်းအပ်၏ ဟူသော အနက်ကို အဋ္ဌကထာပါဌ်၌ ယထာရုတ ယူအပ်သည်ရှိသော် သံဃဿ — ဟူသော

သမ္ဗန္ဓဒါန် မပါသော အဋ္ဌကထာ၏ စကားသည် သံဃဿ – ဟူသော သမ္ဗန္ဓဒါန် ပါသော "ဣဒံ သံဃဿ ကထိနဒုဿံ ဥပ္ပန္နံ"–ဟူသော ကမ္မဝါစာ ပါဠိတော်နှင့် မညီညွတ် မနှီးနှော၍ ဆန့်ကျင်ရာသည်။ ဤကား နေယျတ္ထ။

**တနည်းလည်း** ရှေးအခါက သံဃိကအလှူတို၌ ပြုအပ်သော အလေ့အကျက်ရှိသည်၏ အဖြစ်ကြောင့် သံဃဿ – ဟူသော သမ္ဗန္ဓဒါန်ကို မဆိုအပ်သော်လည်း သံဃဿ–ဟူသော သမ္ဗန္ဓဒါန် ထင်ရှားလှ၏–ဟု နှလုံးပိုက်တော်မူ၍ အဋ္ဌကထာဆရာ မဆိုသည် ဖြစ်ရာ၏။ သမ္ဗန္ဓဒါန်ကို အလိုမရှိအပ်သောကြောင့် မဆိုအပ်သည် မဟုတ်ဟု သိအပ်၏ဟု ဆိုလိုသည်။

**မှတ်ချက်။** ဤအရာ၌ ဝိနယာလင်္ကာရ ဋီကာဆရာသည် မိမိ၏ အယူဝါဒကို အစလ-သုပ္ပတိဋ္ဌိတ ဖြစ်စေရန် ကောဝါဒ ငါးချက် ထုတ်ပြ၍ ပယ်ရှားသုတ်သင်တော်မူ၏၊ ထိုစိစစ်ဖြေရှင်းချက် များသည် အထားအသို အဆိုအမိန့် ရှည်လျားကျယ်ဝန်းလှသောကြောင့်၎င်း, အချို့စိစစ်ချက်၌ သံသယဖြစ်ဘွယ်ရှိသောကြောင့်၎င်း မေးသောပုဂ္ဂိုလ် အသိဉာဏ် သန့်ရှင်းစေရန် ဤ၌ လျှစ်လျူရှုလိုက်သည်။

## ကထိန် အက်န်း လှူဒါန်းပုံ စိစစ်ချက်

ကထိန်သင်္ကန်းကို "ဣမံ ကထိနစီဝရံ ဒေမ – ဟု သံဃာ ဂိုဏ်း ပုဂ္ဂိုလ်တစုံတရာ မရည်မှတ် မသုံးသပ်မူ၍ အတိဉက္ကဋ္ဌဖြစ်အောင် ကထိနက္ခန္ဓက အဋ္ဌကထာ၌ တိုက်ရိုက်လာတိုင်း မြွက်ဆို လှူဒါန်းရမည်" ဟူသော တပါးသောဆရာတို့၏ အယူကို ဥဒ္ဒိဿဒါနအယူ လွဲမှားသောကြောင့်၎င်း,

**စကားအယုတ်အလွန်** ရှိသောကြောင့်၎င်း ရှေးဆရာကြီးများ နှစ်သက်တော် မမူနိုင်ကြ။

**စကားယုတ်လျော့ပုံ**–ဤ ဝိ၊ဌ၊၃။၃၇၉–၌ လာသော "ကထိနစီဝရံ ဒေမာတိ ဒါတုံ ဝဋ္ဋတိ" ဟု ဒါယကာလှူဒါန်းပုံပြ အဋ္ဌကထာစကားသည် "တသ္မာ သစေ ပုရိမဝဿံဝုတ္ထာနံ ဂဟဋ္ဌပဗ္ဗဇိတေသု ယော ကောစိ ဓမ္မေန သမေန စီဝရံ ဒေတိ 'ဣမိနာ ကထိနံ အတ္ထ-ရထာ'တိ" ဟူ၍ ကခ်ါ၊ ဋ္ဌ။ ၁၅၂၊ ၌ "ဣမိနာ ကထိနံ အတ္ထရထ"–ဟု ဒါယကာ လှူဒါန်းပုံပြ စကားကို ထောက်၍ ဥပလက္ခဏ နိဒဿန စကားဖြစ်ကြောင်း သိရသောကြောင့် ကထိနက္ခန္ဓက အဋ္ဌကထာ တိုက်ရိုက်လာတိုင်း မြွက်ဆိုလှူဒါန်းရမည် ဟူသော စကားသည် မပြည့်စုံ ယုတ်လျော့သည်။

**စကားလွန်ပုံ**– နိမိတ္တကတေနာတိ ။ပ။ ပရိကထာယ ဥပ္ပါဒိတေန။ ကထိနံ နာမ အတိဉက္ကဋ္ဌံ ဝဋ္ဋတိ၊ မာတရမ္ပိ ဝိညာပေတုံ န ဝဋ္ဋတိ၊ အာကာသတော ဩတိဏ္ဏသဒိသမေဝ ဝဋ္ဋတိ ဟူ၍ ဝိ၊ ဋ္ဌ၊ ၃။ ၃၈၂၊ ၌ ရဟန်းဘက်၌သာ ကထိန်သင်္ကန်း၏ အတိဉက္ကဋ္ဌ ဖြစ် မဖြစ် အနွယဗျတိရေကအားဖြင့် လာသည်၊ ဒါယကာ ဘက်၌ မလာ။ ထို့ကြောင့် "သံဃာ ဂိုဏ်း ပုဂ္ဂိုလ် တစုံတရာ မရည်မှတ် မသုံးသပ်မူ၍ အတိဉက္ကဋ္ဌ ဖြစ်အောင်" ဟူသော စကား ပိုလွန်သည်။

## အပ်သော လျှုဒါန်းပုံများ

ကထိန စီဝရံ ဒေမ-ဟု လျှုရာ၌—

( ၁ ) သံဃဿ-ဟု မြွက်ဆိုသုံးသပ်၍ မလှူက သံဃာအစိုးမရ, သံဃိက မဖြစ်သောကြောင့် ဟု အကြောင်းပြ၍ ကမ္မဝါစာနှင့် ဆန့်ကျင်သည်၊ ကထိန်မခင်းထိုက်သည် အကယ်၍ ဖြစ်ငြားအံ့၊ ထိုသံဃဿ-ဟူသော သမ္ပဒါန်ကို မမြွက်ဆို မသုံးသပ်သည်ထက် ကထိန် အရာ၌ ကြီးမားသောအပြစ်မည်သည် မရှိ၊ ကထိနကံကို အမြစ်အရင်းနှင့် တကွ ဖျက်ဆီး တတ်သော အပြစ်ကြီးတည်း။ ဤမျှလောက် ဝိသိဋ္ဌ ပမုခ ပဓာန ဖြစ်သော သမ္ပဒါန်ကို အဋ္ဌကထာဆရာ ထည့်သွင်းဖွင့်ဆိုသင့်သည် တကြောင်း,

( ၂ ) ဝိနယဝိနိစ္ဆယ အဋ္ဌကထာ, ဝိနယသင်္ဂဟ အဋ္ဌကထာ, သာရတ္ထဋီကာ, ဝိမတိဋီကာ, ကင်္ခါဋီကာသစ်, ဟောင်း, ဂဏ္ဌိဆရာကြီးတို့သည် ထို သမ္ပဒါန်မပါသော အဋ္ဌကထာကို စစ်ကြောဖွင့်ဆိုသင့်သည် တကြောင်း,

( ၃ ) ဤမျှသာ မဟုတ်သေး "ဣဒံ သံဃဿ ကထိနဒုဿံ ဥပ္ပန္နံ" ဟူသော ကမ္မဝါစာပါ၌ ဖြင့်လည်း- ဒါယကာ လှူဒါန်းအပ်ပြီးသော ကထိန်သင်္ကန်း၏ သံဃာအစိုးရသော သံဃိက၏ အဖြစ်ကိုသာ ပြသည်၊ ဒါယကာ၏ ဝတ် (လှူဒါန်းပုံ)ကို ပြသည် မဟုတ် သည်လည်း တကြောင်း,

( ၄ ) သံဃဿ-ဟူသော သမ္ပဒါန်ကို မမြွက်ဆို မသုံးသပ်ခြင်းကြောင့် သံဃာအစိုးမရမည် သံဃိကမဖြစ်မည်ကို သံသယကုက္ကုစ္စဖြစ်ဘွယ်မရှိ၊ "အထ အဝိစာရေတွာဝ ဒတွာ ဂစ္ဆန္တိ၊ ဘိက္ခုသံဃော ဣဿရော" ဟူသော ဝိ၊ ဋ္ဌ၊ ၃။ ၃၉၁၊ ကထိနက္ခန္ဓက အဋ္ဌကထာ၊ ယံ ပန "ဣဒံ ဣမ ဝဿံဝုတ္ထသံဃဿ ဒေမာ" တိ ဝါ "ဝဿာဝါသိကံ ဒေမာ" တိ ဝါ ဝတွာ ဒိန္နံ၊ တံ အနတ္ထတကထိနဿာပိ ပဉ္စမာသေ ပါပုဏာတိ ဟူသော ဝိ၊ ဋ္ဌ၊ ၃။ ၄၁၁၊ စီဝရက္ခန္ဓက အဋ္ဌကထာ စသည်တို့ကို ထောက်၍

သံဃဿ-ဟူသော သမ္ပဒါန် မပါ မမြွက်ဆို မသုံးသပ်သော်လည်း ဣတ္ထန္နာမဿ, တုမှာကံ စသည်ဖြင့် တစုံတရာ မမြွက်ဆို မသုံးသပ်သည်ဖြစ်၍ သံဃာအစိုးရသော သံဃိက ကထိန်သင်္ကန်း ဖြစ်ရကား "သံဃဿ ဥပ္ပန္နံ သံဃာအား ဖြစ်ပေါ်သော သင်္ကန်း၊ သံဃဿ ဒေတိ - သံဃာအား လှူဒါန်း၏" ဟုသာ ဆိုအပ် ဆိုသင့်သည်လည်း တကြောင်း,

( ၅ ) ဆိုအပ်ပြီးသောနည်းဖြင့် သံဃိကဖြစ်သော ကထိန်သင်္ကန်းကို ကမ္မပ္ပတ္တ သံဃာသည် ပဋိဂ္ဂါဟကရဟန်းအား ဉတ်ကမ္မဝါစာဖြင့် ပေးခြင်းငှါ ထိုက်သည်ဖြစ်၍ သံဃဿ- မပါသော ဒါယကာ၏ ဝတ်ပြ အဋ္ဌကထာစကားသည် ယထာရုတအားဖြင့်ပင် "ဣဒံ သံဃဿ ။ ပ ။ အတ္ထရိတုံ"-ဟူသော ကမ္မဝါစာနှင့် ဆန့်ကျင်ဘွယ် မရှိသည်လည်း တကြောင်း,

ဤသို့သောအကြောင်းတို့ကြောင့်–

ဝိ၊ ၄၊ ၃။ ၃၇၉- အဋ္ဌကထာလာသည့် အတိုင်း "ကထိန စီဝရံ ဒေမ"–ဟူ၍၎င်း,

ကခ်၊ ၁၅၂-အဋ္ဌကထာ လာသည့်အတိုင်း "ဣဂ်ိနာ ကထိနံ အတ္ထရထ"–ဟူ၍၎င်း၊

မြွက်ဆို လှူဒါန်းသင့်သည်ဟု သေသေသပ်သပ် မှတ်ရမည်။

**တပါးလည်း** ဝိနယာလင်္ကာရဋီကာဆရာ မိန့်ဆိုသည့်အတိုင်း သံဃဿ ဟု သမ္ပဒါန်မြွက်ဆို **သုံးသပ်၍** လှူဒါန်းက ဒါယကာ၏ ညွတ်ကိုင်းရင်းစိတ်၌ သံဃာကို ညွတ်မှ ညွတ်ပါ၏လော, ဂိုဏ်း ပုဂ္ဂိုလ် တစုံဘုရာကိုများ ညွတ်လေသလောဟု သံသယကုက္ကုစ္စ ဖြစ်ဘွယ် မရှိ၊ သံဃိက၏အဖြစ် လည်း ထင်ရှားလှသည်၊ မည်သည့် ပါဠိ အဋ္ဌကထာ ဋီကာတို့နှင့်မှ တိုက်ရိုက်ဆန့်ကျင်သည်ဟုလည်း ဝိတဏ္ဍဝါဒီတို့ အခွင့်ဒ႟ာ မရှိ၊ အနိဋ္ဌိတအစွန်းမထင်၊ ပြဆိုအပ်ပြီးသော ပါဠိအဋ္ဌကထာတို့၌ **သက်ဝင်နိုးနှော** သဘောယုတ္တိရှိသောကြောင့် "ကထိနစီဝရံ သံဃဿ ဒေမ"ဟု မြွက်ဆိုလှူဒါန်း **သင့်သည်ကိုလည်း** သံသယကင်းကွာ မှတ်ယူရာသည်။

ရှေး ဝိနယညူ ဆရာမြတ်တို့သည်လည်း ဝိနယာလင်္ကာရ ဋီကာဆရာ၏ အလိုအယူကို မပယ် မလှန် **လက်ခံသုံးစွဲ** မလွဲမသွေ လိုက်နာပြုကျင့်တော်မူကြ လေကုန်ပြီ။ ထိုသို့ ပဝေဏီအစဉ်အဆက် ဝိနယညူ ရှေးဆရာမြတ်တို့ မပျက်မကွက် လိုက်နာသုံးစွဲအပ်သော ဝိနယာလင်္ကာရဋီကာဆရာ၏ လှူဒါန်းနည်းကို သုပ္ပသန္န အတိသုန္ဒရ ဝိညူပသဋ္ဌဖြစ်သည်ဟု သိမြင်မှတ်ယူကြရာသည်။

တဖန် (၁–ခ) အမှတ် အမေးအတိုင်း၊ "ဣမံ စီဝရံ(ဣဒံ ဒုဿံ)ကထိနတ္ထာယ သံဃဿ ဒေမ" ဟု မြွက်ဆိုလှူဒါန်းအပ်သော ကထိန်သင်္ကန်း လှူဒါန်းနည်းသည်လည်း သံဃာ၌ စိတ်ညွတ်၍ ကထိန်ခင်းခြင်းအကျိုးငှါ ရည်ညွှန်းလှူဒါန်းအပ်သော နည်းဖြစ်သောကြောင့် ပါဠိ အဋ္ဌကထာ ဋီကာတို့နှင့် ဆန့်ကျင်ဘွယ် မရှိ သက်ဝင် နိုးနှောမိသည် သင့်မြတ်သည်ပင်ဟု ငါတို့ ယူဆသည် ဦးပါမောက္ခ။

ထိုသို့ပင်ဖြစ်သော်လည်း လဇ္ဇီပေသလ သိက္ခာကာမ ဖြစ်တော်မူကြကုန်သော ဝိနယညူ မထေရ် မြတ်တို့သည်–

> သာသနေ ဂါရဝံ ကတွာ၊ သဒ္ဓမ္မဿာနုလောမတော။
> မယာ ကတံ ဝိနိစ္ဆယံ၊ သမ္မာ စိန္တေန္တု သာဓဝေါ။
> ပုနပ္ပုနံ ဝိစိန္တေတွာ၊ ယုတ္တံ စေ ဟောတိ, ဂဏှန္တု။
> နော စေ ယုတ္တံ, မာ ဂဏှန္တု၊ သမ္မာသမ္ဗုဒ္ဓသာဝကာတိ။

ဟူသည်နှင့် အညီ တစုံတခုသော ဝါဒ ပက္ခ-၌ မတည်စေမူ၍ ပါဠိ အဋ္ဌကထာ ဋီကာတို့ကို ထောက်ချင့်၍ သင့်သော်ကား ယူရာ၏၊ မသင့်သော်ကား မယူ ပယ်မြစ် စွန့်ပစ်အပ်၏။

## အနက်ပြန်ဆိုခြင်း

ဤအဆုံး အဖြတ်၌ ပါသော ပါဠိအဋ္ဌကထာ စသည်တို့ကို က-ခ စသည် အမှတ်စဉ် တပ်၍ အနက် ပြန်ဆိုလိုက်အံ့ –

(က) မယံ၊ တပည့်တော်တို့သည်။ ကထိနစီဝရံ၊ ကထိန်သင်္ကန်းကို။ ဒေမ၊ လှူဒါန်းပါကုန်၏။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ ဒါတုံ၊ လှူဒါန်းခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ (ဝိ၊ ဋ္ဌ၊ ၃။ ၃၇၉။ ဝိ၊ သင်္ဂဟ။ ၂၉၇။)

(ခ) ကထိနဒါယကဿ၊ ကထိန်သင်္ကန်းလှူဒါန်းသည့် ကထိန်ဒါယကာ၏။ ဝတ္တံ ပြုကျင့်သင့်သော ဝတ်တရားသည်။ အတ္ထိ၊ ရှိ၏။ သော၊ ထိုကထိန်ဒါယကာသည်။ တံ ဝတ္တံ၊ ထိုဝတ်တရားကို။ အဇာနန္တော၊ မသိသောကြောင့်။ ဘန္တေ၊ အရှင်ဘုရားတို့။ ကထံ၊ အဘယ်သို့။ ကထိနံ၊ ကထိန်သင်္ကန်းကို။ ဒါတဗ္ဗံ၊ လှူဒါန်းအပ်ပါသနည်း ဘုရား။ ဣတိ၊ ဤသို့။ သစေ ပုစ္ဆတိ၊ အကယ်၍ မေးမြန်းငြားအံ့။ တဿ၊ ထိုသူအား။ ဧဝံ၊ ဤဆိုလတ္တံ့သောနည်းဖြင့်။ အာစိက္ခိတဗ္ဗံ၊ ပြောကြားရမည်။

သူရိယုဂ္ဂမနသမယေ၊ နေထွက်ချိန်၌။ တိဏ္ဏံ စီဝရာနံ၊ သင်းပိုင် ကေစီ သင်္ကန်းကြီး ဟူသော သုံးထည်သော သင်္ကန်းတို့တွင်။ အညတရပ္ပဟောနကံ၊ တထည်ထည်အား ချုပ်ဖို့ရန် လောက်င သော။ ဝတ္ထံ၊ အဝတ်စကို။ မယံ၊ ငါတို့သည်။ ကထိနစီဝရံ၊ ကို။ ဒေမ၊ ၏။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ ဒါတုံ၊ လှူဒါန်းခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ တဿ၊ ထိုကထိန်သင်္ကန်း၏။ ပရိကမ္မတ္ထံ၊ အခြံအရံ ပရိက် အမှုကိစ္စအကျိုးငှါ။ ဧတ္တကာ နာမ၊ ဤမျှ အတိုင်းအရှည်ရှိကုန်သော။ ဝါ၊ ဤမျှလောက်ကုန်သော။ သူစိယော စ၊ အပ်တို့ကိုရင်း။ ပ။ ယာဂုဘတ္တဉ္စ၊ ယာဂုနှင့် ဆွမ်းကိုရင်း။ ဘိက္ခူနံ၊ ရဟန်းတော်တို့အား။ ဒါတုံ၊ လှူဒါန်းခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ဣတိ၊ ဤသို့။ အာစိက္ခိတဗ္ဗံ၊ ပြောကြားရမည်။ (ဝိ၊ ဋ္ဌ၊ ၃။ ၃၇၉။ ဝိ၊ သင်္ဂဟ။ ၂၉၇။)

(ဂ) အသန္နိဓိကတေန အတ္ထတံ ဟောတိ ကထိနန္တိ ဧတ္ထ၊ အသန္နိဓိ- ကထိနံ ဟူသော (ဝိ၊ ၃။ ၃၅၃) ပါဠိတော်၌။ ကထိနတ္ထာရမာသေယေဝ၊ ကထိန်ခင်းကောင်းသည့် (သီတင်းကျွတ်လပြည့်ကျော် ၁-ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ) တလအတွင်း၌သာလျှင်။ ဒုဝိဓောပိ၊ ၂-ပါး အပြားရှိသည်လည်း ဖြစ်သော။ သန္နိဓိ၊ (ကရဏသန္နိဓိ, နိစယသန္နိဓိ) သိုမှီးခြင်းကို။ အဓိပ္ပေတော၊ အလိုရှိအပ်လေသလော ?။

ဥဒါဟု၊ ထိုသို့မဟုတ်။ တတော၊ ထိုကထိန်ခင်းကောင်းသည့် တလမှ။ ပုဗ္ဗေပိ၊ ရှေးအခါ ကာလ၌လည်း။ သန္နိဓိ၊ ကို။ အဓိပ္ပေတော၊ လော?။

ငါ၊ တနည်းသော်ကား။ ဒါယကေန၊ ကထိန်ဒါယကာသည်။ ကဒါ၊ အဘယ်အချိန်အခါကာလ၌။ ဒါတဗ္ဗံ၊ ပေးလှူသင့်သနည်း။

ကထိနတ္ထာရမာသေ ယေဝ၊ ကထိန်ခင်းကောင်းသည့် တလ၌သာလျှင်။ ဒါတဗ္ဗံ၊ ပေးလှူရသလော ?။

ဥဒ္ဒါပာ၊ ထိုသို့မဟုတ်၊ တတော၊ မှ။ ပုဗ္ဗေပိ၊ လည်း။ ဒါတဗ္ဗံ၊ လော ?။

ကထိနတ္ထာရမာသေပိ၊ ကထိန်ခင်းကောင်းသည့် တလအတွင်း၌လည်း။ အသုကသ္မိံ ဒိဝသေ ယေဝ၊ ဤမည်သော နေ့ရက်၌သာလျှင်။ အတ္ထာရတ္ထာယ၊ ကထိန်ခင်းခြင်းအကျိုးငှါ။ ဒမ္မိ၊ လှူဒါန်းပါ၏။ ဣတိ၊ ဤသို့။ ဒါတုံ၊ ပေးလှူခြင်းငှါ။ ဝဋ္ဋတိ၊ အပ်ပါသလော။ န ဝဋ္ဋတိ၊ မအပ်ပါ သလော? ။

ဣဒံ၊ ဤအမေးပြဿနာကို။ ဝိစာရေတဗ္ဗံ၊ စိစစ် လေ့လာသင့်၏။

ကထိနတ္ထာရမာသေ ယေဝ၊ လျှင်။ ဒုဝိဓောပိ၊ သော။ သန္နိဓိ၊ ကို။ အဓိပ္ပေတော၊ အလိုရှိ အပ်၏။

ဝဿာဝါသိကံ၊ ဝါဆိုသင်္ကန်းသည်။ ပုဗ္ဗေ၊ ဝါမဆိုမီ ရှေးကာလ၌။ ဥဒ္ဒိဿ၊ ဝါဆိုသံဃာတော် အား ရည်စူး၍။ ဒိန္နံ၊ ပေးလှူအပ်သည်ရှိသော်။ ဝဋ္ဋတိ ဝိယ၊ အပ်စပ်သကဲ့သို့။ တထာ၊ ထိုနည်း အတူ။ ဒါယကေနပိ၊ ကထိန်ဒါယကာသည်လည်း။ ပုဗ္ဗေ၊ ကထိန်လ မတိုင်မီ ရှေးအခါကာလ၌။ ဥဒ္ဒိဿ၊ ကထိန်အတွက် ရည်စူး၍။ ဒိန္နံ (ကြိုတင်၍) လှူဒါန်းအပ်သော။ ကထိနစီဝရံ၊ ကထိန် အတွက် သင်္ကန်းသည်။ န ဝဋ္ဋတိ၊ မအပ်စပ်။

ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူ။ "ကထိနဒါယကဿ ဝတ္တံ အတ္ထိ" တိ အာဒိနာ နယေန၊ ကထိန-အတ္ထိ အစရှိသော နည်းဖြင့်။ အဋ္ဌကထာယံ၊ (ဝိ၊ဋ္ဌ၊ ၃။ ၃၇၉။ ဝိ၊ သင်္ဂဟ။ ၂၉၈) အဋ္ဌကထာ၌။ ဝုတ္တတ္တာ၊ မိန့်ဆိုအပ်သည်၏ အဖြစ်ကြောင့်တည်း။

တေ၊ ဤကထိန်သင်္ကန်းသည်။ ဥက္ကဋ္ဌမတ္တံ (သံဃိက ဖြစ်သောကြောင့်) မြတ်သော သင်္ကန်း မျှသာ။ ဟောတိ ကိံ၊ ဖြစ်သည် မဟုတ်ပါလော။ ဣတိ စေ ပုစ္ဆေယျ၊ ဤသို့ မေးငြားအံ့-

တေ၊ သည်။ ဥက္ကဋ္ဌမတ္တံ၊ သာ။ န ဟောတိ၊ မဟုတ်။ ကထိနံ နာမ၊ ကထိန်သင်္ကန်းမည်သည်။ အတိဥက္ကဋ္ဌံ၊ အလွန်အလွန် ထူးမြတ်သော သင်္ကန်း ဖြစ်မှုသာလျှင်။ ဝဋ္ဋတိ၊ အပ်စပ်၏။ ဣတိ၊ ဤသို့။ အဋ္ဌကထာယံ (ဝိ၊ ဋ္ဌ၊ ၃။ ၃၉၂) အဋ္ဌကထာ၌။ ဝုတ္တတ္တာ၊ မိန့်ဆိုအပ်သည်၏ အဖြစ် ကြောင့်ပေတည်း။

တေ ဝစနံ၊ ဤ "ကထိနံ နာမ အတိဥက္ကဋ္ဌံ ဝဋ္ဋတိ" ဟူသောစကားကို။ အာဂမနံ၊ ကထိန် ဖြစ်ပေါ် လာကြောင်းကို။ သန္ဓာယ၊ ရည်ရွယ်၍။ န ဝုတ္တံ၊ မဆိုအပ်ပါလား?။ ဣတိ စေ ပုစ္ဆေယျ၊ ဤသို့ တဖန် မေးမြန်းပြန်ငြားအံ့ -

တေ ဝစနံ၊ ကို။ အာဂမနံ၊ ကို။ သန္ဓာယ၊ ၍။ န န ဝုတ္တံ၊ မဆိုအပ်သည် မဟုတ်။ ဣဒမ္ပိ၊ "ကထိနံ နာမ အတိဥက္ကဋ္ဌံ ဝဋ္ဋတိ" ဟူသော ဤစကားကိုလည်း။ အာဂမနမေဝ၊ ကထိန်ဖြစ်ပေါ် လာကြောင်းကိုသာလျှင်။ သန္ဓာယ၊ ၍။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။

ဣတိ တသ္မာ၊ ထိုကြောင့်။ ပုဗ္ဗေ၊ကထိန်လ မတိုင်မီ ရှေးအခါကာလ၌၊ ဥဒ္ဒိဿ၊ ကထိန်အတွက် ရည်စူး၍။ ဒိန္နံ (ကြိုတင်၍) လှူဒါန်းအပ်သော။ ကထိနစီဝရံ၊ သည်။ န ဝဋ္ဋတိ၊ မအပ်စပ်။ ဣတိ ဤကား။ ဝိစာရဏာ၊ စိစစ်ချက်ပေတည်း။ (ဝဇိရ။ ၄၉၂။)

(ဃ) ကထိနံ နာမ၊ ကထိန်သင်္ကန်းမည်သည်။ အတိဥက္ကဋ္ဌံ၊ အလွန့်အလွန် ထူးမြတ်သော သင်္ကန်းဖြစ်မှုသာလျှင်။ ဝဋ္ဋတိ၊ အပ်စပ်၏။ (ဝိ၊ ၄၊ ၃။ ၃၉၂။)

(င) ကထိနစီဝရံ ဒေမာတိ ဒါတုံ ဝဋ္ဋတီတိ ဧတ္ထ၊ ကထိနစီဝရံ- ဝဋ္ဋတိ-ဟူသော (ဝိ၊၄၊၃။ ၃၇၉။ ဝိ၊ သင်္ဂဟ။ ၂၉၇) အဋ္ဌကထာပါဌ်၌။ သံဃဿ၊ သံဃာတော်အား။ ကထိနစီဝရံ၊ ကထိန် သင်္ကန်းကို။ ဒေမ၊ လှူဒါန်းပါကုန်၏။

ဣတိ၊ ဤသို့။ ဝတွာပိ၊ ("သံဃဿ" ဟူသော သမ္ပဒါန်ပါဌ်နှင့် တကွ) ဆိုသင့်၏။

ဟိ၊ အကျိုးသော်ကား။ ဧဝံ သတိ၊ ဤသို့ (သမ္ပဒါန်နှင့် တကွ "သံဃဿ ကထိနစီဝရံ ဒေမ"ဟု) ဆိုအပ်သည်ရှိသော်။ သံဃဿ၊ သံဃာတော်အား။ ဣဒံ ကထိန ဒုဿံ၊ ဤကထိန် ခင်းခြင်းအကျိုးငှါ ဆောင်အပ်သော အဝတ်ပုဆိုးသည်။ ဥပ္ပန္နံ၊ ဖြစ်ပေါ်လာ၏။ ဣတိ ကမ္မဝါ- စာယ၊ ဤ (ဝိ၊ ၃။ ၃၅၂) ဝိနည်းမဟာဝါ-လာ ကမ္မဝါစာ ပါဠိတော်နှင့်။ သမေတိ၊ ညီညွတ်၏။

အထ စ ပန၊ တနည်းအားဖြင့်။ ပုဗ္ဗေ၊ ရှေးသောအခါ၌။ ကတပရိစယတ္တာ၊ "ကထိနစီဝရံ ဒေမ"ဟုဆို၍ ပြုအပ်သော လှူဒါန်းခြင်း အလေ့အကျက်ရှိသည်၏ အဖြစ်ကြောင့်။ သံဃဿာတိ၊ သံဃဿ-ဟူ၍။ အဝုတ္တေပိ၊ တိုက်ရိုက် မဆိုအပ်သော်လည်း။ သမ္ပဒါနံ၊ ပေးလှူရာသံဃာတော် (သံဃဿ) ဟူသော သမ္ပဒါန်သည်။ ပါကဋံ၊ ထင်ရှားပေ၏။ ဣတိ ကတွာ၊ ထိုကြောင့်။ သံဃဿာတိ၊ သံဃဿဟူ၍။ အဝုတ္တံ၊ အဋ္ဌကထာ၌ မဆိုအပ်သည်။ သိယာ၊ ဖြစ်လေရာ၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ (ဝိနယာလင်္ကာရ၊ ဋီ၊ ၂။ ၉၄။)

(စ) တသ္မာ၊ ထို့ကြောင့်။ ပုရိမဝဿံဝုတ္ထာနံ၊ ပုရိမဝါပတ်လုံးနေပြီးကုန်သော။ ဝါ၊ ပုရိမဝါမှ ထပြီးကုန်သော ရဟန်းတို့အား။ ဂဟဋ္ဌပဗ္ဗဇိတေသု၊ လူပုဂ္ဂိုလ် ရသေ့ ရဟန်းပုဂ္ဂိုလ်တို့တွင်။ ယောကောစိ၊ အမှတ်မရှိ တဦးဦးသော ပုဂ္ဂိုလ်သည်။ ဓမ္မေန သမေန၊ တရားနှင့် အညီ။ ဣမိနာ စီဝရေန၊ ဤသင်္ကန်းဖြင့်။ တုမှေ၊ အရှင်ဘုရားတို့သည်။ ကထိနံ၊ ကထိန်ကို။ အတ္ထရထ၊ ခင်းတော်မူကြပါကုန်ဘုရား။ ဣတိ ဝတွာ၊ ဤသို့ ဆို၍။ သစေ ဒေတိ၊ အကယ်၍ လှူဒါန်း ငြားအံ့ (ကခ်ါ၊ ၄။ ၁၅၂။)

(ဆ) နိမိတ္တကတေနာတိ၊ နိမိတ္တကတေန ဟူသည်ကား ။ပ။ ကထိနဒါယကော၊ ကထိန် လှူဒါန်းသည့် အလှူဒါယကာသည်။ ဗဟုံ၊ များစွာသော။ ပုညံ၊ ကောင်းမှုကို။ ပသဝတိ၊ တိုးပွားစေ၏။ ဣတိ၊ ဤသို့။ ပရိကထာယ၊ ပရိယာယ်စကားကို။ ဥပ္ပါဒိတေန၊ ဖြစ်စေခြင်းဖြင့်။ ကထိနံ၊ ကထိန်ကို။ အတ္ထတံ၊ ခင်းအပ်သည် မည်သည်။ န ဟောတိ၊ မဖြစ်။

ကထိနံ နာမ၊ ကထိန်သင်္ကန်းမည်သည်။ အတိဥက္ကဋ္ဌံ၊ အလွန့်အလွန်ထူးမြတ်သော သင်္ကန်း ဖြစ်မှုသာလျှင်။ ဝဋ္ဋတိ၊ အပ်၏။ မာတုရမ္ပိ၊ မိခင်ကိုသော်မှလည်း။ ဝိညာပေတုံ၊(ကထိန်သင်္ကန်း

လှူပါဟု) တောင်းရမ်းခြင်းငှါ။ န ဝဋ္ဋတိ၊ မအပ်။ အာကာသတော၊ မိုးကောင်းကင်မှ။ သြဘိဏ္ဏသဒိသမေဝ၊ လျှောကျလာသော အဝတ်နှင့် တူသော သင်္ကန်းသည်သာလျှင်။ ဝဋ္ဋတိ၊ အပ်၏။ (ဝိ၊ ဋ္ဌ၊ ၃။ ၃၉၂။)

(ဇ) အထ၊ ထိုသို့ မဟုတ်မူ၍။ ဒါယကာ၊ ကထိန်လှူဒါန်းသည့် ဒါယကာတို့သည်။ အဝိ-စာရေတွာဝ၊ (ဤသင်္ကန်းကို ကထိန်ခံသည့် ရဟန်းအား လှူပါ၏၊ အကျန်ကို ကျန်သောသံဃာ အား လှူပါ၏ စသည်ဖြင့်) မစိစစ်မူ၍သာလျှင်။ ဒတွာ၊ လှူဒါန်းပြီး၍။ သစေ ဂစ္ဆန္တိ၊ ပြန်သွားကြကုန်ငြားအံ့။ ဘိက္ခုသံဃော၊ ရဟန်းသံဃာသည်။ ဣဿရော၊ (စိစစ်ခွဲခြမ်း ဝေဘန်ဘို့ရန်) အစိုးရ၏။ (ဝိ၊ ဋ္ဌ၊ ၃။ ၃၉၁။ ဝိ၊ သင်္ဂဟ။ ၃၀၀။)

(ဈ) ပန၊ အဖို့တပါး။ ဣဒံ စီဝရံ၊ ဤသင်္ကန်းကို။ ဣဓ၊ ဤကျောင်းတိုက်၌။ ဝဿံဝုတ္ထ သံဃဿ၊ ဝါကျွတ်ပြီးသော သံဃာတော်အား။ ဒေမ၊ လှူဒါန်းပါကုန်၏။ ဣတိ၊ ဤသို့ "ဝဿံဝုတ္ထ သံဃဿ"ဟူ၍ သမ္ပဒါန်နှင့် တကွ။ ဝတွာ ဝါ၊ နှုတ်မြွက်ပြောဆို၍သော်၎င်း။

ဝဿာဝါသိကံ၊ ဝါဆိုသင်္ကန်းကို။ ဒေမ၊ ၏။ ဣတိ၊ ဤသို့ "ဝဿံဝုတ္ထသံဃဿ"ဟု သမ္ပဒါန် ပါ၍ မပါဘဲ။ ဝတွာ ဝါ၊ ၎င်း။ ယံ၊ အကြင် ဝါဆိုသင်္ကန်းကို။ ဒိန္နံ၊ လှူဒါန်းအပ်၏။ တံ၊ ထို (သမ္ပဒါန်ပါ၍ ပါ-မပါ ၂-မျိုး ၂-ဖုံဆို၍ လှူဒါန်းအပ်သော) ဝါဆိုသင်္ကန်းသည်။ အနတ္ထတ ကထိနဿာပိ၊ ခင်းအပ်သော ကထိန်မရှိသော ရဟန်းအားလည်း။ ပဉ္စမာသေ၊ ၅-လအတွင်း၌။ ပါပုဏာတိ၊ ရရောက်၏။ (ဝိ၊ ဋ္ဌ၊ ၃။ ၄၁၁။)

(ည) သာသနေ၊ မြတ်စွာဘုရား၏ အဆုံးအမ သာသနာတော်၌။ ဂါရဝံ၊ ရိုသေလေးစား ခြင်းကို။ ကတွာ၊ ပြု၍။ သဒ္ဓမ္မဿ၊ သူတော်ကောင်းတရားအား။ အနုလောမတော၊ လျော်ညီ စေသောအားဖြင့်။ မယာ၊ ငါသည်။ ကတံ၊ ပြုစီရင်ရေးသားအပ်သော။ ဝိနိစ္ဆယံ၊ ကထိန် နှင့် ပတ်သက်သည့် ဝိနည်းအဆုံးအဖြတ်ကို။ သာဓဝေါ၊ နှလုံးပျော့ပျောင်း သူတော်ကောင်း တို့သည်။ သမ္မာ၊ ကောင်းစွာ။ စိန္တေန္တု၊ အမှန်မြင်အောင် ရှုဆင်ခြင်နိုင်ကြပါစေသတည်း။

ပုနပ္ပုနံ၊ အဖန်ဖန် အထပ်ထပ်။ ဝိစိန္တေတွာ၊ ကြံစည်ပြီး၍။ ယုတ္တံ ဟောတိ စေ၊ အကယ်၍ သင့်လျော်ညီညွတ်ငြားအံ့။ တံ ဝိနိစ္ဆယံ၊ ထိုအဆုံးအဖြတ်ကို။ ဂဏှန္တု၊ ယူကြကုန်လော့။ ယုတ္တံ၊ သင့်လျော်ညီညွတ်သည်။ နော စေ ဟောတိ၊ အကယ်၍ မဖြစ်ငြားအံ့။ သမ္မာသမ္ဗုဒ္ဓသာဝကာ၊ ဘုရားရှင်၏ တပည့်သားဖြစ်ကုန်သော။ သာဓဝေါ၊ တို့သည်။ တံ ဝိနိစ္ဆယံ၊ ကို။ မာ ဂဏှန္တု၊ မယူကြပါစေကုန်သတည်း။ (ရစနာဂါထာ။)

## (၂) နံပါတ်ပုစ္ဆာ၏ အဖြေ

### အမေး ၃-ချက်

ဤပုစ္ဆာ၌ (၂) (က) သံဃိကအပြား ဘယ်နှစ်ပါးရှိပါသနည်း။

(ခ) အဘယ်သံဃိက ကထိန်သင်္ကန်းဖြင့် ကထိန်ခင်းအပ်ပါသနည်း။

(ဂ) အဘယ်သံဃာ၌ ကထိန်ခင်းအပ်သနည်း-ဟု အမေး ၃-ချက် ထွက်၏။

## သံဃိကအပြား

ထိုတွင်-(၂) (က) သံဃိကအပြား ဘယ်နှစ်ပါး ရှိပါသနည်းဟူသော အမေး၏ အဖြေ—

သံဃိကသည် သုတ္တန်ပရိယာယ်အားဖြင့်—

ဗုဒ္ဓပ္ပမုခ ဥဘတောသံဃိက, ဥဘတောသံဃိက, ဘိက္ခုသံဃိက, ဘိက္ခုနီသံဃိက, သံဃတော-ဥဒ္ဒိဿ ဥဘတောသံဃိက, သံဃတော ဥဒ္ဒိဿ ဘိက္ခုသံဃိက, သံဃတော ဥဒ္ဒိဿ ဘိက္ခုနီသံဃိက-ဟူ၍ ခုနစ်ပါး အပြားရှိ၏။

"ဗုဒ္ဓပ္ပမုခေ ဥဘတောသံဃေ ဒါနံ ဒေတိ"စသော။ (မ၊ ၃။ ၂၉၇။) ဒက္ခိဏာ ဝိဘင်သုတ်ကို ထောက်လေ။

ဝိနည်း ပရိယာယ်အားဖြင့်—

ခဏ္ဍသီမဋ္ဌက သံဃိက-စသော သီမဋ္ဌက သံဃိက တဆယ့်ငါးပါး၊ အာဂတာနာဂတ သံဃိက ဥဘတောသံဃိက ဘိက္ခုသံဃိက၊ ဘိက္ခုနီသံဃိက၊ ဗုဒ္ဓပ္ပမုခ ဥဘတောသံဃိက၊ ဝဿံဝုတ္ထ သံဃိက၊ အာဂတာနာဂတစာတုဒ္ဒိသသံဃိက စသောအားဖြင့် များသော အပြားရှိ၏။

စီဝရက္ခန္ဓက သေနာသနက္ခန္ဓက ပါဠိအဋ္ဌကထာတို့ကို ထောက်လေ။

(၂) (က) အမေး၏ အဖြေ ပြီး၏။

---

## ကထိန်ခင်းအပ်သော သံဃိက

(၂) (ခ) အဘယ်သံဃိက ကထိန်သင်္ကန်းဖြင့် ကထိန်ခင်းအပ်ပါသနည်း?ဟူသော အမေး၏ အဖြေ—

ဤအရာ၌ ဆရာတို့ အဆိုအမိန့် မညီ ကွဲပြားကြကုန်သည်။ ဤကထိန်သင်္ကန်းကို အချို့သော ဆရာတို့က အာဂတာနာဂတ စာတုဒ္ဒိသသံဃိက-ဟု ဆိုတော်မူကြကုန်၏။ များစွာသော ဆရာမြတ်တို့က အာရာမိကသံဃိက-ဟု ဆိုတော်မူကြကုန်၏။ ထိုတွင်—

### အာဂတာနာဂတဝါဒီ ဆရာတို့၏ ဝါဒကို ပြချက်

ထိုဆရာတို့သည်—

"တေန ဟိ တွံ ဂဟပတိ တေ သဋ္ဌိဝိဟာရေ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ပတိဋ္ဌာပေဟိ"ဟူသော ဂရုဘဏ်အရာ၌ လာသော (ဝိ၊ ၄။ ၂၉၁) သေနာသနက္ခန္ဓက ပါဠိတော်-

"အဘိယောဂေပိ စေတ္ထ"စသော (ဝိ၊ ဋ္ဌ၊ ၁။ ၂၉၆) ဒုတိယပါရာဇိကအဖွင့် အဋ္ဌကထာ၊

"ကာသာဝကဏ္ဌသံဃဿ ဒိန္နဒက္ခိဏာ ပန"စသော (မ၊ ဋ္ဌ၊ ၄။ ၂၂၆) ဒက္ခိဏာဝိဘင်သုတ် အဋ္ဌကထာ၊

နံနက်၌ လှူ၍ မဝေဘန်အပ်သေးသော သင်္ကန်းစသည်ကို ညချမ်းသောအခါ ရဟန်းဖြစ်သော ပုဂ္ဂိုလ်အား ဝေဘန်အပ်သော ယုတ္တိတို့ကို ထောက်ယူ၍ ကာလသုံးပါး၌ တည်သော အရေအတွက် အပိုင်းအခြားမရှိသော ရဟန်းအပေါင်းသည် သံဃာမည်၏-တချက်၊

၎င်း ဒုတိယပါရာဇိကအဖွင့် အဋ္ဌကထာ၌ပင်–

"ဒီဃဘာဏကာဒိဘေဒဿ ပန ဂဏဿ, ဧကပုဂ္ဂလဿ ဝါ သန္တကံ အဘိယုဉ္ဇတော ဂဏာနေ္တာ သင်္ကေတိ ဝေ ဓုရံ နိက္ခိပါပေတုံ"(ဝိ၊ ဋ္ဌ၊ ၁။ ၄၉၆) ဤသို့ စသည်ဖြင့် လာသော တပါး နှစ်ပါး စသည်ဖြင့် ရေတွက်ပိုင်းခြားကောင်းသော ရဟန်းအပေါင်းသည် ဂဏမည်၏။ "သမ္မုခီဘူတေန သံဃေန" (ဝိ၊ ၃။ ၄၂၁) စသည်ဖြင့် လာသော သမ္မုခီဘူတသံဃာဟူသည်လည်း ဂဏပင် မည်၏-တချက်၊

ဤသို့ သံဃ,ဂဏ ခွဲပြီးလျှင် ဤကထိန်အရာ သံဃဿ-အရ စာတုဒ္ဒိသာ သံဃာကိုသာ အလိုရှိအပ်၏ဟု ဆိုကုန်၏။ အာဂတာနာဂတ ဟူလို။

ထိုဆရာတို့ ရေစက်ချ အလှူခံပုံ။ မယံ ဘန္တေ ဣမံ ကထိနစီဝရံ သံဃဿ ဒေမ။ ဘန္တေ၊ တို့။ မယံ၊ တို့သည်။ ဣမံ ကထိန စီဝရံ၊ ကို။ သံဃဿ၊ ဤကျောင်းသို့ ရောက်, မရောက်သော အရပ်လေးမျက်နှာတို့၌ သွားလာနေထိုင်သော အညာသိကောဏ္ဍညမထေရ်, အရှင်သာရိပုတ္တရာမထေရ်, အရှင်မဟာမောဂ္ဂလာန်မထေရ် အစရှိသော သာသနာတော် အတွင်း၌ တည်သော သံဃာတော် မြတ်အား။ ဒေမ၊ လှူဒါန်းပါကုန်၏ ဘုရား။

**အာဂတာနာဂတ ဝါဒကို စိစစ်ချက်**

ဝိနည်းပါဠိတော်၌ ဂရုဘဏ်အရာတို့၌သာ အာဂတာနာဂတ စာတုဒ္ဒိသာ သံဃာကို ဟောတော်မူသည်၊ လဟုဘဏ်အရာ၌ ဟောတော် မမူ။ အဋ္ဌကထာ ဋီကာကြီးငယ်တို့၌လည်း ထို့အတူလျှင် ဖွင့်တော်မူကြသည်။

ထိုစကား မှန်၏။ ရာဇဂြိုဟ်သူဌေး, အနာထပိဏ်သူဌေးတို့ကျောင်း (ဂရုဘဏ်)ကို လှူသော အခါ—

"တေနဟိ တွံ ဂဟပတိ ဝေ သဋ္ဌိဝိဟာရေ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ပတိဋ္ဌာပေဟိ" (ဝိ၊ ၄။ ၂၉၁) ဟူ၍၎င်း၊ တေနဟိ တွံ ဂဟပတိ ဇေတဝနံ(ပ) ပတိဋ္ဌာပေဟိ (ဝိ၊ ၄။ ၃၁၄) ဟူ၍၎င်း—

တိုက်တွန်း ညွှန်ကြား နည်းပေးသနားတော်မူသည်။

မိထွေးတော်ဂေါတမီက သင်္ကန်း(လဟုဘဏ်) ကို လှူသောအခါ–

သံဃေ တွံ ဂေါတမိ ဒေဟိ၊ သံဃေ ဝေ ဒိန္နေ အဟဉ္စေဝ ပူဇိတော ဘဝိဿာမိ သံဃော စ" (မ၊ ၃။ ၂၉၆)ဟူ၍ တိုက်တွန်း ညွှန်ကြား နည်းပေးသနားတော်မူသည်။

**တပါးလည်း–**

စိဝရက္ခန္ဓက မတသန္တက အရာ(ဝိ၊ ၃။ ၄၂၁) ၌–

ယံ တတ္ထ လဟုဘဏ္ဍံ လဟုပရိက္ခာရံ၊ တံ သမ္မုခီဘူတေန သံဃေန ဘာဇေတုံ၊ ယံ တတ္ထ ဂရုဘဏ္ဍံ ဂရုပရိက္ခာရံ၊ တံ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ အဝိဿဇ္ဇိကံ အဝေဘင်္ဂိကံ—

ဟူ၍ ဂရုဘဏ်ကို ဂရုဘဏ်အလျောက်, လဟုဘဏ်ကို လဟုဘဏ်အလျောက် သက်ရောက်ပိုင်ဆိုင်သော သံဃာကို ခွဲခြား၍ပင် ဟောတော်မူသည်။ "ယံ တတ္ထ ဂရုဘဏ္ဍံ"စသော သံဝဏ္ဏေတဗ္ဗကို ဝိမတိဋီကာဆရာသည် အတ္ထဒီပက နည်းအားဖြင့်ယူ၍–

ပါဠိယံ အဝိဿဇ္ဇိကံ အဝေဘင်္ဂိကန္တိ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿေဝ သန္တကံ ဟုတွာ ကဿစိ အဝိဿဇ္ဇိကံ အဝေဘင်္ဂိကံ ဘဝိတုံ အနုဇာနာမီတိ အတ္ထော။ (ဝိမတိ၊ ဋီ၊ ၂။ ၂၀၁) ဟု ဖွင့်ပြသည်။

ထိုနည်းအတူ ရှေး လဟုဘဏ်ကြွင်းကို ဖွင့်သော်–

သမ္မုခီဘူတေန သံဃေန ဘာဇေတုန္တိ အာဂတာဂတဿ သမ္မုခီဘူတဿ သံဃဿေဝ သန္တကံ ဟုတွာ သမ္မုခီဘူတေန သံဃေန ဘာဇေတုံ အနုဇာနာမီတိ အတ္ထော-ဟု ဖွင့်ပြအပ် ဖွင့်ပြထိုက်သည်။

**တပါးလည်း**–(လဟုဘဏ်)ဖြစ်ကြောင်း မာတိကာ ရှိပါး၌ အာဂတာနာဂတ စာတုဒ္ဒိသာ-သံဃာကို ဟောတော် မမူ၊ အဋ္ဌကထာ ဋီကာဆရာတို့လည်း အရိပ်အမြွက်မျှ ထည့်၍ အထူး ဖွင့်တော် မမူကြ၊ ထိုသို့ မဟော မဖွင့်ခြင်းကြောင့်ပင်လျှင် လဟုဘဏ်ကို အာဂတာနာဂတ စာတုဒ္ဒိသာ သံဃာ အစိုးမရဟု သိအပ်သည်။

ထို့ကြောင့် ဂရုဘဏ်အရာ၌ လာသော သေနာသနက္ခန္ဓက ပါဠိတော်, ဒုတိယပါရာဇိက အဖွင့် အဋ္ဌကထာ, သာမည သုတ္တန် ပရိယာယ်အားဖြင့် လာသော ဒက္ခိဏာဝိဘင်္ဂသုတ် အဋ္ဌကထာတို့ကို ထောက်၍–

ကထိန်သင်္ကန်းဟူသော လဟုဘဏ် ဝိနယပရိယာယ လာဘ်ဝိသေသကို အာဂတာ-နာဂတ စာတုဒ္ဒိသာ သံဃိက-ဟု ဆုံးဖြတ်ခြင်းသည် ဘုရားရှင်၏ အလိုတော်နှင့် ဆန့်ကျင် ချွတ်ယွင်းသော အယူအဆုံးအဖြတ်သာ ဖြစ်သည်ဟု သန္နိဋ္ဌာန်ကျ သိမြင် မှတ်ယူရမည်။

ထိုဆရာတို့ ထုတ်ပြအပ်သော စီဝရဘာဇနယုတ္တိ၌-

ထိုဆရာတို့၏ အာဘော်ကား လာဘ်လျူစဉ် ရှိနေသော ရဟန်းအပေါင်းသည် အာဂတ၊ ညချမ်းမှီ ရဟန်းဖြစ်လတ့်သော လာဘ်သက်ရာ လာဘ်ခံမည့် ရဟန်းအပေါင်းသည် အနာဂတ ဟူလိုသည်။

ထိုသို့ မယူသင့်-

အာဂတာနာဂတဟူသည် ထိုဆရာ ယူဆသကဲ့သို့ မဟုတ်၊ စင်စစ်သော်ကား လာဘ်ရှိရာသို့ ရောက်လာသော ရဟန်းအပေါင်းသည် အာဂတ၊ လာဘ်ရှိရာသို့ အလျဉ်းပင် မရောက်လာသော ရဟန်းအပေါင်းသည် အနာဂတ ဖြစ်သည်။ အာဂတာနာဂတသံဃိက လာဘ်ဟူသည်လည်း လာဘ်ရှိရာသို့ ရောက်လာသော ရဟန်းတို့၏၎င်း, အလျဉ်းပင် မရောက်လာသော ရဟန်းတို့၏၎င်း အစိုးရသက်ရောက် ပိုင်ဆိုင်သော လာဘ်တည်း။

ထို့ကြောင့် သံဃာ ဂိုဏ်း ပုဂ္ဂိုလ်တို့ မဝေဘန်အပ်ဖြစ်သည်။ ထို့ကြောင့် စီဝရက္ခန္ဓက (ဝိ၊ ၃။ ၄၂၁) ၌ "ယံ တတ္ထ ဂရုဘဏ္ဍံ (လ) အဝေဘင်္ဂိကံ" ဟူ၍ ဟောတော်မူသည်။ သာသနာတော်တွင်း ရှိရှိသမျှ အရေအတွက် အပိုင်းအခြား မရှိသော ရဟန်းအပေါင်း၏ ဘုံဆိုင်လာဘ်ကြီး ဟူလိုသည်။

**လဟုဘဏ် လာဘ်သော်ကား–** လာဘ်ရှိရာသို့ လာတိုင်းလာတိုင်း ရောက်တိုင်းရောက်တိုင်း မျက်မှောက်ဖြစ်သော အာဂတာဂတ သမ္ပတ္တအသမ္ပတ္တ သမ္မုခီဘူတ ရဟန်းအပေါင်း၏ အစိုးရသက်ရောက်ပိုင်ဆိုင်သော လာဘ်တည်း။ ထို့ကြောင့်ပင် သမ္မုခီဘူတသံဃာသည် ဝေဘန်အပ်သည်။ ထို့ကြောင့် စီဝရက္ခန္ဓက (ဝိ၊ ၃။ ၄၂၁)၌–

"ယံ တတ္ထ လဟုဘဏ္ဍံ (လ) ဘာဇေတုံ" ဟူ၍ ဟောတော်မူသည်။

စီဝရက္ခန္ဓကအဋ္ဌကထာ (ဝိ၊ ဌ၊ ၃။ ၄၂၀)ဝိနယသင်္ဂဟ စတု ပစ္စယ ဘာဇနီယကထာ(ဝိသင်္ဂဟ။ ၂၅၂) တို့၌လည်း-

"အသုကဝိဟာရေ ကိရ ဗဟုံ စီဝရံ ဥပ္ပန္နံ" န္တိ သုတွာ ယောဇနန္တရိကဝိဟာရာဝါသိနောပိ ဘိက္ခူ အာဂစ္ဆန္တိ၊ သမ္ပတ္တာနံ ဋ္ဌိတဋ္ဌာနတော ပဋ္ဌာယ ဒါတဗ္ဗံ" ဟု မိန့်ဆိုတော်မူကုန်၏။ ဝိနယာလင်္ကာရဋီ၊ ၂။ ၁၃၉ ၌လည်း-

"ယော စ တတ္ထ စီဝရုပ္ပါဒေါ၊ သော နေသံ ဘဝိဿတီတိ စီဝရဿဝ အတ္တတကထိနာနံ ဘိက္ခူနံ သန္တကဘာဝဿ ဘဂဝတာ ဝုတ္တတ္တာ စီဝရတော အညာနိ သံဃံ ဥဒ္ဒိဿ ဒိန္နာနိ ပိဏ္ဍပါတာဒီနိ ဝတ္ထူနိ ဥပစာရံ ပဝိဋ္ဌဿ အာဂတာဂတဿ သံဃဿ သန္တကံ ဟောတိ" ဟု မိန့်တော်မူ၏။

ထို့ကြောင့် ဤ စီဝရဘာဇနယုတ္တိကို ထောက်၍ အာဂတာနာဂတသံဃိကဟု ထိုဆရာတို့ ဆုံးဖြတ်ခြင်းသည်လည်း မသင့်သည်သာ။

## အာဂတာနာဂတနှင့် အာဂတာဂတသံဃိက

အာဂတာနာဂတနှင့် အာဂတာဂတကို ပိုင်းခြားစွာ သိစေခြင်းငှါ အကျဉ်းမျှ ရှင်းပြပေအံ့။

**အာဂတာနာဂတ သံဃိကလာဘ်ကား–**လှူသောဒါယကာ၏ မုဥ္စစေတနာ မြောက်ပြီးသည်၏ အခြားမဲ့၌ သာသနာတော်အတွင်း ရှိရှိသမျှ ရဟန်းအပေါင်းအား သက်ရောက်လေသည်။

လာဘ်ရှိရာသို့ လာရောက် မလာရောက်သော ရဟန်းအပေါင်းသည် အစိုးရသည် ပိုင်သည်။ ထို အစိုးရသော ပိုင်ရှင်သံဃာသည် ယုတ်လျော့ခြင်း တိုးပွားခြင်း မရှိ။

**အာဂတာဂတသံဃိက လာဘ်ကား**– လှူသောဒါယကာ မုဋ္ဌ စေတနာမြောက်သည်၏ အခြား မဲ့၌ မျက်မှောက် သမ္မုခီဘူတ ရဟန်းအပေါင်းအားသာ သက်ရောက်သည်၊ သမ္မုခီဘူတ ရဟန်း အပေါင်းသည် အစိုးရသည် ပိုင်သည်၊ ထိုလာဘ်သည် နောက်အခါ မဝေဘန် အပ်သေးသမျှကာ လ ပတ်လုံး လာဘ်ရှိရာသို့ လာရောက်တိုင်း လာရောက်တိုင်း သမ္မုခီဘူတ ရဟန်းအပေါင်းအားလည်း တိုးပွား၍ သက်ရောက်ပြန်သည်၊ မူလသက်ရောက်ပြီး ရဟန်းအပေါင်းတွင်လည်း တစုံတယောက် သော ရဟန်းသည် လာဘ် မဝေဘန်မီ အရပ်တပါးသို့ သွား၍ သမ္မုခီဘူတမဟုတ်ပြန်လျှင် သက် ရောက်ခြင်း ကင်းပြန်သည်၊ ဤသို့ အစိုးရသော ပိုင်ရှင်သံဃာသည် ယုတ်လျော့ခြင်း တိုးပွားခြင်း ရှိသည်။

ဥပမာကား– ဥပစာရသိမ်သည် အာဝါသိက၏ အစွမ်းဖြင့်သော်၎င်း, ရဟန်းတို့၏ အစွမ်းအား ဖြင့်သော်၎င်း တိုးပွားသကဲ့သို့တည်း။

ဤနေရာ၌ **စောဒနာဘွယ်**ကို ပြချက်။ ထိုဆိုအပ်ပြီးသောအတိုင်း သမ္မုခီဘူတဖြစ်မှ အာဂတာ ဂတလာဘ်သည် သက်ခဲ့သည်ရှိသော် ဥတုကာလ၌ ရဟန်းတပါးသာရှိသော ကျောင်း၌ သံဃာ အား ဖြစ်လာသော သင်္ကန်းကို အဘယ်ကြောင့် အဓိဋ္ဌာန်အပ်သနည်း၊ လာဘ်ရှိရာ ကျောင်း၌ သမ္မုခီဘူတ ရဟန်းတယောက်သာ ရှိသောကြောင့် အဓိဋ္ဌာန်ဘွယ် မရှိဟုပြောဆိုအံ့။

အဖြေ– ထိုသံဃိကလာဘ်တို့မည်သည် အဓိဋ္ဌာန် မပြုအပ်သေးသမျှ ကာလပတ်လုံး သံဃိက သဘောကို မစွန့်။

"ဂတာဂတဋ္ဌာနေ သံဃိကာနေဝ ဟောန္တိ။" (ဝိ၊ ဋ္ဌ၊ ၃။ ၄၁၁၊ ၄၂၁။ ဝိ၊ သင်္ဂဟ။ ၂၅၂) ဟူသည်နှင့် အညီ လာဘ်ရောက်ရာ ရောက်ရာ၌ တိုးပွား၍ သက်သည်။

အာဂတာဂတဿ သန္တကံ ဟောတိ (ဝိနယာလင်္ကာရဋီ၊ ၂။ ၁၃၉။) သမ္ပတ္တသမ္ပတ္တာနံ ဌိတဋ္ဌာနတော ပဋ္ဌာယ ဒါတဗ္ဗံ။ (ဝိ၊ ဋ္ဌ၊ ၃။ ၄၂၀) သမ္ပတ္တာနံ သဗ္ဗေသံ ပါပုဏာတိ။ (ကခါ၊ ဋ္ဌ။ ၁၆၂) တို့နှင့် အညီ လာဘ်ရှိရာသို့ လာရောက်တိုင်း လာရောက်တိုင်း တိုးပွား၍ သက်သည်။ ပုဂ္ဂလိကကေန် မဖြစ်သေး။

သံဃိက သဘောကို စွန့်၍ ပုဂ္ဂလိက ဖြစ်စေခြင်းငှါ ဝိနည်း ပရိယာယ်အားဖြင့် အဓိဋ္ဌာန် တင်အပ်သည်။

ထိုကြောင့် အဋ္ဌကထာ (ဝိ၊ ဋ္ဌ၊ ၃။ ၄၁၂) ၌–

"မယှိမာနိ စီဝရာနိ ပါပုဏန္တီ" တိ အဓိဋ္ဌာတဗ္ဗာနိ။ ဧဝံ အဓိဋ္ဌိတေ သဗ္ဗာနိ တဿေဝ ဟော- န္တိ·ဟု အဓိဋ္ဌာန်ခြင်းအကျိုးကို မိန့်တော်မူ၏။

ဤသို့သော အထူးကို ပြခဲ့သော ပါဠိအဋ္ဌကထာတို့ဖြင့် အာဂတာနာဂတနှင့် အာဂတာဂတ သံဃိက အထူး အပြားကို ပိုင်းခြား၍ သေသေသပ်သပ် မှတ်ယူအပ်သည်။

တဖန် ဂဏ္ဌအရ ပြရာ၌ အာဂတာနာဂတ ဝါဒီ ဆရာတို့၏ အာဘော်ကား–ရှေးဖြစ်သော "အဘိယောဂေပိ စေတ္တ" စသောဝါကျ၌ စာတုဒ္ဒိသာ သံဃိကကျောင်း စသည်ကို တရားဆင်ရာ စတုဒ္ဒိသာသံဃာ ဖြစ်သော အရပ်လေးမျက်နှာ ရဟန်းတို့သည် အရေအတွက် အပိုင်းအခြားမရှိ များသောကြောင့် ဓရနိကွေပ မချနိုင်၊ "ဒိဃဘာဏကာဒိဘေဒဿ"- စသော နောက်ဝါကျ၌ ဂဏိကကျောင်း စသည်ကို တရားဆင်ရာ၌ မူကား ဒီဃနိကာယ် ဆောင် စသော ရဟန်းတို့သည် အရေအတွက်အပိုင်းအခြား ရှိသောကြောင့် ဓရနိကွေပ ချနိုင်သည်။

ရှေ့နောက် ထောက်ညှိသော် ကာလသုံးပါး၌ တည်သော အရေအတွက် အပိုင်းအခြားရှိ သော ရဟန်းအပေါင်းသည် သံဃာတပါး နှစ်ပါး စသည်ဖြင့် ရေတွက် ပိုင်းခြား ကောင်းသော ရဟန်းအပေါင်းသည် ဂိုဏ်းချည်းတည်း။ "သမ္မုခိဘူတေန" အရ သံဃာသည်လည်း ရေတွက် နိုင်၍ ဂိုဏ်းသာတည်း ဟူလိုသည်။ ထိုအယူသည်–

"န ဘိက္ခဝေ အညတြ ဝဿံဝုတ္ထေန အညတြ စီဝရဘာဂေါ သာဒိတဗ္ဗော၊ ယော သာဒိယေယျ၊ အာပတ္တိ ဒုက္ကဋဿ" (ဝိ၊ ၃။ ၄၁၈) ဟူသော သိက္ခာပုဒ်၏ အဋ္ဌကထာ, (ဝိ၊ ၄၊ ၃။ ၄၁၃) ၌

"ဧတ္ထ ပန ကိဉ္စာပိ လဟုကာ အာပတ္တိ၊ အထ ခေါ ဂဟိတာနိ ဂဟိတဋ္ဌာနေ ဒါတဗ္ဗာနိ။ သစေပိ နဋ္ဌာနိ ဝါ ဇိဏ္ဏာနိ ဝါ ဟောန္တိ၊ တထေဝ ဂီဝါ။ 'ဒေဟိ' တိ ဝုတ္တေ အဒေန္တော ဓုရနိက္ခေပေ ဘဏ္ဍဂ္ဃေန ကာရေတဗ္ဗော" ဟု သံဃိက လဟုဘဏ်အရာ၌ ဓုရနိက္ခေပချနိုင် သော အရေအတွက် အပိုင်းအခြားရှိသော ဝဿံဝုတ္ထသံဃာ တိုက်ရိုက်လာသည်ကိုလည်း မမြင်,

ဘေသဇ္ဇက္ခန္ဓကဝဏ္ဏနာ (ဝိ၊ ၃။ ၃၄၃) ၌ "အဓိဝါသေတု မေ ဘဝံ ဂေါတမော သွာတ- နာယ ဘတ္တံ သဒ္ဓိံ ဘိက္ခုသံဃေနာ" တိ။ မဟာ ခေါ ကေဏိယ ဘိက္ခုသံဃော အဍ္ဎ- တေလသာနိ ဘိက္ခုသတာနိ ဟု လဟုဘဏ်အရာ၌ လာဘ်ခံ သံဃာကို ဘုရားရှင် ကိုယ်- တော်တိုင် ရေတွက် ဟောကြားတော်မူသည်ကိုလည်း မထောက်,

စီဝရက္ခန္ဓက ပါဠိအဋ္ဌကထာ, သေနာသနက္ခန္ဓက ပါဠိအဋ္ဌကထာတို့၌ လဟုဘဏ်အရာ ဝယ် သီမဋ္ဌကသံဃာ ဝဿံဝုတ္ထသံဃာ စသော ရေတွက်ပိုင်းခြားနိုင်သော ဝိနယပရိယာယ ဝိသေသလာဘ်ခံ သံဃာများစွာလာသည်ကိုလည်း မမြော်,

ဘုရားရှင်၏ အလိုတော်နှင့် ဖီလာဆန့်ကျင်သော အယူဝါဒတည်း၊ မသင့်ဟု မြဲမြံ ကြပ်ကြပ် ကောင်းစွာ မှတ်သားအပ်၏။

## အာဂတာနာဂတဝါဒီ အယူအဆ (၃)ချက်

ဤမျှလောက်သော စကားအစဉ်ဖြင့် ကထိန်သက်န်းတည်းဟူသော လဟုဘဏ်၏ အာဂတာနာဂတ စာတုဒ္ဒိသာ သံဃိက မသင့်သည်၏ အဖြစ်ကို ပညာရှိတို့ သိနိုင်လေ ကုန်ပြီဖြစ်သော်လည်း ထိုဆရာတို့၏ အယူကို အကြွင်းမရှိ စင်ကြယ်စေခြင်းငှါ လိုရင်းမျှ ထုတ်ပြလိုက်အံ့ –

၁။ ထို အာဂတာနာဂတဝါဒီ ဆရာတို့သည်ပင် တဖန် "ယဿ သံဃော ကထိနစီဝရံ ဒေတိ" ဟူသော ပါဠိဖြင့် တပါးသာရှိသော ကျောင်းတိုက်၌ တိုက်တပါးသံဃာသည် ကထိန်သက်န်းကို ကထိန်ခင်းသော ရဟန်းအား ပေးသည်ကို ပြသော အဋ္ဌကထာဆရာသည် ၎င်းကထိန်သက်န်းသည် တိုက်တပါး၏လည်း သန္တက ဖြစ်ကြောင်းကိုပင် ပြ၏၊ ထိုသို့ ပြသဖြင့် ကထိန်သက်န်းသည် စတုဒ္ဒိသာ သံဃိက ဖြစ်ကြောင်းကို ပြတော်မူ၏ ဟူ၍ရင်း၊

၂။ ဂရုဘဏ္ဍံ န ဘာဇေတဗ္ဗံ-ဟူသော ပါဠိဖြင့်လည်း ကထိန်သက်န်းနှင့် ရောစပ်၍ လှူအပ်သော ဖျာသင်ဖြူး စသော ဂရုဘဏ်ကို မဝေဖန်အပ်ကြောင်းကို ပြသော အဋ္ဌကထာဆရာသည် ထို ဂရုဘဏ်နှင့် တကွ လှူအပ်သော သက်န်းသည်လည်း သံဃိကဖြစ်ကြောင်းကို ပြတော်မူ၏ ဟူ၍ရင်း၊

၃။ **ယော စ တတ္ထ စီဝရုပ္ပါဒေါ** စသောပါဠိဖြင့် တိုက်တပါးသံဃာ၏ သန္တက ဖြစ်သော်လည်း အသီးတိုက်နေ ပုဂ္ဂိုလ်တို့အား ဘုရားခွင့်ပြုတော်မူအပ်သည်ဖြစ်၍ သက်န်းသာ ရောက်လာတိုင်းသော သံဃာ၏ သန္တက မဟုတ်ကြောင်း, သက်န်းမှ ကြွင်းသော ဆွမ်း ဆန် ဆီ ဧသော ဝတ္ထုဟူသမျှသည် ရောက်လာတိုင်းသော သံဃာ၏ သန္တကဖြစ်ကြောင်း ပြသော ဋီကာဆရာသည်ရင်း ဆွမ်းစသည်နှင့်တကွ လှူအပ်သောသက်န်းသည် စာတုဒ္ဒိသာသံဃိက ဖြစ်ကြောင်း ပြတော်မူ၏-ဟူ၍ရင်း ဆိုကုန်၏။

ဤကား အာဂတာနာဂတဝါဒီ ဆရာတို့၏ လိုရင်း ပဓာန အယူအဆ(၃)ချက်တည်း။ ထို အယူ ဝါဒ သုံးပါးတို့တွင်–

### (၁) ပဌမအယူ

ပဌမအယူစကား၌ ထိုဆရာတို့ဆိုသောအတိုင်း တိုက်တပါးသံဃာ၏ သန္တက ဖြစ်ငြားအံ့၊ ဤ ကထိန်သက်န်းသည် အကာလသက်န်းဖြစ်ရာ၏၊ စင်စစ်သော်ကား –

> အကာလစီဝရံ နာမ အနတ္ထတေ ကထိနေ ဧကာဒသမာသေ ဥပ္ပန္နံ၊ အတ္ထတေ ကထိနေ သတ္တမာသေ ဥပ္ပန္နံ၊ ကာလေပိ အာဒိဿ ဒိန္နံ၊ ဧတံ အကာလစီဝရံ နာမ။ (ဝိ၊ ၁။ ၃၀၄) ဟူသော တတိယကထိန သိက္ခာပုဒ် ပါဠိတော်
>
> ဧကာဒသမာသေတိ ဧကံ ပစ္ဆိမကတ္တိကမာသံ ဌပေတွာ သေသေ ဧကာဒသမာသေ။ သတ္တမာသေတိ ကတ္တိကမာသံ ဟေမန္တိကေ စ စတ္တာရောတိ ပဉ္စ မာသေ ဌပေတွာ သေသေ သတ္တမာသေ။ ကာလေပိ အာဒိဿ ဒိန္နန္တိ သံဃဿ ဝါ "ဣဒံ အကာလ

စီဝရန္တိ" ဥဒ္ဒိသိတွာ ဒိန္နံ၊ ကေပုဂ္ဂလဿ ဝါ "ဣဒံ တုယှံ ဒမ္မီတိ" ဒိန္နံ။ (ဝိ၊ ၄၊ ၂။ ၂၃၉) ဟူသော ရှင်းအဋ္ဌကထာ,

မာတိကာရှစ်ပါး၌ ချသွင်းပြီးနောက်–ဣတိ ဣမာသံ အဋ္ဌန္နံ မာတိကာ ပဒါနံ ဝသေန ယံ အကာလစီဝရလက္ခဏေန ပဋိလဒ္ဓံ၊ တံ သန္ဓာယ "အကာလစီဝရံ ဥပ္ပဇ္ဇေယျာ" တိ ဝုတ္တံ–ဟူ၍သာ ကထိန်သင်္ကန်းကို အကာလသင်္ကန်း၌ မသွင်းမူ၍ အကျဉ်းချုပ် မိန့်တော်မူသော (ကင်္ခါ၊၄။၁၆၂) စကားကိုထောက်၍–

ကထိန်သင်္ကန်းသည် အကာလသင်္ကန်း၌မဝင်၊ ကာလသင်္ကန်းပင် ဖြစ်သည်ကို မုချဆတ်ဆတ် သိမြင်အပ်သည်။

ထိုကြောင့် ကာလကထိန်သင်္ကန်းသည် လှူရင်းတိုက်၌ ဝဿစ္ဆိန္န ပစ္ဆိမဝဿူပဂတ အဝဿူပဂတ သံဃာတို့နှင့် တကွ အညဝဿံဝုတ္ထ တိုက်တပါးသံဃာ၏ သန္တကမဖြစ်ဟု သန္နိဋ္ဌာန်ကျ သိမြင် မှတ်ယူရမည်။ အာဂတာဂတ သမ္မုခီဘူတသံဃိကပင် မဖြစ်ဟူလို။

တပါးသာရှိသောကျောင်း၌ တိုက်တပါးသံဃာသည် ကထိန်သင်္ကန်းကို ကထိန်ခင်းသော ရဟန်းအား ပေးခြင်းသည်လည်း မိမိတို့၏ သန္တကဖြစ်၍ ပေးသည် မဟုတ်၊ "ကထိနဿ ကော မူလံ သံဃော" (ဝိ၊ ၅။ ၃၁၆) ဟူသော ပရိဝါပါဠိတော်နှင့် အညီ အယုတ်ဆုံး အပိုင်းအခြားအားဖြင့် စတုဂ်သံဃာသည် ကထိန်ခင်းထိုက်သော ရဟန်းအား ဉတ္တိဒုတိယကမ္မဝါစာဖြင့် ကထိန်သင်္ကန်းကို ပေးမှသာ ထိုဝိနည်းကံဖြင့် ရအပ်သော ကထိန်သင်္ကန်းဖြင့်သာ ကထိန်ခင်းသော် ကထိန်မည်သည် (မြောက်သည်)။ မပေးအပ်မူကား ခင်းသော်လည်း ခင်းသည် မမည် (မမြောက်)။

ဤသို့ သံဃာသည် ကထိန်၏ တခုသော အကြောင်းဖြစ်သောကြောင့် တပါး နှစ်ပါး သုံးပါး လေးပါးသာရှိသော သံဃာမလောက်သော ကျောင်း, ကထိန်ခင်းခြင်း၌ လိမ္မာသော ရဟန်းမရှိသော ကျောင်းတို့၌ အညဝဿံဝုတ္ထ စသော ရဟန်းတို့သည် ထို ကထိနဒါယကာ ပြီးမြောက်စေရန် ဝိုင်းဝန်းကူညီဖြည့်စွက် ဆောင်ရွက် ပေးကြရခြင်းမျှသာ ဖြစ်သည်၊ ထို အညဝဿံဝုတ္ထ စသော ရဟန်းတို့သည် ထိုကထိန်သင်္ကန်းကို အစိုးမရ မပိုင်ဆိုင်လေ၊ ကထိနဒါယကာအား လျှောက်ပတ်သော ကမ္မဝိတ္တတို့သာ ဖြစ်ကုန်သည်။

## အလားတူ ဝိနည်းထုံး တခု ပြဆိုချက်

သံဃာသည် မိမိအစိုးမရ သန္တကမဟုတ်သော ဝိနည်းကံဖြင့် စွန့်အပ်ပြီးသော နိဿဂ္ဂီသင်္ကန်းကို သင်္ကန်းရှင်အားပင်လျှင် ဉတ္တိဒုတိယကံဖြင့် ပေးရာ၌ သင်္ကန်းရှင်သည်လည်း နိဿဂ္ဂီသင်္ကန်းကို ဝိနည်းပရိယာယ်အားဖြင့်သာ စွန့်သည်၊စင်စစ် ပေးသည် မဟုတ်။ သံဃာသည်လည်း ထိုသင်္ကန်းကို မပိုင်ဆိုင်၊ ဝိနည်းကံ ပြုခြင်းမျှသာဖြစ်သည်။ ထိုနိဿဂ္ဂီသင်္ကန်းကို သင်္ကန်းရှင်အား ပေးအပ်သည် သာလျှင် ဖြစ်သည်။ ဤရဟန်းသည် "ဤသင်္ကန်းကို ငါ့အား ပေးအပ်၏" ဟု ဝိနည်း၌ မလိမ္မာ

သကသညာဖြင့် မပေးချေက ဒုက္ကဋ်၊ သင်္ကန်းရှင်၏ သန္တကအဖြစ်ကို သိလျက် နိဿဇ္ဇာမိ ဟူသော ဝိနယပရိယာယ လေသအမြွက်ဖြင့် လုယက်ယူငင်ထားသော် သင်္ကန်းရှင်၏ ဝန်ချခြင်းဖြင့် ဘဏ္ဍ ကို အဘိုးပြတ်စေပြီး ဆုံးဖြတ်၍ အာပတ်သို့ တင်ရသည်။ စင်စစ် ပိုင်ဆိုင်ဘိမူကား သကသန္တကဖြစ်၍ အာပတ်မှ လွတ်လေရာသည်။

ထိုကြောင့် ပါရာဇိကဏ်ပါဠိတော် (ဝိ၊ ၁။ ၂၉၇) ၌—

တေန ခေါ ပန သမယေန ဆဗ္ဗဂ္ဂိယာ ဘိက္ခူ နိဿဂ္ဂိစီဝရံ န ဒေန္တိ။ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ။ န ဘိက္ခဝေ နိဿဂ္ဂိစီဝရံ န ဒါတဗ္ဗံ၊ ယော န ဒဒေယျ၊ အာပတ္တိ ဒုက္ကဋဿ—

ဟူ၍ ဟောတော်မူသည်။

ဋ္ဌကထာ (ဝိ၊ ၄၊ ၁။ ၂၂၄) ၌လည်း—

နိဿဂ္ဂိစီဝရံ ပန ဒါတဗ္ဗမေဝ၊ အဒါတုံ န လဗ္ဘတိ။ ဝိနယကမ္မမတ္တဥ္ဟေတံ၊ န တံ တေန သံဃဿ ဝါ ဂဏဿ ဝါ ပုဂ္ဂလဿ ဝါ ဒိန္နမေဝ ဟောတိ—

ဟူ၍ မိန့်တော်မူ၏။

ကင်္ခါအဋ္ဌကထာ (ကင်္ခါ၊ ၄။ ၁၅၇) ၌လည်း—

နိဿဇ္ဇတ္ထံ "ဒိန္နမိဒံ ဣမိနာ မယှန္တိ" သညာယ န ပဋိဒေန္တဿ ဒုက္ကဋံ၊ တဿ သန္တကဘာဝံ ဥတွာ လေသေန အစ္ဆိန္ဒန္တော သာမိကဿ ဓုရနိက္ခေပေန ဘဏ္ဍံ အဂ္ဃာပေတွာ ကာရေတဗ္ဗောတိ—

ဟု မိန့်တော်မူ၏။

(ဝိ၊ ၄၊ ၁။ ၂၃၂) ၌လည်း အလားတူ မိန့်တော်မူ၏။

ဤသို့ ထုတ်ပြအပ်ခဲ့ပြီးသော ပါဠိအဋ္ဌကထာတို့ကို ထောက်ဆ၍ နိဿဇ္ဇ-သင်္ကန်းကို ပေးသော သံဃာသည် ထိုသင်္ကန် ကို မပိုင်ဆိုင်၊ ထိုသင်္ကန်းသည်လည်း ထိုသံဃ ၏ သန္တက မဟုတ်သကဲ့သို့ ထိုအတူ ကထိန်သင်္ကန်းကို ပေးသော အညဝဿံဝုတ္ထ စသော သံဃာသည် ထိုသင်္ကန်းကို မပိုင်ဆိုင်၊ ထို ကထိန်သင်္ကန်းသည်လည်း ထို အညဝဿံဝုတ္ထ စသော သံဃာ၏ သန္တက မဟုတ်ဟု ယုံမှားမရှိ သိမြင် မှတ်ယူရမည်။

ဝိနည်း ကံအရာ၌ "အစိုးတရ သန္တကဖြစ်သော်သာပေးနိုင်သည်၊ မဖြစ်ကမပေးနိုင်၊ ပေးသော်လည်း အပေး မမြောက် ခံသူလည်း မရ" စသည်ဖြင့် အဘိဓမ္မာသဘောကဲ့သို့ စောကြောဘွယ် မရှိ၊ ဘုရားရှင်အာဏာတော်အတိုင်းသာ အကြောင်းထူးမရှာဘဲ မသွဲမသုံ လိုက်နာပြုကျင့်ကုန်ရာသည်။

အမေး။ အကယ်၍ အညဝဿံဝုတ္ထ စသော ဂိုဏ်းပြည့်ရဟန်းတို့သည် ထိုကထိန် လာဘ်မသက်၊ ထိုရဟန်းတို့၏ သန္တက မဖြစ်ငြားအံ့၊ အဘယ်သို့လျှင် တပါး နှစ်ပါး သုံးပါးသာရှိသော ကျောင်း၌ လှူအပ်သော သင်္ကန်းသည် သံဃိကဖြစ်ပါအံ့နည်း ဟူငြားအံ့-

အဖြေ။ မလှူမီ ရှေးအဘို့က တပါး နှစ်ပါး သုံးပါးဂိုဏ်းကို ပိုင်းခြား၍ လှူအံ့ဟု စိတ်ဇောဖြင့် ညွှတ်ကိုင်းရင်း ပုဂ္ဂိုလ်ဂိုဏ်းအား ထိုပုဂ္ဂိုလ်ဂိုဏ်းကို သုံးသပ်လျက် ဝစီပယောဂဖြင့်သော်၎င်း စီဝရပဋိဂ္ဂဟာဏသိက္ခာပုဒ်ကဲ့သို့ ဝစီပယောဂ မပါ ခြေရင်း၌ ချ၍ ကာယပယောဂဖြင့်သော်၎င်း စွန့်လွှတ် လှူဒါန်းအံ့၊ ပုဂ္ဂလဒါန ဂဏဒါနဖြစ်၍ ထိုသင်္ကန်းသည် ပုဂ္ဂလိက ဂဏိကသင်္ကန်းဖြစ်သည်၊ ကထိန် မထိုက်။

ယင်းသို့မဟုတ် မုချဆတ်ဆတ် ပုဂ္ဂိုလ်ဂိုဏ်းအား ပုဂ္ဂလိက ဂဏိက လှူလိုသောဆန္ဒ ပြဓာန်းသော စိတ်ဇောဖြင့် မလှူဒါန်းမူ၍ မဟာပ္ဖလ မဟာနိသံသအကျိုးကို မြှော်ကိုး တောင့်တလျက် သံဃဒါန မြောက်စေလိုသော ဆန္ဒစေတနာ သဒ္ဓါပြဓာန်းသော စိတ်ဇောဖြင့် ပိုင်းခြားရင်း တပါး နှစ်ပါး သုံးပါးသော ရဟန်းများကို ဘုရားရှင်အား ရှိသေတုပ်ဝပ်ခြင်းကို ပြုသကဲ့သို့ သံဃာအား အရိုအသေပြုခြင်းဖြင့် "သံဃဿ" ဟု သံဃာကို သုံးသပ်၍သော်၎င်း၊ မသုံးသပ်မူ၍ သော်၎င်း လှူအံ့၊ သံဃာကို ညွှတ်ကိုင်းသည်လည်းတကြောင်း, သံဃဒါနဖြစ်စေလိုသောဆန္ဒဖြင့် သံဃာအား လှူသည်လည်းတကြောင်း, ဤအကြောင်းများကြောင့်၎င်း, သံဃဿ ဒိန္နံ သံဃဿေဝ ဒေတိ။ (ဝိ၊ ဋ္ဌ၊ ၄။ ၁၇၂)ဟူသော ပရိဝါ ကေ့တ္တရိကနယ နဝက အဋ္ဌကထာ, "ဣမ ပန ဘိက္ခဝေ ဘိက္ခူ ဧကော ဝဿံ ဝသိ၊ တတ္ထ မနုဿာ 'သံဃဿ ဒေမာ'တိ စီဝရာနိ ဒေန္တိ။" (ဝိ၊ ၃။ ၄၁၄)ဟူသော မဟာဝါ စီဝရက္ခန္ဓက ပါဠိတော်တို့ကို ထောက်ထားဆင်ခြင်ပြန်လျှင်လည်း—

တပါး နှစ်ပါး သုံးပါးတို့ထံ၌ သံဃဒါနဖြစ်စေလိုသော ဆန္ဒပြဓာန်းသော စိတ်ဇောဖြင့် သံဃာကို သုံးသပ်လျက်ပင် လှူသော်လည်း—

တပါး နှစ်ပါး သုံးပါး တို့ထံ လှူသည်။ ရစေလိုသော ဆန္ဒရှိသည်ဖြစ်သောကြောင့် သံဃဒါန မမြောက်ဟု ပါဠိတော်၌လည်း မပယ်၊ အဋ္ဌကထာ၌လည်း မမြစ်သောကြောင့်၎င်း "ယထာ ဒါယကာ ဝဒန္တိ၊ တထာ ပဋိပဇ္ဇိတဗ္ဗံ "(ဝိ၊ ဋ္ဌ၊ ၄။ ၉၇)ဟု ဒါယကာတို့ နှုတ်မြွက်ဆိုတိုင်းသာ လာဘ်၌ ကျင့်ရမည်ဟူသော ဝိနယောပဒေသကို အဋ္ဌကထာ ဆရာတို့ မိန့်တော်မူသောကြောင့် ၎င်း မဟပ္ဖလ မဟာနိသံသအကျိုး မျှော်ကိုးတောင့်တလျက် သံဃဒါန ဖြစ်စေလိုသော ဆန္ဒ စေတနာသဒ္ဓါ ပြဓာန်းသော စိတ်ဇောဖြင့် ရှိရင်း ရဟန်းများကို ပုဂ္ဂိုလ်ဂိုဏ်းဟု မရည်မှတ်မူ၍ သံဃာဟု ရည်မှတ်၍ ရှိသေသမှု ပြုလျက် လှူဒါန်းက သံဃဒါနဖြစ်၍ ထိုသင်္ကန်းသည် သံဃိက သင်္ကန်း ဖြစ်တော့သည်။

ထို သံဃိက ကထိန်သင်္ကန်းသည်လည်း ကာလ သင်္ကန်းသာဖြစ်၍ ရှိရင်း တပါး နှစ်ပါး သုံးပါး တို့သည် ပင့်သံဃာဟု ဒါယကာ ရည်မှတ်သည့်အတိုင်း သံဃာ၌ အကျုံးဝင်၍ သံဃာပင်ဖြစ်ရကား ထို တပါး နှစ်ပါး သုံးပါးသာ သက်ရောက်သည် ပိုင်ဆိုင်သည် အစိုးရသည်သာဟု သန္နိဋ္ဌာန်ကျ သိမြင်မှတ်ယူရမည်။

> ဣမ ပန ဘိက္ခဝေ ဧကော ဝဿံ ဝသိ၊ တတ္ထ မနုဿာ "သံဃဿ ဒေမာ" တိ စီဝရာနိ ဒေန္တိ၊ အနုဇာနာမိ ဘိက္ခဝေ တဿေဝ တာနိ စီဝရာနိ ယာဝ ကထိနဿ ဥဗ္ဘာရာယာတိ။ (ဝိ၊ ၃၊ ၄၁၄) စီဝရက္ခန္ဓက ပါဠိတော်,

> တသော တာနိ စီဝရာနိ ယာဝ ကထိနဿ ဥဗ္ဘာရာယာတိ သစေ ဂဏပူရကေ ဘိက္ခူ လဘိတွာ ကထိနံ အတ္ထတံ ဟောတိ၊ ပဥ္စ မာသေ, နော စေ အတ္ထတံ ဟောတိ၊ ဧကံ စီဝရမာသမေဝ။ပ။ကလဒဋ္ဌေတ္တ လက္ခဏံ၊ ယေန တေနာကာရေန သံဃဿ ဥပ္ပန္နံ ဝတ္ထံ အတ္ထတကထိနဿ ပဥ္စ မာသေ, အနတ္ထတကထိနဿ ဧကံ စီဝရမာသံ ပါပုဏာတီတိ—

ဟူသော (ဝိ၊ ဌ၊ ၃၊ ၄၁၁) စီဝရက္ခန္ဓက အဋ္ဌကထာ ဝိနယောပဒေသတို့ကို ထောက်လေ။

## ကမ္မဝါစာ သံသန္ဒန

ဤ ဆိုအပ်ပြီးသော နည်းဖြင့် ဂိုဏ်းပုဂ္ဂိုလ်ကို မရည်မှတ် မသုံးသပ်မူ၍ သံဃာကိုသာ ရည်မှတ် သုံးသပ်၍ လှူဒါန်းအပ်သော သင်္ကန်း၏ သံဃိကဖြစ်သောကြောင့်ပင်လျှင် "ဣဒံ သံဃဿ ကထိနဒုဿံ ဥပ္ပန္နံ"ဟူသော ကမ္မဝါစာနှင့် ညီညွတ်နိုင်နေ၏။

သံဃိက ကထိန်သင်္ကန်းကို ကမ္မပ္ပတ္တ ဖြစ်သော အညဝဿံဝုတ္ထ စသော သံဃာသည် ကထိနဒါန ဉတ္တိ ဒုတိယကံဖြင့် အတ္ထရာရဟ ရဟန်းအား ပေးနိုင်သောကြောင့် "သံဃော ကထိနဒုဿံ ဣတ္ထန္နာမဿ ဘိက္ခုနော ဒဒေယျ ကထိနံ အတ္ထရိတုံ"ဟူသော ကမ္မဝါစာနှင့် ညီညွတ်နိုးနေသမိ၏။

## ဝိနယာလင်္ကာရဋီကာ

ဤအရာ၌ ဝိနယာလင်္ကာရ ဋီကာဆရာ၏ ဒုတိယဝိရောဓိ စစ်ချက်ကို ဋီကာရှင်၏ အာဘော်ကျ ယထာဘူတ သိနိုင်ရန် ခဲယဉ်းလှသောကြောင့် ထုတ်နုတ်၍ အဓိပ္ပါယ် ဖြော်ပြလိုက်အံ့၊

> သံဃော ကထိနဒုဿံ ဣတ္ထန္နာမဿ ဘိက္ခုနော ဒဒေယျ ကထိနံ အတ္ထရိတုန္တိ ဧတ္ထ စ သံဃော မာတုယာ ကတ္တာ ဟောတိ၊ ဘိက္ခုနောတိ သမ္ပဒါနံ။ ဣမ ပန တသ္မိံ ကထိနစီဝရေ အနိဿရဘာဝတော သံဃော ကတ္တာ န ဟောတိ ဘိက္ခု ပဋိဂ္ဂါဟလက္ခဏာဘာဝတော သမ္ပဒါနံ န ဟောတိ၊ ဧဝမ္ပိ ဝိရောဓော (ဝိနယာလင်္ကာရဋီ။ ၂။ ၉၉)။ ၎င်းဋီကာ။

ဣမ၊ ဤကေဆရာတို့ အယူ၌။ တသ္မိံ စီဝရေ၊ ထိုပုဂ္ဂိုလ်အား ရောက်သော ပုဂ္ဂလိကသင်္ကန်းကို။ သံဃဿ၊ လာဘ်ခံသံဃာ၏။ အနိဿရဘာဝတော၊ အစိုးမရသည်၏ အဖြစ်ကြောင့် (ခက်ဆုံ၌ အနက်)။

ဋီကာဆရာ၏ အာဘော်ကျ အဖြော်င့် အဓိပ္ပါယ်—

သံဃာသည် လာဘ်ဖြစ်ရာ လာဘ်ခံသံဃာ, ကံပြုသော ကမ္မပ္ပတ္တသံဃာ ဟူ၍ နှစ်ပါးအပြား ရှိ၏။ ထိုတွင်–" ဣဒံ သံဃဿ ကထိနဒုဿံ ဥပ္ပန္နံ"ဟူသော ရှေ့ဝါကျ၌ ရှိသော သံဃဿအရ ဖြစ်သော သံဃာသည် လာဘ်ဖြစ်ရာ လာဘ်ခံ သံဃာမည်၏။

"သံဃော ကထိနဒုဿံ(လ)အတ္ထရိတုံ"ဟူသော နောက်ဝါကျ၌ရှိသော သံဃော-အရ သံဃာသည် ကထိနဒါနဉတ္တိ ဒုတိယကံကို ပြုသောထိုက်အား လျော်ကပတ်သော ကမ္မပ္ပတ္တသံဃာ မည်၏။

သံဃာအား ဖြစ်သော သံဃိက ကထိန်သင်္ကန်းကို လာဘ်ဖြစ်ရာ ပုရိမဝဿံဝုတ္ထ လာဘ်ခံ သံဃာသည် အစိုးရ၏၊ ထိုသို့ သံဃိက ကထိန်သင်္ကန်းကို လာဘ်ဖြစ်ရာ ပုရိမဝဿံဝုတ္ထသံဃာ အစိုးရသောကြောင့်သာ ကမ္မဝါစာသံဃာသည် ပေးနိုင်သည်။ သံဃာသည် ကတ္တားဖြစ်သည်။ အတ္ထာရရဟ ရဟန်းသည်လည်း သမ္မုဒါန်ဖြစ်သည်။

ဤ ဓမ္မသေနာပတိ၏ အယူ၌ကား ပုဂ္ဂိုလ်အား ရောက်သော ပုဂ္ဂလိက ကထိန်သင်္ကန်းကို လာဘ်ဖြစ်ရာ လာဘ်ခံဖြစ်သော ပုဂ္ဂိုလ်သည်သာ အစိုးရသည်၊ လာဘ်ခံကား သံဃာ မဟုတ်၊ သံဃာအစိုးမရသောကြောင့် ကမ္မဝါစာသံဃာသည် မပေးနိုင်၊ သံဃာသည် ကတ္တား မဖြစ်၊

မှတ်ချက်။ ကမ္မဝါစာသံဃာ၏ လာဘ်ကို အစိုးရခြင်း မရခြင်းသည် လိုရင်း မဟုတ်၊ သံဃာအား ရည်မှတ် သုံးသပ် လှူဒါန်းအပ်သော သံဃိကလာဘ်ဖြစ်၍ လာဘ်ဖြစ်ရာ လာဘ်ခံဖြစ်သော ပုရိမဝဿံဝုတ္ထသံဃာ၏ အစိုးရခြင်းသည်သာ လိုရင်းတည်း

တပါးသော အာဂတာနာဂတဝါဒီ ဆရာတို့လည်း ယခု ပြဆိုအပ်ခဲ့ပြီးသော ပါဠိ အဋ္ဌကထာ ဋီကာ အာဂမယုတ္တိ ဥပကတို့ကို ထောက်ဆည်နိုင်း ဖြတ်ပိုင်းလိုးချ ယထာဘူတ ကျနအောင် မယူဆကြမူ၍ ဆိုင်သူသံဃာ ပိုင်သူသံဃာ ဟု ခွဲခြားလျက် အချို့ဆရာတို့၏ ဝိနိစ္ဆယလမ်းမှားသို့ လိုက်တော်မူကြကုန်၏။

ယခုအခါ ထိုဆရာတို့မှ ဆင်းသက်ပေါက်ဖွားပြီးလျှင် ကထိန်သင်္ကန်းတို့နှင့် စပ်သော ဂရုဘဏ် လဟုဘဏ်ဟူသမျှ အာဂတာနာဂတ စတုဒ္ဒိသာ သံဃိက ချည်းသာဟု မခွဲခြား မစိတ်ဖြာဘဲ အရပ် လေးမျက်နှာတို့၌ ပြုကျင့်လိုက်နာလျက် ရှိကြကုန်သည်၊ ထိုဆရာတို့ အယူဝါဒကို ပြဆိုခဲ့ပြီးသော ယုတ္တိအာဂမတို့ဖြင့် ပယ်ရှား စွန့်ပစ်အပ်သော အယူဝါဒဟူ၍သာ မှတ်ရမည်။

## (၂) ဒုတိယ အယူ

ဒုတိယအယူစကား၌ ခုတ်ရာတပါး ရှရာတခြား ဟူသကဲ့သို့ ကထိန်သင်္ကန်းမှ အသီးအခြား ဖြစ်သော ဂရုဘဏ် ပာဘ်,လဟုဘဏ်လာဘ်ဖြင့် ကထိန်သင်္ကန်း၏“အာဂတာနာဂတ စာတုဒ္ဒိသာ သံဃိက ”၏ အဖြစ်ကို ဆုံးဖြတ်ခြင်းသည်ကား မသင့်။

**စိစစ်ပြအံ့။** ကထိန်သင်္ကန်းသည်ကား မည်သည့်လာဘ်နှင့်မျှ မရောမယှက် သက်သက် အသီးအခြားသော လာဘ်ဖြစ်သည်၊ ကထိန်ဒါယကာသည် ကထိန်သင်္ကန်းကို လှူသည့်အခါ သုံးထည်သော သင်္ကန်းတို့တွင် တထည်ထည်လောက်သော သင်္ကန်းလျှာ ပုဆိုးကိုသော်ရင်း,ပြီးပြီး သော တထည်ဆည်သော သင်္ကန်းကိုသော်ရင်း အသီးအခြားလှူအပ်သည်၊ တပါးသော အတူ ဆောင်လာသော ဂရုဘဏ်လဟုဘဏ်တို့နှင့် ရောယှက်ပေါင်းစင်၍ လှူပုံ ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းဂန်အရပ်ရပ်၌ မလာ မရှိ၊ ကျမ်းဂန် မလာသည်ကို မပြုအပ်,မပြုထိုက်,မပြုကောင်း။

နောက်နှောင်းဆရာတို့ ဉာဏ်ကွန့်၍ “သပရိဝါရံ ဣမံ ကထိနစီဝရံ သံဃဿ ဒေမ ”စသည်ဖြင့် ရေစက်သွန်းချ လှူစေကြ ခံယူတော်မူကြသည်ကား ကထိန်အခါ လှူအပ်သမျှ လာဘ် အရပ်ရပ်

သည် ကထိန်လာဘ်နှင့် အတူတူသာ ဖြစ်သည်ဟု နှလုံးပြုလျက် ပါဠိ အဋ္ဌကထာ ဋီကာ တို့ကို မထောက်ထား မဆင်ခြင်ဘဲ ပြုကျင့်တော်မူမိကြခြင်းသာ ဖြစ်သည်။

ထိုစကား မှန်၏။ ကထိန်သင်္ကန်းကို သံဃာအားသာ လှူအပ်သည်၊ သံဃိကသာ၊ ပုဂ္ဂလိက ဂဏိက မလှူထိုက်။ ကြွင်းသော ဂရုဘဏ်၊ လဟုဘဏ်လာဘ် တို့ကိုကား သံဃာ ဂိုဏ်း ပုဂ္ဂိုလ်အား ဒါယကာ နှစ်သက်သလို လှူအပ်သည်၊ သံဃိက၊ ဂဏိက၊ ပုဂ္ဂလိက သုံးမျိုး ထိုက်သည်၊ ဤသို့ ကွဲပြား ခြားနားသည်။ ထို့ကြောင့်–

တယာ ဧဝံ အာ စိက္ခိတဗ္ဗံ တိဏ္ဏံ စီဝရာနံ အညတရပ္ပဟောနကံ သူရိယုဂ္ဂ မနသမယေ ဝတ္ထံ 'ကထိနစီဝရံ ဒေမာ'တိ ဒါတုံ ဝဋ္ဋတိ။ (ဝိ၊ ဋ္ဌ၊ ၃။ ၃၇၉)ဟုရင်း၊

ဧဝံ အတ္တတော ပန ကထိနေ သစေ ကထိနစီဝရေန သဒ္ဓိံ အာဘတံ အာ နိသံသံ ဒါယကာ "ယေန အမှာကံ ကထိနံ ဂဟိတံ၊ တဿေဝ ဒေမာ"တိ ဒေန္တိ၊ ဘိက္ခုသံဃော အနိဿရော။ အထ အဝိစာရေတွာဝ ဒတွာ ဂစ္ဆန္တိ၊ ဘိက္ခု သံဃော ဣဿရော။ (ဝိ၊ ဋ္ဌ၊ ၃။ ၃၉၀-၁) ဟူ၍ရင်း၊

မဟာဝါ ကထိနက္ခန္ဓက အဋ္ဌကထာ၊ (ဝိ၊ သင်္ဂဟ။ ၂၉၇၊ ၃၀၀) ဝိနယသင်္ဂဟ ကထိနတ္ထာရ ဝိနိစ္ဆယကထာတို့၌ ခွဲခြား၍ မိန့်တော်မူသည်။

ဤအဋ္ဌကထာတို့နှင့် တကွ အောက်ဂရုဘဏ် အရာ၌သာ အာဂတာနာဂတ ဖြစ်သင့်သည်ကို စိစစ် ဆုံးဖြတ်ပြခဲ့သော သေနာသနက္ခန္ဓက ပါဠိ အဋ္ဌကထာ၊ ဝိမတိဋီကာ၊ ဝိနယာလင်္ကာရဋီကာ ဟု ဆိုအပ်သော အာဂမ သာစေကယုတ္တိ ဉာပကဘို့ကို ထောက်ဆ၍ တပါးသော ဂရုဘဏ်လာဘ်နှင့် အသီးအခြားဖြစ်သော ကဌိန်လဟုဘဏ်ကို အတူပြု၍ အာဂတာနာဂတသံဃိက ဟု ဆုံးဖြတ် ယူဆကြခြင်းသည် ဘုရားအလိုနှင့် ဆန့်ကျင်ဖောက်ပြန် မမှန်သော အဆုံးအဖြတ် အယူအဆသာဟု မှတ်ယူရမည်။

## (၃) တတိယအယူ

တတိယ အယူစကား၌ ကထိန်ခင်းပြီးနောက် ငါးလအတွင်း၌ ဖြစ်သော လာဘ်တို့၏ သန္တက အထူးကို ပြသော ဝိနယာလင်္ကာရဋီကာကို ယူ၍ ကထိန်သင်္ကန်းကို ဆုံးဖြတ်ခြင်းသည်လည်း အရာ မဟုတ်၊ ထိုစကား မသင့်သည်၏ အဖြစ်သည် ဒုတိယအယူစကားကို စိစစ်ရာ၌ ထုတ်ပြခဲ့သော အဋ္ဌကထာ တို့ဖြင့် ထင်ရှားလှပြီ။

ဤကား အချို့ ဆရာတို့၏ အာဂတာနာဂတ စတုဒ္ဒိသာ သံဃိက မသင့်ကြောင်းကို ပါဠိ အဋ္ဌကထာ ဋီကာ သာစေကယုတ္တိ ဉာပက တို့ဖြင့် ပြဆိုခြင်းတည်း။

ဤမျှသော စကားအစဉ်ဖြင့် အာဂတာနာဂတ ဝါဒီတို့၏ အယူကို အကြွင်းမရှိ စင်ကြယ်စေ ခြင်းငှါ ထုတ်ပြ၍ ဓမ္မဝိနယ၌ မသက်ဝင်ကြောင်း ရှင်းလင်းချက် ပြီး၏။

## အာရာမိက သံဃိက ဝါဒီ ဆရာမြတ်တို့၏ အယူကို ပြချက်

များစွာသော ဆရာတို့ မိန့်ဆိုအပ်သည့် အာရာမိကသံဃိက-ဟူသည် "သီမာယ ဒမ္မိ"ကဲ့သို့ "အာရာမဿ ဒမ္မိ"ဟူ၍ ပါဠိ၌လည်း မလာ၊ "သီမဋ္ဌကသံဃဿ ဒမ္မိ၊ သီမဋ္ဌကသံဃော ပဋိဂ္ဂဏှာတု" ကဲ့သို့ "အာရာမဋ္ဌကသံဃဿ ဒမ္မိ၊ အာရာမဋ္ဌကသံဃော ပဋိဂ္ဂဏှာတု"ဟူ၍ အဋ္ဌကထာ၌လည်း မရှိ၊ ဋီကာ ကြီး ငယ်တို့၌လည်း မပြ။

ထိုမျှသာ မဟုတ်သေး၊ ကထိန်သက်န်းကို မည်သည့်သံဃိက ဟူ၍လည်း တိုက်ရိုက်သေချာ အဆို အမိန့် မလာ မရှိ၊ "ဣဒံ သံဃဿ ကထိနဒုဿံ ဥပ္ပန္နံ"ဟူသော ဉတ်ကမ္မဝါစာ ပါဠိကို ထောက်ဆ၍ "သံဃိက"ဟူ၍ သာမညသာ လာရှိသည်။ သို့သော်လည်း ပါဠိ အဋ္ဌကထာ ဋီကာ တို့ကို ထောက်ဆ၍ အသင့်ကို ဤသို့ သိမှတ်အပ်၏။

ရှေး၌ ပြအပ်ပြီးသော တတိယ ကထိနသိက္ခာပုဒ် ပါဠိအဋ္ဌကထာ, ၎င်းကခါအဋ္ဌကထာ, "ပုဗ္ဗေ ဒိန္နံ န ဝဋ္ဋတိ"–ဟူသော ဝဇိရဗုဒ္ဓိ ဋီကာတို့ကို ထောက်ဆ၍ ကာလသင်္ကန်း၏ အဖြစ်ကို မုချ ဆတ်ဆတ် သိမြင်အပ်သောကြောင့်၎င်း,

"အနုဇာနာမိ ဘိက္ခဝေ ပုရိမ ဝဿံ ဝုတ္ထာနံ ဘိက္ခူနံ ကထိနံ အတ္ထရိတုံ"ဟူ၍ ပုရိမဝဿံဝုတ္ထ ရဟန်းတို့အားသာ ကထိန်ကို ခွင့်ပြုတော်မူသောကြောင့်၎င်း,

> ဝေဥ္စ ပန ဘိက္ခဝေ ကထိနံ အတ္ထရိတဗ္ဗန္တိ ဧတ္ထ (လ) ဝုတ္ထဝဿာဝသေန ပုရိမိကာယ ဝဿံ ဥပဂန္တွာ ပဌမ ပဝါရဏာယ ပဝါရိတာ လဘန္တိ၊ ဆိန္နဝဿာ ဝါ ပစ္ဆိမိကာယ ဥပဂတာ ဝါ န လဘန္တိ။ အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာပိ န လဘန္တီတိ မဟာပစ္စရိယံ ဝုတ္တံ၊ ပုရိမိကာယ ဥပဂတာနံ ပန သဗ္ဗေ ဂဏပူရကာ ဟောန္တိ၊ အာနိသံသံ န လဘန္တိ၊ အာနိ-သံသော ဣတရေသံ ယေဝ ဟောတိ။ (ဝိ၊ဋ္ဌ၊၃။၃၇၇)

ဟူ၍ ဆိန္နဝဿရဟန်း, ပစ္ဆိမ ဝဿူပဂတ ရဟန်း, အညဝဿံဝုတ္ထ ရဟန်းတို့သည် ကထိန်ခင်းခြင်း အနုမောဒနာ ပြုခြင်းတို့ကို မရထိုက်၊ ထိုကထိန်ဖြစ်ရာ တိုက်နေ ပုရိမ ဝဿူပဂတ ရဟန်းတို့၏ ဂဏပူရကတို့သာ ဖြစ်ကုန်၍ ကထိန်သက်န်းမှ ကြွင်းသော သင်္ကန်း အဝတ် ပုဆိုးဟူသော အာနိသင် တို့ကို မရကုန်၊ ပုရိမဝဿံဝုတ္ထရဟန်းတို့သာ ရကုန်၏ဟု အဋ္ဌကထာ ပြတော်မူသောကြောင့်၎င်း,

> ကထိန်လာဘ်ဖြစ်ရာ ဥပစာရသိမ်တွင်း တည်ရှိသမျှ ဝဿံဝုတ္ထသံဃာအားသာ သက် ရောက်သော,ဝဿံဝုတ္ထသံဃာသာ အစိုးရပိုင်ဆိုင်သော ဥပစာရသီမဋ္ဌက ဝဿံဝုတ္ထသံဃိက သင်္ကန်းဟူ၍ သန္နိဋ္ဌာန်ကျ သိမြင်မှတ်ယူရမည်။

## ဆင်ခြင်အပ်သောဆရာမြတ်တို့ အဆုံးအဖြတ်

များစွာကုန်သော ဆရာမြတ်တို့ကား—

ပရိက္ခိတ္တဿ အာရာမဿ ပရိက္ခေပ အတိက္ကာမေန္တိယာ အာပတ္တိ ပါစိတ္တိယဿ။ အပရိက္ခိတ္တဿ အာရာမဿ ဥပစာရံ ဩက္ကမန္တိယာ အာပတ္တိ ပါစိတ္တိယဿ။ (ဝိ၊၂။၄၀၄)။ အာရာမပဝေသန သိက္ခာပုဒ် ပဒဘာဇနီ ပါဠိတော်,

အဇ္ဈာရာမော နာမ ပရိက္ခိတ္တဿ အာရာမဿ အန္တော အာရာမော၊ အပရိက္ခိတ္တဿ ဥပစာရော။ (ဝိ၊၂။၂၁၂) ရတနသိက္ခာပုဒ် ပဒဘာဇနီ ပါဠိတော်၊

အဇ္ဈာရာမေ ဝါတိ ပရိက္ခိတ္တဿ အန္တောပရိက္ခေပေ, အပရိက္ခိတ္တဿ ဒွိန္နံ လေဍ္ဍုပါတာနံ အန္တော။ (ကင်္ခါ၊ ၄။ ၂၆၆) ရှင်းအဖွင့် ကင်္ခါအဋ္ဌကထာ၊

ဣဓာပိ အာရာမံ ပရိသိဿာမီတိ ဥပါဟနံ သြမုဉ္စိတွာ။ပ။ အာရာမော ပဝိသိတဗ္ဗော(ဝိ၊၄။၃၇၄) ဝတ္တက္ခန္ဓက ပါဠိတော်၊

ဣဓာပိ အာရာမံ ပဝိသိဿာမီတိ ဣမိနာ ဥပစာရသီမာ သမိပံ ဒဿေတိ။(ဝိ၊ ၄၊ ၄။ ၁၁၇) ရှင်း အဋ္ဌကထာ၊

အနာထပိဏ္ဍိကဿ အာရာမေ, ဃောသိတာရာမေ, ကုက္ကုဋာရာမေ-စသော ပါဠိအဋ္ဌကထာတို့၌ ဥပစာရသိမ်ကို အာရာမ-ဟု ဟောမိန့်ဆိုတော်မူအပ်သည်ကို ထောက်ထားနည်းယူ၍—

ဥပစာရ သီမဋ္ဌက ဝဿံဝုတ္ထ သံဃိက ကိုပင် ခေါ်လွယ်စေရန် အာရာမိက သံဃိက—ဟု မိန့်ဆို သုံးဖြတ်တော်မူကုန်၏။

ဤဆရာမြတ်တို့၏ အသုံးအဖြတ်ကိုမူကား ဆိုအပ်ပြီးသော ပါဠိအဋ္ဌကထာတို့၌ သက်ဝင်နိုးနှော သကဲ့သို့ ရှိသော်လည်း ပုပ္ဖါရာမ ဖလာရာမ-စသော အာရာမဘို့လည်း ရှိသောကြောင့် ဆင်ခြင်လေ။

အာရာမိက ဝါဒီ ဆရာမြတ်တို့၏ အယူကို ပြဆိုရှင်းလင်းချက် ပြီး၏။

---

## မိမိကြိုက်နှစ်သက်သော အဖြေ

**စောဒနာ။** ဥပစာရသီမဋ္ဌက ဝဿံဝုတ္ထသံဃိက ကထိန်သင်္ကန်းဖြင့် ကထိန်ခင်းအပ်၏၊ ဤ၌ စောဒနာဘွယ်ရှိသည်ကို ပြအံ့—

ဥပစာရသီမဋ္ဌက ဝဿံဝုတ္ထ သံဃိက ဖြစ်ခဲ့သော် "သီမာယ ဒေတိ"ဟူသော မာတိကာ၌သော်၎င်း, "ဝဿံဝုတ္ထသံဃဿ ဒေတိ"ဟူသော မာတိကာ၌သော်၎င်း, ထည့်သွင်း ဖွင့်ဆိုသင့်ပါသည်။

**အဖြေ။** ဤကထိန်သင်္ကန်းသည် သာမည ဥပစာရသီမဋ္ဌက သံဃိက သင်္ကန်းများကဲ့သို့ ဥပစာရ သိမ်တွင်းတည်ရှိသမျှ ဝဿစ္ဆိန္န, ပစ္ဆိမဝဿူပဂတ, အညဝဿံဝုတ္ထဖြစ်သော သမ္ပုဒ္ဓိဘူတ ရဟန်းတို့အား မရောက် မသက်၊ အကာလ၌လည်း မလှူအပ်သောကြောင့်၎င်း, သာမည ဝဿံဝုတ္ထ သံဃိက ဝဿာဝါသိက သင်္ကန်းများကဲ့သို့လည်း ဥပစာရသိမ်ပသို့ ရောက်နေသော ဝဿံဝုတ္ထ ရဟန်း, အနာဂတ ဝဿံဝုတ္ထ ရဟန်းတို့အား မသက်ရောက်သောကြောင့်၎င်း ဝိသေသ ဥပစာရ သီမဋ္ဌက ဝဿံဝုတ္ထသံဃိကတည်း။

ထိုကြောင့် "သီမာယ ဒေတိ" ဟူသော မာတိကာ၌သော်၎င်း, "ဝဿံဝုတ္ထသံဃဿ ဒေတိ" ဟူသော မာတိကာ၌၎င်း ထည့်သွင်း၍ မဖွင့်ဆိုအပ်။

ဤမျှသော ဝိနိစ္ဆယစကားအစဉ်ဖြင့် ဥပစာရသိမ၌က ဝဿံဝုတ္ထသံဃက ကထိန်သက်န်းဖြင့် ကထိန်ခင်းအပ်သည်ဟု သိမြင် မှတ်ယူရမည်။

ပါဠိအဋ္ဌကထ ဒီပိ၊ နေတွာ ဝုတ္တံ ဝိနိစ္ဆယံ။
သံဃိကေ ကထိနေ မယာ၊ စိန္တယန္တု ဝိစက္ခဏာ။

စိန္တယိတွာ ပုနပ္ပုနံ၊ ယုတ္တံ စေ, ဓာရယန္တု တံ။
အယုတ္တဉ္စေ ဣတော အညံ၊ ပရိယေသန္တု ကာရဏံ။

(၂) (ခ) အမေး၏ အဖြေ ပြီး၏။

---

## အဘယ်သံဃာ၌ ခင်းအပ်သနည်း

(၂) (ဂ) အဘယ်သံဃာ၌ ခင်းအပ်ပါသနည်းဟူသော အမေး၏ အဖြေ။

ယင်းအမေးသည် မေးခွင့်မရှိသော အမေး ဖြစ်၏။ အကြောင်းကား—

ကထိနဿ ကော မူလံ သံဃော (ဝိ၊ ၅။ ၃၀၆)

ဟူသော ပရိဝါပါဠိတော်၌ ကထိန်၏ ဥပစာရ မခင်းမီ ရှေးမဆွ၌ သံဃာ၏ တခုသော အကြောင်း၏ အဖြစ်ကို ဟောတော်မူသကဲ့သို့ရင်း,

ခင်းပြီးသည့်နောက် အနုမောဒနာကို တိုက်တွန်းရာ၌—

တေန ကထိနတ္ထာရကေန ဘိက္ခုနာ သံဃံ ဥပသင်္ကမိတွာ။ ပ။ အနုမောဒထ၊ တေန ကထိနတ္ထာရကေန ဘိက္ခုနာ သမ္ဗဟုလေ ဘိက္ခူ ဥပသင်္ကမိတွာ။ပ။ အနုမောဒထ၊ တေန ကထိနတ္ထာရကေန ဘိက္ခုနာ ဧကော ဘိက္ခု ဥပသင်္ကမိတွာ။ပ။ အနုမောဒါဟိ။ (ဝိ၊ ၅။ ၃၀၉)

ဟု ပရိမ ဝဿံဝုတ္ထရဟန်းတို့ သံဃာ လောက်လျှင် ထိုသံဃာအထံသို့ ကပ်၍ ဂိုဏ်းဖြစ်လျှင် ဂိုဏ်းထံသို့ ကပ်၍ ပုဂ္ဂိုလ်ဖြစ်လျှင် ပုဂ္ဂိုလ်ထံသို့ ကပ်၍ တိုက်တွန်းအပ်သည်၏ အဖြစ်ကို ဟောတော်မူသကဲ့သို့ရင်း ခင်းခြင်းအတ္ထာရ အရာ၌ တစုံတရာပိုင်းခြား၍ ဟောတော်မမူ၊ "ပရံ ဝိညာပေတိ" ဟူသော အင်္ဂါကိုလည်း အနုမောဒနာပြုသော ရဟန်းတို့အားသာ ဟောတော်မူသည်၊ အတ္ထာ-ရက ရဟန်းအား ဟောတော်မမူ။သိမ၌က အင်္ဂါကို အတ္ထာရအရာ၌ ပါဠိ၌ မဟောအပ်သော်လည်း (ဝိ၊ ၄၊ ၃။ ၃၉၁) အဋ္ဌကထာ၌—

သစေ ပန ကောသိမာယ ဗဟူ ဝိဟာရာ ဟောန္တိ၊ သဗ္ဗေ ဘိက္ခူသန္နိပါတာပေတွာ ကေတ္ထ ကထိနံ အတ္ထရိတဗ္ဗံ·ဟူ၍ရင်း, ဝဇိရဗုဒ္ဓိ၌ တေန စ တသ္မိံ ယေဝ သိမာမဏ္ဍလေ အဓိဋ္ဌဟိတွာ အတ္ထရိတွာ သံဃော အနုမောဒါပေတဗ္ဗော။ (ဝဇိရ၊ ၃၅။ ၄၉၂) ဟူ၍ရင်း

အဋ္ဌကထာ ဋီကာဆရာတို့ မိန့်ဆိုတော်မူကုန်သကဲ့သို့ ဤ "ဝိညာပေတိ" အင်္ဂါကို အရိပ်အမြွက်မျှ မိန့်ဆိုတော်မမူကုန်။

**အတ္ထာရဟူသည်လည်း** စတုဝဂ္ဂကရဏီယ စသော တစုံတခုသော သံဃာကံ၌ အကြုံးမဝင်၊ အမိဋ္ဌာန် စသည်ကဲ့သို့ ငါးပါးသော အာနိသင်ကို ရခြင်း၏ အကြောင်းဖြစ်သော ပုဂ္ဂိုလ်၏ ဝစီကြိယာမျှသာ ဖြစ်သည်။ ထို့ကြောင့် ကထိန်ကို မည်သည့် သံဃာ၌ ခင်းရမည်ဟု အလိုမရှိအပ်၊ ခင်းသောအခါ သံဃာဂိုဏ်း ပုဂ္ဂိုလ်ရှိနေ၍ ၎င်းတို့မျက်မှောက်၌ ခင်းသော်လည်း သံဃာဂိုဏ်း ပုဂ္ဂိုလ်သည် တစုံတခုသော အထူးကို မပြုတတ်၊ သံဃာဂိုဏ်းပုဂ္ဂိုလ် မရှိ၍ မိမိတယောက်တည်း ဖြစ်သော်လည်း ကထိန်ခင်းသော ပုဂ္ဂိုလ်သည် ဥပစာရသိမ်၌ တည်၍ "ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ" စသည်ဖြင့် နှုတ်မြွက်လျှင်(ခင်းလျှင်)ကထိန်ခင်းခြင်း ပြီးမြောက်အောင်မြင်တော့သည်သာဟု ယုံကြည်လေးမြတ် မှတ်ယူအပ်သည်။

> ဤမျှသော ဝိနိစ္ဆယစကားဖြင့် အဘယ်သံဃာ၌ ခင်းအပ်ပါသနည်းဟူသော အမေးသည် အခွင့်အရာ မဟုတ် ဖြစ်သည်ကို ပြခြင်းတည်း။

## စောဒနာဘွယ်

ဤ၌ စောဒနာဘွယ်ရှိသည်ကို ပြအံ့။ ဆိုအပ်ပြီးသော အကြောင်းတို့ကြောင့် သံဃာဂိုဏ်း ပုဂ္ဂိုလ်တို့၏ မျက်မှောက်၌ဖြစ်စေ, မျက်ကွယ်၌ဖြစ်စေ ကထိန်ခင်းအပ်သည်ဖြစ်အံ့။

> ကထိနတ္ထာရံ ကေ လဘန္တိ၊ ကေ န လဘန္တိတိ။ ဂဏနဝသေန တာဝ ပစ္ဆိမကောဋိယာ ပဉ္စ ဇနာ လဘန္တိ၊ ဥဒ္ဓံ သတသဟဿမ္ပိ။ (ဝိ၊ ဋ္ဌ၊ ၃။ ၃၀၇)

ဟူသော အဋ္ဌကထာ,

> သစေ ပုရိမိကာယ ဥပဂတာ စတ္တာရော ဝါ ဟောန္တိ တယော ဝါ ဒွေ ဝါ ဧကော ဝါ၊ ဣတရေ ဂဏပူရကေ ကတွာ ကထိနံ အတ္ထရိတဗ္ဗံ။ (ဝိ၊ ဋ္ဌ၊ ၃။ ၃၀၇)

ဟူသော အဋ္ဌကထာတို့နှင့် ဆန့်ကျင်ရာသည် မဟုတ်ပါလော။ **စောဒနာ။**

**မဆန့်။** ဘယ်သို့ မဆန့်သနည်း ဟူမူ—

"ကထိနတ္ထာရံ။ပ။ ဥဒ္ဓံ သတသဟဿံ" ဟူသော ပဌမ စကားကို ပုဂ္ဂိုလ်၏ နှုတ်မြွက်၍ ကထိန်ခင်းခြင်းကို ရည်၍ မဆိုအပ်၊ ကထိန်ခင်းသော ပုဂ္ဂိုလ်အား သံဃာ၏ ကထိန်သင်္ကန်းကို ပေးခြင်းဟူသော စတုဝဂ္ဂကရဏီယကံကို ရည်၍ ဆိုအပ်သည်။

ဤ၌ "ကထိန်ခင်းသော ကာလ၌ သံဃာပြည့်မှ အပ်သည် ပြီးမြောက်သည်ဟူသော အလိုဖြင့် သံဃာကို အလိုမရှိအပ်၊ ကထိနဒါနကံ၌သာ သံဃာပြည့်မှ အပ်သည် ပြီးမြောက်သည် ဟူသော အလိုဖြင့် သံဃာကို အလိုရှိအပ်၏"ဟု အဓိပ္ပါယ်ကျသောကြောင့် တပါး နှစ်ပါး သုံးပါး လေးပါးသာ ရှိသော ကျောင်း၌ ကထိနဒါနကံ ပြီးမြောက်စေရန် ဝဿစ္ဆိန္နစသော ရဟန်းတို့ကို ဂိုဏ်းပြည့်ပြု၍ ပေးအပ်၏၊ ထိုသံဃာပေးသော ကထိန်သင်္ကန်းဖြင့် ပုဂ္ဂိုလ်သည် **ကထိန်ခင်းအပ်၏**

ဟူသော အနက်ဖြစ်သင့်ရကား ဒုတိယဝါကျ၌ ရှိသော "ကတ္ဍာ"ဟူသော ပုဒ်ကို "အတ္ထရိတဗ္ဗံ" ဟူသော ပုဒ်၌ သမာနကာလကြိယာဝိသေသနပြု၍ မစပ်အပ်၊ ပုဗ္ဗကာလ ကြိယာဝိသေသန ပြု၍ စပ်အပ်၏။ ထို့ကြောင့် အဋ္ဌကထာနှင့် မဆန့်ဟု ယထာဘူတဉာဏ်ဖြင့် သိမြင်မှတ်ယူအပ်သည်။

ထို့ကြောင့် ဝိနယဝိနိစ္ဆယဋီကာ (၂။ ၂၄၁)၌–

ကထိနတ္ထာရံ ကေ လဘန္တိ။ပ။န လဘန္တီတိ ဣဒံ အဋ္ဌကထာယ အတ္ထာရကဿ ဘိက္ခု-နော သံဃဿ ကထိနဒုဿဿ ဒါန ကမ္မံ သန္ဓာယ ဝုတ္တံ–ဟူ၍ရှင်း,(ဝိနယာလင်္ကာရ ဋီကာ၊ ၂။၁၂၆) ၌ တသ္မာ 'ကတ္ဍာ'တိ ပဒံ 'အတ္ထရိတဗ္ဗ'န္တိ ပဒေန သမ္ဗန္ဓေ သမာနကာလ-ဝိသေသနံ အကတွာ ပုဗ္ဗကာလဝိသေသနမေဝ ကတွာ သမ္ဗန္ဓိတဗ္ဗံ–

ဟူ၍ရှင်း မိန့်ဆိုအပ်ပြီ။ ပရိဟာရ။

၂-နံပါတ် အမေးသုံးပါး၏ အဖြေ ပြီး၏။

---

## ၃-နံပါတ် ပုစ္ဆာ၏ အဖြေ

### အာရာမိက ဝိဟာရ

အာရာမိကသံဃိကသည် ကျမ်းဂန်၌ မရှိ၊ ဆရာမြတ်တို့သည် တခုသော ပရိယာယ်ဖြင့် ကထိန်သင်္ကန်းကို အာရာမိက သံဃိကဟု ယူဆကြကြောင်းကို ၂-နံပါတ်(ခ)ပုစ္ဆာ၏အဖြေ၌ ဆိုအပ်ခဲ့ပြီ။

ဝိဟာရသံဃိက ဟူသည်လည်း ကျမ်းဂန်၌ မရှိ။

သစေ ပန သံဃံ ဝါ ဂဏံ ဝါ ပုဂ္ဂလံ ဝါ အနာမသိတွာ "ဣဒံ ဟိရညသုဝဏ္ဏံ စေတိယဿ ဒေမ၊ ဝိဟာရဿ ဒေမ၊ နဝကမ္မဿ ဒေမာ" တိ ဝဒန္တိ၊ ပဋိက္ခိပိတုံ န ဝဋ္ဋတိ။ (ဝိ၊ ဋ္ဌ၊ ၂။ ၂၅၇) ရာဇသိက္ခာပုဒ် အဋ္ဌကထာ, သံဃံ သန္ဓာယ "ဝိဟာရဿ ဒေမာ" တိ ဒိန္နံ ဂရုဘဏ္ဍံ န ဟောတိ(ဝဇိရ။ ၂၄၇) အနုဂဏ္ဌိပုဒ်၌–

ဝိဟာရဿဟု လာသည်လည်း ဝိဟာရဋ္ဌကသံဃာကို ရည်၍ မလာ၊ ကပ္ပိယ ဝေါဟာရမျှသာ ဖြစ်သည်။ ဝိဟာရ သံဃိက ကထိန်သည်လည်း မရှိ၊ ရှေးဆရာမြတ်တို့ ဆုံးဖြတ်သော အယူမျှလည်း မရှိဟု မြဲမြံစွာ မှတ်အပ်၏။

၃-နံပါတ် ပုစ္ဆာ၏ အဖြေ ပြီး၏။

---

## ၄-နံပါတ်ပုစ္ဆာ၏ အဖြေ

### ပုဂ္ဂလိက သင်္ကန်း ကထိန်ခင်းထိုက်,မခင်းထိုက်

ပုဂ္ဂလိက လှူဒါန်းအပ်သော သင်္ကန်းဖြင့် ကထိန်ခင်းလျှင် မမြောက် မခင်းထိုက်ဟု မှတ်လေ။ အကျယ်ကို ၁-နံပါတ် ပုစ္ဆာ၏ အဖြေမှ ယူလေ။

၄-နံပါတ် ပုစ္ဆာ၏ အဖြေ ပြီး၏။

ဤမျှ အတိုင်းအရှည်ရှိသော စကားဖြင့် သာသနဇောတိကာရုံ ဆရာတော် စေခိုင်းသည်ကို ဦးထိပ်၌ ပန်ဆင်လျက် အမရပူရ ဆရာတော်ဘုရား ဓမ္မဝိနယနှင့် အညီ ဆုံးဖြတ်အပ်သော ဝိမ-**တိဝိနောဒနီကထာ** မည်သော **ကထိန ဝိနိစ္ဆယ** ပြီး၏။

## အနက် ပြန်ဆိုခြင်း

ဤ အဆုံးအဖြတ်၌ ပါသော ပါဠိအဋ္ဌကထာ စသည်တို့ကို က–ခ စသည် အမှတ်စဉ် တပ်၍ အနက် ပြန်ဆိုလိုက်အံ့——

(က) ဗုဒ္ဓပ္ပမုခေ၊ ဘုရားအမှူးရှိသော၊ ဥဘတော သံဃေ၊ ဥဘတော သံဃာအား(ကစ္စည်း အလို)။ ဝါ-၌ (မောဂ္ဂလာန်)၊ ဒါနံ၊ အလှူကို။ ဒေတိ၊ ပေးလှူ၏ (မ၊ ၃။ ၂၉၇)။

(ခ) စ၊ ဆက်ဦးအံ့။ ဧတ္ထ၊ ဤဝိဟာရဋ္ဌကထာ၌။ အဘိယောဂေပိ၊ တရားဆင်ခြင်း၌လည်း။ စာတုဒ္ဒိသံ၊ အရပ်လေးမျက်နှာ၌ ရှိသော။ သံဃံ၊ သံဃာကို။ ဥဒ္ဒိဿ၊ ရည်မှန်း၍။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဒိန္နံ၊ ပေးလှူအပ်သော။ မဟန္တမ္ပိ၊ ကြီးသည်လည်း ဖြစ်သော။ ခုဒ္ဒ-ကမ္ပိ၊ ငယ်သည်လည်းဖြစ်သော။ ဝိဟာရံ ဝါ၊ ကျောင်းတိုက်ကြီးကိုသော်ငြင်း။ ပရိဝေဏံ ဝါ၊ ကျောင်းတိုက်ကြီး၏ အတွင်း၌ အသီးအသီး တံတိုင်းဖြင့် ပိုင်းခြားအပ်သော အရပ်ကိုသော်ငြင်း။ အာဝါသံ ဝါ၊ ညဉ့်သည်တို့ တည်းခိုရာ စရပ်ကိုသော်ငြင်း။ အဘိယုဉ္ဇတော အဘိယုဉ္ဇန္တဿ၊ တရား စွဲဆိုသော ရဟန်းအား။ အဘိယောဂေါ၊ တရားစွဲဆိုခြင်းသည်။ န ရုဟတိ၊ မရောက် (ဝိ၊ ဋ္ဌ၊ ၁။ ၂၉၆)။

(ဂ) ပန၊ စောဒနာ သောဓနာကို ထုတ်ဆိုဦးအံ့။ ကာသာဝကဏ္ဌသံဃဿ။ လည်၌ သင်္ကန်း ရှိသော ရဟန်းအပေါင်းအား။ ဒိန္နဒက္ခိဏာ၊ လှူအပ်သောအလှူကို။ ကော၊ အဘယ်ပုဂ္ဂိုလ် သည်။ သောဓေတိ၊ စင်ကြယ်စေနိုင်သနည်း။ ဣတိ အယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ (မ၊ ဋ္ဌ၊ ၄။ ၂၂၆)။

(ဃ) ပန၊ အဘိုတပါးကား။ ဒီဃဘာဏကာဒိ ဘေဒဿ၊ ဒီဃဘာဏက အစရှိသည် ပြား သော။ ဂဏဿ၊ ဂိုဏ်း၏။ သန္တကံ ဝါ၊ ဥစ္စာကိုငြင်း။ ဧကပုဂ္ဂလဿ၊ တယောက်သော ပုဂ္ဂိုလ် ၏၊ သန္တကံ ဝါ၊ ဥစ္စာကိုငြင်း။ အဘိယုဉ္ဇိတွာ၊ တရားဆင်၍။ ဂဏှန္တော၊ ယူသော ရဟန်းသည်။ တေ၊ ထို ဒီဃဘာဏက စသည်ပြားသော ဂိုဏ်းပုဂ္ဂိုလ်တို့ကို။ ဓုရံ၊ ဝန်ကို။ နိက္ခိပါပေတုံ၊ ချ စေခြင်းငှါ။ သက္ကောတိ၊ စွမ်းနိုင်၏။ (ဝိ၊ ဋ္ဌ၊ ၁။ ၂၉၆)။

(င) ဂဟပတိ၊ (ရာဇဂြိုဟ်ပြည်၌နေသော) သူကြွယ်။ တေနဟိ၊ ထိုသို့တပြီးကား။ တွံ၊ သင်သည်။ တေ သဋ္ဌိဝိဟာရေ၊ ထို ခြောက်ဆယ်သော ကျောင်းတို့ကို။ အာဂတာနာဂတဿ၊ ကြွ လာပြီး မကြွလာသေးသော။ စာတုဒ္ဒိသဿ၊ အရပ်လေးမျက်နှာ၌ ရှိသော။ သံဃဿ၊ သံဃာ အား။ ပတိဋ္ဌာပေဟိ၊ တည်စေလော့ (ဝိ၊ ၄။ ၂၉၁)။

ဂဟပတိ၊ အနာထပိဏ် သူကြွယ်။ တေနဟိ၊ ထိုသို့တပြီးကား။ တွံ၊ သင်သည်။ ဇေတဝနံ၊ ဇေတဝန်ကျောင်းကို။ အာဂတာနာဂတဿ၊သော။ စာတုဒ္ဒိသဿ၊ သော။ သံဃဿ၊ အား။ ပတိဋ္ဌာပေဟိ၊ လော့။ (ဝိ၊ ၄။ ၃၁၄)။

(စ) ဂေါတမိ၊ မိထွေးတော်ဂေါတမီ။ သံဃေ၊ သံဃာအား (ကစ္စည်း)။ ဝါ ဌ(မောဂ္ဂလာန်)။ ဒေဟိ၊ ပေးလှူလော့။ တေ တယာ၊ သင်သည်။ သံဃေ၊ အား။ ဝါ၊ ဌ။ ဒိန္နေ၊ ပေးလှူအပ်သ ည် ရှိသော်။ အဟဥ္စေဝ၊ငါဘုရားကိုလည်း။ ဝါ၊ သည်လည်း။ ပူဇိတော၊ပူဇော်အပ်သည်။ ဘဝိဿာမိ၊ ဖြစ်လတံ့။ သံဃော စ၊ သံဃာကိုလည်း။ ဝါ၊ သည်လည်း။ ပူဇိတော၊ သည်။ ဘဝိဿတိ၊ လတံ့။ (မ၊၃။ ၂၉၆)။

(ဆ) တတ္ထ၊ ထိုသေသော ရဟန်း၏ ပရိက္ခာရာတို့တွင်။ ယံ လဟုဘဏ္ဍံ၊ အကြင်လဟုဘဏ်သည် ရှင်း။ ယံ လဟုပရိက္ခာရံ၊ အကြင် လဟုပရိက္ခာရာသည်ရှင်း။ အတ္ထိ၊ ရှိ၏။ တံ၊ လဟုဘဏ် လဟုပရိက္ခာရာကို။ သမ္မုခီဘူတေန၊ ဥပစာရသိမ်အတွင်း၌ တည်သော။ သံဃေန၊ သံဃာသည်။ ဘာဇေတုံ၊ ဝေဘန်ခြင်းငှါ။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ တတ္ထ၊ထိုသေသောရဟန်း၏ ပရိက္ခာရာတို့တွင်။ ယံ ဂရုဘဏ္ဍံ၊ အကြင်ဂရုဘဏ်သည်ရှင်း။ ယံ ဂရုပရိက္ခာရံ၊ အကြင်ဂရုပရိက္ခာရာသည်ရှင်း။ အတ္ထိ၊ ရှိ၏။ တံ၊ ထို ဂရုဘဏ်ဂရုပရိက္ခာရာကို။ အာဂတာနာဂတဿ၊ သော။ စာတုဒ္ဒိသဿ၊ သော။ သံဃဿ၊သံဃာ၏။ သန္တကံ၊ဥစ္စာသည်။ ဟုတွာ၊ဖြစ်၍ (ထည့်)။ အဝိဿဇ္ဇိကံ၊ စွန့်လည်း မစွန့်အပ်၊ အဝေဘင်္ဂိကံ၊ ဝေလည်း မဝေဘန်အပ်။ (ဝိ၊ ၃။ ၄၂၁။)

(ဇ) ပါဠိယံ၊ ပါဠိတော်၌။ အဝိဿဇ္ဇိကံ အဝေဘင်္ဂိကန္တိ၊ ကား။ အာဂတာနာဂတဿ၊သော။ သံဃဿေဝ၊ ၏သာလျှင်။ သန္တကံ၊ ဥစ္စာသည်။ ဟုတွာ၊ ဖြစ်၍။ အဝိဿဇ္ဇိကံ၊ အပ်။ အဝေဘင်္ဂိကံ၊ ဝေလည်း မဝေဘန်အပ်သည်ကို။ ဘဝိတုံ၊ ဖြစ်ခြင်းငှါ။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ (ဝိမတိ၊ ၂။ ၂၀၁)။

(ဈ) အသုကဝိဟာရေ၊ ဤမည်သောကျောင်း၌။ ဗဟုံ၊ များစွာသော။ စီဝရံ၊ သင်္ကန်းသည်။ ဥပ္ပန္နံ ကိရ၊ ဖြစ်ပြီတဲ့။ ဣတိ၊ ဤသို့။ သုတွာ၊ ကြား၍။ ယောဇနန္တရိက ဝိဟာရတောပိ၊ တယူဇနာ အတွင်း၌ရှိသော ကျောင်းမှလည်း။ ဘိက္ခူ၊ ရဟန်းတို့သည်။ အာဂစ္ဆန္တိ၊ လာကြကုန်၏။ သမ္ပတ္တသမ္ပတ္တာနံ၊ ရောက်လာတိုင်း ရောက်လာတိုင်းကုန်သော ရဟန်းတို့အား။ ဌိတဋ္ဌာနတော၊ ရောက်ရာနေရာမှ။ ပဋ္ဌာယ၊ စ၍။ ဒါတဗ္ဗံ၊ ပေးအပ်၏။ (ဝိ၊ သင်္ဂဟ။ ၂၅၂)။

(ည) တတ္ထ၊ ထိုကျောင်းတိုက်အတွင်း၌။ ယော စ စီဝရုပ္ပါဒေါ၊ အကြင် သင်္ကန်း၏ ဖြစ်ခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။ သော၊ ထိုသင်္ကန်း၏ ဖြစ်ခြင်းသည်။နေသံ၊ ထိုကျောင်းတိုက်အတွင်း ဝါဆိုကုန် ကထိန်ခင်းကုန်သော ရဟန်းတို့အား။ ဘဝိဿတိ၊ ဖြစ်လတံ့။ ဣတိ၊ ဤသို့။ အတ္ထတကထိနာနံ၊ ခင်းအပ်ပြီးသော ကထိန်ရှိကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့၏။ စီဝရဿေဝ၊ သင်္ကန်း၏ သာလျှင်။ သန္တကဘာဝဿ၊ ဥစ္စာ၏ အဖြစ်ကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တတ္တာ၊ ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်။

စီဝရတော၊ သင်္ကန်းမှ။ အညာနိ၊ တပါးကုန်သော။ သံဃံ၊ သံဃာကို။ ဥဒ္ဒိဿ၊ ရည်မှန်း၍။ ဒိန္နာနိ၊ ပေးလှူအပ်ကုန်သော။ ပိဏ္ဍပါတာဒီနိ၊ ဆွမ်းအစရှိကုန်သော။ ဝတ္ထူနိ၊ ဝတ္ထုတို့သည်။ ဥပစာရသီမံ၊ ဥပစာရသိမ်သို့။ ပဝိဋ္ဌဿ၊ ဝင်သော။ အာဂတာဂတဿ ရောက်လာတိုင်း ရောက်လာတိုင်းသော။ သံဃဿ၊ ၏။ သန္တကာ၊ ဥစ္စာသည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ (ဝိနယာလင်္ကာရ၊ ဋီ၊ ၂။၁၃၉)။

(ဌ) ဂတဂတဋ္ဌာနေ၊ ရောက်ရာ ရောက်ရာအရပ်၌။ သံဃိကာနေဝ၊ သံဃာ၏ ဥစ္စာတို့သည် သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ (ဝိ၊ ဋ္ဌ၊ ၃။ ၄၁၁၊ ၄၂၁။ ဝိ၊ သင်္ဂဟ။ ၂၅၂)။

(ဍ) .... .... ည–အမှတ်ကြည့်။

(ဎ) .... .... ဈ–အမှတ်ကြည့်။

(ဏ) ယတ္ထ ကတ္ထစိ၊ အမှတ်မရှိ တစုံတခုသောအရပ်၌။ ဝုတ္ထဝဿာနံ၊ ဝါမှ ထကုန်သော။ သဗ္ဗေသံ၊ အလုံးစုံကုန်သော။ သမ္ပတ္တာနံ၊ ရောက်လာကုန်သော ရဟန်းတို့အား။ ပါပုဏာတိ၊ ရောက်၏။ (ကင်္ခါ၊ ဋ္ဌ။ ၁၆၂)။

(ဓ) မယှံ၊ ငါ့အား။ ဣမာနိ စီဝရာနိ၊ ဤသင်္ကန်းတို့သည်။ ပါပုဏန္တိ၊ ရောက်လာကုန်၏။ ဣတိ၊ ဤသို့။ အဓိဋ္ဌာတဗ္ဗာနိ၊ အဓိဋ္ဌာန်အပ် စိတ်၌ ဆောက်တည်အပ်ကုန်၏။ ဧဝံ၊ ဤသို့။ အဓိဋ္ဌိ-တေ၊ အဓိဋ္ဌာန်အပ်သည်ရှိသော်။ ဝါ၊ ဆောက်တည်အပ်သည်ရှိသော်။ သဗ္ဗာနိ၊ အလုံးစုံသောသင်္ကန်းတို့သည်။ တဿေဝ၊ ထိုရဟန်းအားသာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ (ဝိ၊ဋ္ဌ၊၃။၄၁၂)။

(တ) ဘိက္ခဝေ၊ ရဟန်းတို့။ အညတြ၊ တပါးသော ကျောင်း၌။ ဝဿံဝုတ္ထေန၊ ဝါကျွတ်ခဲ့သော ရဟန်းသည်။ အညတြ၊ အခြားတပါးသော ကျောင်း၌။ စီဝရဘာဂေါ၊ သင်္ကန်းဝေစုကို။ န သာဒိ-တဗ္ဗော၊ မသာယာအပ်။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ သာဒိယေယျ၊ သာယာငြားအံ့။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ ဒုက္ကဋဿ၊ ဒုက္ကဋ်မည်သော။ အာပတ္တိ၊ အာပတ်သည်။ အဿ-ဟောတိ၊ ဖြစ်၏။ (ဝိ၊၃၊၄၁၆)။

(ထ) ဧတ္ထပန၊ ဤ "ယော သာဒိယေယျ၊အာပတ္တိ ဒုက္ကဋဿ"ဟူသောပါဠိ၌ကား။လဟုကာ၊ ပေါ့သော။ အာပတ္တိ၊ အာပတ်သည်။ ကိဉ္စာပိ ဟောတိ၊အကယ်၍ကား ဖြစ်၏။ အထခေါ၊ထိုသို့ပင် ဖြစ်ပါသော်လည်း။ ဂဟိတာနိ၊ ယူအပ်သော ဥစ္စာတို့ကို။ ဂဟိတဋ္ဌာနေ၊ ယူရာအရပ်၌။ ဒါတဗ္ဗာနိ၊ ပြန်ပေးအပ်ကုန်၏။ နဋ္ဌာနိ ဝါ၊ ပျောက်ကုန်သည်ရင်း။ ဇိဏ္ဏာနိ ဝါ၊ ဟောင်းနွမ်းကုန်သည်ရင်း။ သစေပိ ဟောန္တိ၊ အကယ်၍ ဖြစ်ကုန်အံ့။ တဿေဝ၊ ထို ယူသောရဟန်း၏ သာလျှင်။ ဂီဝါ၊ ဘဏ္ဍာ စား ပေးရခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဒေဟိ၊ ပေးလော့။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ ပြောဆို အပ်ပါလျက်။ အဒေန္တော၊ မပေးသော ရဟန်းကို။ ဓုရနိက္ခေပေ၊ ဝန်ချသောအခါ၌။ ဘဏ္ဍဂ္ဃေန၊ ဘဏ္ဍာ၏ တန်ဘိုးဖြင့်။ ကာရေတဗ္ဗော၊ ဆုံးဖြတ်အပ်၏။ (ဝိ၊ဋ္ဌ၊၃။၄၁၃)။

(ဒ) ဘဝံ ဂေါတမော၊ အရှင်ဂေါတမသည်။ သဒ္ဓာတနာယ၊ နက်ဖြန်ဖြစ်လတ့်သော ကုသိုလ် **ကောင်းမှုအကျိုးငှါ။ မေ၊ တပည့်တော်၏။ ဘတ္တံ၊ ဆွမ်းကို။ ဘိက္ခုသံဃေန၊ ရဟန်းအပေါင်းနှင့်။**

သဒ္ဒိံ၊ အတ္တုကာက္ခ။ အဓိဝါသေတု၊ သာဃာတော်မူပါလော့။ ဝါ၊ လက်ခံတော်မူပါလော့။ ဣတိ၊ ဤသို့။ အဝေါစ၊ လျှောက်ထား၏။ ကေဏိယ၊ ကေဏိယ။ ဘိက္ခုသံဃော၊ ရဟန်းအပေါင်းသည်။ မဟာ၊ များ၏။ အစုတေလသာနိ၊ အခွဲနှင့်တကွ တဆယ့်သုံးခုကုန်သော။ ဘိက္ခုသတာနိ၊ ရဟန်းအရာတို့သည်။=(၁၂၅၀)။ ဟောန္တိ၊ ဖြစ်ကုန်၏။ (ဝိ၊ ၃။၃၄၃)။

(ခ) အကာလစီဝရံ နာမ၊ အကာလ အခါမဲ့ သင်္ကန်းမည်သည်ကား။ ယံ စီဝရံ၊ အကြင်သင်္ကန်းသည်။ ကထိနေ၊ ကထိန်ကို။ အနတ္ထတေ၊ မခင်းအပ်သည်ရှိသော်။ ကောဒသမာသေ၊ တဆယ့်တလ၌။ ဥပ္ပန္နံ၊ ဖြစ်၏။ ကထိနေ၊ ကထိန်ကို။ အတ္ထတေ၊ ခင်းအပ်သည်ရှိသော်။ သတ္တမာသေ၊ ခုနစ်လ၌။ ဥပ္ပန္နံ၊ ဖြစ်၏။ ကာလေပိ၊ သင်္ကန်းအခါ၌လည်း။ အာဒိဿ၊ ဤသင်္ကန်းသည် အကာလသင်္ကန်း ဟု ရည်ညွှန်း၍။ ဒိန္နံ၊ ပေးလှူအပ်သည်ဖြစ်အံ့။ ဧတံ စီဝရံ၊ ထိုသင်္ကန်းသည်။ အကာလစီဝရံ နာမ၊ အကာလ သင်္ကန်းမည်၏။ (ဝိ၊ ၁။၃၀၄)။

(န) ကောဒသ မာသေတိ၊ ကား။ ကော၊ တခုသော။ ပစ္ဆိမကတ္တိကမာသံ၊ မိုးလေးလ၏ နောက်ဆုံးဖြစ်သော ကြတ္တိကာ နက္ခတ်နှင့် ယှဉ်သောလ (သီတင်းကျွတ်လဆုတ် ၁-ရက်မှ တန်ဆောင်မုန်းလပြည့် အထိ) ကို။ ဌပေတွာ၊ ထား၍။ သေသေ၊ ကြွင်းသော။ ကောဒသမာသေ၊ တဆယ့်တလ၌။ သတ္တမာသေတိ၊ ကား။ ကတ္တိကမာသဥ္စ၊ ကြတ္တိကာနက္ခတ်နှင့် ယှဉ်သောလကိုရင်း။ ဟေမန္တိကေ၊ ဆောင်းဥတု၌ ဖြစ်ကုန်သော။ စတ္တာရော စ၊ လေးလတို့ကိုရင်း။ ဣတိ၊ ဤသို့၊ ပဥ္စ မာသေ၊ ငါးလတို့ကို။ ဌပေတွာ၊ ထား၍။ သေသေ။ ကြွင်းသော။ သတ္တမာသေ၊ ခုနစ်လ၌။ ကာလေပိ အာဒိဿ ဒိန္နန္တိ၊ ကား။ ဣဒံ စီဝရံ၊ ဤသင်္ကန်းသည်။ အကာလ စီဝရံ၊ တည်း။ ဣတိ၊ ဤသို့။ သံဃဿ၊ သံဃာအား။ ဥဒ္ဒိသိတွာ၊ ရည်ရွယ်၍။ ဒိန္နံ ဝါ၊ ပေးလှူအပ်သော သင်္ကန်းသည်ရင်း။ ဣဒံ၊ ဤသင်္ကန်းကို။ တုယှံ၊ အရှင်ဘုရားအား။ ဒမ္မိ၊ ပေးလှူ၏။ ဣတိ၊ ဤသို့။ ဧကပုဂ္ဂလဿ၊ တယောက်သော ပုဂ္ဂိုလ်အား။ ဒိန္နံ ဝါ၊ ပေးလှူအပ်သော သင်္ကန်းသည်ရင်း။ ဟောတိ ဖြစ်၏။ (ဝိ၊ ဋ္ဌ၊ ၂။၂၃၉)။

(ပ) ဣတိ၊ ဤသို့။ အဌန္နံ၊ ရှစ်မျိုးကုန်သော။ ဣမာသံ မာတိကာပဒါနံ၊ ဤ မာတိကာပုဒ်တို့၏။ ဝသေန၊ အစွမ်းဖြင့်။ ယံ စီဝရံ၊ အကြင်သင်္ကန်းကို။ အကာလစီဝရလက္ခဏေန၊ အကာလသင်္ကန်း၏ လက္ခဏာဖြင့်။ ပဋိလဒ္ဓံ၊ ရအပ်၏။ တံ စီဝရံ၊ ထိုသင်္ကန်းကို။ သန္ဓာယ၊ ရည်ရွယ်၍။ အကာလစီဝရံ ဥပ္ပဇ္ဇေယျာတိ၊ ဟူ၍။ ဝုတ္တံ၊ မိန့်တော်မူအပ်၏။ (ကင်္ခါ၊ ဋ္ဌ။ ၁၆၂)။

(ဖ) တေန ခေါ ပန သမယေန၊ ထိုအခါ၌။ ဆဗ္ဗဂ္ဂိယာ၊ ခြောက်ပါးအစုရှိသည်၏ အဖြစ်ကြောင့် ဆဗ္ဗဂ္ဂိမည်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ နိဿဋ္ဌ စီဝရံ၊ စွန့်အပ်သော သင်္ကန်းကို။ န ဒေန္တိ၊ ပြန်မပေးကုန်။ ဘဂဝတော၊ မြတ်စွာဘုရားအား။ ဧတမတ္ထံ၊ ဤအကြောင်းကို။ အာရောစေသုံ၊ လျှောက်ထားကြကုန်ပြီ။ ဘိက္ခဝေ၊ ရဟန်းတို့။ နိဿဋ္ဌစီဝရံ၊ ကို။ န ဒါတဗ္ဗံ၊ ပြန်မပေးအပ်သည်။ န၊ မဟုတ်။ ဒါတဗ္ဗံ ဧဝ၊ ပေးအပ်သည်သာလျှင်တည်း။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ န ဒဒေယျ၊ ပြန် မပေးငြားအံ့။ တဿ ဘိက္ခုနော၊ အား။ ဒုက္ကဋဿ၊ သော။ အာပတ္တိ၊ သည်။ အဿ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဝေါစ၊ မိန့်တော်မူ၏။ (ဝိ၊ ၁။၂၉၇)။

(ဗ) ပန၊ အဖို့တပါးကား။ နိဿဋ္ဌစီဝရံ၊ ကို။ ဒါတဗ္ဗမေဝ၊ ပြန်ပေးအပ်သည်သာလျှင်တည်း။ အဒါတုံ၊ မပေးခြင်းငှါ။ န လဗ္ဘတိ၊ မရအပ်။ ဟိ၊ မှန်၏။ တေံ၊ ဤသို့ ပေးခြင်းသည်။ ဝိနယကမ္မမတ္တံ၊ ဝိနည်း ကံမျှသာတည်း။ တေန၊ ထိုရဟန်းသည်။ တံ၊ ထိုသင်္ကန်းကို။ သံဃဿ ဝါ၊ အားရင်း။ ဂဏဿ ဝါ၊ အားရင်း။ ပုဂ္ဂလဿ ဝါ၊ အားရင်း။ ဒိန္နမေဝ၊ (အပိုင်)ပေးအပ်သည်သာလျှင်။ န ဟောတိ၊ မဟုတ်။ (ဝိ၊ ဋ္ဌ၊ ၂။ ၂၂၄)။

(ဘ) နိဿဋ္ဌဝတ္ထုံ၊ စွန့်အပ်သော ဝတ္ထုကို။ ဣဒံ၊ ဤဝတ္ထုကို။ ဣမိနာ၊ ဤရဟန်းသည်။ မယှံ၊ ငါ့အား။ ဒိန္နံ၊ ပေးအပ်၏။ ဣတိ၊ ဤသို့။ သညာယ၊ မိမိဥစ္စာအမှတ်ဖြင့်။ န ပဋိဒေန္တဿ၊ ပြန်မပေးသော ရဟန်းအား။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သည်။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုပေးသော ရဟန်း၏။ သန္တကဘာဝံ၊ ဥစ္စာ၏ အဖြစ်ကို။ ဥ တွာ၊ သိ၍။ လေသေန၊ အရိပ်အမြွက်စကားမျှဖြင့်။ အစ္ဆိန္နန္တေ၊ လုယက်သော ရဟန်းကို။ သာမိကဿ၊ ပိုင်ရှင်ရဟန်း၏။ စုရနိက္ခေပေန၊ ဝန်ချခြင်းဖြင့်။ ဘဏ္ဍံ၊ ဘဏ္ဍာကို။ အဂ္ဃါပေတွာ၊ အဘိုးပြတ်စေ၍။ ကာရေတဗ္ဗော၊ ဆုံးဖြတ်အပ်၏။ (ကခါ၊ ဋ္ဌ။ ၁၅၇)။

(မ) သံဃဿ၊ အား။ နိန္နံ၊ ညွတ်ပြီးသော လာဘ်ကို။ သံဃသောဝ၊ အားသာလျှင်။ ဒေတိ၊ ပေး၏။ (ဝိ၊ ဋ္ဌ၊ ၄။၁၈၂)။

(ယ) ပန၊ ဆက်ဦးအံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣမ၊ ဤသာသနာတော်၌။ ဧကော၊ တပါးသော။ ဘိက္ခု၊ ရဟန်းသည်။ ဝဿံ၊ မိုးလပတ်လုံး။ ဝသတိ၊ နေ၏။ တနည်း၊ ဝဿံ ဝသတိ၊ ဝါဆို၏။ တတ္ထ၊ ထိုကျောင်း၌။ မနုဿာ၊ လူတို့သည်။ သံဃဿ၊ အား။ ဒေမ၊ လှူပါကုန်၏။ ဣတိ၊ ဤသို့။ ဝတွာ၊ ပြောဆို၍။ စီဝရာနိ၊ သင်္ကန်းတို့ကို။ ဒေန္တိ၊ လှူကုန်၏။ (ဝိ၊ ၃။ ၄၁၄)။

(ရ) ယထာ၊ အကြင်သို့သော အခြင်းအရာအားဖြင့်။ ဒါယကာ၊ ဒါယကာတို့သည်။ ဝဒန္တိ၊ ပြောဆိုကြကုန်၏။ တထာ၊ ထိုဒါယကာတို့ ဆိုသောအခြင်းအရာ အားဖြင့်။ ပဋိပဇ္ဇိတဗ္ဗံ၊ ကျင့်အပ်၏။ ဝါ၊ ကျင့်ရမည်။ (ဝိ၊ ဋ္ဌ၊ ၄။ ၉၇။ ဝိ၊ သင်္ဂဟ။ ၂၇၂)။

(လ)ဣမ ပန-စသည်အတွက် ယ-အမှတ်ကြည့်။

ဘိက္ခဝေ၊ တို့။ တာနိ စီဝရာနိ၊ ထိုသင်္ကန်းတို့ကို။ ကထိနဿ၊ ကထိန်ကို။ ယာဝ ဥဗ္ဘာရာယ၊ နုတ်သည်တိုင်အောင်။ တဿေဝ၊ ထို ရဟန်းအားသာလျှင်။ အနုဇာနာမိ . ခွင့်ပြုတော်မူ၏။ ( ဝိ၊ ၃။ ၄၁၄ )။

( ဝ ) တဿေဝ တာနိ စီဝရာနိ ယာဝ ကထိနဿ ဥဗ္ဘာရာတိ၊ ကား။ ဂဏပူရကော၊ ဂိုဏ်းကို ပြည့်စေတတ်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို။ လဘိတွာ၊ ရ၍။ ကထိနံ၊ ကထိန်ကို။ အတ္ထတံ၊ ခင်းအပ်သည်။ သစေ ဟောတိ၊ အကယ်၍ ဖြစ်အံ့။ ပဉ္စ မာသေ၊ ငါးလတို့ပတ်လုံး။ တဿေဝ ဘိက္ခုနော၊ ထိုရဟန်း၏ သာလျှင်။ တာနိ စီဝရာနိ၊ ဆိုသင်္ကန်းတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကထိနံ၊ ကို။ အတ္ထတံ၊ သည်။ နော စေ ဟောတိ၊ အကယ်၍ မဖြစ်အံ့။ ဧကံ စီဝရမာသမေဝ၊ သင်္ကန်းလ တလပတ်လုံးသာလျှင်။ တဿေဝ ဘိက္ခုနော၊ သာလျှင်။ တာနိ စီဝရာနိ၊ တို့သည်။ ဟောန္တိ၊

ကုန်၏။ ။ပ။ဟိ-သစ္စံ၊ မှန်၏။ ဣဒံ၊ ဤ ဆိုအပ်သည်ကား။ ဝေဿ၊ ဤ တဿေဝ တာနိ စီဝရာနိ ယာဝ ကထိနဿ ဥဗ္ဘာရာ-ဟူသော စကား၌။ လက္ခဏံ၊ မှတ်ကြောင်း လက္ခဏာတည်း။ ယေန တေနာကာရေန၊ အကြင်သို့သော အခြင်းအရာဖြင့်။ သံဃဿ၊ သံဃာ၏။ ဥပ္ပန္နံ၊ ဖြစ်ပေါ်သော။ ဝတ္ထုံ၊ အဝတ်သည်။ အတ္ထတကထိနဿ၊ ခင်းအပ်ပြီးသော ကထိန်ရှိသောသံဃာအား။ ပဉ္စ မာသေ၊ ငါးလ တို့ ပတ်လုံး။ ပါပုဏာတိ၊ ရောက်၏။ အနတ္ထတကထိနဿ၊ မခင်းအပ်သော ကထိန်ရှိသော သံဃာအား။ ဧကံ၊ တခုသော။ စီဝရမာသံ၊ သင်္ကန်းလပတ်လုံး။ ပါပုဏာတိ၊ ရောက်၏။ (ဝိ၊ ဋ္ဌ၊ ၃။ ၄၁၁။ ဝိ၊ သင်္ဂဟ။ ၂၅၈)။

(သ) စ၊ ဆက်ဦးအံ့။ သံဃော ဣမံ ကထိနဒုဿံ ဣတ္ထန္နာမဿ ဘိက္ခုနော ဒဒေယျ ကထိနံ အတ္ထရိတုန္တိ ဧတ္ထ-ဟူသော ဤပါဠိ၌။ သံဃောတိ ဧသော သဒ္ဒေါ၊သံဃော-ဟူသော ဤသဒ္ဒါသည်။ ဒါ ဓာတုယာ၊ ဒဒေယျ၌ ဒါ-ဓာတ်၏။ ကတ္တာ၊ ကတ္တားသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခုနောတိ ဧတံ ပဒံ၊ ဘိက္ခုနော-ဟူသော ဤသဒ္ဒါသည်။ ဒါ-ဓာတုယာ၊ ဒဒယျေ-၌ ဒါ-ဓာတ်၏(ထည့်)။ သမ္ပဒါနံ၊ သမ္ပဒါန်တည်း။ ပန၊ အထူးကို ဆိုဦးအံ့။ ဣမ၊ ဤအရာ၌။ သံဃဿ၊ လက်ခံ သံဃာ၏။ တသ္မိံ စီဝရေ၊ ထိုပုဂ္ဂိုလ်အားရောက်သော ပုဂ္ဂလိက သင်္ကန်း၌။ အနိဿရဘာဝတော၊ အစိုးမရသည်၏ အဖြစ်ကြောင့်။ သံဃော၊ သံဃာသည်။ ကတ္တာ၊ ကတ္တားသည်။ န ဟောတိ၊ မဖြစ်။ ဘိက္ခု၊ ရဟန်းသည်။ ပဋိဂ္ဂါဟလက္ခဏာဘာဝတော၊ ခံယူခြင်း လက္ခဏာ မရှိသည်၏ အဖြစ်ကြောင့်။ သမ္ပဒါနံ၊ သမ္ပဒါန်သည်။ န ဟောတိ၊ မဖြစ်။ ဧဝမ္ပိ၊ ဤသို့လည်း။ ဝိရောဓော၊ ဆန့်ကျင်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ (ဝိနယာလင်္ကာရ၊ ဋီ၊ ၂။၉၉)။

(ဟ) တဿ၊ ထို ကထိန်ဒါယကာ ကျင့်ဝတ်ကို မသိသော ဒါယကာအား။ ဧဝံ၊ ဤသို့။ အာစိက္ခိတဗ္ဗံ၊ ပြောကြားအပ်၏။ ဝါ၊ ဖြေကြားအပ်၏။ တိဏ္ဏံ၊ သုံးထည်ကုန်သော၊ စီဝရာနံ၊ သင်းပိုင် ကိုယ်ဝတ် ဒုကုဋ္ဌ ဟုဆိုအပ်သောသင်္ကန်းတို့တွင်။ အညတရပ္ပဟောနကံ၊ သင်္ကန်း တထည် ထည် လောက်သော။ ဝတ္ထံ၊ အဝတ်ကို။ သူရိယုဂ္ဂမနသမယေ၊ နေထွက်ရာ အခါ၌။ ကထိနစီဝရံ၊ ကထိန်သင်္ကန်းကို။ ဒေမ၊ ပေးလှူကြပါကုန်၏။ ဣတိ၊ ဤသို့။ ဝတွာ၊ လျှောက်ကြား၍။ ဒါတုံ၊ ပေးလှူခြင်း ငှါ။ ဝဋ္ဋတိ၊ သင့်၏။ ။လ။ယာဂုဘတ္တာဒိ၊ ယာဂုဆွမ်းကိုလည်း။ ဒါတုံ၊ ငှါ။ ဝဋ္ဋတိ၊ ၏။ ဣတိ၊ သို့။ အာစိက္ခိတဗ္ဗံ၊ ၏။ (ဝိ၊ ဋ္ဌ၊ ၃။ ၃၇၉။ ဝိ၊ သင်္ဂဟ။ ၂၉၇)။

(ဌ) ပန၊ အဘိုတပါးကား။ ဧဝံ၊ ဤသို့။ ကထိနေ၊ ကထိန်ကို။ အတ္ထတေ၊ ခင်းအပ်ပြီး သည် ရှိသော်။ ကထိနစီဝရေန၊ ကထိန်သင်္ကန်းနှင့်။ သဒ္ဓိံ ၊ အတူတကွ။ အာဘတံ၊ ဆောင်ယူလာအပ်သော။ အာနိသံသံ၊ ထီး, ဘိနပ် စသော အာနိသင်ကို။ ဒါယကာ၊ ကထိန်ဒါယကာတို့သည်။ ယေန၊ အကြင်ရဟန်းသည်။ အမှာကံ၊ တပည့်တော်တို့၏။ ကထိနံ၊ ကထိန်သင်္ကန်းကို။ ဂဟိတံ၊ ခံယူအပ်၏။ တဿေဝ၊ ထိုရဟန်းအားသာလျှင်။ ဒေမ၊ ပေးလှူကြပါကုန်၏။ ဣတိ၊ ဤသို့။ ဝတွာ၊ ၍။ သစေ ဒေန္တိ၊ အကယ်၍ ပေးလှူကုန်အံ့။ ဧဝံ ဒေန္တေသု၊ ဤသို့ ပေးလှူကုန်သော်။ ဘိက္ခုသံဃော၊ သည်။ အနိဿရော၊ အစိုးမရ။ အထ၊ သို့မဟုတ်။ အဝိစာရေတွာဝ၊ မစိစစ်မူ၍ သာလျှင်။ ဒတွာ၊ ပေးလှူကုန်၍။ သစေ ဂစ္ဆန္တိ၊အကယ်၍ သွားကုန်အံ့။ ဧဝံ ဂစ္ဆန္တေသု၊

ဤသို့ သွားကုန်သော်။ ဘိက္ခူသံဃော၊ ရဟန်းသံဃာသည်။ ဝုဋ္ဌာတိ၊ ပြီးဆုံးသည်မည်၏။ (ဝိ၊ ဋ္ဌ၊ ၃။ ၃၉၀။ ဝိ၊ သင်္ဂဟ။ ၂၉၈၊ ၃၀၀)။

(အ) ပုဗ္ဗေ၊ ကထိန်လ, ကထိန်ခင်းမည့်နေ့မှ ရှေးကာလ၌။ ဒိန္နံ၊ ကြို၍ လှူအပ်သော သင်္ကန်းသည်။ န ဝဋ္ဋတိ၊ မအပ်။ (ဝဇိရ။ ၄၉၂)။

(အာ) ဘိက္ခဝေ၊ တို့။ ဝဿံဝုတ္ထာနံ၊ မိုးလပတ်လုံး နေပြီးကုန်သော။ ဝါ၊ ဝါမှ ထကုန်ပြီးသော။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ကထိနံ၊ ကထိန်ကို။ အတ္ထရိတုံ၊ ခင်းခြင်းငှါ။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ (ဝိ၊ ၃။ ၃၅၁-၂)။

(ဣ) ဝေဠု ပန ဘိက္ခဝေ ကထိနံ အတ္ထရိတဗ္ဗန္တိ ဧတ္ထ၊ ဤ ဝေဠု ပန။ပ။ အတ္ထရိတဗ္ဗံ-ဟူသော ပါဠိ၌။ပ။ ဝုတ္ထဝဿာဝသေန၊ နေအပ်ပြီးသော မိုးလရှိသည်၏အစွမ်းဖြင့်။ ပုရိမိကာယ၊ ပုရိမဝါ၌။ ဝဿံ၊ နေခြင်းသို့။ ဥပဂန္တွာ၊ ကပ်ရောက်၍။ (တနည်း) ဝဿံ ဥပ ဂန္တွာ၊ ဝါဆိုပြီး၍။ ပဌမပဝါရဏာယ၊ သီတင်းကျွတ်လပြည့်နေ့ဟု ဆိုအပ်သော ပဌမ ပဝါရဏာ၌။ ပဝါရိတာ၊ ပဝါရဏာပြုကုန်ပြီးသော ရဟန်းတို့သည်။ လဘန္တိ၊ ရကြကုန်၏။ ဆိန္နဝဿာ ဝါ၊ ပြတ်သော ဝါရှိကုန်သော ရဟန်းတို့သည်ငင်း။ ဝါ၊ ဝါကျိုး ဝါပြတ်ကုန်သော ရဟန်းတို့သည်ငင်း။ ပစ္ဆိမိကာယ၊ ဝါခေါင်လပြည့်ကျော် တရက်နေ့ဟု ဆိုအပ်သော ပစ္ဆိမဝါ၌။ ဥပဂတာ၊ ဝါကပ်ကြကုန်သော ရဟန်းတို့သည်ငင်း။ ကထိနတ္ထာရံ၊ ကထိန်ခင်းခြင်းကို။ န လဘန္တိ၊ မရကြကုန်။ အညသ္မိံ၊ တပါးသော၊ ဝိဟာရေ၊ ကျောင်းတိုက်၌။ ဝုတ္ထ ဝဿာပိ၊ မိုးလပတ်လုံးနေပြီးသော ရဟန်းတို့သည်လည်း။ ကထိနတ္ထာရံ၊ ကို။ န လဘန္တိ၊ ကုန်။ ဣတိ၊ ဤသို့။ မဟာပစ္စရိယံ၊ မဟာပစ္စရိက် အဋ္ဌကထာ၌။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။ ပန၊ ထိုသို့ပင် ကထိန်ခင်းခြင်းကို မရကုန်သော်လည်း။ ပုရိမိကာယ၊ ၌။ ဥပဂတာနံ၊ တို့၏။ သဗ္ဗေ၊ အလုံးစုံကုန်သော ဝါကျိုးသော ရဟန်း, ပစ္ဆိမဝါကပ်သော ရဟန်း, တပါးသောကျောင်းတိုက်၌ ဝါဆိုသောရဟန်းတို့သည်။ ဂဏပူရကာ၊ ဂိုဏ်းကိုပြည့်စေတတ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ အာနိသံသံ၊ ကထိန်အာနိသင် ငါးပါးကို။ န လဘန္တိ၊ ကုန်။ အာနိသံသော၊ သည်။ ဣတရေသံ ယေဝ၊ ဤရဟန်းတို့မှ တပါးသော ပုရိမဝါကပ်၍ ပဌမ ပဝါရဏာ ပြုပြီးသော ရဟန်းတို့အားသာလျှင်။ ဟောတိ၊ ဖြစ်၏။ (ဝိ၊ ဋ္ဌ၊ ၃။ ၃၈၈။ ဝိ၊ သင်္ဂဟ။ ၂၉၇။)

(ဤ) ပရိက္ခိတ္တဿ၊ တံတိုင်း စသည်ဖြင့် ကာရံအပ်သော။ အာရာမဿ၊ အရာမ်၏။ပရိက္ခေပံ၊ တံတိုင်း စသော အကာအရံကို။ အတိက္ကာမေန္တိယာ၊ ကျော်လွန်စေသော ရဟန်းမအား။ ပါစိတ္တိယာ၊ ပါစိတ်မည်သော။ အာပတ္တိ၊ အာပတ်သည်။ အဿ၊ ဖြစ်၏။ (ဝိ၊ ၂။ ၄၀၄။)

(ဥ) ပရိက္ခိတ္တဿ၊ သော။ အာရာမဿ၊ ၏။ အန္တောအာရာမေ၊ အရာမ်၏ အတွင်းသည်။ အဇ္ဈာရာမော နာမ၊ အဇ္ဈာရာမ မည်၏။ အပရိက္ခိတ္တဿ၊ တံတိုင်း စသည်ဖြင့် မကာရံအပ်သော။ အာရာမဿ၊ ၏ (ထည့်။) ဥပစာရော၊ ခဲနှစ်ကျအရပ်ဟု ဆိုအပ်သော ဥပစာသည်။ အဇ္ဈာရာမော နာမ၊ အဇ္ဈာရာမ မည်၏။ (ဝိ၊ ၂။ ၂၁၂။)

အပရိက္ခိတ္တဿ၊ တံတိုင်းစသည်ဖြင့် မကာရံအပ်သော။ အာရာမဿ၊ ၏။ ဥပစာရံ၊ ခဲနှစ်ကျအရပ်ဟု ဆိုအပ်သော ဥပစာကို။ ဩက္ကမန္တိယာ၊ သက်ဝင်သော ရဟန်းမအား။ပါစိတ္တိယာ၊ သော။ အာပတ္တိ၊ သည်။ အဿ၊ ၏။

(ဦ) အဇ္ဈာရာမေ ဝါတိ၊ ကား။ ပရိက္ခိတ္တဿ၊ သော။ အာရာမဿ၊ ၏ (ထည့်။) အန္တောပရိက္ခေပေ၊ တံတိုင်းစသော အကာအရံ၏ အတွင်း၌၊ အပရိက္ခိတ္တဿ၊ သော။ အာရာမဿ ၏။ ဒွိန္နံ လေဍ္ဍုပါတာနံ၊ ခဲနှစ်ကျတို့၏။ အန္တော၊ အတွင်း၌။ ဥဂ္ဂဟေတွာ ဝါ၊ကိုယ်တိုင် ကောက်ယူ၍ ငင်း။။ ဥဂ္ဂဟာပေတွာ ဝါ၊ သူတပါးကို ကောက်စေ၍ငင်း။ နိက္ခိပိတဗ္ဗံ၊ ထားအပ်၏။ (ကခါ။ ၂၆၆။)

(ဧ) ဣဒါနိ၊ ယခုအခါ၌။ အာရာမံ၊အရာမ်သို့။ ပဝိသိဿာမိ၊ ဝင်အံ့။ ဣတိ၊ ဤသို့။ မနသိကရိတွာ၊ နှလုံးသွင်း၍။ ဥပါဟနာ၊ ဘိနပ်တို့ကို။ ဩမုဉ္စိတွာ၊ ချွတ်၍ ။ပ။ အာရာမော၊ အရာမ်သို့။ ပဝိသိတဗ္ဗော၊ ဝင်အပ်၏။ (ဝိ၊ ၄။ ၃၇၄။)

ဣဒါနိ အာရာမံ ပဝိသိဿာမီတိ ဣမိနာ၊ ဖြင့်။ ဥပစာရသီမသမီပံ၊ ကျောင်းတိုက် ဥပစာရသိမ်၏ အနီးအရပ်ကို။ ဒဿေတိ၊ ပြ၏။ (ဝိ၊ ဋ္ဌ၊ ၄။ ၁၁၇။)

(ဩ) ကထိနတ္ထာရကေန၊ ကထိန်ခင်းတော့မည် ဖြစ်သော။ တေန ဘိက္ခုနာ၊ ထိုရဟန်းသည်။ သံဃံ၊ သံဃာသို့။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်၍။ ပ။ အနုမောဒထ၊ ဝမ်းမြောက်တော်မူကြပါကုန်လော့။ ဣတိ၊ ဤသို့၊ ဝစနီယာ၊ ပြောဆိုအပ်ကုန်သည်။ အဿု၊ ဖြစ်ကုန်ရာ၏။ ပ။ ကထိနတ္ထာရကေန၊ သော။ တေန ဘိက္ခုနာ၊ သည်။ သမ္ဗဟုလေ၊ များစွာကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သို့။ ဥပသင်္ကမိတွာ၊ ၍။ ပ။ အနုမောဒထ၊ ကုန်လော့။ ဣတိ၊ ဤသို့။ ဝစနီယာ၊ ကုန်သည်။ အဿု၊ ဖြစ်ကုန်ရာ၏။ ပ။ ကထိနတ္ထာရကေန၊ သော။ တေန ဘိက္ခုနာ၊ သည်။ ဧကံ တပါးသော။ ဘိက္ခုံ၊ သို့။ ဥပသင်္ကမိတွာ၊ ၍။ ပ။ အနုမောဒါဟိ၊ လော့။ ဣတိ၊ သို့။ ဝစနီယော၊ သည်။ အဿ၊ရာ၏။ (ဝိ၊ ၅။ ၃၀၉။)

(က) ပန၊ အထူးကို ဆိုဦးအံ့။ ဧကသီမာယ၊ တခုသော ဥပစာရသိမ်၌။ ဝါ၊ ကျောင်းတိုက်ကြီးတခု၌။ဗဟူ၊ များစွာကုန်သော။ ဝိဟာရာ၊ ကျောင်းတို့သည်။ သစေ ဟောန္တိ၊ အကယ်၍ ဖြစ်ကုန်အံ့။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို။ သန္နိပါတေတွာ၊ စုဝေးစေ၍။ ဧကတ္ထ၊ တခုသောကျောင်း၌။ ကထိနံ၊ ကထိန်ကို။ အတ္ထရိတဗ္ဗံ၊ ခင်းရမည်။ (ဝိ၊ ဋ္ဌ၊ ၃။ ၃၉၁။ ဝိ၊ သင်္ဂဟ။ ၃၀၀။)

(ခ) စ၊ ဆက်ဦးအံ့။ တေန၊ ထိုသင်္ကန်းပေးအပ်သော ရဟန်းသည်လည်း။ တသ္မိံ ဧဝသီမာမဏ္ဍလေ၊ ထိုသိမ်အပြင်၌ သာလျှင်။အခိဋ္ဌဟိတွာ၊ကထိန်သင်္ကန်းကို အဓိဋ္ဌာန်တင်၍။ အတ္ထရိတွာ၊ ကထိန်ခင်း၍။ သံဃော၊ သံဃာကို။ အနုမောဒါပေတဗ္ဗော၊ ဝမ်းမြောက်စေအပ်၏။ ဝါ၊ အနုမောဒနာပြုစေရမည်။ (ဝဇိရ။ ၃၉၂။)

(ဂ) ကထိနတ္ထာရံ၊ ကထိန်ခင်းခြင်းကို။ ကေ၊ အဘယ်ရဟန်းတို့သည်။ လဘန္တိ၊ ရကြကုန်သနည်း။ ကေ၊ အဘယ်ရဟန်းတို့သည်။ န လဘန္တိ၊ မရကြကုန်သနည်း။ ဣတိ အယံ၊ ဤသည်

ကား။ ပုစ္ဆာ၊ အမေးတည်း။ တာဝ၊ ရှေးဦးစွာ။ ဂဏနဝသေန၊ ရေတွက်ခြင်း၏ အစွမ်းဖြင့်။ ပစ္ဆိမကောဋိယာ၊ နောက်ဆုံးဖြစ်သော အစွန်းအားဖြင့်။ ဝါ၊ အယုတ်ဆုံးအားဖြင့်။ ပဉ္စ၊ ငါးပါးသော။ ဇနာ၊ ရဟန်းတို့သည်။ လဘန္တိ၊ ရကြကုန်၏။ ဥဒ္ဓံ၊ အထက်၌။ သတသဟဿမ္ပိ၊ တသိန်းသော ရဟန်းသည် သော်မှလည်း။ လဘတိ၊ ရ၏။ (ဝိ၊ ၄၊ ၃။ ၃၀၀။)

(ဃ) ကထိနတ္ထာရံ ကေ လဘန္တိ ။ပ။ န လဘန္တီတိ ဣဒံ ဝစနံ၊ .... .... ဟူသော ဤစကားကို။ အဋ္ဌကထာယ၊ အဋ္ဌကထာ၌။ အတ္ထာရကဿ၊ ကထိန်ခင်းမည် ဖြစ်သော။ ဘိက္ခုနော၊ ရဟန်းအား။ သံဃဿ၊ သံဃာ၏။ ကထိန ဒုဿဿ၊ ကထိန်လျာသင်္ကန်းကို။ ဒါနကမ္မံ၊ ပေးခြင်းအမှုကို။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။ (ဝိ၊ ဝိနိစ္ဆယ၊ ဋီ၊ ၂။ ၂၃၁)။

(ငါ) တသ္မာ၊ ထို့ကြောင့်။ ကတ္ဝာ တိ ပဒံ၊ ကတွာ ဟူသောပုဒ်ကို။ အတ္ထရိတဗ္ဗန္တိပဒေန၊ အတ္ထရိတဗ္ဗံ-ဟူသောပုဒ်ဖြင့်။ သမ္ဗန္ဓိတွ၊ စပ်လိုသော ပုဂ္ဂိုလ်သည်။ သမာန ကာလဝိသေသနံ၊ တူသောကာလရှိသော ကြိယာဝိသေသနကို။ အကတ္ဝာ၊ မပြုမူ၍။ ပုဗ္ဗ ကာလဝိသေသန မေဝ၊ ပုဗ္ဗကာလ ကြိယာဝိသေသန ကိုသာလျှင်။ ကတွာ၊ ပြု၍။ သမ္ဗန္ဓိတဗ္ဗံ၊ စပ်အပ်၏။ (ဝိနယာလင်္ကာရ၊ ဋီ၊ ၂။ ၁၂၆)။

(စ) ပန၊ အဖွင့်တပါးကား။ သံဃံ ဝါ၊ သံဃာကိုငင်း။ ဂဏံ ဝါ၊ ဂိုဏ်းကိုငင်း။ ပုဂ္ဂလံ ဝါ၊ ပုဂ္ဂိုလ်ကိုငင်း။ အနာမသိတွာ၊ မသုံးသင်မူ၍။ ဣဒံ ဟိရည သုဝဏ္ဏံ၊ ဤ ငွေ ရွှေကို။ စေတိယဿ၊ စေတီအား။ ဒေမ၊ ပေးလှူပါကုန်၏။ ဣတိ၊ ဤသို့ငင်း။ ဝိဟာရဿ၊ ကျောင်းအား။ ဒေမ၊ ကုန်၏။ ဣတိ၊ ဤသို့ငင်း။ နဝကမ္မဿ၊ အမှုသစ်အား။ ဒေမ၊ ကုန်၏။ ဣတိ၊ ဤသို့ငင်း။ သစေ ဝဒန္တိ၊ အကယ်၍ ပြောဆိုကုန်အံ့။ ပဋိက္ခိပိတုံ၊ မြစ်ပယ်ခြင်းငှါ။ န ဝဋ္ဋတိ၊ မသင့်။ (ဝိ၊ ၄၊ ၂။ ၂၇၇)။

(ဆ) သံဃံ၊ သံဃာကို။ သန္ဓာယ၊ ရည်ရွယ်၍။ (ဝိဟာရဿ၊ ကျောင်းအား။ ဒေမ၊ ကုန်၏)။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ ဒိန္နံ၊ ပေးလှူအပ်သော ပစ္စည်းဘဏ္ဍာသည်။ ဂရုဘဏ္ဍံ၊ ဂရုဘဏ်သည်။ န ဟောတိ၊ မဖြစ်။ (ဝဇိရ။ ၂၇၇)။

---

### ကျောက်ဖြူမြို့ သာသနာ့ဇောတိကာရုံကျောင်း ဆရာတော် ရှင်နာဂိန္ဒ မေးလျှောက်အပ်သော ဝိနယပုစ္ဆာများ

### ပုစ္ဆာ(၃)ချက်

(၁) ပုဗ္ဗကရဏကို သိခြင်း စသော အင်္ဂါရှစ်ပါးတို့နှင့် မပြည့်စုံသော ရဟန်းသည် ကထိန်သင်္ကန်းကို ခံယူမှုကြောင့် အပြစ်ရှိ မရှိ၊ ၎င်းသင်္ကန်းဖြင့် ကထိန်ခင်းသော် မြောက် မမြောက်။

(၂) အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းပင်ဖြစ်သော်လည်း မိမိမှာ သင်္ကန်းသစ်ရှိပါလျက် ကထိန်သင်္ကန်းကို ခံယူသော် အပြစ်ရှိ မရှိ၊ ၎င်းသင်္ကန်းဖြင့် ကထိန်ခင်းသော် မြောက် မမြောက်။

(၃) အချို့ ဆရာတို့သည် "ကေသိမသ္မိံ ဝါ နာနာသီမသ္မိံ ဝါ နာနူပစာရေ ဝုတ္ထဝဿာပိ န လဘန္တိတိ အဓိပ္ပါယော" ဟူသော ကထိနက္ခန္ဓက အဖွင့် ဝဇိရဗုဒ္ဓိ ဋီကာကို ထောက်၍ တခုသော ကျောင်းတိုက်၌ ဝါဆိုခေတ် အသီးအခြားဖြစ်ခဲ့သော် ကထိန်အသီးသီး ခင်းကောင်း၏ဟု ပြောဆိုကြပါသည်။ ထိုဋီကာကို အနက်ပေး၍ အဓိပ္ပါယ်ကို ဆရာတို့ ယူအပ် မယူအပ် သိချင်ပါသည် ဘုရား။

အထက် ဖော်ပြပါ ပုစ္ဆာများကို ဓမ္မဝိနယနှင့် အညီ အာဂုမ်ယုတ္တိတို့ဖြင့် အမရပူရဆရာတော်ဘုရား ဖြေကြားလိုက်သည်—

## (၁) ပဌမပုစ္ဆာ၏ အဖြေ

သမ္မာ စေ အတ္ထတံ ဟောတိ ကထိနံ၊ တဉ္စေ သီမဋ္ဌော အနုမောဒတိ၊ ဧဝမ္ပိ အတ္ထတံ ဟောတိ ကထိနံ။ (ဝိ၊ ၃။ ၃၅၃။) ယင်းပါဠိတော်၌ ဧဝမ္ပိ ၌ ပိ-ကို ရှု၍—

(၁) သမ္မာ စေ အတ္ထတံ ဟောတိ ကထိနံ၊ ဧဝံ အတ္ထတံ ဟောတိ ကထိနံ။

(၂) တဉ္စေ သီမဋ္ဌော အနုမောဒတိ၊ ဧဝမ္ပိ အတ္ထတံ ဟောတိ ကထိနံ ဟု နှစ်ဝါကျ ခွဲ၍ အဓိပ္ပါယ်ယူရမည်။

ထိုတွင် ပဌမဝါကျဖြင့် မဖောက်မပြန် မှန်ကန်ကျနသော ဝိနယောပဒေသနှင့် အညီ ကထိန်ခင်းအပ်သည်ရှိသော် ကထိန်အခင်းမြောက်သည်ဟု ယထာ ရုတ အဓိပ္ပါယ် လာရှိသည်။

ဖောက်ပြန်ချတ်ယွင်း ဝိနယောပဒေသနှင့် လွတ်ကင်း၍ ကထိန်ခင်းအပ်သည်ရှိသော် ကထိန်အခင်း မမြောက်၊ ခင်းသော်လည်း ခင်းသည် မမည်ဟု ဗျတိရေက အတ္ထာပတ္တိ အဓိပ္ပါယ်ကျရောက် ထွက်ပေါ် လျက်ရှိသည်။

## ဝိနယောပဒေသနှင့် အညီ

ထိုတွင် မဖောက်မပြန် မှန်ကန်ကျန ဝိနယောပဒေသနှင့် အညီ ကထိန်ခင်းခြင်းဟူသည်—

သံဃာသည် ဉတ္တိဒုတိယ ကထိနဒါနကမ္မဝါစာဖြင့် ပေးအပ်ရာဖြစ်သော (ဝတ္တပဋိပတ္တိပါဟက လက္ခဏာရှိသော) ရဟန်းသည်သာ ကထိန်ခင်းအပ် ခင်းကောင်းရကား ထိုရဟန်း၏ ကထိန် ခင်းခြင်းသာတည်း။

သံဃာသည် ဉတ္တိဒုတိယ ကထိနဒါနကမ္မဝါစာဖြင့် အမှတ်မထင် ဟုတ်ဟုတ်ငြားငြား ရဟန်းအား ပေးအပ်သည် မဟုတ်၊ ကထိနတ္ထာရက=ကထိန်ခင်းတတ်သော ရဟန်း, ဝါ၊ ကထိနတ္ထာရဟ= ကထိန်ခင်းထိုက်သော ရဟန်းအားသာ ပေးအပ်သည်။

ထိုကြောင့် ဝိ၊ ၅။ ၃၀၈-၉။ ၌ —

> သံဃေန ကထံ ပဋိပဇ္ဇိတဗ္ဗံ၊ အတ္ထာရကေန ကထံ ပဋိပဇ္ဇိတဗ္ဗံ–
>
> ဟု ပုစ္ဆာနှစ်ချက်ထုတ်ပြီးလျှင်-သံဃေန ဉတ္တိဒုတိယေန ကမ္မေန ကထိနတ္ထာရကဿ ဘိက္ခုနော ဒါတဗ္ဗံ၊ တေန အတ္ထာရကေန ဘိက္ခုနာ တဒဟေဝ ဓောဝိတွာ ဝိမဇ္ဇိတွာ ဝိစာရေတွာ ဆိန္ဒိတွာ ကပ္ပံ ကတွာ ကထိနံ အတ္ထရိတဗ္ဗံ ။ ပ ။ ဝါစာ ဘိန္ဒိတဗ္ဗာဟု ဟောတော်မူအပ်ပြီ။

ယင်းပါဠိတော်၏ ဗျတိရေက အတ္ထာပတ္တိနည်းအားဖြင့်—

သံဃာသည် အကထိနတ္ထာရက=ကထိန်မခင်းတတ်သော၊ အကထိနတ္ထာရဟ=ကထိန်မခင်းထိုက်သော ရဟန်းအား ဉတ္တိဒုတိယ ကမ္မဝါစာဖြင့် ကထိန်လျှာသက်န်းကို မပေးအပ်၊ ပေးသော်လည်း အပေးမမြောက်၊ ထိုရဟန်းသည်လည်း ကထိန်မခင်းအပ်၊ မခင်းထိုက်၊ မခင်းကောင်း။ ကထိန်ခင်းသော်လည်း အခင်းမမြောက်ဟု အဓိပ္ပါယ်သက်ကျ ယွက်ပေါ်လျက်ရှိသည်။

ဤပရိဝါပါဠိတော်၌ ကထိနတ္ထာရက ရဟန်းဟူသည် ကထိနတ္ထာရဟ ရဟန်းပင်တည်း။

ထိုစကား မှန်၏။ ကထိန်ခင်းထိုက်သော ရဟန်းသည်သာ သံဃာပေးအပ်သောသင်္ကန်းဖြင့် ကထိန်ခင်းခြင်း ကြိယာကို ပြီးစေဘတ်သည်။ သံဃာပေးစဉ်က ထိုရဟန်းသည် ကထိန်မခင်းရသေး၊ မချွတ် ကထိန်ခင်းလတ္တံ့ ဖြစ်၍ အပဿမ္ဘာဝီနည် အားဖြင့် ကထိနတ္ထာရက=ကထိန်ခင်းတတ်သော ရဟန်းဟု ဆိုအပ်သည်။

တနည်း ကထိနတ္ထာရံ အရဟတီတိ ကထိနတ္ထာရကော-ဟု ပြု၍ ကထိန်ခင်းထိုက်သော ရဟန်းကို ကထိနတ္ထာရက ဟူ၍၎င်း, ကထိနတ္ထာရဟ ဟူ၍၎င်း ဆိုရသည်။

ထိုကြောင့် ကင်္ခါဝိတရဏီ အဋ္ဌကထာ ၁၅၂ ၌ —

> တံ ခန္ဓကေ ဝုတ္တာယ ဉတ္တိဒုတိယ ကမ္မဝါစာယ ကထိနတ္ထာရဟဿ ဘိက္ခုနော ဒါတဗ္ဗံ-ဟူ၍၎င်း, ထို၏အဖွင့် ဝိနယတ္ထမဉ္ဇူသာ ဋီကာသစ် ၂၇၅။ ၌ ကထိနတ္ထာရကဿာတိ ကထိနံ အတ္ထရိတုံ ဘဗ္ဗဿ-ဟူ၍၎င်း ဖွင့်ပြမိန့်ဟတော်မူအပ်ပြီ။

---

## ကထိန်မြောက် မမြောက်

ကထိနတ္ထာရဟ=ကထိန်ခင်းထိုက်သော ရဟန်းကား ပုဗ္ဗကရဏကို သိခြင်းစသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံရသည်။ ထို အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းသည်သာ ကထိန်ခင်းထိုက် ကထိန်ခင်းကောင်းသည်။ ထိုရဟန်းခင်းအပ်သော်သာ ကထိန်အခင်းမြောက်သည်။

ပုဗ္ဗကရဏကို မသိခြင်းစသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းသည်ကား ကထိန်မခင်းထိုက် ကထိန်မခင်းကောင်း၊ ထိုရဟန်းခင်းသော်လည်း ကထိန်အခင်း မမြောက်ဟု သန္နိဋ္ဌာန်ကျ သိမြင်မှတ်ယူအပ်သည်။

ထိုကြောင့်-ဝိ၊ ၅။ ၃၀၇ ၌—

ကတိဟင်္ဂေဟိ သမန္နာဂတော ပုဂ္ဂလော အဘဗ္ဗော ကထိနံ အတ္ထရိတုံ။
ကတိဟင်္ဂေဟိ သမန္နာဂတော ပုဂ္ဂလော ဘဗ္ဗော ကထိနံ အတ္ထရိတုံ-ဟု ပုစ္ဆာထုတ်ပြီးလျှင်—

အဋ္ဌဟင်္ဂေဟိ သမန္နာဂတော ပုဂ္ဂလော။ ပ။ ပုဗ္ဗကရဏံ ဇာနာတိ၊ ပစ္စုဒ္ဓါရံ ဇာနာတိ၊ အဓိဋ္ဌာနံ ဇာနာတိ၊ အတ္ထာရံ ဇာနာတိ၊ မာတိကံ ဇာနာတိ၊ ပလိဗောဓံ ဇာနာတိ၊ ဥဒ္ဓါရံ ဇာနာတိ၊ အာနိသံသံ ဇာနာတိ၊ ဣမေဟိ အဋ္ဌဟင်္ဂေဟိ သမန္နာဂတော ပုဂ္ဂလော ဘဗ္ဗော ကထိနံ အတ္ထရိတုံ-ဟု-ဟောတော်မူအင်ပြီ။

## ကထိန် မခင်းကောင်းသော ပုဂ္ဂိုလ်

ပုဗ္ဗကရဏအဇာနနစသော အင်္ဂါရှစ်ပါးနှင့် မပြည့်စုံသော ရဟန်း ကထိန်မခင်းထိုက်၊ ကထိန်မခင်းကောင်းဟု ဆိုရာ၌ အထောက်အပံ့ သင်ပြပေးမည့် ခန္ဓကဆောင်၊ ဝါ-ကထိန်ခင်းမှု၌ တတ်ပွန်လိမ္မာသော ဝိနည်းသိမြင် ပညာရှင်တပါးမျှ မရှိ မူ၍ မခင်ထိုက်ပဲလျက် ခင်းသည်ကိုသာ မှတ်ယူရမည်။

အကယ်၍ သင်ပြပေးမည့် ခန္ဓကဆောင်၊ ဝါ-ကထိန်ခင်းမှု၌ တတ်ပွန်လိမ္မာသော ဝိနည်းသိမြင် ပညာရှင်တပါး၏ အထောက်အပံ့ကို ရမူကား-ကထိန်ခင်းမှု၌ လိမ္မာရာရောက်ရကား ကထိန်ခင်းထိုက် ကထိန်ခင်းကောင်းသည်။ ထိုရဟန်း ခင်းအပ်သည်ရှိသော် အခင်းမြောက်သည်ဟု မှတ်ယူသိမြင်ရမည်။

ထိုကြောင့် ဝိ၊ ၄၊ ၃။၃၈၈။ ၌—

သစေ ပုရိမိကာယ ဥပဂတာ ကထိနတ္ထာရကုသလာ န ဟောန္တိ၊ အတ္ထာရကုသလာ ခန္ဓကဘာဏကထေရာ ပရိယေသိတွာ အာနေတဗ္ဗာ။ ကမ္မဝါစံ သာဝေတွာ ကထိနံ အတ္ထရာပေတွာ ဒါနဉ္စ ဘုဉ္ဇိတွာ ဂမိဿန္တိ၊ အာနိသံသော ပန ဣတရေသံယေဝ ဟောတိ-ဟု ဝိနည်းဖြတ်ထုံးတဆူ ဖွင့်ပြ မိန့်ဟတော်မူအပ်ပြီ။

## ဝိနယ သမူဟ ဝိနိစ္ဆယ ၌ကား

မိမိလည်း ကထိန်ခင်းထိုက်သော အင်္ဂါရှစ်ပါးနှင့် မပြည့်စုံ၊ ခန္ဓကဆောင်၊ ဝါ၊ ကထိန်ခင်းမှု၌ တတ်ပွန်လိမ္မာသော ဝိနည်းသိမြင် ပညာရှင်ရဟန်း၏ အထောက်အပံ့သင်ပြမှုကိုလည်း မရမူ၍ ကထိန်ခင်းသော ရဟန်းအား မည့်သည့်အာပတ် အပြစ်ရှိသည်ဟု ပါဠိ အဋ္ဌကထာ ဋီကာ ယုံကြည်ခံ့တင်လောက်သော ရှေးဆရာကြီးတို့၏ အဆုံးအဖြတ် စာစောင်တို့၌ မတွေ့ မမြင်မိ။ **ပါဠိတော် ဂိုဏ်း မင်းကွန်း ဇေတဝန် ဆရာတော်၏** ဝိနယသမူဟ ဝိနိစ္ဆယ၌ကား ဝိနယောပဒေသယုတ္တိ အာဂုမ် မပါ၊ ဒုက္ကဋ်ဟု ကား တွေ့မြင်ရသည်။ဤမျှဖြင့်လည်း ပညာရှင်တို့၏ စိတ်နှလုံးကို နှစ်သိမ့်စေလိမ့်မည် မဟုတ်။ ထိုကြောင့်—

## အတ္တနောမတိ

မိမိအကြိုက် အတ္တနောမတိမျှဖြင့် ဝိနယောပဒေသယုတ္တိ အာဂုမ် ပြလျက် ဆုံးဖြတ်လိုက်အံ့—

"အဋ္ဌဟာဂေဟိ သမန္နာဂတော ပုဂ္ဂလော အာဘဗ္ဗော ကထိနံ အတ္ထရိတုံ"စသော ပရိဝါ ပါဠိ တော် သိက္ခာပုဒ်သည် လောကဝဇ္ဇ သိက္ခာပုဒ်, ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ်တို့တွင် ပဏ္ဏတ္တိဝဇ္ဇ သိက္ခာ ပုဒ် ဖြစ်သည်။ ယင်း ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ် ဟူသည် ဝတ္ထုကိုသော်ငြင်း, ပညတ်တော်ကိုသော်ငြင်း, လွန်ကျူးလိုသော စေတနာ မရှိငြားသော်လည်း ပယ်အပ်သည်ကို ပြုခဲ့သော်ငြင်း, ပြုအပ်သည်ကို မပြုခဲ့သော်ငြင်း အာပတ်အပြစ် ငြိယုက်လျှင်းပါးရာ ဝါ- အာပတ်အပြစ် သင့်ရောက် စွမ်းလောက် ရာဖြစ်သော သိက္ခာပုဒ်တည်း။

ထို့ကြောင့် ဝဇိရဗုဒ္ဓိဋီကာ ၇၂-၇ ၌—

> ဝတ္ထုနော ပညတ္တိယာ ဝါ ဝိတိက္ကမ စေတနာ'ယာဘာဝေပိ ပဋိက္ခိတ္တဿ ကရဏေ, ကတ္တဗ္ဗဿ အကရဏေ ဝါ သတိ ယတ္ထ အာပတ္တိပ္ပသင်္ဂေါ၊ တံ သဗ္ဗံ ဌပေတွာ သုရာပါနံ ပဏ္ဏတ္တိဝဇ္ဇန္တိ ဝေဒိတဗ္ဗံ ဟု မိန့်တော်မူအပ်ပြီ။

**အထက်** ၃၆၅-၌လည်း ထိုအတူ မိန့်သည်၊ အာပတ္တိပ္ပသင်္ဂေါ အရာ၌ အာပတ္တိ ပဟောတိ ဟုသော အဆိုထူးသည်၊ ပသင်္ဂ-ဟူသည် ပဟောနကပင်တည်းဟု အဓိပ္ပါယ်သက်ရောက်သည်။ **ဝိနယ- ယုတ္တိတချက်။**

## ကြောင့်ကြ မစိုက်မှု အနာဒရိယ

ပညတ်တော်ကို မသိပါဘဲလျက် ကထိန်ခင်းခြင်းကြောင့် အင်္ဂါရှစ်ပါးနှင့် မပြည့်စုံသောရဟန်း **အား** အာပတ်မှ မလွတ်နိုင်ရာ။ အဘယ်ကြောင့်နည်း—

သိအောင် သင်ယူအပ် သင်ယူထိုက်သော ကထိန ဝတ်ကို မသိလျှင် သိအောင် သေချာသဏာ သင်ယူရပေမည်။ မသင်ဘဲ မနေရ၊ ထို မသိသောရဟန်း၏ **စေတနာနှင့်တကွ မသင်ယူခြင်းသည်ပင် လျှင် အနာဒရိယ-ပညတ်တော်မူအပ်သော သိက္ခာပုဒ်တော်ကို မရိုသေ မလေးစားခြင်း ဖြစ်သည်။**

ထို့ကြောင့် ဝိ၊ ဋ္ဌ၊ ၃။ ၁၆၁။ ၌—

> အဇာနန္တဿာတိ ဧတ္ထ နိဝါသနဝတ္တံ အဇာနန္တဿ မောက္ခော နတ္ထိ။ **နိဝါသနဝတ္တံ** ဟိ သာခုကံ ဥဂ္ဂဟေတဗ္ဗံ၊ တဿ အနုဂ္ဂဟဏမေဝဿ အနာဒရိယံ။ တံ ပန သဉ္စိစ္စ အနုဂ္ဂဏှန္တဿ ယုဇ္ဇတိ ဟု မိန့်အပ်ပြီ။

ယင်း အဋ္ဌကထာ၌ နိဝါသနဝတ်ကို ဆိုသည်ကား နိဒဿနမျှသာ၊ ခန္ဓကတို့၌ လာသော ဝတ်ဟူသမျှ မသင်မနေရသော ဝတ်တို့ချည်းသာ ဟု မှတ်ယူ သိမြင်အပ်သည်။

ထို့ကြောင့် ကင်္ခါ၊ ဋ္ဌ။ ၂၇၆။ ၌—

တတ္ထ စ ယသ္မာ ဝတ္တက္ခန္ဓကေ ဝုတ္တဝတ္တာနိပိ သိက္ခာပဒဗဒ္ဓေ ဝေလိယာနေဝ ဟောန္တိ-
ဟူ၍ရှင်း၊ အဖွင့် အဘိနဝဋီ ၄၃၆။ ၌—

ဝတ္တက္ခန္ဓကေ ဝုတ္တဝတ္တာနိပီတိ အာဂန္တုကာဝါသိကဂမိကာနုမောဒနဘတ္တဂ္ဂပိဏ္ဍ-
စာရိကာရညသေနာသနဇန္တာဃရာစ္စကုဋီ ဥဇ္ဈာစရိယသဒ္ဓိဝိဟာရိကအန္တေဝါသိက-
ဝတ္တာနိ။ ဣဒဥ္စ နိဒဿနမတ္တံ အညေသမ္ပိ ခန္ဓကဝတ္တာနံ ဧတ္ထေဝ သင်္ဂဟေသ ဣစ္ဆိတဗ္ဗ-
တ္တာ-ဟူ၍ရှင်း မိန့်အပ်ပြီ။ ဝိနယယုတ္တိတချက်။

မိုးခိုးမဆုံး မိုးမဆုံး

ဤသို့ သိအောင် သင်ယူအပ် သင်ယူထိုက်သော ကထိနဝတ်ကို စေတနာနှင့်တကွ သိအောင်
မသင်ယူ ကြောင့်ကြ မစိုက်မှု-ဟူသော အနာဒရိယဖြင့် ကထိန်ခင်းသော ရဟန်းအား ဒိဝါပဋိ-
သလ္လာန သိက္ခာပုဒ် ၌—

တတ္ထ စ ကိဥ္စာပိ ပါဠိယံ "အယံ နာမ အာပတ္တိ" တိ န ဝုတ္တာ၊ ဝိဝရိတွာ နိပန္န-
ဒေါသေန ပန ဥပ္ပန္နေ ဝတ္ထုသ္မိံ "အနုဇာနာမိ ဘိက္ခဝေ ဒိဝါ ပဋိသလ္လီယန္တေန ဒွါရံ
သံဝရိတွာ ပဋိသလ္လီယိတု" န္တိ ဝုတ္တတ္တာ အသံဝရိတွာ ပဋိသလ္လီယန္တဿ ဒုက္ကဋံ ဝုတ္တံ။
ဘဂဝတော ဟိ အဓိပ္ပါယံ ဉတွာ ဥပါလိတ္ထေရာဒီဟိ အဋ္ဌကထာ ဌပိတာ။ "အတ္ထာပတ္တိ
ဒိဝါ အာပဇ္ဇတိ, နော ရတ္တိ" န္တိ ဣမိနာပိ စေတံ သိဒ္ဓံ-ဟူသော ဝိ၊ ဋ္ဌ၊ ၁။ ၂၄၄။
အဋ္ဌကထာ ဝိနယောပဒေသနှင့် အညီရှင်း။

မဟာပစ္စရိယံ ပန "ဧဝံ နိပဇ္ဇန္တော အနာဒရိယ ဒုက္ကဋာပိ န မုစ္စတီ" တိ ဝုတ္တံ- ဟူ
သော ဝိ၊ ဋ္ဌ၊ ၁။ ၂၄၅။ အဋ္ဌကထာ ဝိနယော ပဒေသနှင့်အညီရှင်း။

ဤပါဠိ၌ ဤမည်သော **အာပတ်**ဟု အာပတ် တပ်၍ပင် မဟောငြားသော်လည်း **အနာဒရိယ
ဒုက္ကဋ်အာပတ် သင့်သည်**။ကထိန်လျှာသက်န်းပေးသော သံဃာလည်း ဒုက္ကဋ်အာပတ်မှ မလွတ်ရာဟု
သိမြင် မှတ်ယူရမည်။

ဤမျှသာ **အာပတ်**၏ အပြစ်ရှိသည် မဟုတ်သေး၊ နောက် ဆက်ရောက်လာမည့် အာပတ်
အပြစ်တို့လည်း များစွ။

အနည်းငယ် ရှင်းလင်းပြအံ့—

**ကထိန်**အခင်းမမြောက်လျှင် **အာနိ**သင်မရသို့ဖြစ်ပါလျက် မြောက်သည့် ရသည်ထင်မှက်၍
**အနာ**မန္တစာရ စသည်ကို ၅-လလုံးလုံး လွတ်လွတ် ပြုကျင့်ခြင်းဟူ၍ [illegible] သက်ဆိုင်ရာ သိက္ခာပုဒ်
တို့ဖြင့် နိဿဂ္ဂိပါစိတ်, သုဒ္ဓပါစိတ်, ဒုက္ကဋ်အာပတ် အပြစ်တို့သည် အကန့်အသတ်မရှိ ရောက်လာ
မည်သာ။

ထို့ပြင် ခံယူသော ကထိန်လျှာသင်္ကန်းနှင့် တကွ ၅-လအတွင်း ဖြစ်ပေါ်လာသော အာဂတာ ဂတသံဃိက သင်္ကန်းအဝတ်အထည် ဟူသမျှကို ဥပစာရ သိမ်အတွင်းသို့ ရောက်လာသော ရဟန်းတို့အား မဝေဘန်မူ၍ မိမိတို့ချည်းသာ ဝေဘန်သုံးစွဲခြင်းကြောင့် **အဓမ္မိကပရိဘောဂ** ဖြစ်၍မီးခိုးမဆုံး မိုးမဆုံး ရောက်လာမည့် အာပတ်အပြစ်တို့သည်လည်း အလွန်များကုန်သည်။ လဇ္ဇီရဟန်းကောင်းတို့ အလွန်မှ အလေးမူသင့်သော အရာ၊ ဝေးစွာ ရှောင်ရှားသင့်သော အရာ ဖြစ်သည်ကို သတိကြီးစွာ ဖြစ်စေရာသတည်း။ အယမသ္မာကံ ခန္တိ။

မဟာဝါ စီဝရက္ခန္ဓကသံဃိက စီဝရုပ္ပါဒကထာ, အဋ္ဌစီဝရမာတိကာကထာ ပါဠိအဋ္ဌကထာ, ဝိနယာလင်္ကာရဋီကာ, စတုပစ္စယ ဘာဇနီယကထာ, ကထိနတ္ထာရပိနိစ္ဆယကထာတို့ကို ကြည့်ရှုလေ့လာ၍ **ဂမ္ဘီရဝေဂ** ဖြစ်စေရာသတည်း။

အတ္တနောမတိ ကိဉ္စာပိ၊ ကထိတာ သဗ္ဗဒုဗ္ဗလာ။
တထာပိ နယမာဒါယ၊ ကထိတတ္တာ အဟောပိယာ။

ပဌမ ပုစ္ဆာ၏ အဖြေ ပြီး၏။

## (၂) ဒုတိယပုစ္ဆာ၏ အဖြေ
## အပြစ် ရှိ မရှိ, ကထိန် ပြောက်မပြောက်

ပုဗ္ဗကရဏကို သိခြင်း စသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသောရဟန်းဖြစ်က အခြား ဇိဏ္ဏစီဝရက ရဟန်းမရှိပါမူ မိမိမှာ သင်္ကန်း အသစ်ပင် ရှိငြားသော်လည်း ကထိန်လျှာသင်္ကန်းကို ခံယူထိုက်သည်၊ ခံယူခြင်းကြောင့် အာပတ်အပြစ် တစုံတရာမရှိ၊ ထိုသင်္ကန်းဖြင့် ကထိန်ခင်းသော် အခင်း ပြောက်သည်ဟု မှတ်ပါ။

**ထိုစကား မှန်၏—**

ယော ဇိဏ္ဏစီဝရော-စသော အစီအရင်ကိုကား ဆွေးမြေ့ ဟောင်းနွမ်းသော သင်္ကန်းရှိသော ရဟန်းတို့ ရှိကုန်သော်သာ အလိုရှိအပ်သည်၊ မရှိသော်ကား- န စ ဘိက္ခဝေ သံဃိကံ ယထာဝုစ္စံ ပဋိဗာဟိတဗ္ဗံ၊ ယော ပဋိဗာဟေယျ၊ အာပတ္တိ ဒုက္ကဋဿ-ဟူသော ဝိ၊ ၄။ ၃၁၁။ ၌ လာသော ပါဠိတော် ဝိနယော ဒေသနည်းဖြင့်သာ ဆိုပေသည်။ ရဟန်းအားလုံး သင်္ကန်း ပေါများနေသောအခါ သီတင်းကြီးအား ပေးအပ်သည်၏ အဖြစ် သီတင်းကြီး ခံယူအပ်သည်၏ အဖြစ်သည် အဝုတ္တသိဒ္ဓိနည်းအားဖြင့် ပြီးသည်ဟု ယုံမှားမရှိ သိမြင်မှတ်ယူအပ်သည်။

ထို့ကြောင့် ဝိနယာလင်္ကာရဋီကာ ၂။ ၁၀၈။ ၌—

**သစေ** ဗဟူ ဇိဏ္ဏစီဝရာ၊ ဝုဍ္ဎဿ ဒါတဗ္ဗန္တိ ဣဒံ ကထိန စီဝရဿ သံဃိကတ္တာ "န စ ဘိက္ခဝေ။ ပ။ ဒုက္ကဋဿာ" တိ ဣမိနာ ပါဠိနယေန ဝုတ္တံ။ တေနေဝ နယေန သဗ္ဗေသု ဗလဝစီဝရေသု သန္တေသုပိ ဝုဍ္ဎဿေဝ ဒါတဗ္ဗန္တိ သိဒ္ဓံ-ဟု မိန့် အပ်ပြီ။

ဒုတိယပုစ္ဆာ၏ အဖြေ ပြီး၏။

## (၃) တတိယ ပုစ္ဆာ၏ အဖြေ

### တတိယပုစ္ဆာ အဖြေ၏ အခြေခံ

မေးလျှောက်အပ်သော **ဝဇီရဗုဒ္ဓိဋီကာ** ၏ အယူ သင့်မသင့် သိသာထင်ရှားစေရန် ဝါဆိုခေတ်ကို ရှေးဦးစွာ သဘောမိမိ သိထားသင့်သည်။ ထို့ကြောင့် အရင်းအစ အခြေခံမှ စ၍ ဖြေကြားလိုက်အံ့။

### ဝဿူပနာယိကခေတ်ကား ဥပစာရသိမ်

ဝဿူပနာယိက ခေတ်ဟူသည်—

ဂန္တုံ ဝဋ္ဋတီတိ သတ္တာဟကရဏီယေန ဂန္တုံ ဝဋ္ဋတိ။ ဧပံ ဂစ္ဆန္တေန **စ အန္တော-ဥပစာရသီမာယံ** ဌိတေနေဝ "အန္တောသတ္တာဟေ အာဂစ္ဆိဿာမိ" တိ အာဘောဂံ ကတွာ ဂန္တဗ္ဗံ။ သစေ အာဘောဂံ အကတွာ **ဥပစာရသီမံ** အတိက္ကမတိ၊ ဆိန္နဝဿောဝ ဟောတီတိ ဝဒန္တိ။ သာဋ္ဌီ-၃။ ၂၈၂။

ဂန္တုံ ဝဋ္ဋတီတိ **အန္တောဥပစာရသီမာယံ** ဌိတေနေဝ သတ္တာဟကရဏီယနိမိတ္တံ သလ္လက္ခေတွာ ဣမိနာ နိမိတ္တေန ဂန္တွာ "အန္တောသတ္တာဟေ အာဂစ္ဆိဿာမိ" တိ အာဘောဂံ ကတွာ ဂန္တုံ ဝဋ္ဋတိ။ (ဝိမတိ၊ ၂။ ၁၇၅)။

သတ္တာဟဝါရေန အရုဏော ဥဋ္ဌာပေတဗ္ဗောတိ ဧတ္ထ ဆ ဒိဝသာနိ ဗဟိဒ္ဓါ ဝီတိနာ-မေတွာ သတ္တမေ ဒိဝသေ ပုရာရုဏာ ဧဝ **အန္တောဥပစာရသီမာယ** ပဝိသိတွာ အရုဏံ ဥဋ္ဌာပေတွာ ပုနဒိဝသေ သတ္တာဟံ အဓိဋ္ဌာယ ဂန္တဗ္ဗန္တိ အဓိပ္ပါယော။ (ဝိမတိ၊ ၂။ ၁၇၆)။

ဧဝံ အဝသိတွာ ပုရိမိကာယ ဝဿံ ဥပဂတေန ဘိက္ခုနာ မဟာပဝါရဏာယ အန္တော အရုဏံ အနုဋ္ဌာပေတွာ, ပစ္ဆိမိကာယ ဥပဂတေန စာတုမာသိနိပဝါရဏာယ အန္တော အရုဏံ အနုဋ္ဌာပေတွာ အန္တရာ စာရိကံ ပက္ကမေယျ၊ **ဥပစာရသီမာတိက္ကမေယေဝ** တဿ ဘိက္ခုနော ဒုက္ကဋာပတ္တိ ဟောတီတိ ဒဿေတိ။ (ဝိနယာလင်္ကာရ၊ ၁။ ၄၀၆။)

ဤသို့လျှင် သတ္တာဟကရဏီယ အကြောင်းကြောင့် အာဘောဂပြု၍ (ဝါပန်၍) သွားသော ရဟန်း၏ ဥပစာရသိမ်၏ အတွင်း၌သာ တည်၍ အာဘောဂပြု၍ (ဝါပန်၍) သွားအပ်သည်၏ အဖြစ်ကြောင့် အာဘောဂ မပြုဘဲ (ဝါမပန်ဘဲ) သွားသော ရဟန်းအား ဝါလည်းပြတ်သည်၊ ဒုက္ကဋ်အာပတ်လည်း သင့်သည်၏ အဖြစ်ကို တညီတညွတ်တည်း ပြဆိုတော်မူကြသော ဋီကာကြီးတို့၏ စကားဖြင့် ဝဿူပနာယိက (ဝါဆိုရာ) ခေတ်ကား ဥပစာရသိမ်တည်းဟု **သန္နိဋ္ဌာန်ကျ** သိမြင် မှတ်ယူအပ်သည်။

## ဥပစာရသိမ်

**တဖန် ဥပစာရသိမ်ကို သိသင့်ပြန်သည်၊ ဥပစာရသိမ်ဟူသည်—**

ဥပစာရသီမာ ပရိက္ခိတ္တဿ ဝိဟာရဿ ပရိက္ခေပေန အပရိက္ခိတ္တဿ ပရိက္ခေပါရဟဋ္ဌာနေန ပရိစ္ဆိန္နာ ဟောတိ။ အပိစ ဘိက္ခူနံ ဓုဝသန္နိပါတဋ္ဌာနတော ဝါ ပရိယန္တေ ဌိတဘောဇနသာလတော ဝါ နိဗဒ္ဓဝသနကအာဝါသတော ဝါ ထာမမဇ္ဈိမဿ ပုရိသဿ ဒွိန္နံ လေဍ္ဍုပါတာနံ အန္တော ဥပစာရသီမာ ဝေဒိတဗ္ဗာ။ (ဝိ၊ ဋ္ဌ၊ ၃။ ၄၁၇)။

ပရိက္ခေပါရဟဋ္ဌာနေန ပရိစ္ဆိန္နာတိ ဣမိနာ အပရိက္ခိတ္တဿ ဝိဟာရဿ ဓုဝသန္နိပါတဋ္ဌာနာဒိတော ပဌမလေဍ္ဍုပါတဿ အန္တော ဥပစာရသီမာတိ ဒဿေတိ။ ဣဒါနိ ဒုတိယလေဍ္ဍုပါတဿ အန္တောပိ ဥပစာရသီမာယေဝါတိ ဒဿေတုံ "အပိစာ" တိ အာဒိ မာရဒ္ဓံ။ပ။ ဘိက္ခူနိနံ အာရာမပ္ပဝေသနသေနာသနာပုစ္ဆနာဒိ ပရိဝါသမာနတ္တာရောစန-ဝဿစ္ဆေဒ နိဿယ သေနာသနဂ္ဂါဟာဒိ ဝိဓာနန္တိ ဣဒံ သဗ္ဗံ ဣမိဿာယေဝ ဥပစာ-ရသီမာယ ဝသေန ဝေဒိတဗ္ဗံ။ (သာရတ္ထ၊ ၃။ ၃၄၄)။

"အပိ စာ"တိ အာဒိနာ ပဌမလေဍ္ဍုပါတာဘူတပရိက္ခေပါရဟဋ္ဌာနတော ဗဟိ ဒုတိယ လေဍ္ဍုပါတောပိ ဥပစာရသီမာ ဝေါတိ ဒဿေတိ။ (ဝိမတိ၊ ၂။ ၂၀၂)။

ဤ ဋ္ဌ-ဋီကာ ဆရာကြီးတို့၏ စကားဖြင့် အရံရှိသော ကျောင်းတိုက်ဖြစ်အံ့၊ ကျောင်းနည်းသည် ဖြစ်စေ, များသည် ဖြစ်စေ၊ ကျောင်းအများရှိရာ၌ အသီ.အသီး ဥပစာပရိဝုဏ်ရှိသည် ဖြစ်စေ၊ မရှိသည် ဖြစ်စေ အရာမ်ကျောင်းတိုက်ကြီး၏ အတွင်းသည် တခုသော ဥပစာရသိမ် တည်းဟူ၍ရင်း။

**အရံမရှိသော** ကျောင်းတိုက်ဖြစ်အံ့၊ ကျောင်းနည်းသည် ဖြစ်စေ၊ များသည် ဖြစ်စေ ကျောင်းအများရှိရာ၌ အသီးအသီး ဥပစာပရိဝုဏ်ရှိသည် ဖြစ်စေ,မရှိသည် ဖြစ်စေ၊ အရာမ်ထိုက်ရာ **ခဲတကျ အရပ်**၏ အတွင်းသည်၊ တနည်း–အရာမ်ထိုက်ရာ ပဌမ ခဲတကျ၊ ဒုတိယ ခဲတကျ၏ အတွင်းသည် တခုသော ဥပစာရသိမ် တည်းဟူ၍ရင်း ပြတော်မူ၏။ ပရိက္ခိတ္တဿ ဝိဟာရဿဖြင့် အရာမ်ကျောင်းတိုက်ကား ဝိဟာရတည်းဟူ၍လည်း ပြတော်မူ၏။

### ပညတ်အာဏာတော် သက်, မသက်

ပြဆိုအပ်ပြီးသော တခုသော ဥပစာရသိမ် (ကျောင်းတိုက်) ၏ အတွင်း အသီးအသီး ဥပစာပရိဝုဏ်ရှိသော ကျောင်းအများပင် ရှိသော်လည်း ဥပစာရသိမ် (ကျောင်းတိုက်) တခုလုံး ဝဿူပနာယိက ပညတ်အာဏာတော် သက်သည်၏ အဖြစ်, အသီးအသီး ကွက်ခြား၍ မသက်သည်၏ အဖြစ်ကို—

ဝါဆိုလာဘ် အသီးအသီး ရှိကြ၍ မျဉ်းတားတ်တိုင်း အကာအရံ ဥပစာပရိဝုဏ် အသီးအသီး ရှိကြသော ကျောင်းများစွာရှိသော တခုသော ဥပစာရသိမ် ( ကျောင်းတိုက် ) အတွင်း၌

နှစ်ကျောင်းခံ ဝါကပ် လာဘ်ခံနေသော ရဟန်းအား ကောခိပ္ပါယ=တကျောင်းတွက် အလိုရှိအပ်သော ဝဿာဝါသိက သက်နိုးဝေစုပေးခြင်းကို ခွင့်ပြုတော်မူအပ်သော ဥပနန္ဒဝတ္ထုအဖွင့် အဋ္ဌကထာတို့ဖြင့် မှတ်ယူအပ်၏။

ထိုကြောင့် ဝိ၊ ဋ္ဌ၊ ၃။ ၄၁၃-၌—

ယတ္ထ ဝါ ပန ဗဟုတရန္တိ သစေ ကေသ္မိံ ဝိဟာရေ ဝသန္တော ဣမသ္မိံ သတ္တာဟဝါရေန အရုဏမေဝ ဥဋ္ဌာပေတိ၊ ဧဝံ ပုရိမသ္မိံ ဗဟုတရံ ဝသတိ နာမ။ ပ။ ဣဒဥ္စ နာနာလာဘေဟိ နာနူပစာရေဟိ ကေသီမဝိဟာရေဟိ ကထိတံ ဟူ၍ရင်း—

သာရတ္ထ၊ ၃။ ၃၄၃ ၌—

သတ္တာဟဝါရေန အရုဏမေဝ ဥဋ္ဌာပေတီတိ တံ ဝစနမတ္တမေဝ ကေသ္မိံ ဝိဟာရေ သတ္တာဟကိစ္စာဘာဝတော။ ဣဒန္တိ ကောခိပ္ပါယဒါနံ။ နာနာလာဘေဟီတိ အာဒိသု နာနာ ဝိသုံ ဝိသုံ လာဘော ဧတေသူတိ နာနာလာဘာ၊ ဒွေ ဝိဟာရာ၊ တေဟိ နာနာလာဘေဟိ။ နာနာ ဝိသုံ ဝိသုံ ပါကာရာဒီဟိ ပရိစ္ဆိန္နော ဥပစာရော ဧတေသန္တိ နာနူပစာရာ၊ တေဟိ နာနူပစာရေဟိ။ ကေသီမဝိဟာရေ ကေူပစာရသီမာယံ ဒွိဟိ ဝိဟာရေဟိ ဟူ၍ရင်း—

ဝိမတိ၊ ၂။ ၂၀၀-၌—

"သတ္တာဟဝါရေန အရုဏမေဝ ဥဋ္ဌာပေတီ"တိ ဣဒံ နာနာသီမာဝိဟာရေသု ကတ္တဗ္ဗနယေန ကေသ္မိမ္ပိ ဝိဟာရေ ဒွိသု သေနာသနေသု နိဝုတ္ထဘာဝဒဿနတ္ထံ ဝုတ္တံ၊ အရုဏုဋ္ဌာပနေနေဝ တတ္ထ ဝုတ္ထော ဟောတိ၊ န ပန ဝဿစ္ဆေဒပရိဟာရာယ။ အန္တောဥပစာရသီမာယ ဟိ ယတ္ထ ကတ္ထစိ အရုဏံ ဥဋ္ဌာပေန္တော အတ္တနာ ဂဟိတ-သေနာသနံ အပ္ပဝိဋ္ဌောပိ ဝုတ္ထဝဿော ဧဝ ဟောတိ ဟူ၍ရင်း

တညီတညွတ်တည်း ဖွင့်ပြတော်မူအပ်ပြီ။

ဤသို့ ပြဆိုအပ်ပြီးသော ဝဿူပနာယိက=ဝါဆိုခေတ်ဖြစ်သော ဥပစာရသိမ်(ကျောင်းတိုက်)ကို ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ-၌ ဣမသ္မိံ ဝိဟာရေ၏ အရ ယူအပ်သည်၏ အဖြစ်ကို ယုံမှားမရှိ သိမြင်မှတ်ယူအပ်သည်။ ယင်းသို့ သိမြင်ရသဖြင့် တခုသော ဥပစာရသိမ် (ကျောင်းတိုက်)၏ အတွင်း၌ ဝါကပ်သည်ဖြစ်အံ့၊ ထိုဝဿူပနာယိက ဝိနည်းပညတ် အာဏာတော်သည် ထိုဝါဆိုရာ ဥပစာရသိမ်(ကျောင်းတိုက်)တခုလုံး ပြန့်နှံ့၍တည်သည်၊ ကွက်လပ်မရှိ အနှံ့အပြန့် သက်သည်ဟု ပြီးတော့သည်။

## အသီးအသီး ဝါဆိုဝါကပ်ခြင်း မပြုအပ်

ထိုဆိုအပ်ပြီးသောအာဂုမ်ယုတ္တိတို့ကို ထောက်ထား၍ တခုသော ဥပစာရသိမ်(ကျောင်းတိုက်) အတွင်း၌ အသီးအသီး ဝါဆိုဝါကပ်ခြင်း မပြုအပ်။ ပြုခဲ့သော် ဝဿူပနာယိက ပညတ်တော်နှင့်

ဆန့်ကျင်သည်။ ဆန့်ကျင်သောကြောင့် ရှေးရှေး လဇ္ဇီပေသလ သိက္ခာကာမ ဗဟုဿုတ ဝိနယဓရ မထေရ်ကြီးများသည် တခုသော ဥပစာရသိမ် (ကျောင်းတိုက်ကြီး)ကို အစိတ်စိတ် အမွှာမွှာ ဝါဆိုခေတ် ပိုင်းခြား၍ ဝါကပ်တော်မမူကြ။ ကထိနလာဘ် စသောလာဘ်ကို မြှော်ခေါ်တောင့်တ လောဘပကတိက မဟိစ္ဆာတရား၌ အားကြီးသော နောက်နှောင်းပုဂ္ဂိုလ်တို့သည်သာ မကြာမြင့်မီကမှ ဝိနည်းသစ်ထွင်ကာ ပါဠိအဋ္ဌကထာဋီကာတို့ကို နစ်နစ်နောနော သဘောသက်အောင် မကြံမကြည့် ထင်မိထင်ရာ အစိတ်စိတ်အမွှာမွှာ ဝါဆိုဝါကပ်ကြကုန်သည်။ သီလကို ချစ်သော လဇ္ဇီရဟန်းကောင်းတို့ ဝေးစွာ ရှောင်ရှားသင့်သော ဝိနည်းလက်သစ်ဟု တပ်တပ်ဆင်ထင် သိမြင်မှတ်ယူသင့်သည်။

ဤမျှဖြင့် ဝဿူပနာယိက(ဝါဆိုရာ)ခေတ်ကား ဥပစာရသိမ်ဟူသော ကျောင်းတိုက်ဟု သိသာထင်ရှားပြီ။

## ဥပစာရသိမ်သည် ကထိန်ခင်းရာ သိမ်

ထိုဝဿူပနာယိက(ဝါဆိုရာ)ခေတ်ဖြစ်သော ဥပစာရသိမ်(ကျောင်းတိုက်)သည် ကထိန်ခင်းရာ သိမ်တည်း။

ထိုကြောင့်—

> တတ္ထ ကထိနတ္ထတသီမာယံ မတကစီဝရံ ဝါ ဟောတု-စသော ဝိ၊ ဋ္ဌ၊ ၃။ ၃၈၈။ ယင်းအဋ္ဌကထာ၏ အဖွင့်ဖြစ်သော ဝဇိရဗုဒ္ဓိဋီကာ ၄၈၈-၌ "ကထိနတ္ထတသီမာယ"န္တိ ဥပစာရသီမာယံ-ဟူ၍ရှင်း။

> သစေ ဥပသီမာယ ဗဟူ ဝိဟာရာ ဟောန္တိ-ဟူသော ဝိ၊ဋ္ဌ၊၃။၃၉၁။ ယင်းအဋ္ဌကထာ၏ အဖွင့်ဖြစ်သော ဝဇိရဗုဒ္ဓိဋီကာ ၄၉၀-၌ ဥပသီမာယာတိ ဥပစာရသီမာယာတိ အတ္ထော ယုဇ္ဇတိ-ဟူ၍ရှင်း။

ဝိနယလင်္ကာရဋီကာ ၂။ ၁၁၄-၌—

> တေသံ ဘိက္ခူနံ ဝဿူပနာယိကခေတ္တဘူတာယ ဧဝ ဥပစာရသီမာယ ကထိနတ္ထာရံ ကာတုံ လဘတိ, န အညဥပစာရသီမာယ။ ဝုတ္တဉှိ အဋ္ဌကထာယံ "အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာပိ န လဘန္တီတိ မဟာပစ္စရိယံ ဝုတ္တ"န္တိ-ဟူ၍ရှင်း။

ဝဿူပနာယိက (ဝါဆိုရာ) ခေတ်ဖြစ်သော ဥပစာရသိမ်၏ ကထိန်ခင်းရာသိမ်၏ အဖြစ်ကို သေသေသပ်သပ် ဖွင့်ပြအပ်ပြီ။

## ဝိဟာရဥပစာရ

ပြဆိုအပ်ပြီးသော အဋ္ဌကထာ ၄၁၃-စသည်၌ "ဥပသီမဝိဟာရေဟိ ဥပသီမဝိဟာရေ ဥပ-ဥပစာရသီမာယံ"စသည်တို့ဝယ် ဝိဟာရသဒ္ဒါ ကျောင်းတိုက်ဟောတည်း။ "ဥပဝိဟာရေ ဒွေ

ဝိဟာရေ”စသည်တို့ဝယ် ဝိဟာရသဒ္ဒါ နေရာအာဝါသ သေနာသနပရိယာယ် ကျောင်းဟောတည်းဟု ဝိဟာရအရ အရာအားလျော်စွာ ကျောင်းတိုက်ကိုရင်း, ကျောင်းတိုက်အတွင်းရှိ ကျောင်းအသီးသီး ကိုရင်း ယူအပ်သည်၏ အဖြစ်—

“ဥပစာရသီမာ, ဥပစာရသီမံ, အန္တော ဥပစာရသီမာယ” စသည်တို့၌ ဥပစာရအရ ကျောင်းတိုက်ကြီး၏ အကာအရံ ထိုက်ရာ အရပ်တည်း။ “နာနူပစာရေဟိ နာနူပစာရာ” တို့၌ ဥပစာရ အရကား ကျောင်းတိုက်တွင်းရှိ ကျောင်းအသီးသီး၏ အကာအရံ ပရိဝုဏ်တည်း–ဟု အခါအားလျော်စွာ ကျောင်းတိုက်ကြီး၏ အရံကိုရင်း, ကျောင်းတိုက်တွင်းရှိ ကျောင်းအသီးသီး၏ အကာအရံ ပရိဝုဏ်ကိုရင်း ယူအပ်သည်၏ အဖြစ်ကို ခွဲခြားမှတ်သားရာ သတည်း။

ဤမျှ စကားအစဉ်ဖြင့် ကထိနစီဝရလာဘ်၏ သက်ရောက်ရာကား ကထိန်သင်္ကန်း ဖြစ်ပေါ်ရာ ဝါဆိုခေတ်ဖြစ်သည့် တခုသော ဥပစာရသိမ်သာ ဖြစ်သည်။ ကထိန်သင်္ကန်း ဖြစ်ပေါ်ရာ မဟုတ်သော နာနာသီမ=အသီးသီးသော ဥပစာရသိမ်နှင့် ဗဒ္ဓသိမ် စသည် တို့ကား ကထိန စီဝရလာဘ် သက်ရောက်ရာ မဟုတ်ဟု ပြက်ပြက်ထင်ထင် သိမြင်မှတ်ယူရမည်။ ဤတွင်ရွေ့ ဝဇီရဗုဒ္ဓိ ဋီကာဆရာ၏ အယူ သင့်မသင့် သိနိုင်ရန် အခြေခံ စကားပြီး၏။

ဒုတိယပုစ္ဆာ၏ အဖြေ ပြီး၏။

---

## (၄) တတိယ ပုစ္ဆာ၏ အဖြေ

### ဝဇီရဗုဒ္ဓိ ဋီကာဆရာ၏ အယူ သင့် မသင့်

ယခုအခါ မေးလျှောက်အပ်သော ဝဇီရဗုဒ္ဓိ ဋီကာဆရာ၏ အယူ သင့် မသင့် ဆုံးဖြတ်ပေအံ့– ဝဇီရဗုဒ္ဓိ ဋီကာ ၃၇၉-၌——

**စောဒကဆရာက**

(၁) ကျောင်းတိုက်အတွင်းရှိ ကျောင်းများ၌ သူ့ကျောင်းနှင့်သူ အသီးအသီး မျဉ်းတား တံတိုင်း စီး စောင်ရမ်း အကာအရံ ဥပစာပရိဝုဏ်မရှိသော ကေူပစာရ ကေသိမကျောင်း၊

(၂) ကျောင်းတိုက်အတွင်းရှိ ကျောင်းများ၌ သူ့ကျောင်းနှင့်သူ အသီးအသီး မျဉ်းတား တံတိုင်း စီး စောင်ရမ်း အကာအရံ ဥပစာပရိဝုဏ်ရှိသော နာနူပစာရ ကေသိမကျောင်း ဟု နှစ်မျိုးယူ၍ စောဒနာသည်။

(စင်စစ် ကေသိမ ကျောင်းချည်းသာ)

**ပဌမစောဒနာ**

ပဌမ ကေသိမ ကျောင်းအတွင်း တကျောင်း၌ ကထိန်ခင်းသော် ကျန်ကျောင်းများ၌ ဝါကျွတ်သော ရဟန်းတို့ ကထိန်မရကြဟု “အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာပိ န လဘန္တိ”

ဟူသော အဋ္ဌကထာ၌ အဓိပ္ပါယ်ယူလျှင် "သစေ ပန ကေသိမာယ ဗဟူ ဝိဟာရာ ဟောန္တိ၊ သဗ္ဗေ ဘိက္ခူ သန္နိပါတာပေတွာ ကေတ္ထ ကထိနံ အတ္ထရိတဗ္ဗံ၊ ဝိသုံ ဝိသုံ အတ္ထရိတုံ န ဝဋ္ဋတိ" ဟူသော ဝိ၊ဋ္ဌ၊၃။၃၉၁-အဋ္ဌကထာ နှင့် ဆန့်ကျင်ပါသည်၊ မသင့်ပါ ဟု စောဒနာသည်။

## ဒုတိယစောဒနာ

ဒုတိယ နာနာသီမကျောင်းအတွင်း တကျောင်း၌ ကထိန်ခင်းသော် ကျန်ကျောင်းများ၌ ဝါကျွတ်သော ရဟန်းတို့ ကထိန် မရကြဟု အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာပိ န လဘန္တိ–ဟူသော အဋ္ဌကထာ၌ အဓိပ္ပါယ် ယူပြန်လျှင်လည်း ရှင်ဥပနန်အား ကောဓိပ္ပါယာနုမတိ=တကျောင်းမှ တပါးတွက် အလိုရှိအပ်သော ဝဿာဝါသိက သင်္ကန်းလာဘ် ဝေစု ပေးစေ ဟူသော အလိုတော် ခွင့်ပြုချက်နှင့် ဆန့်ကျင်ပါသည်၊ ဤသို့လည်း မသင့်ပါ ဟု စောဒနာသည်။

## ထိုစောဒနာတို့ကို ဖြေဆိုရမည်ကား

"အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာပိ န လဘန္တိ" ဟူသော အဋ္ဌကထာ၌ **အညသ္မိံ ဝိဟာရေ** ၏ အရ `တပါးသော ကျောင်းဟူသည် သင် စောဒက ယူထားသော ကျေူပစာရ ကေသိမ ကျောင်းတိုက် မဟုတ်၊ နာနာသီမကျောင်းတိုက်=ကျောင်းသီး ကျောင်းခြား တိုက်သီး တိုက်ခြား ကိုသာ ယူအပ်သည်။

ထို့ကြောင့် အညသ္မိံ ။ပ။ န လဘန္တိ ဟူသော အဋ္ဌကထာသည် သစေပန ။ပ။ န လဘန္တိ ဟူသော ၄၉၁။ အဋ္ဌကထာနှင့် မဆန့်ကျင်ပါ၊ သင်စောဒနာ သော်လည်း စောဒနာရာ မရောက်။

ထို့ကြောင့် သာရတ္ထ ဋီ၊ ၃။ ၃၃၅-၌—

အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာပိ န လဘန္တီတိ နာနာသီမာယ အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာ ဣမသ္မိံ ဝိဟာရေ ကထိနတ္ထာရံ န လဘန္တီတိ အတ္ထော–

ဟု အတိအကျ ဖွင့်ပြတော်မူအပ်ပြီ။ **ဤသို့သာ ပဌမစောဒနာကို** ဖြေရမည်။

**တဖန်—** ဆိုအပ်ပြီးသော အဋ္ဌကထာ၌ အညသ္မိံ ဝိဟာရေ ၏ အရ တပါးသောကျောင်း ဟူသည် သင်စောဒကယူဆသော ကျောင်းတိုက်မျိုး မဟုတ်မမှန်၊ နာနာသိမ ယူထားသော နာနူပစာရ ကေသိမ ကျောင်းတိုက်လည်း မဟုတ်။ စင်စစ်အဟုတ်သော်ကား နာနာသီမ ကျောင်း တိုက် ကျောင်းသီး ကျောင်းခြား ကိုသာ ယူအပ်သည်။

ထို့ကြောင့် "အညသ္မိံ ။ ပ ။ န လဘန္တိ" ဟူသော အဋ္ဌကထာသည်—

အသီးသီး သူ့ကျောင်းနှင့်သူ ဝဿာဝါသိက လာဘ်ရှိကြ၍ အသီးသီး မျဉ်းတား တံတိုင်းစည်း စောင်းရန်း အကာအရံ ဥပစာ ပရိဝုဏ်ရှိသော ကျောင်းအများရှိသော နာနူပစာရ ကေသိမ

ကျောင်းတိုက်အတွင်း၌ နာနူပစာရ ကျောင်းနှစ်ကျောင်း ဝါကပ်လာဘ်ခံနေသော ရှင်ဥပနန်အား တကျောင်းမှ တပါးတွက် အလိုရှိအပ်သော ဝဿာဝါသိကသင်္ကန်း ဝေစုပေးရန် ခွင့်ပြုတော်မူအပ်သော—

"ဒေထ ဘိက္ခဝေ မောဃပုရိသဿ ဧကာဓိပ္ပါယံ ။ ပ ။ တတော စီဝရပဋိဂ္ဂဟိတော ဒါတဗ္ဗော"ဟူသော ဝိ၊ ၃။၄၁၆။ ရှင်ဥပနန်အား ခွင့်ပြုတော်မူအပ်သော ဧကာဓိပ္ပါယာနုမတိ ပါဠိတော်နှင့် မဆန့်ကျင်ပါ။ သင်စောဒနာသော်လည်း စောဒနာရာ မရောက်။

ထိုကြောင့် ဝိ၊ ဋ္ဌ၊ ၃။၄၁၃-၌—

ဣဒဉ္စ နာနာလာဘေဟိ နာနူပစာရေဟိ ဧကသီမာဝိဟာရေဟိ ကထိတံ၊ နာနာသီမဝိဟာရေ ပန သေနာသနဂ္ဂါဟော ပဋိပ္ပဿမ္ဘတိ။ တသ္မာ တတ္ထ စီဝရပဋိဂ္ဂဟိတော န ပါပုဏာတိ၊ သေသံ ပန အာမိသဘေသဇ္ဇာဒိ သဗ္ဗံ သဗ္ဗတ္ထ အန္တောသီမဂတဿ ပါပုဏာတိ ဟူ၍ရှင်း,

သာရတ္ထဋီ၊ ၃။၃၄၃-၌—

ဣဒန္တိ ဧကာဓိပ္ပါယဒါနံ-ဟူ၍ရှင်း ဖွင့်ပြမိန့်ဆိုအပ်ပြီ။

ဤသို့သာ ဒုတိယာ စောဒနာကို ဖြေရမည်။

ဤသို့ ဖြေသင့်သည်ကို မဖြေမူ၍

သစေ ပန စသော-၄၉၁-အဋ္ဌကထာ, ဧကာဓိပ္ပါယာနုမတိ ဝိ၊ ၃။ ၄၁၆။ ပါဠိတော်နှင့် မဆန့်ကျင်စေရန် ဟူသော အလိုဖြင့် တဖြင့်တခြား အဖြေများကို ဖြေကြားမိလေသည်။

ထိုဆရာ၏ အဖြေကား—

အဝိရောဓော ဝ ဣစ္စိတဗ္ဗော အပ္ပဋိသိဒ္ဓတ္တာ။ တသ္မာ ဧကသီမသ္မိံ ဝါ နာနာသီမသ္မိံ ဝါ နာနူပစာရေ အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာပိ န လဘန္တီတိ အဓိပ္ပါယော-ဟု ဖြစ်သည်။

ဤအဖြေ၌ နှစ်ဝိကပ်ခွဲ၍—

"ဧကသ္မိံ ဝါ နာနူပစာရေ အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာပိ န လဘန္တိ"ဟူသော ပဌမဝိကပ်သည် ရှင်ဥပနန်၏ ဧကာဓိပ္ပါယာနုမတိနှင့် ဆန့်ကျင်လျက်ပင် ဖြစ်သည်။ သည်သာမကသေး "နာနာသီမာယ အညသ္မိံ ဝိဟာရေ ဝုတ္ထာဿာ ဣမသ္မိံ ဝိဟာရေ ကထိနတ္ထာရံ န လဘန္တီတိ အတ္ထော" ဟူသော သာရတ္ထဋီ၊ ၃။၃၃၅-နှင့်လည်း ဆန့်ကျင်သည်သာ။

"နာနာသီမသ္မိံ နာနူပစာရေ အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာပိ န လဘန္တိ" ဟူသော ဒုတိယ ဝိကပ်ကား မဆန့်ကျင်ပေ။ နာနာသီမဖြစ်က နာနူပစာရ ဖြစ်သည်ချည်းဖြစ်၍ စကားထပ်သော အပြစ်မျှသာ ရှိသည်။ ယထာဘူတ ကထနဝိသေသနသော်လည်း ကြံရာသည်။

**ထိုကြောင့် ဤဝဇိရဗုဒ္ဓိဋီကာဆရာ၏ စောဒနာသောဓနာစကားရပ်သည် မသင့်သည်သာဟု ကေန်ဆတ်ဆတ် သိမြင်မှတ်ယူအပ်သည်။**

**အနက်။** ကေသီမသ္မိံ၊ တခုသော ဥပစာရသိမ်၌။ နာနူပစာရေ၊ အသီးအသီးသော မျဉ်းတား တံတိုင်းစီးရမ်း အကာအရံ ဥပစာပရိဝုဏ်ရှိသော။ အညသ္မိံ၊ တပါးသော။ ဝိဟာရေ ဝါ၊ ကျောင်း၌ရှင်း။ နာနာသီမသ္မိံ၊ အသီးသီးသော ဥပစာရသိမ်၌။ဝါ-အသီးအခြားဖြစ်သော ကျောင်းတပါး တိုက်တပါး၌။ နာနူပစာရေ၊ သော။ အညသ္မိံ၊ သော။ ဝိဟာရေ ဝါ၊ ၌ရှင်း။ ဝုတ္ထဝဿာပိ၊ ထပြီးကျွတ်ပြီးသော ဝါရှိသော ရဟန်းတို့သည်လည်း။ န လဘန္တိ၊ မရ ကုန်။ ဣတိအယံ အဓိပ္ပါယော၊ ဤအဋ္ဌကထာဆရာ၏ အလိုတော်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

## စလင်းဂဏ္ဌိ ဆရာတော်

**မှတ်ချက်။** စလင်းဂဏ္ဌိဆရာတော်ကား ဤစောဒနာ သောဓနာအရာ၌ လာသော ကေသီမ နာနာသီမတို့၏ အရ ဗဒ္ဓသိမ်ကိုချည်း ယူ၍ အဓိပ္ပါယ် ကောက်တော်မူသည်။

ထိုစလင်း ဂဏ္ဌိဆရာ၏ အယူသည်—

"ကထိနတ္ထတသီမာယန္တိ ဥပစာရသီမံ သန္ဓာယ ဝုတ္တံ"ဟူသော ၄ဂဂ-ဝဇိရဗုဒ္ဓိဋီကာ၏ ရှေးစကား, ကေသီမာယာတိ ကေဥပစာရသီမာယာတိ အတ္ထော ယုဇ္ဇတိ-ဟူသော ၄၉ဝ-ထိုဆရာ၏ နောက်စကားတို့ကို ထောက်၍ ဝဇိရဗုဒ္ဓိဋီကာဆရာ၏ အလိုအယူ မဟုတ်။ ထို ဂဏ္ဌိဆရာ၏ သင့်စမ်းမည်ထင်သော အယူမျှသာ-ဟု သိမှတ်ရမည်။

ထိုဂဏ္ဌိဆရာသည် အဆိုအမိန့် မငြိမ် မသက်၊ ဖေါက်ဗက်ခတ်လှသည်။ ရှေးက ဤဝဇိရဗုဒ္ဓိ စကားကို ခံတည်သောအားဖြင့် ဆိုအပ်သော စကားမဟုတ်ဟု ဆိုခဲ့ပြီးလျှင် နောက် လဒ္ဓဂုဏ် ဝိနိစ္ဆယကျဘော့ သင့်ကြောင်း ပြောပြန်သည်။ သည်သာ မကသေး၊ သာရတ္ထဋီကာကိုပင် ဝဇိရ နှင့် အလားတူ ဖွင့်လေဟန် ကောက်ချက်ချပြန်သည်။ ထိုကြောင့် စကားမရှုပ်ထွေးစေရန် ဤ၌ မဖော်ပြလိုက်ပေ။

## ဂရုဟိတဗ္ဗ အယူဝါဒသာ

ယထာဘူတ ကျန မှန်ကန်စွာ ယူအပ်ပြီးသော ဝဇိရဗုဒ္ဓိဋီကာကို ထောက်၍ တခုသောကျောင်း တိုက်၌ ဝါဆို ခေတ်သီးခြားဖြစ်သော် ကထိန်အသီးသီး ခင်းကောင်း၏ဟု ပြောဆိုကြသည်ကား ဝဇိရဗုဒ္ဓိဋီကာစကား သင့်မသင့်ကိုလည်း သဘောမိမိ မသိမြင်၊ တခုသော ဥပစာရသိမ် (ကျောင်းတိုက်) သည် တခုသော ဝါဆိုခေတ် ဖြစ်သည်ကိုလည်း ယထာဘူတ မယူဆတတ်။

ဝဿူပနာယိက ပညတ် အာဏာတော်သည် တခုသော ဥပစာရသိမ်(ကျောင်းတိုက်ကြီး)ကို ပွဲနှံ၍ သက်သည့်အစိတ်စိတ် အမွှာမွှာ သီးသန့်ကွက်ခြား၍ မသက်သည်ကိုလည်း ဉာဏ်မြင်မလင်းရှာ၊ ဝိနည်းအရာ·မလိမ္မာ သောကြောင့်သာ ပြောဆိုယူဆမိကြသည် ဖြစ်ရာသည်၊ လဇ္ဇီပေသလ သိက္ခာကာမ ရဟန်းကောင်းမှန်သမျှ စွန့်ပစ်ပယ်ချ ကဲ့ရဲ့ ရှုံ့ချအပ်သော ဂရဟိတဗ္ဗ အယူဝါဒသာ ဖြစ်သည်။ မသင့်ပါဟု သန္နိဋ္ဌာန်ကျ သိမြင်ယူရမည်။

> သာရတ္ထ ဝိမတိ စသော ရှေးဋီကာကြီးများ ယုံကြည်ခုံတင်ထိုက်သော ဝိနိစ္ဆယပြု ဝိနယညူဆရာတော်ကြီးများ တလုံးတပါဒမျှ အဆိုအမိန့် မပြုကြ, လျစ်လျူရှုကာ ကျင့်သုံးမှု မပြုခဲ့ကြသည်ကိုလည်း သတိမူရာသတည်း။

ဥပစာရသိမ်(ကျောင်းတိုက်)တခုသည် ဝဿူပနာယိက (ဝါဆို) ခေတ် ဖြစ်သည်။ ထို ဝဿူပနာယိက (ဝါဆို)ခေတ်တခုလုံး ခြုံ၍ ဝဿူပနာယိက ပညတ် အာဏာတော်နှံ့, ကွက်ခြားမရှိ သက်သည်တို့ကို အောက် ခြေခံစကားရပ်၌ ယုတ္တိ အာဂုမ် ဝိနယောပဒေသ တို့ဖြင့် ထုတ်ပြခဲ့ပြီ၊ ပြန်၍ ကြည့်ရှုမှတ်သားရာသတည်း။

## တတိယ ပုစ္ဆာ၏ အဖြေ ပြီး၏။

ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့် ကျောက်ဖြူမြို့ သာသနဓဇောတိကာရုံ ဆရာတော် ရှင်နာဂိန္ဒ မေးလျှောက်အပ်သော အမေးပုစ္ဆာ (၃) ချက်ကို သာသနာတော် စည်ပင်ထွန်းလင်းစေရန် ရည်သန်တောင့်တလျက် ယုတ္တိအာဂုမ်နှင့် တကွ ဝိနယောပဒေသ ထင်စွာပြလျက် မန္တလေးမြို့ ဘုရားကြီးတိုက် အမရပူရ ဆရာတော်ဘုရား ဖြေကြား ဆုံးဖြတ်သော ဝိမတိဝိနောဒနီကထာသည် ၁၃၃၇-ခု ပြာသိုလဆန်း ၁၅-ရက် ဗုဒ္ဓဟူးနေ့တွင် အပြီးသတ်သတည်း။

## အနက်ပြန်ဆိုခြင်း

ဤအဆုံးအဖြတ်၌ ပါသော ပါဠိအဋ္ဌကထာ စသည်တို့ကို က–ခ စသည် အမှတ်စဉ် တပ်၍ အနက် ပြန်ဆိုလိုက်အံ့——

(က) သမ္မာ၊ မဖောက်မပြန် မှန်ကန်စွာ။ ကထိနံ၊ ကထိန်ကို။ အတ္ထတံ၊ ခင်းအပ်သည်။ စေ ဟောတိ၊ အကယ်၍ ဖြစ်အံ့။ ဧဝမ္ပိ၊ ဤသို့ ခင်းအပ်သော်လည်း။ ကထိနံ၊ ကထိန်ကို။ အတ္ထတံ၊ ခင်းအပ်သည်။ ဟောတိ၊ ၏။ တံ၊ ထို ခင်းအပ်ပြီးသော ကထိန်ကို။ သီမဋ္ဌော၊ ဥပစာရသိမ်၌ တည်သော ရဟန်းသည်။ စေ အနုမောဒတိ၊ အကယ်၍ အနုမောဒနာ ပြုအံ့။ ဧဝမ္ပိ၊ ဤသို့ အနုမောဒနာ ပြုအပ်သော်လည်း။ ကထိနံ၊ ကို။ အတ္ထတံ၊ သည်။ ဟောတိ၊ ၏။ ပိ၊ ၃။ ၃၅၃။

(ခ) သံဃေန၊ သံဃာသည်။ ကထံ၊ အဘယ်သို့။ ပဋိပဇ္ဇိတဗ္ဗံ၊ ပြုကျင့်အပ်ပါသနည်း။ အတ္ထာရကေန၊ ကထိန်ခင်းမည့် ရဟန်းသည်။ ဝါ- ကထိန်ခင်းထိုက်သော ရဟန်းသည်။ ကထံ၊ အဘယ်သို့။ ပဋိပဇ္ဇိတဗ္ဗံ၊ နည်း။

သံဃေန၊ သံဃာသည်။ ဉတ္တိဒုတိယေန၊ ဉာတ်လျှင် နှစ်ကြိမ်မြောက်ရှိသော။ ကမ္မေန၊ ကမ္မဝါစာဖြင့်။ ကထိနတ္ထာရကဿ၊ ကထိန်ခင်းမည်ဖြစ်သော။ ဝါ၊ ကထိန်ခင်းခြင်းကို ထိုက်သော။ ဘိက္ခုနော၊ ရဟန်းအား။ တံ ကထိနဒုဿံ၊ ထို ကထိန်လျှာ သင်္ကန်းကို။ ဒါတဗ္ဗံ၊ ပေးရမည်။ အတ္ထာရကေန၊ သော။ တေန ဘိက္ခုနာ၊ ထိုရဟန်းသည်။ တဒဟေဝ၊ ထိုသင်္ကန်းရသောနေ့၌ သာလျှင်။ ဓောဝိတွာ၊ ဖွတ်လျှော်၍။ ဝိမဇ္ဇိတွာ၊ နယ်၍။ ဝိစာရေတွာ၊ ပဥ္စခန်း စသည်ကို စီစစ်၍။ ဆိန္ဒိတွာ၊ ဖြတ်၍။ သိဗ္ဗေတွာ၊ ချုပ်၍။ ရဇိတွာ၊ ဆေးဆိုး၍။ ကပ္ပံ၊ ကပ္ပဗိန္ဒု-ထိုးခြင်း အမှုကို။ ကတွာ၊ ပြု၍။ ကထိနံ၊ ကထိန်ကို။ အတ္ထရိတဗ္ဗံ၊ ခင်းရမည်။ ။ပ။ ဝါစာ ဘိန္ဒိတဗ္ဗာ– နှုတ် မြွက်အပ်၏။ ဝိ၊ ၅။ ၃၀၈-၉။

(ဂ) တံ စီဝရံ၊ ထိုသင်္ကန်းကို။ ခန္ဓကေ၊ မဟာဝါခန္ဓက (ဝိ၊ ၃။ ၃၅၂) ၌။ ဝုတ္တာယ၊ ဟောတော်မူအပ်သော။ ဉတ္တိဒုတိယကမ္မဝါစာယ၊ ဉတ္တိဒုတိယကမ္မဝါစာဖြင့်။ ကထိနတ္ထာရဟဿ၊ ကထိန်ခင်းခြင်းငှါ ထိုက်သော။ ဘိက္ခုနော၊ ရဟန်းအား။ ဒါတဗ္ဗံ၊ ပေးရမည်။ ကင်္ခါ။ ၁၅၂။

(ဃ) ကထိနတ္ထာရဟဿာတိ-ဟူသည်ကား။ ကထိနံ၊ ကထိန်ကို။ အတ္ထရိတုံ၊ ခင်းခြင်းငှါ။ ဘဗ္ဗဿ၊ ထိုက်သော။ ကင်္ခါ၊ ဋီ၊ သစ်။ ၂၇၅။

(င) ကတိဟိ၊ အဘယ်မျှ အတိုင်းအရှည်ရှိကုန်သော။ အင်္ဂေဟိ၊ အကြောင်းအင်္ဂါရပ်တို့ နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ကထိနံ၊ ကထိန်ကို။ အတ္ထရိတုံ၊ ခင်းခြင်းငှါ။ အဘဗ္ဗော၊ မထိုက်သနည်း။

ကတိဟိ၊ သော။ အင်္ဂေဟိ၊ နှင့်။ သမန္နာဂတော၊ သော။ ပုဂ္ဂလော၊ သည်။ ကထိနံ၊ ကို။ အတ္ထရိတုံ၊ ငှါ။ ဘဗ္ဗော၊ ထိုက်သနည်း။

အဋ္ဌဟိ၊ ရှစ်ပါးကုန်သော။ အင်္ဂေဟိ၊ နှင့်။ သမန္နာဂတော၊ သော။ ပုဂ္ဂလော၊ သည်။ ကထိနံ၊ ကို။ အတ္ထရိတုံ၊ ငှါ။ ဘဗ္ဗော၊ ထိုက်၏။

ပုဗ္ဗကရဏံ၊ ၇-ပါးသော ပုဗ္ဗကရဏကို။ ဇာနာတိ၊သိ၏။ ပစ္စုဒ္ဓါရံ၊ ၃-ပါးသော ပစ္စုဒ္ဓိုရ်ပြု ခြင်းကို။ ဇာနာတိ၊ သိ၏။ အဓိဋ္ဌာနံ၊ ၃-ပါးသော အဓိဋ္ဌာန်တင်ခြင်းကို ဇာနာတိ၊ သိ၏။အတ္ထာရံ၊ ကထိန်ခင်းခြင်းကို။ ဇာနာတိ၊ သိ၏။ မာတိကံ၊ ရှစ်ပါးသောမာတိကာ ကို၊ ဇာနာတိ၊ သိ၏။ ပလိဗောဓံ၊ ၂-ပါးသော ပလိဗောဓကို၊ ဇာနာတိ၊ သိ၏။ ဥဒ္ဓါရံ၊ ကထိန်နုတ်ခြင်း ၉-မျိုးကို။ ဇာနာတိ၊ သိ၏။ အာနိသံသံ၊ ကထိန်အာနိသင် ၅-ပါးကို။ ဇာနာတိ၊ သိ၏။ ဣမေဟိ အဋ္ဌဟိ အင်္ဂေဟိ၊ ဤ ၈-ပါးသော အကြောင်းအင်္ဂါတို့နှင့်။ သမန္နာဂတော၊ သော။ ပုဂ္ဂလော၊ သည်။ ကထိနံ၊ ကို။ အတ္ထရိတုံ၊ ငှါ။ ဘဗ္ဗော၊ ထိုက်၏။ ဝိ၊ ၅။ ၃၀၇။

(စ) ပုရိမိကာယ၊ ပုရိမဝါ၌။ ဝါ-ဝါဆိုလပြည့်ကျော် တရက်နေ့၌။ ဥပဂတာ၊ ဝါသို့ကပ်ကုန် သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ ကထိနတ္ထာရကုသလာ၊ ကထိန်ခင်းခြင်း၌ လိမ္မာ ကျွမ်းကျင်ကုန် သည်။ သစေ န ဟောန္တိ၊မဖြစ်ကုန်ငြားအံ့။ အတ္ထာရ ကုသလာ၊ ကထိန်ခင်းခြင်း၌ လိမ္မာ ကျွမ်း ကျင်ကုန်သော။ခန္ဓကဘာဏကတ္ထေရာ၊ ကထိနက္ခန္ဓက ဘာဏက စသည့် ဝိနည်းဓိုရ် ထေရ်တို့ကို။

ပရိယေသိတွာ၊ ရှာမှီး၍။ အာနေတဗ္ဗာ၊ ပင့်ဆောင်အပ်ကုန်၏။ ကမ္မဝါစံ၊ ကမ္မဝါစာကို။ သာဝေတွာ၊ ကြားစေပြီး၍။ ဝါ-ရွတ်ဖတ်ပြီး၍။ ကထိနံ၊ ကထိန်ကို။ အတ္ထရာပေတွာ၊ (ပုရိမဝါကပ်သည့် ကျောင်းနေရဟန်းတို့ကို) ခင်းစေပြီး၍။ ဒါနဥ္စ၊ ဆွမ်းခဲဘွယ် စသည့် လှူဘွယ်ဒါနကိုလည်း။ ဘုဥ္ဇိတွာ၊ စားသောက်၍။ ဂမိဿန္တိ၊ ကြွသွားကုန်လတ့်။ အာနိသံသော ပန၊ ကထိန်အာနိသင် ၅-ပါးသည်ကား။ ဣတရေသံယေဝ၊ ပုရိမဝါကပ်သည့် ကျောင်းနေရဟန်းတို့အားသာလျှင်။ ဟောတိ၊ ဖြစ်၏။ ဝိ၊ ဌ၊ ၃။ ၃၀၀။ ဝိ၊ သင်္ဂဟ။ ၂၉၇။

(ဆ) ဝတ္ထုနော ဝါ၊ ဝတ္ထုကိုငြင်း။ ပညတ္တိယာ ဝါ၊ ပညတ်ကိုငြင်း။ ဝီတိက္ကမစေတနာယ၊ လွန်ကျူးလိုသော စေတနာ၏။ အဘာဝေပိ၊ မရှိငြားသော်လည်း။ ပဋိက္ခိတ္တဿ၊ မြစ်ပယ်အပ်သော အမှုကို။ ကရဏေ၊ ပြုခြင်းသည်။ သတိ ဝါ၊ ရှိသော်ငြင်း ကတ္တဗ္ဗဿ၊ ပြုလုပ်သင့်သော အမှုကို။ အကရဏေ၊ မပြုခြင်းသည်။ သတိ ဝါ၊ ငြင်း။ ယတ္ထ၊ အကြင် သိက္ခာပုဒ်၌။ အာပတ္တိပ္ပသင်္ဂေါ၊ အာပတ်သင့် ညီဘွယ်ဖြစ်၏။ သုရာပါနံ ဌပေတွာ၊ သုရာပါနသိက္ခာပုဒ်ကို ချန်ထား၍။ တံ သဗ္ဗံ၊ ထိုအလုံးစုံသော သိက္ခာပုဒ်ကို။ ပဏ္ဏတ္တိဝဇ္ဇန္တိ၊ ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ်ဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဝဇီရ။ ၇၂-၃။

(ဇ) အဇာနန္တဿာတိ ဧတ္ထ- အဇာနန္တဿ ဟူသော ပါဌ်၌။အတ္ထော၊ အနက်ကို။ ဧဝံ၊ ဤဆိုလတ့်နည်းဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။ နိဝါသနဝတ္တံ၊ သင်းပိုင် ဝတ်ပုံဝတ်နည်း ကျင့်ဝတ်ကို။ အဇာနန္တဿ၊ မသိသောရဟန်းအား။ မောက္ခော၊ အာပတ်မှ လွတ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဟိ သစ္စံ၊ မှန်၏။ နိဝါသနဝတ္တံ၊ ကို။ သာဓုကံ၊ ကောင်းစွာ။ ဥဂ္ဂဟေတဗ္ဗံ၊ (ဆရာထံမှ) သင်ယူရမည်။ တဿ နိဝါသနဝတ္တဿ၊ ထိုသင်းပိုင် ဝတ်ပုံ ဝတ်နည်း ကျင့်ဝတ်ကို။ အနုဂ္ဂဟဏမေဝ၊ မသင်ခြင်း သည်သာလျှင်။ အဿ ဘိက္ခုနော၊ ထိုရဟန်း၏။ အနာဒရိယံ၊ မရိုသေခြင်းမည်၏။

ပန၊ ဆက်။ တံ အာပတ္တိတော အမောက္ခနံ၊ ထိုအာပတ်မှ မလွတ်ခြင်းသည်။ သဥ္စိစ္စ၊စေတနာ ရှိသည်ဖြစ်၍။ အနုဂ္ဂဏှန္တဿ၊ မသင်ယူသော ရဟန်းအား။ ယုဇ္ဇတိ၊ သင့်၏။ ဝိ၊ ဌ၊ ၃။ ၁၆၁။

(ဈ) စ၊ ဆက်။ ဧတ္ထ၊ဤ သေခိယ အခန်း၌။ ဝတ္တက္ခန္ဓကေ၊ စူဠဝါဝတ္တက္ခန္ဓက စသည်၌။ ဝုတ္တဝတ္တာနိပိ၊ ဟောတော်မူအပ်သော ကျင့်ဝတ်တို့သည်လည်း။ သိက္ခိတဗ္ဗတ္တာ၊ ကျင့်အပ်ကုန်သည်၏ အဖြစ်ကြောင့်။ သေခိယာနေဝ၊ သေခိယ မည်ကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကင်္ခါ။ ၂၇၆။

(ည) ဝတ္တက္ခန္ဓကေ ဝုတ္တဝတ္တာနိပီတိ ဟူသည်ကား။ အာဂန္တုကပ။ အဋ္ဌေဝါ သိကဝတ္တာနိ၊ အာဂန္တုကဝတ် အာဝါသိကဝတ် ဂမိကဝတ် အနုမောဒနဝတ် ဘတ္တဂ္ဂဝတ် ပိဏ္ဍစာရိကဝတ် အာ-ရညဝတ် သေနာသနဝတ် ဇန္တာဃရဝတ် ဝစ္စကုဋိဝတ် ဥပဇ္ဈာယ်ဝတ် အာစရိယဝတ် သဒ္ဓိဝိဟာ-ရိကဝတ် အန္တေဝါသိက ကျင့်ဝတ် ၁၄-မျိုးတို့တည်း။ ဣဒဥ္စ၊ ဤကျင့်ဝတ် ၁၄-မျိုး ဟူသော ဤ စကားသည်လည်း။ နိဒဿန မတ္တံ၊ ညွှန်းပြကြောင်း နိဒဿန နည်းမျှသာတည်း။ ကသ္မာ၊အဘယ့် ကြောင့်နည်းဟူမူ။ အညေသမ္ပိ၊ ဤ ၁၄-မျိုးမှ တပါးလည်း ဖြစ်ကုန်သော။ ခန္ဓကဝတ္တာနံ၊ စူဠဝါ

မဟာဝါ ခန္ဓက ကျင့်ဝတ်တို့၏။ ဧတ္ထဝ၊ ဤသေခိယသိက္ခာ ပုဒ်တို့၌သာလျှင်။သင်္ဂဟာဿပေါင်း ရုံး ရေတွက်ခြင်း၏။ ဝုတ္တတ္တာ၊ အလိုရှိအပ်သည်၏ အဖြစ်ကြောင့်တည်း။ ကင်္ခါ၊ဋီ၊သစ်။၄၃၆။

(၄) စ၊ ဆက်။ ဧတ္ထ တေသို့ ဒိဝါနိပဇ္ဇနေ၊ ဤနေ့အချိန် အိပ်ခြင်း၌။ ပါဠိယံ၊ ဝိနည်းပါဠိတော်၌။ အယံ နာမ အာပတ္တီတိ၊ ဤမည်သော အာပတ်သင့်၏ ဟူ၍။ ကိဉ္စာပိ န ဝုတ္တာ၊ အကယ်၍ကား ဟောတော်မမူအပ်။ ပန တထာပိ၊ ထိုသို့ပင် မဟောအပ်သော်လည်း။ ဝိဝရိတွာ၊ တံခါးဖွင့်၍။ နိပန္နဒေါသေန၊ အိပ်သောအပြစ်ကြောင့်။ ဝတ္ထုသို့၊ မာတုဂါမ၏ (အိပ်ပျော်နေသည့် ရဟန်းအား) လွန်ကျူးပြုကျင့်သော ဝတ္ထုသည် (ဝိမတိ။ ၁၉၀)။ ဝါ (မာတုဂါမ၏ အိပ်ပျော်နေသည့် ရဟန်းအား) မေထုန်မှီဝဲခြင်းဟူသော ဝတ္ထုသည် (သာရတ္ထ၊ ၂။ ၁၀၈)။ ဥပ္ပန္နေ၊ ဖြစ်ပေါ်လတ်သော်။ ဘိက္ခဝေ၊ ရဟန်းတို့။ ဒိဝါ၊ နေ့အခါ၌။ ပဋိသလ္လီ- ယန္တေန၊ တပါးတည်း ကိန်းအောင်းအိပ်နေသော ရဟန်းသည်။ ဒွါရံ၊ တံခါးကို။ သံဝရိတွာ၊ ပိတ်၍။ ပဋိသလ္လီယိတုံ၊ အိပ်ခြင်းငှါ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ ဣတိ၊ ဤသို့။ ဝုတ္တတ္တာ၊ (ဝိ၊ ၁။ ၄၈-နှာ၌) ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်။ အသံဝရိတွာ၊ တံခါး မပိတ်မူ၍။ ပဋိသလ္လီယန္တဿ၊ အိပ်သော ရဟန်းအား။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်ကို။ (အဋ္ဌ- ကထာယံ)၊ မဟာအဋ္ဌကထာ၌။ (ဝိ၊ သင်္ဂဟ၊ ၂-မှာ ဤအာခေါရပါဌ် ပါသည်)။ ဝုတ္တံ၊ မိန့်ဆို အပ်၏။ ဟိ သစ္စံ၊ မှန်၏။ ဘဂဝတော၊ မြတ်စွာဘုရား၏။ အဓိပ္ပါယံ၊ အလိုဆန္ဒကို။ ဉတွာ၊ သိ၍။ ဥပါလိတ္ထေရာဒီဟိ၊ အရှင်ဥပါလိ စသည် ရဟန္တာမြတ်တို့သည်။ အဋ္ဌကထာ၊ မဟာ အဋ္ဌကထာကို။ ဌပိတာ၊ ထားအပ်၏။

ဒိဝါ (၉၀) အာပဇ္ဇတိ၊ နေ့ခင်း၌သာ အာပတ်သင့်၍။ နော ရတ္တိံ၊ ညအချိန်၌ မသင့် သော။ အာပတ္တိ၊ အာပတ်မျိုးသည်။ အတ္ထိ၊ ရှိ၏။ ဣတိ ဣမိနာပိ၊ ဤပရိဝါ (ဝိ၊ ၅။ ၂၁၃၊ ၂၁၇) ပါဠိတော်အားဖြင့်လည်း။ ဒုက္ကဋာပတ္တိအာပဇ္ဇနံ၊ ဒုက္ကဋ်အာပတ်သင့်ခြင်းသည်။ သိဒ္ဓံ၊ ပြီး၏။ ဝိ၊ ဋ၊ ၁။ ၂၄၂။ ဝိ၊ သင်္ဂဟ။ ၂။

(၄) ပန၊ အထူး။ မဟာပစ္စရိယံ၊ မဟာပစ္စရိက် အဋ္ဌကထာ၌။ ဧဝံ နိပဇ္ဇန္တော၊ ဤသို့ ( တံခါးမပိတ်ဘဲ အိပ်၍ နိုးလာပြီးမှ ထပ်ကာ တဖန် မပိတ်ဘဲ ) အိပ်နေသော ရဟန်းသည်။ အနာဒရိယဒုက္ကဋာပိ၊ (မူလ ဒုက္ကဋ်အာပတ်အပြင်) အနာဒရိယဒုက္ကဋ်အာပတ်မှလည်း။ န မုစ္စတိ၊ မလွတ်။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။

ဝိ၊ ဋ၊ ၁။ ၂၄၅။ ဝိ၊ သင်္ဂဟ။ ၄။

(၃) ဘိက္ခဝေ၊ ရဟန်းတို့။ သံဃိကံ၊ သံဃိကပစ္စည်းကို။ ယထာဝုဍ္ဎံ၊ သီတင်းကြီး အစဉ်အားဖြင့်။ ပရိဂ္ဂဏှိတုံ၊ သိမ်းပိုက်သုံးစွဲခြင်းငှါ။ န ပဋိဗာဟိတဗ္ဗံ၊ မတားမြစ်အပ်, မတားမြစ်ကောင်း။ ယော ဘိက္ခု၊ အကြင် ရဟန်းသည်။ ပဋိဗာဟေယျ၊ တားမြစ်ငြားအံ့။ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဝိ၊ ၄။ ၃၁၁။

(၁) သစေ ဗဟူ ဇိဏ္ဏာစီဝရာ ဟောန္တိ၊ ဝုဍ္ဎဿ ဒါတဗ္ဗ (ဝိ၊ ဋ၊ ၃၊ ၃၇၉။ ဝိ၊ သင်္ဂဟ။ ၂၉၈) န္တိ ဣဒံ-သစေ ဒါတဗ္ဗံ ဟူသော ဤ အဋ္ဌကထာ စကားရပ်ကို။ ကထိနစီဝရဿ၊ ကထိန်သင်္ကန်း၏။

သံဃိကတ္တာ၊ သံဃိကသက်န်း၏ အဖြစ်ကြောင့်။ "န စ ဘိက္ခဝေ။ပ။ ဒုက္ကဋဿာ"တိ ဣမိနာ ပါဠိနယေန၊ "န စ ဘိက္ခဝေ။ပ။ ဒုက္ကဋဿ"ဟူ သော စူဠဝါ ၃၁၁-ပါဠိတော် နည်းအားဖြင့်။ ဝုတ္တံ၊ ဆိုအပ်၏။ ဧတေနေဝ နယေန၊ ဤနည်းဖြင့်သာလျှင်။ သဗ္ဗေသု၊ အလုံးစုံသော ရဟန်းတို့သည်။ ဗလဝစီဝရေသု၊ များသော သင်္ကန်းရှိကုန်သည်။ သန္တေသုပိ၊ ဖြစ်ကုန်သော်လည်း။ ဝုဍ္ဎဿေဝ၊ မထေရ်ကြီးအားသာလျှင်။ ကထိနစီဝရံ၊ ကထိန်သင်္ကန်းကို။ ဒါတဗ္ဗံ၊ ပေးအပ်၏။ ဣတိ၊ ဤသို့သော အနက်သဘောသည်။ သိဒ္ဓံ၊ ပြီး၏။ ဝိနယာလင်္ကာရ၊ ၂။ ၁၀၀။

(ဏ) ဂန္တုံ ဝဋ္ဋတီတိ၊ ဟူသည်ကား။ သတ္တာဟကရဏီယေန၊ ခုနစ်ရက် ပြုဘွယ်ကိစ္စဖြင့်။ ဂန္တုံ၊ သွားခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ စ၊ ဆက်။ ဧဝံ ဂစ္ဆန္တေန၊ ဤသို့သွားသော ရဟန်းသည်လည်း။ အန္တောဥပစာရသီမာယံ၊ ဥပစာရသိမ်အတွင်း, ကျောင်းဝိုင်းအတွင်း၌။ ဌိတေ-နေဝ၊ တည်၍စဉ်သာလျှင်။ အန္တောသတ္တာဟေ၊ ခုနစ်ရက်အတွင်း၌။ အာဂစ္ဆိဿာမီတိ၊ ပြန်လာအံ့ ဟူ၍။ အာဘောဂံ ကတွာ၊နှလုံးသွင်း၍။ ဂန္တဗ္ဗံ၊ သွားရာ၏။ သစေ၊အကယ်၍။ အာဘောဂံ အကတွာ၊ နှလုံးသွင်းမှုကို မပြုမူ၍။ ဥပစာရသီမံ၊ ကျောင်းဝိုင်း အပိုင်းအခြားကို။ အတိက္ကမတိ၊ ကျော်လွန် သွားငြားအံ့။ ဆိန္နဝဿော၀၊ ပြတ်သောဝါရှိသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆရာတို့ ဆိုကုန်၏။ သာရတ္ထ၊ ၃။ ၂၀၂။

(တ) ဂန္တုံ ဝဋ္ဋတီတိ-ဟူသည်ကား။ အန္တော ဥပစာရသီမာယံ၊ ၌။ ဌိတေနေဝ၊ လျှင်။ သတ္တာဟကရဏီယနိမိတ္တံ၊ ခုနစ်ရက်အတွင်း ပြုဘွယ်ကိစ္စ အကြောင်းကို။ သလ္လက္ခေတွာ၊ မှတ်သား၍။ ဣမိနာ နိမိတ္တေန၊ ဤအကြောင်းကိစ္စကြောင့်။ အန္တောသတ္တာဟေ၊ ခုနစ်ရက်အတွင်း၌။ အာဂစ္ဆိဿာမီတိ၊ ၍။ အာဘောဂံ ကတွာ၊ ၍။ ဂန္တုံ၊ သွားခြင်းငှါ။ ဝဋ္ဋတိ၊အပ်၏။ ဝိမတိ။ ၂။၁၇၅။

သတ္တာဟဝါရေန....တဗ္ဗောတိ ဧတ္ထ၊ ဤစကားရပ်၌။ ဆ ဒိဝသာနိ၊ ၆ ရက်တို့ပတ်လုံး။ ဗဟိဒ္ဓါ၊ ကျောင်းဝိုင်း၏ အပြင်ပ၌။ ဝီတိနာမေတွာ၊ အချိန်ကို ကျော်လွန်စေပြီး၍။ သတ္တမေ ဒိဝသေ၊ ၇-ရက်မြောက်နေ့၌။ ပုရာရုဏာ ဧဝ၊ အရုဏ်မတက်မီ၌သာလျှင်။ အန္တောဥပစာရ-သီမာယ၊ သို့။ ပဝိသိတွာ၊ ဝင်၍။ အရုဏံ ဥဋ္ဌာပေတွာ။ အရုဏ်တက်စေပြီး၍။ ပုန ဒိဝသေ၊ နောက်တနေ့၌။ သတ္တာဟံ၊ ခုနစ်ရက်ကို။ အဓိဋ္ဌာယ၊ ဆောက်တည်၍။ ဂန္တဗ္ဗံ၊ သွားရမည်။ ဣတိ အယံ၊ ဤကား။ အဓိပ္ပါယော၊ အဋ္ဌကထာ ဆရာ၏ အလိုတည်း။ ဝိမတိ၊ ၂။ ၁၇၆။

(ထ) ဧဝံ၊ ဤသို့ ဆိုခဲ့ပြီးသည့်အတိုင်း။ အဝသိတွာ၊ ၃-လပြည့်အောင် မနေမူ၍။ ပုရိမိကာယ၊ ဝါဆိုလပြည့်ကျော်တရက် ပုရိမဝါနေ့၌။ ဝဿံ ဥပဂတေန၊ ဝါကပ်သော။ ဘိက္ခုနာ၊ ရဟန်းသည်။ မဟာပဝါရဏာယ အန္တော၊ သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့ရက်၏ အတွင်း၌။ အရုဏံ အနုဋ္ဌာပေတွာ၊ အရုဏ်မတက်စေမူ၍။ အန္တရာ၊ ၎င်း ၃-လ အတောအတွင်း၌။ စာရိကံ၊ လှည့်လည်သွားလာခြင်းသို့။ ပက္ကမေယျ၊ ဖဲခွာသွားငြားအံ့။ တဿ ဘိက္ခုနော၊ ထို ရဟန်းအား၎င်း။ ပစ္ဆိမိကာယ၊ ဝါခေါင်လပြည့်ကျော်တရက် ပစ္ဆိမဝါနေ့၌။ ဝဿံ ဥပဂတေန၊ ဝါကပ်သော။ ဘိက္ခုနာ၊ သည်။ စာတုမာသိနိယာ၊ တန်ဆောင်မုန်း လပြည့်ဖြစ်သော။ မဟာပ-

ရဏာယ၊ ဒုတိယ မဟာပဝါရဏာ နေ့၏။ အန္တော၊ အတွင်း၌။ အရုဏံ အနုဋ္ဌာပေတွာ၊ ၍။ အန္တရာ၊ ၌။ စာရိကံ၊ သို့။ ပက္ကမယျ၊ အံ့၊ တဿ ဘိက္ခုနော၊ ၎င်း။ ဥပစာရသီမာ-တိက္ကမေယဝ၊ ဥပစာရသိမ်=ကျောင်းဝိုင်းကို ကျော်လွန်ချိန်၌ပင်လျှင်။ ဒုက္ကဋာပတ္တိ၊ ဒုက္ကဋ်အာပတ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ ဣမံ အတ္ထံ၊ ဤအနက်သဘောကို။ ဒဿေတိ၊ ပြတော်မူ၏။ ဝိနယာလင်္ကာရ၊ ၁။၄၀၆။

(ဒ) ဥပစာရသီမာ နာမ—ဥပစာရသိမ်=ကျောင်းဝိုင်းသိမ် မည်သည်ကား။ ပရိက္ခိတ္တဿ၊ အကာအရံ တံတိုင်းစည်းစောင်းရန်းရှိသော။ ဝိဟာရဿ၊ ကျောင်းတိုက်၏။ ပရိက္ခေပေန၊ အကာအရံ တံတိုင်းစည်းစောင်းရန်းဖြင့်။ ပရိစ္ဆိန္နော၊ ပိုင်းခြားထားအပ်သော။ ဝါ–ကာရံထား အပ်သော အတွင်းရပ်သည်။ ဟောတိ၊ ဖြစ်၏။ အပရိက္ခိတ္တဿ၊ အကာအရံ တံတိုင်းစည်း စောင်းရန်း မရှိသော။ ဝိဟာရဿ၊ ၏။ ပရိက္ခေပါရဟဋ္ဌာနေန၊ အကာအရံ တံတိုင်းစည်းစောင်း ရန်း ကာရံထားခြင်းငှါ ထိုက်သော အရပ်ဖြင့်။ ပရိစ္ဆိန္နော၊ ပိုင်းခြားသတ်မှတ်အပ်သော အရပ်သည်။ ဟောတိ၊ ဖြစ်၏

အပိ စ၊ တနည်းသော်ကား။ ဘိက္ခူနံ၊ ရဟန်းတော်တို့၏။ ပရိယန္တေ၊ အစွန်းအဖျား၌။ ဓုဝသန္နိပါတဋ္ဌာနတော ဝါ၊ အမြဲစည်းဝေးရာ အရပ်မှ၎င်း။ ဝိတဘောဇနသာလတော ဝါ၊ တည်သော ဆွမ်းစားစရပ်မှသော်၎င်း။ ပရိယန္တေ၊ ၌။ နိဗဒ္ဓဝသနဋ္ဌာနတော ဝါ၊ အမြဲနေသော နေရာဌာနမှသော်၎င်း။ ထာမ မဇ္ဈိမဿ၊ အားအလယ်အလတ်ရှိသော။ ပုရိသဿ၊ ယောကျ်ား၏။ ဒွိန္နံ၊ ၂-ခုကုန်သော။ လေဍ္ဍုပါတာနံ၊ ခဲနှစ်ကျတို့၏၊ အန္တော၊ အတွင်းရပ်ကို။ ဥပစာရသီမာ၊ ဥပစာရသိမ် ဟူ၍၊ ဝေဒိတဗ္ဗာ၊ သိအပ်၏။ ဝိ၊ ဌ၊ ၁။ ၄၁၇။ ဝိသင်္ဂဟ။ ၂၄၉။ ကင်္ခါ၊ ၁၅၉။ ကင်္ခါ။ ၁၅၉။ ( ဝိနယာလင်္ကာရ၊ ဋီ၊ ၂။ ၂၆။ ပါစိတ်၊ ယော။ ၃၀၉။)

(ဓ) ပရိက္ခေပါရဟဋ္ဌာနေန ပရိစ္ဆိန္နာတိ ဣမိနာ ပါဌေန၊ ပရိက္ခေပါ ရဟဋ္ဌာနေန ပရိစ္ဆိန္နာ ဟူသော ဤပါဌ်ဖြင့်။ အပရိက္ခိတ္တဿ၊ အကာအရံ တံတိုင်းစည်းစောင်ရန်းမရှိသော။ ဝိဟာရဿ၊ ကျောင်း၏။ ဓုဝသန္နိပါတဋ္ဌာနတော၊ အမြဲစည်းဝေးရာဌာန အစရှိသောအရပ်မှ။ ပဌမလေဍ္ဍု-ပါတဿ၊ ပဌမ ခဲတကျ၏။ အန္တော၊ အတွင်းအရပ်သည်။ ဥပစာရသီမာ၊ ဥပစာရသိမ်မည်၏။ ဣတိ ဣမံ အတ္ထံ၊ ဤအနက်သဘောကို။ ဒဿေတိ၊ ပြတော်မူ၏။ ဣဒါနိ၊ ယခုအခါ၌။ ဒုတိယ လေဍ္ဍုပါတဿ၊ ဒုတိယခဲတကျ၏။ အန္တောပိ၊ အတွင်းအရပ်သည်လည်း။ ဥပစာရသီမာ ယေဝ၊ ဥပစာရသိမ် မည်သည်သာလျှင်တည်း။ ဣတိ ဣမံ အတ္ထံ၊ ကို။ ဒဿေတုံ၊ ပြခြင်းငှါ။ အပိစာတိ အာဒိ၊ အပိ စ အစရှိသော ဒုတိယ စကားရပ်ကို။ အာရဒ္ဓံ၊ အားထုတ်အပ်၏ ။ပ။

ဘိက္ခုနီနံ၊ ဘိက္ခုနီမတို့၏။ အာရာမပဝေသန သေနာသန ပုစ္ဆနာဒိ၊ အာရာမ်သို့ ဝင်ခြင်း ကျောင်းအိပ်ရာ နေရာကို ကြည့်ရှု မေးမြန်းခြင်းအစရှိသော။ ပရိဝါသမာနတ္တာရောစန ဝဿစ္ဆေဒ-သေနာသနဂ္ဂါဟာဒိ၊ ပရိဝါသ်ကြားခြင်း မာနတ်ကြားခြင်း ဝါပြတ်ခြင်း ကျောင်းအိပ်ရာ နေရာ ကို ခံယူခြင်း အစရှိသော။ ဝိဓာနံ၊ အစီအရင်ကို၎င်း။ ဣတိ ဣဒံ သဗ္ဗံ၊ ဤအလုံးစုံကို။

ဣမိဿာ ယေဝ ဥပစာရသီမာယ၊ ဤဥပစာရသိမ်၏ သာလျှင်။ ဝသေန၊ အစွမ်းဖြင့်။ ဝေဒိတဗ္ဗံ၊ သိမှတ်အပ်၏။ သာရတ္ထ၊ ၃။ ၃၄၄။ ဝိနယာလင်္ကာရ၊ ၂။ ၂၆။

(န) အပိစာဒိ အာဒိနာ၊ အပိ စ အစရှိသော ပါဌ်ဖြင့်။ ပဌမ လေဍ္ဍုပါတ ဘူတ ပရိက္ခေ-ပါရဟဋ္ဌာနတော၊ ပဌမ ခဲတကျဖြစ်သည့် အကာအရံထိုက်သော အရပ်မှ။ ဗဟိ၊ ပြင်ပ၌။ ဒုတိယ လေဍ္ဍုပါတောပိ၊ ဒုတိယ ခဲတကျ အရပ်သည်လည်း။ ဥပစာရသီမာ ယေဝ၊ ဥပစာရသိမ် မည်သည်သာလျှင်တည်း။ ဣတိ ဣမံ အတ္ထံ၊ ကို။ ဒဿေတိ၊ ပြ၏။ (ဝိမတိ၊ ၂။ ၂၀၂။)

(ပ) ယတ္ထ ဝါ ပန ဗဟုတရန္တိ၊ ဟူသည်ကား။ ဧကသ္မိံ ဝိဟာရေ၊ တခုသောကျောင်း၌။ ဝသန္တော၊ ဝါဆိုနေသော ရဟန်းသည်။ ဣတရသ္မိံ ဝိဟာရေ၊ အခြားကျောင်း၌။ သတ္တာဟ-ဝါရေန၊ (နာနာ သီမကျောင်းတိုက် အသီးသီးတို့၌ ဝါပန်သွားသည့်နည်းတူ) ခုနစ်ရက် တကြိမ် အားဖြင့်။ အရုဏမေဝ၊ အရုဏ်ကိုသာလျှင်။ သစေ ဥဋ္ဌာပေတိ၊ အကယ်၍ တက်စေငြားအံ့။ ဧဝံ သတိ၊ ဤသို့ တက်စေလတ်သော်။ ပုရိမသ္မိံ၊ ရှေး ပဌမ ကျောင်း၌။ ဗဟုတရံ၊ သာ၍ ရက် လကြာမြင့်စွာ။ ဝသတိ နာမ၊ နေသည်မည်၏။ ဝါ၊ ဝါဆိုသည် မည်၏ ။ပ။

ဣဒဥ္စ၊ ဤအမုတြ ဥပစ္ဆေ စီဝရ ပဋိဝိဘေ ဒါတဗ္ဗော ဟူသော စကားကိုလည်း။ ဝါ၊ ဤ ကောဓိပ္ပါယဒါန=တဦးပုဂ္ဂိုလ်၏ အလှူငှါ လိုအပ်သော သင်္ကန်းဝေစု ပေးခြင်းကိုလည်း (သာရတ္ထ၊ ၃။ ၃၄၃။) နာနာလာဘေဟိ၊ အထူးထူးသော လာဘ်ရှိကုန်သော။ နာနူပစာရေဟိ၊ ဝင်းခြံ အသီးသီး ရှိကုန်သော။ ဧကသီမ ဝိဟာရေဟိ၊ တူသော ဥပစာရသိမ်ရှိသော (ကျောင်းတိုက်ကြီး တခုအတွင်း၌ တည်ရှိသည့်) ကျောင်းတို့ အနေအားဖြင့်။ ဘာဂဝတာ၊ မြတ်စွာဘုရားသည်။ ကထိတံ၊ ဟောကြားတော်မူအပ်၏။ ဝိ၊ ဋ္ဌ၊ ၃။ ၄၁၃။

(ဖ) သတ္တာဟဝါရေန အရုဏမေဝ ဥဋ္ဌာပေတီတိ ဧတံ-သတ္တာဟ-ဥဋ္ဌာပေတိ ဟူသော ဤစကားရပ်သည်။ ဝစနမတ္တမေဝ၊ (နာနာသီမ ကျောင်းတိုက် အသီးသီးတို့၌ ဝါပန်သွားသည့် နည်းတူ) ဆိုအပ်သော စကားမျှသာလျှင်တည်း။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူ။ ဧကသ္မိံ ဝိဟာရေ၊ ကျောင်းတိုက် တခုတည်း၌။ သတ္တာဟကိစ္စာဘာဝတော၊ သတ္တာဟကိစ္စ=ခုနစ်ရက် အတွင်း ပြန်လာအံ့-ဟု နှလုံးသွင်း၍ ဝါပန်ကြားဘွယ် ကိစ္စ မရှိသောကြောင့်တည်း။

ဣဒန္တိ၊ ဣဒံ ဟူသည်ကား။ ကောဓိပ္ပါယဒါနံ၊ တဦးသော ပုဂ္ဂိုလ်၏ အလှူငှါ လိုအပ်သော သင်္ကန်း ဝေစုပေးခြင်းကို။ နာနာလာဘေဟိတိအာဒိသု၊ နာနာလာဘေဟိ အစရှိသော ပါဌ်တို့၌။ အတ္ထော၊ အနက်ကို။ ဧဝံ၊ ဤဆိုလတ္တံ့သော နည်းဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဧတေသု ဝိဟာရေသု၊ ဤ ကျောင်းတို့၌။ နာနာ ဝိသုံ ဝိသုံ၊ အသီးသီးသော။ လာဘော၊ လာဘ်ကော ဘသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ တေ ဝိဟာရာ၊ ထိုကျောင်းတို့သည်။ နာနာလာဘာ၊ နာနာလာဘ မည်ကုန်၏။ ဒွေ ဝိဟာရာ၊ ကျောင်း ၂-ကျောင်းတို့ကို။ [illegible] ရအပ်ကုန်၏။ တေဟိ နာနာလာဘေဟိ၊ ထို အသီးသီးသော လာဘ်ရှိကုန်သော။ ဧတေသံ-ဝိဟာရာနံ၊ ထိုကျောင်းတို့အား။ နာနာ ဝိသုံ ဝိသုံ၊ သော။ ပါကာရာဒီဟိ၊ တံတိုင်း အစရှိသည် တို့ဖြင့်။ ပရိစ္ဆိန္နေသု၊ ပိုင်းခြားအပ်သော။ ဥပစာရေသု၊ ဥပစာ ကျောင်းတိုက်တို့သည်။ အတ္ထိ၊ ရှိ၏။

ဏ္ဍတိ တသ္မာ၊ ကြောင့်။ နာနူပစာရာ၊ နာနူပစာရ မည်ကုန်၏။ **တေဟိ** နာနူပစာရေဟိ၊ ထိုအသီး အသီးသော တံတိုင်း ဥပစာ အကာအရံ ရှိကုန်သော။ **ကေသိမဝိဟာရေဟီတိ–ဟူသည်ကား။** ကေူပစာရသိမာယံ၊ တခုသော ဥပစာရသိမ်၌။ ဌိတေဟိ၊ တည်ရှိကုန်သော။ ဒွိဟိ ဝိဟာရေဟိ၊ နှစ်ကျောင်းတို့ အနေအားဖြင့်။ သာရတ္ထ၊ ၃၊ ၃၄၃။

(ဗ) သတ္တာဟဝါရေန အရုဏမေဝ ဥဋ္ဌာပေတီတိ ဏ္ဍဒံ၊ သတ္တာဟဝါရေန––ဥဋ္ဌာပေတိ ဟူသော ဤစကားကို။ နာနာသိမ ဝိဟာရေသု၊ မတူသော အပိုင်းအခြား တံတိုင်း **အကာအရံ** ရှိသည့် ကျောင်းတိုက်ကြီးတို့၌။ ကတ္တဗ္ဗနယေန၊ ပြုအပ်သော နည်းအားဖြင့်။

ကေသိမ္ပိ ဝိဟာရေ၊ တခုသော ကျောင်းတိုက်ကြီးအတွင်း၌လည်း။ ဒွိသု သေနာသနေသု၊ ကျောင်းနှစ်ကျောင်းတို့၌။ နိဝတ္ထဘာဝဒဿနတ္ထံ၊ (တလှည့်စီ) နေထိုင်သည်၏ အဖြစ်ကို ပြခြင်း အကျိုးငှါ။ ဝုတ္တံ၊ (အဋ္ဌကထာဆရာ) မိန့်ဆိုအပ်၏။

အရုဏုဋ္ဌာပနေနေဝ၊ အရုဏ်တက်စေခြင်းမျှဖြင့်သာလျှင်။ တတ္ထ၊ ထိုကျောင်း၌။ ဝုတ္ထော၊ နေထိုင်သည်။ ဟောတိ၊ ဖြစ်၏။ ဝဿစ္ဆေဒပရိဟာရာယ၊ ဝါပြတ်ခြင်းမှ ရှောင်လွှဲခြင်းအကျိုးငှါ။ တတ္ထ၊၌။ ဝုတ္ထော၊ သည်။ န ဟောတိ၊ မဟုတ်။ ဟိ သစ္စံ၊ မှန်၏။ **အန္တော** ဥပစာရသိမာယံ၊ ကျောင်းတိုက်ကြီး၏ တံတိုင်းဝင်း,ခြံအတွင်း၌။ ယတ္ထ ကတ္ထစိ၊ တနေရာရာ,တကျောင်းကျောင်း ၌ပင်။ အရုဏံ၊ အရုဏ်ကို။ ဥဋ္ဌာပေန္တော၊ တက်စေသော ရဟန်းသည်။ အတ္တနာ၊ မိမိသည်။ ဂဟိတသေနာသနံ၊ သိမ်းပိုက်ထားအပ်သော ကျောင်းသို့။ အပ္ပဝိဋ္ဌောပိ၊ ဝင်ရောက် မနေထိုင်သော်လည်း။ ဝုတ္ထဝဿော၀၊ ဝါဆိုပြီး ဖြစ်တော့သည်သာလျှင်။ ဟောတိ၊ ၏။

ဝိမတိ၊ ၂။ ၂၀၀။ (ပါခဲ့ပြီ။)

(ဘ) တတ္ထ ကထိနတ္ထတသိမာယံ၊ ထို ကထိန်ခင်းရာ ဖြစ်သည့် တခုသော ဥပစာရသိမ်၊ ကျောင်းဝိုင်းအတွင်း၌။ မတာကစီဝရံ ဝါ၊ ပံ့လွှန်တော်မူသော ရဟန်း၏ သင်္ကန်းသည်မူလည်း။ ဟောတု၊ ဖြစ်စေ။ ဝိ၊ ၄၊ ၃။ ၃၇၇။

(မ) ကထိနတ္ထတသိမာယန္တိ-ဟူသည်ကား။ ကေ ဥပစာရသိမာယံ၊ တခုသော ဥပစာရသိမ် ကျောင်းဝိုင်းအတွင်း၌။ ဝဇိရ။ ၄၇၇။

(ယ) ပန၊ အဖွိုတပါးကား။ သစေ၊ အကယ်၍။ ကေသိမာယ၊ တခုသော ဥပစာရသိမ်၌။ ဝါ၊ ကျောင်းတိုက်, ကျောင်းဝိုင်းကြီး တခုအတွင်း၌။ ဗဟူ၊ များစွာကုန်သော။ ဝိဟာရာ၊ ကျောင်းတို့သည်။ ဟောန္တိ၊ ရှိကုန်ငြားအံ့။ ဝိ၊ ၄၊ ၃။ ၃၉၁။

(ရ) ကေသိမာယာတိ-ဟူသည်ကား။ ကေဉပစာရသိမာယ။ တခုသော ဥပစာရသိမ်၌။ ဝါ၊ ကျောင်းတိုက်ကြီး, ကျောင်းဝိုင်းကြီးတခုအတွင်း၌။

## ၂-သီမာဝိမတိစ္ဆေဒနီ

တပည့် ရေဝတ- ရိုသေစွာ လျှောက်ထားပါသည်ဘုရား—

တပည့်တော်၏ ကျောင်းတိုက်အတွင်း၌ အုတ်နံ့ရံကပ် ပျဉ်ခင်း သိမ်တိုက်တလုံးဆောက်လုပ်ရန် စီစဉ်လျက်ရှိရာ သိမ်နေရာက ကျဉ်းနေပါသဖြင့် ၎င်း သိမ်ကျောင်း၏ အုတ်လှေခါးသည် သိမ်အပြင်ဘက်သို့ ထွက်နေမည် ဖြစ်ပါသည်ဘုရား—

၎င်း သိမ်အုတ်လှေခါးကို သိမ်အပြင်သို့ ထွက်၍ ပြုရန်သင့် မသင့် စာဖြင့် အမိန့်ရှိပါရန် ရိုသေစွာ လျှောက်ထားပါသည် ဆရာတော်ဘုရား။

**သိမ်ပုံမှာ။** ။အနံပေ.... ၂၀၊

အလျားပေ.... ၂၇၊

မြေမှ ကြမ်းခင်းအထိ အမြင့်.... ၄-ပေ၊

လှေခါး အမြင့်.... ၄-ပေ၊

ရှိပါမည်ဘုရား။

**လျှောက်ထားသူ ရေဝတ**

အင်းကောင်းကျောင်း

ကျွန်းလှမြို့

ရွှေဘိုခရိုင်။

### အုတ်လှေခါးထွက်၍ ဆောက်သင့်မသင့်

တပည့်ရေဝတ လျှောက်ထားအပ်သော "သိမ်ဟောင်းနေရာ ကျဉ်းနေသဖြင့် ထိုသိမ်ဟောင်း၏ အပြင်ဘက် အုတ်လှေခါးထွက်၍ သိမ်တိုက် ဆောက်သင့် မဆောက်သင့်" ဟူသော အမေးကို ဝိနယောပဒေသ ပြလျက် အကျဉ်းအားဖြင့် ဆုံးဖြတ်ပေအံ့–

အနုဇာနာမိ ဘိက္ခဝေ သီမံ သမ္မန္နိတုံ ဟူ၍ ဂါမ (အဗဒ္ဓ) သိမ်၌သာ ဗဒ္ဓသိမ်ဖွဲ့ သမုတ်ရန် ဘုရားရှင် ခွင့်ပြုတော်မူသည်။ ထိုဂါမ (အဗဒ္ဓ) သိမ် ဗဒ္ဓသိမ်နှစ်ခုတို့ နိဿယ နိဿိတ၏ ဖြစ်သော (သဘော) အားဖြင့် အချင်းချင်း သဘောတူသည်၏ အဖြစ်သည်၎င်း၊ သမ္ဘေဒအဇ္ဈောတ္ထရဏ- သမ္ဘဝ အဖြစ် မရှိသည်၏ အဖြစ်သည်၎င်း ယခင်ပါဠိဖြင့်ပင် ပြီးသည်။

အနုဇာနာမိ ဘိက္ခဝေ သီမံ သမ္မန္နိတုံ-ဟု ဖွဲ့သမုတ်စဉ် ဗဒ္ဓအချင်းချင်း စပ်ခြင်းအားလျော်သော အားဖြင့် ဖွဲ့သမုတ်ပြီးသည်မှ နောက်ကာလ၌ ဖြစ်ထွန်းပေါက်ပွား ပြုစီရင်အပ်သော သစ်ပင် လှေခါး ကိုးတံတား ငြမ်း စသည် စပ်သော်လည်း အပ်သည်သာ၊ သမ္ဘေဒ အဇ္ဈောတ္ထရဏ သမ္ဘဝ မရှိ။

ထိုကြောင့်– တထာ ဟိ "အနုဇာနာမိ ဘိက္ခဝေ သီမံ သမ္မန္နိတုံ"န္တိ ဂါမသီမာယမေဝ ဗဒ္ဓသီမံ သမ္မန္နိတုံ အနုညာတံ။ တာသံ နိဿယ နိဿိတဘာဝေန သဘာဂတာ, သမ္ဘေဒအဇ္ဈောတ္ထရဏာဒိ ဒေါသာ ဘာဝေါ စ သုတ္တတောဝ သိဒ္ဓေါ။ ဗန္ဓနကာလေ ပန အနုညာတဿ သမ္မန္နဿ အနုလောမတော ပစ္ဆာ သဉ္ဇာတရုက္ခာဒိသမ္ဗန္ဓေပိ တာသံ ဝဋ္ဋတိ ဧဝ-ဟု ဝိမတိ၊ ၂။ ၁၅၀ ၌ မိန့်အပ်ပြီ။

## သုတ္တသုတ္တာနုလောမ

ဤနည်းဖြင့်သာလျှင် အရညနှင့် သတ္တဗ္ဘန္တရ နဒီ သမုဒ္ဒ ဇာတဿရနှင့် ဥဒကုက္ခေပ တို့၏ အချင်းချင်း နိဿယ နိဿိတ၏ အဖြစ်ဖြင့် သဘာဂ၏ အဖြစ်သည်ရှင်း, သမ္ဘေဒ စသော အပြစ်၏ မရှိသည်၏ အဖြစ်သည်ရှင်း သုတ္တ သုတ္တာနုလောမအားဖြင့် ပြီး၏ဟုသိ။

ထိုကြောင့်– ဣမိနာ ဧဝ နယေန အရညသီမာသတ္တဗ္ဘန္တရသီမာနံ နဒိအာဒိ ဥဒကုက္ခေပသီမာနဉ္စ သုတ္တသုတ္တာ နုလော မတော အညမညံ သဘာဂတာ, သမ္ဘေဒါဒိဒေါသာဘာဝေါ စ သိဒ္ဓေါတိ ဝေဒိတဗ္ဗော-ဟု ဝိမတိ၊ ၂။ ၁၅၁-၌ မိန့်အပ်ပြီ။

"န ဘိက္ခဝေ သီမာယ သီမာ သမ္ဘိန္ဒိတဗ္ဗာ။ ပ။ ဒုက္ကဋဿ။ န ဘိက္ခဝေ သီမာယ သီမာ အဇ္ဈောတ္ထရိတဗ္ဗာ။ ပ။ ဒုက္ကဋံ။ ဝိ၊ ၃။ ၁၅၀-ဖြင့် ဗဒ္ဓသိမ်ကို အခြားသော ဗဒ္ဓသိမ်၌ရှင်း, နဒီသမုဒ္ဒ ဇာတဿရတို့၌ရှင်း ဖွဲ့ခြင်းကို ပယ်ခြင်း၏ ပြီးခြင်းသည်ရှင်း ဥဒကုက္ခေပ သတ္တဗ္ဘန္တရ သိမ်တို့ကို နဒီ သမုဒ္ဒဇာတဿရ အရညတို့၌သာ ပြု (ဖွဲ့)ခြင်းငှါ မှတ်ကြောင်းဖြစ်သော–

အဂါမကေ စေ ဘိက္ခဝေ အရညေ သမန္တာ သတ္တဗ္ဘန္တရာ၊ အယံ တတ္ထ သမာနသံဝါသာ ဧကူပေါသထာ။ နဒိယာ ဝါ ဘိက္ခဝေ သမုဒ္ဒေ ဝါ ဇာတဿရေ ဝါ ယံ မဇ္ဈိမဿ ပုရိသဿ သမန္တာ ဥဒကုက္ခေပါ၊ အယံ။ ပ။ ဧကူပေါသထာ။ ဝိ၊ ၃၊ ၁၅၀။၏ အစွမ်းသတ္တိဖြင့် ဗဒ္ဓသိမ် ဂါမသိမ် စသည်တို့၌ ပြု (ဖွဲ့)ခြင်းကို ပယ်ခြင်း၏ ပြီးခြင်းကြောင့် ၎င်း, ထိုဗဒ္ဓဗဒ္ဓချင်း, ဥဒကုက္ခေပ ဥဒကုက္ခေပချင်း, သတ္တဗ္ဘန္တရ သတ္တဗ္ဘန္တရချင်း ဝိသဘာဂ၏ အဖြစ်သည်ရှင်း ဖြစ်ဆဲ (ဖွဲ့ဆဲ) ခဏာ၌ရှင်း နောက်၌ရှင်း သစ်ပင် စသည် (သိမ္ဗ) တို့ဖြင့် ရောယှက်ခြင်း စသောအပြစ်၏ ဖြစ်သင့်ခြင်းသည်ရှင်း- ဆိုအပ်ပြီးသော **သုတ္တသုတ္တာနုလောမအားဖြင့် ပြီးကုန်၏။**

ထိုကြောင့်– ဗဒ္ဓသီမာယ ပန အညာယ ဗဒ္ဓသီမာယ, နဒိအာဒိသီမာသု စ ဗန္ဓိတုံ ပဋိက္ခေပသိဒ္ဓိတော စေဝ ဥဒကုက္ခေပသတ္တဗ္ဘန္တရသီမာနံ နဒိအာဒီသု ဧဝ ကာတုံ နိယမနသုတ္တသာမတ္ထိယေန ဗဒ္ဓသီမာဂါမသီမာဒီသု ကရဏပဋိက္ခေပသိဒ္ဓိတော စ တာသံ အညမညံ ဝိသဘာဂတာ, ဥပ္ပတ္တိက္ခဏေ, ပစ္ဆာ စ ရုက္ခာဒီဟိ သမ္ဘေဒါဒိဒေါသသမ္ဘဝေါ စ ဝုတ္တနယေန သုတ္တသုတ္တာနုလောမတော စ သိဇ္ဈန္တိ-ဟု ဝိမတိ၊ ၂။ ၁၅၁။ ၌ မိန့်အပ်ပြီ။

## အပြစ်ရှိခြင်း မရှိခြင်း အဆုံးအဖြတ်

ထို့ကြောင့် နိယ္ယဃ နိယ္ယိတဖြစ်ကြသော ဂါမနှင့် ဗဒ္ဓ နဒီ သမုဒ္ဒ ဇာတဿရနှင့် ဥဒကုက္ခေပ အရည်နှင့် သတ္တဗ္ဘန္တရ အချင်းချင်း သဘာဂ၊ ဖွဲ့သမုတ်ဆဲခဏ, ဖွဲ့သမုတ်ပြီး နောက်ကာလတို့၌ သစ်ပင် လေ့ခါး ကြိုးတံတား ငြမ်း စသော သီမင္ဂတို့ဖြင့် ရောနှော ယှက်တင် သက်ဝင်လွှမ်းမိုး စပ်သွယ်မှု အပြစ် တစုံတရာ မရှိ။

နိယ္ယဃ နိယ္ယိတ မဟုတ်သော ဗဒ္ဓ ဗဒ္ဓချင်း- ဥဒကုက္ခေပ ဥဒကုက္ခေပချင်း သတ္တဗ္ဘန္တရ သတ္တဗ္ဘန္တရချင်းကား ဝိသဘာဂ၊ ဖြစ်ဆဲ ဖွဲ့သမုတ်ဆဲ ခဏ,ဖြစ်ပြီး ဖွဲ့သမုတ်ပြီး နောက်ကာလတို့၌ သစ်ပင် လေ့ခါး ကြိုးတံတား ငြမ်း စသော သီမင္ဂ တို့ဖြင့် ရောနှောယှက်တင် သက်ဝင်လွှမ်းမိုး စပ်သွယ်မှု အပြစ်ရှိသည်ဟု သန္နိဋ္ဌာန်ကျ မှတ်ယူရမည်။

## သီမန္တရိက် အတွင်းအပြင်

ဆိုအပ်ပြီးသော သာဓကယုတ္တိတို့ကို ထောက်၍ မူလသိမ်ဟောင်း၏ အပြင်သို့ထွက်၍ လေ့ခါး (သီမင္ဂ)ထုတ်လုပ်သည်ရှိသော် ပကတိဂါမဖြစ်သော ပကတိဂါမဟု စိတ်ချရသော သီမန္တရိက် အတွင်း၌သာ ထုတ်လုပ်သင့်သည်။ ပကတိဂါမဟု စိတ်မချရ အမှတ်အသား ပျောက်ကွယ်နေသော ဗဒ္ဓသိမ်ဟောင်းရှိမှု ရှိရာသည်ဟု စိတ်မချရ အာသင်္ကာရှိထိုက်သောသီမန္တရိက်၏ အပြင်သို့ ကျအောင် မထုတ်လုပ်သင့်ဟု ယုံကြည်လေးမြတ် မှတ်ယူအပ်သည်။

ယင်းသို့ သဘာဂ ပကတိ ဂါမသိမ်ဖြစ်သော သီမန္တရိက်အတွင်း ချွဲဆောက်လုပ်အပ်သော သိမ်တိုက်၌ ကံပြုသည်ရှိသော် ထိုသီမန္တရိက်အတွင်း သက်ဆင်းကျရောက်နေသော လေ့ခါးသည် သီမင္ဂဖြစ်သည်။ ထိုသီမင္ဂလေ့ခါးနှင့် ထိစပ်နေသော ရဟန်းကိုသာ ဆန္ဒဆောင်ခြင်း, ဟတ္ထပါသ်သို့ သွင်းခြင်း, လေ့ခါးမှ သက်ဆင်းစေသဖြင့် အပပြုခြင်းတို့ဖြင့် သီမင္ဂသံဃာကို သုတ်သင်၍ ကံပြုသင့်သည်။ ပကတိဂါမသိမ်၌ တည်သော အလုံးစုံသောရဟန်းတို့ကို သုတ်သင်ရမည် မဟုတ်ဟု နိယ္ယသဃ ကုက္ကုစ္စမဝင် သိမြင်မှတ်ယူရမည် ဦးရေဝတ။

ထို့ကြောင့် တသ္မာ သဘာဂသီမာသု ပဝိသိတ္ဝာ ဘူမိအာဒိံ ဖုသိတ္ဝာ အဖုသိတ္ဝာ ဝါ သာခါဒိမှိဋ္ဌိတေ တံ သာခါဒိံ ဖုသန္တော ဝ ဘိက္ခု သောဓေတဗ္ဗော-ဟု ဝိနယာလင်္ကာရဋီ၊ ၁။၃၁၇။၌ မိန့်ဆို ဆုံးဖြတ်အပ်ပြီ။

ဤမျှသော စကားအစဉ်ဖြင့် "သိမ်ဟောင်း၏ အပြင်ဘက် အုတ်လေ့ခါးထွက်၍ သိမ်တိုက် ဆောက်သင့် မဆောက်သင့်"ဟူသော အမေးကို ဝိနယောပဒေသ ထင်စွာပြလျက် အမရပူရ ဆရာတော်ဘုရား ရေးသားဆုံးဖြတ်အပ်သော ဝိမတိစ္ဆေဒနီကထာ ပြီး၏။

**သိစေလိုက်သည်** ။သီမသမ္ဘေဒ သီမအဇ္ဈောတ္ထရဏ သမ္ဘန္ဓဒေါသတို့နှင့် စပ်၍ သောဓနဝိဓိကား ဝိမတိဋီကာ, ဝိနယာလင်္ကာရဋီကာတို့၌ ကျယ်ဝန်းစွာ လာသည်၊ ဤ၌ လိုရင်းကိုသာ ရွေးကောက်၍ အဆုံးအဖြတ်ပေးလိုက်သည်။ ထိုဋီကာတို့ကို ပြည့်စုံအောင် လေ့လာသင့်သည်၊ သို့မှ နောက်နောင်ကို ကိစ္စကြုံက သံသယကင်းကင်း ဆောင်ရွက်နိုင်မည်။

ရပ်ရွာဆရာကိစ္စ, စစ်ကိုင်းခရိုင် သဖန်းသာ သိမ် ဂိစ္စတို့နှင့် တိုက်ဆိုင် ရှုပ်ထွေးနေ၍ ကြန့်ကြာနေသည်ကို အမှတ်မဲ့ နေသည်ဟု မထင်မှတ်လေနှင့် ဦးရေဝတ။

ဤအဆုံးအဖြတ်၌ ပါသော ပါဠိ အဋ္ဌကထာ စသည်တို့ကို
က–ခ–စသော အမှတ်စဉ်အတိုင်း အနက် ပြန်ဆိုလိုက်အံ့။

(က) ဘိက္ခဝေ၊ ရဟန်းတို့။ သီမံ၊ ဗဒ္ဓသိမ်ကို။ သမ္မန္နိတုံ၊ သမုတ်ခြင်းငှါ။ (အဟံ၊ ငါဘုရားသည်။) အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ ဝိ၊၃။၁၄၄။

(ခ) ဂါထာ ဟိ၊ ထိုစကားကို ချဲ့ပြဦးအံ့။ "အနုဇာနာမိ ဘိက္ခဝေ သီမံ သမ္မန္နိတုံ" တိ ပါဌေန၊ အနုဇာနာမိ ဘိက္ခဝေ သီမံ သမ္မန္နိတုံ–ဟူသော ပါဠိတော်ဖြင့်။ ဂါမသီမာယမေဝ၊ ဂါမသိမ်၌ သာလျှင်။ ဗဒ္ဓသီမံ၊ ဗဒ္ဓသိမ်ကို။ သမ္မန္နိတုံ၊ သမုတ်ခြင်းငှါ။ (ဘဂဝတာ၊ မြတ်စွာဘုရားသည်)။ အနုညာတံ၊ ခွင့်ပြုတော်မူအပ်၏။ တာသံ၊ ထိုဂါမသိမ်နှင့် ဗဒ္ဓသိမ်တို့၏။ နိဿယနိဿိတဘာဝေန၊ (အစဉ်အတိုင်း) နိဿယသိမ် နိဿိတသိမ်တို့၏ အဖြစ်ဖြင့်။ ဝါ–မှီရာသိမ် မှီတတ်သောသိမ်တို့၏ အဖြစ်ဖြင့်။ သဘာဂတာ စ၊ သဘောတူသည်၏ အဖြစ်သည်၎င်း။ သမ္ဘေဒအဇ္ဈောတ္ထရဏာဒိဒေါသာဘာဝေါ စ၊ ထိစပ်ခြင်း လွှမ်းမိုးခြင်း စသည့်အပြစ်မရှိသည်၏ အဖြစ်သည်၎င်း။ သုတ္တတော ဝ၊ (က-အမှတ်ပါ) ပါဠိတော်အားဖြင့်သာလျှင်။ သိဒ္ဓေါ၊ ပြီး၏။ ပန၊ ဆက်။ ဗန္ဓနကာလေ၊ ဖွဲ့ရာအခါ၌။ ဝါ- သိမ်သမုတ်သောအခါ၌။ အနုညာတဿ၊ ခွင့်ပြုတော်မူအပ်သော။ သမ္ဗန္ဓဿ၊ ဆက်စပ်နေသော ဂါမသိမ်အား။ အနုလောမတော၊ လျော်သောအားဖြင့်။ ပစ္ဆာ၊ သိမ်သမုတ်ပြီးသည်မှ နောက်ကာလ၌။ သဉ္ဇာတရုက္ခာဒိသမ္ဗန္ဓေပိ၊ ပေါက်ရောက်သော သစ်ပင်စသည်တို့နှင့် ဆက်စပ်နေသော်လည်း။ တာသံ၊ ထိုဂါမသိမ်နှင့် ဗဒ္ဓသိမ်တို့အား။ ဝဋ္ဋတိ ဧဝ၊ အပ်စပ်သည်သာလျှင်တည်း။ ဝိမတိ၊၂။၁၅၀။

(ဂ) ဣမိနာ ဧဝ နယေန၊ ဤနည်းဖြင့်သာလျှင်။ အရညသီမာ-သတ္တဗ္ဘန္တရ သီမာနဉ္စ၊ အရည (တော) သိမ်, သတ္တဗ္ဘန္တရသိမ်တို့၏၎င်း။ နဒီအာဒိဥဒကုက္ခေပသီမာနဉ္စ၊ မြစ် စသည်တို့၌ ပြုအပ်သော ဥဒကုက္ခေပ (ရေတကျ) သိမ်တို့၏၎င်း။ သုတ္တ သုတ္တာနုလောမတော၊ ဝိနည်းပါဠိတော်နှင့် ထိုအား လျောက်ပတ်သော မဟာပဒေသ ၄-ပါးအားဖြင့်။ အညမညံ၊ အချင်းချင်း။ သဘာဂတာ စ၊ သဘောတူသည်၏ အဖြစ်သည်၎င်း။ သိဒ္ဓေါ၊ ပြီး၏။ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိမှတ်အပ်၏။ ဝိမတိ၊၂။၁၅၁။

(ဃ) ဘိက္ခဝေ၊ ရဟန်းတို့။ သီမာယ၊ ဗဒ္ဓသိမ်တလုံးဖြင့်။ သီမာ၊ အခြား ဗဒ္ဓသိမ်တလုံးကို။ န သမ္ဘိန္ဒိတဗ္ဗာ-(ရဟန်း ၄-ပါး မထိုင်လောက်သော နေရာမှစ၍ ဆံခြည်ဖျားမျှသော်လည်း) မထိစပ်အပ်-မထိစပ်ကောင်း။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ သမ္ဘိန္ဒေယျ၊ ထိစပ်ငြားအံ့။ ဝါ-ထိစပ်စေလျက် သိမ်သမုတ်ငြားအံ့။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ ဒုက္ကဋဿ၊ ဒုက္ကဋ်၏ အာပတ်သို့။ အာပတ္တိ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ သီမာယ၊ ဖြင့်။ သီမာ၊ ကို။ န အဇ္ဈောတ္ထရိတဗ္ဗာ၊ ရဟန်း (၄)ပါး ထိုင်လောက်သော နေရာမှ စ၍ မူလသိမ်တခုလုံးကိုသော်လည်း မလွှမ်း-မိုးအပ်၊မလွှမ်းမိုးကောင်း။

ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ အဇ္ဈောတ္ထရေယျ၊ လွှမ်းမိုးငြားအံ့။ ဝါ၊ လွှမ်းမိုး၍ သိမ်သမုတ်ငြားအံ့။ တဿ ဘိက္ခုနော၊ အား။ ဒုက္ကဋဿ၊ သို့။ အာပတ္တိ၊ သည်။ ဟောတိ၊ ဖြစ်၏။ ဝိ၊၃။ ၁၅၀။

(င) ဘိက္ခဝေ၊ ရဟန်းတို့။ အဂါမကေ၊ မြို့ရွာ မရှိသော။ အရညေ၊ (ဝိဥ္ဈတောင်တန်း၌ ရှိသည့် တောအုပ်ကြီးနှင့် တူသော) တောအရပ်၌။ သမန္တာ၊ ထက်ဝန်းကျင်မှ။ သတ္တဗ္ဘန္တရာ၊ (တစ် အဗ္ဘန္တ ရလျှင် နှစ်ဆယ့်ရှစ်တောင် ပမာဏရှိသော) အဗ္ဘန္တရ ခုနစ်ခုရှိသော အပိုင်း အခြားရှိသော အရပ်သည်။ စေ အတ္ထိ၊ အကယ်၍ ရှိငြားအံ့။ တတ္ထ အရညေ၊ ထို တောအရပ်၌။ ကေူပေါသထာ၊ တူသော ဥပုသ်ပြုခြင်းရှိသော။ သမာန သံဝါသာ၊ (ကံကြီး ကံငယ် ပြုခြင်း စသည့် တူသော ပေါင်းဖော်ခြင်းရှိရာ) သမာန သံဝါသသိမ် မည်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ နဒိယာ ဝါ၊ မြစ်၌သော်ရင်း။ သမုဒ္ဒေ ဝါ၊ သမုဒြာ၌သော်ရင်း။ ဇာတဿရေ ဝါ၊ အလိုလိုဖြစ်နေသည့် ရေအိုင် ထုံးအိုင်၌သော်ရင်း။ မဇ္ဈိမဿ၊ အား အလယ် အလတ် ရှိသော။ ပုရိသဿ၊ ယောကျ်ား၏။ သမန္တာ၊ ထက်ဝန်းကျင်မှ။ ဥဒကုက္ခေပါ= ဥဒကုက္ခေပေန၊ အားကုန် ပက်ကြဲသော ရေတကျ သဲတကျဖြင့်။ ပရိစ္ဆိန္နံ၊ ပိုင်းခြားအပ်သော။ ယံ ဌာနံ၊ အကြင် အရပ်ဌာနသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤအရပ်သည်။ တတ္ထ၊ ထို မြစ် သမုဒ္ဒရာ ထုံးအိုင်တို့၌။ ကေူပေါသထာ၊ သော။ သမာနသံဝါသာ။ မည်၏။ (ဝိ၊ ၃။ ၁၅၀ ဝိ၊ ၄၊ ၃။ ၃၃၄။ ပါစိတ်၊ ယော။ ၂၉၈)။

(စ) ပန၊ အဘိုတပါးကား။ ဗဒ္ဓသီမာယ၊ ဗဒ္ဓသိမ်၏။ အညာယ၊ အခြားတပါးသော။ ဗဒ္ဓသီမာယ စ၊ ဗဒ္ဓသိမ်တလုံးအပေါ်၌ရင်း။ နဒီအာဒိသီမာသု စ၊ မြစ် စသည့် အဗဒ္ဓသိမ်တို့ အပေါ်၌ရင်း။ ဗန္ဓိတုံ၊ ဖွဲ့ခြင်းငှါ။ ဝါ – သိမ်သမုတ်ခြင်းငှါ။ ပဋိက္ခေပသိဒ္ဓိတော စေဝ၊ တားမြစ်တော်မူခြင်း ကိစ္စ၏ ပြီးခြင်းကြောင့်ရင်း။ ဥဒကုက္ခေပသတ္တဗ္ဘန္တရသီမာနံ၊ ဥဒကုက္ခေ-ပသိမ် သတ္တဗ္ဘန္တရသိမ်တို့၏။ နဒီအာဒီသု ဧဝ၊ မြစ် စသည်တို့၌သာလျှင်။ ကာတုံ၊ ပြုခြင်းငှါ။ နိယမနသုတ္တသာမတ္ထိယေန၊ (၂–အမှတ်ပါ) ပိုင်းခြားပြသည့် ပါဠိတော်၏ အစွမ်းသတ္တိဖြင့်။ ဗဒ္ဓသီမာ ဂါမသီမာဒီသု၊ ဗဒ္ဓသိမ် ဂါမသိမ် စသည်တို့၌။ ကရဏပဋိက္ခေပသိဒ္ဓိတော စ၊ ပြုခြင်းကို တားမြစ်တော်မူခြင်းကိစ္စ၏ ပြီးခြင်းကြောင့်ရင်း။ တာသံ။ ထို သိမ်တို့၏။ အညမညံ၊ အချင်းချင်း။ ဝါ-ဗဒ္ဓသိမ် အချင်းချင်း ဥဒကုက္ခေပသိမ် အချင်းချင်း။ ဝိသဘာဂတာ စ၊ သဘောမတူသည်၏ အဖြစ်သည်ရင်း။ ဥပ္ပတ္တိက္ခဏေ စ၊ ဖြစ်ဆဲ သိမ်သမုတ်ဆဲ ခဏ၌ရင်း။ ပစ္ဆာ စ၊ သမုတ်ပြီးသည်မှ နောက်ကာလ၌ရင်း။ ရုက္ခာဒီဟိ၊ သစ်ပင် စသည်တို့ဖြင့်။ သမ္ဘေဒါဒိဒေါသသမ္ဘဝေါ စ၊ ထိစပ် ခြင်း စသည့်အပြစ်၏ ဖြစ်သင့်ခြင်းသည်ရင်း။ ဝုတ္တနယေန၊ ဆိုအပ်ခဲ့ပြီးသော နည်းအားဖြင့်။ သုတ္တသုတ္တာနုလောမတော စ၊ ပါဠိတော်နှင့် ပါဠိတော်အားလျော်သော မဟာပဒေသ ၄-ပါး အားဖြင့်လည်း။ (စ-သဒ္ဒါဖြင့် သခ်ေပဝါကျ၌ အာဒိ ဝိနယနယေဟိ-အရ အာစရိယဝါဒနှင့် အတ္တနောမတိတို့ကို ယူလေ)။ သိဇ္ဈန္တိ၊ ပြီးကုန်၏။ ဝိမတိ၊ ၂။၁၅၁။

(ဆ) သဘာဂသီမာသု၊ သဘောတူသည့်သိမ်တို့၌။ ပဝိသိတ္ဝာ၊ ဝင်၍။ ဘူမိအာဒိံ၊ မြေ အစ ရှိသည်ကို။ ဖုသိတ္ဝာ ဝါ၊ ထိ၍သော်ငြား။ အဖုသိတ္ဝာ ဝါ၊ မထိမူ၍သော်ငြား။ သာခါဒိမှိ၊ သစ်ခက်သစ်ကိုင်းစသည်၌။ ဌိတော၊ တည်ရှိလတ်သော်။ တံ သာခါဒိံ၊ ထိုသစ်ခက်စသည်ကို။ ဖုသန္တော၊ ထိနေသော။ ဘိက္ခု ဝေ၊ ရဟန်းကိုသာလျှင်။ သောဓေတဗ္ဗော၊ သုတ်သင်ရမည်။ ဝါ·မထိအောင် ဖယ်ရှားပစ်ရမည်။ ဝိမတိ၊ ၂။ ၁၅၀။ ဝိနယာလင်္ကာရ၊ ဋီ၊ ၁။ ၃၁၇။

---

## ခဏ္ဍသိမ်ပေါ်ဝယ် စီးနေသော မြစ်၌ ကံပြုလျှင် ကံပျက်မပျက်

ကာစိ နဒီ။ပ။သဉ်္ဇံ ဂစ္ဆတိ။ ဝိ၊ ဋ္ဌ၊ ၃။ ၃၃၆။ သစေ ပန ဝိဟာရသီမံ ဩတ္ထရတိ၊ ဝိဟာရ-သီမာတွေဝ စ သင်္ချံ ဂစ္ဆတိ·ဟူသော ၂·ဝါကျတွင် နောက်ဝါကျ၌ ဝိဟာရသိမ် မပျက်သော် စီးနေသောနဒီ၌ ကံကြုံလျှင် ကံပျက်မပျက် တရားဆွေးနွေးကြရာ အချို့က နဒီလက္ခဏာရှိသော ကြောင့် ကံမပျက်။ အချို့က ဝေသဒ္ဒါဖြင့် နဒီကို မြစ်သင့်သောကြောင့် စီးနေသော်လည်း နဒီ မဟုတ်၊ကံပျက်သည်ဟု အယူအဆ မညီမျှ ရှိနေကြပါသည်။ အာဂုမ်ယုတ္တိပြ၍ အသင့်အမှန် အဆုံးအဖြတ်ပေးရန် (ဦးဉာဏိန္ဒာသဘာ-မအူပင်ကျောင်း ကျွန်းတောလမ်း စမ်းချောင်း ရန်ကုန်မြို့) ၏ လျှောက်ထားချက်အရ မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက် အမရပူရဆရာတော်ဖြေကြား လိုက်သည်။

ကာစိ နဒီ ကာလန္တရေန ဂါမနိဂမသီမံ ဩတ္ထရိတ္ဝာ ပဝတ္တတိ၊ နဒီယေဝ ဟောတိ၊ ကမ္မံ ကာတုံ ဝဋ္ဋတိ·ဟူသော ရှေးဝါကျ၌ ယတ္ထ ယတ္ထ အာသင်္ကာ၊ တတ္ထ တတ္ထ ပဋိသေဓိတဗ္ဗာ-ဟူသော ပရိဘာသာနှင့်အညီ ဝေသဒ္ဒါဖြင့် အာသင်္ကာရှိရာ တဲ့ဘက် ဂါမနိဂမသိမ်ကို မြစ်သည်။

တချို့မြစ်သည် အခါတပါး၌ ဂါမနိဂမသိမ်တို့အပေါ် ကျရောက်လွှန်တက်၍ ယင်း ဂါမနိဂမ သိမ်ကိုလွှမ်းစီးသွားအံ့။ မူလရှိရင်း ဂါမနိဂမသိမ်သည်ဂါမနိဂမသိမ် မဟုတ် ဂါမနိဂမသိမ် ပျက်စီး သည်။ နဒီသာလျှင် ဖြစ်တော့သည်၊ ယင်းနဒီ၏ ဥဒကုက္ခေပသိမ်၌ ကံပြုကောင်းသည်ဟု ယူဆ သိမြင်သင့်သည်။

ဂါမနိဂမသိမ်ကို လွှမ်းခြုံစီးသွားသော မြစ်သည် နဒီသာလျှင် ဖြစ်သည်။ ဂါမနိဂမသိမ်ပျက် သကဲ့သို့ ဝိဟာရဗဒ္ဓသိမ်ကို လွှမ်းခြုံစီးသွားသောမြစ်သည်လည်း နဒီသာလျှင် ဖြစ်၍ဝိဟာရဗဒ္ဓသိမ် မဟုတ်၊ဝိဟာရဗဒ္ဓသိမ် ပျက်လေသလောဟု လျဉ်းပါးရန်ရှိသောကြောင့် "သစေ ပန"စသော ဝိသေသနောက်ဝါကျကို အဋ္ဌကထာ မိန့်တော်မူသည်။

ယင်းဝါကျ၌လည်း အာသင်္ကာရှိရာ တဲ့ဘက်နဒီကိုသာ ဝေသဒ္ဒါမြစ်သည်၊ အချို့မြစ်သည် အခါတပါး၌ ဝိဟာရဗဒ္ဓသိမ်ပေါ်သို့ ကျရောက်လွှန်တက်၍ ယင်းဝိဟာရဗဒ္ဓသိမ်ကို လွှမ်းခြုံ စီးသွားမူ မူလရှိရင်း ဝိဟာရဗဒ္ဓသိမ်သာဖြစ်သည်၊ ဝိဟာရဗဒ္ဓသိမ် မပျက်၊ နဒီလက္ခဏာတို့နှင့် အညီစီးဆင်းနေသော်လည်း နဒီ မဟုတ်၊နဒီပျက်သည်။ ယင်းဝိဟာရဗဒ္ဓသိမ်ပေါ်၌ ငြိမ်းဆောက်၍ ကံပြုကောင်းသည်ဟု ယူဆသိမြင်သင့်သည်။ ဤကား အဋ္ဌကထာရှင်းအတိုင်း ပါဠိလျှောက် အဓိပ္ပါယ်ဖြစ်သည်။

ရှေ့နောက်ညှိ၍ ရှင်းပြအံ့–

ရေးဝါကျ၌ နဒီယေဝ-၏ အရ နဒီသိမ်(နဒီ၌ ဥဒကုက္ခေပသိမ်) ဟူသည် မိုးမှန်မှန် ရွာသွန်းသောအခါ မိုးလေးလပတ်လုံး ရေလွှမ်းစီးဆင်းနေသော ရေအယဉ်သာ မဟုတ်–စင်စစ် မြစ်အတွင်း၌ ဖွဲ့အပ်သော ငြိမ်းပေါက်သော သစ်ပင်သည်၎င်း၊ မြစ်တွင်းကျောက်ဖျာ ကျွန်းငယ်သည်၎င်း၊ နဒီ လက္ခဏာသို့ရောက်သော မြစ်ရေလွှမ်းရာ မြေအရပ်သည်၎င်း သီမင်္ဂဖြစ်၍ နဒီသိမ်ချည်းသာ ဖြစ်သည်။ ထို့ကြောင့်–

အန္တောနဒိယံ ဗဒ္ဓအဋ္ဋကေပိ အန္တောနဒိယံ ဇာတရုက္ခေပိ ဌိတေဟိ ကာတုံ ဝဋ္ဋတိ-ဟူ၍၎င်း။

အန္တောနဒိယံ ပါသာဏော ဝါ ဒီပကော ဝါ ဟောတိ၊ တသ္မိံ ယတ္တကံ ပဒေသံ ပုဗ္ဗေ ဝုတ္တပ္ပကာရေ ပကတိဝဿကာလေ ဝဿာနဿ စတူသု မာသေသု ဥဒကံ ဩတ္ထရတိ၊ သော နဒီသင်္ချေမေဝ ဂစ္ဆတိ-ဟူ၍၎င်း၊ ဒေဝေ အဝဿန္တေ ဟေမန္တဂိမှေသု ဝါ သုက္ခနဒိယာပိ ဝဋ္ဋတိ ဟူ၍၎င်း။ ဝိ၊ဋ္ဌ၊၃။၃၃၅။၌ မိန့်အပ်ပြီ။

ယင်း အဋ္ဌကထာတို့ကို ထောက်၍ မြစ်ရေလွှမ်းရာ မြေစသည်ကို နဒီသိမ်ဟူ၍ ယူဆသိမြင်ရသောကြောင့် နဒီလက္ခဏာသို့ ရောက်လာသော မြစ်ရေလွှမ်းရာ မူလရှိရင်း ဂါမ နိဂမ-မြေအရပ်သည် ဂါမနိဂမသိမ် မဟုတ်။ ဂါမနိဂမသိမ် ပျက်၍ နဒီသိမ်သာ ဖြစ်သည်ဟု သန္နိဋ္ဌာန်ကျ သိမြင်မှတ်ယူအပ်သည်။ ကံပြုပုံကို ဝိ၊ဋ္ဌ၊၃။၃၃၄–၅ တို့၌ လာသည့်အတိုင်း မှတ်ပါ။

သစေ ပန-ချီသော ဝါကျ၌ ဝိဟာရသီမာတွေဝ-အရ ဝိဟာရသိမ်ဟူသည် ဗဒ္ဓသိမ်ပင်တည်း။ ယင်းဗဒ္ဓသိမ်သည် ဖွဲ့သမုတ်ရာမြေအရပ်စသည်သာ မဟုတ်၊ စင်စစ် သိမ်ပေါ်၌ ဆောက်အပ်သော သိမ်ကျောင်းသည်၎င်း, တူးအပ်သော ရေတွင်းရေကန်သည်၎င်း, စီးသွားသော မြစ်သည်၎င်း, ဖွဲ့အပ်သောငြိမ်း စသည်သည်၎င်း, ပေါက်သောသစ်ပင်သည်၎င်း သီမင်္ဂဗဒ္ဓသိမ်ပင်ဖြစ်သည်။

ထို့ကြောင့် ခဏ္ဍသီမာ နီစဝတ္ထုကာ ဟောတိ၊ တံ ပူရေတွာ ဥစ္စဝတ္ထုကံ ကရောန္တိ၊ သီမာယေဝ။ သီမာယ ဂေဟံ ကရောန္တိ၊ သီမင်္ဂကမေဝ ဟောတိ။ သီမာယ ပေါက္ခရဏိံ ခဏန္တိ၊ သီမာယမေဝ ဩဃော သီမာမဏ္ဍလံ ဩတ္ထရိတွာ ဂစ္ဆတိ၊ သီမာမာဠကေ အန္တံ ဗန္ဓိတွာ ကမ္မံ ကာတုံ ဝဋ္ဋတိ။ စသည်ကို ဝိ၊ဋ္ဌ၊၃။၃၂၆–၇။ တို့၌ မိန့်အပ်ပြီ။ ယင်း အဋ္ဌကထာတို့ကို ထောက်၍ ဗဒ္ဓသိမ်ပေါ်ဆောက်လုပ် ပေါက်ရောက် တူးဆွ စီးဆင်းကျရောက်သမျှ ဗဒ္ဓသိမင်္ဂကချည်းဟု ယူဆ သိမြင်ရသောကြောင့် ဗဒ္ဓသိမ်ပေါ် လွှမ်းခြုံ စီးသွားသောမြစ်သည် နဒီလက္ခဏာသို့ ရောက်သော်လည်း နဒီသိမ် မဟုတ် နဒီသိမ် ပျက်သည်၊ မူလရှိရင်း ဗဒ္ဓသိမ်သည်သာ သိမ်ဖြစ်သည်၊ ယင်းဗဒ္ဓသိမ်ပေါ် လွှမ်းခြုံစီးသွားသော မြစ်သည် ဗဒ္ဓသိမင်္ဂကသိမ်သာ ဖြစ်သည်ဟု သန္နိဋ္ဌာန်ကျ သိမြင်မှတ်ယူအပ်သည်။

ကံပြုပုံကို ထုတ်ပြအပ်သော အဋ္ဌကထာဖြင့်ပင် သိသင့်ပြီ။

## အဋ္ဌကထာ၌ ခက်ဆစ်

ဗဒ္ဓသိမ်ပေါ် မြစ်ရေလွှမ်းခြုံ စီးသွားရာ၌ သိမ်အပြင်၌ ငြမ်းဖွဲ့၍ ကံပြုရမည်ဟူသော စကားကား ဥပလက္ခဏသာ၊ ဥပုသ်သိမ်ကျောင်း ဆောက်၍ရှင်း ပေါက်သော သစ်ပင်၌ရှင်း ကံပြု-ကောင်းသည်ဟု အောက်စကားကို ထောက်၍ ယူဆသင့်သည်။ "သီမာမာဠကေ အဋ္ဌံ ဗန္ဓိတွာ" ဟု သိမ်အပြင်ကို အာခါရမူ၍သာ ဆို၍ အထက် ဝိ၊ ဋ္ဌ၊ ၁။ ၃၃၄။ ၌ကဲ့သို့ "နာဝါယပိ ဌတွာ ကမ္မံ ကာတဗ္ဗံ" ဟု သိမ်အပြင်ကို လွှတ်၍ လှေဖေါင်ကိုသာ အာခါရမူ၍ မဆိုသည်ကား ယင်းသိမဋ္ဌက ဖြစ်သော ရေသည် အတည်အငြိမ် မဟုတ်၍ တခုသော သိမဋ္ဌကသိမ်၌ ကမ္မဝါစာဖြစ်၍ ကံပျက်ရာသောကြောင့်ဟု ဂရုကလဟုကနှစ်ပါးတွင် ဂရုကသို့လိုက်၍ ဗဒ္ဓသိမ်အပြင်၌ မထိမစပ်သော လှေဖေါင်တို့၌ တည်၍ ကံ မပြုအပ်ဟု မှတ်ယူသိမြင်သင့်သည်။

ဤတွင်ရွှေ ဆရာတော် ဦးဉာဏိန္ဒာသဘ မေးလျှောက်အပ်သော ပုစ္ဆာကို သာသနာအကျိုး မြှော်ကိုးတောင့်တ၍ ဒက္ခိဏာရာမ ဘုရားကြီးတိုက် အမရပူရဆရာတော် ဖြေကြားအပ်သော ဝိမတိဝိနောဒနီကထာ ပြီး၏။

ဤအဆုံးအဖြတ်၌ပါသော ပါဠိ အဋ္ဌကထာ စသည်တို့ကို က-ခ စသော အမှတ်စဉ်အတိုင်း အနက် ပြန်ဆိုလိုက်အံ့–

(က) ကာစိ၊ အချို့သော။ နဒီ၊ မြစ်သည်။ ကာလန္တရေန၊ တပါးသောအခါ၌။ ဥပ္ပတိတ္ဝာ၊ ရွာနိဂုံးတို့၏ အပေါ်သို့ လွှမ်းမိုးကျရောက်လာ၍ (ဥပ္ပတိတ္ဝာတိ ဂါမနိဂမာနံ ဥပရိ ပတိတွာ။ ပါစိတ်၊ ယောဇနာ။ ၃၀၀-နှာ) ဂါမနိဂမသီမံ၊ ဂါမသိမ် နိဂမသိမ်ကို။ ဩတ္ထရိတွာ၊ ရေလွှမ်းမိုး၍။ သစေ ပဝတ္တတိ၊ (မိုး ၄-လပတ်လုံး မပြတ်မလပ်) ရေ စီးဆင်းငြားအံ့။ တံ ဌာနံ၊ ထို မိုး ၄-လ ရေစီးရာ အရပ် ဌာနသည်။ နဒီယေဝ၊ မြစ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ ထိုမြစ်၌။ ကမ္မံ ကာတုံ၊ (ဥဒကုက္ခေပသိမ် ပြု၍) ကံဆောင်ခြင်းငှါ။ ဝဋ္ဋတိ၊ အပ်စပ်၏။

ပန၊ အထူးကား။ ကာစိ၊ သော။ နဒီ၊ သည်။ ကာလန္တရေန၊ ၌။ ဥပ္ပတိတ္ဝာ၊ ဝိဟာရသိမ်ပေါ် သို့ လွှမ်းမိုးကျရောက်လာ၍။ ဝိဟာရသီမံ၊ ကျောင်းတိုက်နှင့် စပ်သွယ်သည် ဗဒ္ဓသိမ်ကို။ သစေ ဩတ္ထရတိ၊ အကယ်၍ (မိုး ၄-လ ပတ်လုံး) ရေလွှမ်းနေငြားအံ့။ ပန၊ ထိုသို့ပင် မိုး ၄-လ ရေလွှမ်းမိုးနေသော်လည်း။ ဝိဟာရသီမာတွေဝ၊ ကျောင်းတိုက်နှင့် စပ်သွယ်နေသည့် ဗဒ္ဓသိမ် ဟူ၍သာလျှင်။ သင်္ချံ၊ ရေတွက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။ (ကမ္မံ ကာတုံ ဝဋ္ဋတိ ဝါကျလိုက်။) တတ္ထ၊ ထို ဝိဟာရသိမ်၌။ ကမ္မံ ကာတုံ၊ ငြမ်း စသည့် အဆောက်အဦဆောက်၍ ကံဆောင်ခြင်းငှါ။ ဝဋ္ဋတိ၊ အပ်စပ်၏။ ဝိ၊ ဋ္ဌ၊ ၁။ ၃၃၆။ ဝိ၊ သင်္ဂဟ။ ၁၈၇။

(ခ) အန္တောနဒိယံ၊ မြစ်အတွင်း၌။ ဗဒ္ဓ အဋ္ဋကေပိ၊ ဖွဲ့ချည်အပ်, ဆောက်လုပ်ထားအပ်သော ငြမ်းအဆောက်အဦပေါ်၌ရှင်း။ ဇာတ ရုက္ခေပိ၊ ပေါက်ရောက်နေသည့် သစ်ပင်ပေါ်၌ရှင်း။ ဌိတေဟိ၊ တည်ရှိကုန်သော။ ဘိက္ခူဟိ၊ ရဟန်းတော်တို့သည်။ ကမ္မံ ကာတုံ၊ (ဥဒကုက္ခေပသိမ်၊ နဒီ သိမ်ဖြစ်ရကား) ကံဆောင်ခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။

အန္တောနဒိယံ၊ ၌။ ပါသာဏော ဝါ၊ ကျောက်ဆောင် ကျောက်ဟုံးကြီးသည်ရှင်း။ ဒီပကော ဝါ၊ ကျွန်းငယ်သည်ရှင်း။ သစေ ဟောတိ၊ ရှိငြားအံ့။ တဿ၊ ထိုကျောက်ဆောင်ကြီးနှင့် ကျွန်းငယ်၏။ ယတ္တကံ ပဒေသံ၊ အကြင်မျှလောက်သော အရပ်ဒေသကို။ ပုဗ္ဗေ၊ ရှေး၌။ ဝုတ္တပ္ပကာရေ၊ ဆိုအပ်ခဲ့ပြီးသော အပြားရှိသော။ ပကတိဝဿကာလေ၊ ပြကတေ့ မိုးမှန်မှန်ရွာသွန်းသောအခါ၌။ ဝဿာနဿ၊ မိုးဥတု၏။ စတူသု မာသေသု၊ ၄-လတို့၌။ ဥဒကံ၊ မြစ်ရေသည်။ ဩတ္ထရတိ၊ ဖုံးလွှမ်းနေ၏။ သော ပဒေသော၊ ထို မိုး ၄-လ ရေဖုံးလွှမ်းနေရာ အရပ်သည်။ နဒီသင်္ချမေဝ၊ မြစ်-ဟူသော အရေအတွက်သို့သာလျှင်။ ဂစ္ဆတိ၊ ရောက်၏။ (တတ္ထ၊ ထိုအရပ်၌။ ကမ္မံ ကာတုံ၊ နဒီသိမ် ဥဒကုက္ခေပသိမ် ဖြစ်ရကား ကံဆောင်ခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ လှမ်းစပ်ပါ။) ဒုဗ္ဗုဋ္ဌိကာလတ္တာ၊ မိုးခေါင်သော နှစ်အချိန်အခါ၏ အဖြစ်ကြောင့်။ ဝဿကာလေပိ၊ မိုးတွင်းကာလဖြစ်ပါလျက်လည်း (ပါစိတ်၊ ယောဇနာ ၃၀၀ ပါ၌သေသထည့်)။ ဒေဝေ၊ မိုးသည်။ အဝဿန္တေ ဝါ၊ မရွာသွန်းသော အခါ၌ရှင်း။ ဟေမန္တဂိမှေသု ဝါ၊ ဆောင်းဥတု မိုးဥတုအခါတို့၌ရှင်း။ သုက္ခနဒိယာပိ၊ ခြောက်ခန်းနေသည့် မြစ်ပြင်(သဲသောင်ပြင်)ပေါ်၌သော်လည်း။ ကမ္မံ ကာတုံ၊ (နဒီသိမ်ဖြစ်ရကား)ကံဆောင်ခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ဝိ၊ ဋ္ဌ၊ ၃။ ၃၃၅။ ဝိ၊ သင်္ဂဟ။ ၁၉၇။

(ဂ) ခဏ္ဍသီမာ၊ခဏ္ဍသိမ်=ဗဒ္ဓသိမ်သည်။ နိစဝတ္ထုကာ၊ နိမ့်သောမြေနေရာရှိသည်။ ဟောတိ၊ ဖြစ်၏။ တံ ခဏ္ဍသီမံ၊ထိုခဏ္ဍ=ဗဒ္ဓသိမ်ကို။ ပူရေတွာ၊အုတ်အင်္ဂတေမြေစသည်တို့ဖြင့် ဖြည့်၍။ဝါ-ဖို့၍။ ဥစ္စဝတ္ထုကံ၊ မြင့်သောနေရာရှိသည်ကို။ ကရောန္တိ၊ ပြုကုန်၏။ သီမာယေဝ၊ (နောက်ထပ် ဖို့သော မြေစသည်တို့ပါ အားလုံး) ဗဒ္ဓသိမ်မည်သည်သာလျှင်တည်း။ သီမာယ၊ ခဏ္ဍသိမ်ပေါ်၌။ ဂေဟံ၊ အိမ်အဆောက်အဦကို။ ကရောန္တိ၊ ပြုလုပ်ကြကုန်၏။ တမ္ပိ ဂေဟံ၊ ထိုသိမ်ပေါ်၌ ပြုအပ်သည့် အဆောက်အဦသည်လည်း။ သီမဋ္ဌကမေဝ၊ သိမ်ပေါ်၌ တည်သည့် ဗဒ္ဓသိမ်ပင်လျှင်တည်း။ သီမာယ၊ ခဏ္ဍသိမ်အတွင်း၌။ ပေါက္ခရဏိံ၊ ၄-ထောင့်ရေကန်ကို။ ခဏန္တိ၊ တူးဖော်ကုန်၏။ သီမာယေဝ၊ တည်း။ ဩဃော၊ ရေအယဉ်သည်။ သီမာမဏ္ဍလံ၊ သိမ်အဝန်းအဝိုင်းကို။ ဝါ-သိမ်အပြင်ကို။ ဩတ္ထရိတွာ၊ လွှမ်းမိုး၍။ ဂစ္ဆတိ၊ စီးဆင်းသွားအံ့။ သီမာမာဠကေ၊ခဏ္ဍသိမ်၏ အပြင်၌။အဋ္ဋံ ဗန္ဓိတွာ၊ ငြမ်းဖွဲ့၍။ တတ္ထ၊ ထိုငြမ်းပေါ်၌။ ကမ္မံ ကာတုံ၊ ကံဆောင်ခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ဝိ၊ ဋ္ဌ၊ ၃။ ၃၂၆။ ဝိ၊သင်္ဂဟ။ ၁၉၀။

---

## ၃-ပရိဝါသ ဝိမတိဝိနောဒနီ

မင်းပြားမြို့ အုတ်ကျောင်း၌ နေထိုင်လျက်ရှိပါသော တပည့်တော် ပဒုမ- ခြေတော်ဦးခိုက် လျှောက်ထားလိုက်ပါ၏။ မန္တလေးမြို့ ဒက္ခိဏာရာမတိုက် သာသနဇောတိကာရုံ အုတ်ကျောင်း၌ သီတင်းသုံး နေတော်မူသော ဆရာတော်သခင် ဘုရင်သူမြတ်ဘုရား။
လျှောက်ထားရန်မှာ-

ပရိဝါသ် ဆောက်တည်ရာ၌ မာနတ် ခြောက်ည၌ ဆောက်တည်ပြီးလျှင် အဗ္ဘာန် သွင်းမည့် အစီအစဉ်ကို ပြုလုပ်ရာ၌ အဗ္ဘာန်တောင်းမည့်အခါ ကြားပြီးသော မာနတ်ကို ချပစ်ရမည်၊ မချရ- ဟု ဝိနယာလင်္ကာရဋီကာ စသည်တို့၌ အယူးမဆို၊ အချို့ပုဂ္ဂိုလ်များက မာနတ် ကြား

ပြီးလျှင် မာနတ်ကို မချရ, အဗ္ဘာန်သွင်းပြီးမှ ချရမည်၊ အချို့ပုဂ္ဂိုလ်များက မာနတ်ကို ကြားပြီးလျှင် မာနတ်ကို ချပြီးမှ အဗ္ဘာန်တောင်းရမည်၊ မာနတ်ကို မချရလျှင် အဗ္ဘာနကံ မပေးနှင့်-ဟု အယူရှိကြလေသည်။

သို့ဖြစ်ပါ၍- မာနတ်ကိုကြားပြီးလျှင် အဗ္ဘာန်တောင်းရမည်, မာနတ်ကို မချရ၊ အချို့ပုဂ္ဂိုလ်များက မာနတ်ကို ကြားပြီးလျှင် ၎င်းမာနတ်ကို ချပြီးမှ အဗ္ဘာန်တောင်းရမည်-ဟု အထောက်အထား သာဓက မရှိဘဲနှင့် ပြောဆိုနေကြပါသည်။ သို့ဖြစ်ပါ၍ ထိုဝါဒနှစ်ခုသည် သင့်မသင့် ရှိနေကြရာ ယုတ္တတရဖြစ်သော ဝါဒကို အမှန်ဟု ယူလိုပါ၍ သဘာဝယုတ္တိ သာဓကယုတ္တိ စုံလင်စွာနှင့် တပည့်များကို ငဲ့ညှာသနားပါသဖြင့် အဆုံးအဖြတ်တခု ပေးပို့တော်မူပါမည့်အကြောင်းကို လျှောက်ထားလိုက်ပါသည် ဆရာတော်သခင် အရှင်သူမြတ်ဘုရား။

မောင်ရွှေကျော်-ပါဒလိချိပ်-စပါးပွဲစား-စစ်တွေ
၎င်းမှ တဆင့် လျှောက်ထားသူ။
ပဒုမ
အုတ်ကျောင်း-မင်းပြားမြို့
စစ်တွေခရိုင်
၁၃၁၂-ခု ဒုတိယဝါဆိုလဆန်း ၅-ရက်

တပည့်များ နယ်သည် သူပုန်နယ်ဖြစ်နေပါ၍ စစ်တွေမှတဆင့်ပေးပို့တော်မူပါဘုရား။(မူအတိုင်း)

ဤအမေးကို သိသာရုံမျှ ဖြေကြားရန် သာသနဇောတိကာရုံ ဆရာတော်က တမ္ဗဝတီ ဆရာတော်အား လွှဲအပ်၍ ၎င်းဆရာတော် မှတဆင့် ညွှန်ကြားစေခိုင်းတော်မူချက်အရ (ဥက္ကံသ) မည်သော ငါသည် အကျဉ်းသိသာရုံမျှ ဆုံးဖြတ်ပေအံ့။

ဒုတိယဝါဆိုလဆုတ် ၁၀-ရက်နေ့။

## ဖြေဆိုချက်

မင်းပြားမြို့ ရှင်ပဒုမ မေးလျှောက်အပ်သော ပုစ္ဆာများကို သာသနာတော်၏ စင်ကြယ်ခြင်းကို တောင့်တ၍ သဘောမိရုံမျှ ယထာဓမ္မ ဝိနယောပဒေသတို့ကို ပြလျက် ဖြေကြားဆုံးဖြတ်ပေအံ့။

မေးလျှောက် ထုတ်ပြအပ်သော ဝါဒများ—

(၁) မာနတ် ကြားပြီးလျှင် မာနတ်ကို မချရ၊ အဗ္ဘာန်သွင်းပြီးမှ ချရမည်။

(၂) မာနတ်ကြားပြီးလျှင် မာနတ်ကို ချပြီးမှ အဗ္ဘာန် တောင်းရမည်။ မာနတ်မချလျှင် အဗ္ဘာန ကမ်မပေးနှင့် အဗ္ဘာန်သွင်းပြီးမှ မာနတ် မချရ။

### (၁) နံပါတ် ပုစ္ဆာ၏ အဖြေ

ဤ (၁)နံပါတ်အမေး၌ (က) မာနတ်မချမူ၍ အဗ္ဘာန်တောင်းရမည်၊
(ခ) အဗ္ဘာန်သွင်းပြီးမှ မာနတ် ချရမည်၊

ဟူ၍ အယူ နှစ်မျိုးထွက်သည်။ ထိုတွင် မာနတ်ကျင့်ပြီးသော နိက္ခိတ္တ ဝတ်သား ရဟန်းကို အဗ္ဘာန်သွင်းလိုကုန်သော ရဟန်းတို့သည် ရှေးဦးစွာ အဗ္ဘာန်ထိုက်သည်ကို ပြုအပ်သည်။ ရှင်းဦးအံ့— ဤ နိက္ခိတ္တ မာနတ္တစာရိက ရဟန်းသည် ချထားအပ်သော ဝတ်ရှိသည်၏ အဖြစ်ကြောင့် ဝါ- ဝတ်ကို ချထားသည်၏အဖြစ်ကြောင့် ပကတတ်ရဟန်းအရာ၌ တည်သည်၊ ပကတတ်ရဟန်းကိုလည်း အဗ္ဘာန်သွင်းခြင်းကို မပြုအပ်၊ ထို့ကြောင့် မာနတ်ကို ဆောက်တည်စေရမည်၊ မာနတ်ဆောက်တည်ပြီးသော်၊ ဝါ ဆောက်တည်ပြီးလျှင် အဗ္ဘာန် သွင်းထိုက်ကေ့သည်။ ထို နိက္ခိတ္တ-မာနတ္တစာရိက ရဟန်းသည်လည်း ချထားအပ်သော ဝတ်ကို တည်ဆောက်၍ မာနတ်ကြားပြီးမှ အဗ္ဘာန် တောင်းရမည် ဟူ၍ အဋ္ဌကထာဆရာ တိုက်ရိုက် အဆုံးအဖြတ် ချထားအပ်ပြီးသည်၏ အဖြစ်ကြောင့် မာနတ်မချမူ၍ အဗ္ဘာန် တောင်းရမည်ဟူသော ဤ(က)အမှတ်အယူသည် အစလသုပ္ပတိဋ္ဌိတ အယူ ဖြစ်သည်ဟူ၍ သန္နိဋ္ဌာန်ကျ သိမြင် မှတ်ယူရမည်။

ထို့ကြောင့် စူဠဝါ သမုစ္စယက္ခန္ဓက အဋ္ဌကထာ (၁၇-ဂ)၌—

အဗ္ဘေန္တေဟိ စ ပဌမံ အဗ္ဘာနာရဟော ကာတဗ္ဗော။ အယဉှိ နိက္ခိတ္တ ဝတ္တတ္တာ ပကတတ္တဋ္ဌာနေ ဌိတော။ ပကတတ္တဿ စ အဗ္ဘာနံ ကာတုံ န ဝဋ္ဋတိ၊ တသ္မာ ဝတ္တံ သမာဒါပေတဗ္ဗော။ ဝတ္တေ သမာဒိန္နေ အဗ္ဘာနာရဟော ဟောတိ။ တေနာပိ ဝတ္တံ သမာဒိယိတွာ အာရောစေတွာ အဗ္ဘာနံ ယာစိတဗ္ဗံ ဟူ၍ မိန့်တော်မူအပ်ပြီ။

(က)အမှတ် အယူ ပြီး၏။

အဗ္ဘာန်သွင်းပြီးမှ မာနတ် ချရမည် ဟူသော (ခ)အမှတ် အယူမှာ—

ရှေးရှေးကာလ တင်ပေါ်ကျော်စောကုန်သော ဆရာတော်ကြီးများ လက်ဆက်ကပင် အဗ္ဘာန်သွင်းပြီးသည်၏ အခြားမဲ့၌ ပရိဂ္ဂါသ်မာနတ်ကို ချသင့်သည် ဟူ၍ရင်း၊ ချသင့် ဟူ၍ရင်း အကြင်း

ထွက်ပွါး၍ အဆုံးအဖြတ်များပင် ရေးသားထားတော်မူခဲ့ကြသည်ဖြစ်၍ အလွန်မှ စူးစမ်းသင့်သော အရာဌာန ဖြစ်သည်။

## ဝါဒ လိုရင်းထုတ်၍ စူးစမ်းချက်

ပရိဝါသ်မာနတ် ချသင့်သည်ဟု ယူတော်မူကြသော ဆရာတို့သည် —

ဧဝံ ယတ္တကာနိ ဒိဝသာနိ အာပတ္တိ ပဋိစ္ဆန္နာ ဟောတိ၊ တတ္တကာနိ တတော အဓိကတရာနိ ဝါ ကုက္ကုစ္စဝိနောဒနတ္ထာယ ပရိဝသိတွာ သံဃံ ဥပသင်္ကမိတွာ ဝတ္တံ သမာဒိယိတွာ မာနတ္တံ ယာစိတဗ္ဗံ(ဝိ၊ ဋ္ဌ၊ ၄။ ၂၄) ဟူသော အဋ္ဌကထာ။

ယောပိ ရတ္တိံ ယေဝ အာဂန္တွာ ရတ္တိံ ယေဝ ဂစ္ဆတိ၊ သောပိဿ ရတ္တိစ္ဆေဒံ ကရောတိ၊ အညာတတ္တာ ပန ဝတ္တဘေဒဒုက္ကဋံ နတ္ထိ။ သစေ အဇာနိတွာဝ အဗ္ဘာနံ ကရောတိ၊ အကတမေဝ ဟောတီတိ ကုရုန္ဒိယံ ဝုတ္တံ။ တသ္မာ အဓိကာ ရတ္တိယော ဂဟေတွာ ကာတဗ္ဗံ။ အယံ အပဏ္ဏကပဋိပဒါ။ ဝိ၊ ဋ္ဌ၊ ၄။ ၁၁။

ဤသို့ ချွတ်ယွင်းတိမ်းပါး ရတ္တိစ္ဆေဒများ ရှိနေတတ်၍ မတိမ်းမမှား ဝုဋ္ဌာနကံ အောင်မြင်ရန် အပဏ္ဏက မချွတ်မယွင်းနိုင်သောအကျင့်ကို ပြထားသော အဋ္ဌကထာတို့ကို ထောက်ထား၍ ပရိဝါသ် နေပြီးလျှင် သံဃာ့ထံ မာနတ်ယူသည့် ကာလ အာပတ် ဖုံးလွှမ်းမိသောရက် စေ့ပြီဟူ၍ပင် ထင်မှတ်သော်လည်း ရတ္တိစ္ဆေဒ ဖြစ်နေမှန်းမသိဖြစ်စေခြင်းစသော အကြောင်းတို့ကြောင့် ကမ္မသမ္ပတ္တိ လက္ခဏာ မပြည့်စုံခဲ့သော် ပရိဝါသ်သား ဖြစ်နေလေသည်(မာနတ်သား မဟုတ်သေး) ကမ္မသမ္ပတ္တိ လက္ခဏာ ပြည့်စုံ၍ မာနတ်နေပြီးလျှင် အဗ္ဘာန်သွင်း ပြန်ရသည့်ကာလ၌လည်း မာနရက် စေ့ပြီ ဟု ထင်မှတ်သော်လည်း ရတ္တိစ္ဆေဒ ဖြစ်မှန်းမသိဖြစ်နေခြင်းစသော အကြောင်းတို့ကြောင့် ကမ္မ-သမ္ပတ္တိ လက္ခဏာမပြည့်စုံခဲ့သော် မာနတ်သားဖြစ်၍ နေလေရာ၏၊ ထိုသို့ ဒဏ်သားဖြစ်နေခြေ လျှင် သံဃာဒိသိသ် အာပတ် နောက်၌ တဖန် သင့်ပြန်လာက အန္တရာပတ် ဖြစ်လေခြင်းကြောင့် အရင်းသို့ လည်(ငင်)ရသော မူလာယပဋိကဿန ဝတ်မျိုး နေမှသာလျှင် ရှေးအာပတ် နောက် အာပတ်တို့မှ လွတ်နိုင်တော့မည်၊ ရှေး နေရိုးဝတ်မျိုးသာနေက အကြိမ်တရာပင် နောက်၌ နေသော်လည်း နေကျိုးမနပ်၊ အာပတ် မစင်ကြယ်နိုင်လေရာ။

သုတကာတို့ ပရိဝါသ်ကံ မာနတ်ကံ အဗ္ဘာန်ကံတို့၌ ပကတတ်ပြုလတ်သော်လည်း ပကတတ် မဟုတ်ချေ၍ အကျိုးမနပ်လေရာသည်။ ဤသို့ ကုက္ကုစ္စ အတန်တန် ကြံဖန်ပွါး၍ လိုရာတွင်ရပ်ဘန် ထားပြီးလျှင်၊ ကံသည် ချောမောအောင်မြင်ခဲ့လျှင်လည်း ၎င်းတောင်းသည့် ဝတ်ကို ချသည့် အတွက်ကြောင့် အပြစ်မရှိရာ၊ ကုက္ကုစ္စကို ပယ်ဖျောက်ခြင်းငှါ အဗ္ဘာန်သွင်း အပြီးတွင်လည်း ပရိ-ဝါသ်မာနတ် ချသင့်သည်ဟု ပြောဆိုဆုံးဖြတ်တော်မူကြသည်။ ဤကား မာနတ်ကို ချသင့်သည်ဟု ယူသောဆရာတို့ စကား။

ထိုဆရာတို့၏ အယူအဆ အဆုံးအဖြတ်စကားသည် ထိုဆရာတို့ ကိုးကား ပြထားသော မှီရာ အဋ္ဌကထာနှင့်ပင် အလွန်ဆန့်ကျင်နေလေသည်။ ဆန့်ကျင်ပုံမှာ— မတော်တဆ ရတ္တိစ္ဆေဒများရှိ

နေတတ်သောကြောင့် ဖုံးလွှမ်းအပ်သော ရက်ဘက် အပိုအလွန်ဖြစ်သော ရက်တို့ကို ကုက္ကုစ္စကို ပယ်ဖျောက်ခြင်းငှါ ပရိဝါသ် နေ၍ မာနတ် တောင်းရမည်။ ခြောက်ညဉ့်ထက် လွန်သော ညဉ့်တို့ကို ယူငင်ကျင့်သုံးပြီး၍ အဗ္ဘာန်သွင်းရမည်ဟု ပြသော အဋ္ဌကထာဆရာသည် မာနတ်မတောင်းယူမီက ကုက္ကုစ္စ ကင်းရှင်းလောက်အောင် ရက်ပိုများကျင့်သုံးပြီးမှ မာနတ်တောင်းရမည်၊ ကုက္ကုစ္စမငြိမ်း မပျောက်သေးလျှင် မာနတ်မတောင်းရ ထပ်၍သာ ကျင့်ရမည်ဟု တချက်။

ပရိဝါသ်ကို ကုက္ကုစ္စမရှိအောင် ကျင့်သုံးပြီးလျှင် မာနတ်တောင်း၍ မာနတ်ပေးသော အခါ မှာလည်း ကမ္မဝါစာမှ အစ ကမ္မသမ္ပတ္တိလက္ခဏာရအောင် သတိကြီးစွာထား၍ ကြိုးစားပြီးလျှင် အဗ္ဘာန်မသွင်းမီက ကုက္ကုစ္စ ကင်းရှင်းလောက်အောင် ညဉ့်ပိုများယူငင် ကျင့်သုံးရမည်၊ ကုက္ကုစ္စ မငြိမ်းမပျောက်သေးလျှင် အဗ္ဘာန်မသွင်းရ ထပ်၍သာကျင့်ရမည်ဟု တချက်။

ဤသို့ မာနတ်မတောင်း မကျင့်မီ အဗ္ဘာန် မသွင်းမီက ကုက္ကုစ္စကင်းပ နေသားတကျရှိအောင် ကျင့်ရန်သာ ပြတော်မူသည်၊ မာနတ်တောင်းယူကျင့်သုံးပြီး အဗ္ဘာန်သွင်းပြီးခါမှ ကုက္ကုစ္စ ရှိနေ ပြန်လျှင် ဝတ်ချထားရန်ကို ပြတော်မမူ၊ ထပ်၍ ကျင့်ရမည်ဟူ၍သာ အဓိပ္ပါယ် ကျလေသည်။ အဋ္ဌကထာ ဆရာကား မိမိပြဆိုတိုင်း ကျင့်သည်ကို အပဏ္ဏကပဋိပဒါ ဟုဆိုသည်၊ ထိုဆရာတို့အလို အတိုင်း အဋ္ဌကထာပြသမျှ ကျင့်ခဲ့ရသော်လည်း စိတ်မချသာသေး၊ အဗ္ဘာန်သွင်းပြီးမှ ကုက္ကုစ္စ မငြိမ်းမပျောက်သေး၍ ပရိဝါသ် မာနတ် ချရဦးမည်ဆိုလျှင် အပဏ္ဏကပဋိပဒါ မဟုတ်၊ ပဏ္ဏက-ပဋိပဒါသာ ဖြစ်ရာတော့မည်။ ပဏ္ဏကပဋိပဒါသာ ဖြစ်လျှင် ခွင့်ပြုတော်မူအပ်သော ဝုဋ္ဌာနကံ ဟူသော ပဋိညာတကရဏ သမထသည်လည်း အကျိုးမရှိတော့ရာ။ ထိုသို့ အကျိုး မရှိတော့လျှင် ဂရုက အာပတ်သင့်သော ရဟန်းတို့သည် သာသနာတော်၌ တစုံတရာထောက်တည်ရာ မရကုန် တော့ရာ။

### ထောက်တည်ရာ မရပုံမှာ—

မတော်တဆ ရတ္တိစ္ဆေဒ စသောအကြောင်းတို့ကြောင့် ကမ္မသမ္ပတ္တိ လက္ခဏာ မပြည့်စုံခဲ့လျှင် ငါသည် ပရိဝါသ် မာနတ်သားများ ဖြစ်နေသလော၊ မာနတ်သားများ ဖြစ်နေသလောဟု ပရိ-ဝါသ် မာနတ်ချလိုလှအောင် ဝိဟေသာ, ဝိစိကိစ္ဆာဟု ဆိုအပ်သော ဝိနယကုက္ကုစ္စ ရှိနေသော ရဟန်းသည် ပရိဝါသ်မာနတ် ချတားကာမျှဖြင့် ထိုဝိနယကုက္ကုစ္စအပြီးတိုင် ငြိမ်းသွားမည် မဟုတ်။ တဖန်–

ငါ၏ ဂရုကအာပတ်သည် ငြိမ်းမှငြိမ်းပါပည်လော။ မငြိမ်းသေးလျှင် ချထားသောကြောင့် ခေတ္တပကတတ် ဖြစ်နေသော်လည်း ပရိဝါသ်တန်းလန်း မာနတ်ဘန်းလန်းပင် ရှိနေသေး၍ ဒဏ် သား ရဟန်းအဖြစ်မှ ကောင်းကောင်းကြီး မလွတ်သေး၊ ဤမျှစင်ကြယ်အောင် ကုစားနိုင်ခဲ့သော ရှုံ့ရင်းကြမ်းကြုတ် စက်ဆုပ်ဘွယ်သော အမှုကို ကြူးလွန်ခဲ့မိပြီဟု ပူအပ်ပြီးသောလွန်ကျူးခြင်း ဝိတိက္ကမ အဇ္ဈာစာရကို မှီ၍ ထိုဝီတိက္ကမအဇ္ဈာစာရလျှင် အကြောင်းရှိသော နောက်ထပ်ဘဖန် ပူပန်ခြင်းဟူသော ဝိပ္ပဋိသာရ ကုက္ကုစ္စကြီး ဖြစ်ပြန်ရာသည်။

နောက်ထပ် ထိုကုက္ကုစ္စများ ကင်းပစေရန် ပရိဝါသ်မာနတ် မည်မျှပင် ကျင့်ပြန်သော်လည်း ကုက္ကုစ္စ ဖြစ်တတ်သော အလေ့ရှိသည့်အလျောက် တောက်လျှောက်မပြတ် မရပ်မနား ကုက္ကုစ္စသာ ပွါးတော့ရာသည်၊ ဘယ်အခါမျှ ကုက္ကုစ္စငြိမ်းစဲခွင့် မရှိ၊ သေရာပါဘို့သာ ရှိတော့သည်။ ရှင်သုဒိန်သည် အာဒိကမ္မိက ဖြစ်သောကြောင့် အာပတ်မသင့်တုံဘဲလျက် မိမိ၏ အဇ္ဈာစာရ ကုကတ အမှုကို အလွန်မြဲမြံ အစွဲသန်ကာ ဖျောက်ဖျက်မရ ဝိပ္ပဋိသာရ ကုက္ကုစ္စမီး တောက်လောင်ချက်ကြောင့် အရဟတ္တဖိုလ်၏ အကြောင်း ဥပနိဿယရှိပြီးသူ ဖြစ်လျက် မဂ်ဖိုလ်မရ, ကိစ္စမပြီး, ရှုံးခြင်းကြီး ရှုံးရသည့်ပမာ မနစ်နာတန်ဘဲ နစ်နာရတော့သည်။ ထိုဆရာတို့ဆိုသော အတိုင်း ကမ္မသမ္မုတ္တိဖြစ်လျက် ပရိဝါသ်မာနတ်ချသည့် အတွက်ကြောင့် တစုံတရာဝိနည်းပြစ် မရှိသော်လည်း ကုက္ကုစ္စ ဒဏ်ချက်ကား အလွန်ကြီးမားလှသည်၊ ဤသို့ ကုက္ကုစ္စဖြစ်ပြီး၍လျှင် ဆက်လက် မကုစားပဲ ပရိဝါသ် မာနတ်ချကာ ပကာသတ်ဟန်ပြုနေကာမျှဖြင့် "ဂရုက လဟုကေသု ဂရုကေ ဌာတဗ္ဗံ၊ တေ ဝိနယလက္ခဏံ" (ဝိ၊ ဋ္ဌ၊ ၃။ ၂၊ ၂၉) အရ ဂရုကဌ် တည်သည်ဟူ၍ မဆိုရ။

> ကထံ ကုက္ကုစ္စ ပကတာနံ ပဋိသရဏံ ဟောတိ။ တိရောရဋ္ဌေသု တိရောဇနပဒေသု စ ဥပ္ပန္နကုက္ကုစ္စာ ဘိက္ခူ "အသုကသ္မိံ ကိရ ဝိဟာရေ ဝိနယဓရော ဝသတီ"တိ ဒူရတောပိ တဿ သန္တိကံ အာဂန္တွာ ကုက္ကုစ္စံ ပုစ္ဆန္တိ၊ သော တေဟိ ကတဿ ကမ္မဿ ဝတ္ထုံ ဩလောကေတွာ အာပတ္တာနာပတ္တိ ဂရုကလဟုကာဒိဘေဒံ သလ္လက္ခေတွာ ဒေသနာဂါမိနိံ ဒေသာပေတွာ ဝုဋ္ဌာနဂါမိနိယာ ဝုဋ္ဌာပေတွာ သုဒ္ဓန္တေ ပတိဋ္ဌာပေတိ။ ဧဝံ ကုက္ကုစ္စပကတာနံ ပဋိသရဏံ ဟောတိ။ (ဝိ၊ ဋ္ဌ၊ ၃။ ၁၄၃)။

ဟူသော ဝိနယောပဒေသကို ထောက်ထားနည်း ယူ၍ ထိုသို့ ဖြစ်ပေါ်နေသော ကုက္ကုစ္စ မပျောက်မငြိမ်းသေးသမျှ မလျော့သော လုံ့လဖြင့် ဝိနည်းဓိုရ်ထံ ကမ္မဝါစာမှ အစ ကျင့်ခဲ့သမျှ ဝုဋ္ဌာနကံ အစီအရင်ကို မေးမြန်းလျှောက်ထား၍ ဆက်လက်ကျင့်သွားပါမှ ဂရုကဌ် တည်သည်ဟု ဆိုရသည်။ ထိုသို့ ပြဆိုအပ်ခဲ့ပြီးသော အဋ္ဌကထာ အာဘော်ကျ ဝိနယောပဒေသများကို ထောက်ဆ၍ ပရိဝါသ်မာနတ် ဆောက်တည်ပြီး၍ အဗ္ဘာန်သွင်းသော ရဟန်းသည် မာနတ် မတောင်းမီ အဗ္ဘာန်မသွင်းမီ ရှေးမဆွကသာ ဥတ်ကမ္မဝါစာမှအစ ရက်ပိုများနှင့် တကွ ကမ္မသမ္မုတ္တိဖြစ်အောင် ကျင့်ဆောင်ကြိုးစား နေသားတကျ ကုက္ကုစ္စ ကင်းငြိမ်းခါမှ မာနတ် တောင်းခြင်း အဗ္ဘာန်သွင်းခြင်း အမှုကို ပြုရာသည်၊ မာနတ်ယူပြီး အဗ္ဘာန်သွင်းပြီးခါမှ ကုက္ကုစ္စ ပျောက်ရန်ဟူ၍ ပရိဝါသ်မာနတ် မချသင့်ဟု ယုံကြည်လေးစား မှတ်သားရာ သတည်း။

## (က) အမှတ် အယူ ပြီး၏။

မာနတ် မချသင့်ဟု ယူကုန်သော ဆရာတို့ကား—

ကုက္ကုစ္စ သံသယမရှိဘန်ရာ ရှိလေဘိသည်၊ ပါဠိအဋ္ဌကထာ ဋီကာတို့၌လည်း အဗ္ဘာန်သွင်း၍ အပြီးတွင် ပရိဝါသ်မာနတ်များကို ချအပ်သည် အဆိုမရှိ။ ကိစ္စပြီးစီး အောင်မြင်ပြီဟူသော အမှတ်နှင့် နေလျှင် အဘယ်အပြစ် ရှိရမည်နည်း၊ ဝတ်ကို မချသင့်ဟု မိန့်ဆိုတော်မူကြသည်။

ထို ဆရာတို့၏ စကား၌လည်း ကိစ္စပြီးစီး အောင်မြင်ပြီဟူသော အမှတ်နှင့် နေလျှင် အဘယ် အပြစ် ရှိရမည်နည်းဟူသော စကားသည် အလွန်ပေါ့လွန်းသော စကား ဖြစ်သည်၊ အဓိပ္ပါယ် စကားကျ အားဖြင့် ကမ္မသမ္ပတ္တိ လက္ခဏာတို့၌ ကုက္ကုစ္စ သံသယ ထားနေစရာ မလို၊ ကုက္ကုစ္စ သံသယကင်းအောင် ဟူ၍လည်း ဝိနည်းဓိုရ်ပုဂ္ဂိုလ်တို့ကို မေးမြန်း နှီးနှောဘွယ် မဟုတ်၊ ကုက္ကုစ္စ သံသယကြီးစွာ ဝုဋ္ဌာနက်ကို ကျင့်ကြံနေဘွယ် မရှိ၊ ကမ္မလက္ခဏာ မပြည့်စုံ၍ ကိစ္စမပြီးသော်လည်း ကိစ္စပြီးစီး အောင်မြင်ပြီဟူသော အမှတ်နှင့် နေလျှင် အပြစ်မရှိဟု ဤဝုဋ္ဌာနက်နှင့် အန္တရာပတ် အရာတို့၌ အပြစ်လွတ်ရန် အနည်းငယ်မျှ အထောက်အပံ့မဟုတ်သော သညာဖြင့် အပြစ်လွတ်နိုင် သည်ဟု ဆိုလိုရာ ရောက်သည် ဖြစ်၍—

နောက်နောင် ကောင်းစွာ ကျင့်လိုသော သူတို့ပင် ဒိဋ္ဌာနုဂတိသို့ လိုက်သွား၍ ကုက္ကုစ္စ သံသယမထားဘဲ ကမ္မသမ္ပတ္တိလက္ခဏာကို စေ့စေ့ငုငု အလေးမပြုမူ၍ လွယ်ကာမတ္တ ကျင့်ဆောင် ကြရန် အကြောင်းဖြစ်သည်၊ ထိုကြောင့် ဝိနည်းသဘောနှင့် ဝေးကွာလှသော ဤ နောက်ဆရာ တို့၏ စကားကိုလည်း သာရအားဖြင့် မယူမူ၍ အောက်၌ ပြအပ်ပြီးသော နည်းအတိုင်းသာ ဝိနည်းကို အလွန်အလေးပြုလျက် နိက္ကုက္ကုစ္စ နိသံသယဖြစ်အောင် ကျင့်သုံး ဆောက်တည်ရာ သတည်း။

(ခ) အမှတ် အယူ ပြီး၏။ (၁) နံပါတ်အဖြေ ပြီး၏။

## (၂) နံပါတ်အဖြေ

ဤ မာနတ်ကြား၍ မာနတ်ကိုချပြီးလျှင် အဗ္ဘာန်တောင်းရမည်၊ မာနတ်မချလျှင် အဗ္ဘာ- နကံ မပေးနှင့်ဟူသော အယူသည် အောက်(၁)နံပါတ် ပုစ္ဆာ(က)အမှတ်၏ အဖြေ၌ ထုတ်ပြ အပ်ပြီးသော "အဗ္ဘန္တေဟိ။ပ။ ဝတ္တံ သမာဒိယိတွာ အာရောစေတွာ အဗ္ဘာန် ယာစိတဗ္ဗံ" ဟူသော စူဠဝါသမုစ္စယက္ခန္ဓက အဋ္ဌကထာ ၁၇-ဂ-တို့နှင့် ဖြောင့်ဖြောင့် ဆန့်ကျင်နေသောကြောင့် ပယ်ရှားခွါပစ် နစ်စေအပ်သော အနိဋ္ဌိပ ဂရဟိတဗ္ဗ မိစ္ဆာဝါဒ-ဟူ၍ ယုံမှားကင်းကွာ မှတ်သားရာသတည်း။

(၂) နံပါတ်အဖြေ ပြီး၏။

ဤမျှအတိုင်း အရှည်ရှိသော စကား အစဉ်ဖြင့် စစ်တွေခရိုင် မင်းပြားမြို့ အုတ်ကျောင်းနေ ရှင်ပဒုမ မေးလျှောက်အပ်သော ပုစ္ဆာများကို ဖြေကြားပေးလိုက်ရန် သာသနဇောတိကာရုံ အုတ်ကျောင်း ဆရာတော်က တမ္ဗဝတီဆရာတော်သို့ ပေးအပ်လိုက်သည်မှ တဆင့် လက်ခံရသော (ဥက္ကံသ) မည်သော အမရပူရ ဆရာ ငါသည် သဘောမိရုံမျှ ရေးသား ဆုံးဖြတ်အပ်သော ဝိမတိဋ္ဌေဒနီကထာ ပြီးဆုံးလတ်ပြီ။

ဤအဆုံးအဖြတ်၌ ပါသော ပါဠိအဋ္ဌကထာ စသည်တို့ကို က-ခ စသော အမှတ်စဉ် အတိုင်း အနက်ပြန်ဆိုလိုက်အံ့—

(က) အဗ္ဘန္တေဟိ စ၊ သွင်းခေါ်ကုန်သော ရဟန်းတို့သည်လည်း။ ဝါ-အဗ္ဘာန ကံ ဆောင်ရွက် ကုန်သော ရဟန်းတို့သည်လည်း။ (ဘိက္ခု၊ မာနတ်ကျင့်ပြီးသော ရဟန်းကို)။ ပဌမံ၊ ရှေးဦးစွာ။ အဗ္ဘာနာရဟော၊ အဗ္ဘာနကံ ဆောင်ရွက်ထိုက်အောင်။ ကာတဗ္ဗော၊ ပြုလုပ်အပ်၏။ ဟိ=သစ္စံ၊ မှန်၏။ အယံ ဘိက္ခု၊ ဤရဟန်းသည်။ နိက္ခိတ္တဝတ္တတ္တာ၊ ချထားအပ်သော ဝတ်ရှိသည်၏ အဖြစ် ကြောင့်။ ပကတတ္တဋ္ဌာနေ၊ ပကတတ် ရဟန်းအရာ၌။ ဌိတော၊ တည်၏။ စ၊ ဆက်ဦးအံ့။ ပကတတ္တဿ၊ ပြကတေ့သော သီလသဘောရှိသည့် ပကတတ်ရဟန်းအား။ အဗ္ဘာနံ၊ အဗ္ဘာန် သွင်းခြင်းကံကို။ ကာတုံ၊ ပြုခြင်းငှါ။ န ဝဋ္ဋတိ၊ မအပ်စပ်။ တသ္မာ၊ ထိုကြောင့်။ အယံ ဘိက္ခု၊ ဤရဟန်းကို။ ဝတ္တံ၊ ဝတ်ကို။ ဝါ၊ မာနတ်ကျင့်ဝတ်ကို။ သမာဒါပေတဗ္ဗော၊ ဆောက်တည် စေအပ်၏။ ဝါ၊ ဆောက်တည်ခိုင်းရမည်။ ဝတ္တေ၊ မာနတ်ကျင့်ဝတ်ကို၊ သမာဒိန္နေ၊ ဆောက် တည်အပ်ပြီးလတ်သော်။ အယံ ဘိက္ခု၊ ဤရဟန်းသည်။ အဗ္ဘာနာရဟော၊ အဗ္ဘာနကံ ဆောင် ထိုက်တော့သည်။ ဟောတိ၊ ဖြစ်၏။ တေနာပိ ဘိက္ခုနာ၊ ထိုရဟန်းသည်လည်း။ ဝတ္တံ၊ မာနတ် ကျင့်ဝတ်ကို။ သမာဒိယိတွာ၊ ဆောက်တည်ပြီး၍။ အာရောစေတွာ၊ ဝတ်ကြားပြီး၍။ အဗ္ဘာနံ၊ အဗ္ဘာန်ကို။ ယာစိတဗ္ဗံ၊ တောင်းပန်ရမည်။ (ဝိ၊ ဋ္ဌ၊ ၄။ ၁၇-၈။)

(ခ) ယတ္တကာနိ၊ အကြင်မျှလောက်အတိုင်း အရှည်ရှိကုန်သော။ ဒိဝသာနိ၊ နေ့ရက်တို့ကာလ ပတ်လုံး။ အာပတ္တိ၊ အာပတ်ကို။ ပဋိစ္ဆန္နာ၊ ဖုံးလွှမ်းအပ်ခဲ့သည်။ ဟောတိ၊ ဖြစ်၏။ တတ္တကာနိ၊ ထိုမျှအတိုင်း အရှည်ရှိကုန်သော။ ဒိဝသာနိ ဝါ၊ နေ့ရက်တို့ ကာလပတ်လုံးသော်၎င်း။ တတော၊ ထိုနေ့ရက်တို့ထက်။ အဓိကတရာနိ ဝါ၊ ပိုမိုသော နေ့ရက်တို့ ကာလပတ်လုံး သော်၎င်း။ ကုက္ကုစ္စဝိနောဒနတ္ထာယ၊ ဝိနည်း၌ သံသယကုက္ကုစ္စကို ပယ်ဖျောက်ခြင်း အကျိုးငှါ။ ပရိဝသိတွာ၊ ပရိဝါသ် ကျင့်သုံးပြီး၍။ သံဃံ၊ သံဃာတော်သို့။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်ပြီး၍။ ဝတ္တံ၊ ဝတ်ကို။ သမာဒိယိတွာ၊ ဆောက်တည်ပြီး၍။ မာနတ္တံ၊ မာနတ်ကျင့်ဝတ်ကို။ ယာစိတဗ္ဗံ၊ တောင်းပန်အပ်၏။ (ဝိ၊ ဋ္ဌ၊ ၄။ ၂၄)။

(ဂ) ယောပိ၊ အကြင် အာဂန္တု-ဧည့်သည် ရဟန်းသည်လည်း။ ရတ္တိံ ယေဝ၊ ညဉ့်၌သာလျှင်။ အာဂန္တွာ၊ လာ၍။ ရတ္တိံ ယေဝ၊ ညဉ့်၌ပင်လျှင်။ ဂစ္ဆတိ၊ ပြန်သွား၏။ သောပိ၊ ထိုအာဂန္တု ရဟန်းသည်လည်း။ အဿ၊ ထိုပရိဝါသ် မာနတ် ဆောက်တည်နေသော ရဟန်း၏။ ရတ္တိစ္ဆေဒံ၊ ညဉ့်ပြတ်ခြင်းကို။ ကရောတိ၊ ပြုနိုင်၏။ အညာတတ္တာ ပန၊ မသိအပ်သည်၏ အဖြစ်ကြောင့် မူကား။ ဝတ္တဘေဒဒုက္ကဋံ၊ ဝတ္တရား ပျက်ကွက်မှုကြောင့် သင့်သော ဒုက္ကဋ် အာပတ်သည်။ နတ္ထိ၊ မရှိ။

သစေ၊ အကယ်၍။ အဇာနိတွာဝ၊ မသိမူ၍သာလျှင်။ အဗ္ဘာနံ၊ အဗ္ဘာနကံ ဆောင်ခြင်း အမှုကို။ (သံဃော၊ သံဃာသည်။) ကရောတိ၊ ပြုငြားအံ့။ အဗ္ဘာနံ၊ အဗ္ဘာနကံ ဆောင်ခြင်း သည်။ အကတမေဝ၊ ပြုအပ်သည် မမည်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။

ကုရုန္ဒိယံ၊ ကုရုန္ဒိအဋ္ဌကထာ၌။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။ တသ္မာ၊ ထိုကြောင့်။ အခိကာ၊ အပိုအမို ဖြစ်ကုန်သော။ ရတ္တိယော၊ ပရိဝါသ် မာနတ်ဆောက်တည်သည့် ညဥ့်တို့ကို။ ဂဟေတွာ၊ ယူ၍။ ကာတဗ္ဗံ၊ ပြုလုပ်သင့်၏။ အယံ၊ ဤသည်ကား။ **အ**ပဏ္ဏကပဋိပဒါ=အဝိရဒ္ဓပဋိပဒါ၊ မချွတ် မချော် မတိမ်းပါးနိုင်သည့် အကျင့်ပေတည်း။ (ဝိ၊ ဋ္ဌ၊ ၄။ ၁၁)။

(ဃ) ဝိနယဝိနိစ္ဆယေ၊ ဝိနည်းအဆုံးအ**ဖြ**တ်သည်။ အာဂတေ၊ ရောက်လတ်သည်ရှိသော်။ ဂရုကလဟုကေသု၊ ဂရုကအာပတ် လဟုကအာပတ် ၂-မျိုး ၂-စား ဖြစ်ရာ ဌာနတို့၌။ ဂရုကေ၊ ဂရုကအာပတ်၌။ ဌာတဗ္ဗံ၊ တည်ရမည်။ ဣတိ ဧတံ၊ ဤသို့ ဂရုက၌ တည်ခြင်းသည်။ ဝိနယ- လက္ခဏံ၊ ဝိနည်းတရားတော်၏ မှတ်ကြောင်း လက္ခဏာပေတည်း။ (ဝိ၊ ဋ္ဌ၊ ၃။ ၂၊ ၂၉။ ဝိသင်္ဂဟ။ ၇၉။ ဝိ၊ ဋ္ဌ၊ ၁။ ၂၇၆)။

(င) ကထံ၊ အဘယ်သို့လျှင်။ ကုက္ကုစ္စပကတာနံ၊ (ဝိနည်း၌) သံသယကုက္ကုစ္စသည် အနှိပ် စက်ခံရကုန်သော ရဟန်းတော်တို့၏။ ပဋိသရဏံ၊ ကိုးကွယ်အားထားရာသည်။ ဟောတိ၊ ဖြစ်ပါ သနည်း။ တိရောရဋ္ဌေသု စ၊ တိုင်းတပါးတို့၌၎င်း။ တိရောဇနပဒေသု စ၊ ဇနပုဒ် ခရိုင်နယ်ပယ် တပါးတို့၌၎င်း။ ဝသန္တာ၊ နေထိုင်ကြကုန်သော ဥပ္ပန္နကုက္ကုစ္စာ၊ (ဝိနည်း၌) ဖြစ်သော သံသယ- ကုက္ကုစ္စ ရှိကြကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ အသုကသ္မိံ၊ ဤမည်သော။ ဝိဟာရေ၊ ကျောင်းတိုက်၌။ ဝိနယဓရော၊ ဝိနည်းကို ဆောင်သည့် ဝိနည်းဓိုရ် ရဟန်းတော်သည်။ ဝသတိ ကိရ၊ နေတော်မူသတဲ့။ ဣတိ၊ ဤသို့။ သုတွာ၊ သတင်းကြားရ၍။ ဒူရတောပိ၊ အဝေးမှလည်း။ တဿ၊ ထို ဝိနည်းဓိုရ်ရဟန်း၏။ သန္တိကံ၊ အထံသို့။ အာဂန္တွာ၊ လာကြ၍။ ကုက္ကုစ္စံ၊ (ဝိနည်း၌) သံသယကုက္ကုစ္စကို။ ပုစ္ဆန္တိ၊ မေးမြန်း လျှောက်ထား ကြကုန်၏။ သော၊ ထိုဝိနည်းဓိုရ် ရဟန်း သည်။ တေဟိ၊ ထို ကုက္ကုစ္စ အနှိပ်စက် ခံရကုန်သော ရဟန်းတော်တို့သည်။ ကတဿ၊ ပြုအပ် သော။ ကမ္မဿ၊ အမှု၏။ ဝတ္ထုံ၊ အကြောင်းခြင်းရာ ဝတ္ထုကို။ ဩလောကေတွာ၊ ကြည့်ရှု ဆင်ခြင်၍။ အာပတ္တာနာပတ္တိ ဂရုကလဟုကာဒိ ဘေဒံ၊ အာပတ်သင့်ခြင်း, မသင့်ခြင်း, လေးသောအာပတ်, ပေါ့သောအာပတ် စသည့် အထူးအပြားကို။ သလ္လက္ခေတွာ၊ မှတ်သား၍။ ဒေသနာဂါမိနိံ၊ ဒေသနာဂါမိနီ အာပတ် ၅-ဖုံကို။ ဒေသာပေတွာ၊ ဒေသနာ ကြားစေ၍။ ဝုဋ္ဌာနဂါမိနိယာ၊ ဝုဋ္ဌာနဂါမိနီ သံဃာဒိသိသ် အာပတ်မှ။ ဝုဋ္ဌာပေတွာ၊ ထ စေ၍။ ဝါ၊ ဝုဋ္ဌာနကံ- ဆောင်စေ၍။ သုဒ္ဓန္တေ၊ စင်ကြယ်သောသူ၏ အဖို့၌။ ပတိဋ္ဌာပေတိ၊ တည်စေ၏။ ဧဝံ၊ ဤသို့။ ကုက္ကုစ္စပကတာနံ၊ တို့၏။ ပဋိသရဏံ၊ သည်။ ဟောတိ၊ ၏။ (ဝိ၊ ဋ္ဌ၊ ၃။ ၁၄၃။ ဝိ၊ သင်္ဂဟ။ ၄၆၅။)

## ၄–ဥပသမ္ပဒါကမ္မ ဝိမတိစ္ဆေဒနီ

နေ့စွဲ ၁၃၃၀–ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၂-ရက် အင်္ဂါနေ့။

အထံသို့/

ဆရာတော်ဘုရား

အမရပူရကျောင်း

ဒက္ခိဏာရာမ ဘုရားကြီးတိုက် မန္တလေးမြို့။

တပည့်စန္ဒိမာ ရှိသေစွာ စာရေး လျှောက်ထားအပ်ပါသည် အနန္တဂိုဏ်းဝင် ကျေးဇူးရှင် ဆရာတော်ကြီးဘုရား။

ကိစ္စ။ ။ အောက်ပါ ဝိဝါဒါဓိကရုဏ်းကို မည်ကဲ့သို့ ဝိနိစ္ဆယချသင့်သည်ကို တပည့် မစွမ်းဆောင်နိုင်သဖြင့် ကျမ်းအထောက်အထား ခိုင်လုံစွာ ဖြည့်စွက်၍ ဝိနိစ္ဆယ ချပေးတော်မူပါရန် ရှိသေစွာ လျှောက်ထားအပ်ပါသည်ဘုရား။

(က) ရဟန်းလောင်းတပါး၌ သံဃာ့သမ္မုတိ အနုသာသကပုဂ္ဂိုလ်သည် အနုသာသက ပြုနေခိုက်တွင် အမှားမှား အယွင်းယွင်း ဖြစ်လာ၍ သံဃသမ္မုတိမရသော အခြားပုဂ္ဂိုလ်တဦးက ဝင်ရောက်၍ အနုသာသကပြုလျှင် ၎င်းကံသည် အကုပ္ပ ဖြစ်နိုင်ပါသလော။

(ခ) ပဌမ အနုသာသက ပုဂ္ဂိုလ်ပြုလုပ်ခဲ့သော (၁) ဝတ္ထု ပရာမာသ၊ (၂) ပုဂ္ဂလ ပရာမာသတို့ဖြင့် ပြီးနိုင်ပါသလော။

(ဂ) ပဌမ အနုသာသက ပြုလုပ်ခဲ့သော (၁) ဝတ္ထု ပရာမာသ၊ (၂) ပုဂ္ဂလ ပရာမာသတို့ဖြင့်သာ ပြီးခဲ့ပြီ-ဟု နှလုံးသွင်း၍၊ ဒုတိယအနုသာသကသည်၊ (၁) ဝတ္ထု ပရာမာသ၊ (၂) ပုဂ္ဂလ ပရာမာသတို့ကို မသုံးသပ်မူ၍ ကံဆောင်လျှင် ထိုကံသည် အကုပ္ပ ဖြစ်နိုင် မဖြစ်နိုင်ကို ဝိနိစ္ဆယချပေးစေလိုပါသည် ဘုရား။

အထက်ပါ ဝိနိစ္ဆယမှာ တပည့်၏ အပေါ်တွင် အများဆုံး တာဝန်ရှိနေပါသဖြင့် မြတ်စွာဘုရား၏ ရွှေမျက်နှာတော်ကို ထောက်ထား၍ အမှန်အတိုင်း သိရအောင် အမြန်ဆုံး ဝိနိစ္ဆယ ချ၍ တပည့်အား ချီးမြှင့်ပေးသနားတော်မူပါ ဘုရား။ ။

**တပည့်–စန္ဒိမာ**

စံရာကျောင်း

ဟဲယားရွာမ

အင်းလေးကန်/တောင်ပိုင်းရှမ်းပြည်။

၁၃၃၀-ပြည့်နှစ် တန်ဆောင်မုန်းလဆန်း (၇) ရက်နေ့ ရှမ်းပြည်တောင်ပိုင်း အင်းလေးကန် ဟဲယားရွာမ-စံရာကျောင်း ရှင်စန္ဒိမာ မေးလျှောက်သည်ကို ဝိဝါဒါဓိကရဏ်း ပြေငြိမ်းအေးရန် ရည်သန်၍ ဝိနယောပဒေသကို ပြလျက် သိသာရုံမျှ ဝိနိစ္ဆယကျဉ်း ရေးပေးလိုက်သည်။

## မေးလိုရင်းချုပ်

(က) အနုသာသက သမ္မုတိရ အနုသာသကပုဂ္ဂိုလ် မစွမ်းနိုင်၍ အခြား (သမ္မုတိမရ) ပုဂ္ဂိုလ်တပါး အစားထိုးဝင်ရောက် ဆုံးမလျှင် ကံ (ဥပသမ္ပဒါကံ) ပျက် မပျက်။

(ခ) ပဌမ အနုသာသကပုဂ္ဂိုလ် ပြုလုပ်ခဲ့သော (၁) ဝတ္ထုပရာမာသ၊ (၂) ပုဂ္ဂလပရာမာသဖြင့် ပြီးနိုင် မပြီးနိုင်။

(ဂ) ပြီးနိုင်ပြီ-ဟု နှလုံးသွင်း၍ ဒုတိယ အနုသာသကသည် (၁) နှင့် (၂) တို့ကို မသုံးသပ်မူ၍ ကံဆောင်လျှင် အကုပ္ပဖြစ် မဖြစ်-ဟု မေးလိုရင်း ဖြစ်သည်။

## ဤ အမေး (၃) ရပ်တွင်

(ခ) နှင့် (ဂ) အမေးတို့သည် မရှင်းလင်းကုန်၊ ပဌမ အနုသာသကပုဂ္ဂိုလ်၏ အနုသာသက သမ္မုတိဉာတ်ဖြင့် ပြီး မပြီး၊ ပြီးပြီ-ဟု နှလုံးသွင်း၍ ဒုတိယ အနုသာသက ပုဂ္ဂိုလ်သည် သမ္မုတိဉာတ် မထားမူ၍ ဆုံးမပြီး ကံ (ဥပသမ္ပဒါကံ) ဆောင်လျှင် အောင်မည် မအောင်မည်-ဟု မေးလိုရိပ် ထင်သည်၊ ထင်သည့်အတိုင်း အမေး (၃) ရပ်ကိုရင်း အခြားပုစ္ဆာကိစ္စနှင့် ဝတ္ထုပုဂ္ဂလပရာမသနတို့ကိုရင်း ထည့်သွင်း၍ အဆုံးအဖြတ် ရေးပေးလိုက်အံ့။

## တင်ကြို သိထားနှင့်ရန်

ဥပသမ္ပဒကံ ပျက်မပျက်အောင်မအောင်ဆိုသည်ကို ဥတ္တိစတုတ္ထကမ္မဝါစာ ဖတ်ရွတ်ဆောင်ရွက် ရာ၌သာ လိုအပ်သည်။ ဥတ္တိစတုတ္ထကမ္မဝါစာ ဖတ်ရွတ်မှုသာ ပဓာနကိစ္စဖြစ်သည်။ ဥပဇ္ဈာယ် ယူခြင်းအစ အန္တရာယိကဓမ္မတို့ကို မေးသည်အထိ (ဂ) ပါးသော ကိစ္စတို့ကား ဥပသမ္ပဒါကံ မဆောင်မီ ပတ္တကလ္လ ဖြစ်ရေးအတွက် ပြုရသည့် ပုဗ္ဗကိစ္စတို့သာ၊ ပဓာန မဟုတ်။ ပုဗ္ဗကိစ္စ ချွတ်ယွင်း မှုကြောင့် အာပတ်သင့်ရန်သာ၊ နောက်ဥပသမ္ပဒါကံ ပျက်ရေး မပျက်ရေးနှင့် ဘာမျှ မဆိုင်-ဟု မှတ်လင့်။

တေသွိဥ ပုဗ္ဗကမ္မနိဋ္ဌာပနေ သတိ ဝေ ဍ္ဍဒ် သံသဿ ဥပသမ္ပဒါကမ္မံ ပတ္တကလ္လံ နာမ ဟောတိ၊ နာသတိ။ တေသု ပန ပုဗ္ဗကမ္မေသု အကတေသုပိ ကတံ ကမ္မံ ယထာဝုတ္တဝတ္ထု သမ္ပတ္တိအာဒီသု အကုပ္ပမေဝ ဟောတိ- ဟူသော ဝိမတိဋီကာ (ဒု။ ၁၃၆) ကို ထောက်လေ။

## (က) အဖြေ

အနုသာသကပုဂ္ဂိုလ်သည် ဗျတ္တ-ပဋိဗလ ပုဂ္ဂိုလ်သာ ဖြစ်ရာသည်။ ဗာလအဗျတ္တ ဖြစ်လျက် ဆုံးမလျှင် ဒုက္ကဋ်အာပတ် သင့်သည်။ သမ္မုတိရသော ပုဂ္ဂိုလ်သာ ဆုံးမကောင်းသည်၊ သမ္မုတိ မရသော ပုဂ္ဂိုလ်ဆုံးမလျှင် ဒုက္ကဋ်အာပတ်သင့်သည်။ ထိုကြောင့်——

> န ဘိက္ခဝေ ဗာလေန အဗျတ္တေန အနုသာသိတဗ္ဗော၊ ယော အနုသာသေယျ၊ အာပတ္တိ ဒုက္ကဋဿ။ အနုဇာနာမိ ဘိက္ခဝေ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန အနုသာသိတုံ ဟူ၍ရင်း။ န ဘိက္ခဝေ အသမ္မတေန အနုသာသိတဗ္ဗော၊ ယော အနုသာသေယျ၊ အာပတ္တိ ဒုက္ကဋဿ။ အနုဇာနာမိ ဘိက္ခဝေ သမ္မတေန အနုသာသိတုံ-ဟူ၍ရင်း။ မဟာဝါ ပါဠိတော်(၁၃၀)၌ ဟောတော်မူအပ်ပြီ။

ထိုကြောင့် (က)အမေး၌ ချတ်ချော်တိမ်းပါး အမှားမှား အယွင်းယွင်း ဆုံးမသော (မစွမ်း နိုင်သော)သမ္မုတိရ-ပဌမအနုသာသကပုဂ္ဂိုလ်လည်း ဒုက္ကဋ်အာပတ်မှ မလွတ်။ သို့ပင် ပဌမ-ဒုတိယ-အနုသာသကပုဂ္ဂိုလ်တို့အား အာပတ်သင့်သော်လည်း ပဓာနဥပသမ္ပဒါကံ အရာ မဟုတ်။ ပုဗ္ဗကိစ္စ အရာဖြစ်၍ ပဓာနဥပသမ္ပဒါကံ ဆောင်ရွက်ရာ၌ ဝတ္ထုဉတ္တိ အနုသာဝန သီမာ ပရိသာသမ္ပတ္တိ ဖြစ်က၊ ကံ (ဥပသမ္ပဒါကံ)မပျက်ဟု "တဿ ပန ကမ္မဿ ဝတ္ထု ဉတ္တိ အနုသာဝနသီမာ ပရိသာ-သမ္ပတ္တိဝသေန အကုပ္ပတာ"ဟူသော ကင်္ခါအဋ္ဌကထာ ရှေးဦးအစ ထုတ်ပြခဲ့သော ဝိမတိဋီကာ (ဒု၊ ၁၃၆) တို့ကို ထောက်၍ သန္နိဋ္ဌာန်ကျ သိမြင်မှတ်ယူသင့်သည်။

(က) အဖြေ ပြီး၏။

---

## (ခ) အဖြေ

ပဌမအနုသာသက၏ သမ္မုတိဉာတ်ဖြင့် ပဓာနဥပသမ္ပဒါကံအတွက် အနုသာသကသမ္မုတိ ကမ္မ ကရဏ ပုဗ္ဗကိစ္စပြီးသည်။ ထိုပဌမ အနုသာသကပုဂ္ဂိုလ် အာပတ်သင့်သည်ကား သမ္မုတိမရသမ္မုတိ ကံ မပြောက်၍ သင့်သည် မဟုတ်။ ဗာလအဗျတ္တဖြစ်လျက် ဆုံးမသောကြောင့်သာ သင့်သည်။ ဒုတိယအနုသာသကပုဂ္ဂိုလ် အာပတ်သင့်သည်ကား ဗာလအဗျတ္တဖြစ်လျက် ဆုံးမသောကြောင့် မဟုတ်။ သမ္မုတိ မရသောကြောင့်သာ သင့်သည်ဟု ယခင်မဟာဝါပါဠိတော် (၁၃၀)ဖြင့် ကွဲကွဲ ပြားပြား မှတ်သားရမည်။

(ခ) အဖြေ ပြီး၏။

---

## (ဂ) အဖြေ

ပဌမ အနုသာသကပုဂ္ဂိုလ်၏ ဉတ်ဖြင့်ပင် အနုသာသက သမ္မုတိကရဏ ပုဗ္ဗကိစ္စ ပြီးနိုင်ပြီ-ဟု နှလုံးသွင်း၍ ဒုတိယ အနုသာသကပုဂ္ဂိုလ်သည် သမ္မုတိဉတ် မထားတော့ဘဲ(မိမိအဘို့ မသမုတ်

တေ့ဘဲ)ဆက်လက်ဆိုးမ၍ ကံ(ဥပသမ္ပဒါကံ)ဆောင်လျှင် ဆိုခဲ့ပြီးသော သမ္ပတ္တိ ၅-ပါးနှင့် ပြည့်စုံပါမူ ထိုကံ(ဥပသမ္ပဒါကံ) အကုပ္ပ=မပျက်၊ ဝါ-အောင်မြင်သည်ဟု အစက ထုတ်ပြခဲ့သော ဝိမတိဋီကာ (ဒု၊ ၁၃၆) ကို ထောက်၍ သန္နိဋ္ဌာန်ကျ သိမြင်မှတ်ယူသင့်သည်။

(ဂ) အမြေ ပြီး၏။

---

## ပုစ္ဆာကိစ္စသရုပ်

(၁) ဥပဇ္ဈာယ်ယူစေခြင်း=ဥပဇ္ဈာဂါဟာပနံ။

(၂) သပိတ်သင်္ကန်းကြားခြင်း=ပတ္တစီဝရာစိက္ခနံ။

(၃) အနုသာသက သမ္မုတိကံပြုခြင်း=တတော တံ ဟတ္ထပါသတော ဗဟိ ဌပေတွာ အနုသာသက သမ္မုတိ ကမ္မကရဏံ။

(၄) ဆိုးမခြင်း=သမ္မတေန စ ဂန္တွာ အနုသာသနံ။

(၅) ရဟန်းလောင်းကို ဟတ္ထပါသ်သို့ သွင်းခြင်း=တေန စ ပဌမတရံ အာဂန္တွာ သံဃဿ ဉာပေတွာ ဥပသမ္ပဒါပေက္ခံ အာဂစ္ဆာဟီတိ ဟတ္ထပါသေ ဝေ အဗ္ဘာနံ။

(၆) ရဟန်းအဖြစ်ကို တောင်းပန်စေခြင်း=တေန စ ဘိက္ခူနံ ပါဒေ ဝန္ဒာပေတွာ ဥပသမ္ပဒါယာစနံ။

(၇) ပုစ္ဆကသမ္မုတိကံပြုခြင်း=တတော အန္တရာယိကေ ဓမ္မေ ပုစ္ဆကသမ္မုတိကရဏံ။

(၈) အန္တရာယိကဓမ္မတို့ကို မေးခြင်း=သမ္မတေန စ ပုစ္ဆနန္တိ ဣမာနိ အဋ္ဌ ပုစ္ဆာကိစ္စာနိ၊ တေသံ သဗ္ဗေသံ ယာထာဝတော ကရဏေန နိဋ္ဌာပနံ....ဝိမတိဋီကာ၊ဒု၊၁၃၆။

ဤ(၈)ပါးသော ပုစ္ဆာကိစ္စတို့ကို စံနစ်တကျ ပြီးစီးအောင် ဆောင်ရွက်ပြီးမှ ဉတ္တိစတုတ္ထ ဥပသမ္ပဒါကံကို ဆောင်ရွက်ရသည်။ ဝတ္ထုပရာမသန ပုဂ္ဂလပရာမသန နှစ်ပါးတို့တွင် ပဥ္စင်းလောင်းကို ကြားခြင်းသည် ဝတ္ထုပရာမသန၊ ဥပဇ္ဈာယ်ကို ကြားခြင်းသည် ပုဂ္ဂလပရာမာသန မည်၏။ ကြားခြင်းဟူသည် ဉတ်ကမ္မဝါစာတို့၌ ယူခြင်း ရွတ်ဖတ်ခြင်းပင်တည်း။

## ထိုဓာဌ် မှည့်ခေါ်အပ်သော မည်သည့်အမည်ဖြင့် မဆို ကမ္မဝါ ရွတ်ဖတ်သင့်ကြောင်း

ဥပသမ္ပဒါပေက္ခဿ အကိတ္တနံ ဝတ္ထုအပရာမသနံ နာမ။ ဥပဇ္ဈာယဿ အကိတ္တနံ ပုဂ္ဂလအပရာမသနံ နာမ။ ကင်္ခါ အဋ္ဌကထာ-၁၀၆။ အပရာမသနာနီတိ အဂ္ဂဟဏာနိ အဝစနာနိ။ ဇင်းဋီကာ၊ ၁၇၄။ ဤ ဥတ္တိ ဒေါသ ပြ ဗျတိရေက၏ အန္ဝယအားဖြင့် ကွဲကွဲပြားပြား သိသင့်သည်။ ပဥ္စင်းလောင်း တည်းဟူသော ဝတ္ထု၊ ဥပဇ္ဈာယ်တည်းဟူသော ပုဂ္ဂိုလ်တို့ကို ကြားရာ

ယူရာ ရွတ်ဖတ်ရာ၌– "အနုဇာနာမိ ဘိက္ခဝေ ဂေါတ္တေနပိ အနုသာဝေတုံ"ဟု မဟာဝါပါဠိတော် ၁၂၉-၌ ပိန္နင့် တကွ ဟောတော်မူသောကြောင့် ဂေါတ္တနာမ် (အနွယ် အမည်) အပြင် အခြား ထင်ရှားသော အမည် ကမ္မဝါ ရွတ်လွယ်စေရန် ထိုဇာတ်၌ ပညတ် မှည့်ခေါ် အပ်သော အမည် အလုံးစုံ ဘယ်အမည်မဆို ယူ၍ ကမ္မဝါစာ ဖတ်အပ်သည်ချည်းဟု သေသေသပ်သပ် မှတ်လေ။

ထိုကြောင့် –

တသ္မာ အညမ္ပိ ကိဉ္စိ တဿ နာမံ ပသိဒ္ဓံ၊ တသ္မိံ ဝါ ခဏေ သုခဂ္ဂဟဏတ္ထံ နာမံ ပညာပိတံ၊ တံ သဗ္ဗံ ဂဟေတွာပိ အနုဿာဝနာ ကာတဗ္ဗာ။ ယထာ ဥပဇ္ဈာယဿ၊ ဧဝံ ဥပသမ္ပဒါပေက္ခဿပိ ဂေါတ္တာဒိနာမေန, တံဏိကနာမေန စ အနုဿာဝနံ ကာတုံ ဝဋ္ဋတိ-ဟု ဝိမတိဋီကာ- ဒု၊ ၁၂၉- ၌ မိန့်ပြီ။

သာရတ္ထဋီကာ-တ၊ ၂၆၆။ ဝဇိရဗုဒ္ဓိဋီကာတို့၌လည်း ဤ အဓိပ္ပါယ်ကိုပင် ဖွင့်ပြတော်မူကြသည်။ အမည်သစ်မှည့်၍ ဖတ်လိုက အနုသာသက သမ္မုတိဉတ် မထားမီ ရှေးမဆွကပင် မှည့်ခေါ်ရမည်။ နောက် ဉတ္တိ စတုတ္ထ ကမ္မဝါစာ ဖတ်ခါနီးကာလမှာ သညုပ္ပါဒန (အမှတ်အသား ဖြစ်စေရန် အမည် မှတ်မိရန်)အလို့ငှါ မှည့်ထားသော အမည်ကို ဥပဇ္ဈာယ်နှင့် ရဟန်းလောင်း နှစ်ပါးအား အသီးသီးထပ်၍ ပြောပြရမည်ဟု မှတ်။

ထိုကြောင့်–

တသ္မိမ္ပိ ခဏေ "အယံ တိဿော"တိ ဝါ "နာဂေါ"တိ ဝါ နာမံ ကရောန္တေဟိ အနုသာသကသမ္မုတိတော ပဌမမေဝ ကာတဗ္ဗံ။ ဧဝံ ကတွာပိ အန္တရာယိကဓမ္မာနု-သာသနပုစ္ဆနကာလေသု "ကိန္နာမောသိ၊ အဟံ ဘန္တေ နာဂေါ နာမ၊ ကော နာမော တေ ဥပဇ္ဈာယော၊ ဥပဇ္ဈာယော မေ ဘန္တေ တိဿော နာမာ"တိအာဒိနာ ဝိညာပေ-န္တေန ဉဘိန္နမ္ပိ စိတ္တေ "မမေဒံ နာမ"န္တိ ယထာ သညာ ဥပ္ပဇ္ဇတိ၊ ဧဝံ ဝိညာပေတဗ္ဗံ-ဟု ဝိမတိ ဋီကာ၊ ဒု- ၁၃၀ ၌ မိန့်ပြီ။

အကယ်၍ ရှေးက ပကတိနာမည်ဖြင့် ဖတ်ပြီးလျှင် နောက်မှ တိဿ နာဂ စသော အမည်သစ်ဖြင့် ကြားစေအံ့၊ ရွတ်ဖတ်အံ့၊ မအပ် ဟု မှတ်ပါ။

ထိုကြောင့်–

သစေ ပန တသ္မိံ ခဏေ ပကတိနာမေန ဝတွာ ပစ္ဆာ တိဿနာမာဒိအပုဗ္ဗနာ-မေန အနုဿာဝေတိ၊ န ဝဋ္ဋတိ ဟု ၎င်း ဋီကာဆရာ မိန့်ပြီ။

ဤဋီကာကို ထောက်၍ ရှေးမဆွက အမည်သစ်ဖြင့် ဖတ်ပြီးနောက် ပကတိ အမည်ဖြင့် ဖတ်လျှင်လည်း မအပ်ဟုပင် မှတ်သင့်သည်။ ဥပဇ္ဈာယ်နှင့် ရဟန်းလောင်းတို့၏ အမည်သုံးသပ်မှု အထူး—(၁) ဥပဇ္ဈာယ်၏ အမည်ရင်း သို့မဟုတ် အမည်သစ်ကို မယူ(မကြား မဖတ်)မူ၍ အမည် တခုခုဖြင့် တိဿဿဥပသမ္ပဒါပေက္ခော, ဒတ္တဿ ဥပသမ္ပဒါပေက္ခော စသည်ဖြင့် ဥပဇ္ဈာယ်ပုဂ္ဂိုလ်ကို

သုံးသပ်ဖတ်ရွတ်လျှင်လည်း ကောင်းမွန် အောင်မြင်သော ကံပင် ဖြစ်တော့သည် (ကံ မြောက်သည်ပင်)။

**ဥပမာ**–ဥပဇ္ဈာယ် လုံးလုံးမရှိရာ၌၎င်း ပဏ္ဍုက် စသော အဘဗ္ဗဥပဇ္ဈာယ် ဖြစ်ရာ၌၎င်း ကမ္မဝါစာဖြင့် တိဿ ဥပသမ္ပဒါပေက္ခော စသည်ဖြင့် ဥပဇ္ဈာယ်ကို သုံးသပ်ဖတ်ရွတ်လျှင် ကံ ပြီးမြောက်သောကြောင့် အနုပဇ္ဈာယက အဘဗ္ဗဥပဇ္ဈာယတို့၏ ဥပသမ္ပဒါကံသည် ထမြောက် အောင်မြင်သကဲ့သို့မှတ်။

ထိုကြောင့်–

တတ္ထ စ ကိဥ္စာပိ ဥပဇ္ဈာယဿေဝ နာမံ အဂ္ဂဟေတွာ ယေန ကေနစိ နာမေန "တိဿဿ ဥပသမ္ပဒါပေက္ခော" တိအာဒိနာပိ ပုဂ္ဂလေ ပရာမဋ္ဌေ ကမ္မံ သုကတမေဝ ဟောတိ အနုပဇ္ဈာယကာဒီနံ ဥပသမ္ပဒါကမ္မံ ဝိယ ဥပဇ္ဈာယဿ အဘာဝေပိ အဘဗ္ဗတ္တေပိ ကမ္မဝါ-စာယ ပုဂ္ဂလေ ပရာမဋ္ဌေ ကမ္မဿ သိဇ္ဈနတော–ဟု ဝိမတိဋီကာ၊ ဒု၊၁၃၀–၌ မိန့်ပြီ။

(၂) ရဟန်းလောင်း၏ အမည်ရင်း သို့မဟုတ် အမည်သစ်ဖြစ်သော သူ၏ အမည်ကို မယူ (မကြား မဖတ်)မူ၍ အခြား အမည်ဖြင့် ကြားလျှင် (ဖတ်လျှင်) ကံပျက်သည်၊ ထိုသူ ရဟန်း မဖြစ်။

**ဥပမာ**–ယူကြားဖတ်ရွတ်အပ်သော အမည်ရှိသော ဝတ္ထုဖြစ်သော ရဟန်းလောင်း ပုဂ္ဂိုလ်၏ ထိုသိမ်အပြင် သံဃာဟတ္ထပါသ်၌ မရှိသောကြောင့်၎င်း ရှိနေသော ထိုရဟန်းလောင်း၏ အမည်ကို ကမ္မဝါစာဖြင့် မဆို (မဖတ်ရွတ်) အပ်သောကြောင့်၎င်း ထိုသိမ်အပြင် သံဃာဟတ္ထပါသ်၌ တည်သော တခြား လူသာမဏေ ရဟန်း မဖြစ်သကဲ့သို့ဟု မှတ်။

ထိုကြောင့် ၎င်းဋီကာ၌ပင်–

ဥပသမ္ပဒါပေက္ခဿ ပန ယထာသကံ နာမံ ဝိနာ အညေန နာမေန အနုဿာဝိတေ ကမ္မံ ကုပ္ပတိ၊ သော အနုပသမ္ပန္နောဝ ဟောတိ။ တတ္ထ ဌိတော အညော အနုပသမ္ပန္နော ဝိယ ဂဟိတနာမဿ ဝတ္ထုပုဂ္ဂလဿ တတ္ထ အဘာဝါ တေဿ စ နာမဿ အနုဿာဝနာ-ယ အဝုတ္တတ္တာ–ဟု မိန့်ဆိုဖွင့်ပြတော်မူအပ်ပြီ။

### ကျဉ်းကျဉ်းမှတ်ရန်

ဥပဇ္ဈာယ်၏ အမည်ရင်း အမည်သစ်ဖြင့် ဖတ်ဖတ် သူ့အမည်မှ တပါးသော အခြားအမည်ဖြင့် ဖတ်ဖတ်၊ ပုဂ္ဂလပရာ မသန မပျက် မယုတ်။ ရဟန်းလောင်း၏ကား သူ့အမည်ရင်း အမည်သစ် ကြိုက်ရာအမည်ဖြင့်သာ ဖတ်၊ သို့မှ ဝတ္ထုပရာမသန မပျက် မယုတ်ဖြစ်သည်။ အခြားအမည်ဖြင့် ဖတ်လျှင် ဝတ္ထုပရာမသန ပျက်သည် ယုတ်သည်။ ကံ မအောင်။ ထိုကြောင့် အနုဿာဝနာသမ္ပတ္တိ

ဥာတ်မှ စ၍ ဥ တ္တိစတုတ္ထကမ္မဝါစာအထိ ရဟန်းလောင်းအမည်ကို သူ့အမည်ဖြင့်သာ ဖတ်၊ တခြား အမည်ဖြင့် မဖတ်အပ်ဟု သေသေသပ်သပ်မှတ်လေ။

ဤမျှဖြင့် ရှမ်းပြည်တောင်ပိုင်း အင်းလေးကန် ဟဲယားရွာမ စံကျောင်းနေ တပည့် ရှင်စန္ဒိမာ မေးလျှောက်အပ်သော ပုစ္ဆာကို ဝိဝါဒါမိကရုဏ်း ငြိမ်းသည့်း ပြေအေးသဖြင့် သာသနာတော်၌ သမဂ္ဂသမ္မောဒမာနဖြစ်ကြလျက် အဓိသီလသိက္ခာကို စင်ကြယ်စွာ ကျင့်ဆောင်နိုင်ရေးကို ရှေးရှု၍ မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက် အမရပူရဆရာတော်ဘုရား ဖြေကြားဆုံးဖြတ်အပ်သော ဝိမတိဝိနောဒနီကထာ ပြီး၏။

ဤအဆုံးအဖြတ်၌ ပါသော ပါဠိအဋ္ဌကထာ စသည်တို့ကို

က–ခ–စသော အမှတ်စဉ်အတိုင်း အနက်ပြန်ဆိုလိုက်အံ့။

(က) စ၊ဆက်။တေသုံ ပုဗ္ဗကမ္မ နိဋ္ဌာပနေ၊ ဤဥပဇ္ဈာယ်ယူစေခြင်း စသည့် ပုဗ္ဗကိစ္စ=ရှေးဦး ပြုဘွယ် ရှစ်ချက်ကို ပြီးဆုံးစေခြင်းသည်။ သတိ ၆ငါ၊ ရှိသော်သာလျှင်။ ဣဒံ ဥပသမ္ပဒါကမ္မံ၊ ဤ ပဉ္စင်းခံခြင်း ဥပသမ္ပဒါကံသည်။ သံဃသ၊ သံဃာတော်အား။ ပတ္တကလ္လံ နာမ၊ လျောက်ပတ် သောအခါရှိသော ကံမည်သည်။ ဟောတိ၊ ဖြစ်၏။ တေသုံ ပုဗ္ဗကမ္မနိဋ္ဌာပနေ၊ သည်။ အသတိ၊ မရှိလတ်သော်။ ပတ္တကလ္လံ နာမ သည်။ န ဟောတိ၊ မဖြစ်။

ပန၊ ဆက်။ ဧတေသု ပုဗ္ဗကမ္မေသု၊ထိုဥပဇ္ဈာယ်ယူစေခြင်း စသည့် ပုဗ္ဗကိစ္စ ရှစ်ချက်တို့ကို။ အက- တေသုပိ၊ မပြုအပ်ကုန်သော်လည်း။ ကတံ၊ ပြုအပ်ပြီးသော။ ကမ္မံ၊ ဥပသမ္ပဒါကံသည်။ ယထာ ဝုတ္တဝတ္ထုသမ္ပတ္တိအာဒီသု၊ အကြင်အကြင် ဆိုအပ်ခဲ့ပြီးသော ဝတ္ထုသမ္ပတ္တိ အစရှိသည်တို့သည်။ ဝိဇ္ဇမာနေသု၊ ရှိကုန်လတ်သော်။ အကုပ္ပမေဝ၊ မပျက်စီးသည်သာလျှင်။ ဟောတိ၊ ၏။ ဝိမတိ၊ ၂။၁၃၆။

(ခ) ဘိက္ခဝေ၊ ရဟန်းတို့။ ဗာလေန၊ ဝိနည်း၌ မသိမ္မာသော။ အဗျတ္တေန၊ စွမ်းရည်သတ္တိမရှိ သော။ ဘိက္ခုနာ၊ ရဟန်းသည်။ ဥပသမ္ပဒါပေက္ခော၊ ရဟန်းလောင်းကို။ န အနုသာသိတဗ္ဗော၊ မဆုံးမအပ်။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ အနုသာသေယျ၊ ဆုံးမငြားအံ့။ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဗျတ္တေန၊ ပညာစွမ်းရည်သတ္တိရှိသော။ ပဋိဗလေန၊ ဆုံးမခြင်းငှါ စွမ်း နိုင်သော။ဝါ-မကြောက်လန့်သော။ ဘိက္ခုနာ၊ ရဟန်းသည်။ ဥပသမ္ပဒါပေက္ခံ၊ ပဉ္စင်းလောင်းကို။ အနုသာသိတုံ၊ ဆုံးမခြင်းငှါ။ အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုတော်မူ၏။ ဝိ၊၃။၁၃၀။

(ဂ) ဘိက္ခဝေ၊ တို့။ အသမ္မတေန၊ အနုသာသကသမ္မုတိ မရသော။ ဘိက္ခုနာ၊ရဟန်းသည်။ ဥပသမ္ပဒါပေက္ခော၊ ကို။ န အနုသာသိတဗ္ဗော၊ မဆုံးမအပ်။ ယော ဘိက္ခု၊ သည်။ အနုသာ- သေယျ၊ အံ့။ ဒုက္ကဋဿ၊သို့။ အာပတ္တိ၊ သည်။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ သမ္မတေန၊ သမုတ် အပ်ပြီးသော။ ဝါ- အနုသာသကသမ္မုတိ ရပြီးသော။ ဘိက္ခုနာ၊ ရဟန်းသည်။ အနုသာသိတုံ၊ ငှါ။ အနုဇာနာမိ၊၏။ (ဝိ၊၃။၁၃၀–၁။)

(ဃ) ပန၊ ခွဲချဉ်းအံ့။ (ကခ်ါ၊ ဋ္ဌီ၊ သစ်။ ၁၆၇)။ တဿ ကမ္မဿ၊ ထိုပဉ္စင်းခံခြင်းဉပသမ္ပဒါကံ၏။ ဝတ္ထုဉတ္တိ အနုသာဝနသီမာ ပရိသာသမ္ပတ္တိဝသေန၊

(၁) ရဟန်းလောင်းဟူသော ဝတ္ထု၊

(၂) အပြစ် ၅-ပါးမှ လွတ်သော ဉတ်ထားခြင်း၊

(၃) အပြစ် ၅-ပါးမှ လွတ်သော ကမ္မဝါ ဖတ်ခြင်း၊

(၄) ကောင်းမွန်သော ဗဒ္ဓစသော သိမ်၊

(၅) ၅-ပါး ၁၀-ပါးသော ပကတတ် ရဟန်းဟူသော ပရိသတ်၊

တို့နှင့် ပြည့်စုံခြင်းတို့၏ အစွမ်းဖြင့်။ အကုပ္ပဘာ၊ မပျက်စီးသည်၏ အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ကခ်ါ။ ၁၀၄။

(င) ဥပဇ္ဈံ၊ ဥပဇ္ဈာယ်ဆရာကို။ ဂါဟာပနံ စ၊ "ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ"ဟု ၃-ကြိမ်ဆို၍ ယူစေခြင်းရင်း။ (၂)။ ပတ္တစီဝရာစိက္ခနံ စ၊ သပိတ်နှင့် သင်္ကန်း ၃-ထည်ကို ပြောကြားခြင်းရင်း။ (၃) တတော၊ ထိုနောင်မှ။ တံ၊ ထိုပဉ္စင်း လောင်းကို။ ဟတ္ထပါသတော ၂-တောင့်ထွာဟတ္ထပါသ်မှ။ ဗဟိ၊ အပဉ္ဇ်။ ဌပေတွာ၊ ထား၍။ အနုသာသကသမ္မုတိ ကမ္မကရဏံ စ၊ ရဟန်းလောင်းဆုံးမသည့် ပုဂ္ဂိုလ်ကို သမုတ်ခြင်း ဟူသော အနုသာသက သမ္မုတိကံ ပြုခြင်းရင်း။ (၄) သမ္မတေန၊ သမုတ်အပ်ပြီးသော။ ဝါ-သမ္မုတိရပြီးသော။ ဘိက္ခုနာ၊ ရဟန်းသည်။ ဂန္တွာ၊ သွား၍။ အနုသာသနံ စ၊ ဆုံးမခြင်းရင်း။ (၅) တေန၊ ထိုဆုံးမသော ရဟန်းသည်။ ပဌမတရံ၊ ရှေးဦးစွာ။ အာဂန္တွာ၊ လာ၍။ သံဃဿ၊ သံဃာအား။ ဉာပေတွာ၊ သိစေ၍။ ဝါ-ဉာတ်ထား၍။ ဥပသမ္ပဒါပေက္ခံ၊ ရဟန်းလောင်းကို။ အာဂစ္ဆာဟီတိ၊ လာလေ့ဟူ၍။ ဟတ္ထပါသေ ဝေ၊ ဟတ္ထပါသ်သို့သာလျှင်။ အဗ္ဘာနံ စ၊ သွင်းခေါ်ခြင်းရင်း။ (၆) တေန၊ ထိုရဟန်းလောင်းကို။ ဘိက္ခူနံ၊ ရဟန်း တို့၏။ ပါဒေ၊ ခြေတို့ကို။ ဝန္ဒာပေတွာ၊ ရှိခိုးစေ၍။ ဥပသမ္ပဒါယာစာပနံ စ၊ ပဉ္စင်းအဖြစ်ကို တောင်းပန်စေခြင်းရင်း။ (၇) တတော၊ ထိုနောင်မှ။ အန္တရာ-ယိက ဓမ္မပုစ္ဆကသမ္မုတိကရဏံ စ၊ အန္တရာယိကအပြား ၁၃-ပါးသောတရားတို့ကို မေးမြန်းမည့် ပုဂ္ဂိုလ်ကို သမုတ်ကံ ဆောင်ခြင်းရင်း။ (၈) သမ္မတေန၊ သည်။ ပုစ္ဆနံ၊ မေးမြန်းခြင်းရင်း။ ဉတ္တိဉ္စမာနံ အဋ္ဌ၊ ဉာရှစ်ပါးကုန်သော။ ပုဗ္ဗကိစ္စာနိ၊ (ရဟန်းမခံမီ) ရှေးဦးပြုဘွယ်ကိစ္စတို့သည်။ သန္တိ၊ ရှိကုန်၏။

တေသံ သဗ္ဗေသံ၊ ထိုအလုံးစုံသော ပုဗ္ဗကိစ္စ ၈-ပါးတို့ကို။ ယာကာဝသော၊ ဟုတ်မှန်သော အားဖြင့်။ ကရဏေန၊ ပြုခြင်းအားဖြင့်။ နိဋ္ဌာပနံ၊ ပြီးဆုံးစေခြင်းသည်။ ပုဗ္ဗကိစ္စ နိဋ္ဌာပနံ နာမ၊ ပုဗ္ဗကိစ္စ ရှစ်ချက်ကို ပြီးဆုံးစေခြင်း မည်၏။ (ဝိမတိ၊ ၂။ ၁၃၆။)

(စ) ဥပသမ္ပဒါပေက္ခဿ၊ ပဉ္စင်းအဖြစ်ကို ငံ့သော ရဟန်းလောင်းကို။ အကိတ္တနံ၊ မပြောကြားခြင်းသည်။ ဝါ–"အယံ ဗုဒ္ဓရက္ခိတော, အယံ နာဂေါ "စသည်ဖြင့် ကမ္မဝါ ဖတ်သောအခါ ထည့်၍ မရွတ်ဖတ်ခြင်းသည်။ ဝတ္ထုအပရာမသနံ နာမ၊ ရဟန်းလောင်းဟူသော ဝတ္ထုကို မသုံးသပ်ခြင်း မည်၏။ ဥပဇ္ဈာယဿ၊ ဥပဇ္ဈာယ်ဆရာတော်ကို။ အကိတ္တနံ၊ မပြောကြားခြင်းသည်။ ဝါ–"အာယသ္မတော တိဿဿ အာယသ္မတော ဓမ္မရက္ခိတဿ"စသည်ဖြင့် ကမ္မဝါဖတ်သောအခါ ထည့်၍ မရွတ်ဖတ်ခြင်းသည်။ ပုဂ္ဂလအပရာမသနံ နာမ၊ ဥပဇ္ဈာယ်ဆရာတော်ဟူသော ပုဂ္ဂိုလ်ကို မသုံးသပ်ခြင်း မည်၏။ (ကခါ။ ၁၀၆။)

(ဆ) အပရာမသနာနီတိ၊ – –ဟူသည်ကား။ အဂ္ဂဟဏာနိ၊ "အယံ ဗုဒ္ဓရက္ခိတော, အယံ နာဂေါ-စသော သဒ္ဒါတို့ကို မယူခြင်းတို့တည်း။ အဝစနာနိ၊ ၎င်းသဒ္ဒါတို့ကို ကမ္မဝါဖတ်သောအခါ ထည့်၍ မရွတ်ခြင်းတို့ပင်တည်း။ (ကခါ၊ ဋီ၊ သစ်။ ၁၇၄။)

(ဇ) ဘိက္ခဝေ၊ ရဟန်းတို့။ ဂေါတ္တေနပိ၊ "အာယသ္မတော မဟာကဿပဿ"စသည် အနွယ်အားဖြင့်လည်း။ အနုဿာဝေတုံ၊ ကမ္မဝါစာ ရွတ်ဖတ်ခြင်းငှါ။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ (ဝိ၊ ၃။ ၁၂၉။)

(ဈ) တသ္မာ၊ ထိုကြောင့်။ အညမ္ပိ၊ နာမည်ရင်းမှ တပါးလည်းဖြစ်သော။ ကိဉ္စိ၊ တစုံတခုသော။ ပသိဒ္ဓံ၊ ထင်ရှားသော။ နာမံ၊ အမည်သည်။ အတ္ထိ၊ ရှိငြားအံ့။ ဝါ၊ တနည်းအားဖြင့်။ တသ္မိံ ခဏေ၊ ထိုကမ္မဝါစာ ဖတ်ခါနီးကာလ၌။ သုခဂ္ဂဟဏတ္ထံ၊ ရွတ်ဖတ်လွယ်ကူစေခြင်း အကျိုးငှါ။ ဝိညာပိတံ၊ သိစေအပ်သော။ နာမံ၊ တိဿ စသော အမည်သည်။ အတ္ထိ၊ ရှိငြားအံ့။ တံ သဗ္ဗံ၊ ထိုအလုံးစုံသော နာမည်ကို။ ဂဟေတွာပိ၊ ယူ၍လည်း။ အနုဿာဝနာ၊ ကမ္မဝါစာကို။ ကာတဗ္ဗာ၊ ရွတ်ဖတ်အပ် ရွတ်ဖတ်ကောင်း၏။

ဥပဇ္ဈာယဿ၊ဥပဇ္ဈာယ်ဆရာ၏။ ဂေါတ္တာဒိနာမေန စ၊ ကဿပ စသည့် အနွယ်အမည်ဖြင့်၎င်း။ တင်္ခဏိကနာမေန စ၊ ထိုခဏ၌ မှည့်အပ်သော တိဿ-စသော အမည်ဖြင့်၎င်း။ အနုဿာဝနံ၊ ကမ္မဝါစာကို။ ကာတုံ၊ ပြုခြင်းငှါ။ ဝဋ္ဋတိ ယထာ၊ အပ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ ဥပသမ္ပဒါ-ပေက္ခဿပိ၊ ရဟန်းလောင်း၏လည်း။ ဂေါတ္တာဒိနာမေန စ၊ ၎င်း။ တင်္ခဏိကနာမေန စ၊ ထိုခဏ၌ မှည့်အပ်သော နာဂ-စသည့် အမည်ဖြင့်၎င်း။ အနုဿာဝနံ၊ ကို။ ကာတုံ၊ ငှါ။ ဝဋ္ဋတိ။။ အပ်၏။ (ဝိမတိ၊ ၂။ ၁၂၉။)

(ည) တသ္မိံမ္ပိ ခဏေ၊ ထိုကမ္မဝါစာရွတ်ဖတ်ခါနီးအခါ၌လည်း။ အယံ၊ ဤဥပဇ္ဈာယ်ဆရာသည်။ တိဿော၊ တိဿ မည်၏။ ဣတိ ဝါ၊ ဤသို့သော်၎င်း။ အယံ၊ ဤရဟန်းလောင်းသည်။ နာဂေါ၊ နာဂ မည်၏။ ဣတိ ဝါ၊ ၎င်း။ နာမံ ကရောန္တေဟိ၊ အမည်မှည့်သောရဟန်းတို့သည်။ အနုသာသက-သမ္မုတိတော၊ အနုသာသက သမ္မုတိဉတ်ထားသည်မှ။ ပဌမမေဝ၊ ရှေးဦးမဆွကသာလျှင်။ ကာတဗ္ဗံ၊ ပြုသင့်၏။ ဝါ-ပြုရမည်။ ဧဝံ ဤသို့ တိဿ, နာဂ-ဟု။ ကတွာပိ၊ အမည်မှည့်ပြီး၍လည်း။ အန္တရာယိကဓမ္မာနုသာသနပုစ္ဆနကာလေသု၊ အန္တရာယ်ပြုတတ်သည့်တရား ၁၃-ပါးတို့ကို သိအောင် ဆုံးမခြင်း, မေးမြန်းခြင်းကို ပြုရာအခါတို့၌။ ပုဗ္ဗေ၊ သင်သည်။ ကိန္နာမော၊ အဘယ်အမည်ရှိသည်။

အသိ၊ ဖြစ်သနည်း။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ နာဂေါ နာမ၊ နာဂမည်ပါ၏ဘုရား။ တော၊ သင်၏။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်ဆရာသည်။ ကော နာမော၊ အဘယ် အမည်ရှိသနည်း။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ ၏။ ဥပဇ္ဈာယော၊ သည်။ တိဿော နာမ၊ တိဿမည်ပါ၏ဘုရား။ ဣတိ အာဒိနာ၊ ဤသို့အစရှိသည်ဖြင့်။ ဝိညာပေန္တေန၊ သိစေသောရဟန်းသည်။ ဥဘိန္နမ္ပိ၊ ၂-ဦးသောဥပဇ္ဈာယ်ဆရာနှင့် ရဟန်းလောင်းတို့၏။ စိတ္တေ၊ စိတ်ထဲ၌။ ဣဒံ နာမံ၊ ဤတိဿအမည် နာဂအမည်သည်ကား။ မမ၊ ငါ၏။ နာမံ၊ အမည်တည်း။ ဣတိ၊ ဤသို့။ ယထာ၊ အကြင်အခြင်းအရာအားဖြင့်။ ဝိညာပိယမာနေ၊ သိစေအပ်သည်ရှိသော်။ သညာ၊ အမှတ်သညာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဧဝံ တထာ၊ ထိုသို့ အမှတ်သညာဖြစ်လောက်သော အခြင်းအရာအားဖြင့်။ ဝိညာပေတဗ္ဗံ၊ သိစေရမည်။

ပန၊ အထူးကား။ တသ္မိံ ခဏေ၊ ထိုအနုသာသနကံ ပြုသည့်ခဏ၌။ ပကတိနာမေန၊ ပင်ကိုယ်အမည်ရင်းဖြင့်။ ဝတွာ၊ ရွတ်ဖတ်ပြောဆိုပြီး၍။ ပစ္ဆာ၊ နောက်ကာလမှ။ ဝါ-ဥပသမ္ပဒါကမ္မဝါစာ ရွတ်ဖတ်သောအခါကျမှ။ တိဿနာမာဒိ အပုဗ္ဗနာမေန၊ တိဿ, နာဂ-စသော အသစ်နာမည်ဖြင့်။ သစေ အနုဿာဝေတိ၊ အကယ်၍ ကမ္မဝါစာဖတ်ငြားအံ့။ န ဝဋ္ဋတိ၊ မအပ်။ ဝိမတိ၊ ၂။ ၁၃၀။

(၃) စ၊ ဆက်။ တတ္ထ၊ ထိုကမ္မဝါစာအရာ၌။ ဥပဇ္ဈာယဿေဝ၊ ဥပဇ္ဈာယ်ဆရာ၏သာလျှင်။ နာမံ၊ အမည်ရင်း အမည်သစ်ကို။ အဂ္ဂဟေတွာ၊ မယူမူ၍။ ယေန ကေနစိ နာမေန၊ အခြားတခုခုသောအမည်ဖြင့်။ တိဿဿ ဥပသမ္ပဒါပေက္ခော"တိ အာဒိနာပိ၊ တိဿဿ ဥပသမ္ပဒါပေက္ခော အစရှိသောနည်းဖြင့်လည်း။ ပုဂ္ဂလေ၊ ဥပဇ္ဈာယ်ဆရာဟူသောပုဂ္ဂိုလ်ကို။ ပရာမဋ္ဌေ၊ သုံးသပ်အပ်ရွတ်ဖတ်အပ်သည်ရှိသော်။ ကမ္မံ၊ ဥပသမ္ပဒါကံသည်။ သုကတမေဝ၊ ကောင်းစွာပြုအပ်သည် သာလျှင်။ ဟောတိ၊ ဖြစ်၏။

ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ အနုပဇ္ဈာယကာဒီနံ၊ ဥပဇ္ဈာယ်မရှိသူအစရှိကုန်သောသူတို့၏။ ဥပသမ္ပဒါကမ္မံ ဝိယ၊ ဥပသမ္ပဒါကံကဲ့သို့။ ဥပဇ္ဈာယဿ၊ ဥပဇ္ဈာယ်ဆရာ၏။ အဘာဝေပိ၊ မရှိရာ၌ရင်း။ ဥပဇ္ဈာယဿ၊ ၏။ အဘဗ္ဗတ္တေပိ၊ ပဏ္ဍုက်အစရှိသော အဘဗ္ဗပုဂ္ဂိုလ်၏ အဖြစ်၌ရင်း။ ကမ္မဝါစာယ၊ ကမ္မဝါစာ၌။ ပုဂ္ဂလေ၊ ပဥ္စင်းလောင်းဟူသောပုဂ္ဂိုလ်ကို။ ပရာမဋ္ဌေ၊ သော်။ ကမ္မဿ၊ ဥပသမ္ပဒါကံ၏။ သိဇ္ဈနတော၊ ပြီးမြောက်ခြင်းကြောင့်တည်း။ ဝိမတိ၊ ၂။ ၁၃၀။

(၄) ပန၊ အဖို့တပါးကား။ ဥပသမ္ပဒါပေက္ခဿ၊ ပဥ္စင်းလောင်း၏။ ယထာသကံ၊ မိမိ (ပဥ္စင်းလောင်း)၏အမည်ဖြစ်သော။ နာမံ၊ အမည်ရင်း အမည်သစ်ကို။ ဝိနာ၊ ကြဉ်၍။ အညေန၊ တပါးသော။ နာမေန၊ အမည်ဖြင့်။ အနုဿာဝိတေ ကြားစေအပ်သည်ရှိသော်။ (ဝါ-ကမ္မဝါဖတ်အပ်သည်ရှိသော်။ ကမ္မံ၊ ဥပသမ္ပဒါကံသည်။ ကုပ္ပတိ၊ ပျက်၏။ သော၊ ထိုပဥ္စင်းလောင်းသည်။ အနုပသမ္ပန္နောဝ၊ ပဥ္စင်း မဖြစ်သည်သာလျှင်။ ဟောတိ၊ ၏။ ကသ္မာ၊ ကား။ တတ္ထ၊ ထိုသိမ်အပြင် သံဃဟတ္ထပါသ်၌။ ဌိတော၊တည်သော။ အနုပသမ္ပန္နော ဝိယ၊ လူသာမဏေကဲ့သို့။ ဂဟိတနာမဿ၊ ယူ (ကြားဖတ်ရွတ်) အပ်ပြီးသော အမည်ရှိသော။ ဝတ္ထုပုဂ္ဂလဿ၊ ရဟန်းလောင်း(ဝတ္ထု)

ဟူသောပုဂ္ဂိုလ်၏။ တတ္ထ၊ ထိုသိမ်အပြင် သံဃာဟတ္တပါသ်၌။ အဘာဝါ စ၊ မရှိခြင်းကြောင့်ငင်း။ စေတာ နာမဿ၊ ဤရဟန်းလောင်း၏အမည်ကို။ အနုဿာဝနာယ၊ ကြားစေခြင်း၌။ ဝါ-ကမ္မဝါ ဖတ်ခြင်း၌။ အဝုတ္တတ္တာ၊ မဆိုအပ်သည်၏အဖြစ်ကြောင့်တည်း။ ဝိမတိ၊ ၂။ ၁၃၀။

## ၅-ကမ္မဝါစာဝိမတိဋ္ဌေဒနီ

လျှောက်ထားလွှာပါဘုရား—

ဘုရားတပည့်တော် မန္တလေးမြို့နယ် စံကင်း ဇမ္ဗူဒိန်ကျောင်းနေ အာစိဏ္ဏ ရိုသေလေးမြတ်စွာ လျှောက်ထားပါသည် ဆရာတော်အရှင်မြတ်ဘုရား။

ဝိနည်းသည် သာသနာတော်၏အသက် ဆိုထားပါသဖြင့် ကမ္မဝါစာသည် မူလဟု ဆိုပါက မလွဲနိုင်ပါဘုရား...။ သို့အတွက် ကမ္မဝါစာဖတ်ကြားရာတို့၌ ဝါဒအသီးသီး သဘောအမျိုးမျိုး တို့ဖြင့် ဖတ်ရိုးပြုကာ နေကြသည်တို့တွင် ဘယ်ဝါဒကမှားသည် မှန်သည်ဆိုတာကို အတိအကျ တပည့်မသိရပါသောကြောင့် အောက်လျှောက်ထားပါ ဝါဒ ၂-ခုတို့၏ အမှားအမှန်ကို သိလိုပါ သောကြောင့် ပါဠိတွေ ထည့်သွင်း မလျှောက်ထားဘဲ အကျဉ်းချုံးနိုင်သမျှ ချုံးကာ စကားပြေ သက်သက်ဖြင့်သာလျှင် လျှောက်ထားပါအံ့ဘုရား။ အကျယ် ဝေဘန်လျက် သာသနာအရေး အလေးပေးသောအားဖြင့် အမှားအမှန် ဆုံးဖြတ်ပေးပါရန် လေးမြတ်စွာ လျှောက်ထားပါသည် ဆရာတော်အရှင်သူမြတ်ဘုရား။

အချို့သော ဆရာတော်တို့ဝါဒ—

ပရိဝါအဋ္ဌကထာ ကမ္မဝတ်တွင်လာသော ကံကိုပျက်စေနိုင်သော ဒုရုတ္တ၊ ကံကို မပျက်စေနိုင်သော ဒုရုတ္တဟု ၂-မျိုးရှိရာဝယ် ဗျဉ္ဇနဗုဒ္ဓိဆယ်ပါးတို့တွင် သိထိလ ဓနိတနှင့် နိဂ္ဂဟိတ၊ ဝိမုတ္တ ဤ ၄-ချက် သည်သာ ဆိုင်ရာ ဒွိစုံအားဖြင့် အပြန်အလှန် ဖတ်မိပါက ကမ္မကောပဖြစ်သော ဒုရုတ္တ ဖြစ်၏။ ကြွင်းသော ဒီဃရဿ စသော သဒ္ဒါ ၆-ပါးတို့သည် အချင်းချင်းပြန်လှန်ကာ ဘယ်လိုပင် ရွတ်ဖတ် မိခဲ့သော်ငင်း၊ ဝိမတိ ဝိနယာလင်္ကာရဋီကာလာ ဝဂ္ဂန္တရသိထိလစသည် အချင်းချင်း ရွတ်ဖတ်မိ ခဲ့သော်ငင်း ကံကို မပျက်စေနိုင်သော ဒုရုတ္တသာ ဖြစ်၏ဟု ပြောကြားကြပါကုန်၏ဘုရား။

တပါးသော ဆရာတော်တို့၏ဝါဒ—

ပရိဝါအဋ္ဌကထာလာ သိထိလ၊ ဓနိတ-စသော လေးချက်သောသဒ္ဒါတို့ကို အချင်းချင်း အပြန် အလှန် ရွတ်ဖတ်မိခြင်းကြောင့်လည်း ကံကိုပျက်စေနိုင်သော ဒုရုတ္တဖြစ်၏။ ငင်းအပြင် သိထိလ စသော သဒ္ဒါ ၄-ချက်ကိုသာ ကံပျက်စေနိုင်၏ဟု အဋ္ဌကထာဆရာ ဆိုထားခြင်းသည် ဥပလက္ခဏာ နိဒဿနနည်းမျိုးဖြင့် အဋ္ဌကထာဆိုထားပေ၏။ အဝုတ္တသိဒ္ဓိနည်းအားဖြင့်လည်း ဝဂ္ဂန္တရ ဝဂ်တပါး ဖြစ်သော သိထိလစသည် အချင်းချင်း ရွတ်ဖတ်မိလျှင်လည်း ကံကိုပျက်စေနိုင်သော ဒုရုတ္တသာ ဖြစ်၏ဟု အဋ္ဌကထာပြတော်မူ၏။ ငင်းအပြင် ဝိမတိဝိနယာလင်္ကာရ ဋီကာကျမ်းတို့၌ ဆိုသည်

ကိုလည်း အထောက်အထားပြသည့်အပြင် အာစရိယဝါဒအားဖြင့်လည်း လယ်တီဆရာတော်ကြီးနှင့် ဝိနယသမူဟ ဒုရုတ္တဒီပနီကျမ်းရေးဆရာတော်ကြီးတို့၏ ရေးသားဆုံးဖြတ်ထားသည်ကို အကြောင်းပြ၍ ကံပျက်၏ဟု ပြောကြားကြပါကုန်၏ ဘုရား။

ကမ္မဝါစာအားဖြင့်လည်း—

သုဏာတု မေ ယဒိ သံဃဿ ပတ္တကလ္လံ နာဂေါ စသော ပုဒ်တို့ကို ရွတ်ဖတ်ရာဝယ် ဏ-ကြီးက န-ငယ်ဖြစ်လိုဖြစ်, ဒိ-က ဒိုဖြစ်, တ္တ က ဋ္ဌ-ဖြစ်, လ-က ဠ-ဖြစ်, န-က ဏ-ဖြစ်လိုဖြစ်နှင့် ဝဂ္ဂန္တရ ဝဂ်တပါး သိထိလ စသည်တို့ဖြစ်အောင်ရွတ်ဖတ်လျှင် ကေန် ကံကို ပျက်စေနိုင်သော ဒုရုတ္တဖြစ်၏။ အကြောင်းကား ဌာန်ကရိုဏ်းစသည်တို့မှာ အလွဲလွဲအချော်ချော် ဖြစ်သောကြောင့်၎င်း။ ဝိမတိ စသောဋီကာရှင်များကလည်းတိုက်ရိုက်ပြထားသောကြောင့်၎င်း။ ကံကိုပျက်စေနိုင်၏ဟု ပြောဆိုကြပါကုန်၏ဘုရား။

နိဂ္ဂဟိတ်ကို ရွတ်ဖတ်ရာ၌လည်း အချို့ ဆရာတော်တို့၏ ဝါဒ—

အဝိဝဒ္ဓေန မုခါန-အရ မုခသဒ္ဒါသည် ခံတွင်းကိုဟော၏၊ သို့အတွက် သွားအတွင်းသာ ခံတွင်း ယူရမည်ဖြစ်သောကြောင့် နှုတ်ခမ်းနှင့် ဘာမျှမဆိုင်၊ သွားအချင်းချင်း စဉ်းငယ်ပိတ်၍ ရွတ်ဖတ်ရမည်၊ နှုတ်ခမ်းကိုမပိတ်ရ, ပိတ်ခဲ့သော် ဩဋ္ဌဌာန်သဘော သက်ရောက်သွားရာ၏ဟု ပြောဆိုကာ နှုတ်ခမ်းကိုဖွင့်၍ သွားကိုသာ စဉ်းငယ်ပိတ်ကာ ရွတ်ဖတ်ကြပါကုန်၏ ဘုရား။

တပါးသော ဆရာတော်တို့၏ဝါဒ—

အဝိဝဋ္ဋေန-အရ ကာရိကာပါဠိ ၎င်းဋီကာလာသော ပိဒဟိတွာ-ဟူသော ပါဠိကို ပြ၍ ၎င်း အဝိဝဋ္ဋေနပုဒ်လာ အ-သဒ္ဒါကို ဤသကတ္တ အပ္ပကတ္ထအနက်ဟော၏ဟုဆိုကာ ဘယ်ကျမ်းကမှ မဖွင့်ပြဟူ၍၎င်း။ သို့အတွက် စဉ်းငယ် မပိတ်မူ၍ နနာပိတ်လေ နာသိကဌာန် ပီသလေဟု ပြောကြားကြပါကုန်၏ဘုရား။ ၎င်းပြင် သွားကိုပိတ်ခဲ့လျှင် ထုံးတမ်းစဉ်လာ ပဝေဏီအာဂတ မဖြစ်၊ နှုတ်ခမ်းကိုပိတ်မှသာလျှင် ပဝေဏီအာဂတဖြစ်၍ မှန်ကန်ပေ၏။ မုခသဒ္ဒါအရ ခံတွင်းကိုသာ ယူရသည် မဟုတ်၊ နှုတ်ခမ်းကိုလည်း ယူနိုင်ပေ၏ဟု အဋ္ဌသာလိနီနိဒါန်းလာ မုခါဒါနံ အရကို ၎င်းမူလဋီကာများက ဩဋ္ဌဒွယံဟု ဖွင့်ထားသဖြင့် ဤကမ္မဝါစာနေရာတွင် နှုတ်ခမ်းကိုသာယူ၍ နှုတ်ခမ်းကိုသာ နာနာပိတ်မှသာလျှင် လျော်ပတ် ကောင်းမြတ်သော ပဝေဏီအာဂတ သုရုတ္တ ဖြစ်၏ဟု၎င်း ပြောဆိုကြပါကုန်၏ ဘုရား။

၎င်းဝါဒနှစ်မျိုးတို့တွင် အဘယ်ဝါဒက ကံအားလျော်ပတ်၍ မှန်သည် မှားသည်ဆိုတာ ညွှန်ပြတော်မူ၍၎င်း၊ သို့မဟုတ် ကောင်းမြတ်သော ဝိနိစ္ဆယဘာသာအမျိုးဖြင့်၎င်း ဆရာတော် ဘုရားက ပါဠိများများမသုံးဘဲ ကျမ်းကိုညွှန်ကြားကာ သာသနာ့အရေးမှီ လျစ်လျူထားကာ မနေပါဘဲ တပည့်တော်အား ချီးမြှောက်မစပါရန် သေမြတ်ကူ လျှောက်ထား တောင်းပန်ပါ၏ ဆရာတော်ဘုရား။

တပည့်သည် ပရဝမ္ဘန အတ္တုက္ကံသန အနေမျိုးဖြင့် သဘောထားပြီး လျှောက်ထားရသည် မဟုတ်ပါဘုရား။ အဟုတ်အမှန်ကိုသိလိုသည့်ဆန္ဒ ပြင်းပြသောကြောင့် မေးရခြင်းဖြစ်ပါ၏ဘုရား။

ဆရာတော်ကြီးအနေအားဖြင့် ယခုကာလ ဓမ္မန္တရာယ်တွေထက် ဆိုးလှသော သာသနာ့ အန္တရာယ်ကြီးအနေဖြင့် သာသနာပြုပါရန် လျှောက်ထားပါ၏ဘုရား။

စာပြန်ရန်လိပ်စာပါဘုရား....

သို့/-

ဦးဘကျော်

ကူးတို့ဆိပ်အနီး၊

ကမ်းနားလမ်း၊ ဓနုဖြူမြို့။

မှ/-

အာစိဏ္ဏ

ဇွက္ကဒိန်ကျောင်း။

---

အမရပူရကျောင်း

ဒက္ခိဏာရာမဘုရားကြီးတိုက်

မန္တလေး

၁၃၂၁ ခု ပြာသိုလဆန်း ၁-ရက်နေ့။

ဓနုဖြူမြို့နယ်—စံကင်း ဇွက္ကဒိန်ကျောင်းနေ ရှင်အာစိဏ္ဏ မေးလျှောက်အပ်သော ဝိနယဝါဒ ကထာပုစ္ဆာများကို သာသနာတော်၏ စင်ကြယ်သန့်ရှင်း ထွန်းလင်းတောက်ပမှုကို ရှေးရှု၍ ယထာဓမ္မ ကောင်းစွာပြလျက် စိစစ်ပိုင်းခြား ဖြေကြားပေအံ့—

**မှတ်ချက်။** ။မေးလာသော ရှင်အာစိဏ္ဏက ပါဠိများများမသုံးဘဲ ကျမ်းကိုသာညွှန်းကာ အဖြေ ပေးရန်လျှောက်ထားသောကြောင့် ပါဠိများကိုပယ်ချာလထား၍ လိုအပ်နက်ကို ပြက်ပြက်ထင်ထင် သိမြင်စေခြင်းငှါ အဆုံးအဖြတ်ကို ရှေးဦးစွာရေးပြီးမှ ဝိဝါဒများကို ဖြေကြားရမည်ဖြစ်၏။

## အကျဉ်းချုပ် ပုစ္ဆာကောက်နုတ်ချက်

၁–(က) ပရိဝါ ကမ္မဝဂ် အဋ္ဌကထာလာ ကမ္မကောပ ဒုရုတ္တ, ကမ္မအကောပဒုရုတ္တနှစ်ပါးတွင် သိထိလနှင့် ဓနိတ, နိဂ္ဂဟိတနှင့် ဝိမုတ္တ ဤအက္ခရာလေးမျိုးတို့ကို အချင်းချင်း အပြန်အလှန် ဘောက်ပြန်လွဲမှား၍ ရွတ်ဖတ်မိမှုသာ ကမ္မကောပ ဒုရုတ္တဖြစ်၏၊ ကြွင်းသော ဒီဃ ရဿ ဂရုက လဟုက သမ္ဗန္ဓ ဝဝတ္ထိတ ဤအက္ခရာ ခြောက်မျိုးတို့ကို အချင်းချင်း အပြန်အလှန် ဘောက်ပြန်လွဲမှား ရွတ်ဖတ်မိငြားသော်ငြား ဝိမတိ ဝိနယာလင်္ကာရဋီကာတို့လာ ဂဂ္ဂတ္တရသိထိလစသည် ဘောက်ပြန်လွဲမှား ရွတ်ဖတ်မိငြားသော်ငြား ကမ္မကောပ ဒုရုတ္တ မဖြစ်၊ ကမ္မအကောပ ဒုရုတ္တသာ ဖြစ်၏ဟု ယူသော ကေစိဆရာတို့၏ ဝါဒ။

(ခ) ပရိဝါကမ္မဝဂ် အဋ္ဌကထာလာ သိထိလ ဓနိတစသော အက္ခရာလေးမျိုးတို့ကို အချင်းချင်း အပြန်အလှန် ဘောက်ပြန်လွဲမှား ရွတ်ဖတ်မိငြားသော်ငြား ဝိမတိ ဝိနယာလင်္ကာရဋီကာ အာစရိယဝါဒ ဒုရုတ္တဒီပနီတို့ကို ထောက်ထား၍ ဝဂ္ဂန္တရသိထိလ စသည် ဘောက်ပြန်လွဲမှား ရွတ်ဖတ်မိငြားသော်ငြား ကမ္မကောပ ဒုရုတ္တတို့ချည်းသာ ဖြစ်၏ဟု ယူသော အပရေဆရာတို့၏ ဝါဒ။

ဤသို့ ကွဲပြားသော ဝါဒနှစ်ရပ်တွင် အဘယ်ဝါဒသည် ယထာဘူတကျန မှန်ကန်သောဝါဒ ဖြစ်ပါသနည်း ? ။

၂–(က) နိဂ္ဂဟိတ်ကို ရွတ်ဖတ်ရာ၌ အဝိဝဋ္ဋေန မုခေန-အရ မုခသဒ္ဒါသည် ခံတွင်းကို ဟော၏၊ သွား၏ အတွင်းသာ ခံတွင်းယူရမည် ဖြစ်သောကြောင့် နှုတ်ခမ်းနှင့် ဘာမျှ မဆိုင်၊ သွားအချင်းချင်း စဉ်းငယ်ပိတ်၍ ရွတ်ဖတ်ရမည်၊ နှုတ်ခမ်းကို မပိတ်ရ၊ ပိတ်ခဲ့သော် ဩဋ္ဌဋ္ဌာန်သဘော သက်ရောက်သွားရာ၏ဟု ယူသော ကေစိဆရာတို့၏ ဝါဒ။

(ခ) အဝိဝဋ္ဋေန၌ အ–သဒ္ဒါကို ဤသတ္တ အပ္ပကတ္ထဟု ဆိုသော ကျမ်းဂန် မရှိ၊ မုခေန၌ မုခသဒ္ဒါသည် ခံတွင်းကိုသာ ဟောသည် မဟုတ်၊ နှုတ်ခမ်းကိုလည်း ဟောနိုင်၏၊ မုခါဒါနံ သိလိဋ္ဌံ ဟူသော အဋ္ဌသာလိနီ နိဒါန်း၏ အဖွင့် မုခဝိဝရံဟူသော မူလဋီကာ ၎င်း၏ အဖွင့် ဩဋ္ဌဒွယံဟူသော မဓုဋီကာတို့ကို ထောက်၍ ဤကမ္မဝါစာအရာ၌ နှုတ်ခမ်းကိုသာယူသင့်သောကြောင့် သွားကို စဉ်းငယ်ပိတ်၍ ရွတ်လျှင် ပဝေဏီအာဂတ မဖြစ်၊ နှုတ်ခမ်းကိုပိတ်၍ ရွတ်မှသာ ပဝေဏီအာဂတဖြစ်၏၊ နှုတ်ခမ်းကို နာနာပိတ်၍ ရွတ်ဖတ်လေလေ နာသိကဋ္ဌာန်သံ ပီလေလေဟု ယူသော အပရေဆရာတို့၏ ဝါဒ။

ဤသို့ ကွဲပြားသော ဝါဒနှစ်ရပ်တွင် အဘယ်ဝါဒသည် ယထာဘူတ ကျန မှန်ကန်သော ဝါဒ ဖြစ်ပါသနည်း ? ဟူ၍ မေးလိုရင်း ဖြစ်သည်။ ။

### ၁—ဝိဝါဒပုစ္ဆာ၏ အဖြေ

ပရိဝါကမ္မဝဂ်အဋ္ဌကထာ ဆဋ္ဌရိုက် ၂၄၇-၌ "တတ္ထ သုဏာတု မေတိ ဝတ္တဗ္ဗေ တကာရဿ ထ-ကာရံ ကတွာ ။လ။ ဒုရုတ္တံ ကရောတီတိ ဝုစ္စတိ" ဟု ကမ္မကောပဒုရုတ္တကို အဋ္ဌကထာ

ဆရာ ပြတော်မူ၏။ "ဣတရေသု ပန ဒီဃရဿာဒီသု ဆသု ဗျဥ္ဇနေသု ။လ။ ဣမာနိ ဟိ ဆ ဗျဥ္ဇနာနိ ကမ္မံ န ကောပေန္တိ"ဟု ကမ္မအကောပဒုရုတ္တကို အဋ္ဌကထာဆရာ ပြတော်မူ၏။

တဖန် "ယံ ပန သုတ္တန္တိကတ္ထေရာ ဒ-ကာရော တ-ကာရမာပဇ္ဇတိ။လ။ တံ ကမ္မဝါစံ ပတ္វာ န ဝဋ္ဋတိ"ဟု ကမ္မကောပဒုရုတ္တကို ပြတော်မူပြန်၏။

ထိုတွင် ပဌမအဋ္ဌကထာပါဠ်ဖြင့်—

ထိုဆယ်ပါးသော သဒ္ဒါတို့တွင် "သုဏာတု မေ"ဟု ပဌမ တ-အက္ခရာဖြင့် ရွတ်ဖတ်အပ်လျက် ပဌမ တ-အက္ခရာကို ဒုတိယ ထ-အက္ခရာပြု၍ "သုဏာထု မေ"ဟု ရွတ်ဖတ်ခြင်းသည် သိထိလကို ဓနိတပြုခြင်း မည်၏၊ ဝါ ရွတ်ဖတ်ခြင်း မည်၏၊ "ပတ္တကလ္လံ သော ဥတ္တိ"ဟု ပဌမ တ-အက္ခရာဖြင့် ရွတ်ဖတ်အပ်လျက် "ပတ္ထကလ္လံ သော ဥတ္ထိ"ဟု ဒုတိယ ထ-အက္ခရာဖြင့် ရွတ်ဖတ်ခြင်းသည်လည်း ထို့အတူ သိထိလကို ဓနိတပြုခြင်း မည်၏၊ ဝါ-ရွတ်ဖတ်ခြင်း မည်၏။

ဘန္တေ "သံဃော"ဟု စတုတ္ထ ဘ-အက္ခရာ ဃ-အက္ခရာတို့ဖြင့် ရွတ်ဖတ်အပ်လျက် "ဗန္တေ သံဂေါ"ဟု တတိယ ဗ-အက္ခရာ ဂ-အက္ခရာတို့ဖြင့် ရွတ်ဖတ်ခြင်းသည် ဓနိတကို သိထိလပြုခြင်း မည်၏၊ ဝါ-ရွတ်ဖတ်ခြင်း မည်၏။

"သုဏာတု မေ"ဟု ဖွင့်သော ခံတွင်းဖြင့် နာသိကဌာန် နှာခေါင်းသံရှိသည်ကို မပြုမူ၍ ဌာန်ကရိုဏ်းတို့ကို မနှိပ် လွတ်လွတ်ရွတ်ဖတ်အပ်လျက် "သုဏံတု မေ"ဟူ၍ရင်း "သော ဥတ္တိ"ဟု ဖွင့်သော ခံတွင်းဖြင့်ဖတ်သင့်လျက် "သောံ ဥတ္တိ"ဟူ၍ရင်း မဖွင့်သော ခံတွင်းဖြင့် နာသိကဌာန် နှာခေါင်းသံ ရှိသည်ကို ပြု၍ ဌာန်ကရိုဏ်းတို့ကို နှိပ်၍ မလွတ်ဘဲ ရွတ်ဖတ်ခြင်းသည် ဝိမုတ္တကို နိဂ္ဂဟိတရွတ်ဖတ်ခြင်း မည်၏။

"ပတ္တကလ္လံ"ဟု မဖွင့်သော ခံတွင်းဖြင့် နာသိကဌာန် နှာခေါင်းသံရှိသည်ကို ပြု၍ ဌာန်ကရိုဏ်းတို့ကို နှိပ်၍ မလွတ်ရွတ်ဖတ်အပ်လျက် "ပတ္တကလ္လာ"ဟု ဖွင့်သော ခံတွင်းဖြင့် နာသိကဌာန် နှာခေါင်းသံရှိသည်ကို မပြုမူ၍ ဌာန်ကရိုဏ်းတို့ကို မနှိပ် လွတ်လွတ် ရွတ်ဖတ်ခြင်းသည် နိဂ္ဂဟိတကို ဝိမုတ္တရွတ်ဖတ်ခြင်းမည်၏၊ ဤသို့ သိထိလကို ပြုအပ်လျက်၊ ဝါ-ရွတ်ဖတ်အပ်လျက် ဓနိတကို, ဓနိတကို ပြုအပ် ရွတ်ဖတ်လျက် သိထိလကို, ဝိမုတ္တကို ပြုအပ် ရွတ်ဖတ်အပ်လျက် နိဂ္ဂဟိတကို, နိဂ္ဂဟိတကို ပြုအပ်ရွတ်ဖတ်အပ်လျက် ဝိမုတ္တကို ပြု၏၊ ဝါ-ရွတ်ဖတ်၏၊ ဤလေးပါးသော သဒ္ဒါတို့သည် ကမ္မဝါစာ၏ အတွင်း၌ ကံကို ဖျက်ဆီးပတ် ပျက်စီးစေတတ်ကုန်၏။ အဘယ့်ကြောင့်နည်းဟူမူ—ဤသို့ ဆိုအပ်ပြီးသော နည်းဖြင့် ရွတ်ဖတ်သော ပုဂ္ဂိုလ်ကို သိထိလစသော အက္ခရာတပါးကို ရွတ်ဖတ်အပ်လျက် ဓနိတစသော အက္ခရာတပါးကို ရွတ်ဖတ်တတ်၏။ ချွတ်ယွင်းဘောက်ပြန် မမှန်မကောင်းသဖြင့် ရွတ်ဖတ်တတ်၏ဟု ဆိုအပ်သောကြောင့်တည်း။ ဤသို့ သကဝဂ္ဂ သိထိလနှင့် သကဝဂ္ဂ ဓနိတ, နိဂ္ဂဟိတနှင့် ဝိမုတ္တတို့ကို အချင်းချင်း အပြန်အလှန် ဘောက်ပြန်လွဲမှား၍ ရွတ်ဖတ်မိက ကမ္မကောပ ဒုရုတ္တဖြစ်ကြောင်းကို မှတ်၍ ပြတော်မူ၏။

ဒုတိယအဌကထာပါဌ်ဖြင့်—

သိထိလ-စသော သဒ္ဒါလေးမျိုးတို့မှတပါး ဒီဃရဿ-စသော သဒ္ဒါခြောက်ပါးတို့တွင် ဒီဃအရာ၌ ဒီဃကိုသာ, ရဿအရာ၌ ရဿကိုသာ ဂရုကအရာ၌ ဂရုကကိုသာ, လဟုကအရာ၌ လဟုကကိုသာ, သမ္ဗန္ဓအရာ၌ သမ္ဗန္ဓကိုသာ, ဝဝတ္ထိတအရာ၌ ဝဝတ္ထိတကိုသာ,ပြုအပ် ရွတ်ဖတ်အပ်၏။ ဤသို့ အကြင်အကြင် ကမ္မဝါစာ ပါဠိအရာ၌ ထိုထို အက္ခရာကိုသာ ရွတ်ဖတ်သော ဝိနည်းဓိုရ် ရဟန်းသည် အရိယာတို့မှ ဆင်းသက်၍ အစဉ်အားဖြင့် လာသော ပါဠိ အစဉ်အဆက်ကို မပျက်စေသဖြင့် ကမ္မဝါစာကို ရွတ်ဖတ်အပ်၏။ ထိုသို့ ဆိုအပ်ပြီးသောနည်းဖြင့် အကြင်အကြင် ကမ္မဝါစာ ပါဠိအရာ၌ ထိုထို အက္ခရာကိုသာ မရွတ်ဖတ်မူ၍ ဒီဃကို ရွတ်ဖတ်အပ်လျက် ရဿကို ရွတ်ဖတ်၏၊ ရဿကို ရွတ်ဖတ်အပ်လျက် ဒီဃကိုရွတ်ဖတ်၏။ ထို့အတူ ဂရုကကို ရွတ်ဖတ်အပ်လျက် လဟုကကို, လဟုကကို ရွတ်ဖတ်အပ်လျက် ဂရုကကို, သမ္ဗန္ဓကို ရွတ်ဖတ်အပ်လျက် ဝဝတ္ထိတကို, ဝဝတ္ထိတကို ရွတ်ဖတ်အပ်လျက် သမ္ဗန္ဓကို ရွတ်ဖတ်၏။ ဤသို့ အချင်းချင်း အပြန်အလှန် ပြောင်းလဲ ရွတ်ဖတ်မိငြား သော်လည်း ဤခြောက်ပါးသော သဒ္ဒါတို့သည် ကမ္မဝါစာ၏အတွင်း၌ ကံကို မဖျက်ဆီးတတ် မပျက်စီးစေတတ်သောကြောင့် ကမ္မဝါစာမပျက်ဟု ကမ္မအက္ခောပ ဒုရုတ္တကို အမှတ်မထား သာမညအားဖြင့် ပြတော်မူ၏။

တတိယအဌကထာပါဌ်ဖြင့် –

ဒ-အက္ခရာသည် တ-အက္ခရာသို့ ရောက်၏၊ တ-အက္ခရာသည် ဒ-အက္ခရာသို့ ရောက်၏၊ စ-အက္ခရာသည် ဇ-အက္ခရာသို့ ရောက်၏၊ ဇ-အက္ခရာသည် စ-အက္ခရာသို့ ရောက်၏၊ ယ-အက္ခရာသည် က-အက္ခရာသို့ရောက်၏၊ က-အက္ခရာသည် ယ-အက္ခရာသို့ ရောက်၏၊ ထိုသို့ ဒ-အက္ခရာ တ-အက္ခရာ စသည်တို့၏ အချင်းချင်း ကာရိ ကာရိယ ဖြစ်သောကြောင့် ဒ-အက္ခရာ စသည်တို့ကို ရွတ်ဖတ် အပ်ကုန်လျက် တ-အက္ခရာ စသည်တို့ကို ရွတ်ဖတ်ခြင်းသည် မဆန့်ကျင်ဟု သုတ္တန္တိက မထေရ်တို့သည် အကြင်စကားကို ဆိုကုန်၏။ ထိုစကားသည် ကမ္မဝါစာမှ တပါးသော အရာ၌ သင့်သော်လည်း ကမ္မဝါစာသို့ ရောက်သောအခါ မသင့်။ ထိုသို့ ကမ္မဝါစာ၌ ကာရိ ကာရိယ အချင်းချင်း လဲလှယ်ရွတ်ဖတ် ခြင်းငှါ မသင့်သောကြောင့် ကမ္မဝါစာ ဆရာဖြစ်သော ဝိနည်းဓိုရ် ရဟန်းသည် ဒ-အက္ခရာကို တ-အက္ခရာ မပြုအပ် မရွတ်ဖတ်အပ် ။လ။ က-အက္ခရာကို ယ-အက္ခရာ မပြုအပ် မရွတ်ဖတ်အပ်။ အကြင်အကြင် ပါဠိဖြင့် ဝါ- ပါဠိအားလျော်စွာ သဒ္ဒါကို သုတ်သင်၍ ဆယ်ပါးအပြားရှိသော အက္ခရာဟု ဆိုအပ်သော သဒ္ဒါ၌"တတ္ထ သုဏာတု မေတိ ဝတ္တဗ္ဗေ"စသည်ဖြင့် ဆိုအပ်ပြီးသော အပြစ်တို့ကို ရှောင်လွှဲပယ်ရှားသဖြင့် ကမ္မဝါစာကို ပြုအပ် ရွတ်ဖတ်အပ်၏။

ဆိုအပ်ပြီးသော အပြစ်တို့ကို ရှောင်လွှဲ ပယ်ရှားသည်မှ တပါး မရှောင်လွှဲ မပယ်ရှားသော အခြင်းအရာအားဖြင့် ကမ္မဝါစာ ရွတ်ဖတ်ခြင်းသည် ကမ္မဝါစာကို ယုတ်လျော့စေသည် မည်၏။ ထိုကံကို ပျက်စီးစေသည် မည်၏ဟု သကဝဂ္ဂ သိထိလ နှင့် သကဝဂ္ဂသိထိလ၊ ဝဂ္ဂသိထိလ နှင့် အဝဂ္ဂသိထိလ တို့ကို အချင်းချင်း အပြန်အလှန် လွဲမှား၍ ရွတ်ဖတ်မိက ကမ္မကောပ ဒုရုတ္တ

ဖြစ်ကြောင်းကို မှတ်၍ ဥပလက္ခဏအားဖြင့် ပြတော်မူ၏။ ဤကား အဋ္ဌကထာ လာရင်းအတိုင်း ဘာသာပြန် အဓိပ္ပါယ်နှင့် တိုက်ရိုက် ကောက်ချက်တည်း။

## အဋ္ဌကထာ၌ ဋီကာကို ချသွင်းခြင်း

ဤ တတိယ အဋ္ဌကထာ ပါဠိ၌ သကဝဂ္ဂသိထိလနှင့် သကဝဂ္ဂသိထိလ ကို အချင်းချင်း အပြန်အလှန် ဘောက်ပြန်လွဲမှား၍ ရွတ်ဖတ်ခြင်းကို ကမ္မကောပ ဒုရုတ္တဟု ဆိုသော အဋ္ဌကထာ ဆရာသည် သကဝဂ္ဂခနိတ နှင့် သကဝဂ္ဂဓနိတကို အချင်းချင်း အပြန်အလှန် ဘောက်ပြန်လွဲမှား ၍ ရွတ်ဆိုခြင်းကို ကမ္မကောပ ဒုရုတ္တ ဟုသာ အလိုရှိတော်မူ၏ ဟူ၍ရင်း, ဝဂ္ဂသိထိလနှင့် အဝဂ္ဂသိထိလကို အချင်းချင်း အပြန်အလှန် ဘောက်ပြန်လွဲမှား၍ ရွတ်ဖတ်ခြင်းကို ကမ္မကောပ ဒုရုတ္တ ဆိုသော အဋ္ဌကထာဆရာသည် ဝဂ္ဂန္တရသိထိလနှင့် ဝဂ္ဂန္တရသိထိလ၊ ဝဂ္ဂန္တရဓနိတနှင့် ဝဂ္ဂန္တရ ဓနိတ တို့ကို အချင်းချင်းအပြန်အလှန် ဘောက်ပြန်လွဲမှား၍ ရွတ်ဖတ်ခြင်းကိုလည်း ကမ္မကောပ ဒုရုတ္တ တို့ဟုသာ အလိုရှိတော်မူ၏ ဟူ၍ရင်း အတ္ထယုတ္တိ စမ်းသိမှန်းဆ အနုမာန အားဖြင့် အမှန်သိမြင် မှတ်ယူသင့်သည်။ မှန်၏။ ဤ ယံ ပန ချီသော စကားသည် ဝါဒန္တရ ထုတ်ပြ ဖြေရှင်းလို၍သာ အသီးအခြား ဆိုသော စကား မဟုတ်။ အောက်၌ "ဠတိ သိထိလေ ကတ္တဗ္ဗေ ။လ။ဇေ တံ တဒေဝ အက္ခရံ ဘာသန္တေန ကမ္မဝါစာ ကာတဗ္ဗာ"ဟုသာ မဆိုမူ၍"အနုက္ကမာဂတံ ပဝေဏိံ အဝိနာသေန္တေန"ဟု အလွန်ကို ဆိုသော အဋ္ဌကထာ၌ အနုက္ကမာဂတ ပဝေဏိ မပျက်စီးအောင် အဘယ်သို့ ရွတ်ဖတ်အပ်သနည်း၊ အဘယ်သို့ ရွတ်ဖတ်လျှင် အနုက္ကမာဂတ ပဝေဏိ ပျက်စီး၍ ကမ္မကောပဒုရုတ္တ ဖြစ်သနည်း ဆိုအပ်ပြီးသောနည်းဖြင့် သိထိလ စသည်ကို ဓနိတ စသည်ပြု၍ ရွတ်ဖတ်သော်သာ အနုဂ္ဂမာဂတ ပဝေဏိ ပျက်စီး၍ ကမ္မကောပ ဒုရုတ္တ ဖြစ် လေသလောဟု လျှဉ်းပါးဘွယ်ရှိ၍ ဝါဒန္တရ ပဋိက္ခေပကို အတွင်းပြု၍ အနုက္ကမာဂတပဝေဏိ ပျက် မပျက် ကမ္မကောပ ဒုရုတ္တ ဖြစ် မဖြစ်ကို ပြပြန်လို၍သာ ဆိုသော စကားဖြစ်သည်။

ဤတတိယ အဋ္ဌကထာပါဠိ၌လည်း "ယံ ပန။ လ ။န က-ကာရော ယ—ကာရော၊ ဒသဝိဓာယ ဗျဉ္ဇနနိရုတ္တိယာ ဝုတ္တဒေါသေ ပရိဟရန္တေန"စသည်ကိုသာ မဆိုမူ၍"ယထာ ပါဠိယာ နိရုတ္တိံ သောဓေတွာ"ဟု အလွန်ကို ဆိုတော်မူခြင်းကြောင့် သုတ္တန္တိကမထေရ်တို့ အယူကို ပစ်ပယ်ရာ၌ အာဒေသကို ဝါ-ကာရီ ကာရိယ အပြောင်းအလွဲကို မပြုအပ်ဟုဆိုသော်လည်း ပါဠိတော်အား မလျော်သော အာဒေသကိုသာ ဝါ-ကာရီ ကာရိယ အပြောင်းအလွဲကိုသာ ပြု၍ ရွတ်ဖတ် ခြင်းငှါ မအပ်ဖြစ်သည်။ ပါဠိတော်အား လျော်သော အာဒေသကိုကား ဝါ-ကာရီ ကာရိယ အပြောင်းအလွဲကိုကား ပြု၍ ရွတ်ဖတ်ခြင်းငှါ အပ်သည်သာဟူ၍ရင်း၊ ဒီဃစသည်ကို ရဿ စသည်ပြု၍ ပြောင်းလွဲရွတ်ဖတ်ငြားသော်လည်း ကမ္မကောပ ဒုရုတ္တ မဖြစ်ဟုဆိုရာ၌လည်း ဒီဃ ရဿစသည် နှစ်ချက်သင့် ပါဠိတော်အားလျော်သော အရာတို့၌သာ အချင်းချင်း လဲလှယ် ရွတ်ဖတ်ခြင်းငှါ အပ်သည်၊ ပါဠိတော်အားမလျော်သော အရာတို့၌ကား အချင်းချင်းလဲလှယ် ရွတ်ဖတ်ခြင်းငှါ မအပ်ဟူ၍ရင်း သဒ္ဒန္တရိက် အရိပ်ဖြင့် ပြီးလေတော့သည်ဟု အမှန် ယူဆ သိမြင်သင့်သည်။

ဤသို့သော အဋ္ဌကထာ၏ အနုမာန သိဒ္ဓေယျ အနက်တို့ကို အမှန်ယူဆ သိမြင်သင့်သောကြောင့် "တ–ကာရဿ ထ–ကာရံ အကတွာ။ လ။ သမ္ဗန္ဓော ပန ဝဝတ္ထာနဥ္စ သဗ္ဗထာပိ ဝဋ္ဋ-တီတိ ဂဟေတဗ္ဗံ" ဟု ဆိုသော ဝိမတိဝိနောဒနီဋီကာရှင်၏ စကားနှင့် အတုလိုက်၍ ဆိုသော ဝိနယာလင်္ကာရ ဋီကာရှင်၏ စကားသည် "ဂဏ်ေဒါကံ ယမုနောဒကေန သံသန္ဒတိ သမေတိ" ဒီ၊ ၂။ ၁၇၀။ ဟူဘိသို့ အဋ္ဌကထာ၌ သက်ဝင်နှီးနှော သဘောညီညွတ်သည်ဖြစ်၍ အစလ သုပ္ပတိဋ္ဌိတ ပစ္စေတဗ္ဗစကား ဖြစ်၏ဟု သန္နိဋ္ဌာန်ကျ မှတ်ယူရမည်။

ကေစိဆရာတို့သည် အဋ္ဌကထာကို အပြည့်အစုံ မယူမူ၍ ပဌမ ဒုတိယ ဖြစ်သော ကမ္မကောပါကောပ ဒုရုတ္တဝိနိစ္ဆယ အဋ္ဌကထာ တစိတ်ကိုသာယူ၍ ဝိမတိ ဝိနယာလင်္ကာရဋီကာ ပုဗ္ဗာစရိယ ဝိနိစ္ဆယတို့ကို ရဲဝံ့စွာ ပယ်ရှား၍ ဆင်ကို စမ်းသော သူကန်းတို့ပမာ ထင်ရာမြင်ရာဆိုထားကြကုန်သည်။ ထိုဆရာတို့၏ ဝါဒသည် အဋ္ဌကထာ ဋီကာတို့နှင့်လည်း မညီ ပဝေဏီအာဂတလည်း မဟုတ်။

အပရေဆရာတို့သည်သာ ဋီကာ ပုဗ္ဗာစရိယ ဝိနိစ္ဆယတို့ကို အထောက်အကူ မှီငြမ်းယူ၍ အဋ္ဌကထာ၏ နီတတ် နေယျတ်အနက်တို့ကို အပြည့်အစုံယူ၍ အခိုင်အမာ ဆိုထားကြကုန်သည်။

ထိုဆရာတို့၏ ဝါဒသည်သာ အဋ္ဌကထာ ဋီကာတို့နှင့် ညီသည်၊ ပဝေဏီအာဂတလည်း ဖြစ်သည်၊ ထိုကြောင့် ထိုဝါဒနှစ်ရပ်တွင် အပရေဆရာတို့၏ ဝါဒသည်သာ ယထာဘူတ ကျနမှန်ကန်သည်ဟု ယုံကြည်လေးမြတ် မှတ်သားအပ်၏။

၁–ပုစ္ဆာ၏ အဖြေ ပြီး၏။

## ၂–ဝိဝါဒပုစ္ဆာ၏ အဖြေ

နိဂ္ဂဟိတန္တိ ယံ ကရဏာနိ နိဂ္ဂဟေတွာ အဝိဿဇ္ဇေတွာ အဝိဝဋေန မုခေန သာနုနာသိကံ ကတွာ ဝတ္တဗ္ဗံ။ ပရိဝါ ကမ္မဝဂ် အဋ္ဌကထာ။ ၂၄၇။

ပုဒ်စိတ် ခက်ဆစ်——

အဝိဝဋေနန၌ အ–သဒ္ဒါသည် ပသဇ္ဇပဋိသေဓ အနက်ကို ဟော၏။ ဒွါရံ သံဝရိတွာ ပဋိ-သလ္လိယိတုန္တိ ဒွါရံ ပိဒဟိတွာ နိပဇ္ဇိတုံ ဟု ဝိ၊ ၂၊ ၁။ ၂၄၃။ ဖွင့်သကဲ့သို့ နိဂ္ဂဟေတွာနာတိ နိပ္ပီဠေတွာ၊ မုခံ ပိဒဟိတွာတိ ဝုတ္တံ ဟောတိ ဟု ဖွင့်သော ကင်္ခါဋီကာကို ထောက်ပါ။

မုခေန ၌ မုခသဒ္ဒါသည် ခံတွင်းကို ဟော၏။ နှုတ်ခမ်းဟောဟု ယူသော်လည်း အပြစ်မရှိ။ အသင့်ယုတ္တိကား–ပတိဿယံ ပဂိသိတ္ဒွာ ဒွါရံ ပိဓာယ နိပဇ္ဇာ သဗ္ဗေတေ ပရိဿယာ နဟောန္တိ။ သံ၊ ၄၊ ၁။ ၇၉။ စသည်တို့၌ မုချအားဖြင့်ရင်း၊ ဂဗ္ဘေ ဝိဝရိတွာ တွေကံ တေကုမာရ မာဟု သန္တကံ။ ဗုဒ္ဓဝံ၊ ၄။ ဂဂ။ ၉ ၁၊ ၄၊ ၁။ ၂။ အ ၊ ၄၊ ၁။ ၃၃။ စသည်တို့၌ အဘေဒ

ဒအားဖြင့်ရင်း ဂဗ္ဘ ဂေဟ ပတိဿယစသည်တို့၌ အသုံးအနှုန်း အဆိုအမိန့် နှစ်ထွေနှစ်ရပ် ထင်သကဲ့သို့ မုခနှင့် စပ်၍ နှစ်ထွေ နှစ်ရပ် မလာ မရှိ။ န အနာဟဋ္ဌေ ကဗဠေ မုခံ ဝိဝရိဿာမီတိ သိက္ခာကရဏီယာ မာတိကာ၊ ၂၅၅။ ကခါ၊ ၄။ ၃၂။ ဝဋ္ဋကတေ မုခေ ဝိဝဋ္ဋေ။ ဝိ၊ ၄၊ ၁။ ၂၄၇။ စသည်အဘေဒ အားဖြင့်သာ အသုံးအနှုန်း အဆိုအမိန့် ထင်သည်ကို ထောက်ထားသိမြင်သင့်သည်။ အသုံးအနှုန်း ဝေါဟာရများကို သတိထားပါ ဟူလို။

သိလကို ချစ်၍ ဝိနည်းကို အလွန်မှ အလေးပြုတော်မူသော ဆရာကြီးတို့သည်ကား ဝေါဟာရကို မငဲ့ဘဲ မုချနက်ရအောင် များစွာသော သာဓကယုတ္တိကို ပြ၍ မုခသဒ္ဒါ နှုတ်ခမ်းဟော ယူကြကုန်၏။ ထိုဆရာကြီးတို့ကား မကဲ့ရဲ့အပ် သီလဂုဏ်ကို အာရုံပြု၍ ကြည်ညိုထိုက်သည်သာ။

## မုခအပိုင်းအခြား

ခံတွင်း၏ အပိုင်းအခြားကိုလည်း နှုတ်ခမ်းသားဖြင့် ပိုင်းခြားအပ်၏၊ နှုတ်ခမ်း၏ အတွင်းကိုသာ ခံတွင်းဟု ယူအပ်၏၊ သွားဖြင့် မပိုင်းခြားအပ်၊ သွား၏ အတွင်းသာ ခံတွင်း မဟုတ်။ မှန်၏ ယဒိပန ဒန္တာ သုဖုသိတာ၊ အန္တော မုခေ ဩကာသော နတ္ထိ၊ ဒန္တာ စ ဗဟိ ဩဋ္ဌမံသေန ပဋိစ္ဆန္နာ၊ တတ္ထ ဝါတေန အသံဖုဋ္ဌံ အလ္လောကာသံ တိလဖလတ္တမ္ပိ ပဝေသေန္တဿ ပါရာဇိကမေဝ။ ဝိ၊ ၄၊ ၁။ ၂၇၁။ သီသစ္စိနှုဝတ္ထု၌ နှုတ်ခမ်းသားဖြင့် မဖုံးမပိတ်ဘဲ အထက်အောက်သွားတို့ ထိကပ် စေ့စပ်နေခဲ့သော် ခံတွင်းဟူသည် သွား၏ အတွင်းတည်း ဝါ-သွား၏ အတွင်းသည်သာ ပါရာဇိက ခေတ်တည်း၊ နှုတ်ခမ်းသားဖြင့် ဖုံးပိတ်ထားအပ်သော်ကား သွားစေ့စပ်သည်ဖြစ်စေ၊ မစေ့စပ်သည်ဖြစ်စေ ခံတွင်းဟူသည် နှုတ်ခမ်း၏ အတွင်းတည်း၊ ဝါ-နှုတ်ခမ်း၏ အတွင်းသည် ပါရာဇိကခေတ်တည်း။ ဤသို့ ပါရာဇိကခေတ်ကို ပြဆိုရာ၌သာ မုခ—(ခံတွင်း) နှစ်ထွေ နှစ်ရပ်ရှိသည်။ အကုသရုပ္ပတ္တိအရာတို့၌ကား မုခနှစ်ထွေနှစ်ရပ် မရှိ၊ နှုတ်ခမ်း နှစ်ခု၏ အတွင်းကိုသာ ခံတွင်းဟု ယူသအပ်သည်၊ ထို့ကြောင့် မုခမေဝ ဝါ ဝိဝရဏံ ဝိဝရိတဗ္ဗံ မုခဝိဝရဏံ၊ ဩဋ္ဌဒွယန္တော၊ မစု၊ ၃၊ ၅၇။ ဟု မဟာယရာ ဆို၏။ ဤကား ပုဒ်စိတ် ခက်ဆစ် ဖြစ်၏။

## ကရဏာဒိ နိဂ္ဂဟေတွာ အဝိဿဇ္ဇေတွာ၏ အဓိပ္ပါယ်

မိုရာအက္ခရာတို့၏ ဌာန်ကရိုဏ်းတို့ကို နှိပ်ခြင်းဟူသည် မိုရာအက္ခရာတို့၏ ဌာန်ကရိုဏ်းတို့ကို မလွှတ်ခြင်းတည်းဟု ပြလို၍ အဝိဿဇ္ဇေတွာ ဟု မိန့်၏။ ယင်းကား နိဂ္ဂဟေတွာ၏ အဖွင့်။ ပုရိမဿ ပုရိမဿ ပစ္ဆိမံ ပစ္ဆိမံ အတ္ထဝစနံ ဟူသော မူလဋီကာ၊ ၁၊၂၈။နှင့် အညီ ဖွင့်ထားသော ယောဇနာ။

ချဲ့အံ့....

လောက၌ တစုံတခုသော ဝတ္ထုကို မလွှတ်လိုသော သူသည် ထိုဝတ္ထုမလွှတ်ရန် မိမိ၌ အစဥ်ပါရန် ဘိနှိပ်ချုပ်ကည်းထားသကဲ့သို့ ဝါ- မလွှတ်ဘဲ ထားသကဲ့သို့ နာသိကဌာန်သံ နိဂ္ဂဟိတ်သံ မပေါ်မီ မိုရာအက္ခရာသံ မလွှတ်မပြတ် မရပ်မစဲဘဲ နာသိကဌာန်သံ နိဂ္ဂဟိတ်သံ

ပေါ်လာသည်အထိ အစဉ်မပြတ် တစပ်တည်း ပါလာရန် ထိုမ္ဓိရာ အက္ခရာတို့၏ ဌာန်ကရိုဏ်းတို့ကို နှိပ်ထား၍ မလွှတ်ပဲ ရွတ်ရမည်ဟု အဝိဿဇ္ဇေတွာဖြင့် အဋ္ဌကထာ ဆရာပြသည်ဟု မှတ်ရမည်။

### အဝိဝဇ္ဇေန မုခေန သာနုနာသိကံ ကတွာ၏ အဓိပ္ပါယ်

မ္ဓိရာအက္ခရာ၏ ဌာန်ကရိုဏ်းတို့ကို နှိပ်ထား၍ မလွှတ်ပဲ နာသိကဋ္ဌာန်သံ နိဂ္ဂဟိတ်သံ တစပ်တည်း ပေါ်လာရန် အားထုတ်မှု ပယတ်ကို အဝိဝဇ္ဇေန မုခေန သာနုနာသိကံ ကတွာ ဟု ပြတော်မူသည်။

ဤပါဠ်ဖြင့် မ္ဓိရာအက္ခရာ၏ ဌာန်ကရိုဏ်းတို့ကို နှိပ်ထား၍ မလွှတ်ပဲ နာသိကဌာန်သံ နိဂ္ဂဟိတ်သံ တစပ်တည်း ပေါ်လာရန် ခံတွင်းကို ပိတ်၍ ဥစ္စာရဏလေကို ခံတွင်းမှ စိုးစဉ်းမျှထွက်ခွင့် မပေးမူ၍ နှာခေါင်းသို့ချည်း လွှတ်၍ ထိုလေ၏ တိုးတိုက် ရိုက်ခတ်မှု ဒဏ်ချက်ဖြင့် နှာရင်းသံ ထွက်လာအောင် အားထုတ်ပါဟု ပြသော အဋ္ဌကထာ၏ အာဘော်ကျ ပယတန အဓိပ္ပါယ်ကို ကောင်းစွာမှတ်ယူဟု သိမြင်ရမည်။

### ဗာလာဝတာရဋီကာ နောက်ဆရာတို့ ဝါဒ ရှင်းချက်

ဗာလာဝတာရဋီကာသစ်စသော နောက်ဆရာတို့၏ ဝါဒကို ရှင်းပြအံ့—

နှုတ်ခမ်းကို ပိတ်၍ ရွတ်လျှင် ဩဋ္ဌဌာန် ဖြစ်၍ မ–ကာရန္တ ဖြစ်ရာ၏ ဟူ၍၎င်း, မ-ကာရန္တကို နှုတ်ခမ်းပိတ်၍ ရွတ်ရမည်၊ နိဂ္ဂဟိတန္တကို နှုတ်ခမ်းဖွင့်၍ ရွတ်ရမည်ဟူ၍၎င်း ဗာလာဝတာရဋီကာသစ်ဆရာနှင့် နောက်လိုက်ဆရာတို့ များစွာ ဆိုကြကုန်၏။ ထိုဆရာတို့သည် အဝိဝဋ္ဋ-ပယတ် ဖုဋ္ဌပယတ် နှစ်ပါးတို့ကို ပိုင်းပိုင်းခြားခြား သိအောင် သတိမမူမိကြသောကြောင့် သာ ဆိုကုန်၏၊ ထို့ကြောင့် ပယ်အပ်၏။ ထင်ရှားစေအံ့–အဝိဝဋ္ဋ ဝါ- သံဝုတဟူသည် ထိကာမျှသာ မဟုတ်၊ ထိပြီးလျှင် ပြန်၍ မဖွင့်မဟာဘော့ပဲ စေ့ထား ပိတ်ထားခြင်းတည်း။ ယင်းသို့အား ထုတ်မှုကို အဝိဝဋ္ဋပယတ်ဟု မှတ်၊ ဖုဋ္ဌဟူသည် ထိပြီးသည်နှင့် တပြိုင်နက် သူပယောဂ သူပယာတ်ကိစ္စ အပြီးတိုင်ရောက်၏။ ထို့ကြောင့် ထိပြီးလျှင်ပြီးခြင်း ပြန်၍ ဖွင့်လိုက်ရ၏။ အထိအတိုင်းဆက် ထားလျှင် ဖုဋ္ဌမဟုတ်တော့ပေ၊ ဖုဋ္ဌကို လွန်ကာ အဝိဝဋ္ဋဖြစ်သွား၏ အဝိဝဋ္ဋဘက်သို့ ရောက်သွား၏၊ ယင်းသို့ ထိကာမျှဖြင့် အပြီးထား၍ ဆက်လက်ပိတ်မထားပဲ အားထုတ်မှုကို ဖုဋ္ဌပယတ်ဟု မှတ်။

ဖုဋ္ဌပယတနိက မ-အက္ခရာသည် ထိပြီးလျှင် ပြန်မဖွင့်ပဲ ဆက်လက်စေ့ပိက်၍ ရွတ်လျှင် မပေါ်ထွက်နိုင်၊ ရွတ်စမ်းလေ။ နှာခေါင်းသို့သာ ဥစ္စာရဏ လေထွက်သွား၍ နှာရင်းရိုက်ခတ်မိခြင်းကြောင့် နာသိကဌာန်သံ နိဂ္ဂဟိတ်သံသည်သာ ပေါ်ထွက်လာနိုင်သည်။ ထိုနိဂ္ဂဟိတ်သံသည်လည်း ခံတွင်းကို မပိတ်ပဲ သို့မဟုတ် ရုံရုံသာ ရုံမြီး [illegible]ဖွင့်၍ ရွတ်လျှင် နှာခေါင်း ခံတွင်းတို့သို့ ဥစ္စာရဏလေမျှ ထွက်သွားရ၍ နှာခေါင်းသို့ ထွက်သွားသော ဥစ္စာရဏလေ အားနည်းလှသောကြောင့် ပရိမဏ္ဍလပရိပုဏ္ဏ နာသိကဋ္ဌာန်သံ [illegible]။ အပရိပုဏ္ဏလ အပရိပုဏ္ဏ

နာသိကဌာန်သံ ဖြစ်စေ ဝဂ္ဂန္တသံယောဂပုဗ္ဗဂရုသံသာ ဖြစ်စေ ထွက်ပေါ်လာမည်၊ ရွတ်စမ်းလေ။ ဝဂ္ဂန္တပုဗ္ဗဂရုသံကိုလည်း နေရာကျသိအောင် အားထုတ်လေ။ ဤသို့ အကျဉ်းနားလည်ရုံမျှ ပြဆိုအပ်သည့်အတိုင်း ပယတ်နှစ်ပါးတို့ကို ပိုင်းပိုင်းခြားခြားသိလျှင် မ-ကာရန္တကို ပိတ်၍ မရွတ်ရ၊ ထိ၍သာ ရွတ်ရမည်။ နိဂ္ဂဟိတန္တကို ဖွင့်၍ မရွတ်ရ၊ ပိတ်၍ရွတ်ရမည်ဟု အမှန်သန္နိဋ္ဌာန်ကျသိမြင်လိမ့်မည်။ ထိုဆရာတို့၏ ကုမ္မဂ္ဂမှုလည်း ဖဲနိုင်လိမ့်မည်။ အရာဌာနကိုလည်း မမျှော် အဋ္ဌကထာ ဋီကာတို့၏ အာဘော်ကိုလည်း မသိ၊ ထင်မိထင်ရာ နှုတ်ခမ်းနှင့် ဘာမျှမဆိုင်၊ သွားအချင်းချင်း စဉ်းငယ်ပိတ်၍ ရွတ်ရမည် စသည်ကို ဆိုလာသော ကေစိဆရာတို့၏ ဝါဒသည်ကား ဝါဒတခုအနေဖြင့် တည်သင့်သည် မဟုတ်၊ ရွတ်၍မျှ စမ်းပုံပင် မရ၊ အတိသံမူဠ္ဌသာတည်း။

အပရေ ဆရာတို့သည်သာ အရာဌာနကို မျှော်၍ အဋ္ဌကထာ ဋီကာတို့၏ အာဘော်ကို ကျနစွာယူ၍ ပြဆိုတော်မူကြသည်။ ထိုဆရာတို့၏ ဝါဒသည်သာ အဋ္ဌကထာဋီကာတို့၌ သက်ကျဝိညူပသတ္ထ ယထာဘူတ ကျနမှန်ကန်သည်ဟု ယုံကြည်လေးမြတ် မှတ်သားအပ်၏။

## ၂-ပုစ္ဆာ အဖြေ ပြီး၏။

ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့် ဓနုဖြူမြို့နယ် စံကင်းကျောင်းနေရှင်အာစိဏ္ဏ မေးလျှောက်အပ်သော ဝိနယ ဝိဝါဒပုစ္ဆာများကို သာသနာတော်၏ အကျိုးကို မျှော်ကိုးတောင့်တ၍——

မန္တလေးမြို့ ဒက္ခိဏာရာမ-ဘုရားကြီးတိုက်-အမရပူရကျောင်း ဆရာတော်ဘုရားဖြေကြားဆုံးဖြတ်အပ်သော ဝိမတိဝိစ္ဆေဒနီကထာသည် ၁၃၂၁-ခု ပြာသိုလဆန်း ၁-ရက် အင်္ဂါနေ့၌ ပြီးဆုံးလတ်သတည်း။

### ဤ အဆုံးအဖြတ်၌ ပါသော ပါဠိအဋ္ဌကထာ စသည်တို့ကို က-ခစသော အမှတ်စဉ်အတိုင်း အနက်ပြန်ဆိုလိုက်အံ့

(က) တတ္ထ တေသု သိထိလာဒီသု၊ ထိုသိထိလစသော ၁၀-ပါးတို့၌။ ဥစ္စာရဏဝိသေသော၊ ရွတ်ပုံအထူးကို။ ဧဝံ၊ ဤဆိုလတံ့သော နည်းဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။ "သုဏာတု မေ"တိ၊ သုဏာတု မေ-ဟူ၍။ ဝတ္တဗ္ဗေ၊ ရွတ်ဖတ်ရမည်ဖြစ်ပါလျက်။ တ-ကာရဿ၊ တ-အက္ခရာ၏။ ထ-ကာရံ၊ ထ-အက္ခရာကို။ ကတွာ၊ ပြု၍။ သုဏာထု မေတိ၊ သုဏာထု မေ-ဟူ၍။ ဝစနံ၊ ရွတ်ဖတ်ခြင်းသည်။ သိထိလဿ၊ သိထိလအက္ခရာကို။ ဓနိတကရဏံ နာမ၊ ဓနိတအက္ခရာ ပြု၍ ရွတ်ဖတ်ခြင်း မည်၏။ ။လ။ ဒုရုတ္တံ၊ ချွတ်ယွင်းဖောက်ပြန် မမှန်မကန် ရွတ်ဖတ်အပ်သော အက္ခရာကို။ ကရောတိ၊ ပြု၏။ ဣတိ၊ ဤသို့။ ဝုစ္စတိ၊ ဆိုအပ်၏။

ပန၊ အဖွိုဘပါး။ ဣတရေသု၊ ဤ (သိထိလ ဓနိတ ဝိမုတ္တ နိဂ္ဂဟိတ) ၄-ပါးတို့မှ တပါးကုန်သော။ ဒီဃရဿာဒီသု၊ ဒီဃရဿ အစရှိကုန်သော။ ဝါ-ဒီဃ ရဿ ဂရုက လဟုက သမ္ဗန္ဓ ဝဝတ္ထိတ-

ဟူကုန်သော။ ဆသု၊ ဖ-ပါးကုန်သော။ ဗျဥ္ဇနေသု၊ အက္ခရာတို့၌ (ဗျဥ္ဇနသဒ္ဒေါ အက္ခရဝါစကော၊ ပါစိတ်ယောဇနာ။ ၆၃၈)။ ဒီဃဋ္ဌာနေ၊ ဒီဃ ရွတ်ရမည့်အရာ၌။ ဒီဃမေဝ၊ ဒီဃအက္ခရာကိုသာ လျှင်။ ဝတ္တဗ္ဗံ၊ ရွတ်ဖတ်ရမည်။လ။ ဟိ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူ။ ဣမာနိ ဆ ဗျဥ္ဇနာနိ၊ ဤ ဖ-ပါးသော အက္ခရာတို့သည်။ ကမ္မံ၊ ကံကို။ န ကောပေန္တိ၊ မပျက်စီးစေတတ်ကုန်။ တသ္မာ၊ ထို့ကြောင့်။ ကမ္မဝါစာ၊ ကမ္မဝါစာသည်။ န ကုပ္ပတိ၊ မပျက်စီး။

ပန၊ ဝါဒထူးကား။ သုတ္တန္တိကတ္ထေရာ၊ သုတ္တန်ဆောင် အချို့ထေရ်တို့သည်(သုတ္တန္တံ ဓာရေတီတိ သုတ္တန္တိကော၊ ဇာ၊ ဋ္ဌ၊ ၁။ ၂၃၄)။ ဝါ-ကစ္စာယန စသည် သဒ္ဒါသုတ်ကို ပြုစီရင်တတ်သည့် အရှင် မဟာကစ္စည်း အစရှိသော ထေရ်တို့သည် (ယောဇနာ၊ ၆၃၈-နှာ)။ (သုဂတ-စသော ပုဒ်တို့၌။) ဒကာရော၊ ဒ-အက္ခရာသည်။ တ-ကာရံ၊ တ-အက္ခရာ အဖြစ်သို့။ အာပဇ္ဇတိ၊ ရောက်၏။ (သုဂဒေါ= သုဂတော)။လ။ဣတိ၊ ဤသို့။ ယံ ဝစနံ၊ အကြင်စကားကို။ ဝဒန္တိ၊ ပြောဆိုကြကုန်၏။ တံ ဝစနံ၊ ထို သုတ္တန္တိကထေရ်တို့၏ စကားသည်။ ကမ္မဝါစံ၊ ကမ္မဝါစာသို့။ ပတ္တာ၊ ရောက်၍။ ဝါ-ရောက်သည် ရှိသော်။ န ဝဋ္ဋတိ၊ မအပ်။ ဝိ၊ ဋ္ဌ၊ ၂၄၇-၈။ ဝိ၊ သင်္ဂဟ။ ၃၉၈။

(ခ) ဣတိ ဧဝံ၊ ဤသို့။ သိထိလေ၊ သိထိလအက္ခရာကို။ ကတ္တဗ္ဗေ၊ ပြုလုပ်ရွတ်ဖတ်ရမည် ဖြစ်ပါလျက်။ ဓနိတံ၊ ဓနိတအက္ခရာကို၊ ကရောတိ၊ ရွတ်ဖတ်၏။လ။ဧဝံ၊ ဤသို့။ တံ တဒေဝ အက္ခရံ၊ ထိုထို အက္ခရာကို။ ဘာသန္တေန၊ ရွတ်ဖတ်သော ဝိနည်းဓိုရ် ရဟန်းသည်။ အနုက္ကမာဂတံ၊ အရိယာပုဂ္ဂိုလ်တို့မှ ဆင်းသက်၍ အစဉ်အတိုင်းအားဖြင့် လာသော။ ပဝေဏိံ ပါဠိအဋ္ဌကထာ စသည်တို့၌ ပြယုဂ်ထင်သော အစဉ်ကို။ အဝိနာသေန္တေန၊ မပျက်စေဘဲ။ ကမ္မဝါစာ၊ ကမ္မဝါစာကို။ ကာတဗ္ဗာ၊ ပြုအပ် ရွတ်ဖတ်အပ်၏။ ဝိ၊ဋ္ဌ။၄။ ၂၄၈။ ဝိ၊ သင်္ဂဟ။ ၃၉၈။

(ဂ) တ–ကာရဿ၊ တ–အက္ခရာ၏။ ထ–ကာရံ၊ ထ–အက္ခရာကို။ အကတွာ–(ဋ္ဌ၊ ၂၄၇-၌ ပြအပ်သောသုဏာတု – ကို သုဏာထု ဟု ဖတ်သကဲ့သို့။) မပြုမူ၍။ ဝဂ္ဂန္တရေ၊ တ–ဝဂ်မှ တပါးသော ဋ–ဝဂ်တပါး၌။ သိထိလမေဝ၊ သိထိလအက္ခရာကိုသာလျှင်။ ကတွာ၊ (သုဏာတု – ကို သုဏာဋု-ဟု) ပြု၍။ သုဏာဋု မေ တိအာဒိံ၊ သုဏာဋု မေ အစရှိသော အက္ခရာကို။ ဝဒန္တောပိ ရွတ်ဖတ်သော ဝိနည်းဓိုရ် ရဟန်းသည်လည်း။ ဒုရုတ္တံ၊ ချွတ်ယွင်း ဖောက်ပြန် မမှန်မကန် ရွတ်အပ်သော အက္ခရာကို။ ကရောတိယေဝ၊ ပြုသည်သာလျှင်တည်း။ လ။ သမ္ဗန္ဓံ စ၊ နောက်ပုဒ်နှင့် စပ်၍ ရွတ်ဆိုအပ်သော အက္ခရာသည်၎င်း။ ဝဝတ္ထိတံ စ၊ နောက်ပုဒ်နှင့်မစပ်ဘဲ ဖြတ်၍ရွတ်အပ်သော အက္ခရာသည်၎င်း။ သဗ္ဗထာပိ၊ အလုံးစုံသော အခြင်းအရာအားဖြင့်လည်း။ ဝဋ္ဋတိ၊ အပ်စပ်၏။ ဣတိ၊ ဤသို့။ ဂဟေတဗ္ဗံ၊ ယူအပ်၏။ ဝိမတိ၊ ၂။၃၁၅။ ဝိနယာလင်္ကာရ၊ ဋီ၊ ၂။ ၂၇၉။

(ဃ) နိဂ္ဂဟိတန္တံ၊ နိဂ္ဂဟိတံ ဟူသည်ကား။ ယံ၊ အကြင်အက္ခရာကို။ ကရဏာနိ၊ ကဏ္ဍ စသော ဌာန်ကရိုဏ်းတို့ကို။ နိဂ္ဂဟေတွာ၊ နှိပ်၍။ အဝိဿဇ္ဇေတွာ၊ မလွှတ်မူ၍။ အဝိဝဋေန၊ မဖွင့်သော။ ဝါ–ပိတ်သော။ မုခေန၊ ခံတွင်းဖြင့်။ သာနုနာသိကံ၊ (နှာခေါင်းသို့ အစဉ်လျောက်သော) ာခေါင်းသံရှိသည်ကို။ ကတွာ၊ ပြု၍။ ဝတ္တဗ္ဗံ၊ ရွတ်ဖတ်အပ်၏။ တံ၊ ထို အက္ခရာသည်။ ိဂ္ဂဟိတံ နာမ၊ နိဂ္ဂဟိတ်မည်၏။ ဝိ၊ ဋ္ဌ၊ ၄။ ၂၄၇။ ဝိ၊ သင်္ဂဟ။ ၃၉၇။

(င) ဒွါရံ သံဝရိတွာ ပဋိသလ္လီယိတုန္တိ–ဟူသည်ကား။ ဒွါရံ၊ တံခါးကို။ ပိဒဟိတွာ၊ ပိတ်၍။ နိပဇ္ဇိတုံ၊ အိပ်ခြင်းငှါ။ အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုတော်မူ၏။ ဝိ၊ ဋ္ဌ၊ ၁။ ၂၄၃။

နိဂ္ဂဟေတွာနာတိ၊ နိဂ္ဂဟေတွာန ဟူသည်ကာ။ နိပ္ပီဠေတွာ၊ နှိပ်၍။ မုခံ ပိဒဟိတွာ၊ နှုပ်ခမ်းကိုပိတ်၍။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ ကာရိကာ၊ ဋီကာ။ ၁၀၅–ဂါထာ အဖွင့်။

(စ) ပတိဿယံ၊ ကျောင်း အဆောက်အဦသို့။ ပဝိသိတွာ၊ ဝင်၍။ ဒွါရံ၊ တံခါးကို။ ပိဓာယ၊ ပိတ်၍။ နိပန္နဿ၊ လျောင်းစက်သော သူအား။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဧတေ ပရိဿယာ၊ ထိုဘေးရန်တို့သည်။ န ဟောန္တိ၊ မဖြစ်ကြကုန်။ သံ၊ ဋ္ဌ၊ ၁။ ၇၉။

(ဆ) ဂဗ္ဘော၊ တိုက်ခန်းတို့ကို။ ဝိဝရိတွာ၊ ဖွင့်ပြီး၍။ ကုမာရ၊ အရှင့်သား။ ဧတ္တကာ၊ ဤမျှ အတိုင်းအရှည်ရှိသော ဥစ္စာသည်။ တေ၊ သင်၏။ မာတုသန္တကာ၊ အမိဖက်မှ လာသော ဥစ္စာ တည်း။ ဗုဒ္ဓဝံ၊ ဋ္ဌ။ ဂဂ။ ဇာ၊ ဋ္ဌ၊ ၁။ ၃။ အဘိ၊ ဋ္ဌ၊ ၁။ ၃၃။

(ဇ) ကဗဋ္ဌော၊ ဆွမ်းလုပ်ကို။ အနာဟဋ္ဌော၊ ခံတွင်းဝသို့ မဆောင်အပ်သေးမီ။ မုခဒွါရံ၊ ခံတွင်းဝကို။ န ဝိဝရိဿာမိ၊ မဖွင့်အံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ ကျင့်ခြင်းကို။ ကရဏီယာ၊ ပြုကျင့် ရမည်။ ကခါ၊ ဋ္ဌ။ ၃၂။ ဝိ၊ ၂။ ၂၅၅။

(ဈ) ဝဋ္ဋကတေ ဝိဝဋ္ဌေ။ (ဟာလာဟင်း) ပွင့်နေသော။ မုခေ၊ ခံတွင်း၌။ အင်္ဂဇာတံ၊ အင်္ဂါဇာတ်ကို။ ပဝေသေန္တော၊ သွင်းသော ရဟန်းသည်။(ဝဋ္ဋကတ ဝိဝဋ္ဌ။ သာရတ္ထ၊ ၂။ ၁၀၆။) ဝိ၊ ဋ္ဌ၊ ၁။ ၂၄၂။

(ည) ဒန္တာ၊ အထက်သွား, အောက်သွားတို့သည်။ သုဖုသိတာ၊ ကောင်းစွာ ထိစပ်နေကုန် သည်။ ဝါ၊ ပိတ်နေကုန်သည်။ ယဒိ ဟောန္တိ၊ အကယ်၍ ဖြစ်ကုန်ငြားအံ့။ အန္တောမုခေ၊ နှုတ်ခမ်း အတွင်း၌။ ပဝေသေတုံ၊ အင်္ဂါဇာတ်ကို သွင်းခြင်းငှါ။ ဩကာသော၊ အရပ်သည်။ နတ္ထိ၊ မရှိ။ စ၊ အဖွိုတပါး။ ဒန္တာ၊ သွားတို့ကို။ ဗဟိ၊ အပြင်ပ၌။ ဌိတေန၊ တည်ရှိသော။ ဩဋ္ဌမံသေန၊ နှုတ်ခမ်းအသားဖြင့်။ ပဋိစ္ဆန္နာ၊ ဖုံးလွှမ်းအပ်ကုန်ငြားအံ့။ တတ္ထ၊ ထိုနှုတ်ခမ်းသားတို့၌။ ဝါတေန၊ အပြင်လေဖြင့်။ အသမ္ဖုဋ္ဌံ၊ မတွေ့ထိအပ်သော။ အလ္လောကာသံ၊ စိုစွတ်သော အရပ်သို့။ တိလ မတ္တမ္ပိ၊ နှမ်းစေ့လောက်မျှလည်း။ ပဝေသေန္တဿ၊ အင်္ဂါဇာတ်ကို သွင်းသော ရဟန်းအား။ ပါရာ- ဇိက မေဝ၊ ပါရာဇိက အာပတ်သင့်သည်သာတည်း။ ဝိ၊ ဋ္ဌ၊ ၁။ ၂၄၄။

(ဋ) ဝါ၊ တနည်းကား။ ဝိဝရံ ဝိဝရိတဗ္ဗံ၊ ပိတ်အပ်သော။ မုခ မေဝ၊ နှုတ်ခမ်းတော်သည် ပင်လျှင်။ မုခဝိဝရံ၊ မုခဝိဝရ မည်၏။ ဩဋ္ဌဒွယန္တော၊ နှုတ်ခမ်းတော် အစုံအဖျား အရပ်ကို။ လဗ္ဘတိ၊ ရအပ်၏။ (မူလဋီ၊ ၁ဂ။ မဝုဋီ။ ၅၇)။

(ဌ) ပစ္ဆိမံ ပစ္ဆိမံ၊ နောက်နောက်ပုဒ်သည်။ ပုရိမဿ ပုရိမဿ၊ ရှေးရှေးပုဒ်၏။ အတ္ထဝဏ္ဏနံ၊ အနက်ကို ဖွင့်ဆိုသောပုဒ်တည်း။ မူလဋီ၊ ၁။ ၂ဂ။

## ဖ-တာဝကာလိက ဝိမတိစ္ဆေဒနီ

၁၃၁၂-ခု နယုန်လပြည့်ကျော် ၁၅-ရက် ဗုဒ္ဓဟူးနေ့ တောင်ကြီးမြို့ ကံဦး ကျောင်းတိုက် ရှင် မေဓိယ ထံမှ လျှောက်လွှာ။

အကြောင်းအရာ

၁။ ပုဂ္ဂလိကပိုင်ကျောင်း အပ်နှံလှူဒါန်းရေးကိစ္စ။
ဘုရားတပည့်တော် မေဓိယ ရိုသေလေးမြတ်စွာ လျှောက်ထားဝံ့ပါသည်ဘုရား။ သံသယ ကင်းရှင်းလောက်သည့် တပည့်တော်ပိုင် ပုဂ္ဂလိကကျောင်း ဂရုဘဏ်, လဟုဘဏ် အရာမ် မြေ အလုံးစုံတို့ကို ပူးတွဲပါ အပ်စာ(ကမ္ပည်းလွှာ)အတိုင်း စေတနာထား၍ အပ်နှံလှူဒါန်းခဲ့ပါသည် ဘုရား။

၂။ ဤကဲ့သို့ အပ်နှံလှူဒါန်းချက်တွင် ပိုဒ်မ(၂) ပိုဒ်သေး(ဂ)ငယ်အရ တာဝကာလိက အပ်နှံချက်အရ မြေ, မြေရှင်ပစ္စည်းတို့အတွက် အပ် မအပ်၊ မြောက် မမြောက် အဆုံးအဖြတ်တော်။

၃။ အထူးမှာ အပ်စာပါ လက်ခံသူ ရှင် နရသာမိမှာ ပျံလွန်သွားပြီးဖြစ်၍ ယခု နောက်ပုဂ္ဂိုလ်တပါးအား အပ်နှံရာတွင် ၎င်းအပိုဒ်(၂)(ဂ)ငယ် ပိုဒ်နှင့်သာ တပည့်တော် သက်ဆိုင်တော့သည်ဟု ယူဆသည့်အတိုင်း—

(က) မည်ကဲ့သို့ အပ်နှံသင့်သည်နှင့်-

(ခ) ၎င်း အပ်လွှာအားလုံး၏ အပြစ်တို့ကို တပည့်သား အဆက်ဆက် လက်ဆုပ်လက်ကိုင် မှတ်သား ဆည်းပူးနိုင်ရန်အတွက် အဆုံးအဖြတ် ဝိနိစ္ဆယ ချမှတ် ပေးသနားတော် မူပါမည့်အကြောင်း တပည့်တော် မေဓိယ ရိုသေ လေးမြတ်စွာ လျှောက်ထားဝံ့ပါကြောင်း ဘုရား။

သက်တော် ရာကျော် ရှည်စွာ ကျန်းခန့်သာယာတော်မူပါစေသတည်း။

ဝိနယ ဂရုကဖြင့်—

တပည့်တော် မေဓိယ

ပူးတွဲ တင်ပြအပ်သော ကျောင်းအပ်မင်္ဂလာ ကမ္ပည်းလွှာ—
သာသနာတော်သက္ကရာဇ် ၂၄၉၃-ခုနှစ်။

ဧယတု။ ။

၁။ မုနိ မုနိ၊ တုမရှိသည့် ထုတိသာသနာ ဓွန့်ရှည်စွာသား သန်ျာငါးထောင် ကြွင်းနှောင်းနှောင်၏ နှစ်ထောင့်ငါးရာ အသာ ခုနစ်နှစ်အတွင်း ပွင့်လင်းစိမ့်ငှါ သာလျှင်၊ မြန်မာ

ပြည်ထောင်စု၊ ပုရတ္ထိမ ပဗ္ဗတ အရှေ့ရိုးမတောင် တံတိုင်း မိုင်းသောက်မြို့ အတွင်းရှိ မိမိ ပုဂ္ဂလိကပိုင် (ငွေတောင်) ကျောင်းအရာမ်နှင့် ဂရုဘဏ် လဟုဘဏ် ပစ္စည်း အရပ်ရပ်တို့ကို သတ်မှတ် တည်ရှိရင်း၌သာနည်း သာသနာ့ ရိပ်သာ တည်တံ့စေလိုမှုကို အဓိက ပြုလျက် လူ့ဝေါဟာရ သက္ကရာဇ် (၁၃၁၁) ခု နှောင်းတံကူးလပြည့်ကျော် ၉-ရက် (၁၀-၄-၅၀) တနင်္လာနေ့ နေတက် မွန်းတိတိ အချိန်တွင် ဂုဏ်သိန် ထွန်းတောက် ဒါနမြောက်ပြီးလျှင် အောက်ပါအတိုင်း လှူဒါန်းလျက် ရေစက်သွန်းချ အမျှ ပေးဝေပါကြောင်း။

၂။– (က) ငွေတောင်ကျောင်းတိုက် အရာမ်အတွင်း ယခုလက်ရှိ ဇရပ် ၃-ဆောင်ကို ယခုလက်ရှိ စောင့်ရှောက်မည့် ဦးပဥ္စင်းအို (ရှင်နရသာမိ) ပုဂ္ဂိုလ်အား မိမိ (ရှင်မေဓိယ) က ပုဂ္ဂလိက အဖြစ်ဖြင့် လှူဒါန်းပါသည်။

(ခ) ငွေတောင်ကျောင်းတိုက်မြေ မြေရှင်ပစ္စည်းနှင့် အထက်ပါ (က) အပိုဒ်အရ ဇရပ် ၃-ဆောင်တို့မှ တပါး အားလုံးသော ကျောင်းအဆောက်အဦ ဂရုဘဏ် လဟုဘဏ် ပစ္စည်းအရပ်ရပ်တို့ကို မိုင်းသောက်ဂိုဏ်းလုံးဆိုင်ရာ သံဃာအား ဂဏိကဒါန အဖြစ်ဖြင့် လှူဒါန်းပူဇော်ပါကြောင်း။

(ဂ) အဆိုပါ (က) နှင့် (ခ) တို့မှ ကျန်ရှိနေသမျှ အာရာမိကကျောင်း အရာမ်မြေ သစ်ပင် မြေရှင်ပစ္စည်း အားလုံးတို့ကို ယခုလက်ရှိ (ရှင်နရသာမိ) အား တာဝကာလိက အဖြစ်ဖြင့် လှူဒါန်းအပ်ပါသည်။

၃။ ဤအထက်ပါအတိုင်း သဘောတူညီ ကျေနပ်စွာ ရှိကြကြောင်းကို လှူဒါန်းသူ-အလှူခံသူနှင့် အသိသက်သေ ပုဂ္ဂိုလ်များ ကိုယ်တိုင်အောက်တွင် လက်မှတ်ရေးထိုး၍ သာဓု အနုမောဒနာ ပြုပါကြောင်း။

| | |
|---|---|
| ၁။ ပုံ–ဦးဒေဝိန္ဒ | ၂။ ပုံ–ဦးနရသာမိ |
| ဂဏိကအလှူခံသည့် (နာယက) | ပုဂ္ဂလိကနှင့် တာဝကာလိက |
| ပုဂ္ဂိုလ်လက်မှတ်။ | အလှူခံပုဂ္ဂိုလ်လက်မှတ်။ |

မျက်မှောက် အသိသက်သေ ပုဂ္ဂိုလ်များ—

ပုံ–ဦးနန္ဒဇ။ ဦးပညာသာမိ။ ဦးဝါယမ။ ဦးပဏ္ဍိတ။ ဦးဃောသိတ။ ဦးသုမန။ ဦးတေဇဝန္တ။

ဆရာဦးစံဖေ။ မောင်အောင်ဘ။ ဇရပ်တကာပြော့။ ဘုရားလှ တင်အောင်။ စံတင်။

အလှူဒါန သုံးမျိုးဖြင့် အပ်နှံလှူဒါန်းသည့် တောင်ကြီးမြို့ ကံဦးကျောင်းတိုက် ဆရာတော် လက်မှတ်။ (၁၃၁၁) ခု၊ နှောင်းတံကူး လပြည့်ကျော် ၉-ရက်၊ တနင်္လာနေ့။

ဤအမေးကို အကျဉ်းမျှဖြေကြားရန် သာသနဇောတိကာရုံ အုတ်ကျောင်းဆရာတော် အမိန့်ချမှတ်တော်မူချက်အရ ၁၃၁၂-ခု၊ နယုန်လပြည့်ကျော် ၁၅-ရက်၊ ဗုဒ္ဓဟူးနေ့ တောင်ကြီးမြို့ ကံဦးကျောင်းတိုက် ရှင်မေဓိယ မေးလျှောက်အပ်သော ပုစ္ဆာတို့ကို သာသနာတော်၏ စည်ပင်သာယာပြန့်ပွားထွန်းကားခြင်းကို တောင့်တ၍ အတိုရုံးကာ ကောက်ချက်ချပြီးလျှင် ပါဠိအဋ္ဌကထာဋီကာလာတိုင်း ညှိနှိုင်းထောက်ဆ ယထာဓမ္မ ယထာဝိနယကို ပြလျက် အမရပူရဆရာတော်ဘုရား ဖြေကြားဆုံး ဖြတ်ပေအံ့။ ။

အမေးကောက်နှုတ်ချက်—

(၁) ပိုဒ်မ ၂-ပိုဒ်သေး (ဂ) ငယ်ပိုဒ်အရ တာဝကာလိက ပေးကမ်းအပ်နှံခြင်းသည် အပ် မအပ်—မြောက် မမြောက်။

(၂) ပိုဒ်မ ၂-ပိုဒ်သေး (ဂ) ငယ်ပိုဒ်အရ ပစ္စည်းတို့ကို ယခု နောက်ပုဂ္ဂိုလ်တပါးအား မည်သို့ အပ်နှံသင့်သည်။

(၃) တင်ပြအပ်သော မေးခွန်းလွှာ အားလုံးတို့၏ အကျိုးအပြစ် စိစစ်ပေးရန်-ဟု ပုစ္ဆာ ၃-ရပ်ဖြစ်သည်။

## (၁) နံပါတ် အမေး၏ အဖြေ အဆုံးအဖြတ်

တာဝကာလိက ပေးကမ်းအပ်နှံခြင်းသည် ပုဂ္ဂလိကပစ္စည်းကို ပေးကမ်းအပ်နှံခြင်း, သံဃိကပစ္စည်းကို ပေးကမ်းအပ်နှံခြင်းအားဖြင့် ပေးကမ်းအပ်နှံသော ဝတ္ထု၏ အစွမ်းအားဖြင့် နှစ်ပါးအပြား ရှိ၏။

ထိုတွင် ပုဂ္ဂလိကပစ္စည်းကို ပစ္စည်းရှင်ဖြစ်သော ပုဂ္ဂိုလ်သည် တစုံတယောက်သောသူအား ဒိဝသ မာသ သံဝစ္ဆရ စသော ကာလတို့ဖြင့် ဝိသေသ ပိုင်းခြား၍ ဖြစ်စေ, အခိုက်အတန့် ခဏတာမျှ ဟု ကာလ ဝိသေသ မပိုင်းခြားမူ၍ ဖြစ်စေ, ပေးကမ်းအပ်နှံခြင်းသည် ပုဂ္ဂလိက တာဝကာလိက ပေးကမ်းအပ်နှံခြင်း မည်၏။ ထိုသို့ ပေးကမ်းအပ်နှံခြင်းသည် တစုံတခုသော ဝိနည်းနှင့်မျှ ဆန့်ကျင်ခြင်း မရှိ၊ ဘုရားရှင် ခွင့်ပြုတော် မူအပ်သော ပေးကမ်း အပ်နှံခြင်းမျိုး ဖြစ်၍ ဘုရားရှင်၏ အလိုတော်ကျ ရဟန်းတို့အား ပေးကမ်းအပ်နှံခြင်းမျိုးဖြစ်သည်။

သံဃိကပစ္စည်းကို ဆိုအပ်ပြီးသော နည်းအားဖြင့် ပေးကမ်းအပ်နှံခြင်းသည် သံဃိက တာဝ-ကာလိက ပေးကမ်းအပ်နှံခြင်း မည်၏။ ထိုသို့သော ပေးကမ်းအပ်နှံခြင်းသည်ကား တစုံတခုသော ဝိနည်းဥဒ္ဒမျှ မသက်မဝင် ဘုရားရှင် အလိုတော်ကျနှင့် ဖီလာဆန့်ကျင်သော ပေးကမ်းအပ်နှံခြင်းမျိုးဖြစ်၍ ရဟန်းတို့အား မအပ်သော ပေးကမ်းအပ်နှံခြင်းမျိုး ဖြစ်သည်။

ထိုကြောင့် စုဋ္ဌဝါ ဘိက္ခုနိက္ခန္ဓက-၌။

အနုဇာနာမိ ဘိက္ခဝေ ဘိက္ခုနီနံ သေနာသနံ ဒါတုံ တာဝကာလိကံ (ဝိ၊၄။၄၆၂)ဟု ဟောတော်မူသည်။ ၎င်းသိက္ခာပုဒ် အဖွင့် ဝဇိရဗုဒ္ဓိဋီကာ (ဝဇိရ။၅၃၇)၌လည်း – အနုဇာနာမိ။ပ။တာဝကာလိကန္တိ ပုဂ္ဂလိကံ သန္ဓာယ ဝုတ္တံ၊ န သံဃိကန္တိ အာစရိယော–ဟု ဖွင့်ပြတော်မူသည်။

(အမှာစကား) ဂဏိက တာဝကာလိကကား အထူး မလာ။ ထိုသို့ မလာသော်လည်း အလုံးစုံသော ပိုင်ရှင်ရဟန်းတို့က ပေးကမ်းအပ်နှံလျှင် ပုဂ္ဂလိက တာဝကာလိကကဲ့သို့ ဖြစ်သည်။ တစိတ်တဝက်ကိုသာ ပေးကမ်းအပ်နှံလျှင် တာဝကာလိကမမြောက်ဟူ၍ သိမှတ်လေ။

အချို့ဆရာကြီးတို့ကား–မမ သန္တကေ။ပ။ ဧဝံ ပန ဒါတုံ န ဝဋ္ဋတီတိ ဝတ္ထုံ ပရိစ္စာဂလက္ခဏတ္တာ ဒါနဿ ဧဝံ ဒဒတော အပရိစ္စတ္တာ ဒိန္နတ္တာ ဒါနံ န ဟောတီတိ န ဝဋ္ဋတိ။ တထာဝေ ဒုက္ကဋံ ဟောတိ။(ပ။၁၅၈)ဟူသော ဝိနယာလင်္ကာရဋီကာဆရာ၏ စကားကို ထောက်ထား၍ တာဝကာလိက ပေးကမ်းအပ်နှံခြင်းသည်လည်း ဤ အဓိဋ္ဌာန သိက္ခာပုဒ်လာ ပါဠိမုတ္တက ပေးခြင်းကဲ့သို့ ဝတ္ထုကို အာလယပြတ် မစွန့်လွှတ်မူ၍ ပေးခြင်းမျိုးဖြစ်သောကြောင့် ရဟန်းတို့အား မအပ်၊ မပေးကောင်း၊ ဒုက္ကဋ်အာပတ်သင့်၏–ဟု ယူဆဆုံးဖြတ်တော်မူကြကုန်၏။

ထိုဝိနယာလင်္ကာရဋီကာဆရာ၏ အကြောင်းပြစကားကိုထောက်ထား၍ မိန့်ဆိုအပ်သော အယူအဆ အဆုံးအဖြတ်စကားကို ဤသို့ စိစစ်အပ်၏။ ဝတ္ထုကို အာလယပြတ်မစွန့်လွှတ်မူ၍ ပေးခြင်းကြောင့် ဒါနမမြောက်ရုံမျှကြောင့် ရဟန်းတို့အား မအပ် ဒုက္ကဋ်အာပတ်သင့်၏ဟု ဤနေရာ ဋ္ဌ ဋီကာမှတပါး မည်သည့် ပါဠိအဋ္ဌကထာဋီကာတို့၌မျှ မဟောမမိန့်အပ်သည်၏အဖြစ်ကြောင့်၎င်း။ မိမိပိုင်ကျောင်းကို အာလယပြတ် မစွန့်မလွှတ်မူ၍ အခိုက်အတန့် ပေးအပ်ဘို့ရန် ဘုရားရှင် ကိုယ်တော်တိုင် ခန္ဓက၌ ခွင့်ပြုတော် မူအပ်သည်၏ အဖြစ်ကြောင့်၎င်း ဝိနယာလင်္ကာရ ဋီကာ၏ အကြောင်းပြစကားသည် အတိဒုဗ္ဗလဖြစ်ကာမျှသာမဟုတ်။ ရှေး၌ ထုတ်ပြအပ်ပြီးသော ဘိက္ခုနိက္ခန္ဓကလာ အနုညာတသိက္ခာပုဒ်၌ မသက်မဝင်သော စကားသာ ဖြစ်လေသည်။

ထိုကြောင့် ထိုပါဠိ၌ မသက်မဝင် ဖီလာဆန့်ကျင်သော အကြောင်းပြစကားကို ကိုးကားထောက်ထား၍ ယူဆဆုံးဖြတ်အပ်သော ဆရာကြီးတို့၏ အယူအဆ အဆုံးအဖြတ်စကားကို မမှတ်ယူအပ်၊ ရှေး၌ အသင့်ထုတ်ပြအပ်ပြီးအော ပါဠိသာဓက သံဝဏ္ဏနာ ဋီကာ ဥ.ဒါပကတို့ကိုထောက်ထား၍ ယခု ရှင်မေဓိယ၏ မိမိပိုင်ဆိုင်သော အာရာမကျောင်းအရာမ်မြေ သစ်ပင်၊ ပေပင် မြေရှင်ပစ္စည်းအားလုံးတို့ကို ရှင်နရသာမိအား တာဝကာလိက ပေးကမ်းအပ်နှံခြင်းကို ရဟန်းတို့အား အပ်သလော မအပ်သလော အာပတ်သင့်သလော အာပတ်မသင့်သလော–ဟု တွေးတောဆဝါး ယုံမှားသံသယ ကုက္ကုစ္စ မရှိသင့်၊ ရဟန်းတို့အား အပ်သော ပေးကမ်းအပ်နှံခြင်း ဟူ၍သာ သန္နိဋ္ဌာန်ကျ သိမြင်မှတ်ယူရမည်။

ဤကား အပ် မအပ် အဆုံးအဖြတ်တည်း

မြောက် မမြောက်ဟူရာ၌ ဒါန (ပရိစ္စာဂ) မြောက် မမြောက်, တာဝကာလိက ခံသူ၏သန္တက ဖြစ် မဖြစ်ဟု မေးလိုရင်းဖြစ်သောကြောင့် အောက်ပါ အဆုံးအဖြတ်ကို သိမှတ်အပ်သည်။

ဒါန စေတနာသည် စွန့်လွှတ်အပ်သော ဝတ္ထုကို အာရုံပြု၍ စွန့်လွှတ်ခြင်းမျှသာ ဖြစ်သည်။ ဥစ္စာရှင်မှ တပါးသော ခံယူသူ၏ ဥစ္စာ၏ အဖြစ်ကို ပြုခြင်းသည်သာလျှင် ထိုစွန့်လွှတ်အပ်သော ဝတ္ထုကို စွန့်လွှတ်ခြင်းတည်း။ တာဝကာလိက ပေးကမ်းအပ်နှံခြင်း၏ ထိုသို့သဘောရှိရသော ဒါန (ပရိစ္စာဂ)လက္ခဏာမရှိသည်၏ အဖြစ်ကြောင့်“အရှင်နေသမျှ ဤကျောင်းကို လှူဒါန်းပါ၏” အစရှိသော ထိုမျှလောက် ပေးကမ်းအပ်နှံသောစကားမျှဖြင့် မူလပစ္စည်းရှင်၏ သန္တကမှ လွတ်၍ ခံယူသူ၏ ကျောင်း အစရှိသော ရေတွက်ခြင်းသို့ မရောက်သည်၏အဖြစ်ကြောင့် ကာလဝိသေသ ပိုင်းခြား၍ ဖြစ်စေ၊ ကာလ ဝိသေသ မပိုင်းခြားမူ၍ ဖြစ်စေ၊ ပေးကမ်း လှူဒါန်း အပ်နှံအပ်သော တာဝကာလိက ဒါနဟူသမျှသည် ဒါန မမြောက်ဟူ၍ သန္နိဋ္ဌာန်ကျ သိမြင်မှတ်ယူရမည်။

ထိုကြောင့် တတိယပါရာဇိကအဖွင့် သာရတ္ထဋီကာ (သာရတ္ထ၊ ၂။ ၂၆၀)၌–

တထာ ဟိ ဒါနစေတနာ စဇိတဗ္ဗံ ဝတ္ထုံ အာရမ္မဏံ ကတွာ စဇနမတ္တမေဝ ဟောတိ။ အညသန္တကကရဏံ တဿ စဇနံ-ဟူ၍ရင်း

သေခိယအဖွင့် ဝိမတိ ဝိနောဒနီဋီကာ(ဝိမတိ၊ ၂။၆၁)၌-ကေစိ ပန “ဧကေကသ္မိံ ပဋ္ဋမံ ဂန္တွာ ဝါသပရိဂ္ဂဟော ကတော တတော အညေဟိ ယထာသုခံ ဂန္တုံ ဝဋ္ဋတီ”တိ ဝဒန္တိ။ အပရေ ပန “ဂေဟဿာမိကေဟိ ‘ယာဝ တုမှေ နိဝသိဿထ၊ တာဝ တုမှာကံ ဣမံ ဂေဟံ ဒေမိ’ တိ ဒိန္နေ အညေဟိ အဝါသာဓိပ္ပါယေဟိ အန္တရာရာမေ ဝိယ ယထာသုခံ ဂန္တုံ နိသီဒိတုဉ္စ ဝဋ္ဋတီ”တိ ဝဒန္တိ။ တံ သဗ္ဗံ န ဂဟေတဗ္ဗံ တထာဝစနာဘာဝါ, ဒါန လက္ခဏာဘာဝါ, တာဝတ္တကေန ဝိဟာရသင်္ဃိကနုပဂမနတော စ–ဟူ၍ရင်း

သကလဇမ္ဗုဒီပရဇ္ဇေန ပူဇေမိ-ဟူသော ဗာဟိရနိဒါန်း အဋ္ဌကထာ၏ အဖွင့်ဖြစ်သော ဝိမတိဝိနောဒနီဋီကာ (ဝိမတိ၊ ၁။ ၃၅)၌ သကလဇမ္ဗုဒီပရဇ္ဇေနာတိ ဧတ္ထ ရညော ဣဒန္တိ ရဇ္ဇံ၊ သကလဇမ္ဗုဒီပေ ဥပ္ပဇ္ဇနကအာယော စေဝ အာဏာဒယော စ၊ တေန ပူဇေမီတိ အတ္ထော။ န သကလပထဝီပါသာဒါဒိဝတ္ထုနော တဿ“သတ္တာဟံ ဒေမိ”တိအာဒိနာ ကာလ-ပရိစ္ဆေဒံ ကတွာ ဒါတုံ အယုတ္တတ္တာ။ ဝေဠုံ ဒေန္တော တာဝကာလိကံ ဒေတိ နာမ ဝတ္ထု-ပရိစ္စာဂလက္ခဏတ္တာ ဒါနဿ, ပထဝါဒိဝတ္ထုပရိစ္စာဂေန စ ပုန ဂဟဏဿ အယုတ္တတ္တာ။ နိယမိတကာလေ ပန။ပ။အာယာဒိဒါနဝသေနေဝ ရဇ္ဇဒါနံ ဝေဒိတဗ္ဗံ-ဟူ၍ရင်း၊

အစ္ဆိန္နနသိက္ခာပုဒ်အဖွင့် ဝဇိရဗုဒ္ဓိဋီကာ၌-ဧတ္တာဝတာ တာဝကာလိကံ ကတွာ ဒိန္နံ အစ္ဆိန္ဒန္တဿ အနာပတ္တိ သာမိကာ ဟောတိ (ဝဇိရ။ ၂၇၆)ဟူ၍ရင်း ဖွင့်ဆိုမိန့်ဟတော်မူကြကုန်ပြီ။

ဤကား မြောက် မမြောက် အဆုံးအဖြတ်တည်း။

(၁) နံပါတ်အမေး၏ အဖြေ အဆုံးအဖြတ် ပြီး၏။

## (၂) နံပါတ်အမေး၏ အဖြေအဆုံးအဖြတ်

ပြဆိုအပ်ပြီးသော တာဝကာလိကဒါနနှင့် အနပေက္ခမူလစ္ဆေဇ္ဇဒါနနှစ်မျိုးလုံးပင် ရဟန်းတော်တို့ ပေးလှူအပ်နိုင်ကောင်းသည်ချည်းဖြစ်သောကြောင့် ငါ့ရှင် မေဓိယ နှစ်သက်သဘောကျရာ ဒါနကို ဆန္ဒအလျောက် ရွေးကောက်ပေးကမ်း လှူဒါန်းသင့်တော့သည်သာဟု မှတ်လေ။

တာဝကာလိက ပေးကမ်းလှူဒါန်းပုံ အမြွက်—

ပုဂ္ဂိုလ်ဖြစ်အံ့ "ယာဝ တွံ နိဝသိဿသိ တာဝ တုယှံ ဣမံ ရဇတာစလ အာရာမဥ္စ တတြုပ္ပါဒ-ရုက္ခာဒီနိ စ ဒေမိ"စသည်။

ဂိုဏ်း ဖြစ်အံ့"ယာဝ တုမှေ နိဝသိဿထ၊တာဝ တုမှာကံ ဣမံ။လ။ ရုက္ခာဒီနိ စ ဒေမိ"စသည်။

သံဃာအား တာဝကာလိက လှူခြင်းမျိုးသည် ကျမ်းဂန်တို့၌ တိုက်ရိုက်မထင်မိ၊ ထိုသို့ ဖြစ်သော်လည်း ပုဂ္ဂိုလ် ဂိုဏ်းအား တာဝကာလိက ပေးကမ်းကောင်းလျှင် သံဃာအားလည်း မတားမြစ်အပ်ပေ။

မူလစ္ဆေဇ္ဇ လှူပုံ—

ပုဂ္ဂိုလ်ဖြစ်အံ့-ဣမံ။လ။ ရုက္ခာဒီနိ စ တုယှံ (အာယသ္မတော) ဒေမိ၊

ဂိုဏ်း ဖြစ်အံ့-ဣမံ။လ။ ရုက္ခာဒီနိ စ တုမှာကံ (အာယသ္မန္တာနံ) ဒေမိ၊ ဂိုဏ်း ဝိသေသအား ထုတ်ဖော်လိုလျှင်—

ဣမံ။လ။ရုက္ခာဒီနိ စ မိုင်းသောက် နိကာယဝါသီနံ အာယသ္မန္တာနံ ဒေမိ- စသည် ဆို၍ လှူလေ။

သံဃာဖြစ်အံ့-

ဣမံ။ပ။ရုက္ခာဒီနိ စ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ဒေမိ-ဟု ဆို၍ လှူလေ။

(၂) နံပါတ်အမေး၏ အဖြေ အဆုံးအဖြတ် ပြီး၏။

---

## (၃)နံပါတ်အမေး၏ အဖြေအဆုံးအဖြတ်

တင်ပြအပ်သောစာလွှာပါ လှူနည်း သုံးမျိုးတို့တွင် (က) နှင့် (ခ) လှူနည်းနှစ်မျိုးတို့သည် ဝိနည်းကံနှင့် သင့်လျော်လျောက်ပတ်သောကြောင့် အစဉ်အတိုင်း ပစ္စည်းရှင်ရည်ရွယ်ရင်းအတိုင်း ပုဂ္ဂလိက သက်ကျ ပြီးမြောက်ခြင်း၊ မိမိသန္တကအဖြစ်မှ မလျောမကျ အလိုရှိသောအခါ ယူငင် သုံးစွဲနိုင်ခြင်း အကျိုးရိုကုန်၏။မည်သည့်သိက္ခာပုဒ်နှင့်မျှ မဆန့်ကျင်သောကြောင့် တစုံတရာ အပြစ် မရှိကုန်။ သံသယကင်းလောက်သော လှူနည်းမျိုးတို့ဟူ၍ မှတ်ယူရာသည်။

(ခ)အမှတ်ပြ လှူနည်းမျိုးကား – မိုင်းသောက်ဂိုဏ်းလုံးဆိုင်ရာ သံဃာအား ဟူသောစကား၌ သံဃာကို သုံးသပ်ထားချက်အရ လာဘ်တို့သဘောအတိုင်း ဂရုဘဏ်သည် အာဂတာနာဂတစာတုဒ္ဒိသာ သံဃိက သက်၍ လဟုဘဏ်သည် သမ္မုတ္တာသမ္မုတ္တအာဂတာဂတသံဃိက သက်လေသလော။အလှူရှင်၏ ဒါနစိတ္တုပ္ပါဒ်ကို ပြတတ်သော ဂဏိကဒါန၏ အဖြစ်ဖြင့် ဟူသော ဝိသေသန စကားအရ စိတ်၏ အစွမ်းအားဖြင့် အလှူရှင်ရည်ရွယ်ရင်းအတိုင်း ဂဏိကပင် သက်လေသလော ဟု သဘောမရှင်း ဉာဏ်မလင်းနိုင် အပြစ်ရှိသည်။ ဤသို့သော ဂဏိက လှူဒါန်းနည်းမျိုးသည် ဝိနည်း ပါဠိအဋ္ဌကထာ ရှေးဟောင်းဋီကာကြီးတို့၌ တိုက်ရိုက်မလာမရှိ၊ နောက်နှောင်းဋီကာ ဝိနယာလင်္ကာရ၌သာ အလှူဝတ် မသေချာ နှုတ်တဖြာ စိတ်တခြား၊ ညှတ်ထားသုံးသပ် လှူဒါန်းအပ်သော လာဘ်တို့၏ သန္တက အဆုံးအဖြတ်ကို ပြရာဝယ် အလားတူ အလှူမျိုး လာသည်။ ထိုကြောင့် အောက်ပါအတိုင်း မှတ်ယူအပ်သည်။

(ခ)အမှတ်လှူဒါန်းပုံ ဝစီဘေဒစကား၌ ဂဏိကဒါန၏ အဖြစ်ဖြင့်-ဟူသော ဝိသေသနစကားဖြင့် မိုင်းသောက်ဂိုဏ်းဝင်အရှင်တို့အား (ရဟန်းအပေါင်းအား) ရှင်မေဓိယ၏ ဒါနစေတနာ ပြဓာန်းသော စိတ္တုပ္ပါဒ် ညွတ်သည်၏ အဖြစ်ကို ပြသည်။သံဃာအား ညွတ်သည်၏ အဖြစ်ကို မပြ။ ထိုကြောင့် မိုင်းသောက်ဂိုဏ်းလုံးဆိုင်ရာ သံဃာအား – ဟူသော သမ္မုဒါန်စကားဖြင့် သံဃာအား သုံးသပ်မိသော်လည်း—

ကေန်စင်စစ် စိတ်ဖြင့် ညွတ်၍ သုံးသပ်သည် မဟုတ်၊ ရဟန်းဖြစ်သော ပုဂ္ဂိုလ်ဂိုဏ်းတို့၌ သံဃာ ဟူ၍ ယခုအခါ အမှတ်မထင် သုံးစွဲနေသော လောကဝေါဟာရ၏ အစွမ်းအားဖြင့်သာလျှင် သုံးသပ်ခြင်းဖြစ်သည်။ ထိုကြောင့် စိတ်၏အစွမ်းအားဖြင့် ဂဏိက ဖြစ်သည်။ ဝစီဘေဒ၏ အစွမ်းအားဖြင့် သံဃိက မဖြစ်၊ ဂဏိကဟုဆိုအပ်သော်သာ ဓမ္မိကဒါန အရာ၌ ဂဏိကကို ပုဂ္ဂလိက၌ သင်္ဂြိုဟ်ရကား "ပုဂ္ဂလဿ ဒိန္နံ ပုဂ္ဂလဿေဝ ဒေတိ" (ဝိ၊၃၊၄၊၁၀၂)ဟု မိန့်တော်မူအပ်သော တတိယ ဓမ္မိကဒါနဖြစ်၏။ ထိုသန္တကကို ခံယူခြင်း၊ သုံးဆောင်ခြင်းတို့သည်လည်း ဓမ္မိကပဋိဂ္ဂဟ, ဓမ္မိက ပရိဘောဂတို့ ဖြစ်ကုန်၏။ထိုကြောင့် ဂဏိကပက္ခ(ဂိုဏ်း၏ ဥစ္စာပက်)သို့ သက်ဝင်သည်ဟု ယုံကြည် လေးမြတ် မှတ်ယူအပ်သည်။

ထိုကြောင့် ဝိနယာလင်္ကာရဋီကာ (၁၊၇၃)၌–

> တေရဟိ ပန။ပ။အပ္ပေကစ္စေ ကရဏကာလေပိ ဒါနကာလေပိ အတ္တနော ကုလူပကဘိက္ခုမေဝ အာရဗ္ဘ ပရိစ္စဇန္တိ။ တထာပိ ဒက္ခိဏောဒကပါတနကာလေ တေန သိက္ခာပိတာ ယထာ ဝုတ္တပါဠိံ ဝစီဘေဒံ ကရောန္တိ။ စိတ္တေန ပန ကုလူပကဿေဝ ဒေန္တိ၊ န သဗ္ဗသံဃဿာဓာရဏတ္ထံ ဣစ္ဆန္တိ။ပ။တတိယံ ပန ပုဗ္ဗကာလေပိ ဒါနကာလေပိ ကုလူပကပုဂ္ဂလမေဝ ဥဒ္ဒိဿ ပဝတ္တတိ, န သံဃံ၊ ကေဝလံ ဘိက္ခူနာ ဝုတ္တာနုသာရေနေဝ ဝစီဘေဒံ ကရောန္တိ။ ဧဝံ သန္တေ "ကိံ" အယံ ဝိဟာရော စိတ္တဝသေန ပုဂ္ဂလိကော ဟောတိ။ ဝစီဘေဒဝသေန သံဃိကော"တိ စိန္တာယံ ။ပ။ တတြာယံ ဝိစာရဏာ–ဣဒံ ဒါနံ ပုဗ္ဗေ ပုဂ္ဂလဿ ပရိဏတံ ပစ္ဆာ သံဃဿ ပရိဏာမိတံ၊ တသ္မာ "သံဃိကော" တိ ဝုတ္တေ နဝသု

> အဓမ္မိကဒါနေသု "ပုဂ္ဂလဿ ပရိဏတံ သံဃဿ ပရိဏာမေတိ"တိ။ (ဝိ၊ဋ္ဌ၊၄။၁၇၂) ဝုတ္တံ အဋ္ဌမံ အဓမ္မိကဒါနံ ဟောတိ။ တဿ ဒါနဿ ပဋိဂ္ဂဟာပိ ပရိဘောဂါပိ အဓမ္မိကပဋိဂ္ဂဟာ အဓမ္မိကပရိဘောဂါ ဟောန္တိ။ ပုဂ္ဂလိကေ ဝါတိ ဝုတ္တေ တီသု ဓမ္မိကဒါနေသု ပုဂ္ဂလဿ နိန္နံ ပုဂ္ဂလဿေဝ ဒေတီတိ (ဝိ၊ဋ္ဌ၊၄။၁၇၂) ဝုတ္တံ တတိယံ ဓမ္မိကဒါနံ ဟောတိ။ တဿ ပဋိဂ္ဂဟာပိ ပရိဘောဂါပိ ဓမ္မိကပဋိဂ္ဂဟာ ဓမ္မိကပါရိဘောဂါ ဟောန္တိ။ တသ္မာ ပုဂ္ဂလိကပက္ခံ ဘဇတိ – ဟု မိန့်တော်မူအပ်ပြီ။

ဤမျှလောက်သော စကားအစဉ်ဖြင့် (၃)နံပါတ် အလှူ၏ အကျိုးအပြစ်စိစစ်ခြင်းကိစ္စသည် ပြည့်စုံပြီးဖြစ်သော်လည်း ဂဏိကလာဘ်သည် မည်သို့သက်သည် မည်သူတို့အစိုးရသည်–ဟူသော အနက် သိခက်လှသောကြောင့် အနည်းငယ် ဆက်လက်၍ ပြဦးအံ့။

ဂဏိက လှူဒါန်းအပ်ပြီးသော ကျောင်း စသော ဂရုဘဏ် လဟုဘဏ် သန္တကသည် လှူသော ကာလမှစ၍ လှူသူ ဒါယကာ ရည်ညွှန်း ပိုင်းခြားအပ်သော ၁-ပါး ၂-ပါး ၃ ပါး စသည် တရာ တထောင် စသည်တို့ဖြင့် ပိုင်းခြား၍ ရစကောင်းသော လှူစဉ်အခါ အသက်ထင်ရှားရှိသော ရဟန်းအပေါင်း အားသာ သက်သည်၊ ထို ရဟန်းအပေါင်းသည်သာ အစိုးရ၍ ထို ရဟန်း အပေါင်း ၏သာ သန္တက ဖြစ်သည်။ နောက်နောင် ဂိုဏ်းအဆက်ဆက် ပေါ်ထွက်တိုးပွါး လာသော ဂိုဏ်းသားတို့အား မသက်၊ ထို ဂိုဏ်းသားတို့၏ သန္တက မဖြစ်။

ထိုစကား မှန်၏။ ဂဏသန္တက ဟူသည် ဓုရနိက္ခေပ ပြုခြင်းငှါ တတ်ကောင်းသော အရေ အတွက် အပိုင်းအခြားရှိသော ရဟန်းအပေါင်း၏ သန္တကတည်း၊ ပိုင်ဆိုင်သော ရဟန်းတို့တွင် အချို့ ရဟန်းတို့ သေကုန်လျှင် ကျန်ရှိသော ရဟန်းတို့၏ သန္တက ဖြစ်၏။ တစုံတယောက်သော သူအား လည်း မပေး၊ တစုံတယောက်သော သူသည်လည်း ဝိဿာသဂ္ဂါဟဖြင့် မယူမူ၍ ထို နောက်ဆုံးကျန်ရစ်သော ရဟန်းပါ အလုံးစုံ သေကုန်ကြလျှင် ဂရုဘဏ် ဖြစ်မူ အာဂတာနာဂတ စာ တုဒ္ဒိသာသံဃိက၊ လဟုဘဏ်ဖြစ်မူ သမ္မုတ္တာသမ္မုတ္တ အာဂတာဂတ သံဃိကဖြစ်သည်။ အကယ်၍ လှူစဉ်အခါ ပိုင်းခြားအပ် ထင်ရှားရှိသော ရဟန်းအပေါင်း(ဂိုဏ်း)မျှမက နောက်နောင် ဂိုဏ်းဝင် အဆက်ဆက် ပေါ်ထွက်တိုးပွါးလာသော ဂိုဏ်သားတို့အားလည်း သက်သည်၊ ထို အဆက်ဆက် ဂိုဏ်းသားတို့လည်း အစိုးရသည်၊ ထို အဆက်ဆက်ဂိုဏ်းသားတို့၏ လည်း သန္တက ဖြစ်သည် ဖြစ်ငြားအံ့၊ ဓုရနိက္ခေပ ပြုမည့်ရဟန်းတို့ပင် အတိအကျ အပိုင်းအခြား မရှိသောကြောင့် ဓုရ-နိက္ခေပ ပြုခြင်းငှါ မတတ်ကောင်းတော့ရာ၊ မည်မျှသေသော်လည်း ပုဂ္ဂလိက သံဃိက ဖြစ်နိုင် သော သဘော မရှိတော့ရာ၊ ထို့ကြောင့် ယုတ်လျော့ နည်းပါး ဆုံးသွားစကောင်းသော အရေ အတွက် အပိုင်းအခြား အတိအကျ ရစကောင်းသော လှူစဉ်အခါ အသက်ထင်ရှားရှိသော ရဟန်းအပေါင်းသည်သာ (ထို ရဟန်းအပေါင်းသည်သာ) အစိုးရသည်၊ ထို ရဟန်းအပေါင်း၏ သာ သန္တက ဖြစ်သည်ဟူ၍ ယုံမှားသံသယ ကုက္ကုစ္စ မရှိ သန္နိဋ္ဌာန်ကျ သိမြင်မှတ်ယူရမည်။

ထို့ကြောင့်ပါရာဇိက ဒုတိယ သိက္ခာပုဒ် အဋ္ဌကထာ (ဝိ၊ ဋ္ဌ၊ ၁။ ၂၉၆) ၌ ဒီဃဘာဏကာဒိ-ဘေဒဿ ပန ဂဏဿ ဧကပုဂ္ဂလဿ ဝါ သန္တကံ အဘိယုဉ္ဇိတွာ ဂဏှန္တော သက္ကောတိ တေ ဓုရံ နိက္ခေပါပေတုံ–ဟူ၍ရင်း–

စီဝရက္ခန္ဓက အဖွင့် အဌကထာ (ဝိ၊ဌ၊၃။၄၁၆) ၌—

ဒ္ဒန္နံ သန္တကံ ဟောတိ အဝိဘတ္တံ၊ ကေသိဉ္စိ ကာလကတေ ဣတရော သာမီ။ ဗဟူနမ္ပိ သန္တကေ ဧသေဝ နယော။ သဗ္ဗေသု မတေသု သံဃိကံ ဟောတိ–ဟူ၍ရှင်း ဖွင့်ဆိုတော်မူအပ်ပြီ။

(၃) နံပါတ် အမေး၏အဖြေ အဆုံးအဖြတ် ပြီး၏။

ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့်–

တောင်ကြီးမြို့ ကံဦးကျောင်းတိုက် ရှင်မေဓိယ မေးလျှောက်အပ်သော ပုစ္ဆာတို့ကို အကျဉ်းအားဖြင့် ဖြေကြားရမည်ဟု ကျေးဇူးရှင် ဆရာတော်ဘုရား အမိန့်ချမှတ်ချက် အရ တမ္ဗဝတီ ဆရာတော်၏ စောင်မကြည့်ရှု ပြင်ဆင်မှုကို ခံယူလျက် တပည့်ဖြစ်သော (ဥက္ကံသ) မည်သော အမရပူရဆရာ ငါသည် ရေးသားဆုံးဖြတ်အပ်သော ဝိမတိစ္ဆေဒနီ ကထာ ပြီးဆုံး လတ်ပြီ။

ဤ အဆုံးအဖြတ်၌ ပါသော ပါဠိအဌကထာ စသည်တို့ကို က-ခ စသော အမှတ်စဉ်အတိုင်း အနက်ပြန်သိုလိုက်အံ့။

(က) ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခုနီနံ၊ ရဟန်းမိန်းမတို့အား။ သေနာသနံ၊ ပုဂ္ဂလိက ကျောင်း အိပ်ရာ နေရာကို။ တာဝကာလိကံ၊ အခိုက်အတန့်။ ဝါ၊ ခေတ္တခဏ ယာယီ။ ဒါတုံ၊ ပေးခြင်းငှါ။ အနုဇာနာမိ၊ (ငါဘုရား) ခွင့်ပြုတော်မူ၏။ ဝိ၊၄။၄၆၂။

(ခ) အနုဇာနာမိ ဘိက္ခဝေ ဘိက္ခုနီနံ သေနာသနံ ဒါတုံ တာဝကာလိကန္တိ တော် ဝစနံ၊ အနုဇာနာမိ.... .... .... တာဝကာလိကံ ဟူသော ဤစကားရပ်ကို။ ပုဂ္ဂလိကံ၊ ပုဂ္ဂိုလ်၏ ဉစ္စာ ဖြစ်သော။ သေနာသနံ၊ ကျောင်း အိပ်ရာ နေရာ ကို။ သန္ဓာယ၊ ရည်ရွယ်၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ သံဃိကံ၊ သံဃာ၏ ဉစ္စာဖြစ်သော။ သေနာသနံ၊ ကို။ သန္ဓာယ၊ ၍။ န ဝုတ္တံ၊ ဟောတော်မူအပ်သည် မဟုတ်။ ဣတိ၊ ဤသို့။ အာစရိယော၊ အရှင်အာနန္ဒာဆရာသည်။ အာဟ၊ မိန့်ဆို၏။ (ဝဇိရ။၅၃၇)။

(ဂ) မမ သန္တိကေ။ပ။ ဝေ ပန ဒါတုံ န ဝဋ္ဋတီတိ၊ .... .... .... ဟူသည်ကား။ ဒါနဿ၊ ပေးလှူကြောင်း ဒါန စေတနာ၏။ ဝတ္ထုပရိစ္စာဂလက္ခဏတ္တာ၊ လှူဘွယ် ဝတ္ထု ပစ္စည်းကို စွန့်ကြဲခြင်းလက္ခဏာ ရှိသည်၏ အဖြစ်ကြောင့်။ ဝေ၊ ဤသို့။ ဒဒတော=ဒဒန္တဿ၊ ပေးသော သူအား။ အပရိစ္စဇိတ္တာ၊ မစွန့်လွှတ်မူ၍။ ဒိန္နတ္တာ၊ ပေးလှူအပ်သည်၏ အဖြစ်ကြောင့်။ ဒါနံ၊ ပေးလှူခြင်းဒါနသည်။ န ဟောတိ၊ မဖြစ်။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဝေ၊ ဤသို့။ ဒါတုံ၊ ပေးခြင်းငှါ။ န ဝဋ္ဋတိ၊ ရဟန်းတို့အား မအပ်စပ်။ တထာ ဝေ၊ ထိုသို့မအပ်သောကြောင့် သာလျှင်။ ဒုက္ကဋံ ဟောတိ၊ ဒုက္ကဋ်အာပတ် သင့်၏။ ဝိနယာလင်္ကာရ၊ ဋီ၊ ၁၊၁၅၈။

(ဃ) တထာ ဟိ၊ ထိုစကားကို ချဲ့ပြဦးအံ့။ဒါနစေတနာ၊ ပေးလှူကြောင်း ဒါနစေတနာသည်။ စဇိတဗ္ဗံ၊ စွန့်ကြဲပေးလှူအပ်သော။ ဝတ္ထုံ၊ သက်နီးစသော လှူဘွယ်ဝတ္ထုကို။ အာရမ္မဏံ

ကတ္ဝာ၊ အာရုံပြု၍။ စဇနံ မတ္တမေဝ၊ စွန့်ကြဲပေးလှူခြင်း မျှသာလျှင်။ ဟောတိ၊ ဖြစ်၏။ တဿ ဝတ္ထုဿ၊ ထိုလှူဘွယ်ဝတ္ထုပစ္စည်းကို။ အညသန္တကကရဏံဝ၊ မိမိမှ တပါးသော ပုဂ္ဂိုလ်၏ ဥစ္စာဖြစ်အောင် ပြုလိုက်ခြင်းသည်သာလျှင်။ တဿ ဝတ္ထုဿ၊ကို။ စဇနံ၊ စွန့်ကြဲလှူဒါန်းခြင်းဖြစ်၏။ (သာရတ္ထ၊ ၂။ ၂၆၀)။

(င) ဧကေကေန၊ တပါးပါးသော ရဟန်းသည်။ ပဌမံ၊ ရှေးဦးစွာ။ ဂန္တွာ၊ သွားနှင့်၍။ ဝါသပရိဂ္ဂဟော၊ နေရာအိမ်ကို သိမ်းပိုက်ခြင်းကို။ ကတော၊ ပြုထားအပ်သည်ရှိသော်။ တတော၊ ထိုရဟန်းမှ။ အညေဟိ၊ တပါးသော ရဟန်းတို့သည်။ ယထာသုခံ၊ ချမ်းသာစွာ။ ဝါ၊ အလိုရှိတိုင်း။ ဂန္တုံ၊ (သက်နှ်းရုံခြင်း စသည်ကို မပြုဘဲ) သွားလာခြင်းငှါ။ ဝဋ္ဋတိ၊ အပ်စပ်၏။ ဣတိ၊ ဤသို့။ ကေစိ၊ အချို့ဆရာတို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။

ပန၊ ဝါဒတပါးကား။ ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ တုမှေ၊ အရှင်ဘုရားတို့သည်။ နိဝသိဿထ၊ နေကုန်အံ့။ တာဝ၊ ထိုမျှလောက်သော ကာလပတ်လုံး။ တုမှာကံ၊ အရှင်ဘုရားတို့အား။ ဣမံ ဂေဟံ၊ ဤတပည့်တော်တို့၏ အိမ်ကို။ ဒေမိ၊ လှူပါ၏။ ဣတိ၊ ဤသို့။ ဂေဟသာမိကေဟိ၊ အိမ့်ရှင်တို့က။ ဒိန္နေ၊ လှူဒါန်းအပ်သည်ရှိသော်။ အညေဟိ၊ (ဝါသူပဂတ-ညအိပ်နေထိုင်ရန် ချဉ်းကပ်သော ရဟန်းမှ ) တပါးကုန်သော။ အဝါသာဓိပ္ပါယေဟိ၊ ညအိပ်နေထိုင်ရန် အလိုမရှိကုန်သော ရဟန်းတို့သည်လည်း။ အန္တရာရာမေ ဝိယ၊ ကျောင်းတိုက် အာရာမ် အတွင်းမှာ ကဲ့သို့။ ယထာသုခံ၊ စွာ။ ဂန္တုံ စ၊ ငှင်း။ နိသီဒိတုံ စ၊ ထိုင်ခြင်းငှါငှင်း။ ဝဋ္ဋတိ၊ ၏။ ဣတိ၊ ဤသို့။ အပရေ၊ တပါးသော ဆရာတို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။ တံ သဗ္ဗံ၊ ထိုအလုံးစုံကို။ န ဂဟေတဗ္ဗံ၊ မမှတ်ယူအပ်။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူ။ တထာဝစနာဘာဝါ စ၊ ထိုကဲ့သို့ ပါဠိတော် အဋ္ဌကထာတို့၌ အဆိုအမိန့် မရှိခြင်းကြောင့်ငှင်း။ ဒါနလက္ခဏာဘာဝါ စ၊ ပေးလှူခြင်း လက္ခဏာ မရှိသောကြောင့်ငှင်း။ တာဝတ္တကေန၊ ထိုမျှလောက်သော အစီအရင်ဖြင့်။ ဝိဟာရသင်္ချာနုပဂမနတော စ၊ ကျောင်းဟူသော အရေအတွက်သို့ မကပ်ရောက်ခြင်းကြောင့်ငှင်းတည်း။ (ဝိမတိ၊ ၂။ ၆၁)။

(စ) သကလဇမ္ဗုဒီပရဇ္ဇေနာ (ဝိ၊ ၄၊ ၁။ ၆၉) တိ ဧတ္ထ ပါဠေ၊ သကလဇမ္ဗုဒီပရဇ္ဇေန-ဟူသော ဤအဋ္ဌကထာပါဠ်၌။ အတ္ထော၊ အနက်ကို။ ဧဝံ၊ ဤသို့။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ရညော၊ မင်း၏။ ဝါ၊ ဘုရင်၏။ ဣဒံ၊ ဥစ္စာတည်း။ ရဇ္ဇံ၊ ဘုရင်၏ဥစ္စာ=ဘုရင့်စည်းစိမ်။ သကလဇမ္ဗု-ဒီပတော၊ အလုံးစုံသော ဇမ္ဗုဒိပ်ကျွန်းမှ။ ဥပ္ပဇ္ဇနကအာယော စေဝ၊ ဖြစ်ပေါ်သော အခွန်တော်ဝင်ငွေကိုငှင်း။ အာဏာဒယော စ၊ တန်းခိုးအာဏာ စသည်တို့ကိုငှင်း။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ တေန၊ ထိုဘုရင်၏ ဥစ္စာဖြစ်သော အခွန်တော်ဝင်ငွေ စသည်ဖြင့်။ မဟာဗောဓိ ၊ မဟာဗောဓိပင်ကို။ ပူဇေမိ၊ ပူဇော်ပါ၏။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ သကလပထဝီ-ပါသာဒိ ဝတ္ထုနာ၊ အလုံးစုံသော မြေအပြင် ပြာသာဒ် အစရှိသော ဝတ္ထုပစ္စည်းဖြင့်။ န ပူဇေမိ၊ ပူဇော်သည်မဟုတ်။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူ— တဿ မဟာဗောဓိဿ၊ ထိုမဟာ ဗောဓိပင်အား။ သတ္တာဟံ၊ ၇ နှစ်ရက်ပတ်လုံး။ ဒေမိ၊ လှူဒါန်းပါ၏။ ဣတိ အာဒိနာ၊ ဤသို့

အစရှိသည်ဖြင့်။ ကာလ ပရိစ္ဆေဒံ၊ ကာလ ပိုင်းခြားခြင်းကို။ ကတွာ၊ ပြု၍။ ဒါဘုံ၊ လှူဒါန်းခြင်းငှါ။ အယုတ္တတ္တာ၊ မသင့်လျော်သည်၏ အဖြစ်ကြောင့်တည်း။

ဟိ၊ ချဲ့ပြဦးအံ့။ ဧဝံ၊ ဤသို့။ ဒေန္တော၊ ပေးလှူသောသူသည်။ တာဝကာလိကံ၊ အခိုက်အတန့်။ ဝါ၊ ခေတ္တ ခဏ ယာယီ။ ဒေတိ နာမ၊ လှူသည်မည်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူ။ ဒါနဿ၊ ဒါနစေတနာ၏။ ဝတ္ထုပရိစ္စာဂလက္ခဏတ္တာ စ၊ လှူဘွယ်ဝတ္ထု ပစ္စည်းကို စွန့်ကြဲခြင်းလက္ခဏာ ရှိသည်၏ အဖြစ်ကြောင့်ရင်း။

ပထဝါဒိ ဝတ္ထုပရိစ္စာဂေန၊ မြေ အစရှိသော လှူဘွယ်ဝတ္ထုကို စွန့်ကြဲခြင်းဖြင့်။ ပုန ဂဟဏဿ၊ တဖန် ပြန်ယူခြင်း၏။ အယုတ္တတ္တာ စ၊ မသင့်လျော်သည်၏ အဖြစ်ကြောင့် ရင်းတည်း။

ပန၊ အနွယကို ပြအံ့။ နိယမိတကာလေ၊ သတ်မှတ်ထားသော အချိန်အခါ အတွင်း၌။ အာယာဒယော၊ အခွန်တော်ငွေ စသည်တို့ကို။ ပရိစ္စတ္တာ ဧဝ၊ စွန့်လှူအပ်ကုန်သည်သာလျှင်တည်း။ ပ။ အာယာဒိဒါန ဝသေနေဝ၊ အခွန်တော်ဝင်ငွေ စသည်ကို ပေးလှူခြင်း၏ အစွမ်းဖြင့်သာလျှင်။ ရဇ္ဇဒါနံ၊ ဘုရင့်စည်းစိမ်အလှူကို။ ဝေဒိတဗ္ဗံ၊ သိမှတ်အပ်၏။ (ဝိမတိ၊ ၁။ ၃၅)။

(ဆ) တွောဝတာ၊ ဤမျှ အတိုင်းအရှည် ရှိသော စကားအစဉ်ဖြင့်။ တာဝကာလိကံ၊ အခိုက်အတန့်ကို။ ကတွာ၊ ပြု၍။ ဒိန္နံ၊ ပေးအပ်ပြီးသော ပစ္စည်းကို။ အစ္ဆိန္ဒိတ္တဿ၊ လုယက်ယူသောရဟန်းအား။ အနာပတ္တိ၊ အာပတ် မသင့်ခြင်းကို။ သာဓိတာ၊ ပြီးစေအပ်သည်။ ဟောတိ၊ ဖြစ်၏။ (ဝဇီရ။ ၂၇၆)။

(ဇ) ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ တွံ၊ သင်သည်။ နိဝသိဿသိ၊ နေလတ့်။ တာဝ၊ ထိုမျှလောက်သော ကာလပတ်လုံး။ တုယှံ၊ သင့်အား။ ဣမံ ရဇတာစလာ-ရာမဥ္စ၊ ဤ ငွေတောင်ကျောင်းတိုက် အရာမ်ကိုရင်း။ တတြုပ္ပါဒရက္ခာဒီနိ စ၊ ထိုအရာမ်၌ ဖြစ်သော သစ်ပင် စသည်တို့ကိုရင်း။ ဒေမိ၊ လှူဒါန်းပါ၏။ (ပုဂ္ဂလိက လှူဒါန်းပုံ)။

ယာဝ၊ လုံး။ တုမှေ၊ အရှင်ဘုရား ၂-ပါး ၃-ပါးတို့သည်။ နိဝသိဿထ၊ နေကုန်လတ့်။ တာဝ၊ လုံး။ တုမှာကံ၊ အရှင်ဘုရား ၂-ပါး ၃-ပါးတို့အား။ ဣမံ ရဇတာစလာရာမဥ္စ၊ ရင်း။ တတြုပ္ပါဒရက္ခာဒီနိ စ၊ ရင်း။ ဒေမိ၊ ၏။ (ဂဏိက လှူဒါန်းပုံ)။

ဣမံ ရဇတာစလာရာမဥ္စ၊ ရင်း။ တတြုပ္ပါဒရက္ခာဒီနိ စ၊ ရင်း။ တုယှံ၊ အရှင်ဘုရားအား။ (အာယသ္မတော၊ သက်တော်ရှည်အရှင်မြတ်အား) ဒေမိ၊ ၏။ (ပုဂ္ဂလိကအပိုင် လှူဒါန်းပုံ)။

ဣမံ ရဇတာစလာရာမဥ္စ၊ ရင်း။ တတြုပ္ပါဒရက္ခာဒီနိ စ၊ ရင်း။ တုမှာကံ၊ အရှင်ဘုရား ၂-ပါး ၃-ပါးတို့အား (အာယသ္မန္တာနံ၊ သက်တော်ရှည် အရှင်မြတ် ၂-ပါး ၃-ပါးတို့အား)။ ဒေမိ၊ ၏။ (ဂဏိက အပိုင် လှူဒါန်းပုံ)။

ဣမံ ရဇတာစလာရာမဥ္စ၊ ရင်း။ တတြုပ္ပါဒရက္ခာဒီနိ စ၊ ရင်း။ မိုင်းသောက်နိကာယ ဝါသီနံ၊ မိုင်းသောက် နိကာယ် ဂိုဏ်း၌ ပါဝင် နေထိုင်ကြကုန်သော။ အာယသ္မန္တာနံ၊ အရှင်မြတ်တို့အား။ ဒေမိ၊ ၏။ (**နိကာယ်ဂိုဏ်းဝင် ဂဏိက အပိုင် လှူဒါန်းပုံ**)။

ဣမံ ရဇတာစလာရာမဋ္ဌ၊ ၎င်း။ တတြုပ္ပါဒရက္ခာဒိနိ စ၊ ၎င်း။ အာဂတာ နာဂတာဿ၊ ရောက်လာ ရောက်လာ တိုင်းသော။ စာတုဒ္ဒိသဿ၊ အရပ် လေးမျက်နှာ၌ နေထိုင်သော။ သံဃဿ၊ သံဃာတော်အား။ ဒေမိ၊ ၏။ (သံဃိက လှူဒါန်းပုံ)။

(ဈ) ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်အား။ နိဒ္ဒိ၊ လှူဒါန်းမည်ဟု နှုတ်မြွက်လျက် ညွှတ်ထားအပ်သော ဥစ္စာကို။ ပုဂ္ဂလဿေဝ၊ ညွှတ်ထားသော ပုဂ္ဂိုလ်အားသာလျှင်။ ဒေတိ၊ လှူ၏။ (ဝိ၊ ဋ္ဌ၊ ၄။ ၁၈၂)။

(ည) တေရဟိ ပန၊ ယခုခေတ်အခါ၌ကား။ ပ။ အပ္ပေကစ္စေ၊ အချို့သော လူတို့သည်။ ကရဏကာလေပိ၊ ကျောင်းဆောက်လုပ်သော အခါ၌၎င်း။ ဒါနကာလေပိ၊ ကျောင်းလှူသော အခါ၌၎င်း။ အတ္တနော၊ မိမိ၏။ ကုလူပကဘိက္ခုမေဝ၊ အိမ်သို့ကပ်တတ်သော ရဟန်းကို သာလျှင်။ အာရဗ္ဘ၊ အာရုံပြု၍။ ပရိစ္စဇန္တိ၊ စွန့်လှူကုန်၏။ တထာပိ၊ ထိုသို့ဖြစ်သော်လည်း။ ဒက္ခိဏာကာလ ပါတနကာလေ၊ အလှူရေစက် သွန်းချသော အခါ၌။ တေန ကုလူ ကဘိက္ခုနာ၊ ထိုအိမ်သို့ ကပ်တတ်သော ရဟန်းသည်။ သိက္ခာပိတာ၊ သင်ပြအပ်ကုန်သည်ဖြစ်၍။ ယထာ ဝုတ္တ ပါဠိံ၊ ဆိုအပ်ခဲ့ပြီးသည့် "ဣမံ ဝိဟာရံ အာဂတာ နာဂတဿ စာတုဒ္ဒိသဿ သံဃဿ ဒေမ" ဟူသော ပါဠိကို။ ဝစီဘေဒံ၊ နှုတ်မြွက်ခြင်းကို။ ကရောန္တိ၊ ပြုကုန်၏။ စိတ္တေန ပန စိတ်အားဖြင့်မူကား။ ကုလူပကဿေဝ၊ အိမ်သို့ ကပ်တတ်သော ရဟန်းအားသာလျှင်။ ဒေန္တိ၊ လှူကုန်၏။ သဗ္ဗသံဃသာဓာရဏတ္တံ၊ အလုံးစုံသောသံဃာနှင့် ဆက်ဆံခြင်းအကျိုးငှါ။ န ဣစ္ဆန္တိ၊ အလိုမရှိကုန်။ ပ။ တတိယံ ပန၊ သုံးခုမြောက် အလှူသည်ကား။ ပုဗ္ဗကာလေပိ၊ ရှေးဆောက်လုပ်စဉ်အခါ၌၎င်း။ ဒါနကာလေပိ၊ လှူဒါန်းသောအခါ၌၎င်း။ ကုလူပကပုဂ္ဂလမေဝ၊ အိမ်သို့ကပ်တတ်သည့် ပုဂ္ဂိုလ် ရဟန်းကိုသာလျှင်။ ဥဒ္ဒိဿ၊ ရည်ညွှန်း၍။ ပဝတ္တတိ၊ ဖြစ်၏။ သံဃံ၊ သံဃာကို။ ဥဒ္ဒိဿ၊ ရည်ညွှန်း၍။ န ပဝတ္တတိ၊ မဖြစ်။ ကေဝလံ၊ သက်သက်။ ဘိက္ခုနာ၊ ရဟန်းသည်။ ဝုတ္တာနုသာရေနေဝ၊ ဆိုအပ်သောစကားသို့ အစဉ်လိုက်သဖြင့်သာ။ ဝစီဘေဒံ၊ နှုတ်မြွက်ခြင်းကို။ ကရောန္တိ၊ ပြုကုန်၏။ ဇေံ သန္တေ၊ ဤသို့ဖြစ်လတ်သော်။ အယံ ဝိဟာရော၊ ဤကျောင်းသည်။ စိတ္တဝသေန၊ စိတ်၏အစွမ်းဖြင့်။ ပုဂ္ဂလိကော၊ ပုဂ္ဂိုလ်ပိုင် ပုဂ္ဂလိကကျောင်းသည်။ ဟောတိ ကိံ၊ ဖြစ်လေသလော။ ဝစီဘေဒ ဝသေန၊ ရေစက်ချစဉ် နှုတ်မြွက်ခြြင်း၏ အစွမ်းဖြင့်။ သံဃိကော၊ သံဃာပိုင် သံဃိကကျောင်းသည်။ ဟောတိ ကိံ၊ ဖြစ်လေသလော။ ဣတိ စိန္တာယံ၊ ဤသို့ ကြံစည်လတ်သော်။ ပ။

တတြ၊ ထိုနေရာ၌။ အယံ၊ ဤ ဆိုလတ္တံသည်ကား။ ဝိစာရဏာ၊ စိစစ်ချက်ပေတည်း။ ဣဒံ ဒါနံ၊ ဤတတိယ အမျိုးအစား ကျောင်းလှူခြင်းသည်။ ပုဗ္ဗေ၊ ဆောက်လုပ်နေသည့် ရှေးအခါ၌။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်အား။ ပရိဏတံ၊ စိတ်ညွှတ်အပ်သည် ဖြစ်၍။ ပစ္ဆာ၊ နောက်အခါ၌။ သံဃဿ၊ သံဃာအား။ ပရိဏာမိတံ၊ ညွှတ်စေအပ်၏။ တသ္မာ၊ ထို့ကြောင့်။ သံဃိကောတိ၊ သံဃာပိုင် သံဃိက ကျောင်းဟူ၍။ ဝုတ္တော၊ ဆိုအပ်သည်ရှိသော်။ နဝသု၊ ၉-ပါးကုန်သော။ အဓမ္မိကဒါနေသု၊ တရားနှင့် မလျော်သော အလှူဒါနတို့တွင်။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်အား။ ပရိဏတံ၊ ညွှတ်လေပြီးသော ဥစ္စာကို။ သံဃဿ၊ သံဃာအား။ ပရိဏာမေတိ၊ ညွှတ်စေ၏။ ဝါ၊ အလှူ

ခိုင်း၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ (ဝိ၊ ၃၊ ၄။ ၁၀၂-၃) မိန့်ဆိုအပ်သော။ အဌမံ၊ ရှစ်ခုမြောက်သော။ အဓမ္မိကဒါနံ၊ တရားနှင့် မလျော်သော အလှူဒါနသည်။ ဟောတိ၊ ဖြစ်၏။

တဿ ဒါနဿ၊ ထိုအလှူကို။ ပဋိဂ္ဂဟာပိ၊ ခံယူခြင်းတို့သည်၎င်း။ ပရိဘောဂါပိ၊ သုံးဆောင်ခြင်းတို့သည်၎င်း။ အဓမ္မိကပဋိဂ္ဂဟာ၊ တရားနှင့်မလျော်သော ခံယူခြင်းတို့ မည်ကုန်သည်။ အဓမ္မိက ပရိဘောဂါ၊ တရားနှင့်မလျော်သော သုံးဆောင်ခြင်းတို့ မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ပုဂ္ဂလိကောတိ၊ ပုဂ္ဂိုလ်ပိုင် ပုဂ္ဂလိကကျောင်းဟူ၍။ ဝုတ္တေ၊ ဆိုအပ်သည်ရှိသော်။ တီသု၊ သုံးပါးကုန်သော။ ဓမ္မိကဒါနေသု၊ တရားနှင့် လျော်သော အလှူဒါနတို့တွင်။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်အား။ ဒိန္နံ၊ လှူဒါန်းမည်ဟု နှုတ်မြွက်လျက် ညွှတ်ထားအပ်သော ကျောင်းကို။ ပုဂ္ဂလဿဝ၊ ပုဂ္ဂိုလ်အားသာလျှင်။ ဒေတိ၊ ပေးလှူ၏။ ဤတိ၊ ဤသို့။ ဝုတ္တံ-(ဝိ၊ ၃၊ ၄။ ၁၀၂-၃) မိန့်ဆိုအပ်သော။ တတိယံ၊ ၃-ခုမြောက်သော။ ဓမ္မိကဒါနံ၊ တရားနှင့် လျော်သော ဒါနချီးသည်။ ဟောတိ၊ ဖြစ်၏။ တဿ ဒါနဿ၊ ထိုအလှူကို၊ ပဋိဂ္ဂဟာပိ၊ ၎င်း။ ပရိဘောဂါပိ၊ ၎င်း။ ဓမ္မိကပဋိဂ္ဂဟာ၊ တရားနှင့် လျော်သော ခံယူခြင်းတို့မည်ကုန်သည်။ ဓမ္မိကပရိဘောဂါ၊ တရားနှင့် လျော်သော သုံးဆောင်ခြင်းတို့မည်ကုန်သည်၊ ဟောန္တိ၊ ဖြစ်ကုန်၏။ တသ္မာ၊ ထိုကြောင့်။ ပုဂ္ဂလိကပက္ခံ၊ ပုဂ္ဂလိကဒါန အဖို့သို့။ ဘဇတိ၊ ဆည်းကပ်၏။ ဝါ၊ သက်ဝင်၏။ (ဝိနယာလင်္ကာရ၊ ဋီ၊ ၂။ ၇၃-၄)။

(၃) ပန၊ အန္ဒယသော်ကား။ ဒီဃဘာဏကာဒိဘေဒဿ၊ ဒီဃနိကာယ်ဆောင် စသည် အပြားရှိသော။ ဂဏဿ ဝါ၊ ဂိုဏ်း၏၎င်း။ ဧကပုဂ္ဂလဿ ဝါ၊ တဦးသော ပုဂ္ဂိုလ်၏၎င်း။ သန္တကံ၊ ဥစ္စာကို။ အဘိယုဉ္ဇိတွာ၊ တရားတွေ၍။ ဂဏှန္တော၊ ယူသောသူသည်။ တော၊ ဒီဃနိကာယ်ဆောင် စသည့် ပစ္စည်းရှင် ပုဂ္ဂိုလ်တို့ကို။ ဓုရံ နိက္ခိပါပေတုံ၊ ဝန်ချစေခြင်းငှါ။ သက္ကောတိ၊ စွမ်းနိုင်၏။ (ဝိ၊ ဋ္ဌ၊ ၁။ ၂၉၆)။

(၄) ဒိန္နံ၊ ရဟန်း ၂-ပါးတို့၏။ သန္တကံ၊ ဥစ္စာသည်။ အဝိဘတ္တံ၊ (သူဟာကိုယ့်ဟာဟု အသီးအသီး) မခွဲခြမ်း မဝေဘန်အပ် သေးသည်။ သစေ ဟောတိ၊ အကယ်၍ ဖြစ်အံ့။ (တတ္ထ၊ ထိုရဟန်း ၂-ပါးတို့အနက်) ဧကသ္မိံ၊ ရဟန်းတပါးသည်။ မတေ၊ ပျံလွန်တော်မူသည်ရှိသော်။ ဣတရော၊ ကျန်ရစ်သော ရဟန်းတပါးသည်။ သာမီ၊ (ထို ၂-ပါးဆိုင်မှ ကျန်ရစ်သော ပစ္စည်းကို) အစိုးရ၏။ ဝါ၊ ပိုင်ရှင်ဖြစ်သွား၏။ ဗဟူနံ၊ များစွာသောရဟန်းတော်တို့၏။ သန္တကေပိ၊ ဥစ္စာ၌လည်း။ ဧသေဝ နယော၊ ဤကဲ့သို့သော နည်းကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ သဗ္ဗေသု၊ အလုံးစုံကုန်သော ပိုင်ရှင်ရဟန်းတို့သည်။ မတေသု၊ ပျံလွန်တော်မူသည်ရှိသော်။ သံဃိကံ၊ (ကျန်ရစ်သော ပစ္စည်းအားလုံး) သံဃာပိုင် သံဃိကဥစ္စာသည်။ ဟောတိ၊ ဖြစ်၏။ (ဝိ၊ ဋ္ဌ၊ ၃။ ၄၁၅-၆)။

## ၇-ဥဿာဝနန္တိကဝိမတိစ္ဆေဒနီ

တပည့်ပဏ္ဍိတ လေးမြတ်စွာ ရှိခိုးလျှောက်ထားပါသည် ဆရာတော်ဘုရား။

သိသာတော်မူရန်မှာ—

တပည့်နေထိုင်သောကျောင်းမှာ—

၁။ မူလက ဥဿာဝနန္တိကာ ကုဋိဖြစ်ပါသည်၊ ၎င်းကုဋိသည် ဟောင်းနွမ်းဆွေးမြေ့သဖြင့် အစွန်ဆုံး တိုင်တလုံးသာ ချန်ပြီး တိုင်ထုတ်လျှောက်ဒိုင်းများ စသည်အားလုံးကို ဖျက်ပြီး ဒါယကာများ ဝယ်ယူလာသော သင်မျက်နှင့် ယခင် ကုဋိဟောင်း နေရာတွင် ထပ်မံဖြည့်စွက် ဆောက်လုပ် ပါသည်။ပြီးသောအခါ ကျန်နေသောတိုင်နှင့် ကျောင်းမ ဆောင်မှာ မဆက် မစပ်ဘဲ ကျောင်းမ ဆောင်နှင့် ဆက်သွယ်ထားသော ဝစ္စကုဋိလမ်းဆောင်နှင့်သာ ဆက်သွယ်ပါသည်။ ၎င်းကုဋိ လမ်းပြင်ပြီး ၎င်းတိုင်ကို ပယ်နှုတ်ပစ်လိုက်ပါသည်။ သို့အတွက် နောင် ပြင်ဆောက်သော ကျောင်းသည် မူလ ဥဿာဝနန္တိကာ ကုဋိ ပြန်၍ ဖြစ် မဖြစ်။

၂။ မဖြစ်ပါက အဘယ်ပုံ အဘယ်နည်း ကပ္ပိယကုဋိ ဖြစ်အောင် ပြုလုပ်ရသည်ဆိုတာကို ကွဲကွဲ ပြားပြား သေချာစွာ မသိပါ၍ ကွဲပြားခြားနားစွာ သိရပါရန် ကရုဏာတော်ရှေ့ထား၍ စာအားဖြင့် ပြန်ကြား သနားတော်မူပါမည့်အကြောင်း လေးမြတ်စွာ ရှိခိုး လျှောက်ထား ပါသည် ဆရာတော်ဘုရား။ ။

ပဏ္ဍိတ
ကွင်းပုံကျောင်း-မြင်းကကုန်း စာတိုက်
ဘိုကလေးမြို့အပိုင်-ဖျာပုံခရိုင်။

တမ္ဗဝတီကျောင်း ဆရာတော် အရှင်အရိယဝံသထံသို့-

၁၃၁၃-ခု သီတင်းကျွတ်လပြည်ကျော် ၃-ရက်။ ဖျာပုံခရိုင် ဘိုကလေးမြို့အပိုင် မြင်းကကုန်း စာတိုက် ကွင်းပုံကျောင်း ရှင်ပဏ္ဍိတ မေးလျှောက်အပ်သော ပုစ္ဆာတို့ကို ပါဠိ အဋ္ဌကထာ ဋီကာ လာတိုင်း ညှိနှိုင်းထောက်ဆ ဝိနယောပဒေသကို ကောင်းစွာပြလျက် တမ္ဗဝတီဆရာတော် လွှဲအပ် ချက်အရ အမရပူရဆရာတော်သည် ဖြေကြားပေအံ့။

### ( ၁ ) ပဌမပုစ္ဆာ၏ အဖြေ

ဤပုစ္ဆာကို ဖြေကြားရာ၌—

ကျန်နေသော ဥဿာဝနန္တိကာ ကုဋိတိုင်၌ တည်ရှိသော ဥဿာဝနန္တိကာ ကပ္ပိယဘူမိ အာဏာ တော်သည် ၎င်းနှင့် ဆက်စပ် ထုံးမိတ်ထားသော ဝစ္စကုဋိလမ်းဆောင်သို့ ပြန့်ပွားကူးစက်၍ သက် မသက်၊ နောက်ဆောက်သော ကျောင်းဟု ဤနှစ်ပါးကို စိစစ်ဘွယ်ရှိပါသည်။

## စိစစ်ချက်

**စိစစ်ဟန်ကား—**

အန္တောဝုတ္ထ အန္တောပက္က ဒုက္ကဋ်အာပတ်မှ လွတ်စေခြင်းငှါ ဘေသဇ္ဇက္ခန္ဓကဌ် ခွင့်ပြုတော်မူအပ်သော ဉဿာဝနန္တိကာ-စသော လေးလုံးသော ကပ္ပိယကုဋိတို့သည် ဝါသတ္ထက သဟ-သေယျပ္ပဟောနကအင်္ဂါနှစ်ပါးရှိသော ကျောင်းတို့၌သာ ထမ္ဘပတိဋ္ဌာပန ဝစနပရိယောသာပန သမကာလ စသော မိမိ, မိမိတို့၏ ဆိုင်ရာဆိုင်ရာ ဝိသေသ လက္ခဏာတို့ဖြင့် ဉဿာဝနန္တိကာဒိ ကပ္ပိယဘူမိ၏ အဖြစ်သို့ ရောက်ကုန်သည်။ သဟသေယျပ္ပဟောနကဖြစ်သော ဝါသတ္ထကကျောင်းနှင့် သဟသေယျပ္ပ ဟောနကာ ပဟောနကဖြစ်သော အာဝါသတ္ထကတဖြစ်သော ဉပုသ်အိမ် ဆွမ်းစား ဇရပ်၊ မီးတင်းကုတ်၊ တရားမဏ္ဍပ်၊ ဝစ္စကုဋိ၊ လမ်းဆောင် စသည်တို့၌ကား ရဟန်းသံဃာတို့၏ သန္တကဖြစ်သော်လည်း ဆိုအပ်ပြီးသော ဝိသေသ လက္ခဏာတို့ဖြင့် ဉဿာဝနန္တိကာဒိ ကပ္ပိယဘူမိ၏အဖြစ်သို့ မရောက်ကုန်။ ထို သဟသေယျပ္ပဟောနကဖြစ်သော ဝါသတ္ထကတကျောင်းနှင့် သဟသေယျပ္ပဟောနကာပဟောနက ဖြစ်သော အာဝါသတ္ထကတ ဉပုသ်အိမ် စသည်တို့ကား ခွင့်ပြုတော်မူအပ်သော ဉဿာဝနန္တိကာ စသော ဝိသေသကပ္ပိယဘူမိ လေးပါးတို့မှ အလွတ် အသီးအခြား ကပ္ပိယဘူမိတို့သာတည်း။ ဉဿာဝနန္တိကာ စသော ကပ္ပိယဘူမိလေးပါးတို့ကို ထောက်၍ ပဋ္ဌမိ ကပ္ပိယဘူမိ-ဟု ဋီကာဆရာတို့ ဆိုကုန်၏။ ထိုစကား မှန်၏။ ဤ ပါကတိက ပဋ္ဌမိ ကပ္ပိယဘူမိ တို့၌ လှင်တီးခေါင်ထဲ၌ ကဲ့သို့ အန္တောဝုတ္ထ အန္တောပက္က ဒုက္ကဋ်အာပတ် မရှိ။ ထိုကြောင့် ဝိမတိဝိနောဒနီဋီကာ၊ ( ၂။ ၁၉၀ ) ၌—

> တဒညံ ပန ဉပေါသထာဂါရာဒိ သဗ္ဗံ အနိဝါသဂေဟံ စတုကပ္ပိယဘူမိဝိမုတ္တာ ပဋ္ဌမိ ကပ္ပိယဘူမိ၊ သံဃသန္တကေပိ ဟိ တောဒိသေ ဂေဟေ သုဋ္ဌု ပရိက္ခိတ္တာရာမတ္တေပိ အဗ္ဘော-ကာသေ ဝိယ အန္တောဝုတ္ထာဒိဒေါသော နတ္ထိ။ ယေန ကေနစိ ဆန္နေ, ပရိစ္ဆန္နေ စ သဟာသေယျပ္ပဟောနကေ ဘိက္ခုသံဃဿ နိဝါသဂေဟေ အန္တောဝုတ္ထာဒိဒေါသော၊ န အညတ္ထ-ဟု မိန့်အပ်ပြီ။

ဤ ဋီကာ၏ မိရာ သံဝဏ္ဏေတဗ္ဗ အဋ္ဌကထာတို့ကို ထောက်၍ ကျန်နေသော ဉဿာဝ-နန္တိကာ ကုဋိတိုင်၌ တည်သော ဉဿာဝနန္တိကာ ကပ္ပိယဘူမိအာဏာတော်သည် ၎င်းနှင့် ဆက်စပ်ထုံး မိတ်ထားသော အာဝါသတ္ထကတ ဝစ္စကုဋိလမ်းဆောင်သို့ ပြန့်ပွါး ကူးစက်၍ မသက်ဟု သန္နိဋ္ဌာန်ကျ သိမြင် မှတ်ယူရမည်။

ဤကား ဝစ္စကုဋိသမ်းဆောင်သို့ ဉဿာဝနန္တိကာ ကပ္ပိယဘူမိအာဏာတော် သက်, မသက် စိစစ်ဟန်တည်း။

## ကျောင်းစိစစ်ချက်

ကျောင်းဆောက်ရာ၌ ဒါယကာတို့ ဝယ်ယူလာသော သစ်များနှင့် ထပ်မံဖြည့်စွက် ဆောက်လုပ်သည်ဟု အဆိုရှိရာ ထို ဒါယကာတို့က မိမိတို့၏ သစ်ဘဏ္ဍာ, သံဘဏ္ဍာတို့ကို ကျောင်းဆောက်ပြီးမှ လှူဒါန်းလေလျှင် မလှူမီ ဆောက်လုပ် ဆက်စပ် ထုံးမိတ်စဉ်က သံဃိကမြေ, ပုဂ္ဂလိကမြေ အားလျော်စွာ ဘိက္ခုသံဃာတို့နှင့် လူဒါယကာတို့၏ ရောနှောဆက်ဆံ ပိုင်ဆိုင်နေသော သန္တက ဖြစ်နေသောကြောင့်၎င်း, ဂဟပတိကုဋိနှင့် ဥဿာဝနန္တိကာ ကုဋိတို့၏ အကြောင်းအင်္ဂါ လက္ခဏာ တည်ရာဝတ္ထုတို့၏ ဝိသဘာဂ ဝိသဒိသ ဖြစ်သောကြောင့်၎င်း ဂဟပတိ ကုဋိလည်း လှူ၍ မဖြစ်၊ ဥဿာဝနန္တိကာ ကုဋိလည်း မသက်ကောင်း။

ဝတ္ထုဝိသဒိသ ဖြစ်ပုံကား ဂဟပတိကုဋိသည် ဂဟပတိသန္တကလျှင် တည်ရာရှိသည်၊ ဥဿာဝနန္တိကာ ကုဋိသည် ဘိက္ခုသံဃသန္တကလျှင် တည်ရာရှိသည်။ လက္ခဏာဝိသဘာဂကား ပါဠိဖြင့် ထင်ရှား၏။

ထို့ကြောင့် ဘေသဇ္ဇက္ခန္ဓကအဋ္ဌကထာ၌–

သံဃသန္တကမေဝ ဟိ ဘိက္ခုသန္တကံ ဝါ ဂေဟံ ဂဟပတိကုဋိကာ န ဟောတိ (ဝိ၊ ဋ္ဌ၊ ၃။ ၃၀၁) ဟူ၍၎င်း။

ပဌမံ ထမ္ဘံ ပန ပဌမဘိတ္တိပါဒံ ဝါ ပတိဋ္ဌာပေန္တေဟိ ဗဟူဟိ သမ္ပရိဝါရေတွာ။ပ။ ပတိဋ္ဌာပေတဗ္ဗော (ဝိ၊ ဋ္ဌ၊ ၃။ ၃၇၉) ဟူ၍၎င်း မိန့်အပ်ပြီ။

မှတ်ချက်။ ။ပတိဋ္ဌာပေန္တေဟိ ကတ္တားအရ ရဟန်းကိုယူရသည်ကို ထောက်၍ ဥဿာဝနန္တိကာ ကုဋိဝတ္ထုကို ဘိက္ခုသံဃသန္တက– ဟု သိ။

ထို့ကြောင့်· ဒါယကာတို့၏ သစ်ဘဏ္ဍာ သံဘဏ္ဍာများကို ဆောက်ပြီးမှ လှူသော ကျောင်း၌ ဥဿာဝနန္တိကာကုဋိဟောင်းနှင့် ဆက်စပ်ထုံး မိတ်သော်လည်း ဥဿာဝနန္တိကကုဋိ သက် မသက် သံသယဖြစ်ဘွယ်မလို၊ ကေန်စင်စစ် အကပ္ပိယကုဋိသာ ဖြစ်တော့သည်ဟု သိမှတ်လေ။

ဒါယကာတို့က သစ်ဘဏ္ဍာ သံဘဏ္ဍာများကို ကျောင်းမဆောက်မီ မဆွက ရဟန်းသံဃာအား လှူဒါန်း၍ ဘိက္ခုသန္တကချည်း ဖြစ်ပြီးမှ ဆောက်လုပ်လျှင်ကား ဘိက္ခုသန္တကချည်း ဖြစ်သောကြောင့် ဥဿာဝနန္တိကာကုဋိတိုင်ဟောင်းနှင့် ဆက်စပ်ထုံးမိတ်၍ ဥဿာဝနန္တိကကုဋိသက်နိုင်သည်။ ဤကား ကျောင်းကို စိစစ်ဟန်တည်း။

ယခုလျှောက်ထားသော ဦးပဏ္ဍိတ၏ ကျောင်းသည် ဤနောက်ကျောင်းမျိုး ဖြစ်သည်ရှိသော် ဥဿာဝနန္တိကာကုဋိပြန်၍ ဖြစ်မဖြစ် ဆင်ခြင်အပ်သည်။ ဆင်ခြင်သော် ဤနောက်နည်းဆောက်လုပ်ပြီးစီးသော ကျောင်းသည် ရဟန်းသံဃာတို့၏ ဘဏ္ဍာဖြင့် ဆောက်လုပ်အပ်သော ဥဿာဝနန္တိကာ ကုဋိ၏ သက်ရာတည်ရာ ဝတ္ထုဖြစ်ကောင်းသော ဘိက္ခုသံဃသန္တက ဖြစ်ငြားသော်လည်း အောက်က အဋ္ဌကထာ ဋီကာတို့ကိုပြ၍ ဆုံးဖြတ်အပ်ပြီးသောအတိုင်း မူလကျောင်းဟောင်းမှကျန်နေသော

တိုင်၌ရှိသော ဥဿာဝနန္တိကာအာဏာတော်၏ ကူးစက်ပြန့်ပွားရှ် သက်ရာမဟုတ်သောအဝါသတ္ထုကတ ဖြစ်သော ဝစ္စကုဋိလမ်းဆောင်းနှင့်သာ ဆက်စပ်ထုံးမိတ် ဆောက်လုပ်ထားသည် ဥဿာဝနန္တိကာ အာဏာတည်ရှိနေသော ဥဿာဝနန္တိကာတိုင်ဟောင်းနှင့် မဆက်စပ် မထုံးမိတ်မူ၍ ဆောက်လုပ်ထားသည်၏ အဖြစ်ကြောင့် ဥဿာဝနန္တိကာကုဋိပြန်၍ မဖြစ်။ အကပ္ပိယကုဋိသာဖြစ်သည်ဟု ယုံကြည်လေးမြတ် မှတ်ယူအပ်သည်။

ပဌမပုစ္ဆာ၏ အဖြေ ပြီး၏။

---

## ဒုတိယပုစ္ဆာ၏ အဖြေ

ထိုအကပ္ပိယကုဋိကို ကပ္ပိယကုဋိ ပြုလုပ်လိုမူ—

ကပ္ပိယကုဋိံ လဒ္ဓုံ ဝဋ္ဋတီတိ ဂေါနိသာဒိယာ အဘာဝေန သေသကပ္ပိယကုဋိသု တီသု ယာ ကာစိ ကပ္ပိယကုဋိ ကာတဗ္ဗာတိ အတ္ထော-ဟူသော ဝိမတိဝိနောဒနီ ဋီကာ (၂။ ၁၇၉-၉၀)လာ နယဒဿနကို ထောက်ရှု၍ငင်း ကပ္ပိယကုဋိမရှိသော အရာမ်၌- "အနုဇာနာမိ ဘိက္ခဝေ သမ္မုတိံ ကပ္ပိယဘူမိံ ပရိဘုဉ္ဇိတုံ"ဟူ၍ ခွင့်ပြုတော်မူအပ်သော မဟာဝါဘေသဇ္ဇက္ခန္ဓက ပါဠိတော် (၃၃၇)တို့ကို ထောက်၍ငင်း ထိုကျောင်းကို အကုန်အစင် ဖျက်ဆီး၍ ဥဿာဝနန္တိကာ ကုဋိလက္ခဏာ ရောက်အောင် ပြန်လည်ဆောက်လုပ်၍ ဥဿာဝနန္တိကာ ကပ္ပိယကုဋိ ဖြစ်အောင် ပြုလုပ်အပ်သည်။

ကျောင်းကို မဖျက်ဆီးမူ၍ တံတိုင်းမီးတား အာဂါအရံကိုသာ အလုံးစုံဖြစ်စေ၊ ထက်ဝက်အောက် ယုတ်နည်းအောင် ဖြစ်စေ၊ ဖျက်ဆီး၍ ဂေါနိသာဒိက ကပ္ပိယကုဋိဖြစ်အောင် ပြုလုပ်အပ်သည်။

ယခုကျောင်းသည် ပုဂ္ဂလိကကျောင်းဖြစ်လျှင် ထိုကျောင်းကို လူသာမဏေအား ပေးစွန့်ပြီးလျှင် လူသာမဏေ၏ ဥစ္စာဖြစ်စေပြီးမှ ဝိနည်းကံနှင့်အညီ ဂဟပတိကုဋိလက္ခဏာရောက်အောင် "ကပ္ပိယကုဋိံ ဝိဟာရံ ကပ္ပိယကုဋိံ ကာတုံ ဒေမ"-ဟု နှုတ်မြွက်လျှုဒါန်းစေ၍ ဂဟပတိကပ္ပိယကုဋိဖြစ်အောင် ပြုလုပ်အပ်သည်။

သံဃိကကျောင်းဖြစ်မူကား—

အာဂတာနာဂတ စာတုဒ္ဒိသာ သံဃိက အဝိဿဇ္ဇိယ ဂရုဘဏ်ဖြစ်သောကြောင့် လူသာမဏေအား ပေးစွန့်၍ မရကောင်း။ ထိုကြောင့် ဂဟပတိကုဋိပြုခြင်းငှါ မရအပ်။ မဟာဝါဘေသဇ္ဇက္ခန္ဓက၌ ခွင့်ပြုတော်မူအပ်သော ဉတ္တိဒုတိယ ကမ္မဝါစာဖြင့် သမုတ်၍ သမ္မုတိကပ္ပိယကုဋိဖြစ်အောင် ပြုလုပ်အပ်သည်။ ဤကား ကပ္ပိယကုဋိလေးလုံးစလုံး ယထာရဟဖြစ်အောင် ပြုလုပ်ပုံ အစီအရင် အကျဉ်းတည်း၊ အကျယ်ကို ဘေသဇ္ဇက္ခန္ဓက အဋ္ဌကထာ၌ ရှင်းလင်းသိသာ ကျယ်ဝန်းစွာ လာပြီးဖြစ်၍ လျစ်လျူရှုလိုက်သည်၊ ထိုမှ ယူပါ။

ဒုတိယပုစ္ဆာ၏ အဖြေ ပြီး၏။

## မှာထားချက်

ဆိုအပ်ပြီးသောအတိုင်း ကပ္ပိယကုဋိလေးလုံးစလုံး ပြုလုပ်၍ ဖြစ်ကောင်းသော အစီအရင် ရှိငြားသော်လည်း ယခုမေးလျှောက်အပ်သော ဦးပဏ္ဍိတ၏ ကျောင်းကိုကား ဥတ္တိဒုတိယကမ္မ-ဝါစာဖြင့် သမုတ်၍ သမ္မုတိကပ္ပိယကုဋိ ပြုလုပ်ခြင်းသည်သာ ရှေးသဘောမှ မလျှောမကျ၊ ပါကတိကဖြစ်၍ ချမ်းသာလွယ်ကူသည်ဟု မှတ်ယူပါလေဦး ဦးပဏ္ဍိတ။

ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့် ကွင်းပုံကျောင်း ဦးပဏ္ဍိတ မေး လျှောက်အပ်သည်ကို တမ္ဗဝတီဆရာတော် လွှဲအပ်ချက်အရ အမရပူရ ဆရာတော် ဝိနယော-ပဒေသကောင်းစွာပြုလျက် ဖြေကြားအပ်သော ဝိမတိစ္ဆေဒနီကထာ ပြီး၏။

## ဤအဆုံး အဖြတ်၌ ပါသော ပါဠိအဋ္ဌကထာစသည်တို့ကို ကခ-စသော အမှတ်စဉ်အတိုင်း အနက်ပြန်ဆိုလိုက်အံ့

(က) ပန၊ အဘိုတပါးကား။ တဒည်၊ ထိုနေရာကျောင်းမှတပါးသော။ ဥပေါသထာဂါ-ရာဒိ၊ ဥပုသ်အိမ်အစရှိသော။ သဗ္ဗံ၊ အလုံးစုံသော။ အနိဝါသဂေဟံ၊ မနေထိုင်သောကျောင်း သည်။ စတုကပ္ပိယဘူမိဝိမုတ္တာ၊ လေးပါးသော ကပ္ပိယကျောင်းမှ လွတ်သော။ ပဉ္စမီ၊ ငါးခု မြောက်သော။ ကပ္ပိယဘူမိ၊ အပ်သောကျောင်းမည်၏။ ဟိ၊ မှန်၏။ သံဃသန္တကေ၊ သံဃာ၏ ဥစ္စာဖြစ်သော။ တောဒိသေ၊ ထိုသို့သဘောရှိသော။ ဂေဟေပိ၊ ကျောင်း၌လည်း။ သဋ္ဌု၊ ကောင်းစွာ။ ပရိက္ခိတ္တာရာမတ္တေ၊ တံတိုင်း စသော အကာအရံရှိသည်။ သတိပိ၊ လည်း။ အဗ္ဘောကာသေ ဝိယ၊ လွင်တီးကောင်၌ကဲ့သို့။ အန္တောဝုတ္ထာဒိဒေါသော၊ မအပ်သောကျောင်း၌ သိုမှီးခြင်းအစရှိသော အပြစ်သည်။ နတ္ထိ၊ မရှိ။ ယေနကေနစိ၊ တစုံတခုသော အရာဖြင့်။ ဆန္နေ စ၊ မိုးအပ်သည်လည်းဖြစ်သော။ ပရိစ္ဆန္နေ စ၊ ထက်ဝန်းကျင်မှ ကာရံအပ်သည်လည်း ဖြစ်သော။ သဟ-သေယျပ္ပဟောနကေ၊ သဟသေယျအာပတ်သင့်လောက်သော။ ဘိက္ခုသဿ ဝါ၊ ၏ရင်း။ သံဃဿ ဝါ၊ ၏ရင်း။ နိဝါသဂေဟေ၊ နေထိုင်ရာကျောင်း၌။ အန္တောဝုတ္ထာဒိဒေါသော။ သည်။ အတ္ထိ၊ ရှိ၏။ အညတ္ထ၊ တပါးသော ကျောင်း၌။ န အတ္ထိ၊ ရှိသည် မဟုတ်။ ဝါ-မရှိ။ (ဝိမတိ၊ ၂။ ၁၉၀)

(ခ) ဟိ သစ္စံ၊ မှန်၏။ သံဃသန္တက မေဝ၊ သံဃာ၏ ဥစ္စာသာလျှင်ဖြစ်သော။ ဂေဟံ ဝါ၊ ကျောင်းသည်၎င်း။ ဘိက္ခုသန္တကံ၊ ရဟန်း၏ ဥစ္စာ ဖြစ်သော။ ဂေဟံ ဝါ၊ သည်၎င်း။ ဂဟပတိ-ကုဋိကာ၊ ဂဟပတိကုဋိသည်။ ဝါ–ဒါယကာတို့ လှူသော ကျောင်းသည်။ န ဟောတိ၊ မဖြစ်။ (ဝိ၊ ဋ္ဌ၊ ၃။၃၇၁။ ဝိ၊ သင်္ဂဟ။ ၁၁၀)

(ဂ) ပန၊ ဆက်ဦးအံ့။ ပဌမထမ္ဘံ ဝါ၊ ရှေးဦးစွာသော တိုင်ကိုသော်၎င်း။ ပဌမဘိတ္တိ ပါဒံ ဝါ၊ ရှေးဦးစွာသော နံရံခြေကိုသော်၎င်း။ ဝါ၊ အုတ်မြစ်ကိုသော်၎င်း။ ပတိဋ္ဌာပေန္တာဟိ၊ တည်စေကြ ကုန်သော။ ဗဟူဟိ၊ များစွာကုန်သော။ ဘိက္ခူဟိ၊ ရဟန်းတို့သည်။ သမ္ပရိဝါရေတွာ၊ ဝိုင်းရံ၍။ ပ။ ပတိဋ္ဌာပေတဗ္ဗော၊ တည်စေအပ်၏၊ (ဝိ၊ ဋ္ဌ၊ ၃။ ၃၇၆။ ဝိ၊ သင်္ဂဟ။ ၁၀၉)

(ဃ) ကပ္ပိယကုဋ္ဋိ လဒ္ဓုံ ဝဋ္ဋတီတိ၊ ကား။ ဂေါနိသာဒိယာ၊ နွားတို့ ဝင်ရောက်နိုင်သော ဂေါနိသာဒိ မည်သော ကျောင်း၏။ အဘာဝေန၊ မရှိခြင်းကြောင့်။ တီသု၊ သုံးပါးကုန်သော။ သေသကပ္ပိယကုဋီသု၊ ကြွင်းသောကပ္ပိယ ကျောင်းတို့တွင်။ ယာ ကာစိ၊ တစုံတခုသော။ ကုဋ္ဋိ၊ ကျောင်းကို။ ကာတဗ္ဗာ၊ ပြုအပ်၏။ ဣတိ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ (ဝိမတိ၊ ၂။ ဂ၆။–၉၀)

(င) ဘိက္ခုဝေ၊ ရဟန်းတို့။ သမ္မုတိ၊ သမုတ်အပ်ပြီးသော။ (ကမ္မဝါစာယ သမ္မန္နိတဗ္ဗာတိ သမ္မုတိ။ ဝိနာယာလင်္ကာရ၊ ဋီ၊ ၁။ ၂၀၅) ကပ္ပိယဘူမိ၊ အပ်သောကျောင်းကို။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင်ခြင်းငှါ။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ (ဝိ၊ ၃။ ၃၃၇)

(စ) ဣမံ ဝိဟာရံ၊ ဤကျောင်းကို။ ကပ္ပိယကုဋိ၊ အပ်သောကျောင်းကို။ ကာတုံ၊ ပြုခြင်းငှါ။ ဒေမ၊ ပေးလှူကြပါကုန်၏။ (ဝိ၊ ဋ္ဌ၊ ၃။ ၃၈၀။ ဝိ၊ သင်္ဂဟ။ ၁၁၀)

---

## ဂ–ကောသိမ နာဒ္ဒူပစာရာဒိ ဝိမတိစ္ဆေဒနီ

ဆရာတော်ဘုရားသို့–
ဘုရားကြီးတိုက်
တောင်ပြင်၊ မန္တလေး။

တပည့်တော် စာအားဖြင့် လျှောက်ထားဝံ့ပါသည် ဆရာတော်သခင် အရှင်သူမြတ်ဘုရား။

အကြောင်းမှာ တခုတည်းသော သံဃိက ကျောင်းတိုက်ကြီး၌ သုံးပါးသော တပည့်ကြီးတို့ အား အသီးအသီးသော နေရာကို သတ်မှတ်၍ အစောင့်အရှောက် အပ်နှင်းသဖြင့် လှည်းလမ်း လူလမ်းတို့ဖြင့် မခြားစေသည့်ပြင် ၎င်းတို့ဖြင့် မလုံခြုံသော အရာမ်မျဉ်းတား ပြုလုပ်၍ နေထိုင် ကြသော ဆရာကျောင်းနှင့် တကွ ထို လေးကျောင်းတို့၌ ကထိန်လာဘ်များကို ခွဲသင့် မခွဲသင့်၊ ခွဲ မခွဲ အကျိုးအပြစ်တို့၌ ယုံမှားသံသယ ဒွိဟ ဖြစ်နေပါသဖြင့် သံသယမချဉ်း အဓိပ္ပါယ် ရှင်းလင်း အောင် ဟောပြောပြသ ဆုံးမည္သန်ကြားတော်မူပါမည့်အကြောင်းကို စာအားဖြင့် လျှောက်ထား လိုက်ဝံ့ပါသည် ဆရာတော်သခင် အရှင်သူမြတ်ဘုရား။

တပည့်၏ သံသယကို အနည်းငယ်ထုတ်ဖော်၍ လျှောက်ထားပါရစေ ဘုရား–

အဆိုပါလေးကျောင်းသည် လှည်းလမ်း လူလမ်းတို့ဖြင့် မလုံခြုံသော်လည်း အရာမ်မျဉ်း တား ရှိ၍ တခုတည်းသောကထိန်ကို ခင်းသော် ကျန် ကျောင်း၌ နေသော သံဃာတော်များမှာ အာနိ သင် မရထိုက်ဟု ထင်နေပါသည် ဘုရား။

နာဒ္ဒူပစာရ ယူဆ ပုံကိုလည်း သေနာသနက္ခန္ဓက စကားနှင့် တေရသကဏ် စကားများကို ရှုပ်ထွေးနေပါသည် ဘုရား။ သို့ဖြစ်ပါ၍ အာနိသင် ရ မရနှင့် နာဒ္ဒူပစာရများကိုပါ ရှင်းလင်း

အောင် အမိန့်ရှိတော်မူပါရန် ဆက်လက်၍ လျှောက်ထားလိုက်ပါသည် ဆရာတော်သခင် အရှင် သူမြတ် ဘုရား။

အန္တေဝါသိက တပည့်ဟောင်း သုန္ဒရ
ပိဋကကျောင်း၊ အင်ကြင်းတောတိုက်
ဆိပ်ခွဲရွာ၊ ရွှေဘိုမြို့။

## ဆရာတော် ဖြေဆိုချက်

အထက်ပါတ‌ပည့် ရှင်သုန္ဒရ မေးလျှောက်အပ်သော ပုစ္ဆာများကို ပါဠိ အဋ္ဌကထာ ဋီကာ လာတိုင်း ညှိနှိုင်းထောက်ဆ ဝိနယောပဒေသကို ပြုလျက် ဖြေကြား ဆုံးဖြတ်ပေအံ့။

ကျောင်းတိုက်သည် ကေသိမကျောင်းတိုက်, နာနာသိမကျောင်းတိုက်အားဖြင့် နှစ်ပါး အပြား ရှိ၏။ ထိုတွင် ကာရံအပ်သော ကျောင်းတိုက် ဖြစ်အံ့၊ စီး, စောင်ရန်း, တံတိုင်း, မီးတား, အကာ အရံဖြင့် မကာရံအပ်သော ကျောင်းတိုက် ဖြစ်အံ့၊ တခုသော စီး, စောင်ရန်း, တံ ဘိုင်း, မီးတား အကာအရံ ထိုက်ရာအရပ်ဖြင့် ပိုင်းခြားအပ်သော တခုသော ဥပစာရှိသော ကျောင်းတိုက်သည် ကေသိမ ကျောင်းတိုက်မည်၏။ တနည်း-မကာရံအပ်သော ကျောင်းတိုက် ဖြစ်အံ့၊ အကာအရံ ထိုက်ရာအရပ်ဟု ဆိုအပ်သော ပဌမ ခဲတကျ, ထိုမှ ဒုတိယ ခဲတကျ တို့၏ အတွင်းအရပ်ဟု ဆိုအပ်သော တခုသော ဥပစာရှိသော ကျောင်းတိုက် မည်၏။ ဆိုအပ်ခဲ့ပြီးသော နည်းအားဖြင့် အသီးအသီးသော ဥပစာရသိမ်ရှိသော ကျောင်းတိုက်သည် နာနာသိမကျောင်းတိုက် မည်၏။ ထို့ကြောင့် မဟာဝါစီဝရက္ခန္ဓက အဋ္ဌကထာ (၄၁၇)၌—

> ဥပစာရသီမာ ပရိက္ခိတ္တဿ ဝိဟာရဿ ပရိက္ခေပေန အပရိက္ခိတ္တဿ ဝိဟာရဿ ပရိက္ခေပါရဟဋ္ဌာနေန ပရိစ္ဆိန္နာ ဟောတိ။ အပိ စ ဘိက္ခူနံ ဓုဝသန္နိပါတဋ္ဌာနတော ဝါ ပရိယန္တေ ဌိတဘောဇနသာလတော ဝါ နိဗဒ္ဓဝသနကအာဝါသတော ဝါ မဇ္ဈိမဿ ပုရိသဿ ဒွိန္နံ လေဍ္ဍုပါတာနံ အန္တော ဥပစာရသီမာတိ ဝေဒိတဗ္ဗာ– ဟု မိန့်အပ်ပြီ။

ဂဏ်းအဖွင့် သာရတ္ထဋီကာ (တ၊ ၃၄၄) ၌—

> ပရိက္ခေပါရဟဋ္ဌာနေန ပရိစ္ဆိန္နာတိ ဣမိနာ အပရိက္ခိတ္တဿ ဝိဟာရဿ ဓုဝသန္နိပါတဋ္ဌာနာဒိတော ပဌမလေဍ္ဍုပါတဿ အန္တော ဥပစာရသီမာတိ ဒဿေတိ။ ဣဒါနိ ဒုတိယလေဍ္ဍုပါတဿ အန္တောပိ ဥပစာရသီမာယေဝါတိ ဒဿေတုံ အပိ စာတိ အာဒိ အာရဒ္ဓံ။ ဓုဝသန္နိပါတဋ္ဌာနမ္ပိ ပရိယန္တဂ္ဂတမေဝ ဂဟေတဗ္ဗံ။ ဘိက္ခုနီနံ အာရာမပ္ပဝေသနသေနာသနပုစ္ဆနာဒိ ပရိဝါသမာနတ္တာရောစန ဝဿစ္ဆေဒ နိဿယသေနာသနဂ္ဂါဟာဒိ ဝိဓာနန္တိ ဣဒံ သဗ္ဗံ ဣမိဿာယေဝ ဥပစာရသီမာယ ဝသေန ဝေဒိတဗ္ဗံ–ဟူ၍ မိန့်အပ်ပြီ။

ကေသိမဝိဟာရ နာနာသိမဝိဟာရ ပုဒ်တို့၌ သိမာ အရကိုလည်း ဥပစာရသိမ်ကိုသာ ယူအပ်သည်။ ထို့ကြောင့် စီဝရက္ခန္ဓက သာရတ္ထဋီကာ (တ၊ ၃၄၃) ၌ ကေသိမာဝိဟာရေဟိတိ

ကေူပစာရသီမာယံ ဒွိဟိ ဝိဟာရေဟိ-ဟူ၍ရင်း, ဝိမတိဝိနောဒနီဋီကာ (ဒု၊၂၀၀) ၌ ကေသီမာ-ဝိဟာရေဟိတိ ဒွိန္နံ ဝိဟာရာနံ ဧကေန ပါကာရေန ပရိက္ခိတ္တတ္တာ ကောယ ဥပစာရသီမာယ **အန္တောဂဓေဟိ** ဒွိဟိ ဝိဟာရေဟိ-ဟူ၍ရင်း မိန့်အပ်ပြီ။

(**မှတ်ချက်**) ဤဋီကာ ဟိတ်ပါဌ်ဖြင့် ကေသီမ ပရိက္ခိတ္တ ကျောင်း၌သာ နာနူပစာရ ရအပ်သည်။ ကေသီမ အပရိက္ခိတ္တ ကျောင်း၌ကား နာနူပစာရ မရအပ်-ဟု ပြ၏။

ထိုတွင် – လျှောက်လွှာပါကျောင်းကို တခုသော သံဃိက ကျောင်းတိုက်ကြီး၌—— ဟူသော စကားဖြင့် ကေသီမကျောင်းတိုက်-ဟု သိအပ်၏။ တဖန်- ကေသီမကျောင်းတိုက်သည် ကေသီမ ကေူပစာရကျောင်းတိုက်, ကေသီမ နာနူပစာရကျောင်းတိုက်-ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် အသီးအသီးတံတိုင်း စသော ဝင်းခြံ ပရိဝုဏ် အကာအရံ အသီးသီးသော တံခါးမရှိသော နှစ်ကျောင်း သုံးကျောင်း စသည်ရှိသော ရှေး၌ ဆိုအပ်ခဲ့ပြီးသော လက္ခဏာရှိသော ကေသီမ ကျောင်းတိုက်သည် ကေသီမ ကေူပစာရ ကျောင်းတိုက် မည်၏။ အသီးအသီးသော တံတိုင်း စသော ဝင်းခြံ ပရိဝုဏ် အကာအရံ အသီးအသီးသော တံခါးရှိသော နှစ်ကျောင်း သုံးကျောင်း စသည်ရှိသော ရှေး၌ဆိုအပ်ပြီးသော လက္ခဏာရှိသော ကေသီမ ကျောင်းတိုက်သည် ကေသီမ နာနူပစာရ ကျောင်းတိုက်မည်၏။ ထိုကြောင့် သာရတ္ထ ဋီကာ (တ၊ ၃၄၃) ၌၊ နာနာ ဝိသုံ ဝိသုံ ပါကာရာဒီဟိ ပရိစ္ဆိန္နော ဥပစာရော ဧတေသန္တိ နာနူပစာရာ ဟူ၍ရင်း၊ ၎င်းဝိမတိဝိနောဒနီဋီကာ (ဒု၊ ၂၀၀) ၌၊ နာနူပစာရေဟိတိ နာနာပရိက္ခေပ နာနာဒွါရေဟိ-ဟူ၍ရင်း မိန့်အပ်ပြီ။

## ကေသီမ ကေူပစာရကျောင်း

ထိုတွင် ယခု လျှောက်လွှာပါ ကျောင်းတိုက်ကို "သုံးပါးသော တပည့်ကြီးတို့အား ။လ။ မလုံခြုံသော အရာမ်မျဉ်းတား ပြုလုပ် နေထိုင်ကြသော ဆရာ ကျောင်းနှင့်တကွ ထိုလေးကျောင်းတို့၌" ဟူသော စကားဖြင့် ကေသီမ ကေူပစာရကျောင်းဟု သိအပ်၏။

တကျောင်းနှင့် တကျောင်း အချင်းချင်း ဥပစာနှစ်ရပ် မစပ်လပ်ခြား အသီးအသီး ကွဲပြားခြင်းသည် တံတိုင်းစသော ဝင်းခြံ ပရိဝုဏ် အကာအရံ တို့ဖြင့်သာ ပြီးလေရကား အသီးအသီး ဥပစာရှိသော (နာနူပစာရ) ကျောင်းတို့ဟူကုန်သည် တံတိုင်းစသော ဝင်းခြံ ပရိဝုဏ် အကာအရံ တို့ဖြင့် အသီးအသီး ကာဆီးပိုင်းခြား အပ်သော ဥပစာရရှိသော ကျောင်းတို့တည်းဟု လိုရင်း အနက် ပေါ်ထွက် သိသာရုံမျှ ဝစနတ္ထ ကိုသာ နာနာ ဝိသုံ ဝိသုံ ပါကာရာဒီဟိ ပရိစ္ဆိန္နော ဥပစာရော ဧတေသန္တိ နာနူပစာရာ-ဟူ၍ တေရသကဏ်ဋီကာရှင် ဖွင့်ပြတော်မူသည်။ လုံခြုံစွာ ကာဆီး ပိုင်းခြား အပ်သော အကာအရံရှိသော ကျောင်းတို့သည်သာ နာနူပစာရကျောင်းမည်ကုန်၏ ဟူ၍ရင်း မလုံခြုံသော်လည်း မှတ်သားနိုင်ရုံမျှ အကာအရံရှိသောကျောင်းတို့သည်လည်း နာနူပစာရကျောင်း မည်ကုန်၏ဟူ၍ရင်း ကွဲပြားခြားနားသော ဝိသေသသရူပတ္ထကိုကား ဖွင့်ပြတော်မမူ။

ဝိမတိဝိနောဒနီဋီကာရှင်ကား ရှေးဋီကာကြီး၌ မထင်ကွယ်ဝှက် ငုပ်နက်နေသော ဝိသေသ-သရူပတ္ထကို ပြက်တက်ပြင်ထင် သိမြင်စေခြင်းငှါ နာနူပစာရေဟိတိ နာနာပရိက္ခေပ နာနာ-ဒွါရေဟိ-ဟု ဖွင့်ပြတော်မူသည်။

ချုပ်ဦးအံ့။ ။ဋီကာကြီး၌ ဝစနတ္ထသာမည လာသည့်အတိုင်း လုံခြုံသည်ဖြစ်စေ၊ မလုံခြုံသည် ဖြစ်စေ၊ တံတိုင်းစသော ဝင်းခြံ ပရိဝုဏ် အကာအရံရှိလေသမျှ ကျောင်းတို့သည် နာနူပစာရ ကျောင်းတို့ချည်း မည်ကုန်သည်ဖြစ်အံ့၊ နာနူပစာရေဟိတိ နာနာပရိက္ခေပေဟိ-ဟူ၍သာ ဖွင့်ပြ ရာ၏။ နာနာ ပရိက္ခေပ နာနာ ဒွါရေဟိ-ဟူ၍ ဒွါရသဒ္ဒါ အပိုထည့်ကာ မဖွင့်လေရာ။ ထိုစကား မှန်၏၊ တကျောင်းနှင့် တကျောင်း ကူးပြောင်း ဝင်ထွက် သွားလာ သုံးဆောင်နိုင်လောက်အောင် အရံကွက်ကြား ချန်ထားပေါက်ပျက် မြေဥပစာချင်း ရောယှက်နေသော မလုံခြုံသောကျောင်း တို့၌ အသီးအသီး တံခါးမရှိသော်လည်း ဝင်ထွက်သွားလာ သုံးဆောင်နိုင်ရကား နာနာ ဒွါရ အင်္ဂါမလို ဒွါရသဒ္ဒါထည့်၍ ဖွင့်ခြင်းသည် အပိုသက်သက်သာ ဖြစ်ရာသည်။ ဆိုအပ်ပြီးသည်မှ ပြန်သော လုံခြုံသော အကာအရံရှိသော ကျောင်းတို့၌ကား အသီးအသီး တံခါး ရှိသော်သာ ဝင်ထွက်သွားလာ သုံးဆောင်နိုင်သည်။ အသီးအသီး တံခါးမရှိက မသုံးဆောင်နိုင်ရကား နာနာ ဒွါရ အင်္ဂါလိုသည်။ ဒွါရသဒ္ဒါ ထည့်၍ ဖွင့်ခြင်းသည် အကျိုးရှိသည်၊ ထည့်ဖွင့်မှ ပြည့်စုံသည်။ ထို့ကြောင့် ဋီကာကြီး၏ သရူပတ္ထ ကြွင်းကို ဆက်၍ဖွင့်သော ဝိမတိဝိနောဒနီဋီကာ လာသော အတိုင်းသာ အသီးအသီး တံခါးမရှိက မဝင်ထွက် မသွားလာ မသုံးဆောင် နိုင်လောက်အောင် လုံခြုံသော အသီးအသီး အကာအရံ ရှိကုန်သော အသီးအသီး တံခါး ရှိကုန်သော ကျောင်းတို့ သည်သာ နာနူပစာရကျောင်း မည်ကုန်၏။ အချင်းချင်း ဝင်ထွက် သွားလာ သုံးဆောင်နိုင် လောက်အောင် မလုံခြုံသော အကာအရံ ရှိသော ကျောင်းတို့သည် နာနူပစာရကျောင်း မမည် ကုန်ဟု သန္နိဋ္ဌာန်ကျ သိမြင် မှတ်ယူအပ်သည်။

ဤသို့သော သံဝဏ္ဏနာ အာဘောဂတို့ကို ကျနအောင် ယူဆ၍ အောက်၌ ဆုံးဖြတ်အပ်ပြီး သော လျှောက်လွှာ၌ ပါသော ကေသိမ ဧကူပစာရကျောင်းတိုက်၌ လေးကျောင်းရှိ ရဟန်းတို့ကို အညီအညွတ် စည်းဝေး၍ တနေရာတည်း၌သာ ကထိန် ခင်းအပ်၏၊ အသီးအသီး ခွဲခြာ၍ ကထိန် ခင်းခြင်းငှါ မအပ်။ ခင်းသော်လည်း မမြောက်၊ အာနိသင် မရ-ဟု ယုံမှားကင်းကွာ မှတ်ယူရာသည်။

ထို့ကြောင့် ကထိနက္ခန္ဓက အဋ္ဌကထာ (၃၉၁) ၌—

သစေ ပန ဧကသီမာယ ဗဟူ ဝိဟာရာ ဟောန္တိ၊ သဗ္ဗေ ဘိက္ခူ သန္နိပါတေတွာ ဧကတ္ထ ကထိနံ အတ္ထရိတဗ္ဗံ။ ဝိသုံ ဝိသုံ အတ္ထရိတုံ န ဝဋ္ဋတိ-ဟူ၍ မိန့်အပ်ပြီ။

ဝိနယာလင်္ကာရဋီကာ (ဒု၊ ၁၂၁) ၌—

ကထိနတ္ထရဏံ နာမ န သံဃကမ္မံ၊ ပုဂ္ဂလကမ္မမေဝ ဟောတိ၊ တသ္မာ ဝဿူပ-နာယိကခေတ္တဘူတာယ ဥပစာရသီမာယ ကာတဗ္ဗာ ဟောတိ-ဟူ၍ရင်း၊

ဝဇိရဗုဒ္ဓိဋီကာ (၄၉၀) ၌—

ကေသိမာယာတိ ကေဥပစာရသီမာယာတိ အတ္ထော ယုဇ္ဇတိ–ဟူ၍ရင်း မိန့်အပ်၏။

မူလပုစ္ဆာ၏ အဖြေ ပြီး၏။

---

## နောက်ဆက်တွဲ သံသယ

နောက်ဆက်တွဲ သံသယ နှစ်ချက်တွင် အရှံမျဉ်းတား ရှိနေ၍ ခင်းအပ်သော တခုတည်းသော ကထိန်သည် ကျန်ကျောင်း၌နေသော သံဃာများမှာ အာနိသင် မရထိုက်ဟု ဖြစ်သော ပဌမ သံသယသည် ဝဇိရဗုဒ္ဓိဋီကာ, ထိုဋီကာမှ ယူအပ်သော အဆုံးအဖြတ်တို့ကို မှီ၍ ဖြစ်ဟန်ရှိသည်။ ထို့ကြောင့် ထို ဋီကာကို အကြမ်းအားဖြင့် လေးပိုင်း ခွဲခြား ထုတ်ပြ၍ တိုတို ကျဉ်းကျဉ်း ရှင်းလိုက်အံ့။

၁။ အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာပိ န လဘန္တီတိ ဣဒံ ကိံ ကေသိမသ္မိံ၊ ဥဒါဟု နာနာသီမသ္မိံတိ၊ စောဒနာ။

၂။ ကိဉ္စေတ္ထ ယဒိ တာဝ ကေသိမသ္မိံ။ ပရတော “သစေ ပန ကေသိမာယ ဗဟူ ဝိဟာရာ ဟောန္တိ၊ သဗ္ဗေ ဘိက္ခူ သန္နိပါတေတွာ ကေတ္ထ ကထိနံ အတ္ထရိတဗ္ဗံ။ ဝိသုံ ဝိသုံ အတ္ထရိတုံ န ဝဋ္ဋတိ” တိ ဣမိနာ အဋ္ဌကထာ ဝစနေန ဝိရုဇ္ဈတိ။ ဣဒဉ္စ ဝစနံ သဗ္ဗေသံယေဝ ကော ကထိနတ္ထာရောတိ ဒီပေတိ။ ပဌမ အယုတ္တိပြ အာဘောဂ။

၃။ အထ နာနာသီမသ္မိံ ဥပနန္ဒဿ ကောဓိပ္ပါယ ဒါနာနုမတိယာ ဝိရုဇ္ဈတိ။ ဝုတ္တဉ္စေတံ “ဒေထ ဘိက္ခဝေ တဿ မောဃပုရိသဿ ကောဓိပ္ပါယ” န္တိ။ ဣဒဉ္စ ဝစနံ ဒွိသုပိ အာဝါ-သေသု တဿ ကထိနတ္ထာရသိဒ္ဓိံ ဒဿေတီတိ။ ဒုတိယ အယုတ္တိပြ အာဘောဂ။

၄။ အဝိရောဓော ဣစ္ဆိတဗ္ဗော အပ္ပဋိသိဒ္ဓတ္တာ။ တသ္မာ ကေသိမသ္မိံ ဝါ နာနာသီမသ္မိံ ဝါ နာနူပစာရေ အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာပိ န လဘန္တီတိ အဓိပ္ပါယော ဝေဒိတဗ္ဗော။ ပရိဟာရ ဝိနိစ္ဆယ။

၁။ စောဒနာဘာသာပြန်။ ။အညသ္မိံ။လ။ န လဘန္တိ ဟူသော ဤစကားကို ကေသိမ ကျောင်းတိုက်၌ အလိုရှိအပ်သလော၊ ထိုသို့မဟုတ် နာနာသီမကျောင်းတိုက်၌ အလိုရှိ အပ်သလော။ ရှင်းရန်မလို။

၂။ ပဌမ အယုတ္တိပြ အာဘောဂဘာသာပြန်။ ။ဤအမေး၌ စိုးစဉ်းသော စောဒနာကြွင်း ကား ရှေးဦးစွာ “အညသ္မိံ ။လ။ န လဘန္တိ” ဟူသော ဤစကားကို ကေသိမကျောင်း၌ အလိုရှိအပ်သည်ဖြစ်လျှင် နောက်နား၌ (ဆိုထားသော) တခုသော ဥပစာရသိမ်ရှိသော **(ကေသိမ) ကျောင်းတိုက်၌ များစွာသော ကျောင်းတို့သည် အကယ်၍ ဖြစ်ကုန်ငြားအံ့၊**

တတိုက်လုံးရှိအလုံးစုံသော ရဟန်းတို့ကို စည်းဝေးစေ၍ တနေရာတည်း၌ ခင်းအပ်သည်။ အသီးအသီး (တကျောင်းလျှင် ကထိန်တခုစီ) ခင်းခြင်းငှါမအပ်ဟူသော အဋ္ဌကထာ စကားနှင့် ဆန့်ကျင်ရာသည်။ ထိုစကားမှန်၏။ ဤ "သစေ ပန" ချီသော အဋ္ဌကထာ စကားသည် တတိုက်လုံးရှိ အလုံးစုံသော ရဟန်းတို့အား တခုတည်းသာဖြစ်သော ကထိန် ခင်းခြင်းဖြစ်၏ ဟူသော အနက်ကို ပြ၏။

ရှင်းချက်။ ။ပြဆိုသည့် အတိုင်းပင် " **ကေသိမ ကျောင်းတိုက်၌ ကထိန်ခင်းရာ** ကျောင်းမှတပါးသော ကျောင်း၌ ဝါကျွတ်သော ရဟန်းတို့သည်လည်း မရ" ဟူသော စကားသည် "ကေသိမကျောင်း၌ ကျောင်းအများရှိလျှင် တတိုက်လုံးရှိ ရဟန်းကုန် စည်းဝေးစေ၍ တနေရာတည်း၌သာ ခင်းအပ်သည်၊ အသီးအသီး ခင်းခြင်းငှါ မအပ်" ဟူသော တတိုက်လုံးရှိသမျှ ရဟန်းတို့အား ကထိန်တခုသာဟု ပြသောစကားနှင့် အမှန်ပင် ဆန့်ကျင်လေရကား ဤပဌမ အယုတ္တိပြ အာဘောဂသည် သင့်လှပေသည်။

၃။ ဒုတိယ အယုတ္တိပြ အာဘောဂဘာသာပြန်။ ။"အညသ္မိံ ။ပ။ န လဘန္တိ" ဟူသော ဤစကားကို အသီးအသီး ဥပစာရသိမ်ရှိသော ကျောင်းတိုက်၌ အကယ်၍ အလိုရှိ အပ်သည်ဖြစ်အံ့။ ဥပနန်အား တခုသော ရဟန်းတပါးအကျိုးငှါ လိုအပ်သောအဘို့ (တပါးတွက်) ကို ပေးခြင်းကိုခွင့်ပြုတော်မူခြင်းနှင့် ဆန့်ကျင်သည်။ **ထိုစကားမှန်၏။** ဒေထ။ပ။ ကောဓိပ္ပါယံ-ဟူသော ထိုစကားကို ဟောအပ်၏။ ထိုစကားမှန်၏။ ဤ ဒေထ ဘိက္ခဝေ စသော စကားသည် (ခံထားအပ်သော) နှစ်ခုသော ကျောင်းတို့၌ ရှင်ဥပနန်အား ကထိန်ခင်းခြင်း၏ ပြီးခြင်းကို ပြသည်။

ရှင်းချက်။ ။နာနာသိမ ကျောင်းတိုက်၌ ကထိန်ခင်းရာကျောင်းမှ တပါးသော ကျောင်း၌ ဝါကျွတ်သောရဟန်းတို့သည် ကထိန်မရဟူသော စကားသည် ကေသိမ ကျောင်းတိုက်၌ နှစ်ကျောင်းခံသော ဥပနန်အား တပါးတွက် နှစ်ကျောင်း လာဘ် ပေးရသည်နှင့် မဆန့်ကျင် တပြင်စီသာ ဖြစ်လေရကား ဤ ဒုတိယ အယုတ္တိပြ အာဘောဂသည် မသင့်အနေတည်း။ ထိုစကားမှန်၏။ အကယ်၍ ဥပနန်အား တပါး တွက်ပေးရန် နာနာသိမ ကျောင်းတို့ဖြင့်ခွင့်ပြုတော်မူငြားအံ့၊ ဟုတ်ပေရာ၏။ စင်စစ် သော်ကား ကေသိမနာနူပစာရကျောင်းတို့ဖြင့်သာ ခွင့်ပြုတော်မူ၏၊ နာနာသိမကျောင်း တို့ဖြင့် ခွင့်မပြု။ နာနာသိမကျောင်းတိုက်၌ နှစ်ကျောင်းခံလျှင် ကျောင်းခံခြင်းငြိမ်းစဲ၍ ဝဿာဝါသိကလာဘ် မသက် မရတော့ပေ။

ထို့ကြောင့် စိဝရက္ခန္ဓက အဋ္ဌကထာ (၄၁၃)၌—

> ဧကာဒသ္မ နာနာလာဘေဟိ နာနူပစာရေဟိ ကေသိမာဝိဟာရေဟိ ကထိတံ။ နာနာသိမဝိဟာရေ ပန သေနာသနဂ္ဂါဟော ပဋိပ္ပဿမ္ဘတိ။ တသ္မာ တတ္ထ စီဝရပဋိဝိသော န ပါပုဏာတိ-ဟု မိန့်အပ်ပြီ။

ယခုရှင်းပြခဲ့သည့်အတိုင်း ဒုတိယအယူတွင်ပြ အာဘောဂသည် မသင့်သည်သာ ဖြစ်သောကြောင့် ထိုစောဒနာသည် အခွင့်အရာ မဟုတ်ပြီ။

၄။ ပရိဟာရ (ဝိနိစ္ဆယ) ဘာသာပြန်။ ။(နှစ်ကျောင်း၌ဖြစ်သော ဝဿာဝါသိက လာဘ်မှ တပါးတွက် မပေးရဟု ဥပနန်အား) မတားမြစ်အပ်သည်၏ အဖြစ်ကြောင့် (ကေသိမ နာနာသီမတို့နှင့်) မဆန့်ကျင်သော အဓိပ္ပါယ်ကို အလိုရှိအပ်၏။ ထို့ကြောင့် ကေသိမ ကျောင်းတိုက်၌သော်၎င်း, နာနာသီမကျောင်းတိုက်၌သော်၎င်း အသီးအသီး ဥပစာ (ပရိဝုဏ်) ရှိသော တပါးသောကျောင်း၌ ဝါကျွတ်သောရဟန်းတို့သည် မရကုန် ဟူသော အဓိပ္ပါယ်ကို သိအပ်၏။

## ရှင်းလင်း၍ အမှန်ကို ပြချက်

ဤဝိနိစ္ဆယကား ကေသိမ နာနူပစာရ ကျောင်းတိုက်ကြီးအတွင်းဝယ် အမှတ်မထင် တစုံတခုသော အရပ်၌ အရုဏ်တက်စေသည်ရှိသော် မိမိခံထားသောကျောင်းသို့ (ဝါ) မိမိနေမြဲကျောင်းသို့ မဝင်သော်လည်း (ထိုကျောင်း၌လည်း) ဝုတ္ထဝဿ (ဝါကျွတ်) သည်ပင် မည်သောကြောင့်၎င်း မိမိကိုယ်တိုင်လည်း အထက်စီဝရက္ခန္ဓက ဥပနန် ဝတ္ထု (၄၉၈)၌ ကေသိမ နာနူပစာရကျောင်း၌ သတ္တာဟ ကိစ္စမရှိသည်၏အဖြစ်ကို သတ္တာဟ ဝါရေန အရုဏံ ဥဋ္ဌာပေတိဟိ တော် စေနမတ္တမေဝ ကေဝ်ဟာရေ သတ္တာဟကိစ္စာဘာဝါတိ လိခိတံ။ ဟု ဆိုလတ့်သော စကားနှင့် ဆန့်ကျင်သောကြောင့်၎င်း အနှစ်သာရအားဖြင့် မမှတ်အပ် ပယ်ရှားစွန့်ပစ်နစ်စေအပ်သော ဝိနိစ္ဆယဟု မှတ်ယူရမည်။

ထို့ကြောင့် ဝိမတိဝိနောဒနီဋီကာ (ဒု- ၂၀၀)၌ လည်း

အညေ္တာ ဥပစာရသီမာယ ဟိ ယတ္ထကတ္ထစိ အရုဏံ ဥဋ္ဌာပေန္တော အတ္တနာ ဂဟိတ-သေနာသနံ အပ္ပဝိသိတွာပိ ဝုတ္ထဝဿော ဧဝ ဟောတိ–ဟူ၍ မိန့်အပ်ပြီ။

စင်စစ်သော်ကား ဤ“အညသ္မိံ ။လ။ န လဘန္တိ”ဟူသော စကားကို နာနာသီမကျောင်း၌သာ အလိုရှိအပ်သည်။

ထို့ကြောင့် ကထိနက္ခန္ဓက တေရသကဏ်ဋီကာ (တ၊ ၃၃၅)၌—

အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာပိ န လဘန္တီတိ နာနာသီမာယ အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာ ဣမသ္မိံ ဝိဟာရေ ကထိနတ္ထာရံ န လဘန္တီတိ အဓိပ္ပာယော-ဟူ၍ မိန့်အပ်ပြီ။

ယင်းသို့ ထုတ်ပြခဲ့ပြီးသော အဋ္ဌကထာဋီကာ သာဓကယုတ္တိ ဥပကတို့ကို ထောက်၍ ကေသိမ ကျောင်းတိုက်ဖြစ်က ကေူပစာရပင်ဖြစ်စေ၊ နာနူပစာရပင်ဖြစ်စေ အသီးအသီးမခင်းအပ်။ တခုသော အရပ်၌ တပေါင်းတည်းသာ ခင်းအပ်၏-ဟုသန္နိဋ္ဌာန်ကျ သိမြင်အပ်သောကြောင့် ယခုမေးလျှောက်အပ်သော ကေသိမကျောင်းတိုက်ကြီး၌ အရံမျဉ်းတားရှိ၍ ကခုသော ကထိန်ကို ခင်းသော်

ကျန်ကျောင်း၌နေသော သံဃာများမှာ အာနိသင် ရမှုရပါမည်လော-ဟု သဘောနှစ်ခု သံသယ မယှဉ် ထက်သန်သောသမ္ပဇဉ်ဖြင့် ကေန်ရထိုက်၏-ဟုသာ သိမြင်မှတ်ယူရမည်။

အမှာ။ ။ကထိန်လာဘ်ဖြစ်ရာကျောင်းနှင့် ဝဿူပနာယိကခေတ်-ဟု ဆိုအပ်သော ဥပစာရ သိမ်တူလျှင် ဧကသီမကျောင်း၊ အသီးအခြားကွဲပြားလျှင် နာနာသီမကျောင်း၊ ကထိန်လာဘ်ဖြစ်ရာ ကျောင်းနှင့် နာနာပရိဝေဏဖြစ်လျှင် နာနူပစာရဖြစ်တော့သည်ဟု မှတ်လေ တပည့် ရှင်သုန္ဒရ။

ပဥ္စမသံသယအဖြေ ပြီး၏။

ဒုတိယသံသယ လျှောက်လွှာသည် ပါဠိထုတ်ပြ၍ သံသယဖြစ်ဟန် မပါမရှိသောကြောင့်ရင်း၊ သေနာသနက္ခန္ဓကဋ္ဌ ဋီကာဝယ် နာနူပစာရအဖွင့် မလာမရှိမူ၍ အဋ္ဌကထာ၌ လာသော ဃရ၏ နာနူပစာရသည်လည်း သံသယဖြစ်လောက်အောင် ရှုပ်ထွေးခြင်း မရှိ တိတိကျကျ ဖွင့်ပြထား သောကြောင့်ရင်း အဖြေမပေးလိုက်ပြီ။ အဋ္ဌကထာဋီကာ ထက်အောက် နှီးနှော၍ သဘောမကျ ရှိလျှင် ပါဠိထုတ်ပြ၍ သံသယဖြစ်ဟန်ကို သေချာစွာ ရေး၍ မေးလေ တပည့် ရှင်သုန္ဒရ။

ဤမျှ အတိုင်းအရှည်ရှိသောစကားအစဉ်ဖြင့် ရွှေဘိုမြို့-ဆိပ်ခုံရွာ အင်ကြင်းတောတိုက် ပိဋက ကျောင်းနေ တပည့်ရှင်သုန္ဒရမေးလျှောက်အပ်သောပုစ္ဆာများကို သာသနာတော် စည်ပင်ပြန့်ပွား ထွန်းကားခြင်းကို လိုလားတောင့်တတော်မူပြီးလျှင် ပါဠိအဋ္ဌကထာ ဋီကာလာတိုင်း ညှိနှိုင်း ထောက်ဆ ဝိနယောပဒေသကိုပြလျက် ၁၃၀၄-ခု၊ ဝါခေါင်လဆန်း ၁-ရက်နေ့ မန္တလေးမြို့ ဒက္ခိဏာရာမတိုက် သာသနဇောတိကာရုံအုတ်ကျောင်း ဆရာတော်၏ အမိန့်ကို ဦးထိပ်၌ ပန်ဆင် လျက် အမရပူရဆရာတော် ဖြေကြားဆုံးဖြတ်အပ်သော ဝိမတိဝိနောဒနီကထာ ပြီးဆုံးလတ်ပြီ။

ဤအဆုံးအဖြတ်၌ပါသော ပါဠိအဋ္ဌကထာ စသည်တို့ကို
က—၁ စသော အမှတ်စဉ်အတိုင်း အနက်ပြန်လိုက်အံ့

(က) ဥပစာရသီမာ၊ ဥပစာရသိမ်သည်။ ပရိက္ခိတ္တဿ၊ ထက်ဝန်းကျင်မှ ကာရံအပ်သော။ ဝါ—တံတိုင်းစသော အကာအရံရှိသော။ ဝိဟာရဿ၊ ကျောင်း၏။ ပရိက္ခေပေန၊ တံတိုင်းစသော အကာအရံဖြင့်။ ပရိစ္ဆိန္နာ၊ ပိုင်းခြားအပ်သည်။ ဟောတိ၊ ဖြစ်၏။ အပရိက္ခိတ္တဿ၊ တံတိုင်းစသော အကာအရံမရှိသော။ ဝိဟာရဿ၊ ၏။ ပရိက္ခေပါရဟဋ္ဌာနေန၊ အကာအရံထိုက်သောအရပ်ဖြင့်။ ပရိစ္ဆိန္နာ၊ သည်။ ဟောတိ၊ ၏။ အပိစ၊ တနည်းကား။ ဘိက္ခုနံ၊ ရဟန်းတို့၏။ ပရိယန္တေ၊ အစွန် အဖျား၌။ ဓုဝသန္နိပါတဋ္ဌာနတော ဝါ၊ အမြဲစည်းဝေးရာ အရပ်မှရင်း။ ပရိယန္တေ၊ အစွန် အဖျား၌။ ဌိတဘောဇနသာလတော ဝါ၊ တည်သော ဆွမ်းစားကျောင်းမှရင်း။ နိဗဒ္ဓဝသနက အာဝါသတော ဝါ၊ အမြဲနေရာကျောင်းမှရင်း။ ထာမမဇ္ဈိမဿ၊ အားအလယ်အလတ်ရှိသော။ ပုရိသဿ၊ ယောကျာ်း၏။ ဒွိန္နံ လေဍ္ဍုပါတာနံ၊ ခဲနှစ်ကျတို့၏။ အန္တော၊ အတွင်းအရပ်ကို။ ဥပစာရသီမာ၊ ဥပစာရသိမ်ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ (ဝိ၊ဋ္ဌ၊၃။ ၄၁၇။ ဝိ၊ သင်္ဂဟ။ ၂၄၉။ ကခ်ါ၊ ၁၅၉။)

(ခ) ပရိက္ခေပါရုဟဒ္ဒါနေန ပရိစ္ဆိန္နာတိ ဣမိနာ၊ ....ဖြင့်။ အပရိက္ခိတ္တဝိဟာရဿ၊ တံတိုင်း **စသည်ဖြင့်** မကာရံအပ်သော ကျောင်း၏။ ဓုဝသန္နိပါတဋ္ဌာနာဒိတော၊ အမြဲစည်းဝေးရာအရပ် **စသည်မှ**။ ပဌမလေဍ္ဍုပါတဿ၊ ရှေးဦးစွာသော ခဲတကျ၏။ အန္တော၊ အတွင်းအရပ်သည်။ **ဥပစာရသီမာ၊ မည်၏။** ဣတိ ဣမံ အတ္ထံ၊ ဤအနက်ကို။ ဒဿေတိ၊ ပြ၏။ ဣဒါနိ၊ ယခုအခါ၌။ ဒုတိယလေဍ္ဍုပါတဿ၊ နှစ်ခုမြောက်သောခဲတကျ၏။ အန္တောပိ၊ အတွင်းအရပ်သည်လည်း။ ဥပစာရသီမာယေဝ၊ ဥပစာရသိမ်မည်သည်သာလျှင်တည်း။ ဣတိ ဣမံ အတ္ထံ၊ ဤအနက်ကို။ ဒဿေတုံ၊ ပြခြင်းငှါ။ အပိ စ တျာဒိ၊ အပိ စ စသည်ကို။ အာရဒ္ဓံ၊ အားထုတ်တော်မူအပ်၏။ ဓုဝသန္နိပါတဋ္ဌာနမ္ပိ၊ အမြဲစည်းဝေးရာအရပ်ကိုလည်း။ ပရိယန္တဂတမေဝ၊ အစွန်အဖျား၌တည်သော အရပ်ကိုသာလျှင်။ ဂဟေတဗ္ဗံ၊ ယူအပ်၏။ ဘိက္ခုနီနံ၊ ရဟန်းမတို့၏။ အာရာမပ္ပဝေသနသေနာသနပုစ္ဆနာဒိ၊အရံသို့ဝင်ခြင်း ကျောင်းအိပ်ရာနေရာကိုမေးခြင်း **အစရှိသော**။ ဝိဓာနံ၊ အစီအရင်ကိုငှင်း။ ပရိဝါသ မာနတ္တာရောစန ဝဿစ္ဆေဒ နိဿယ သေနာသနဂ္ဂါဟာဒိ၊ ပရိဝါသ်ကြားခြင်း မာနတ်ကြားခြင်း ဝါကျိုးခြင်း နိဿယည်းယူခြင်း ကျောင်းအိပ်ရာ နေရာဘို့ကို ယူခြင်း အစရှိသော။ ဝိဓာနံ၊ ငှင်း။ ဣတိ ဣဒံ သဗ္ဗံ၊ ဤအလုံးစုံကို။ ဣမိဿာယေဝ ဥပစာရသီမာယ၊ ဤဥပစာရ **သိမ်၏**သာလျှင်။ ဝသေန၊ ဖြင့်။ ဝေဒိတဗ္ဗံ၊ ၏။ (သာရတ္ထ၊ ၃။ ၃၄၄။ ဝိနယာလင်္ကာရ၊ဋီ၊ ၂၊ ၂၆။)

(ဂ) ကောသိမာဝိဟာရေဘိတိ၊ ....**ကား**။ ကေူပစာရသီမာယံ၊ တခုသော ဥပစာရသိမ်၌။ ဝါ–ကျောင်းတိုက်ကြီးတတိုက်၌။ ဒွိဟိ ဝိဟာရေဟိ၊ ကျောင်းနှစ်ဆောင်တို့ဖြင့်။

(သာရတ္ထ၊ ၃။ ၃၄၃)

(ဃ) ကောသိမာဝိဟာရေဟီတိ၊ ...ဟူသည်ကား။ ဒွိန္နံ၊ နှစ်ခုကုန်သော။ ဝိဟာရာနံ၊ ကျောင်းတို့၏။ ဧကေန၊ တခုသော။ ပါကာရေန၊ တံတိုင်းဖြင့်။ ပရိက္ခိတ္တတ္တာ၊ ကာရံအပ်သည်၏ အဖြစ်ကြောင့်။ ကောယ၊ တခုသော။ ဥပစာရသီမာယ၊ ဥပစာရသိမ်၏။ အန္တောဂတေဟိ၊ အတွင်း၌ဖြစ်ကုန်သော။ ဒွီဟိ၊ နှစ်ခုကုန်သော။ ဝိဟာရေဟိ၊ ကျောင်းတို့ဖြင့်။ ကထိတံ၊ ဆိုအပ်၏။ (ဝိမတိ၊ ၂။ ၂၀၀)

(င) တေသံ ဝိဟာရာနံ၊ ထိုကျောင်းတို့အား။ နာနာ ဝိသုံ ဝိသုံ၊ အသီးအသီးသော။ ပါကာရာဒီဟိ၊ တံတိုင်းအစရှိသည်တို့ဖြင့်။ ပရိစ္ဆိန္နော၊ ပိုင်းခြားအပ်သော။ ဥပစာရော၊ ဥပစာရကျောင်းဝိုင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ တေ ဝိဟာရာ၊ တို့သည်။ နာနူပစာရာ၊ ကုန်၏။ (သာရတ္ထ၊ ၃။ ၃၄၃)

(စ) နာနူပစာရေဟီတိ၊ ...ဟူသည်ကား။ နာနာပရိက္ခေပနာနာဒွါရေဟိ၊ အထူးထူးသော အကာအရံ အထူးထူးသော တံခါးရှိကုန်သော။ ကောသိမာဝိဟာရေဟိ၊ တခုသော အပိုင်းအခြား ရှိသော ကျောင်းတို့ဖြင့်။ ကထိတံ၊ ၏။ (ထည့်ပါ၍) (ဝိမတိ၊ ၂။ ၂၀၀)

(ဆ) ပန၊ အဖို့တပါးကား။ ကောသိမာယ၊ တခုသောအပိုင်းအခြားရှိသော ဥပစာရသိမ်၌။ ဗဟူ၊ များစွာကုန်သော။ ဝိဟာရာ၊ ကျောင်းတိုက်တို့သည်။ သစေ ဟောန္တိ၊ အကယ်၍ ရှိကုန်အံ့။

သဗ္ဗေ၊ အလုံးစုံကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို။ သန္နိပါတေတွာ၊ စည်းဝေးစေ၍။ ဧကတ္ထ၊ တခုသောကျောင်း၌။ ကထိနံ၊ ကထိန်ကို။ အတ္ထရိတဗ္ဗံ၊ ခင်းအပ်၏။ ဝိသုံ ဝိသုံ၊ အသီးအသီး။ ဝါ၊ တကျောင်းစီ တကျောင်းစီ။ ကထိနံ၊ ကို။ အတ္ထရိတုံ၊ ငှါ။ န ဝဋ္ဋတိ၊ မအပ်။

(ဝိ၊ ဋ္ဌ၊ ၃။ ၃၉၁။ ဝိ၊ သင်္ဂဟ။ ၃၀၀)

( ၉ ) ကထိနတ္ထရဏံ နာမ၊ ကထိန်ခင်းခြင်းမည်သည်။ န သံဃကမ္မံ၊ သံဃာ၏ ကိစ္စမဟုတ်။ ပုဂ္ဂလကမ္မမေဝ၊ ပုဂ္ဂိုလ်၏ ကိစ္စသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထိုကြောင့်။ ဝဿူပနာယိက-ခေတ္တဘူတာယ၊ ဝါဆိုရာခေတ်ဖြစ်၍ ဖြစ်သော။ ဥပစာရသီမာယ၊ ဥပစာရသိမ်၌။ ကာတဗ္ဗာ၊ ပြုအပ်သည်။ ဟောတိ၊ ၏။ (ဝိနယာလင်္ကာရ၊ ဋီ၊ ၂။ ၁၂၁)

(၈) ဧကသီမာယာတိ၊ ...ကား။ ဧကဥပစာရသီမာယ၊ တခုသော ဥပစာရသိမ်၌။ဣတိ အယံ အတ္ထော၊ ဤအနက်သည်။ ယုဇ္ဇတိ၊ သင့်၏။ (ဝဇိရ၊ ၄၉၀)

(ည) ၁။ အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာပိ န လဘန္တီတိ ဣဒံ ဝစနံ၊ဟူသောဤစကားသည်။ ဧကသီမသ္မိံ၊ တခုသောဥပစာရ သိမ်ရှိသောကျောင်းတိုက်၌။အဓိပ္ပေတံ ကိံ၊အလိုရှိအပ်သလော။ ဥဒါဟု၊ ထိုသို့မဟုတ်၊ နာနာသီမသ္မိံ၊ အသီးအသီးသော ဥပစာရသိမ်ရှိသော ကျောင်းတိုက်အသီးအသီး၌။ အဓိပ္ပေတံ ကိံ၊အလိုရှိအပ်ပါသလော။ ဣတိအယံ၊ ဤသည်ကား။ စောဒနာ၊ စောဒနာခြင်းတည်း။

(၂) တေ္တ၊ ဤအမေး၌။ ကိဉ္စိ၊ စိုးစဉ်းသော စောဒနာဘွယ်သည်။ အတ္ထိ၊ ရှိ၏။ တာဝ၊ ရှေဦးစွာ။ ဧကသီမသ္မိံ၊ ၌။ နာနာဝိဟာရာ၊ များစွာသော ကျောင်းတို့သည်။ ယဒိ သိယုံ၊ အကယ်၍ ဖြစ်ကုန်ငြားအံ့။ ပရတော၊ နောက်၌။ သစေ ပန ဧကသီမာယ။ ပ။ န ဝဋ္ဋတီတိ၊ န ဝဋ္ဋတိဟူသော (ဆ-ကြည့်)။ ဣမိနာ အဋ္ဌကထာဝစနေန၊ ဤအဋ္ဌကထာစကားနှင့် (ဝိ၊ ဋ္ဌ၊ ၃။ ၃၉၁။ ဝိ၊ သင်္ဂဟ။ ၃၀၀) ဝိရုဇ္ဈတိ၊ ဆန့်ကျင်၏။ ဟိ၊ မှန်၏။ ဣဒံ ဝစနံ၊ ဤ "သစေ ပန" အစရှိသော အဋ္ဌကထာစကားသည်။ သဗ္ဗေသံယေဝ၊ တတိုက်လုံးရှိ အလုံးစုံသော ရဟန်းတို့အားသာလျှင်။ ဧကော၊ တခုတည်းသော။ ကထိနတ္ထာရော၊ ကထိန်ခင်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ ဣမံ အတ္ထံ၊ ဤအနက်ကို။ ဒီပေတိ၊ ပြ၏။

(၃) နာနာသီမသ္မိံ၊ အသီးသီး ဥပစာရသိမ်ရှိသော ကျောင်းတိုက်တခုစီ၌။ အထ အဓိပ္ပေတံ၊ အကယ်၍ အလိုရှိအပ်သည်ဖြစ်အံ့။ ဥပနန္ဒဿ၊ ဥပနန္ဒမထေရ်အား။ ဧကာဓိပ္ပါယဒါနာနုမတိယာ၊ တပါးသော ရဟန်းအတွက် လိုအပ်သော သင်္ကန်းဝေစု ပေးခြင်းကို ခွင့်ပြုတော်မူခြင်းနှင့်။ ဝိရုဇ္ဈတိ၊ ဆန့်ကျင်၏။ ဟိ၊ မှန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ မောဃပုရိသဿ၊ မင်္ဂဖိုလ်မှအချည်းနှီးသော ဥပနန္ဒမထေရ်အား။ ဧကာဓိပ္ပါယံ၊ တပါးသောရဟန်းအတွက် လိုအပ်သော သင်္ကန်းဝေစုကို။ ဒေထ၊ ပေးကြကုန်လော့။ ဣတိ ဧတံ ဝစနံ၊ ဤစကားကို။ စီဝရက္ခန္ဓကေ၊ စီဝရက္ခန္ဓက (ဝိ၊ ၃။ ၄၁၆) ပါဠိတော်၌။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဟိ၊ မှန်၏။ ဣဒံ ဝစနံ၊ ဤ "ဒေထ ဘိက္ခဝေ"အစရှိသော စကားသည်။ ဒွီသု၊ နှစ်ခုကုန်သော။ ဝိဟာရေသုပိ၊ ကျောင်းတို့၌လည်း။

တဿ၊ ထိုဥပနန္ဒမထေရ်၏။ ကထိနတ္ထာရသိဒ္ဓိံ၊ ကထိန်ခင်းခြင်း၏ ပြီးခြင်းကို။ ဒီပေတိ၊ ပြ၏။ ဣတိ အယံ၊ ဤသည်ကား။ ပရိဟာရာဘောဂေါ၊ တည်း။

(၄) အပ္ပဋိသိဒ္ဓတ္တာ၊ (နှစ်ကျောင်းဖြစ်သော ဝဿာဝါသိကလာဘ်မှ တပါး တွက် မပေးရ-ဟု ဥပနန္ဒမထေရ်အား) မတားမြစ်အပ်သည်၏ အဖြစ်ကြောင့်။ အဝိရောဓော၊ (ကေသိမ နာနာသိမ တို့နှင့်) မဆန့်ကျင်ခြင်းကိုသာလျှင်။ ဣစ္ဆိတဗ္ဗော၊ အလိုရှိအပ်၏။ တသ္မာ၊ ထို့ကြောင့်။ ကေသိမသ္မိံ ဝါ၊ ဥသော်ငြားး။ နာနာသိမသ္မိံ ဝါ၊ ဥသော်ငြား။ နာနူပစာရေ၊ အသီးသီးသော ဥပစာ (ပရိဝုဏ်) ရှိသော။ အညသ္မိံ၊ တပါးသော။ ဝိဟာရေ၊ ကျောင်း၌။ ဝုတ္ထဝဿာပိ၊ ဝါကျွတ်သော ရဟန်းတို့ သည်လည်း။ န လဘန္တိ၊ မရကုန်။ ဣတိ အယံ အဓိပ္ပါယော၊ ဤအဓိပ္ပါယ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ (ဝဇိရ။ ၄၇၉)

(၅) ဣဒဥ္စ၊ ဤ "အမုတြ ဥပဍ္ဎော စီဝရပဋိဝီသော ဒါတဗ္ဗော" ဟူသော စကားကိုလည်း။ နာနာလာဘေဟိ၊ အသီးအသီးသော ဥပစာရှိကုန်သော။ ကေသိမာဝိဟာရေဟိ၊ တခုသော အပိုင်းအခြားရှိသော ကျောင်းတို့ဖြင့်။ ကထိတံ၊ ဆိုအပ်၏။ နာနာသိမဝိဟာရေ ပန၊ အသီး သီးသော အပိုင်းအခြားရှိသော ကျောင်း၌ကား။ သေနာသနဂ္ဂါဟော၊ ကျောင်းကို ယူခြင်း သည်။ ပဋိပ္ပဿမ္ဘတိ၊ ငြိမ်းအေး၏။ စီဝရပဋိဝီသော၊ သင်္ကန်း၏ အဘို့သည်။ န ပါပုဏာတိ၊ မရောက်။ (ဝိ၊ ဋ္ဌ၊ ၃။ ၄၁၃)

(၆) သတ္တာဟဝါရေန အရုဏမေဝ ဥဋ္ဌာပေတီတိ တော၊ ဟူသော ဤစကားသည်။ ကေ- ဝိဟာရေ၊ တခုသောကျောင်း၌။ သတ္တာဟကိစ္စာဘာဝါ၊ ခုနစ်ရက်ပတ်လုံး ပြုဘွယ်ကိစ္စ၏ မရှိ ခြင်းကြောင့်။ ဝစနမတ္တမေဝ၊ စကားမျှသာတည်း။ ဣတိ စ၊ ဤသို့လည်း။ လိခိတံ၊ ရေးအပ်၏။ (ဝဇိရ။ ၄၉၈)

(၃) ဟိ သစ္စံ၊ မှန်၏။ အန္တောဥပစာရသိမာယ၊ ဥပစာရသိမ်အတွင်း၌။ ဝါ- ကျောင်း တိုက်ကြီး တခုအတွင်း၌။ ယတ္ထ ကတ္ထစိ၊ တစုံတခုသောကျောင်း၌။ အရုဏံ၊ အရုဏ်ကို။ ဥဋ္ဌာပေ- န္တော၊ တက်စေသော ရဟန်းသည်။ အတ္တနာ၊ မိမိသည်။ ဂဟိတသေနာသနံ၊ ယူအပ်သော ကျောင်းသို့။ အပ္ပဝိဋ္ဌောပိ၊ မဝင်သော်လည်း။ ဝုတ္ထဝဿော ဝေါထပြီးသော ဝါရှိသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ (ဝိမတိ၊ ၂။ ၂၀၀)

(၈) အညသ္မိံ ဝိဟာရေ ဝုတ္ထဝဿာပိ န လဘန္တီတိ၊ ကား။ နာနာသိမာယ၊ အသီးသီး သော အပိုင်းအခြားရှိသော ကျောင်း၌။ ဝုတ္ထဝဿာ၊ ဝါကျွတ်ကုန်သော ရဟန်းတို့သည်။ ဣမသ္မိံ ဝိဟာရေ၊ ဤကျောင်း၌။ ကထိနတ္ထာရံ၊ ကထိန်ခင်းခြင်းကို။ န လဘန္တိ၊ မရကုန်။ ဣဘိ-အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ (သာရတ္ထ၊ ၃။ ၃၃၅)

## ၉။ ကေသိမ နာနာဝိဟာရာဒိ ဝိမတိဋ္ဌေဒနီ

၁၃၁၂-ခု နတော်လဆန်း ၁၀-ရက် နေ့စွဲဖြင့်

သာသနာ့ ဇောတိကာရုံအုတ်ကျောင်း ဆရာတော်ဘုရားသို့ လေးစားစွာပါဘုရား။

တပည့်တော် စန္ဒာသီရိ လျှောက်ထားရန်မှာ ရွာခေတ်က ၄-ကျောင်းဖြစ်စေ, ၅-ကျောင်းဖြစ်စေ, ထိုထက်ပိုလွန်၍ ဖြစ်စေ တတိုက်တာ တစီးတည်း ဝါဆိုခေတ် ပြုလုပ်နေထိုင်ခဲ့ကြရာမှ တဖန် လောကီ လောကုတ်အကျိုး သာသနာ၏ အကျိုးများကို မြော်ကိုး၍ စိတ် စေတနာ ကောင်းများနှင့် ကျောင်းနေ သံဃာတော်တို့ သဘောတူ မိမိနေရင်း ကျောင်းများတွင် ခွဲခြားကာ ဝါဆိုစီး ပိုင်းခြား၍ နေခွင့်ရ မရ သိလိုလှပါ၏ ဘုရား။

ဘုရားတပည့် လျှောက်ထားခဲ့ပြီး သိမ်ကိစ္စတွင် ဝိသုံဂါမ ခံယူနည်း ကျန်နေ သေး၍ အားလပ်ခွင့် ရသောအချိန်အခါ တပည့်တော်နှင့် တကွ နယ်သံဃာတော် များကပါ လိုလားတောင့်တ အာသာပြေလည်စေပါရန် အဖြေရေးသား ပေးသနားပါမည့်အကြောင်း ရိုသေလေးစားစွာ တောင်းပန်လိုက်ပါသည် ဘုရား။

ဆရာတော်ဘုရားကို အမှူးထား၍ တပည့် သံဃာတော်တို့အား ကိုယ်စိတ်နှစ်ဖြာ ကျန်းမာတော်မူပါရန် နေ့စဉ်မေတ္တာရေချမ်း လှူဒါန်းလျက် ရှိပါ၏ဘုရား။

တပည့် စန္ဒာသီရိ
ရွှေဥမင်ကျောင်း
ရနောင်။

### ၁-နံပါတ် ပုစ္ဆာအဖြေ

ဤအမေးကို သိသာရုံမျှ ဖြေကြားရန် သာသနာ့ ဇောတိကာရုံ ဆရာတော်က တမွဝတီဆရာတော်အား လွှဲအပ်၍ ၎င်းဆရာတော်မှတဆင့် ညွှန်ကြားစေခိုင်းတော်မူချက်အရ ရနောင်မြို့ရှင်စန္ဒာသီရိ လျှောက်အပ်သော ပုစ္ဆာများကို သာသနာတော် စည်ပင်ပြန့်ပွါးစေရန် ရည်သန်တောင့်တလျက် သိသာရုံမျှ အမရပူရ ဆရာတော်ဘုရား ဖြေကြားပေအံ့ –

ကျောင်းတိုက်သည် ကေသိမ ကျောင်းတိုက်, နာနာသီမ ကျောင်းတိုက်အားဖြင့် နှစ်ပါးအပြား ရှိ၏။

ထိုတွင် တခုသော စီးစောင်ရန်း တံတိုင်းမီးတား အကာအရံဖြင့်သော်၎င်း အကာအရံထိုက်ရာ အရပ်ဖြင့်သော်၎င်း ပိုင်းခြားအပ်သော ကျောင်းတိုက်သည် **ကေသိမ ကျောင်းတိုက်မည်၏။** အထူးထူးသော စီးစောင်ရန်း တံတိုင်းမီးတား အကာအရံဖြင့်သော်၎င်း အကာအရံထိုက်ရာ အရပ်ဖြင့်သော်၎င်း ပိုင်းခြားအပ်သော ကျောင်းတိုက်သည် **နာနာသီမကျောင်းတိုက် မည်၏။**

တဖန် ကေသိမကျောင်းတိုက်သည်လည်း ကေသိမ ကေ့ပစာရ, ကေသိမနာနူပစာရ ကျောင်းတိုက်အားဖြင့် နှစ်ပါးပြားပြန်၏။ ထိုတွင် အထူးထူးသော ဝင်းခြံပရိဝုဏ် အကာအရံ အထူးထူးသော တံခါး မရှိသော နှစ်ကျောင်းသုံးကျောင်း စသည်တို့ကို တခုသော စီးစေဝင်ရန်း တံတိုင်းမီးတားဖြင့် ကာရံအပ်သော ကျောင်းတိုက်သည် **ကေသိမ ကေ့ပစာရ ကျောင်းတိုက်**မည်၏။ အထူးထူးသော ဝင်းခြံ ပရိဝုဏ်အကာအရံ အထူးထူးသောတံခါးရှိသော နှစ်ကျောင်းသုံးကျောင်းစသည်တို့ကို တခုတည်းသော စီးစေဝင်းရန်း တံတိုင်းမီးတားဖြင့် ကာရံအပ်သော ကျောင်းတိုက်သည် **ကေသိမ နာနူပစာရ ကျောင်းတိုက်**မည်၏။ ယခုလျှောက်ရာ၌ပါသော "ရှေးခေတ်က လေးကျောင်းဖြစ်စေ ငါးကျောင်းထက်ပိုလွန်၍ဖြစ်စေ တတိုက်တာ တစီးတည်း ဝါဆိုခေတ်ပြုလုပ်နေခဲ့ကြရာ" ဟူသောစကား၌ လေးကျောင်း ငါကျောင်းစသော ကျောင်းတို့သည် အထူးထူးသော ဝင်းခြံပရိဝုဏ် အကာအရံ အထူးထူးသော တံခါး မရှိကုန်ငြားအံ့၊ ကေသိမ ကေ့ပစာရကျောင်းတိုက် ဖြစ်ရာ၏။ လေးကျောင်းငါးကျောင်းစသော ကျောင်းတို့သည် အထူးထူးသော ဝင်းခြံပရိဝုဏ် အကာအရံ အထူးထူးသော တံခါး ရှိကုန်မူကား ကေသိမနာနူပစာရ ကျောင်းတိုက် ဖြစ်ရာ၏။ ထို ဆိုအပ်ပြီးသော ကေသိမ ကေ့ပစာရကျောင်းတိုက် ကေသိမနာနူပစာရ ကျောင်းတိုက်တို့၌ မည်သည့်အရပ်၌ အရုဏ်တက်သည်ဖြစ်စေ၊ ဝဿစ္ဆေဒမဖြစ်, သတ္တာဟကိစ္စမရှိ (ဝါပန်ကြားဘွယ်မလို)။ ထိုစကား မှန်၏။ နာနာလာဘ ကေသိမ နာနူပစာရကျောင်းတိုက်၌ သက်န်းများများ ရလိမ့်မည်ကို မြော်လင့်၍ နှစ်ကျောင်းခံ၍ ဝါဆိုသော ဥပနန် ဝတ္ထု၌-

ဣဓ ပန ဘိက္ခဝေ ဘိက္ခု ကောေ ဒ္ဒီသု အာဝါသေသု ဝဿံ ဝသတိ "ဧဝံ မေ ဗဟုံ စီဝရံ ဥပ္ပဇ္ဇိဿတီ"တိ။ သစေ အမုတြ ဥပဍ္ဎံ အမုတြ ဥပဍ္ဎံ ဝသတိ၊ အမုတြ ဥပဍ္ဎော အမုတြ ဥပဍ္ဎော စီဝရပဋိဝီသော ဒါတဗ္ဗော။ ယတ္ထ ပန ဗဟုတရံ ဝသတိ၊ တတော စီဝရပဋိဝီသော ဒါတဗ္ဗော (ဝိ၊ ၃။ ၄၁၆) ဟူသော ပါဠိဖြင့်-

အထူးထူးသော လာဘ်ရှိကုန်သော ကေသိမ နာနူပစာရ ကျောင်းတိုက်တို့၌ နှစ်ကျောင်းခံ၍ ဝါဆိုသော ရဟန်းသည် အကယ်၍ တကျောင်း တကျောင်း၌ တရက်စီ တရက်စီသော်၎င်း နှစ်ရက်စီ နှစ်ရက်စီသော်၎င်း။လ။ခုနစ်ရက်စီ ခုနစ်ရက်စီသော်၎င်း အလှည့်ကျ ထက်ဝက် ထက်ဝက်စီ နေသည် (အရုဏ်ခံသည်) ဖြစ်အံ့၊ ထိုရဟန်းအား တကျောင်းတကျောင်း၌ တယောက်ယောက်သော ရဟန်းရအပ်သော အဘို့ဘာဂမှ ထက်ဝက်ထက်ဝက်သော အဘို့ဘာဂကို ပေးအပ်သည်၏ အဖြစ်ကို၎င်း၊ အကယ်၍ တကျောင်း၌ များစွာနေသော ရဟန်းသည် တပါးသော ကျောင်း၌ ခုနစ်ရက် တကြိမ်အားဖြင့် အရုဏ်ကို တက်စေအံ့၊ ထိုရဟန်းအား ထို များစွာနေသော ကျောင်းမှ အဘို့ဘာဂကို ပေးအပ်သည်၏ အဖြစ်ကို၎င်း ခွင့်ပြုတော်မူသော ဘုရားရှင်သည် ကေသိမ နာနူပစာရ ကျောင်းတိုက်အတွင်း၌ သတ္တာဟကိစ္စ မရှိသည်၏အဖြစ်, မည်သည့်အရပ်၌မဆို အရုဏ်ကိုတက်စေသော ရဟန်းအား ဝဿစ္ဆေဒမဖြစ်သည်၏ အဖြစ်ကို ပြတော်မူသည်။

ယုတ္တိဆောင်၍ ရှင်းပြအံ့-

အကယ်၍ ထိုသို့သဘောရှိသော ကေသိမ နာနူပစာရ ကျောင်းတိုက်အတွင်း၌ ရှိကုန်သော နာနူပစာရကျောင်း (အာဝါသ) အချင်းချင်း သတ္တာဟကိစ္စရှိ၍ ဝဿစ္ဆေဒ ဖြစ်ငြားအံ့၊ နာနူပ

စာရ နှစ်ကျောင်းခံ၍ ထိုနှစ်ကျောင်း၌ တရက်စီ တရက်စီ နှစ်ရက်စီ နှစ်ရက်စီ ။ပ။ ခုနစ်ရက်စီ ခုနစ်ရက်စီနေသော (အရုဏ်ခံသော) ရဟန်း အားရင်း၊ တကျောင်း၌ များစွာနေ၍ တပါးသော ကျောင်း၌ ခုနစ်ရက်တကြိမ် အရုဏ်ခံသောရဟန်းအားရင်း တကျောင်း၌အာရုဏ်ခံခိုက် တပါးသော ကျောင်း၌ ဝဿစ္ဆေဒ ဖြစ်ခဲ့ရာ၏။ ဆိုအပ်ပြီးသောနည်းဖြင့် နှစ်ကျောင်းလုံး၌ ဝဿစ္ဆေဒ ဖြစ်ခဲ့လျှင် ဝုတ္ထဝဿရဟန်းတို့သာ သက်ဆိုင်သော ဝဿာဝါသိကလာဘ်ကို ထိုရဟန်းတို့အား ခွင့်ပြုတော်မမူရာ၊ ပြုလည်းပြုတော်မူခဲ့၏၊ ထို့ကြောင့် ကေသိမနာနူပစာရ ကျောင်းတို့၌ သတ္တာဟကိစ္စမရှိ တိုက်တွင်း၌ မည်သည့်အရပ်၌ အရုဏ်ကို တက်စေသည်ဖြစ်စေ၊ ဝဿစ္ဆေဒ မဖြစ်ဟု သိမြင်အပ်သည်။ ၎င်းပါဠိ၏ အဖွင့်ဖြစ်သော

> တတ္ထ သစေ အမုတြ ဥပစုံ အမုတြ ဥပစုန္တိ ဧကေကသ္မိံ ကောဟမေကာဟံ ဝါ သတ္တာဟံ သတ္တာဟံ ဝါ သစေ ဝသတိ။ ဧကေကသ္မိံ ဝိဟာရေ ယံ ဧကော ပုဂ္ဂလော လဘတိ။ တတော တတော ဥပစုံ ဥပစုံ ဒါတဗ္ဗံ၊ ဧဝံ ကောစိပ္ပါယော ဒိန္နော ဟောတိ။
>
> ယတ္ထ ဝါ ပန ဗဟုတရန္တိ သစေ ဧကသ္မိံ ဝိဟာရေ ဝသန္တော ဣတရသ္မိံ သတ္တာဟဝါရေန အရုဏမေဝ ဥဋ္ဌာပေတိ၊ ဧဝံ ပုရိမသ္မိံ ဗဟုတရံ ဝသတိ နာမ။ တသ္မာ တတော ဗဟုတရံ ဝသိတဝိဟာရတော တဿ ပဋိဝိသော ဒါတဗ္ဗော၊ ဧဝမ္ပိ ကောစိပ္ပါယော ဒိန္နော ဟောတိ။ ဣဒဉ္စ နာနာလာဘေဟိ နာနူပစာရေဟိ ဧကသိမ ဝိဟာရေဟိ ကထိတံ။ (ဝိ၊ ဌ၊ ၃။ ၄၁၃)။

ဟူသော အဋ္ဌကထာ၌လည်း သတ္တာဟဝါရေန အရုဏံ ဥဋ္ဌာပေတိ ဟူသောစကားကို နာနာသိမကျောင်းတိုက်၌ ကျင့်အပ်သော (ကျင့်ရိုးဖြစ်သော) နည်းဖြင့် ကေသိမ ကျောင်းတိုက်၌လည်း နှစ်ကျောင်းတို့၌ သီတင်းသုံးသည်၏ အဖြစ်၊ အမြဲနေသည်၏ အဖြစ်ကို ပြခြင်းအကျိုးငှါသာ ဆိုတော်မူအပ်သည်။ ကေသိမနာနူပစာရ ကျောင်းတိုက်တို့၌ ဝါပြတ်ခြင်းကို ပယ်ရှားရှောင်လွှဲခြင်းငှါ ဆိုတော်မူအပ်သည် မဟုတ်။ ဥပစာရသိမ် ကျောင်းတိုက်တွင်းဝယ် အမှတ်မထင် တစုံတခုသော အရပ်၌ အရုဏ်ကိုတက်စေသည်ရှိသော် မိမိခံထားသော ကျောင်းသို့ မဝင်သော်လည်း (ထိုကျောင်း၌လည်း) ဝုတ္ထဝဿ (ဝါကျွတ်သည်) ပင် မည်တော့သည်။
ထို့ကြောင့် ဝိမတိဝိနောဒနီ ဋီကာ၌ (ဒု၊ ၂၀၀)

> "သတ္တာဟဝါရေန အရုဏမေဝ ဥဋ္ဌာပေတီတိ" ဣဒံ နာနာသီမာဝိဟာရေသု ကတ္တဗ္ဗနယေန ဧကသိမ္မိ ဝိဟာရေ ဒွီသု သေနာသနေသု နိဝုတ္ထဘာဝဒဿနတ္ထံ ဝုတ္တံ၊ အရုဏုဋ္ဌာပနေနေဝ တတ္ထ ဝုတ္ထော ဟောတိ၊ န ပန ဝဿစ္ဆေဒပရိဟာရာယ။ အန္တောဉပစာရသီမာယ ဟိ ယတ္ထ ကတ္ထစိ အရုဏံ ဥဋ္ဌာပေန္တော အတ္တနာ ဂဟိတသေနာသနံ အပ္ပဝိဋ္ဌောပိ ဝုတ္ထဝဿော ဧဝ ဟောတိ ဟူ၍ရင်း။

ဝဇိရဗုဒ္ဓိဋီကာ (၄၉၇) ၌

> "သတ္တာဟဝါရေန အရုဏမေဝ ဥဋ္ဌာပေတီတိ ဧတံ ဝစနမတ္တမေဝ ဧကဝိဟာရေ သတ္တာဟကိစ္စာဘာဝါတိ" စ လိခိတံ ဟူ၍ရင်း မိန့်အပ်ကုန်ပြီ။

ယင်းသို့ ထုတ်ပြခဲ့ပြီးသော ဂေါမနာနူပစာရကျောင်းတိုက်တို့၌ နှစ်ကျောင်းခံသော ရဟန်းအား ဝါဆိုသက်န်းဝေဘန်သော အခါ တခုသော ရဟန်းတပါးဒေ့ကျိုးငှါ လိုအပ်သော အဘိုဘာဂကို ပေးအပ်သည်၏ အဖြစ်ကို ခွင့်ပြုတော်မူအပ်သော ကောခိပွါယာနုမတိ ပါဠိတော်ကိုရှင်း၊ ထို ဂေါမနာနူပစာရ ကျောင်းတိုက်တို့၌ သတ္တာဟကိစ္စမရှိ၊ ဝဿစ္ဆေဒ မဖြစ်ဟု ဋီကာဆရာကြီးတို့ တညီတညွတ်တည်း ဖွင့်ဆိုတော်မူအပ်သော စကားရပ်များကိုရှင်း ထောက်၍ ဘုရားရှင် ခွင့်ပြုတော်မူအပ်သော ဝဿူပဂမန အာဏာတော်၏ ဂေါမနာနူပစာရ ကျောင်းတိုက်တခုလုံး နှံ့သည်၏ အဖြစ် သက်သည်၏ အဖြစ်ကို သိအပ်၏။

ထိုသို့ ဂေါမ ကျောင်းတိုက်တခုလုံး ဝဿူပဂမန အာဏာတော်နှံ့ သည် သက်သည်ကို သိရသဖြင့် "ဂ္ဂါမသ္မိံ ဝိဟာရေ ဂ္ဂါမံ တေမာသံ ဝဿံ ဥပေမိ" ဟူသော ပါဠိ၌ "ဂ္ဂါမသ္မိံ ဝိဟာရေ" ပုဒ်အရ တခုသော စီး, စောင်ရန်း,တံတိုင်း,မီးတား ကာရံအပ် ကာရံထိုက်သော ဂေါမ ကျောင်းတိုက်ကြီးတခုလုံးကို ယူအပ်သည်၏ အဖြစ်ကို သိအပ်သည်။ ထို့ကြောင့်–

ယခု မေးအပ်သော ကျောင်းတိုက်ကြီးသည် စီး, စောင်ရန်း, တံတိုင်း, မီးတား အကာအရံ မပျက်မစီး မပျောက်မကွယ် အမှတ်အသားအရာမျှ ကျန်ရှိသေး၍ ဂေါမအဖြစ်ကို မစွန့်သေးသမျှ ဝဿူပဂမနအာဏာတော်နှံ့ရာဖြစ်၍ မည်သည့်အကျိုးကိုပင် မျှော်ကိုး၍ စိတ်စေတနာကောင်းများဖြင့် ကျောင်းနေ သံဃာတော်တို့ သဘောတူ မိမိနေရာ ဂေါပစာရကျောင်း၌ ဖြစ်စေ, နာနူပစာရကျောင်း၌ ဖြစ်စေ ထို ဂေါမကျောင်းတိုက်အတွင်းဝယ် ခွဲခြားကာ ဝါဆိုစီးပိုင်ခြား၍ နေခွင့်မရ။ အဆိုပါ ဂေါမကျောင်းတိုက်ကြီးသည် စီး,စောင်ရန်း,တံတိုင်း,မီးတား အကာအရံ ပျက်စီးကွယ်ပ အရံရာမျှ မကျန်မရှိ ပကတိ မြေပြင်သာ ထင်တော့သည်ဖြစ်က လိုသမျှကျောင်း (အာဝါသ)တို့ကို အထူးထူး(အသီးအသီး) သော စီး, စောင်ရန်း, တံတိုင်း, မီးတား အကာအရံ အထူးထူး(အသီးအသီး) သော တံခါး ထားရှိ၍ ဝါဆိုစီး ပိုင်းခြား၍နေလျှင် အများ သဘောတူသည်ဖြစ်စေ မတူသည်ဖြစ်စေ နေခွင့်ရသည်။ ထိုစကား မှန်၏။ ဝါဆိုစီး ဝါဆိုခေတ် ပိုင်းခြားရာ၌ ဥပစာရသိမ်၏ ဂေါမ, နာနာသိမ၏ အဖြစ်သည်သာ လိုရင်း ဖြစ်၏။ ထို့ကြောင့် အောက်၌ ဆိုအပ်ပြီးသော လက္ခဏာရှိသော ဂေါမကျောင်းတိုက် ဖြစ်ခဲ့လျှင် အတွင်းရှိ ကျောင်းတို့ကို အထူးထူး(အသီးအသီး)သော ဝင်းခြံ ပရိဝုဏ် အကာအရံတို့ဖြင့် ကာရံ၍ ဝါဆိုစီး ခွဲခြားကာ မနေသင့် မနေထိုက် မနေကောင်း။ နာနာသိမ ကျောင်းတိုက် ဖြစ်သော်သာလျှင် ဝါဆိုစီး ပိုင်းခြား၍ ခွဲခြားကာ နေသင့်သည်ဟု သန္နိဋ္ဌာန်ကျ သိမြင် မှတ်ယူရမည်။

(၁) နံပါတ် ပုစ္ဆာအဖြေ ပြီး၏။

## (၂)နံပါတ် ပုစ္ဆာ၏ အဖြေ

ဝိသုံဂါမ ခံယူနည်းမှာ—

လျှောက်လိုသော သိမ်သမုတ်မည့်ကျောင်းတိုက် (သို့မဟုတ်)ဘုရားမြေ (သို့မဟုတ်)ဥယျာဉ်မြေ၏ မြေပုံနှင့် ၎င်းအတွင်း သိမ်မြေနေရာ အကျယ်အဝန်း အပိုင်းအခြား မြေပုံကို မြေတိုင်းစာရေးအား ရေးဆွဲစေပြီးလျှင် ၎င်းမြေပုံ နှစ်ပုံနှင့် ပူးတွဲ၍ လျှောက်လွှာ တင်ရမည်။

ပုံစံ—

ကျွန်တော် မည်သူ(       ) မြို့အပိုင် (       ) ရွာနေ မောင်မည်သူ လျှောက်ထားပါသည်။ ပူးတွဲပါ မြေပုံအရ(       ) မြို့နယ် ကွင်းနံပါတ် (     ) ၁၃ ...... ခုနှစ် ဦးပိုင်နံပါတ်အတွင်း အမှတ်ပြထားသော ကျောင်းတိုက် (သို့မဟုတ်) ဘုရားမြေ (သို့မဟုတ်) ဥယျာဉ်ခြံမြေ အတွင်းဝယ် ရဟန်း သံဃာတို့ ကံကြီး ကံငယ် ဆောင်ရွက်ရန် သိမ် သမုတ်လိုပါ၍ "မူလ (     )ရွာနယ်မှ တသီးတခြား ဤနယ်မြေသည် မူလ (     )ရွာနယ်မြေမှ တသီးတခြား ရွာနယ်မြေ ဖြစ်စေ " ဟု ပိုင်းခြား၍ ကျွန်တော် မည်သူအား အသီးမြေစား ပေးသနားတော်မူပါမည့်အကြောင်း လျှောက်ထားပါသည်ခင်ဗျားဟု ဝိသုံဂါမ ခံယူရမည်။

(၂)နံပါတ် ပုစ္ဆာ၏ အဖြေ ပြီး၏။

ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့် ရန်နောင်မြို့ ရွှေဥမင်ကျောင်း ရှင်စန္ဒာသီရိ လျှောက်အပ်သော ပုစ္ဆာ နှစ်ရပ်ကို သိသာရုံမျှ ဖြေကြားရန် သာသနာ့ဇောတိကာရုံ အုတ်ကျောင်း ဆရာတော်ဘုရားက တမ္ဗဝတီဆရာတော်အား လွှဲအပ်၍ ၎င်းမှ တဆင့် ညွှန်ကြား စေခိုင်းတော်မူချက်အရ ဥက္ကံသ မည်သော အမရပူရဆရာ ငါသည် သိသာရုံမျှ ရေးသား ဆုံးဖြတ်အပ်သော ဝိမတိဝိနောဒနီကထာ ပြီးဆုံးလတ်ပြီ။

### ဤအဆုံးအဖြတ်၌ ပါသော ပါဠိအဋ္ဌကထာ စသည်တို့ကို က-၁ စသော အမှတ်စဉ်အတိုင်း အနက်ပြန်ဆိုလိုက်အံ့

(က) ပန၊ ဆက်။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤ သာသနာတော်၌။ ဘိက္ခူ၊ ရဟန်းသည်။ ကောဝ (သမာနော)၊ တပါးတည်းဖြစ်ပါလျက်။ ဧဝံ၊ ဤသို့ နှစ်ကျောင်းတို့၌ ဝါဆိုသည်ရှိသော်။ မေ၊ ငါ့အား။ ဗဟုံ၊ များစွာသော။ စီဝရံ၊ သင်္ကန်းသည်။ ဥပ္ပဇ္ဇိဿတိ၊ ဖြစ်လတ့်။ ဣတိ မနသိကတွာ၊ ဤသို့ နှလုံးပိုက်၍။ ဒွိသု အာဝါသေသု (ကျောင်းတိုက်ကြီးတခုအတွင်းရှိ) နှစ်ခုသော ကျောင်းတို့၌။ ဝဿံ၊ မိုးလပတ်လုံး။ ဝသတိ၊ နေလေ၏။ ဝါ-ဝဿံ ဝသတိ၊ ဝါဆိုလေ၏။ သစေ၊ အကယ်၍။ အမုတြ၊ ဤမည်သော ကျောင်း၌။ ဥပဍ္ဎံ၊ ထက်ဝက်သော ရက်လပတ်လုံး။ ဝသတိ၊ နေအံ့။ အမုတြ၊ ဤမည်သော (အခြား) ကျောင်း၌။ ဥပဍ္ဎံ၊ လုံး။ ဝသတိ၊ နေအံ့။ အမုတြ၊ ဤမည်သောကျောင်း၌။ ဥပဍ္ဎော၊ ထက်ဝက်သော၊ စီဝရပဋိဝိသော၊ သင်္ကန်းဝေစုကို။ ဒါတဗ္ဗော၊

ပေးရမည်။ အမုတြ၊ ဤမည်သော (အခြား) ကျောင်း၌။ ဥပစ္စော၊ သော။ စီဝရပဋိဝီသော၊ ကို။ ဒါတဗ္ဗော၊ မည်။ (ဝိ၊၃။ ၄၁၆။)

ဝါ ပန၊ နောက်တမျိုးသော်ကား။ ယတ္ထ အာဝါသေ၊ အကြင်ကျောင်း၌။ ဗဟုတရံ၊ (ရက် လ) သာ၍ အချိန်များစွာ။ သစေ ဝသတိ၊ အကယ်၍ နေငြားအံ့။ ဧဝံ သတိ၊ ဤသို့ နေသည်ရှိသော်။ တတော အာဝါသတော ဧဝ၊ ထိုသာ၍ အချိန်များစွာ နေရာ ကျောင်းမှသာလျှင်။ စီဝရပဋိဝီသော၊ သင်္ကန်းဝေစုကို။ ဒါတဗ္ဗော၊ ပေးရမည်။ (ဝိ၊ ၃။၄၁၆)။

(ခ) တတ္ထ၊ ထို "ဣမ ပန"အစရှိသော ပါဠိတော်၌။ အတ္ထော၊ အနက်ကို။ ဧဝံ၊ ဤဆိုအပ်လတ့်သော နည်းဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။ သစေ အမုတြ ဥပစုံ အမုတြ ဥပစုန္တိ၊ သစေ....ဥပစုံ ဟူသည်ကား။ ဧကေကသ္မိံ အာဝါသေ၊ တကျောင်း တကျောင်း၌။ ဧကာဟမေကာဟံ ဝါ၊ တရက်စီ တရက်စီသော်ငှင်း။ သတ္တာဟံ သတ္တာဟံ ဝါ၊ ခုနစ်ရက်စီ ခုနစ်ရက်စီသော်ငှင်း။ သစေ ဝသတိ၊ အကယ်၍ နေငြားအံ့။ ဧကေကသ္မိံ ဝိဟာရေ၊ တကျောင်းတကျောင်း၌။ ယံ စီဝရပဋိဝီသံ၊ အကြင်သင်္ကန်းဝေစုကို။ ဧကော ပုဂ္ဂလော၊ တဦးသော ပုဂ္ဂိုလ်သည်။ လဘတိ၊ ရ၏။ တတော တတော၊ ထိုထို ပုဂ္ဂိုလ်တဦးတဦးရထိုက်သော သင်္ကန်းဝေစုမှ။ ဥပစုံ ဥပစုံ၊ တဝက် တဝက်စီသော ဝေစုကို။ ဒါတဗ္ဗံ၊ ပေးရမည်။ ဧဝံ၊ ဤသို့ ပေးသည်ရှိသော်။ ဧကာဓိပ္ပါယော၊ (တဝက် ၂-ခု ပေါင်း ဖြစ်၍) တခုသော လိုအပ်သည့် သင်္ကန်းဝေစုကို။ ဒိန္နော၊ ပေးအပ်ပြီး ဖြစ်တော့သည်။ ဟောတိ၊ ဖြစ်၏။ တနည်း-ဧကာဓိပ္ပါယော၊ တဦးသောပုဂ္ဂိုလ်အလိုငှါ လိုအပ်သော သင်္ကန်းဝေစုကို။(ဧကဿ ပုဂ္ဂလဿတ္ထာယ အဓိပ္ပါယတောတိ ဧကာဓိပ္ပါယော။ ပါစိတ်၊ ယောဇနာ။၃ဂ၄ နှာ) ဒိန္နော၊ သည်။ ဟောတိ၊ ဖြစ်၏။

ယတ္ထ ဝါ ပန ဗဟုတရန္တိ၊ ယတ္ထ ဝါ ပန ဗဟုတရံဟူသည်ကား။ သစေ၊ အကယ်၍။ ဧကသ္မိံ ဝိဟာရေ၊ တခုသောကျောင်း၌။ ဝသန္တော၊ ဝါဆိုနေသော ရဟန်းသည်။ ဣတရသ္မိံ ဝိဟာရေ၊ အခြားကျောင်း၌။ သတ္တာဟဝါရေန၊ (နာနာသိမကျောင်းတိုက် အသီးသီး တို့၌ ဝါပန်သွားသည့် နည်းတူ) ခုနစ်ရက်တကြိမ်အားဖြင့်။ အရုဏမေဝ၊ အရုဏ်မျှကိုသာလျှင်။ ဥဋ္ဌာပေတိ၊ တက်စေ၏။ ဧဝံ သတိ၊ ဤသို့ဖြစ်သော်။ ပုရိမသ္မိံ၊ ရှေးပဌမကျောင်း၌။ ဗဟုတရံ၊ သာ၍ ရက်လ ကြာမြင့်စွာ။ ဝသတိ နာမ။ နေသည်မည်၏။ ဝါ–ဝါဆိုသည်မည်၏။ တသ္မာ၊ ထို့ကြောင့်။ တတော ဗဟုတရံ ဝသိတဝိဟာရတော၊ ထို ရက်လများစွာ နေထိုင်ရာကျောင်းမှ။ တဿ၊ ထိုရဟန်းအား။ ပဋိဝီသော၊ သင်္ကန်းဝေစုကို။ ဒါတဗ္ဗော၊ ပေးရမည်။ ဧဝမ္ပိ၊ ဤသို့ ပေးလျှင်လည်း။ ဧကာဓိပ္ပါယော၊ ကို။ ဒိန္နော၊ သည်။ ဟောတိ၊ ဖြစ်၏။ ဣဒဉ္စ၊ ဤ "အမုတြ ဥပစ္စော စီဝရပဋိဝီသော ဒါတဗ္ဗော"ဟူသောစကားကိုလည်း။ နာနာလာဘေဟိ၊ အထူးထူးသော လာဘ်လာဘရှိကုန်သော၊ နာနူပစာရေဟိ၊ ဝင်းခြံ အသီးအသီးရှိကုန်သော။ ဧကသီမဝိဟာရေဟိ၊ တူသော ဥပစာရသိမ်ရှိသည့် (ကျောင်းတိုက်ကြီးတခုအတွင်း၌ တည်ရှိသည့်) ကျောင်းတို့ အနေအားဖြင့်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ကထိတံ၊ ဟောကြားတော်မူအပ်၏။ (ဝိ၊ဋ္ဌ၊၃။၄၁၃)။

(ဂ) သတ္တာဟဝါရေန အရုဏံ ဥဋ္ဌာပေတီတိ ဣဒံ၊ သတ္တာဟ .... ဥဋ္ဌာပေတိ-ဟူသော ဤစကားကို။ နာနာသီမာဝိဟာရေသု မတူသောအပိုင်းအခြား တံတိုင်းအကာအရံရှိသည့်ကျောင်းတိုက်ကြီးတို့၌။ ကတ္တဗ္ဗနယေန၊ ပြုအပ်သောနည်းအားဖြင့်။ ဧကသ္မိံမ္ပိ ဝိဟာရေ၊ တခုသော ကျောင်းတိုက်ကြီးအတွင်း၌လည်း။ ဒွီသု ဝိဟာရေသု၊ ကျောင်းနှစ်ကျောင်းတို့၌။ နိဝုတ္ထဘာဝဒဿနတ္ထံ(တလှည့်စီ) နေသိုင်သည်၏ အဖြစ်ကို ပြခြင်းအကျိုးငှါ။ ဝုတ္တံ၊ (အဋ္ဌကထာဆရာ)မိန့်ဆိုအပ်၏။ အရုဏုဋ္ဌာပနေနေဝ၊ အရုဏ်တက်စေခြင်းမျှဖြင့်သာလျှင်။ တတ္ထ၊ ထိုဒုတိယကျောင်း၌။ ဝုတ္ထော၊ နေထိုင်သည်။ ဟောတိ၊ ဖြစ်၏။ ဝဿစ္ဆေဒပရိဟာရာယ၊ ဝါပြတ်ခြင်းမှ ရှောင်လွှဲခြင်းအကျိုးငှါ။ တတ္ထ၊ ၌။ ဝုတ္ထော၊ သည်။ န ဟောတိ၊ မဟုတ်။ ဟိ-သစ္စံ၊ မှန်၏။ (အန္တောဥပစာရသီမာယ ဟိ-ဟု ဟိ နှင့် ရှိမှ စာသွားဖြောင့်သည်။ ပိ-နှင့် အရှိများသည်)။ အန္တော ဥပစာရသီမာယ၊ ကျောင်းတိုက်ကြီး၏ တံတိုင်းဝင်းခြံအတွင်း၌။ ယတ္ထ ကတ္ထစိ၊ တနေရာရာ တကျောင်းကျောင်း၌ပင်။ အရုဏံ၊ အရုဏ်ကို။ ဥဋ္ဌာပေန္တော၊ တက်စေသော ရဟန်းသည်။ အတ္တနာ၊ မိမိသည်။ ဂဟိတသေနာသနံ၊ သိမ်းပိုက်ထားအပ်သောကျောင်းသို့။ အပ္ပဝိဋ္ဌောပိ၊ မဝင်နေသော်လည်း (ဝင်ရောက်မနေထိုင်သော်လည်း)။ ဝုတ္ထဝဿောဝ၊ ဝါဆိုပြီးဖြစ်တော့သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ (ဝိမတိ၊ ၂။ ၂၀၀)။

(ဃ) ဧကဝိဟာရေ၊ ကျောင်းတိုက်ကြီးတခုအတွင်း၌။ သတ္တာဟကိစ္စာဘာဝါ၊ သတ္တာဟ ပြုဘွယ် (ဝါပန်ဘွယ်ကိစ္စ) မရှိခြင်းကြောင့်။ သတ္တာဟဝါရေန အရုဏမေဝ ဥဋ္ဌာပေတီတိ ဇော်ဝစနံ၊ သတ္တာဟ....ဥဋ္ဌာပေတိ-ဟူသော ဤစကားသည်။ ဝစနမတ္တမေဝဝါ၊-(၂-ကျောင်းတို့၌ တလှည့်စီနေကြောင်းကို ထင်ရှားပြသည့်) စကားမျှသာတည်း။ (ဝဇီရ။ ၄၉၈)။

(င) ဣမသ္မိံ ဝိဟာရေ၊ ဤကျောင်းတိုက်၌။ ဣမံ တေမာသံ၊ ဤ ၃-လပတ်လုံး။ ဝဿံ။ နေခြင်းသို့။ ဥပေမိ၊ ကပ်ရောက်ပါ၏။ ဝါ-ဝဿံ ဥပေမိ၊ ဝါဆိုပါ၏။ (ဝိ၊ဋ္ဌ၊၃။၃၄၉။ဝိ၊ သင်္ဂဟ၊ ၂၁၄)။

## ၁၀–ဝိဿာသဂ္ဂါဟာဒိ ဝိမတိစ္ဆေဒနီ

နာယကဆရာတော်အမှူးရှိသော ညောင်ရင်းကျေးရွာ ဂိုဏ်းသံဃာတို့က ရွှေဘော်ကျွန်း ကျောင်းအရာမ် ဂရုဘဏ် လဟုဘဏ် ပစ္စည်းအရပ်ရပ်နှင့်စပ်၍ မည်သို့ ယထာဓမ္မ ကျန မှန်ကန်အောင် အဆုံးအဖြတ်ပေးသင့်သည်ဟု ဖြတ်စာတစောင် ရေးသားပေးသနားပါရန် လျှောက်လွှာ အရပ်ရပ် အဋ္ဌုပ္ပတ်စုံလင်စွာ တင်ပြလာသည်ကို အမရပူရဆရာတော်ဘုရား ဖြတ်စာရေးပေးလိုက်သည်—

မောင်ယုဧန လျှောက်ထားချက်အရ—

သုတ္တံ ဇာနာတိ၊ သုတ္တာနုလောမံ ဇာနာတိ၊ ဝိနယံ ဇာနာတိ၊ ဝိနယာနုလောမံ ဇာနာတိ၊ ဌာနာဋ္ဌာနကုသလော စ ဟောတိ၊ ဟူသော ၃၂၃၊ ဝေါဟာရဝဂ်၊ ပရိဝါပါဠိတော်နှင့်အညီ ဥဘတောဝိဘင်း, တဒနုလောမ မဟာပဒေသ,ခန္ဓက ပရိဝါ,တဒနုလောမ မဟာပဒေသ, ဌာန

အဋ္ဌာန ငါးဝစုံလင်-သိမြင်လိမ္မာတော် မူကြကုန်သော နာယကဆရာတော်ကြီးများ အမှူးရှိသော ညောင်ရင်းကျေးရွာ ဂိုဏ်းသံဃာတို့က ရွှေဘော်ကျွန်း ကျောင်း အရာမ် ဂရုဘဏ် လဟုဘဏ် ပစ္စည်းအရပ်ချပ်အတွက် ဝတ္ထု အဋ္ဌုပ္ပတ္တိနှင့်တကွ ဝိနယောပဒေသ ကောင်းစွာပြလျက် အဂတိတရား မလိုက်မှားဘဲ အဆုံးအဖြတ်ပေးတော်မူလိုက်ကြသည် မောင်ယုဇန။

## ကျောင်း အဋ္ဌုပ္ပတ္တိမှန်

၁။ ရွှေဘော်ကျွန်းကျောင်း ဆရာတော် ပျံတော်မမူမီ မောင်ဉာဏဝံသက ကျောင်းအရာမ် ဂရုဘဏ် လဟုဘဏ်အားလုံး ဝိဿာသဂ္ဂါဟအဖြစ်ဖြင့် ယူထားလိုက်သည်။

၂။ တဖန် မောင်ဉာဏဝံသက နာယကဆရာတော်အမှူးရှိသော ညောင်ရင်းကျေးရွာ ဂိုဏ်းသံဃာအား တရားဝင်လှူဒါန်းခဲ့သည်။

၃။ နောက် ထိုကျောင်းတိုက်တွင် အစောင့်အရှောက် ကျောင်းထိုင်ပုဂ္ဂိုလ်အဖြစ် တင်မြှောက်ပေးတော်မူပါရန် ဒါယကာ (၃) ဦးက ဒါယကာ ဒါယိကာမ ကျောင်းသားကြီးငယ်တို့ သဘောဆန္ဒ မယူဘဲ (၂၃)ဦး၏ လက်မှတ်လိမ်ဖြင့် ဂိုဏ်းသံဃာအား လျှောက်ထားခဲ့သည်။

၄။ ယင်းလျှောက်ထားချက်အရ အားလုံးရပ်ရွာ ဒါယကာ ဒါယိကာမ ကျောင်းသားကြီးငယ်များ သဘောတူလျှင် ၁၃၃၂-ခု နယုန်လဆုတ် (၁၄) ရက် လက္ခယ်နေ့ကျမှ ဂိုဏ်းသံဃာက မောင်ယုဇနအား ကျောင်းအရာမ် ဂရုဘဏ် လဟုဘဏ်များကို လွှဲပြောင်းပေးအပ်မည်ဟု သံဃာက ၁၃၃၂-ခု နယုန်လဆန်း (၈) ရက်နေ့ သဘောတူညီလိုက်ကြသည်။

၅။ ၁၄-ရက် မတိုင်မီ ဒါယကာ ဒါယိကာမ ကျောင်းသားကြီးငယ် (၂၄) ဦးက ဦးယုဇနကို သဘောမတူနိုင်ကြောင်း ဂိုဏ်းသံဃာအား လျှောက်ထားသည့်အတွက် မူလသဘောတူညီချက်ကို ပယ်ဖျက်ကာ မောင်ယုဇနအား ၁၄-ရက်နေ့က ကျောင်းအရာမ် ဂရုဘဏ် လဟုဘဏ် ပစ္စည်းများကို လွှဲပြောင်းပေးအပ်မှု ပြုတော်မမူကြ။ ဤကား အဋ္ဌုပ္ပတ္တိမှန် ဖြစ်သည်။

ဆိုခဲ့ပြီးသော ဝတ္ထု အဋ္ဌုပ္ပတ္တိကို ကြည့်ရှုစစ်ဆေးဆင်ခြင်သော် ပဌမရွှေဘော်ကျွန်း ဆရာတော် အသက်ထင်ရှားရှိစဉ် တပည့် မောင်ဉာဏဝံသ၏ ဝိဿာသဂ္ဂါဟအဖြစ်ဖြင့် ကျောင်းအရာမ် ဂရုဘဏ် လဟုဘဏ်စသော ပစ္စည်းများကို ယူခြင်းသည်–

၁။ အနုဇာနာမိ ဘိက္ခဝေ ပဥ္စဟင်္ဂေဟိ သမန္နာဂတဿ ဝိဿာသံ ဂဟေတုံ၊ သန္ဒိဋ္ဌော စ ဟောတိ၊ သမ္ဘတ္တော စ၊ အာလပိတော စ၊ ဇီဝတိ စ၊ ဇာနာတိ စ "ဂဟိတေ မေ အတ္တ

မနော ဘဝိဿတီ”တိ-ဟူသော (၄၁၁) မဟာဝါ စီဝရက္ခန္ဓကပါဠိတော်, အနဝသေသပရိယာဒါနဝသေန စေတာနံ ပဋ္ဌင်္ဂါနိ ဝုတ္တာနိ။ ဝိဿာသဂ္ဂါဟော ပန တီဟင်္ဂေဟိ ရုဟတိ သန္ဒိဋ္ဌော ဇီဝတိ ဂဟိတေ အတ္တမနော၊ သမ္ဘတ္တော ဇီဝတိ ဂဟိတေ အတ္တမနော၊ အာလပိတော ဇီဝတိ ဂဟိတေ အတ္တမနောတိ–ဟူသော (၃၂၇) ဒုတိယပါရာဇိကသိက္ခာပုဒ်အဖွင့်-အဋ္ဌကထာ, ကောစိ ဝါ ဝိဿာသံ အဂ္ဂဟေသိ၊ ယဿ စ ဒိန္နံ, ယေန စ ဂဟိတံ၊ တဿေဝ ဟောတိ ဟူသော (၄၁၅) မဟာဝါ စီဝရက္ခန္ဓက အဋ္ဌကထာ—

ကောစိ စ ဉာတကော ဝါ အညာတကော ဝါ ဂဟဋ္ဌော ဝါ ပဗ္ဗဇိတော ဝါ ဝိဿာသံ အဂ္ဂဟေသိ၊ တာဒိသေ သန္ဒာယ ယေ တဿ ဓနေ ဣဿရာ ဂဟဋ္ဌာ ဝါ ပဗ္ဗဇိတာ ဝါ၊ တေသံ ဒါတဗ္ဗန္တိ ဝုတ္တံ-ဟူသော (၃၅) ဒုတိယအုပ် ဝိနယာလင်္ကာရဋီကာ—

တို့ကို ထောက်၍ ဆွေမျိုးဖြစ်စေ ဆွေမျိုးမဟုတ်သူဖြစ်စေ လူဖြစ်စေ ရဟန်းဖြစ်စေ အင်္ဂါသုံးပါးနှင့်အညီ ဝိဿာသအဖြစ်ဖြင့် ယူက ထိုပစ္စည်းများသည် ယူသူ၏ သန္တက ယူသူပိုင်ဆိုင်သည်ဟု တိုက်ရိုက် သိအပ်ရကား သမ္ဘတ္တ ဇီဝတိ ဂဟိတေအတ္တမန အင်္ဂါသုံးပါးနှင့်အညီ ယူအပ်သောကြောင့် ထိုယူအပ်သော ကျောင်းအရာမ် ဂရုဘဏ် လဟုဘဏ်စသည်သည် ယူသူ မောင်ဉာဏဝံသ ပိုင်ဆိုင် အစိုးရသော ပုဂ္ဂလိက ဖြစ်ခဲ့သည်။

တဖန် ၁၃၃၀-ခု တန်ဆောင်မုန်းလဆုတ် (၁၄) ရက်နေ့ မောင်ဉာဏဝံသက မိမိပိုင် ရွှေဘော်ကျွန်း ကျောင်းအရာမ် ဂရုဘဏ် လဟုဘဏ်စသည်ကို ရဟန်းရှင်လူတို့ ရှေ့မှောက်တွင် နှုတ်ဝစီမြွက်၍ နာယကဆရာတော်များ အမှူးရှိသောညောင်ရင်းကျေးရွာ ဂိုဏ်းသံဃာအား လှူဒါန်းပြန်ခြင်းသည်–

တုယှံ ဂဏှာဟီတိ ဝုတ္တေ ဝိနာပိ “မယှံ ဂဏှာမိ”တိ ဝစနေန သုဒိန္နံ ဟောတိ၊ ဣတရော စေ အဓိဝါသေတိ၊ တေနာပိ သုဂ္ဂဟိတံ ဟောတိ-ဟူသော (၂၂၉) ဝဇိရဗုဒ္ဓိဋီကာ—

တုယှံ ဒေမီတိအာဒီသု တသ္မိံ ကာလေ န ဂဏှိတုကာမောပိ သစေ န ပဋိက္ခိပတိ၊ ပုန ဂဏှိတုကာမတာယ သတိ ဂဟေတုံ ဝဋ္ဋတီတိ ဝဒန္တိ-ဟူသော (၃၉၂) ဒုတိယအုပ်၊ သာရတ္ထဒီပနီဋီကာ—

တုယှံ ဒေမီတိအာဒီသု ပရိစ္စတ္တတ္တာ မနသာ အသမ္ပဋိစ္ဆန္တေပိ သမ္ပဒါနဘူတဿေဝ သန္တကံ ဟောတိ (၃၁၇) ပဌမအုပ်၊ ဝိမတိဝိနောဒနီဋီကာ—

တို့ကို ထောက်၍ ငါတို့ယူကြကုန်၏ဟု ဆိုကြသည်ဖြစ်စေ မဆိုကြသည်ဖြစ်စေ မပယ်မလှန်လက်ခံသာယာကြရကား ထိုရွှေဘော်ကျွန်း ကျောင်းအရာမ် ဂရုဘဏ် လဟုဘဏ်ပစ္စည်းများသည် သမ္ပဒါန်ဖြစ်သော ဂိုဏ်းသံဃာပိုင် ဂဏိက ဂဏသန္တက ဖြစ်လာပြန်သည်။

## မှတ်ချက်

ဂိုဏ်းဝင်ရဟန်းအပေါင်းကို ဂိုဏ်းသံဃာဟု လောကအသုံးအနှုန်းလိုက်၍ သုံးစွဲသည်၊အာဂတာ နာဂတစာတုဒ္ဒိသ သံဃာကို သုံးနှုန်းသော စကားလုံးမဟုတ်၊ ယင်းသံဃာကို သုံးနှုန်းလျှင်ဂိုဏ်းဟု ဝိသေသန မ,မရ။

၃၊ ၄။ နောက်တဆင့် ဒါယကာသုံးဦးတို့ လိမ်လည်လျှောက်ထားချက်ကို အားလုံးသော ရပ်ရွာ ဒါယကာ ဒါယိကာမ ကျောင်းသားကြီးငယ်တို့၏ သဘောတူဆန္ဒဟု ထင်မှတ်တော်မူ၍ "အားလုံးသဘောတူညီလျှင် ၁၃၃၂-ခု နယုန်လဆုတ် ၁၄-ရက် လကွယ်နေ့ကျမှ မောင်ယုဇနအား ကျောင်းအရာမ် ဂရုဘဏ် လဟုဘဏ် စသည်များကို ဂိုဏ်းသံဃာက လွှဲပြောင်းပေးအပ်မည်"ဟု ပြောဆို သဘောတူညီခြင်းသည်–

ပရိဏတံ နာမ ဒဿာမ ကရိဿာမာတိ ဝါစာ ဘိန္နာ ဟောတိ–ဟူသော (၂၀၄) ပရိဏာမန သိက္ခာပုဒ် ပဒဘာဇနီပါဠိတော်ကို ထောက်၍ မောင်ယုဇနအားညွတ်ထားကာမျှဖြစ်သည်၊ စင်စစ် မစွန့်လွှတ်အပ်သေး၊ ဓုဝဝါသအနုဋ္ဌာပနိယ ပေးခြင်းမျိုးကား သံဃိကကျောင်း၌သာ လာသည်၊ သံဃိကကျောင်းကိုသာ သီမဋ္ဌကသံဃာကို သုတ်သင်၍ အပလောကနကံဖြင့် ပေးရသည်၊ ဤဂဏိကကျောင်းနှင့် လုံးဝမဆိုင်သည်ကို စူဠဝါ သေနာသနက္ခန္ဓကပါဠိ အဋ္ဌကထာတို့ဖြင့် အလွန်ထင်ရှားသည်။

မောင်ယုဇနလျှောက်လွှာတွင် ပြဆိုအပ်ပြီးသော (၁) (၂) ပါဠိအဋ္ဌကထာဋီကာတို့အရ မူလ ပုဂ္ဂလိက၊ နောက်ဂဏိကဖြစ်သော ရွှေဘော်ကျွန်းကျောင်းကို ပါဠိတော်ကိုမထောက် စာ, အဋ္ဌကထာဋီကာ တို့ကို မလေးစား, သံဃိကဟု တဖျင့်တပါး ယူမှားလျက် မပေးမစွန့်ရသေး ညွတ်ရုံမျှဖြစ်သည်တို့ကို ပေးစွန့်ပြီး ဖြစ်လေဟန် ကြံဖန်တင်ပြထားခြင်းသည် ဝိနည်းနှင့် မလျော် ချွတ်ချော်တိမ်းပါးလျက်ရှိသည်။

နယုန်လဆုတ် (၁၄)ရက်၊ လကွယ်နေ့ကျမှ ဂိုဏ်းသံဃာက မောင်ယုဇနအား လွှဲပြောင်း ပေးအပ်မည်ဟု ပြောဆိုညွတ်ထားမှုသည်လည်း သန္နိဋ္ဌာန်ကျ ဆုံးဖြတ်ချက်ချ၍ ညွတ်ထားသည် မဟုတ်၊ ( ပကပ္ပ=အကြောင်း ညီညွတ်မှု ကြံဆခြင်း အားဖြင့် ) ညွတ်ထားမှုသာ ဖြစ်သည်မှာ "ရပ်ရွာ ဒါယကာ ဒါယိကာမ ကျောင်းသားကြီးငယ်တို့ သဘောတူကြလျှင်"ဟူသော ဂိုဏ်းသံဃာ စကားဖြင့် သိသင့်သည်။ ယခု ဂိုဏ်းသံဃာ၏ သဘောတူ ညီညွတ်ထားမှု ပျက်ပြားရခြင်း သည်လည်း မူလ ပရိကပ္ပအတိုင်း မဖြစ် ရပ်ရွာ မညီမညွတ်ဖြစ်ကာ လွဲမှားချွတ်ချော်မှုကြောင့်သာ ဖြစ်သည်။စင်စစ် အဓမ္မဖျက်သိမ်းမှု မဟုတ်ကြောင်းမှာ ဝတ္ထု အဋ္ဌုပ္ပတ္တိမှန်ဖြင့် အလွန်ထင်ရှားသည်။ ကျောင်း လွှဲပြောင်း ပေးအပ်မည်ဟု သဘောတူညီ ဝန်ခံပြီးမှ မပေးဘဲနေလျှင် ပေးအပ်စေ အနိုင်အထက် တောင်းယူစေ ဟု ဝိနည်းကျမ်းဂန် ဓမ္မကံ အားဖြင့် ဘုရားရှင် ပညတ်တော် တစိုး တစိမျှ မလာမရှိချေ။ ထို့ကြောင့် ဂိုဏ်းသံဃာအပေါ်၌ ဂရုဟိတဗ္ဗ ဆန်ချိမျှ မထင်၊ သန့်ရှင်း စင်ကြယ်သည်သာ ဖြစ်သည်။

## အလျှံပြောင်ပြောင် တောက်လောင်သည့်ပမာ ရှောင်ရှားရာ၏

မောင်ယုဇနသည် –

ကာမေ အာဒိတ္တတော ဒိသွာ၊ ဇာတရူပါနိ သတ္ထတော။
ဂဗ္ဘောက္ကန္တိတော ဒုက္ခံ၊ နိရယေသု မဟဗ္ဘယံ။

ဟူသော ဝိသတိနိပါတ် ၃၂၇-နှာ။ ရဋ္ဌပါလတ္ထေရဂါထာနှင့်အညီ လူအများ မကြည်ညိုသောကျောင်း အရာမ် ဂရုဘဏ် လဟုဘဏ် ဝတ္ထုကာမတို့ကို တဆယ့်တပါးသော မီးဖြင့် အလျှံ တပြောင်ပြောင် တောက်လောင်သော အခြင်းအရာဖြင့် ရှုမြင် ဆင်ခြင်၍ရင်း၊ ရွှေငွေတို့ကို ဓါးလက်နက်အနေ အားဖြင့် ရှုမြင်ဆင်ခြင်၍ရင်း၊ အမိဝမ်းတွင်း၌ ပဋိသန္ဓေ နေသည်မှစ၍ သံသရာဝဋ်ဒုက္ခကို ရှုမြင် ဆင်ခြင်၍ရင်း၊ ငရဲကြီး ရှစ်ထပ်တို့၌ ခံစားရမည့် ကြီးစွာသောဘေးကို ရှုမြင် ဆင်ခြင်၍ရင်း ထို ကျောင်း စသော ဝတ္ထုကာမတို့၌ အစွဲပြုပြီးလျှင် တဏှာမာနကို မဖြစ်စေဘဲ ရဟန်းတရားကိုသာ ကြိုးစား အားထုတ်၍ နေထိုင်စေ-ဟု နာယကဆရာတော်များအမှူးရှိသော ညောင်ရင်းကျေးရွာ ဂိုဏ်းသံဃာတော်တို့က ဩဝါဒနှင့်တကွ အဆုံးအဖြတ် ပေးတော်မူလိုက်ကြသည် မောင်ယုဇန။

ဤတွင်ရွှေ ဒက္ခိဏာရာမ ဘုရားကြီးတိုက် အမရပူရ ဆရာတော်ဘုရား ရေးသားပို့လိုက်သော ဖြတ်စာ ပြီ၏။

ဤအဆုံးအဖြတ်၌ ပါသော ပါဠိ အဋ္ဌကထာ စသည်တို့ကို က–ခ စသော အမှတ်စဉ်အတိုင်း အနက်ပြန်လိုက်အံ့။

(က) သုတ္တံ၊ ဥဘတော ဝိဘင်း ပါဠိတော်ကို။ ဇာနာတိ၊ သိ၏။ သုတ္တာနုလောမံ၊ ပါဠိ တော်သို့ လျော်ကန်လျောက်ပတ်စေတတ်သော–မဟာပဒေသ ၄–ပါး(ဝိ ၃။ ၃၄၈–၉) ကို။ ဇာနာတိ၊ သိ၏။ ဝိနယံ၊ မဟာဝါခန္ဓက စူဠဝါခန္ဓကနှင့် ပရိဝါ်နည်းတော်ကို။ ဇာနာတိ၊ သိ၏။ ဝိနယာနုလောမံ၊ရင်း မဟာဝါခန္ဓက စူဠဝါခန္ဓကနှင့်ပရိဝါဒိနည်း ပါဠိတော်သို့ လျော်ကန်လျောက် ပတ်စေတတ်သည့် မဟာပဒေသ ၄–ပါးကို။ ဇာနာတိ၊ သိ၏။ ဌာနာဋ္ဌာနကုသလော စ၊ အကြောင်းဟုတ်သည် မဟုတ်သည်၌ ကျွမ်းကျင်လိမ္မာသည်လည်း။ ဟောတိ၊ ဖြစ်၏။ (ပရိဝါ ၃၂၃၊ ၃၃၃ ၃၄၄)။

(ခ) ဘိက္ခဝေ၊ ရဟန်းတို့။ ပဉ္စဟိ၊ ငါးပါးကုန်သော။ အင်္ဂေဟိ၊ အကြောင်းအင်္ဂါတို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံသော ရဟန်းအား။ ဝိဿာသံ၊ အကျွမ်းတဝင်။ ဝါ—အကျွမ်းဝင်သော အားဖြင့်။ ဂဟေတုံ၊ ယူခြင်းငှါ။ အနုဇာနာမိ၊ (ငါဘုရား) ခွင့်ပြုတော်မူ၏။ သန္ဒိဋ္ဌော စ၊ အကျွမ်းမဝင် မြင်ဘူးကာမျှ မိတ်ဆွေသည်လည်း။ ဟောတိ၊ ဖြစ်၏။ သမ္ဘတ္တော စ၊ အတူတကွ စားသောက်ဘူးသည့် ဒဠှမိတ္တ=မိတ်ဆွေရင်းလည်း။ ဟောတိ၊ ဖြစ်၏။ အာလပိတော စ၊ (ကျွန်ုပ်၏ ဥစ္စာကို အလိုရှိလျှင် ယူပါ ဟု) ပြောဆိုဘူးသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဇီဝတိ စ၊ **အသက်ရှင်ဆဲလည်း ဟုတ်၏။** မေ၊ ငါသည်။ ဂဟိတေ၊ **ယူအပ်သည်ရှိသော်။ အတ္တမနော၊**

မိဒိစိတ်ရှိသည်၊ ဝါ–နှစ်သက်ဝမ်းမြောက်သည်။ ဘဝိဿတီတိ၊ ဖြစ်လတ့်ဟူ၍။ ဇာနာတိ စ၊ သိလည်းသိ၏။ (ဒိ၊ ၃။ ၄၁၁။ ဝိ၊ ဋ္ဌ။ ၃။ ၄၁၀။ ဝိနယသင်္ဂဟ၊ ဋ္ဌ။ ၇၂။)

(ဂ) စ၊ ဆက်။ အနဝသေသပရိယာဒါနဝသေန၊ အကြွင်းမဲ့ အလုံးစုံကို သိမ်းရုံးယူခြင်း၏ အစွမ်းဖြင့်။ တောနိ ပဉ္စ အင်္ဂါနိ၊ ဤ ငါးပါးသော အင်္ဂါတို့ကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ မဟာဝဂ္ဂေ၊ မဟာဝါခန္ဓက (ဝိ၊ ၃။ ၄၁၁)၌။ ကိဉ္စာပိ ဝုတ္တာနိ၊ အကယ်၍ကား ဟောကြား အပ်ကုန်၏။ ပန၊ ထိုသို့ပင် ဟောကြားအပ်ကုန်သော်လည်း။ ဝိဿာသဂ္ဂါဟော၊ အကျွမ်းဝင်သော အားဖြင့် ယူခြင်းသည်။ တီဟိ အင်္ဂေဟိ၊ ၃–ပါးသော အင်္ဂါတို့ဖြင့်။ ရုဟတိ၊ သက်ရောက်၏။ သန္ဒိဋ္ဌော၊ အကျွမ်းမဝင် မြင်ဘူးကာမျှ မိတ်ဆွေသည်။ ဟောတိ၊ ဖြစ်၏။ ဇီဝတိ၊ အသက် ရှင်ဆဲဖြစ်၏။ ဂဟိတေ၊ ယူအပ်သည်ရှိသော်။ အတ္တမနော၊ နှစ်သက်ဝမ်းမြောက်၏။ ဣတိ ဣမေဟိ တီဟိ အင်္ဂေဟိ ဝါ၊ ဤအင်္ဂါ ၃–ချက်တို့ဖြင့် မူလည်း။ ရုဟတိ၊ သက်ရောက်၏။ သမ္ဘတ္တော၊ အတူတကွ စားသောက်ဘူးသည့် ဒဠှမိတ္တ=မိတ်ဆွေရင်းသည်။ ဟောတိ၊ ဖြစ်၏။ ဇီဝတိ၊ ၏။ ဂဟိတေ၊ သော်။ အတ္တမနော၊ ၏။ ဣတိ၊ လည်း။ ရုဟတိ၊ သက်ရောက်၏။ အာလပိတော၊ (ကျွန်ုပ်၏ ဥစ္စာကို အလိုရှိလျှင် ယူပါ ဟု) ပြောဆိုဘူး၏။ ဇီဝတိ၊ ၏။ ဂဟိတေ၊ သော်။ အတ္တ- မနော၊ ၏။ ဣတိ၊ လည်း။ ရုဟတိ၊ သက်ရောက်၏။ (ဝိ၊ ဋ္ဌ၊ ၁။ ၃၂၇။ ဝိနယသင်္ဂဟ၊ ဋ္ဌ။ ၇၂။)

(ဃ) ကောစိ ဝါ၊ တစုံတယောက်သော သူသည်မူလည်း။ ဝိဿာသံ၊ အကျွမ်းတဝင်၊ ဝါ- အကျွမ်းဝင်သောအားဖြင့်။ အဂ္ဂဟေသိ၊ ယူလေပြီ။ ယဿ၊ အကြင်သူအား။ ဒိန္နံ၊ ပေးအပ်ပြီး ပြီ။ ယေန စ၊ အကြင်ပုဂ္ဂိုလ်သည်လည်း။ ဂဟိတံ၊ယူအင်ပြီးပြီ။ တဿော၊ ထိုပုဂ္ဂိုလ်၏သာလျှင်။ သန္တကံ၊ဥစ္စာသည်။ ဟောတိ၊ဖြစ်၏။ (ဝိ၊ဋ္ဌ၊၃။၄၁၅။ ဝိနယသင်္ဂဟ၊ဋ္ဌ။၂၆၁)။

(င) စ-အဖို့တပါး။ ကောစိ၊ တစုံတယောက်သော။ ဉာတကော ဝါ၊ ဆွေမျိုးသည်၎င်း။အညာ တကော ဝါ၊ ဆွေမျိုးမတော်စပ်သော သူသည်၎င်း။ ဂဟဋ္ဌော ဝါ လူပုဂ္ဂိုလ်သည်၎င်း။ ပဗ္ဗဇိ- တော ဝါ၊ ရသေ့ ရဟန်းသည်၎င်း။ ဝိဿာသံ၊ အကျွမ်းတဝင်။ ဝါ-အကျွမ်းဝင်သောအားဖြင့်။ အဂ္ဂဟေသိ၊ ယူလေပြီ။ တာဒိသေ၊ ထိုသို့သဘောရှိသောသူတို့ကို။ သန္ဓာယ၊ ရည်ရွယ်၍။ ယေ တဿ ဓနေ....ဒါတဗ္ဗန္တိ....ဒါတဗ္ဗံ-ဟူ၍။ အဋ္ဌကထာယံ၊(ဝိ၊ဋ္ဌ၊၁။၃၂၇။ ဝိနယသင်္ဂဟ၊ဋ္ဌ။၇၃) အဋ္ဌ- ကထာ၌။ ဝုတ္တံ၊ မိန့်ဆိုအပ်ခဲ့လေပြီ။ ဂဟဋ္ဌော ဝါ၊ လူပုဂ္ဂိုလ်မူလည်းဖြစ်ကုန်သော။ ပဗ္ဗဇိတာ ဝါ၊ ရသေ့ ရဟန်း ပုဂ္ဂိုလ်မူလည်းဖြစ်ကုန်သော။ ယေ၊ အကြင်သူတို့သည်။ တဿ၊ ထို သေလွန်သော သူ၏။ ဓနေ၊ ဥစ္စာပစ္စည်း၌။ ဝါ- ဥစ္စာပစ္စည်းကို။ ဣဿရာ၊ အစိုးရကုန် ပိုင်ဆိုင်ကုန်၏။ တေသံ၊ ထိုအစိုးရသူ ပိုင်ဆိုင်သူတို့အား။ ဒါတဗ္ဗံ၊ ပေးအပ်၏။ ဝါ- ပေးရမည်။ (ဝိနယာလင်္ကာရဋီ။ ၂။၃၅) (ဓနေဿ-ဟု အချို့မူ၌ ရှိ၏။ သာဓက အဋ္ဌကထာကြီး ၂-စောင်တို့နှင့်မညီ)။

(စ) တုယှံ၊ သင့်အတွက်၊ဝါ-သင့်ဘို့။ ဂဏှာဟိ၊ ယူလော့။ ဣတိ၊ဤသို့။ ဝုတ္တေ၊ဆိုအပ်သည် ရှိသော်။ မယှံ၊ ငါ့အတွက်၊ ဝါ-ငါ့ဘို့။ ဂဏှာဒိ၊ ယူပါ၏။ ဣတိ ဝစနေန၊ဤသို့သောလက်ခံကြောင်း ပြသည့် စကားနှင့်။ ဝိနာပိ၊ ကင်း၍လည်း။ ဝါ-မပါဘဲလည်း။ သုဒိန္နံ၊ ကောင်းစွာပေးပြီးသည်။

ဝါ- အပေးမြောက်တော့သည်။ ဟောတိ၊ဖြစ်၏။ ဉ္စတရော၊ တပါးသောသူသည်။ ဝါ-အပေးခံရသူသည်။ စေ အဓိဝါသေတိ၊ အကယ်၍ သာယာအံ့။ ဝါ-လက်ခံအံ့။ တေနာပိ၊ ထိုအပေးခံရသူသည်လည်း။ သုဂ္ဂဟိတံ၊ ကောင်းစွာယူအပ်ပြီးသည်။ဝါ-ယူခြင်းကိစ္စမြောက်တော့သည်။ ဟောတိ၊ ဖြစ်၏။ (ဝဇိရ။၂၂၃)။

(ဆ) တုယှံ ဒေမိတိအာဒီသု၊ တုယှံ ဒေမိ အစရှိသော စကားရပ်တို့၌။ တသ္မိံ ကာလေ၊ ထိုပေးဆဲခဏ၌။န ဂဏှိတုကာမောပိ၊ ယူခြင်းငှါ အလိုမရှိသော်လည်း။ သစေ န ပဋိက္ခိပတိ၊အကယ်၍ မမြစ်ပယ်သည်ဖြစ်အံ့။ ပုန ဂဏှိတုကာမတာယ၊ တဖန်ယူခြင်းငှါ အလိုရှိသည်၏ အဖြစ်သည်။ ဝါ-တဖန်ယူလိုသောဆန္ဒသည်။ သတိ၊ရှိသော်။ ဂဟေတုံ၊ ယူခြင်းငှါ။ ဝဋ္ဋတိ၊ အပ်စပ်၏။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ (ဆရာတို့)ဆိုကုန်၏။ (သာရတ္ထ၊၂။၃၉၂)။

(ဇ) တုယှံ ဒေမိတိအာဒီသု၊ တုယှံ ဒေမိ အစရှိသောစကားတို့၌။ ပရိစ္စတ္တတ္တာ၊ ပေးစွန့်အပ်ပြီးသည်၏ အဖြစ်ကြောင့်။ မနသာ၊ စိတ်ဖြင့်။ အသမ္ပဋိစ္ဆန္တေပိ၊ လက်မခံသော်လည်း။ သမ္ပဒါန-ဘူတဿဝ၊ ပေးရာဖြစ်သော ပုဂ္ဂိုလ်၏သာလျှင်။ဝါ-အပေးခံရသည့် ပုဂ္ဂိုလ်၏သာလျှင်။ သန္တကံ ဟောတိ၊ ဥစ္စာဖြစ်သွား၏။ (ဝိမတိ၊ ၁။ ၃၁၇)။

(ဈ) ပရိဏာတံ နာမ၊ ပရိဏတ ညွတ်ထားအပ်သော လာဘ် မည်သည်။ (မယံ၊ ငါတို့သည်) ဒဿာမ၊ လှူကုန်အံ့။ ကရိဿာမ၊ ပြုစုကုန်အံ့။ ဣတိ၊ ဤသို့။ ဝါစာ၊ စကားကို။ ဘိန္န ၊မြွက်ဆိုအပ်သည်။ ဟောတိ၊ ဖြစ်၏။ (ဝိ၊၂။၂၀၇။)

(ည) ကာမေ၊ ဝတ္ထုကာမ ကိလေသာကာမတို့ကို။ အာဒိတ္တတော၊ ရာဂ ဒေါသစသည့် မီး ၁၀-ပါးတို့ဖြင့် အလျှံပြောင်ပြောင်တောက်လောင်နေသည်၏ အဖြစ်အားဖြင့်။ ဒိသွာ၊ ရှုဆင်ခြင်၍။ ဇာတရူပါနိ၊ အလုံးစုံသော ရွှေအမျိုးမျိုးတို့ကို။ သတ္ထတော၊ ထက်စွာ သွေးထားအပ်သည့် ဓားလက်နက်အနေအားဖြင့်။ ဒိသွာ၊ ရှုဆင်ခြင်၍။ ဂဗ္ဘ ဝေါက္ကန္တိတော၊ အမိဝမ်းသို့ သက်ဆင်းရသည်မှ။ ပဋ္ဌာယ၊ စ၍။ ဒုက္ခံ၊ခံရမည့် သံသာရဝဋ်ဒုက္ခကို။ ဒိသွာ၊ ရှုဆင်ခြင်၍။ နိရယေသု၊ ငရဲကြီးငယ် အသွယ်သွယ်တို့၌။ လဗ္ဘမာနံ၊ ရအပ် ရောက်အပ်နိုင်သည့်။ မဟဗ္ဘယဉ္စ၊ကြောက်ဖွယ်တုံအေး ဒုက္ခဘေးကြီးကိုလည်း။ ဒိသွာ၊ရှုဆင်ခြင်၍။ (အဟံ၊ ငါရဋ္ဌပါလ ထေရ်သည်။ သံဝေဂံ၊ တရားသဘောတို့၌ ထိတ်လန့်မှုသံဝေဂဉာဏ်ကို။ အလဘံ ၊ ရခဲ့လေပြီ)။ ထေရ၊၃၂၇။ ထေရ ဋ္ဌ၊ ၂။၂၉၉-နှာ။

---

### ၁၁–စေတျာဒိ တိသန္တက ဝိမတိစ္ဆေဒနီ

စေတျာဒိ တိသန္တက ဝိနိစ္ဆယ ဖြစ်ပေါ်လာကြောင်း အဋ္ဌုပ္ပတ္တိ

သက္ကရာဇ် ၁၂၄၇ ခု၊ ဖဂ္ဂုနမာသ၊ တပေါင်းလမိန်ရာသီ ပုဏ္ဏမီ အပေါ် ကျော် (၇)ရက်၊ နေ့ ၂-ချက်တီး၊ ရိုက်ဟီးသံညောင်း၊ တမောင်းချိန်ခါ၊ နေ့သောကြာတွင်၊ ဘိုးဘကိုယ်တိုင်၊ပြန့်လှိုင်မညှိုး၊ခန့်ခိုင်တိုး၍၊ မူးမျိုးမတ်စုံ ဖြစ်သော၊ မတ္တရာမြို့၊ သာမို့ဘိုတွင်၊ ခွန်စိုးပိုင်ကား၊ ရုံးစားအပ်နှင်း၊ ကောင်းတင်းပွါးတိုး၊ ကျော်ဟိုးအာဏာ၊ သဒ္ဓါသီလ၊ သုတပညာ၊ ဘာဝနာထုံမလေ့

ဖြင့်၊ ပြကတေ့ဖွေးဖွေး၊ ကြိုင်ကြိုင်မွှေးသော၊ မွှိုစာရေးရတနာနဒီ၊ ကျောက်ဆည်ဝန် နေမျိုး မင်းခေါင်သူရိန်၊ သီး ခင်ပွန်းတို့က။ တေသံ ဒိဝါ စ ရတ္တော စ၊ သဒါ ပုညံ ပဝဍ္ဍတိ၊ ပါဠိတော် မြတ်အရ၊ နေ့ညမစဲ အမြဲထာ ၁ရ၊ သာသနာနုဂ္ဂဟ ကုသိုလ်ဖြစ်စေလို၍၊ ဉယျာဉ်ခြံ ၄-သွယ်၊ လယ်ယာအများ ခြောက်ရပ်များကို ပိုင်းခြားပြီးလျှင် စေတီမှာဖြစ်စေ၊ ကျောင်းမှာဖြစ်စေ၊ ကျောင်းနေသံဃာတို့ဖြစ်စေ၊ အသုံးချရာ၊ အလိုရှိရာ ပြင်ဆင်သုံးဆောင်ရန်အကျိုးငှါ ဘုရား တရား သံဃာ ရတနာသုံးပါးတို့အား စေတိယဗုဒ္ဓသန္တက၊ ဓမ္မသန္တက၊ ဝိဟာရသန္တက၊ အစ္စယ ဒါနအဖြစ်ဖြင့် ဝိနယပါရဂူ လင်းယဉ်ထူသော စံကျောင်းဆရာတော်ဘုရားကြီး၊ စံကျောင်းတိုက် သာစည်ဆရာတော်တို့ကို ဆွမ်းပင့်ကျွေးမွေး လှူဒါန်း၊ ၎င်းဆရာတော်တို့ထံ လျှောက်ထား၊ စံကျောင်းဆရာတော်ကြီးထံ ရေစက်သွန်းချလှူဒါန်းသည်။ နောင်လာစဉ်ဆက်၊ နှစ်သက်စံထား၊ မှတ်သားပုံယူရန်၊ ဓမ္မခန်တွက်၊ ရေစက်သွန်းဖျန်း လှူဒါန်းပုံကား–

န ရူဟတစ္စယေ ဒါနံ၊ ပဥ္စန္နံ သဟဓမ္မိနံ။

သံဃဿေဝ စ တံ ဟောတိ၊ ဂိဟီနံ ပန ရူဟတိ။ (ခုဒ္ဒသိက္ခာ၊ ၃၇၁။ ဝိ·ဋ္ဌ၊၄၊၁၃၀။)

ပဥ္စန္နံ သဟဓမ္မိနံ၊ သီတင်းသုံးဖော် ငါးယောက်တို့၏။ အစ္စယေ ဒါနံ၊ ငါသေလွန်သော အခါ တစုံတရာရည်မှတ်ရင်းဖြစ်သော အလှူခံပုဂ္ဂိုလ်တို့အား လှူဒါန်းပေးကမ်း ထောက်ပံ့ ခြိုးမြှောက် ခြင်း ဖြစ်စေသောဟု အာဘောဂ မနသိကာရ စိတ်နှလုံးသွင်း ရွေးသွားခြင်းရှိသော လှူဒါန်းခြင်း ဒါနသည်။ န ရူဟတိ၊ ရည်ရွယ်မျှော်ခေါ်တိုင်းသော ပုဂ္ဂိုလ်တို့အား မရောက်-မမြောက်-မပိုင် မဆိုင်။ တံ၊ ထိုသီတင်းသုံးဖော် ငါးယောက်တို့၏ ငါသေလွန်သောအခါ တစုံတရာ ရည်မှတ်၍ ပေးကမ်းအပ်သော အစ္စယဒါနသည်။ သံဃဿေဝ၊ သံဃာတော်အားသာလျှင်။ ဟောတိ၊ ဖြစ်၏။ ပိုင်၏-ဆိုင်၏ အစိုး ရ၏။ ဂိဟီနံ၊ လူတို့၏။ ဒါနံ ပန၊ ငါတို့သေလွန်သော အခါ ရည်ရော်မျှော်ခေါ် မှတ်သားတိုင်းသော အလှူခံပုဂ္ဂိုလ်တို့အား လှူဒါန်းပေးကမ်း ပူဇော်ခြင်းဒါနကုသိုလ် စေတနာ ဖြစ်စေသောဟု ရည်ရွယ် မှတ်သားအပ်သော အစ္စယဒါန လှူဘွယ်ဝတ္ထုသည်ကား။ ရူဟတိ၊ ရည်ရွယ်မှတ်သား ပိုင်းခြားတိုင်းသော အလှူခံပုဂ္ဂိုလ်တို့အား ရောက်၏၊ အလှူမြောက်၏၊ ထို အလှူဝတ္ထုကို ပိုင်ဆိုင်၏။

ဤသို့ ဝိနည်းကျမ်းဂန် လာသည်နှင့်အညီ–

မယံ ဘန္တေ ဣမံ ခေတ္တဥယျာနံ အမှာကံ အစ္စယကာလေ အမှာကံ စေတိယဿ ဒေမ၊ စေတိယမှိ ကာတဗ္ဗကိစ္စေ စ သတိ တေန ပစ္စယေန သာဓေတု။ ဣမဉ္စ ခေတ္တဥယျာနံ အစ္စယကာလေ အမှာကံ ဝိဟာရေ ဝသန္တာနံ ဓမ္မဂရူနံ ဘိက္ခူနံ ဓမ္မဿ ဒေမ၊ တေ ဘိက္ခူ တံ ပစ္စယံ ပရိဘုဉ္ဇန္တု၊ ဣမဉ္စ ခေတ္တဥယျာနံ အစ္စယကာလေ အမှာကံ ဝိဟာရဿ စ ဒေမ၊ တသ္မိံ ဂေဟေ ကိစ္စေ စ သတိ တေန ပစ္စယေန သာဓေတု။ တသ္မိံ ဝသန္တာ ဘိက္ခူ စ တံ ပစ္စယံ ပရိဘုဉ္ဇန္တု။

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ ဣမံ ခေတ္တဥယျာနံ၊ ဤ လယ်ယာခြောက်ရပ် ဉယျာဉ်ခြံ လေးရပ်ကို။ အစ္စယကာလေ၊ ကျွန်ုပ်တို့ ကွယ်လွန်သောအခါ၌။ အမှာကံ စေတိယဿ စ၊ အကျွန်ုပ်တို့ နှစ်လိုဝမ်းသာ သဒ္ဓါဇောပွား ကည်ထားအပ်သော စေတီတော်မြတ်အားလည်း။

ဒေမ၊ သဒ္ဓါကြည်ဖြူ ကပ်လှူပူဇော်ပါကုန်၏။ စေတိယ ဘေဒေ စ၊ တံတိုင်း မဟာရာမ် သမံ တလင်း ရောင်ခြည်းယှက်ပြိုင် တောင်ခေါင်တိုင်သော မာလိန်တိုင်ကြီး လေးရပ်နှင့်တကွ ဓာတု ညဒ္ဒိသ ဓမ္မသုံးလီ ရွှေစေတီကြီး ပျက်စီးယိုယွင်းခြင်းသော်၎င်း။ စေတီယမှို၊ ယင်းစေတီကြီး၌။ ကာတဗ္ဗကိစ္စေ စ၊ တမ်းခွန် ပန်းထီး ဆီမီးသင်ပုတ် စသော ပြုဘွယ်ကိစ္စသည်၎င်း။ သတိ၊ ရှိသော်။ တေန ပစ္စယေန၊ ထိုလှူဒါန်းထားသော လယ်ယာ ဥယျာဉ်ခြံမှဖြစ်သော ပစ္စည်းဖြင့်။ သခ်-ရောန္တု၊ ကောင်းစွာပြုပြင်စီရင်ဆောင်ရွက်စေကုန်သတည်း။ ဣမဥ္စ ခေတ္တဥယျာနံ၊ ဤ လယ်ယာ ဥယျာဉ် ခြံကိုပင်လျှင်။ အစ္စယကာလေ၊ အကျွန်ုပ်တို့ ကွယ်လွန်သောကာလ၌။ အမှာကံ ဝိဟာရေ၊ ယင်းစေတီ၏ အနီးကပ်ခါ နောက်မျက်နှာဝယ် အုံ့ရာစုပုံ ချောခန့်လုံသော အကျွန်ုပ်တို့ကျောင်း ကြီး၌။ ဝသန္တာနံ၊ သီတင်းသုံးတော်မူကုန်သော။ ဓမ္မရောနံ၊ ပရိယတ် ပဋိပတ် ပဋိဝေဓ တရားကို စွမ်းအားရှိသမျှ ဂေါစရ သာသနာ ဒေသနာအားဖြင့် ဖြစ်ပွားတည်ထွန်းအောင် ဆောင်ရွက်တော်မူကုန်သော။ ဘိက္ခူနံ၊ အဆက်ဆက်သော ရဟန်းမြတ်တို့၏။ ဓမ္မဿ စ၊ တရားတော်မြတ်အားလည်း။ ဒေမ၊ လှူဒါန်းပူဇော်ပါကုန်၏။ တေ ဘိက္ခူ၊ ထို အကျွန်ုပ်တို့ ကျောင်းနေ တရားကို ကျင့်ဆောင်ကုန်သော ရဟန်းမြတ်တို့သည်။ တံ ပစ္စယံ၊ ထိုလှူထားသော လယ်ယာ ဥယျာဉ် ခြံမြေမှဖြစ်သော ပစ္စည်းကို။ ပရိဘုဥ္ဇန္တု၊ သုံးဆောင်စားသောက်ကြပါစေ သတည်း။ ဣမဥ္စ ခေတ္တ ဥယျာနံ၊ ဤ လယ်ယာ ဥယျာဉ်ခြံကိုပင်လျှင်။ အစ္စယကာလေ၊ အကျွန်ုပ်တို့ ကွယ်လွန်သော ကာလ၌။ အမှာကံ၊ အကျွန်ုပ်တို့၏။ ဝိဟာရဿ စ၊ နတ်တို့ဗိမာန် ကောင်းကင်ပျံနှင့် နှိုင်းတန်တရှိ ပုံစံညီသော မိုးထိနီးနီး ထိုကျောင်းကြီးအားလည်း။ ဒေမ၊ လှူဒါန်းပါကုန်၏။

တသ္မိံ ဘေဒေ စ၊ ထိုကျောင်းတော်ကြီး ပျက်စီး ယိုယွင်းခြင်းသည်၎င်း။ ကိစ္စေ စ၊ ထို ကျောင်းကြီးဝယ် ပြုဘွယ်ကိစ္စ အဝဝသည်၎င်း။ သတိ၊ ရှိသော်။ တေန ပစ္စယေန၊ ထို လှူဒါန်းထားသော လယ်ယာ ဥယျာဉ်ခြံမှ ထွက်သောပစ္စည်းဖြင့်။ သခ်ရောန္တု၊ ကောင်းစွာ ပြုပြင် စီရင် ဆောင်ရွက်တော်မူကြ စေကုန်သတည်း။ တသ္မိံ၊ ထိုကျောင်း၌။ ဝသန္တာ၊ သီတင်း သုံးတော်မူကြကုန်သော။ ဘိက္ခူ စ၊ ရဟန်းမွန် ရဟန်းကောင်း တို့သည်လည်း။ တံ ပစ္စယံ၊ ထို လယ်ယာခြံမှ ဖြစ်သောပစ္စည်းကို။ ပရိဘုဥ္ဇန္တု၊ ဘုဉ်းပေးသုံးဆောင်တော် မူကြစေကုန်သတည်း။

မြေပြင် အဇ္ဇာ စကြဝဠာမဆန့်၊ ဘင်္ဂပျံ့မျှ၊ ကြားနှံ့စေလျှက်၊ ရေစက်သွန်းဖျန်း၊ လှူဒါန်း သမျှ၊ ဝေငှနှုမော် ခေါ်စေအပ်သော ဥယျာဉ် လယ်ယာ အပိုင်း အခြားကား –

၁။ ငကောင်းစောင့်၊ နင်းကြမ်းခြံ၊ ပယ် ၂၊ ဘိုးတန် ၅၀ဝိ၊ အရှေ့ကို ငနီခြံနှင့် အစပ်၊ တောင်ကို လမ်းထိ၊ အနောက်ကို လမ်းထိ၊ မြောက်ကို မြောင်းထိ၊ နယ်လေးရပ် သတ်မှတ်သည့်အတွင်း ဥယျာဉ်ခြံ။

၂။ ငခြားစောင့်၊ ကဇံအင်းခြံ။ ပယ် ၃၊ ဘိုးတန် ၆၀ဝိ မှာ မြောက်ကို လမ်းအထိ၊ အရှေ့ကို ပမိုင်းခြံနှင့် အစပ်၊ တောင်ကို မြောင်းအထိ၊ အနောက်ကို ငပေအူ ခြံနှင့် အစပ်။ နယ်လေးရပ် သတ်မှတ်သည့်အတွင်း ဥယျာဉ်ခြံ။

၃။ မြေတ်အောင် ထံ ဝယ်ခြံ၊ ပယ် ၅၊ ဘိုးတန် ၈၀ဝိ-မှာ အရှေ့ကို လမ်းအထိ, တောင်ကို လမ်းအထိ, အနောက်ကို ကေုလားထံ ဝယ်ခြံနှင့် အစပ် မြောက်ကို မိမင်းရ ဝယ်ခြံနှင့် အစပ်။ နယ်လေးရပ် သတ်မှတ်သည့်အတွင်း ဥယျာဉ်ခြံ။

၄။ မိမင်းရ ငရွှေတို့ထံ ဝယ်ခြံ၊ ပယ် ၁၊ ဘိုးတန်-၄၂ဝိ၊ အရှေ့ကို ငမိုင်းရဲ့သား အောပ်တို့ ပိုင်ဆိုင်မြေနှင့် အစပ်, မြောက်ကို သောအေး မြေနှင့်အစပ်, အနောက်ကို သောအေးမြေနှင့်အစပ်, တောင်ကို ငမြတ်ထေံ ဝယ်ခြံနှင့် အစပ်။ နယ်လေးရပ် သတ်မှတ်သည့် ဥယျာဉ်ခြံ။ ပေါင်း ၄၂။ ၂၃၂ဝိ-တန်။

၁။ မိကျွန်ထံ ဝယ်လယ်-၁၅။ ဘိုးတန် ၄၀ဝိ-မှာ အရှေ့ကို ၁၂-လံ မြောင်းအထိ, တောင်ကို တပ်မှူးလယ်အထိ, အနောက်ကို တပ်မှူးလယ်အထိ, အနောက်ကို တပ်မှူးလယ်အထိ, မြောက်ကို ၂-လံ မြောင်းအထိ။

၂။ ငထွန်းအောင်ထံ ဝယ်လယ်-၁။ တန်ဘိုး ၂၀ဝိ-မှာ, အရှေ့ကို ဦးအိုလယ်အထိ, တောင်ကို ဦးချာရွက်လယ်အထိ။ အနောက်ကို တပ်မှူးလယ်အထိ အနောက်ကို (ခေက်-ငေက်) လယ်အထိ, မြောက်ကို ၁၂-လံ မြောင်းအထိ။

၃။ မိအိုထံ ဝယ်လယ် ၁၅။ ဘိုးတန်-၃၀ဝိ။

၄။ ငယောထံ ဝယ်လယ် ၁။ ဘိုးတန်-၁၀ဝိ-မှာ၊ အရှေ့ကို ဦးအိုလယ်အထိ, အနောက်ကို ဘိနပ်တော်ခင်းလယ်အထိ, မြောက်ကို ရွှေတောင်ရိုလယ်အထိ,

၅။ ငမြတ်သင်းထံ ဝယ်လယ် ၁။ ဘိုးတန် ၁၀ဝိ – မှာ အရှေ့ကို လေင်းလယ် အထိ, တောင်ကို တောင်ဘိုကြီးလယ်အထိ, အနောက်ကို ငကြီးလယ်အထိ,

၆။ ငမျိုးထံ ဝယ်လယ် ၂။ ဘိုးတန် ၁၅ဝိ။ ပေါင်းလယ် ၈-ပဲ ဘိုးတန် ၁၂၅ဝိ။ ၂-စုပေါင်း ၁၀-ပဲ။ ဘိုးတန် ၃၂၅ဝိ။ သီလရှင် မတ္တရာဝန်ကတော်က ဝဠ်ဆင်းရဲ အပေါင်းမှ ထွက်မြောက်၍ နိဗ္ဗာန်မဂ်ဖိုလ်ကို မျက်မှောက်ပြုပါရခြင်းအကျိုး သာသနာတော်မြတ် အစဉ်ထာဝရ ထွန်းပ တည်စေခြင်း အကျိုး.ငှါ

ဤမံ ခေတ္တံ မမစ္စယေန စေတိယဿ ဒေမ-ဆိုလျက် စေတီအသီးသီးရည်မှတ် အစ္စယဒါနကုသိုလ်အဖြစ်ကို ၁၂၄၉-ခု၊ ကဆုန် လပြည့်ကျော် ၂-ရက် တနင်္ဂနွေနေ့ လှူဒါန်းပူဇော်ခဲ့သည့် လယ်အပိုင်းအခြားကား – ဘိုးဘပိုင် ထန်းတပင်လယ် မောင်ပေါ်ထူး၊ မောင်ချိမ့်တို့ လုပ်နက် ၃-ထဲမှာ သေလွန်သောအခါ မတ္တရာမြို့အရှေ့ ရွှေပုထိုးမြတ်စွာဘုရားကို ဆွမ်းတော်တင်ရန်။ ဘိုးဘပိုင် သင်ပုတ်စာခေါ် လယ်။ မောင်ပုံသား မောင်ဘိုကြီးတို့လုပ်နက် ၃-မှာ သေလွန်သောအခါ ကျွန်ုပ်တို့ တည်ထားကိုးကွယ်သည့် စေတီတော်ကို ဆွမ်းတော်တင်ရန်- အထူးရေစက်ချ၍ လှူရင်းကျောက်စာ၌ မပါ။ ရေစက်မချ မလှူရသေးသော ဥယျာဉ် လယ်ယာ အိမ်ယာမြေ အသုံးအဆောင် ရွှေငွေ သက်ရှိသက်မဲ့ ဥစ္စာများကို ဆက်ခံသုံးစွဲရသော သူတို့သည် ကျွန်ုပ်ကဲ့သို့ ကျွန်ုပ်၏ကျောင်း

ဘုရားဆောင်များကို ဆွမ်းသင်ပုတ် ရေချမ်း-ရဟန်း အသုံးအဆောင်များနှင့် အားထုတ်၍ လှူဒါန်း ပူဇော်ရစ်စေသတည်း။ ပြီ.ပြီ။

ဤကား– စေတျာဒိတိသန္တက အဆုံးအဖြတ် ဖြစ်ပေါ်လာခြင်း၏ အကြောင်းတည်း။

ပု စ္ဆ သံ န

မတ္တရာမြို့ ရှင်ကောဝိဒ တို့က ယခုပူးတွဲ လျှောက်လွှာပါ အလှူစာတန်းအရ လှူဒါန်းအပ်သော ဥယျာဉ် လယ်ယာ ဝတ္ထုကံ မြေများ၌ မည်သို့ ကျင့်သုံးရမည်ကို သိလိုပါသည်ဟု လျှောက်ထားကြလေရာ- သာသနာတော် စည်ပင်ပြန့်ပွား ထွန်းကားစေရန် ရည်သန်တောင့်တ၍ ထိုဝတ္ထုကံမြေတို့ကို စောင့်ရှောက်ပိုင်ဆိုင် ယူကိုင်သုံးစွဲထုံး ဥပဒေကို ဓမ္မဝိနယ ကောင်းစွာပြလျက် သိသာထင်ရှားအောင် ဖြေကြားဆုံးဖြတ်ပေအံ့။

ပေးလှူအပ်သော ဥယျာဉ် လယ်ယာ ဝတ္ထုကံ မြေများသည် မလှူမီ လှူဆဲ ခဏတို့၌ အလှူရှင် ဒါယကာတို့၏ ဥစ္စာဖြစ်သည်၊ အလှူကိစ္စ ပြီးမြောက်အောင်မြင်ပြီးသည်မှစ၍ အလှူခံ ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်လာသည်။ ထို့ကြောင့် အဆိုပါ ဥယျာဉ် လယ်ယာ ဝတ္ထုကံ မြေတို့သည် ပဋိဂ္ဂါဟက လက္ခဏာရှိသော သမ္ပဒါန်သုံးပါးအရ ထိုအလှူရှင်တို့၏ စေတီ,ကျောင်းနေ ဓမ္မဓရ ရဟန်းတို့၏ တရား,ကျောင်းတို့၌ သက်ရောက်သည်။ ထိုစေတီ စသည်တို့၏ စောင့်ရှောက်ပိုင်ဆိုင် ယူကိုင်သုံးစွဲအပ်သော တိသန္တက ပစ္စည်းတို့ဖြစ်သည်။

ထို့ကြောင့်–

ဝိနယာ လင်္ကာရ ဋီကာ (ဒု၊၆၀) ၌– အတ္တတော ပန စီဝရာဒီနံ စတုန္နံ ပစ္စယာနံ ဒါနကာလေယေဝ ဒါယကသန္တကဘာဝေါ ဒိန္နကာလတော ပဋ္ဌာယ ပဋိဂ္ဂါဟကသန္တကဘာဝေါ သမ္ဘဝံ ပါကဋ္ဌော–ဟု မိန့်အပ်ပြီ။

ထိုစေတီ ဓမ္မ ဝိဟာရ တိသန္တက ဖြစ်သော ဝတ္ထုကံ မြေများကို စေတီပြုပြင်ရန်နှင့် ကျောင်းနေရဟန်းတို့၏ ပစ္စည်းလေးပါးကျောင်းပြုပြင်ရန်အလို့ငှါ လှူထားအပ်သောကြောင့် ဘယ်အတွက် သုံးစွဲရန်မျှ အပလောကနကံပြု၍ စွန့်လွှတ် ဖျောက်ဖျက်ခြင်း မပြုကောင်း။ ထို ကျောင်းနေရဟန်းနှင့် စေတီတော်ကို သုတ်သင် ထိန်းသိမ်းသူတို့သာ စောင့်ရှောက်အပ်သည်။ ထို ရဟန်းနှင့် ထိုစေတီယ ဂေါပကတို့မှ ကပါးသောသူတို့ အတင်းယူငင်၍ မစောင့်ရှောက်ကောင်း။ ထိုရဟန်းနှင့် ထိုသူတို့၏ သဘောတူညီ ခွင့်ပြုချက်အရသာ စောင့်ရှောက်ထိုက်သည် ဟု သိမြင်မှတ်ယူရမည်။

ထို့ကြောင့်—

ပါရာဇိကဏ်အဋ္ဌကထာ ဒုတိယသိက္ခာပုဒ် အဖွင့်(၃၄၀-၁) ၌– ယော ပန အာရာမော စတုပစ္စယတ္ထာယ နိယမေတွာ ဒိန္နော၊ တတ္ထ အပလောကနကမ္မံ န ကာတဗ္ဗံ။ ယေန ပန ပစ္စယေန ဥဒိန္နံ၊ တဒတ္ထံ ဥပနေတုံ ဝဋ္ဋတိ။ အာရာမော ဇဂ္ဂိတဗ္ဗော၊ ဝေတနံ ဒတွာပိ ဇဂ္ဂါပေတုံ ဝဋ္ဋတိ။ စသည်ကိုရှင်း။

စေတိယဿ ပဒီပတ္ထာယ ဝါ ခဏ္ဍဖုလ္လ ပဋိသင်္ခရဏတ္ထာယ ဝါ ဒိန္နော အာရာမောပိ ပဋိဇဂ္ဂိတဗ္ဗော။ ဝေတနံ ဒတွာပိ ဇဂ္ဂါပေတဗ္ဗော— စသည်ကိုရှင်း မိန့်အပ်ပြီ။

အကယ်၍ ထိုစေတီ ကျောင်းတို့ အစောင့်အရှောက် ကင်းမဲ့ လစ်လပ်ခဲ့ငြားအံ့၊ အစောင့်အရှောက်ပင် ကင်းနေသော်လည်း ထို ဝတ္ထုကံမြေများ၏အရှင် စေတီနှင့် ကျောင်း ထင်ရှားရှိနေသေးသောကြောင့် အသာမိက ပစ္စည်းများ မဟုတ်၊ သသာမိက ပရပရိဂ္ဂဟိတ ပစ္စည်းတို့သာတည်း။ ထိုပစ္စည်းများကို ထိုစေတီ ထိုကျောင်းရှိရာသို့ ရောက်လာ ရောက်လာတိုင်းသော ရဟန်းတို့သည် စောင့်ရှောက်လိုခြင်းစေအပ်သည်။ ထိုဝတ္ထုကံမြေမှ ဖြစ်ပေါ်ရရှိသော ပစ္စည်းများကို စေတီတော်၌ တမ်ခွန် ရွှေထီး ဆီမီး သင်ပုတ် တင်လှူ ဆက်ကပ်ခြင်းကို သော်၎င်း၊ အုတ် အင်္ဂတေ ကွဲကြေပေါက်ပြတ် ယိုယွင်းလတ်သည်တို့ကို မပြုပြင်မူ၍ မိမိဥစ္စာကဲ့သို့ သုံးစွဲပြုမူ ခိုးယူလုယက်နေလျှင် တားမြစ်နိုင်က အနိုင်အထက် လုယက်တားမြစ်၍ စေတိယ-ဓမ္မ-ဝိဟာရ သန္တကအဖြစ်၌သာ တည်ထားဘို့ရန် ရဟန်းဟူသမျှ အစိုးရသည် ပြုလုပ်ပိုင်ခွင့် ရှိသည် ပြုလုပ်ရမည်ဟု သိမှတ်ရမည်။

ထို့ကြောင့်– ဝဇိရဗုဒ္ဓိ ဋီကာ (၁၃၇) ၌–

> အနာရက္ခကေ ပန အာဝါသေ, အဘိက္ခုကေ အနာရာမိကာဒိကေ စ ယံ ဗုဒ္ဓဓမ္မသန္တကံ၊ တံ "အာဂတာဂတေဟိ ဘိက္ခူဟိ ရက္ခိတဗ္ဗံ ဂေါပေတဗ္ဗံ န မမာယိတဗ္ဗ"န္တိ ဝစနတော အဘိက္ခုကာဝါသသံဃသန္တကံ ဝိယ ပရပရိဂ္ဂဟိတ သညံမေဝ ဂစ္ဆတီတိ ဆာယာ ဒိဿတိ။ ဣဿရော ဟိ ယော ကောစိ ဘိက္ခု တာဒိသေ ပရိက္ခာရေ စောရေဟိပိ ဂယှမာနေ ဝါရေတုံ ပဋိဗလော စေ၊ ဗလက္ကာရေန အစ္ဆိန္ဒိတွာ ယထာဌာနေ ဌပေတုန္တိ-ဟု မိန့်အပ်ပြီ။

အစောင့်အရှောက် လပ်သျှားကင်းမဲ့နေသော ကျောင်းသို့ နောက်တဖန် ရဟန်းတို့သီတင်းသုံး စောင့်ရှောက်နေထိုင် လာပြန်လျှင်ကား ထို ဥယျာဉ်လယ်ယာ ဝတ္ထုကံမြေများကို ထိုကျောင်းနေ ရဟန်းတို့ပင် ထိန်းသိမ်း စောင့်ရှောက် ထိုက်သည်ဟု ယုံကြည်လေ မြတ် မှတ်ယူအပ်သည်။ အောက်၌ ထုတ်ပြခဲ့ပြီးသော "ယော ပန အာရာမော" အစရှိသော ဒုတိယ ပါရာဇိက အဋ္ဌကထာကို ထောက်လေ။ ဤကား ထို ဝတ္ထုကံမြေတို့၌ ထိန်းသိမ်း စောင့်ရှောက်ရမည့် အစီအရင် ကို ပြသော ဝိနယောပဒေသတည်း။

## တကြုပ္ပါဒ လာဘ်ကို ဝေဘန်ပုံ

ယခုအခါ ထိုဝတ္ထုကံမြေတို့၌ ဖြစ်ပေါ်ရရှိသော တကြုပ္ပါဒလာဘ်ကို ဝေဘန်ပုံနှင့် သုံးစွဲပြုကျင့်ရမည့် အစီအရင်တို့ကို ပြပေအံ့—

ထိုလာဘ်များကို—

(၁) စေတီတော်အတွက် တပုံ၊
(၂) တရားတော်အတွက် တပုံ၊
(၃) ကျောင်းအတွက် တပုံ-ဟု ၃–ပုံ အညီအမျှ ဝေဘန်ရမည်။

ကျောင်းနေ ရဟန်းနှင့် တရားကျင့်ဆောင်သော ရဟန်းတို့၏ အရေအတွက်အလိုက် အပုံများများ မပုံအပ်။

ထပ်မံရှင်းပြအံ့ “သဗ္ဗာဝါသဿ စ စေတိယဿ စ ဓမ္မဿ စ”ဟုဆို၍ လှူရာ၌ ကျောင်းနေ ရဟန်းတို့ကို ကျောင်းဖြင့် သဗ္ဗာဝါသဿ-ဟု ပေါင်းထားအပ်သောကြောင့် ကျောင်းအတွက် တပုံသာ ပုံရသည်။ ရဟန်းတို့ကို ယူကြောင်းဖြစ်သော ဘိက္ခုသံဃဿ ဟု မဆိုသောကြောင့် ကျောင်းတကျောင်းနေ ရဟန်းတို့အရေအတွက်အလိုက် အစုအပုံ များများမပုံရသကဲ့သို့ ယခု “အမှာက် ဝိဟာရဿ’အတွက် ကျောင်းနေရဟန်းအရေအတွက်အလိုက် အစုအပုံများများ မပုံအပ်။ ‘ဓမ္မဿ’အတွက်လည်း ကျောင်းနေဓမ္မဓရ ရဟန်းအရေအတွက်အလိုက် အစုအပုံများများ မပုံအပ်။ ဆိုအပ်သည့်အတိုင်းသာ ၃–ပုံ အညီအမျှ ဝေဘန်ရမည်ဟု သန္နိဋ္ဌာန်ကျ သိမြင် မှတ်ယူရမည်။

> ထိုကြောင့် ဝဇိရဗုဒ္ဓိဋီကာ (၅၀၁-၂)၌ “သဗ္ဗာဝါသဿ စ စေတိယဿ စ ဓမ္မဿ စာတိ ဝုတ္တေ သဗ္ဗဝိဟာရေသု စေတိယဓမ္မာနံ ဧကေကဿ ဘိက္ခုနော ဘာဂေါ ဒါတဗ္ဗောတိ”ဝဒန္တိ။ “ဘိက္ခုသံဃဿ စ စေတိယဿ စာတိ”ဝုတ္တေန ဝိညာတိတိ စေတိ? န၊ တတ္ထ “ဘိက္ခုသံဃဿာ”တိ ဝုတ္တတ္တာ ဣဓ ဝိဟာရေန ဃဋိတတ္တာ စ တမှိ တမှိ ဝိဟာရေ ဧကဘာဂံ လဘိတဗ္ဗမေဝါတိ ပရိဟရန္တိ-ဟု မိန့်အပ်ပြီ။

ယခု ၃–ပုံ ပုံခဲ့သည်ကား ၁၂၄၇–ခုနှစ် အလှူစာတန်းအရ စေတိယ ဓမ္မ ဝိဟာရ သုံးပါးဆိုင် ဥယျာဉ်လယ်ယာတို့အတွက်သာ ဖြစ်သည်။ ၁၂၄၉–ခုနှစ် လှူအပ်သော လယ်မြေသည်ကား စေတိယသန္တက သက်သက်တည်း။ အထွေးအရှက်မရှိ စေတီတော်အတွက် လွတ်လွတ်စီရင်ခန့်ခွဲ နိုင်သော သန္တက-ဟု မှတ်ယူရမည်။ ဤကား ဝေဖန်ပုံ အစီအရင်ကိုပြသော ဝိနယောပဒေသ တည်း။

## သုံးစွဲပြုကျင့်ရမည့် အစီအရင်ကား

အသီးအသီးခွဲဝေ၍ အသီးအသီးတက်ရောက်ပြီးသော ပဌမ စေတိယ သန္တကသည် ထိုစေတီ တော်ကို ပြုပြင်မွမ်းမံတင်လှူရန် ထိန်းသိမ်းစောင့်ရှောက်အပ် လုံခြုံစေအပ် ငါ့ဟာဟု မမြတ်နိုးအပ် မည်သူမျှ မသုံးစွဲသင့်သော သန္တက ဖြစ်သည်။

ထိုကြောင့် ပရိဝါပါဠိတော် (၂၂၅) ၌-

အတ္ထိ ပရိက္ခာရော ရက္ခိတဗ္ဗော ဂေါပေတဗ္ဗော န မမာယိတဗ္ဗော န ပရိဘုဉ္ဇိတဗ္ဗော-ဟု စေတိယသန္တကကို ဟောတော်မူအပ်ပြီ။ မှန်၏။ ၎င်းအဋ္ဌကထာ (ဝိ၊ ၃၊ ၄။၁၆၇) ၌လည်း တတိယော စေတိယသန္တကော ဟု ဖွင့်တော်မူအပ်ပြီ။ ဒုတိယဓမ္မသန္တကသည် ထိုအလှူရှင်၏ ကျောင်း၌ တရားကိုဆောင်ကုန်သော ဗဟုဿုတ ရဟန်းတော်တို့ အညီအမျှ ဝေဘန်သုံးဆောင် အပ်သော သန္တကဖြစ်သည်။ ထိုကြောင့် ပါရာဇိကဏ် အဋ္ဌကထာတတိယသင်္ဂီတိဝဏ္ဏနာ(၄၀)၌—

ဓမ္မဿ သတသဟဿံ၊ တံ ဓမ္မဓရာနံ ဗဟုဿုတာနံ စတုပစ္စယတ္တာယ ဥပနီယတိ-ဟု မိန့်တော်မူအပ်ပြီ။ တတိယသန္တကသည် ထိုအလှူရှင်၏ ကျောင်းကြီး ကျိုးပြတ်ပေါက်ကွဲ ပြိုလဲ ပျက်စီးသောအခါ ထူထောင်မွမ်းမံပြင်ဆင်ရန် ကျောင်းပရိဘောဂ ကိစ္စအဝဝ ဆောင်ရွက်ရန်နှင့် ကျောင်းနေရဟန်းတော်တို့ အညီအမျှ ခွဲဝေသုံးစွဲအပ်သော သန္တကဖြစ်သည်။ ထိုကြောင့်—

မဟာပါဠိဝရကန္ဒက အဋ္ဌကထာ (၄၂၀) ၌ တသ္မာ သစေ သော "ယတ္ထ မယှံ ဓုဝကာရာ ကရီယန္တိ၊ တတ္ထ ဒမ္မိတိ" ဝါ "တတ္ထ ဒေထာ"တိ ဝါ ဘဏတိ။ ဗဟူသု စေပိ ဌာနေသု ဓုဝကာရာ ဟောန္တိ၊ သဗ္ဗတ္ထ ဒိန္နမေဝ ဟောတိ။ သစေ ပန ကေသုဉ္စိ ဝိဟာရေ ဘိက္ခူ ဗဟုတရာ ဟောန္တိ၊ တေဟိ ဝတ္တဗ္ဗံ "တုမှာကံ ဓုဝကာရေ ကေတ္ထ ဗဟူ၊ ကေတ္ထ အပ္ပကာ"တိ။ သစေ "ဘိက္ခုဂဏနာယ ဂဏှထာ"တိ ဘဏတိ၊ တထာ ဘာဇေတွာ ဂဏှိတုံ ဝဋ္ဋတိ ဟု မိန့်တော်မူအပ်ပြီ။

ဤသို့ "ယထာ ဒါယကာ ဝဒန္တိ၊ တထာ ပဋိပဇ္ဇိတဗ္ဗံ" ဟူသော (ဝိ၊ ဌ၊ ၄။ ၉၇။ ဝိ၊ သင်္ဂဟ။ ၂၇၂။) ဝိနည်းထုံးတမ်း စည်းကမ်း ဥပဒေအရ ယခုပြဆို အပ်ခဲ့ပြီးသည့်အတိုင်း သာ ဒါယကာ ပိုင်းခြားရည်မှန်း နှုတ်မြွက်လှူဒါန်း သည်အား လျော်စွာ စောင့်ရှောက်သုံးစွဲ မွမ်းမံပြုပြင်အပ်သည် ဟု ကောင်းစွာ မှတ်ယူရမည်။

ဤမျှလောက်သော စကားအစဉ်ဖြင့် စေတိယ-ဓမ္မ-ဝိဟာရ တိသန္တကဖြစ်သော ဥယျာဉ် လယ်ယာ ဝတ္ထုကံမြေတို့၌ ယထာဓမ္မကျင့်လိုကြသော မတ္တရာမြို့ ရှင်ကောဝိဒတို့ လျှောက်ထား အပ်သည်ဖြစ်၍ သာသနာတော်စည်ပင်ပြန့်ပွါး ထွန်းကားစေရန် ရည်သန်တောင့်တ၍ မန္တလေးမြို့ ဒက္ခိဏာရာမတိုက် အမရပူရကျောင်း ဆရာတော်ဖြေကြားဆုံးဖြတ်အပ်သော ဝိမတိဝိနောဒနီ ကထာမည်သော စေတျာဒိ တိသန္တက ဝိနိစ္ဆယ ပြီး၏။

ဤအဆုံးအဖြတ်၌ပါသော ပါဠိအဋ္ဌကထာ စသည်တို့ကို
က-ခ စသော အမှတ်စဉ်အတိုင်း အနက်ပြန်ဆိုလိုက်အံ့

(က) တေသံ၊ ပန်းဥယျာဉ် သစ်သီးဥယျာဉ် စသော ထာဝရဝတ္ထုကို ပေးလှူကုန်သော ပုဂ္ဂိုလ်တို့အား။ ဒိဝါ စ၊ နေ့အခါ၌၎င်း။ ရတ္တော စ၊ ညဉ့်အခါ၌၎င်း။ သဒါ၊ အခါခပ်သိမ်း။ ပုညံ၊ ကောင်းမှုသည်။ ပဝဍ္ဎတိ၊ တိုးပွါး၏။ (သံ၊ ၁။ ၃၁)

(ခ) အတ္တတော ပန၊ သဘောအားဖြင့်ကား။ စီဝရာဒီနံ၊ သင်္ကန်းအစရှိကုန်သော။ စတုန္နံ၊ လေးပါးကုန်သော။ ပစ္စယာနံ၊ ပစ္စည်းတို့၏။ ဒါနကာလေယေဝ၊ ပေးလှူသောအခါ၌ သာလျှင်။ ဒါယကသန္တကဘာဝေါ၊ ပေးလှူတတ်သော ပုဂ္ဂိုလ်၏ ဥစ္စာ၏ အဖြစ်သည်။ ဒိန္နကာလတော၊ ပေးအပ်ပြီးသောအခါမှ။ ပဋ္ဌာယ၊ စ၍။ ပဋိဂ္ဂါဟကသန္တကဘာဝေါ။ အလှူခံ ပုဂ္ဂိုလ်၏ ဥစ္စာ၏ အဖြစ်သည်။ သဗ္ဗေသံ၊ အလုံးစုံသောသူတို့အား။ ပါကဋော။ ထင်ရှား၏။ (ဝိနယာလင်္ကာရ၊ ဋီ၊ ၂။ ၆၀)

(ဂ) ပန၊ အဖွိုတပါးကား။ ယော အာရာမော၊ အကြင်အရာမ်ကို။ စတုပစ္စယတ္ထာယ၊ သင်္ကန်းစသော ပစ္စည်းလေးပါးအကျိုးငှါ။ နိယမေတွာ၊ ပိုင်းခြားမှတ်သား၍။ ဒိန္နော၊ ပေးလှူအပ်၏။ တတ္ထ ထိုအရာ၌။ အပလောကနကမ္မံ၊ ပန်ကြားခြင်းအမှုကို။ န ကာတဗ္ဗံ၊ မပြုအပ်။ ပန၊ ဆက်ဦးအံ့။ ယေန ပစ္စယေန၊ အကြင်ပစ္စည်းဖြင့်။ ဦနံ၊ ယုတ်လျော့၏။ တဒတ္ထံ၊ ထိုယုတ်

လျော့သော ပစ္စည်းအလိုငှါ။ ဥပနေတုံ၊ သုံးဆောင်ခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။ အာရာမော၊ အရာမ်ကို။ ဇဂ္ဂိတဗ္ဗော၊ သုတ်သင်ရှင်းလင်းစေအပ်၏။ ဝေတနံ၊ အဘိုးအခကို။ ဒတွာပိ၊ ပေး၍လည်း။ ဇဂ္ဂါပေတုံ၊ သုတ်သင်ရှင်းလင်းစေခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။

စေတိယဿ၊ စေတီ၏။ ပဒီပတ္ထာယ ဝါ၊ ဆီမီးပူဇော်ခြင်း အကျိုးငှါလည်း။ ခဏ္ဍဖုလ္လပဋိသင်္ခရဏတ္ထာယ ဝါ၊ ကျိုးသည်ပြတ်သည်တို့ကို ပြုပြင်ခြင်းအကျိုးငှါလည်း။ ဒိန္နော၊ ပေးလှူအပ်သော။ အာရာမောပိ၊ အရာမ်ကိုလည်း။ ပဋိဇဂ္ဂိတဗ္ဗော၊ သုတ်သင် ရှင်းလင်းစေအပ်၏။ (ဝိ၊ ဋ္ဌ၊ ၁။ ၃၄၀-၁)

(ဃ) ပန၊ အဖို့တပါး။ အနာရက္ခကေ၊ အစောင့်အရှောက်မရှိသော။ အာဝါသေ စ၊ ကျောင်း၌လည်း။ အဘိက္ခုကေ၊ ရဟန်းမရှိသော၊ အာဝါသေ စ၊ ၌လည်း။ အနာရာမိကာဒိကေ၊ အရာမ်စောင့်စသည်မရှိသော။ အာဝါသေ စ၊ ၌လည်း။ ဗုဒ္ဓမမ္မဿ၊ ဘုရားတရား၏။ ယံ သန္တကံ၊ အကြင် ဥစ္စာသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုဥစ္စာကို။ အာဂတာဂတေဟိ၊ လာတိုင်းလာတိုင်းကုန်သော။ ဘိက္ခူဟိ၊ တို့သည်။ ရက္ခိတဗ္ဗံ၊ စောင့်ရှောက်အပ်၏။ ဂေါပေတဗ္ဗံ၊ လုံခြုံစေအပ်၏။ န မမာယိတဗ္ဗံ၊ ငါ၏ ဥစ္စာဟု မမြတ်နိုးအပ် မသုံးစွဲအပ်။ ဣတိ၊ ဤသို့။ ဝစနတော၊ ဟောတော်မူခြင်းကြောင့်။ အဘိက္ခုကာဝါသသံဃသန္တကံ ဝိယ၊ ရဟန်းမရှိသော သံဃိကကျောင်းကို ကဲ့သို့။ ပရပရိဂ္ဂဟိတသဉ္ဇမေဝ၊ သူတပါးတို့သည် သိမ်းဆည်းအပ်သော ဥစ္စာဟူသော အရေအတွက်သို့သာလျှင်။ ဂစ္ဆတိ၊ ရောက်၏။ ဣတိ၊ ဤသို့။ ဆာယာ၊ အရိပ်အရောင်သည်။ ဒိဿတိ၊ ထင်၏။ ဟိ၊ အကျိုးကို ဆိုဦးအံ့။ ဣဿရော၊ အစိုးရသော။ ယော ကောစိ၊ အမှတ်မထား တပါးပါးသော။ ဘိက္ခု၊ ရဟန်းသည်။ တာဒိသေ၊ ထိုသို့သဘောရှိသော။ ပရိက္ခာရေ၊ ပရိက္ခရာတို့ကို။ စောရေဟိပိ၊ခိုးသူတို့သည်လည်း။ ဂယှမာနေ၊ ယူအပ်သည်ရှိသော်။ ဝါရေတုံ၊ တားမြစ်ခြင်းငှါ။ ပဋိဗလော၊ စွမ်းနိုင်သည်။ စေ ဟောတိ၊ အကယ်၍ဖြစ်အံ့။ ဗလက္ကာရေန၊ အနိုင်အထက်ပြုသဖြင့်။ အစ္ဆိန္ဒိတွာ၊ လုယက်၍။ ယထာဌာနေ၊ ထားမြဲတိုင်းသောနေရာ၌။ ဌပေတုံ၊ ထားခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ (ဝဇိရ။ ၁၃၇)

(င) သဗ္ဗာဝါသဿ၊ အလုံ'စုံသော ကျောင်းအားလည်း။ စေတိယဿ စ၊ စေတီအားလည်း။ ဓမ္မဿ စ၊ တရားအားလည်း။ ဒမ္မိ၊ ပေးလှူပါ၏။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ ပြောဆိုအပ်သည်ရှိသော်။ သဗ္ဗဝိဟာရေသု၊ အလုံးစုံသောကျောင်းတို့၌။ စေတိယဓမ္မာနံ၊ စေတီတရားတို့အားလည်း။ ဧကေကဿ၊ တပါးပါးသော၊ ဘိက္ခုနော၊ ရဟန်းအားလည်း။ ဘာဂေါ၊ အဘို့ကို။ ဒါတဗ္ဗော၊ ပေးအပ်၏။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကုန်၏။ ဘိက္ခုသံဃဿ စ၊ ရဟန်းသံဃာအားလည်း။ စေတိယဿ စ၊ စေတီအားလည်း။ ဒမ္မိ ၏။ ဣတိ၊ ဤသို့။ ဝုတ္တေန (ဝိ၊ ဋ္ဌ၊ ၃။ ၄၂၃-၌) ဆိုအပ်သောစကားနှင့်။ ဝိရုဇ္ဈတိ၊ ဆန့်ကျင်သည်မဟုတ်လော။ ဣတိ၊ ဤသို့။ စေ ပုစ္ဆေယျ အကယ်၍မေးငြားအံ့။ န ဝိရုဇ္ဈတိ၊ မဆန့်ကျင်ပါ။ ဣတိ၊ ဤသို့။ ဗျာကရေယျ၊ ဖြေကြားရာ၏။ တတ္ထ၊ ထို (ဝိ၊ ဋ္ဌ၊ ၃။ ၄၂၃-၌။) ဘိက္ခုသံဃဿာတိ၊ ဘိက္ခုသံဃဿ-ဟူ၍။ ဝုတ္တတ္တာ စ၊ ဆိုအပ်သည်၏အဖြစ်ကြောင့်

ၵင်း။ ဣဓ၊ ဤနေရာ၌။ ဝိဟာရေန၊ ကျောင်းနှင့်။ ဃဋိတတ္တာ စ၊ စပ်သည်၏ အဖြစ်ကြောင့်
ၵင်း။ တမို တမို ဝိဟာရေ၊ ထိုထိုကျောင်း၌။ ဧကဘာဂံ၊ တခုသောအဘို့ကို။ လဘိတဗ္ဗမေဝ၊
ရအပ်သည်သာလျှင်တည်း။ ဣတိ၊ ဤသို့။ ပရိဟရန္တိ၊ ဖြေကြကုန်၏။ (ဝဇိရ။ ၅၀၁-၂)

(စ) ရက္ခိတဗ္ဗော၊ စောင့်ရှောက်အပ်သော။ ဂေါပေတဗ္ဗော၊လုံခြုံစေအပ်သော။ န မမာယိ-
တဗ္ဗော၊ ငါ၏ဥစ္စာဟု မသိမ်းပိုက်အပ်သော။ န ပရိဘုဉ္ဇိတဗ္ဗော၊ မသုံးဆောင်အပ်သော။ ပရိက္ခာ-
ရော၊ စေတီ၏ဥစ္စာဖြစ်သော ပရိက္ခရာသည်၊ အတ္ထိ၊ရှိ၏။ (ဝိ၊ ၅။ ၂၂၅)

(ဆ) တတိယော၊ သုံးခုမြောက်ဖြစ်သော ပရိက္ခရာသည်။ စေတိယသန္တကော၊ စေတီ၏ ဥစ္စာ
ဖြစ်သော ပရိက္ခရာတည်း။ (ဝိ၊ ၄၊ ၄။ ၁၆၈)

(ဇ) ဓမ္မဿ၊ တရားအတွက်။ သတသဟဿံ၊ တသိန်းကို။ ဝိဿဇ္ဇေသိ၊ စွန့်လွှတ်ပြီ။ တံ၊
ထိုတရားအတွက် တသိန်းကို။ ဓမ္မဓရာနံ၊ တရားကိုဆောင်ကြကုန်သော။ ဗဟုဿုတာနံ၊များသော
အကြားအမြင် ရှိကြကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့၏။ စတုပစ္စယတ္ထာယ၊ သက်န်း စသော
ပစ္စည်းလေးပါး အကျိုးငှါ။ ဥပနီယတိ၊ ကပ်၍ဆောင်အပ်၏။ ဝါ-သုံးစွဲအပ်၏။ (ဝိ၊ ၄၊ ၁။ ၄၀)

(ဈ) တသ္မာ၊ ထိုကြောင့်။ သော၊ ထိုဒါယကာသည်။ ယတ္ထ၊ အကြင်အရပ်၌။မယှံ၊ ငါသည်။
ဓုဝကာရာ၊ မြဲသောအားဖြင့် ပြုအပ်ကုန်သော ကျောင်းတို့ကို။ ကရီယန္တိ၊ ပြုအပ်ကုန်၏။ တတ္ထ၊
ထိုမြဲသောအားဖြင့် ပြုအပ်သောကျောင်းတို့၌။ ဒမ္မိ၊ ပေးလှူ၏။ ဣတိ ဝါ၊ ဤသို့ၵင်း။ တတ္ထ၊
တို့၌။ ဒေထ၊ ပေးလှူကြကုန်လော့။ ဣတိ ဝါ၊ ဤသို့ၵင်း။ သစေ ဘဏတိ၊ အကယ်၍ပြောဆိုအံ့။
ဗဟူသု၊ များစွာကုန်သော။ ဌာနေသု၊ အရပ်တို့၌။ ဓုဝကာရာ၊ ကိုဘာည်။ ဧဝံ ဟောန္တိ၊ ရှိစေ
ကာမူ။ သဗ္ဗတ္ထ၊ အလုံးစုံကုန်သော ကျောင်းတို့၌။ ဒိန္နမေဝ၊ အညီအမျှလှူအပ်သည်သာလျှင်။
ဟောတိ၊ ဖြစ်၏။

ပန၊ အဖိုတပါးကား။ ဧကသ္မိံ၊ တခုသော။ ဝိဟာရေ၊ ကျောင်း၌။ ဘိက္ခူ၊ ရဟန်းတို့
သည်။ ဗဟုတရာ၊ သာ၍ များကုန်သည်။ သစေ ဟောန္တိ၊ အကယ်၍ ဖြစ်ကုန်အံ့။ တေဟိ၊
ထို သာ၍ များကုန်သော ရဟန်းတို့သည်။ တုမှာကံ၊ သင်တို့၏။ ဓုဝကာရေ၊ တွင်။ ဧကတ္ထ၊
တခုသော အမြဲပြုအပ်သောကျောင်း၌။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဗဟူ၊ များကုန်၏။ ဧကတ္ထ၊
၌။ အပ္ပကာ၊ နည်းကုန်၏။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗံ၊ ပြောဆိုအပ်၏။ ဘိက္ခုဂဏနာယ၊ ရဟန်း
အရေအတွက်အားဖြင့်။ ဂဏှထ၊ ယူကြကုန်လော့။ ဣတိ၊ ဤသို့။ သစေ ဘဏတိ၊ အကယ်၍
ပြောဆိုအံ့။ တထာ၊ ထိုသို့ပြောဆိုသော အခြင်းအရာအားဖြင့်။ ဘာဇေတွာ၊ ဝေ၍။ ဂဏှိတုံ၊
ယူခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ (ဝိ၊ ၄၊ ၃။ ၄၂၀။ ဝိ၊ သင်္ဂဟ။ ၂၅၁)။

(ည) ယထာ၊ အကြင်သို့သော အခြင်းအရာအားဖြင့်။ ဒါယကာ၊ ဒါယကာတို့သည်။ ဝဒန္တိ၊
ဆိုကုန်၏။ တထာ၊ ထိုဒါယကာတို့ဆိုသော အခြင်းအရာအားဖြင့်။ ပဋိပဇ္ဇိတဗ္ဗံ၊ ကျင့်အပ်၏။
(ဝိ၊ ၄၊ ၄။ ၉၇။ ဝိ၊ သင်္ဂဟ။ ၂၇၂)။

## ၁၂။ ဘိက္ခု ဒူသက သာမဏေရ ဝိမတိစ္ဆေဒနီ

အမရပူရကျောင်း ဆရာတော် ဦးဥက္ကံသ-သို့
နေ့စွဲ– ပြာသိုလဆန်း ၃-ရက်

ရှိသေစွာ လျှောက်ထားဝံ့ပါသည် အရှင်ဘုရား–

လျှောက်ထားရန်မှာ ဘုရားတပည့်တော်အား ပုဂ္ဂိုလ်တယောက်က ပြဿနာတခု မေးထားပါသည်ဘုရား။ ယင်းပြဿနာ၏ အဖြေကို ဘုရားတပည့်တော် ဉာဏ်မှီသလောက် ဖြေဆိုလျှင် ပြေသလောက် ပြေမည် ဖြစ်သော်လည်း သာသနာရေး ကိစ္စ ဖြစ်နေသည် ဖြစ်ရကား မိမိအယူအဆ ဝါဒမျှနှင့် မဟုတ်ဟု ယူဆ ထားသောကြောင့်၎င်း သူကိုယ်သူ ပဏ္ဍိတမာနီ-ဟု သူတပါးတို့၏ ပရူပဝါဒမှ လွတ်စေလိုသောကြောင့်၎င်း မိမိထက် တတ်ကျွမ်း နာလည်သည့် ပညာရှင်များကို မေးဦးမည်ဟု ရည်ရွယ်ချက်ရှိသည့်အလျောက် မေးမြန်းပါသော်လည်း ဖြေဆိုသည့် ပညာရှင်များက ဘုရားတပည့်တော်က ပါဠိတော် အဋ္ဌကထာ ဋီကာ စသည့် အထောက်အထားပြ၍ ဖြေဆိုပါဘုရား ဆိုတော့ ပါဠိတော် စသည့် အထောက်အထား မလိုတော့ပါဘူး၊ ဤမျှလောက်သော မြန်မာစကားနှင့် ခိုင်လုံလောက်ပါသည်ဟု ပြောကြားရာ ဤမျှလောက်ဖြင့် ခိုင်လုံသည်ဆိုသောဝါဒဖြင့် အားမရသောကြောင့် ဆရာတော်ဘုရားအား ထပ်မံ၍ မေးလျှောက်ရပါသည် ဘုရား။

### ပြဿနာ အစ

ပြဿနာက ဒီလိုပါဘုရား–အကျဉ်းချုပ် လျှောက်ထားရလျှင် ဘိက္ခုဒူသက သာမဏေအား ရဟန်းခံလျှင် ခံကောင်း မခံကောင်း၊ ခံလျှင် ရဟန်း ဖြစ် မဖြစ်ပါ ဘုရား။ ဆက်၍ လျှောက်ထားလိုပါသည်ဘုရား—သာမဏေ တပါးသည် မိမိ ဆရာ့ အရာမှာ တည်နေသည့် ရဟန်းတော် တပါးအား မေထုနပဋိသေဝနကိစ္စ ပြုကျင့်ပါသည်။ ပြုကျင့်ပြီးသည့်နောက် ဒူသိတ ရဟန်းကပင်လျှင် ယင်း ဒူသက တပည့် သာမဏေအား သရဏဂုံ ပေးပါသည်ဘုရား။ ယင်း ဒူသက သာမဏေသည် အသက် ၂၀-ပြည့်၍ ရဟန်းခံခါနီး၌ မိမိ၏ ဒူသိတ ဆရာ ရဟန်းမှ တပါးသော သီလဝန္တ လဇ္ဇီ ပေသလ သိက္ခာကာမ မဟာ ထေရာနုထေရ ဆရာတော်များ ထံ၌၎င်း ဗျတ္တပဋိဗလ ဝိနယဓရာဒိ သီလဝန္တ မဇ္ဈိမ နဝ ရဟန်းတော်များထံ၌၎င်း သရဏဂုံမယူဘဲ (လိုလျှင် သုံးစွဲဘို့ရေးထည့်လိုက်ရခြင်း ဖြစ်ပါသည် ဘုရား။) ဉတ္တိ စတုတ္ထ ကမ္မဝါစာဖြင့် ရဟန်းခံပါသည်ဘုရား။ ယင်း ဒူသက သာမဏေသည်– (က) ဒူသိတရဟန်း၏ သရဏဂုံမ်ဖြင့် သာမဏေအဖြစ်၌ တည်၊ မတည်။ ဝါ- သာမဏေကောင်းတပါး ဖြစ် မဖြစ်။ (ခ) ရဟန်းခံလျှင် အပ် မအပ်။ (ဂ)ရဟန်းခံက ရဟန်း ဖြစ် မဖြစ်။ ဝါ- ရဟန်းကောင်းတပါးအဖြစ်၌ တည် မတည်။

ဤ ပြဿနာသုံးချက်ကို သာသနာတော်ကြီး၏ စည်ပင်ပြန့်ပွါးခြင်ကို ရှေးရှုသောအားဖြင့်၎င်း၊ သာသနာတော်ကြီး၏ အညစ်အကြေးကို သုတ်သင်သောအားဖြင့်၎င်း၊ ဤမျှသော ပြဿနာဘခုကို ဖြေဆိုကာမျှဖြင့်ပင်လျှင် သာသနာတော်ကြီးအား အတိုင်းအရှည်မရှိ ချီးမြှောက်

ထောက်ပံ့ရာရောက်နေသောကြောင့်၎င်း၊ ဘုရားတပည့်တော်ကို ငဲ့ညှာသောအားဖြင့်၎င်း ပါဠိ အဋ္ဌကထာဋီကာ စသည် ကိုးကား၍ မန္ဒပုဂ္ဂိုလ်တို့ သိနိုင်လောက်အောင် ယထာဓမ္မဝိနိစ္ဆယချ၍ ပေးသနားတော်မူပါရန် ရိုသေစွာ လျှောက်ထားဝံ့ပါသည် ဆရာတော်အရှင်သူမြတ်ဘုရား။

## မှတ်ချက်

၁၃၁၇-ခုနှစ်က ဘုရားတပည့်တော် ပေတောအုတ်ကျောင်း ဆရာတော်ထံမှ နေ၍ ယင်း ဆရာတော်ဘုရား၏ မဟာဝဂ္ဂါဒိ ဂုဏ်ထူးစာဝါကို စာဆိုပုဂ္ဂိုလ်အဖြစ်ဖြင့်၎င်း၊ ဆရာတော်ဘုရား၏ ပါစိတျာဒိ ဂုဏ်ထူးစာဝါကို၎င်း၊ ကမ္မဝါစာ မာနတ္တာဒိ အဆုံးအဖြတ်ကို၎င်း စာသင်သား တပည့်တယောက်အနေနှင့် လိုက်ခဲ့ဘူးပါသည်ဘုရား။

ပေတောအုတ်ကျောင်း ဦးရေဝတ၏ သီတင်းကျွတ်လဆန်း ၉-ရက်နေ့က စ၍ ၁၀-၁၁-စသည် ရက်များ၌ ဝါပန်ထွက်ကောင်း, မထွက်ကောင်း-ဟူသော အမေးကို ဆရာတော်ကိုယ်တိုင် ဖြေဆို ထားရာ အဖြေကို ဖတ်ရှု၍လည်း ကြည့်ဘူးပါ၏ ဘုရား-ကူး၍လည်း ယူထားပါသည်ဘုရား၊ ဤ ပြဿနာကိုလည်း (ဆရာတော်အား လျှောက်ထားရလျှင်) အကောင်းဆုံး အဖြေတခု ပေါ်လတ့်ဟုလည်း ယုံကြည်မိပါသည်ဘုရား၊ အဖြေကိုပြန်ကြားလိမ့်မည်ဟုလည်း မြော်လင့်ပါသည် ဘုရား။

ဘုရားတပည့်တော် ဘယ်သူလဲဆိုတာကတော့ ဦးရေဝတမေးကြည့်ပါက သိပါလိမ့်မည်ဘုရား၊ ကျန်းမာစွာနှင့် စာပေပရိယတ္တိပို့ချနိုင်ပါစေဟု ဆုတောင်းပါ၏ဘုရား။

ကေတုမာလာ လင်္ကာရ
သာသနာ့ရိပ်သာ နံပါတ် ၂-ကျောင်း၊
ကုက္ကိုင်း-ဟာမစ်တစ်လမ်း-ရန်ကုန်မြို့။

သာသနဝုစ်ိကာမ ကေတုမာလာ လင်္ကာရ မေးလျှောက်အပ်သော—

(က) ဘိက္ခုဒူသက သာမဏေသည် ဒူသိတ ရဟန်း၏ သရဏဂုမ်ဖြင့် သာမဏေအဖြစ်၌ တည်, မတည်၊ ဝါ-သာမဏေကောင်းတပါး ဖြစ်, မဖြစ်။

(ခ) ထိုသာမဏေကို ရဟန်းခံပေးလျှင် အပ်, မအပ်။

(ဂ) ရဟန်းခံသော်ကား ရဟန်း ဖြစ်, မဖြစ်၊ ဝါ-ရဟန်းကောင်း အဖြစ်၌ တည်, မတည်-ဟူသော အမေး ၃-ရပ်ကို သာသနာတော်ကြီး ညစ်ကြေးမထင် စည်ပင်ပြန့်ပွါး ထွန်းကားစေရန် ရည်သန်တောင့်တ၍ ယထာဓမ္မ ဝိနယာပဒေသ ကောင်းစွာ ပြလျက် သိသာထင်ရှားအောင် ဖြေကြားဆုံးဖြတ်ပေးအံ့။

## (က) အဖြေ

ဘိက္ခုဒူသက သာမဏေနှင့် ဒူသိတရဟန်းတို့၏ ပါရာဇိကကျ လိင်္ဂနာသနဖြင့် ဖျက်ဆီးအပ်သည်၏အဖြစ်သည် ပါရာဇိကုဒ္ဒေသ ပဒဘာဇနီ "သာမဏေရော သုတ္တ- ဘိက္ခုမှိ။ ။ပ။ ။ဒူသကော နာသေတဗ္ဗော" ဟူသော ဝိနီတဝတ္ထု မဟာဝဂ္ဂခန္ဓကပါဠိတော် တို့ဖြင့် အလွန်ထင်ရှားလေပြီး ဖြစ်သောကြောင့် အကျယ်ဆိုဘွယ် မလို၊ (ကြည့်လေ)။ ထိုကြောင့် ထို ဒူသိတရဟန်း၌ ဘိက္ခုသိက္ခာ မရှိ၊ ထို ဒူသက သာမဏေ၌လည်း သာမဏေရသိက္ခာ မရှိဟု ဒိဋ္ဌထင်ထင် သိမြင်အပ်သည်။

သာမဏေတို့၏ သရဏဂုမ်ကိုကား ရဟန်းသာ ပေးအပ်သည်၊ ရဟန်းပေးသော သရဏဂုမ် သာ မြောက်သည်၊ ရဟန်းမှ တပါးသော သူတို့ပေးသော သရဏဂုမ် မမြောက်။ ထိုကြောင့် မဟာဝဂ္ဂပဗ္ဗဇ္ဇကထာ အဋ္ဌကထာ(၂၄၇)၌—

သရဏာနိ ပန သယံ ဒါတဗ္ဗာနိ။ ဧဝံ ဘိက္ခုနာဝ ပဗ္ဗဇိတော ဟောတိ။ ပုရိသံ ဟိ ဘိက္ခုတော အညော ပဗ္ဗာဇေတုံ န လဘတိ။ မာတုဂါမံ ဘိက္ခုနိတော အညော-ဟူ၍ရင်း၊

အထဿ ဥပဇ္ဈာယေန ဝါ အာစရိယေန ဝါ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" တိအာဒိနာ နယေန သရဏာနိ ဒါတဗ္ဗာနိ" ဟူ၍ရင်း မိန့်ဆိုအပ်ပြီ။

ယင်း အဋ္ဌကထာ၌ ရှေ့နောက် ထောက်ချင့်၍ သယံ-ဟူသော ပုဒ်အရ အဓိသီလ-ဟူသော ဘိက္ခုသိက္ခာ မပျက်စီး မကွယ်ပ၍ ဥပသမ္ပန္နဘောရှိသော ဥပဇ္ဈာယ်မထေရ်ကို ယူအပ်သည်။ နောက် လဒ္ဓဂုဏ်ဝါကျ၌ ဘိက္ခုနာ, ယုတ္တိဒဋ္ဌဝါကျ၌ ဘိက္ခုတော ဟူသော ပုဒ်တို့အရလည်း အဓိသီလ ဟူသော ဘိက္ခုသိက္ခာ မပျက်စီးမကွယ်ပ ဥပသမ္ပန္နဘောရှိသော ရဟန်းစစ်ကိုသာ ယူအပ်သည်။ အဓိသီလသိက္ခာ ပျက်စီးကွယ်ပ အဓမ္မိက ပဋိညာဉ်ဖြင့် ဘိက္ခု(ရဟန်း)မည်သော အနုပသမ္ပန္န ဥပဇ္ဈာယ် အနုပသမ္ပန္န ပဗ္ဗဇ္ဇာစရိယတို့ကို မယူအပ်ကုန်။

ထိုကြောင့် အဓိသီလ ဟူသော ဘိက္ခုသိက္ခာ မပျက်စီး မကွယ်ပသော ဥပသမ္ပန္န စစ်ဖြစ်သော ရဟန်းကောင်းပေးအပ်သော်သာ သရဏဂုမ်မြောက်သည်၊ အဓိသီလဟူသော သိက္ခာပျက်စီးကွယ်ပ ဥပသမ္ပန္န အတုအယောင်မျှဖြစ်သော ရဟန်းမည်ဆန်းသွမ်းတို့ ပေးအပ်သော်ကား သရဏဂုမ် မမြောက် ဟု ဝတ္ထု နိဒါန်းနှင့် တကွ အနုညာတ ပါဠိတော် ၎င်းအဖွင့် ရှေ့နောက်အဋ္ဌကထာ များကို ထောက်၍ ဝိသေသအားဖြင့် ဝိနယောပဒေသကို ကောက်ယူ ထုတ်ပြအပ်သည်။ ဤသို့သော ဝိနယာနုလောမ အဓိပ္ပါယ်ကို ရည်၍ ဝိမတိဝိနောဒနီ ဋီကာ ၂။ ၄၉ ၌။—

ပဗ္ဗာဇေတုံ န လဘတီတိ ဣဒံ သရဏဒါနံ သန္ဓာယ ဝုတ္တံ။ အနုပသမ္ပန္နေန ဘိက္ခုအာဏတ္တိယာ ဒိန္နမ္ပိ သရဏံ န ရုဟတိ။ ဟု မိန့်ဆိုအပ်ပြီ။

**စိစစ်ချက်**

သံသယဖြစ်ဘွယ်ကို ဆက်လက်၍ စိစစ်ပြအံ့ — ဘိက္ခုသိက္ခာမရှိဘဲ ပဋိညာဉ်မျှဖြင့် ဘိက္ခု မည်သော အနုပသမ္ပန္နပုဂ္ဂိုလ်သည် ဥပဇ္ဈာယ်ဆရာသော်ရင်း ကမ္မဝါစာ ဆရာသော်ရင်း ပြု၍

တပါးသောသူကို ပဥ္စင်းခံပေးအံ့၊ ထို ပဋိညာယဘိက္ခုဖြစ်သော အနုပသမ္ပန္န ပုဂ္ဂိုလ်ကို လွတ်၍ ပဥ္စဝဂ် ဒသဝဂ် ဂိုဏ်းပြည့်ခဲ့မူ ဥပသမ္ပဒါကံ မြောက်ကြောင်းကို–

အနာပတ္တိ ဉီနဝီသတိဝဿံ ပရိပုဏ္ဏဝီသတိဝဿသညီတိ ဧတ္ထ ကိဥ္စာပိ ဥပသမ္ပာဒေန္တဿ အနာပတ္တိ၊ ပုဂ္ဂလော ပန သော ဒသဝဿစ္စယေန အညံ ဥပသမ္ပာဒေတိ။ တဉ္စ မုဉ္စိတွာ ဂဏော ပူရတိ၊ သူပသမ္ပန္နော။ ဉီနဝီသတိ ဝဿသိက္ခာပုဒ် အဋ္ဌကထာ (၁၃၆)

အညံ ဥပသမ္ပာဒေတီတိ ဥပဇ္ဈာယော, ကမ္မဝါစာစရိယော ဝါ ဟုတွာ ဥပသမ္ပာဒေတိ။ ၎င်းအဖွင့် သာရတ္ထဋီကာ(တ၊ ၈၆)

အညံ ဥပသမ္ပာဒေတီတိ ဥပဇ္ဈယော ဝါ အာစရိယော ဝါ ဟုတွာ ဥပသမ္ပာဒေတိ၊ ဝဇိရဗုဒ္ဓိ ဋီကာ (၃၃၃), ဝိမတိဝိနောဒနီ ဋီကာ (၃၊ ၄၅) တို့၌ မိန့်ဆို ဖွင့်ပြတော်မူကြသည်။ ယင်းသို့ ကျင့်ရာ၌ ဥပသမ္ပဒါကံမြောက်မှုသည်လည်း ရဟန်းတု ဥပသမ္ပန္နကို မှီ၍ ပြီးမြောက်သည် မဟုတ်၊ ကြွင်းသော ဥပသမ္ပန္နဘိက္ခုစစ် သံဃာကို မှီ၍သာ ပြီးမြောက်သည်။ တဉ္စ မုဉ္စိတွာ ဂဏော ပူရတိကိုရင်း "ဒုမ္မင်္ကူနံ ပုဂ္ဂလာနံ နိဂ္ဂဟာယ"၏ အဖွင့် အဋ္ဌကထာ(၁၈၈-နှာ)ကိုရင်း ထောက်လေ။ ပဗ္ဗဇ္ဇကံကား ပုဂ္ဂလကံ ဖြစ်သည်၊ ပုဂ္ဂိုလ်ကို မှီ၍သာ ပြီးမြောက်သည်၊ သံဃာ ဂိုဏ်းကို မှီ၍ ပြီးမြောက်သည် မဟုတ်။ ထိုကြောင့် အနုပသမ္ပန္နဖြစ်လျက် သမဏသညာ ဘိက္ခု-ပဋိညာဉ်မျှဖြင့် ရှက်ဆောင် ပြီးမြောက်နိုင်သော ကံကို ဆိုရာ ဤ ဉီနဝီသတိဝဿ သိက္ခာပုဒ် အဖွင့်၌ ပဗ္ဗဇ္ဇကံကို ထည့်သွင်း၍ အဋ္ဌကထာဋီကာဆရာတို့ မမိန့်ဆိုကြ။

သို့ပါလျက် သံဃကံအရာ၌ ဆိုအပ်သော ဝိနယောပဒေသကို သံဃကံ မဟုတ်သော ပဗ္ဗဇ္ဇ (ပုဂ္ဂလ)ကံအရာ၌ အတူပြု၍ မယူဆ မကျင့်သုံးအပ်၊ မကျင့်သုံးထိုက်၊ ယထာပညတ္တ ယထာ ဓမ္မ ၌သာ တည်သင့်သည်။ ဤထုတ်ပြအပ်ပြီးသော ပါဠိ အဋ္ဌကထာ ဋီကာ သာဓကေ ယုတ္တိ ဉာပက တို့ဖြင့် ဘိက္ခုဒူသကသာမဏေသည် ဒူသိတရဟန်း၏ သရဏဂုံဖြင့် သာမဏေအဖြစ်၌မတည်၊ ဝါ၊ သာမဏေကောင်း မဖြစ်ဟု သန္နိဋ္ဌာန်ကျ သိမြင်မှတ်ယူရမည်။

(က) အမေး၏ အဖြေ ပြီး၏။

---

(ခ) အဖြေ

ထို သာမဏေရ သိက္ခာကွယ်ပ နာသေတဗ္ဗဖြစ်သော ဘိက္ခုဒူသက ဒုဿီလ သာမဏေမျိုး၏ အလဇ္ဇီမည်ကြောင်းကို—

ဒုဿီလပုဂ္ဂလာတိ နိဿီလာ ဒူသိတသီလာ စ ။ပ။ ဉဘယေနာပိ အလဇ္ဇိနော၀ ဣဓ ဒုဿီလာတိ ဝုတ္တာတိ ဝေဒိတဗ္ဗာ-ဟု ဝိမတိ ဝိနောဒနီ ဋီကာ(ပ၊ ၁၀၅) ၌မိန့်ဆိုအပ်သည်။ ထိုသာမဏေ၏ ဒုဿီလ အလဇ္ဇီ၏ အဖြစ်ကို မသိသေးသမျှ အာမိသ ပရိဘောဂ ဓမ္မပရိဘောဂ ပြုကောင်းသေးသည်၊ အပြစ်မရှိ။ ထိုကြောင့် ရူပိယ သိက္ခာပုဒ် အဋ္ဌကထာ (၂၇၃) ၌—

လဇ္ဇိနော အလဇ္ဇိနာ သဒ္ဓိံ ယာဝ န ဇာနာတိ၊ တာဝ ဝဋ္ဋတိ-ဟု မိန့်အပ်ပြီ။ ဒုဿီလ အလဇ္ဇီ၏ အဖြစ်ကိုမူကား—

အနုဇာနာမိ ဘိက္ခဝေ ဒသဟင်္ဂေဟိ သမန္နာဂတံ သာမဏေရံ နာသေတုံ ပါဏာတိပါတီ ဟောတိ။ပ။ နာသေတုန္တိ (ဝိ၊ ၃။ ၁၁၉)ဟူသော အာဏာတော် ဓမ္မစက်ဖြင့် ပဗ္ဗဇ္ဇအသွင်ပါ မချန် အမြစ်ကတွန်းလှန် ဖျက်ဆီးပစ်ရမည်။ ယင်းသို့မဟုတ် သိက္ခာပုဒ်အာဏာတော်ကို မငဲ့ ကက်ဘဲ လာဘသ်လောက စသည်ကို ငဲ့ကွက် အဂတိသို့သက်၍ ထို ဒုဿီလ အလဇ္ဇီ သာမဏေ ကို ရဟန်းခံပေးလျှင်ကား အလဇ္ဇီ ဓမ္မပရိဘောဂလည်းဖြစ်သည်၊ ဒုက္ကဋ်အာပတ်လည်း သင့် သည်။ စင်စစ် မအပ်ဟု ယုံမှားမရှိ သိမြင်ရမည်။ ထို့ကြောင့် ရူပိယသိက္ခာပုဒ် ဝိမတိ ဝိနောဒနီ ဋီကာ (ပ၊၃၃၈-၆) ၌—

> ဓမ္မ ပရိဘောဂေါတိ "ကေကမ္မံ ကေုဒ္ဒေသောတိ"အာဒိနာ ဝုတ္တာသံဝါသော စေဝ နိဿယဂ္ဂဟဏဒါနာဒိကော သဗ္ဗော နိရာမိသ ပရိဘောဂေါ စ ဝေဒိတဗ္ဗော ။ပ။ တေ နေဝ အဋ္ဌသာလိနိယံ ဓမ္မပဋိသန္ထာရကထာယံ "ကမ္မဋ္ဌာနံ ကထေတဗ္ဗံ၊ ဓမ္မော ဝါစေ-တဗ္ဗော။ပ။ အဗ္ဘာနဝုဋ္ဌာနမာနတ္တပရိဝါသာ ဒါတဗ္ဗာ၊ပဗ္ဗဇ္ဇာရဟော ပဗ္ဗာဇေတဗ္ဗော၊ ဥပ-သမ္ပဒါရဟော ဥပသမ္ပာဒေတဗ္ဗော။ပ။ အယံ ဓမ္မပဋိသန္ထာရော နာမာ"တိ ဇေံ သံဃကမ္မာဒိပိ ဓမ္မကေ႒ာသေ ဒဿိတံ။ တေသု ပန ဓမ္မ ကောဋ္ဌာသေသု ယံ ဂဏ-ပူရဏာဒိဝသေန အလဇ္ဇိနော အပေက္ခိတဗ္ဗာ ဥပေါသထာဒိ ဝါ တေသံ သန္တိကာ ဓမ္မုဂ္ဂဟဏ နိဿယဂ္ဂဟဏာဒိ ဝါ ကရီယတိ၊ တံ ဓမ္မော စေဝ ပရိဘောဂေါ စာတိ ဓမ္မပရိဘောဂေါတိ ဝုစ္စတိ၊ တေ တထာရူပပစ္စယံ ဝိနာ ကာတုံ န ဝဋ္ဋတိ။ ကရောန္တဿ အလဇ္ဇိပရိဘောဂေါ စ ဟောတိ ဒုက္ကဋဉ္စ—ဟု မိန့်အပ်ပြီ။

(ခ) အမေး၏ အဖြေ ပြီး၏။

---

## (ဂ) အဖြေ

ဤ(ဂ)အမေး၌ ထေယျ သံဝါသကဖြစ်သော သာမဏေ, မဖြစ်သော သာမဏေဟု ၂-မျိုး ပိုင်းခြား၍ ရဟန်းဖြစ် မဖြစ်ကို သိမှတ်အပ်သည်။ ထိုတွင် ဘိက္ခုဒူသက သာမဏေသည် ရဟန်း၌ မေထုန်မှီဝဲသောအခါက သင်္ကန်းကို ချွတ်၍ သင်္ကန်း၌ ဤသင်္ကန်းကို တဖန် ငါ မဝတ်တော့ဟု ဝန်ချ၍ (စိတ်ဒုံးဒုံးချ၍) အဝတ်မဆီး အချီးနှီးပင်ဖြစ်စေ၊ အဝတ်ဖြူ(လူဝတ်) ကို ဝတ်၍ဖြစ်စေ မှီဝဲအံ့၊ ထို ဘိက္ခုဒူသက သာမဏေသည် ဆရာရဟန်း ပေးအပ်သော သာမဏေ၏ အသွင်မျှမကျန် အဿမဏ ဧကန် ဖြစ်လေတော့သည်။ ယင်းသို့ ဖြစ်ပြီးခါမှ သင်္ကန်းကို တဖန် ကောက်ယူ ဝတ်ဆင်ပြန်လျှင် ရဟန်းတို့ပေးမှ ရအပ်သော သာမဏေ အသွင်ကို ကိုယ်တိုင်ယူသောအားဖြင့် အသွင်ကို ခိုးသည် မည်၏ (လိင်္ဂတ္ထေနက ဖြစ်သည်)၊ တဖန် သာမဏေဟု ငန်ခံ, သာမဏေတို့၏ ဝါကို ရေတွက်, သာမဏေတို့၏ သီတင်း ကြီးစဉ် အလိုက် ရှိခိုးခြင်းကို သာယာ, နေရာဖြင့် တားမြစ်ခြင်းတို့ဖြင့် သာမဏေရ သံဝါသကို ပြုပြန်လျှင်

ကိုယ်တိုင်ယူသော အသွင်အား မလျော်၊ ဆရာရဟန်း ပေးအပ်သော အသွင်အားသာ လျော်သော သံဝါသကို ပြုသောအားဖြင့် သံဝါသကို ခိုးသည်မည်သည် (သံဝါသ ထေနကဖြစ်သည်)၊ ယင်းသို့လျှင် ဥဘယတ္ထေနက ထေယျ သံဝါသက ပုဂ္ဂိုလ် ဖြစ်လေတော့သည်။ ထို့ကြောင့် မဟာဝဂ္ဂ ထေယျသံဝါသက အဋ္ဌကထာ(၃၀၁-၂)၌-

သစေ ပန ကာသာယေ ဓုရံ နိက္ခိပိတွာ နဂ္ဂေါ ဝါ ဩဒါတနိဝတ္ထော ဝါ မေထုန သေဝနာဒီဟိ အဿမဏော ဟုတွာ ကာသာယံ နိဝါသေတိ၊ ထေယျသံဝါသကော ဟောတိ-ဟု မိန့်အပ်ပြီ။

ထိုဘိက္ခုဒူသကသာမဏေသည် ဆိုအပ်ပြီးသောနည်းဖြင့် ထေယျသံဝါသက ဖြစ်ခဲ့မူကား ထေယျသံဝါသကော ဘိက္ခဝေ အနုပသမ္ပန္နော န ဥပသမ္ပါဒေတဗ္ဗော ဥပသမ္ပန္နော နာသေတဗ္ဗော (ဝိ၊ ၃။ ၁၂၀)ဟု တင်းတင်းကြပ်ကြပ် ဘုရားရှင်ကိုယ်တော်တိုင် ပယ်တော်မူအပ်ပြီး ဖြစ်ရကား ရဟန်းခံပေးသော်လည်း ရဟန်းကောင်းအဖြစ်၌ မတည်။ ပင်ပန်းကာသာ ဖြစ်တော့သည်ဟု ယုံကြည်လေးမြတ် မှတ်ယူရမည်။

## မှတ်ချက်

ဤ ထေနကဖြစ်ခြင်း၏ အကြောင်းကို ထုတ်ပြလတ့်သော သုက္ကပက္ခ အဋ္ဌကထာမှ ဗျတိရေက ဟိတ်ကို အနွယဟိတ်ပြန်၍ ယူထားသည်မှတ်။

ယင်းသို့မဟုတ် ထိုဘိက္ခုဒူသက သာမဏေသည် ရဟန်း၌ မေထုန်မှီဝဲသော အခါက မိမိ၏ သာမဏေအသွင်၌ တည်၍(သင်္ကန်းမချွတ်ဘဲ)မှီဝဲသည်ဖြစ်စေ၊ သင်္ကန်း၌ တဖန် ဝတ်ဦးအံ့ဟု လှုံလနှင့်ဘက္ကု သင်္ကန်းကို ခေတ္တဖယ်ထား၍ မှီဝဲပြီးမှ လှုံလရှိသည့်အလျောက် တဖန် ကောက်ယူ ဝတ်ဆင်ပြန်သည်ဖြစ်စေ၊ ဆရာရဟန်းတို့ပေးအပ်သော သာမဏေအသွင်ကို မစွန့်သေးသောကြောင့် လိင်ထေနက မဖြစ်။ တဖန် သာမဏေဟု ဝန်ခံ, သာမဏေတို့၏ဝါကို ရေတွက်, သာမဏေတို့၏ သီတင်းကြီးစဉ်အလိုက် ရှိခိုးခြင်းကို သာယာ, နေရာဖြင့် တားမြစ်ခြင်းတို့ဖြင့် သာမဏေရသံဝါသကို ပြုပြန်သော်လည်း ဆရာရဟန်းတို့လက်မှ ရထားအပ်သော မိမိ သာမဏေအသွင်အားလျော်သော သံဝါသကို သာယာသောကြောင့် သံဝါသ ထေနက မဖြစ်။ ယင်းသို့ ဥဘယ ထေနက ထေယျ-သံဝါသက မဖြစ်။ ဒုဿီလ အလဇ္ဇီ သာမဏေသာ ဖြစ်သည်ဟု မှတ်။

ထို့ကြောင့် အဋ္ဌကထာ (ဝိ၊ ၄၊ ၃။ ၃၀၁)၌-

> သာမဏေရော သလိင်္ဂေ ဌိတော မေထုန သေဝနာဒိ အဿမဏကမ္မံ အာပဇ္ဇိတွာပိ ထေယျသံဝါသကော န ဟောတိ။ သစေပိ ကာသာယေ သဥဿာဟော ကာသာယာနိ အပနေတွာ မေထုနံ ပဋိသေဝိတွာ ပုန ကာသာယာနိ နိဝါသေတိ၊ နေဝ ထေယျသံဝါသကော ဟောတိ။

မာတိကာ အဋ္ဌကထာ(၁၀၄-၅) ၌—

ယော ပန ဘိက္ခုဟိ ပဗ္ဗဇိတော သာမဏေရော သမာနော အပနေတွာ တေသု သဥဿာ-ဟော ဝ မေထုနံ ဓမ္မံ ပဋိသေဝိတွာ ပုန နိဝါသေတွာ သာမဏေရဘာဝံ ပဋိဇာ-

နာတိ။ အယံ ဘိက္ခုပြတိ ဒိန္နလိင်္ဂဿ အပရိစ္စတ္တတ္တာ န လိင်္ဂတ္ထေနကော၊ လိင်္ဂါနုရူပဿ သံဝါသဿ သာဒိတတ္တာ နာပိ သံဝါသတ္ထေနကော။

ဋင်္ကိကာသစ် ၁၆၈–၌ လိင်္ဂါနုရူပဿ သံဝါသဿာတိ သာမဏေရ လိင်္ဂါနုရူပဿ သာမဏေရ သံဝါသဿ။ ဋင်္ကိကာဟောင်း ၂၄–၌ လိင်္ဂါနုရူပဿာတိ သာမဏေရာရဟဿ သံဝါသဿ သာဒိတတ္တာတိ အဓိပ္ပါယော။ ဟု မိန့်အပ်ပြီ။

ထို ဘိက္ခုဒူသက သာမဏေသည် ဆိုအပ်ပြီးသောနည်းဖြင့် ထေယျသံဝါသက မဖြစ်မူကား ရဟန်းခံပေးလျှင် ကမ္မသမ္ပတ္တိ အင်္ဂါပြည့်စုံပါက ကံမြောက်သည်ဟု မှတ်ရမည်။

## စိစစ်ချက်

စိစစ်ပြအံ့။ ။ ပဉ္စမပါရာဇိက သိက္ခာပုဒ်၌ အန္တိမဝတ္ထုအဇ္ဈာပန္န ပုဂ္ဂိုလ်ကို ပဗ္ဗဇ္ဇကို ချန်၍ ဥပသမ္ပန္နအဖြစ်ကို အရင်းပြဘ် ပယ်တော်မူအပ်သည်။ ဦန ဝီသတိဝဿ သိက္ခာပုဒ်၌ အသက် ၂၀ မပြည့်သူကို အသက် ၂၀–မပြည့်မှီသာ ဥပသမ္ပန္နအဖြစ်ကို ပယ်တော်မူအပ်သည်။

န ဥပသမ္ပာဒေတဗ္ဗေကဝီသတိဝါရ၌ (၁၁) ယောက်သော အဘဗ္ဗပုဂ္ဂိုလ်တို့ကို ပဗ္ဗဇ္ဇဥပသမ္ပန္နအဖြစ်ကို အရင်းပြတ်ပယ်ခဘော်မူအပ်ကုန်သည်ဖြစ်သောကြောင့် ဤ (၁၃) ယောက်သော ပုဂ္ဂိုလ်တို့သည် ဥပသမ္ပဒါကံ၏ တည်ရာဝတ္ထုမဟုတ်ကုန်။ ဝတ္ထုဝိပန္နပုဂ္ဂိုလ်တို့ကို ရဟန်းခံပေးသော်လည်း ဝတ္ထုဝိပန္န အဓမ္မကံဖြစ်၍ ကံမအောင်မြင်ဘဲ ပျက်စီးလေသည်။ ထို ၁၃·ယောက်တွင် မပါမဝင် ပဋ္ဌင်း အဖြစ်ကို ငံ့သော ပုဂ္ဂိုလ်မှန်သမျှ ဝတ္ထုသမ္ပန္နပုဂ္ဂိုလ်ချည်းဖြစ်ကုန်သည်။ ရဟန်းခံက ဝတ္ထုသမ္ပန္နဓမ္မကံဖြစ်၍ ကံမပျက်ဘဲ အောင်မြင် ထမြောက်တော့သည်။

ဤသို့သော အလိုတော်ဖြင့်—

**အပိ စ** ဦနဝီသတိဝဿံ ဝါ အန္တိမဝတ္ထုအဇ္ဈာပန္နပုဗ္ဗံ ဝါ ဌပေတွာ အဘဗ္ဗပုဂ္ဂလေ အညတရံ ဥပသမ္ပာဒေန္တဿာပိ ဝတ္ထုဝိပန္နံ အဓမ္မကမ္မံ ဟောတိ။ ဇေဝံ ဝတ္ထုတော **ကမ္မာနိ** ဝိပဇ္ဇန္တိ-ဟု ပရိဝါကမ္မဝဂ်အဋ္ဌကထာ (၂၄၅)။

တတ္ထ ဝတ္ထူတိ ဥပသမ္ပဒါပေက္ခော ပုဂ္ဂလော။ သော ဌပေတွာ ဦနဝီသတိဝဿံ အန္တိမဝတ္ထုအဇ္ဈာပန္နပုဗ္ဗံ ပဏ္ဍကာဒယော စ ဧကာဒသ အဘဗ္ဗပုဂ္ဂလေ ဝေဒိတဗ္ဗော။ ဟု မာတိကာအဋ္ဌကထာ (၁၀၄) ၌ မိန့်ဆိုတော်မူအပ်ပြီ။

ယင်းအဋ္ဌကထာတို့၌ အန္တိမဝတ္ထုအဇ္ဈာပန္နပုဗ္ဗံ– ဟူသောပုဒ်ကို ယော ဘိက္ခုဝေ သိက္ခံ အပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝီကတွာ မေထုနံ ဓမ္မံ ပဋိသေဝတိ၊ သော အာဂတော န ဥပသမ္ပာဒေတဗ္ဗော ဟု ဝိ၊ ၁။ ၂၈·၌ ဟောတော်မူသောကြောင့် ဘိက္ခုသိက္ခာ မစွန့်ဘဲ ပါရာဇိက လေးပါးတို့တွင် တပါးပါးကို လွန်ကျူး၍ ကျင့်ဘူးသော ပုဂ္ဂိုလ်ကိုသာ အန္တိမဝတ္ထု အဇ္ဈာပန္န ဟု ယူအပ်သည်။ လိင်ကျသော ဒုဿီလသာမဏေကို မယူအပ်ဟု မြဲမြံစွာ မှတ်သားအပ်သည်။

ထိုကြောင့် မာတိကာ အဋ္ဌကထာ (၁၀၄)၌- အန္တိမဝတ္ထုံ အဇ္ဈာပန္နပုဗ္ဗော နာမ စတုန္နံ ပါရာဇိကာနံ အညတရံ အဇ္ဈာပန္နပုဗ္ဗော-ဟု မိန့်အပ်ပြီ။ ဤသို့ ထေယျသံဝါသက မဖြစ်သော ဒုဿီလသာမဏေသည် ဝတ္ထုဝိပန္န ၁၃-ယောက်တွင် မပါဝင်သောကြောင့်ရှင်း ဒုဿီလ သာမဏေကို လိင်္ဂနာသနဖြင့် သာမဏေ၏ အဖြစ်ကို ပယ်သည်မှတပါး မည်သည့်ပါဠိ အဋ္ဌကထာ ဋီကာတို့မှာမှ ရဟန်း၏ အဖြစ်ကို ပယ်တော်မူအပ်သည် မရှိသောကြောင့်ရှင်း ရဟန်းခံပေးလျှင်ကား ရဟန်းဖြစ်သည်၊ ဝါ-ရဟန်းကောင်းအဖြစ်၌ တည်သည်ဟု ယုံကြည်လေးမြတ် မှတ်ယူသိမြင်ရမည်။ ထုတ်ပြအပ်သော ပါဠိအဋ္ဌကထာဋီကာ လာသည့်အတိုင်း ရဟန်းဖြစ်ကောင်း မဖြစ်ကောင်းသော ဘိက္ခုဒူသက သာမဏေ ၂-မျိုးရှိသင့်ရကား အရင်းအစ အဇ္ဈာစာရဝတ္ထုကို စိစစ်၍ ယထာဘူတ ယထာဝိနယကို သိရမည်-ဦးကေတုမာလာလင်္ကာရ။

ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့် ရဟန်းတော် ရှင်ကေတုမာလာလင်္ကာရ မေးလျှောက်အပ်သော အမေး ၃-ရပ်ကို သာသနာတော်ကြီး ညစ်ကြေးမသင်စည်ပင်ပြန့်ပွါး ထွန်းကားစေရန် ရည်သန်တောင့်တ၍ ယထာဓမ္မ ဝိနယောပဒေသ ကောင်းစွာပြလျက် သိသာထင်ရှားအောင် မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက် အမရပူရကျောင်းဆရာတော် ဖြေကြားအပ်သော ဝိမတိစ္ဆေဒနီကထာ ပြီး၏။

### ဤအဆုံးအဖြတ်၌ ပါသော ပါဠိအဋ္ဌကထာစသည်တို့ကို က-ခ-စသော အမှတ်စဉ်အတိုင်း အနက်ပြန်ဆိုလိုက်အံ့

(က) သာမဏေရော၊ သာမဏေသည်။ သုတ္တဘိက္ခုမှိ၊ အိပ်ပျော်သော ရဟန်း၌။ ဝိပ္ပဋိပဇ္ဇတိ၊ ဖောက်ပြန်သောအားဖြင့် ကျင့်၏။ ။ပ။ ဒူသကော၊ ဖျက်ဆီးတတ်သော သာမဏေကို။ နာသေတဗ္ဗော၊ ဖျက်ဆီးအပ်၏။ (ဝိ၊ ၁။၄၁)

(ခ) ပန၊ အဘိုတပါးကား။ သရဏာနိ၊ သရဏဂုံတို့ကို။ သယံ၊ ကိုယ်တိုင်။ ဒါတဗ္ဗာနိ၊ ပေးအပ်ကုန်၏။ ဧဝံ၊ ဤသို့။ ဘိက္ခုနာ၀၊ ရဟန်းသည်သာလျှင်။ ပဗ္ဗဇိတော၊ ရှင်ပြုပေးအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဟိ-မှန်၏။ ပုရိသံ၊ ယောကျ်ားကို။ ဘိက္ခုတော၊ ရဟန်းမှ။ အညော၊ တပါးသော ပုဂ္ဂိုလ်သည်။ ပဗ္ဗာဇေတုံ၊ ရှင်ပြုပေးခြင်းငှါ။ န လဘတိ၊ မရ။ မာတုဂါမံ၊ မာတုဂါမကို။ ဘိက္ခုနီတော၊ ရဟန်းမမှ။ အညော၊ သည်။ ပဗ္ဗာဇေတုံ၊ ငှါ။ န လဘတိ၊ မရ။ (ဝိ၊ဋ္ဌ၊၃။ ၂၄၇။ ဝိ၊ သင်္ဂဟ။ ၁၅၇)

(ဂ) အထ၊ ထို၏အခြားမဲ့၌။ အဿ၊ ထိုရှင်အဖြစ်ကို ငံ့သောသူအား။ ဥပဇ္ဈာယေန ဝါ၊ ဥပဇ္ဈာယ်ဆရာသည်ရှင်း။ အာစရိယေန ဝါ၊ ရှင်ပြုပေးသော ဆရာသည်ရှင်း။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ ဝါ-သိပါ၏ ဣတိအာဒိနာ၊ ဤသို့အစရှိသော။ နယေန၊ နည်းဖြင့်။ သရဏာနိ၊ သရဏဂုံတို့ကို။ ဒါတဗ္ဗာနိ၊ ပေးအပ်ကုန်၏။ (ဝိ၊ ဋ္ဌ၊ ၃။ ၂၅၀။ ဝိ၊ သင်္ဂဟ။ ၁၅၉)

(ဃ) ပဗ္ဗာဇေတုံ န လဘတီတိ ဣဒံ ဝစနံ၊ ဟူသောစကားကို။ သရဏဒါနံ၊ သရဏဂုမ်ပေး ခြင်းကို။ သန္ဓာယ၊ ရည်ရွယ်၍။ ဝုတ္တံ မိန့်ဆိုအပ်၏။ အနုပသမ္ပန္နေန၊ လူသာမဏေသည်။ ဘိက္ခု-အာဏတ္တိယာ၊ ရဟန်း၏စေခိုင်းခြင်းဖြင့်။ ဒိန္နံ ပေးအပ်သော။ သရဏမ္ပိ၊ သရဏဂုမ်သည်လည်း။ န ရုဟတိ၊ မရောက်။ (ဝိမတိ၊ ၂။၄၉)

(င) အနာပတ္တိ ဦနဝီသတိဝဿံ ပရိပုဏ္ဏဝီသတိဝဿသညီတိ ထွေ၊ဤပါဠ်၌။ဥပသမ္ပာဒေန္တဿ၊ မြင့်မြတ်သော ပဥ္စင်းအဖြစ်သို့ရောက်စေသော ဥပဇ္ဈာယ်ဆရာအား။ ကိဥ္စာပိ အနာပတ္တိ၊ အကယ်၍ကား အာပတ်မသင့်။ ပန တထာပိ၊ ထိုသို့ပင် အာပတ်မသင့်သော်လည်း။ ပုဂ္ဂလော၊ အသက် နှစ်ဆယ် မပြည့်သေးသော ပဥ္စင်းလောင်း ပုဂ္ဂိုလ်သည်။ အနုပသမ္ပန္နောဝ၊ မြင့်မြတ်သော ပဥ္စင်း အဖြစ်သို့ မရောက်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ပန၊ အဘိုဘပါးကား။ သော၊ ထိုအသက် နှစ်ဆယ်မပြည့်ဘဲ ပဥ္စင်းခံပြီးသောသူသည်။ ဒသဝဿစ္စယေန၊ ဆယ်ဝါလွန်ပြီးသောအခါ၌။ အညံ၊ တပါးသော ရဟန်းလောင်းကို။ သစေ ဥပသမ္ပာဒေတိ၊ အကယ်၍ ဥပဇ္ဈာယ်ဆရာ ကမ္မဝါစာဆရာ ပြု၍ ပဥ္စင်းခံပေးငြားအံ့။ စေ၊ ဤသို့။ဥပသမ္ပာဒေန္တေ၊ဥပဇ္ဈာယ်ဆရာ ကမ္မဝါစာဆရာပြု၍ ရဟန်း ခံပေးသော်၊ တံ၊ထိုပုဂ္ဂိုလ်ကို။ မုဥ္စိတွာ၊လွှတ်၍။ ဂဏော၊သံဃာသည်။(ပါစိတ်ယော။၄၃၄)စေ ပူရတိ၊အကယ်၍ပြည့်အံ့။သူပသမ္ပန္နော၊ကောင်းစွာပဥ္စင်းဖြစ်၏။ (ဝိ၊ ဋ္ဌ၊ ၃။ ၁၃၆။ ဝိ၊ သင်္ဂဟ။ ၁၅၃)

(စ) အညံ ဥပသမ္ပာဒေတီတိ၊ ဟူသည်ကား။ ဥပဇ္ဈာယော ဝါ၊ ဥပဇ္ဈာယ် ဆရာသည်ဖြင်း။ ကမ္မဝါစာစရိယော ဝါ၊ ကမ္မဝါစာဆရာသည်ဖြင်း။ ဟုတွာ၊ ဖြစ်၍။ ဥပသမ္ပာဒေတိ၊ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်စေအံ့။ (သာရတ္ထ ၃။ ၈၆။ ဝိနယာလင်္ကာရ၊ ဋီ၊ ၁။ ၂၅၃။ ပါစိတ်ယော။ ၁၁၀)

(ဆ) ....................( စ ) အမှတ်ပြန်ကြည့်။

(ဇ) ဒုမ္မင်္ကူနံ၊ သီလမရှိကုန်သော။ ပုဂ္ဂလာနံ၊ ပုဂ္ဂိုလ်တို့ကို။ နိဂ္ဂဟာယ၊ နှိမ်နင်းခြင်းအကျိုး ငှါ။ သိက္ခာပဒံ၊ သိက္ခာပုဒ်ကို။ ပညပေဿာမိ၊ ပညတ်အံ့။ (ဝိ၊ ၁။ ၂၄။ ဝိ၊ ဋ္ဌ၊ ၁။ ၁၈၉)

(ဈ) နိဿီလာ စ၊ သီလမရှိကုန်သော ပုဂ္ဂိုလ်တို့သည်ဖြင်း။ ဒုဿီလသီလာ စ၊ ဖျက်ဆီးအပ် ပြီးသော သီလရှိကုန်သော ပုဂ္ဂိုလ်တို့သည်ဖြင်း။ ဒုဿီလပုဂ္ဂလာတိ- ဒုဿီလပုဂ္ဂလာ နာမ၊ ဒုဿီလ ပုဂ္ဂိုလ်တို့မည်ကုန်၏။ ပ။ ဥဘယေနပိ၊ နိဿီလပုဂ္ဂိုလ် ဒုဿီလသီလပုဂ္ဂိုလ် နှစ်ပါးစုံဖြင့်လည်း။ အလဇ္ဇိနောဝ၊ အလဇ္ဇီပုဂ္ဂိုလ်တို့ကိုသာလျှင်။ ဣဓ၊ ဤ ဒုမ္မင်္ကူနံ ပုဂ္ဂလာနံ-ဟူသော ပါဠ်တော်၌။ ဒုဿီလာတိ၊ ဒုဿီလဟူ၍။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ (ဝိမတိ၊ ၁။ ၁၀၅)

(ည) လဇ္ဇိနော၊ လဇ္ဇီပုဂ္ဂိုလ်အား။ အလဇ္ဇိနာ၊ အလဇ္ဇီပုဂ္ဂိုလ်နှင့်။ သဒ္ဓိံ၊အတူတကွ။ ယာဝ၊ အကြင်မျှလောက်။ န ဇာနာတိ၊ မသိသေး။ တာဝ၊ ထိုမျှလောက်။ ပရိဘောဂေ၊ သုံးဆောင်ခြင်း သည်။ ဝဋ္ဋတိ၊ အပ်၏။ (ဝိ၊ ဋ္ဌ၊ ၂။ ၂၃၃)

(၄) ဘိက္ခဝေ၊ ရဟန်းတို့။ ဒသဟိ၊ ဆယ်ပါးကုန်သော။ အင်္ဂေဟိ၊ အင်္ဂါတို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံသော။ သာမဏေရံ၊ သာမဏေကို။ နာသေတုံ၊ ဖျက်ဆီးခြင်းငှါ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ ပါဏာတိပါတီ၊ သူ့အသက်ကို သတ်တတ်သည်။ ဟောတိ၊ ဖြစ်၏။ပ။ နာသေတုံ၊ ငှါ။ အနုဇာနာမိ၊ ၏။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။ (ဝိ၊ ၃။ ၁၃၉)

(၅) ဓမ္မပရိဘောဂေါတိ၊ ကား။ ကေကမ္ပံ၊ တပေါင်းတည်း ပြုအပ်သော လေးပါး အပြား ရှိသော သံဃကံသည်ငှင်း။ ကေုဒ္ဒေသော၊ တခပေါင်းတည်း ပြုအပ်သော ငါးပါး အပြားရှိသော ပါတိမောက္ခုဒ္ဒေသသည်ငှင်း။ သံဝါသော နာမ၊ သံဝါသ မည်၏။ (ဝိ၊ ၁။ ၃၄) ဣတိ-အာဒိနာ၊ ဤသို့အစရှိသည်ဖြင့်။ ဝုတ္တသံဝါသော စေဝ၊ ဟောအပ်ပြီးသော သံဝါသကိုငှင်း။ နိဿယဂ္ဂဟဏဒါနာဒိကော၊ နိဿယည်းယူခြင်း နိဿယည်းပေးခြင်း အစရှိသော။ သဗ္ဗော၊ အလုံးစုံသော။ နိရာမိသပရိဘောဂေါ စ၊ ဆွမ်း သင်္ကန်း စသော အာမိသ မပါသော သုံးဆောင်ခြင်းကိုငှင်း။။ပ။ တေနေဝ၊ ထိုကြောင့်သာလျှင်။ အင္ဂုတ္တရနိကာယေ၊ အင္ဂုတ္တရနိကာယ်(အဘိ၊ ၄၊ ၁။ ၄၂၇)၌။ ဓမ္မပဋိသန္ထာရကထာယံ၊ ဓမ္မပဋိသန္ထာရကထာ၌။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ကထေတဗ္ဗံ၊ ဟောကြားအပ်၏။ ဓမ္မော၊ တရားကို။ ဝါစေတဗ္ဗော၊ ပို့ချအပ်၏။။ပ။ အဗ္ဘာန ဝုဋ္ဌာန မာနတ္တပရိဝါသာ၊ အဗ္ဘာန်သွင်းခြင်း အာပတ်မှ ထခြင်း မာနတ်ကျင့်ခြင်း ပရိဝါသ် ဆောက်တည်ခြင်းတို့ကို။ ဒါတဗ္ဗာ၊ ပေးအပ်ကုန်၏။ ပဗ္ဗဇ္ဇာရဟော၊ ရှင်ပြုထိုက်သူကို။ ပဗ္ဗာဇေတဗ္ဗော၊ ရှင်ပြုပေးအပ်၏။ ဥပသမ္ပဒါရဟော၊ ရဟန်းခံထိုက်သောသူကို။ ဥပသမ္ပာဒေတဗ္ဗော၊ ရဟန်းခံပေးအပ်၏။ပ။ အယံ၊ ဤသည်ကား။ ဓမ္မပဋိသန္ထာရော နာမ၊ ဓမ္မပဋိသန္ထာရ မည်၏။ ဣတိ ဧဝံ၊ ဤသို့။ သံဃကမ္မာဒိပိ၊ သံဃကံ အစရှိသည်ကိုလည်း။ ဓမ္မ-ကောဋ္ဌာသေ၊ ဓမ္မအဘို့အစု၌။ ဒဿိတံ၊ ပြအပ်၏။ ပန၊ ဆက်ဦးအံ့။ တေသု ဓမ္မကောဋ္ဌာ-သေသု၊ ထို ဓမ္မအဘို့ အစုတို့ဘွင်။ ဂဏပူရဏာဒိဝသေန၊ ဂိုဏ်းကိုပြည့်စေခြင်း အစရှိသည်တို့၏ အစွမ်းဖြင့်။ အလဇ္ဇိနော၊ အလဇ္ဇီ ပုဂ္ဂိုလ်တို့ကို။ အပေက္ခိတ္ဗာ၊ ငဲ့၍။ ယံ ဥပေါသထာဒိ ဝါ၊ အကြင် ဥပုသ် အစရှိသည်ကိုငှင်း။ တေသံ၊ ထို အလဇ္ဇီ ပုဂ္ဂိုလ်တို့၏။ သန္တိကာ၊ အထံမှ။ ယံ ဓမ္မုဂ္ဂဟဏ နိဿယဂ္ဂဟဏာဒိ ဝါ၊ အကြင် ပါဠိ သင်ခြင်း နိဿယည်းကို ယူခြင်း အစရှိသည်ကိုငှင်း။ ကရီယတိ၊ ပြုအပ်၏။ တံ၊ ထို ဥပုသ်ပြုခြင်း အစရှိသည်သည်။ ဓမ္မော စေဝ၊ ဓမ္မလည်း ဟုတ်၏။ ပရိဘောဂေါ စ၊ သုံးဆောင်ခြင်းလည်း ဟုတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဓမ္မပရိဘောဂေါ၊ ဓမ္မပရိဘောဂ မည်၏။ ဣတိ၊ ဤသို့။ ဝုစ္စတိ၊ ဆိုအပ်၏။ တေ၊ ထို ဥပုသ်ပြုခြင်း အစရှိသည်ကို။ တထာရူပပစ္စယံ၊ ထိုသို့ သဘောရှိသော အကြောင်းကို။ ဝိနာ၊ ကင်း၍။ ကာတုံ၊ ငှါ။ န ဝဋ္ဋတိ၊ မအပ်။ ကရောန္တဿ၊ ပြုသောရဟန်းအား။ အလဇ္ဇိပရိဘောဂေါ၊ အလဇ္ဇီတို့နှင့် တကွ သုံးဆောင်ခြင်းသည်ငှင်း။ ဒုက္ကဋဉ္စ၊ ဒုက္ကဋ် အာပတ်သည်ငှင်း။ ဟောတိ၊ ဖြစ်၏။ (ဝိမတိ၊ ၁။ ၃၃၈-၉)။

(၃) ပန၊ အဖိုဘပါးကား။ ကာသာယေ၊ သင်္ကန်း၌။ ရာဂ၊ ဝန်ကို။ နိက္ခိပိတွာ၊ ချ၍။ နဂ္ဂေါဝါ၊ အဝတ်မစည်း အချီးနှီးသည်ငှင်း။ ဩဒါတနိဝတ္ထော ဝါ၊ ဖြူသောအဝတ်ကို ဝတ်သည်ငှင်း။ ဟုတွာ၊ ဖြစ်၍။ မေထုန သေဝနာဒီဟိ၊ မေထုန်မှီဝဲခြင်း အစရှိသည်တို့ကြောင့်။ အသာ-

မဏော၊ ရဟန်း သာမဏေ မဟုတ်သည်။ ဟုတွာ၊ ဖြစ်၍။ ကာသာယံ၊ သင်္ကန်းကို။ သစေ နိဝါသေတိ၊ အကယ်၍ ဝတ်အံ့။ ထေယျသံ ဝါသကော၊ ခိုးခြင်းအားဖြင့် ပေါင်းဖော်ခြင်းရှိသောသူသည်။ ဟောတိ၊ ဖြစ်၏။ (ဝိ၊ ဋ္ဌ၊ ၃။ ၃၀၁-၂။ ဝိ၊ သင်္ဂဟ။ ၁၄၉)။

(ခ) ဘိက္ခဝေ၊ ရဟန်းတို့။ ထေယျသံဝါသကော၊ သော။ အနုပသမ္ပန္နော၊ သာမဏေကို။ န ဥပသမ္ပာ ဒေတဗ္ဗော၊ ရဟန်းခံမပေးအပ်။ ဥပသမ္ပန္နော၊ ရဟန်းခံပြီးသောသူကို။ နာသေ-တဗ္ဗော၊ ဖျက်ဆီးအပ်၏။ (ဝိ၊ ၃။ ၁၂၀)။

(ဃ) သာမဏေရော၊ သာမဏေသည်။ သလိင်္ဂေ၊ မိမိ၏ ရှင်သာမဏေ အသွင်၌။ ဌိတော၊ တည်လျက်။ မေထုနာဒိအဇ္ဈာမဏာမမွဲ၊ မေထုန်မှီဝဲခြင်း အစရှိသော ရှင်ရဟန်းမဟုတ်သည်၏ အဖြစ်ကို ပြုတတ်သော အကျင့်သို့။ အာပဇ္ဇိတွာပိ၊ ရောက်ပြီး၍လည်း။ ထေယျသံဝါသကော၊ သည်။ န ဟောတိ၊ မဖြစ်။ ကာသာယေ၊ သင်္ကန်း၌။ သဥ္ဈာဟော၀၊ ပြန်ဝတ်အံ့ ဟူသော အားထုတ်ခြင်း ရှိသည် ဖြစ်၍ သာလျှင်။ ကာသာယာနိ၊ တို့ကို။ အပနေတွာ၊ ပယ်ပြီး၍။ မေထုန်၊ မေထုန်ကို။ ပဋိသေဝိတွာ၊ မှီဝဲပြီး၍။ ပုန၊ တဖန်၊ ကာသာယာနိ၊ တို့ကို။ သစေပိ နိဝါသေတိ၊ ဝတ်ရုံဦးတော့။ ထေယျ သံဝါသကော၊ သည်။ နေဝ ဟောတိ၊ မဖြစ်။ (ဝိ၊ ဋ္ဌ၊ ၃။ ၃၀၁။ ဝိ၊ သင်္ဂဟ။ ၁၄၉)။

(င) ပန၊ အဖွိုတပါးကား။ ယော၊ အကြင် သာမဏေသည်။ ဘိက္ခူဟိ၊ ရဟန်းတို့သည်။ ပဗ္ဗဇိတော၊ ရှင်ပြုပေးအပ်သော၊ သာမဏေရော၊ သည်။ သမာနော၊ ဖြစ်လျက်။ ကာသာ-ယာနိ၊ တို့ကို။ အပနေတွာ၊ ပြီး၍။ တေသု၊ ထို သင်္ကန်းတို့၌။ သဥ္ဈာဟော၀၊ ၍သာလျှင်။ မေထုန် ဓမ္မံ၊ မေထုန်အကျင့်ကို။ ပဋိသေဝိတွာ၊ ၍။ ပုန၊ တဖန်။ နိဝါသေတွာ၊ ၍။ သာမဏေရ-ဘာဝံ၊ သာမဏေ၏အဖြစ်ကို။ ပဋိဇာနာတိ၊ ဝန်ခံ၏။ အယံ၊ ဤ သာမဏေသည်။ ဘိက္ခူဟိ၊ ရဟန်းတို့သည်။ ဒိန္နလိင်္ဂဿ၊ ပေးအပ်ပြီးသော အသွင်ကို။ အပရိစ္စတ္တတ္တာ၊ မစွန့်အပ်သေးသည်၏ ဒ-ဖြစ်ကြောင့်။ လိင်္ဂတ္ထေနကော၊ အသွင်ကို ခိုးတတ်သော သူသည်။ န၊ မဟုတ်။ လိင်္ဂါနုရူပဿ၊ အသွင်အား လျော်သော။ သံဝါသဿ၊ ပေါင်းဖော်ခြင်းကို။ သာဒိတတ္တာ၊ သာယာအပ်သည်၏အဖြစ်ကြောင့်။ သံဝါသတ္ထေနကောပိ၊ အပေါင်းအဖော်ကို ခိုးတတ်သူသည် လည်း ။ န၊ မဟုတ်။ (ကင်္ခါ။ ၁၀၄-၅)။

(စ) လိင်္ဂါနုရူပဿ သံဝါသဿာတိ၊ ကား။ သာမဏေရလိင်္ဂါနုရူပဿ၊ သာမဏေ၏ အသွင်အား လျော်သော။ သာမဏေရသံဝါသဿ၊ သာမဏေ၏ ပေါင်းဖော်ခြင်းကို။ (ကင်္ခါ၊ ဋီ၊ သစ်။ ၁၆၇)။

(ဆ) လိင်္ဂါနုရူပဿာတိ၊ ကား။ သာမဏေရာရဟဿ၊ သာမဏေတို့အား ထိုက်သော။ သံဝါသဿ၊ ပေါင်းဖော်ခြင်းကို။ သာဒိတတ္တာ၊ သာယာအပ်သည်၏ အဖြစ်ကြောင့်။ ဣတိ အယံ၊ ဤသည်ကား။ အဓိပ္ပါယော၊ အဓိပ္ပါယ်တည်း။ (ကင်္ခါ၊ ဋီ၊ ဟောင်း-၂၄)။

(ဇ) အပိစ၊ တနည်းလည်း။ ဉီနဝီသတိဝဿံ ဝါ၊ ယုတ်သော အသက်နှစ်ဆယ် ရှိသော **ပုဂ္ဂိုလ်ကိုရင်း။ ဝါ၊ အသက်နှစ်ဆယ် မပြည့်သေးသော ပုဂ္ဂိုလ်ကိုရင်း။ အန္တိမဝတ္ထုံ၊ ပါရာဇိက**

ဝတ္ထုသို့။ အဇ္ဈာပန္နပုဗ္ဗံ ဝါ၊ ရှေး၌ ရောက်ပြီးသောပုဂ္ဂိုလ်ကိုရင်း။ ကောဒသသု၊ တဆယ့်တယောက် ကုန်သော။ အဘဗ္ဗပုဂ္ဂလေသု၊ ရှင်ရဟန်း မပြုထိုက်သောပုဂ္ဂိုလ်တို့တွင်။ အညတရံ၊ တယောက် ယောက်သော ပုဂ္ဂိုလ်ကိုရင်း။ ဥပသမ္ပာဒေန္တဿပိ၊ ရဟန်းခံစေသော ရဟန်းအားလည်း။ ဝတ္ထုဝိပန္နံ၊ ဝတ္ထုကြောင့် ပျက်စီးသော။ အဓမ္မကမ္မံ၊ မတရားသော ကံသည်။ ဟောတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ ဝတ္ထုဘော၊ ဝတ္ထုကြောင့်။ ကမ္မာနိ၊ ကံတို့သည်။ ဝိပဇ္ဇန္တိ၊ ပျက်စီးကုန်၏။ (ဝိ၊ ၄၊ ၄။ ၂၄၅။ ဝိ၊ သင်္ဂဟ။ ၃၉၂)။

(န) တတ္ထ၊ ထို ဝတ္ထုအစရှိသော သမ္ပတ္တိဒါးမျိုးတို့တွင်။ ဝတ္ထုူတိ၊ ကား။ ဥပသမ္ပဒါပေက္ခော၊ ရဟန်းအဖြစ်ကိုငဲ့သော။ ပုဂ္ဂလော၊ ရဟန်းလောင်းပုဂ္ဂိုလ်တည်း။ သော၊ ထို ရဟန်းလောင်း ပုဂ္ဂိုလ်ကို။ ဦနဝီသတိဝဿဥ္စ၊ အသက်နှစ်ဆယ် မပြည့်သေးသော ပုဂ္ဂိုလ်ကိုရင်း။ အန္တိမ-ဝတ္ထု အဇ္ဈာပန္နပုဗ္ဗဉ္စ၊ ပါရာဇိကဝတ္ထုသို့ ရောက်ပြီးသော ပုဂ္ဂိုလ်ကိုရင်း။ ပဏ္ဍကာဒယော၊ ပဏ္ဍုက် အစရှိကုန်သော။ ကောဒသ၊ တဆယ့်တယောက်ကုန်သော။ အဘဗ္ဗပုဂ္ဂလေ စ၊ ရှင်ရဟန်း မပြုထိုက်ကုန်သော ပုဂ္ဂိုလ်တို့ကိုရင်း။ ဌပေတွာ၊ ထား၍။ ဝေဒိတဗ္ဗော၊ သိအပ်၏။(ကခ်ါ။ ၁၀၄)။

(ပ) ဘိက္ခဝေ၊ ရဟန်းတို့။ ယော၊ အကြင် ရဟန်းသည်။ သိက္ခံ၊ သိက္ခာကို။ အပစ္စက္ခာယ၊ မချမူ၍။ ဒုဗ္ဗလျံ၊ သိက္ခာပုဒ်၌ အားနည်းသည်၏ အဖြစ်ကို။ အနာဝိကတွာ၊ ထင်စွာ မပြုမူ၍။ မေထုနံ ဓမ္မံ၊ မေထုန်အကျင့်ကို။ ပဋိသေဝတိ၊ မှီဝဲ၏။ သော၊ ထို မေထုန်မှီဝဲသူကို။ အာဂတော၊ ပြန်လာသည်ရှိသော်။ န ဥပသမ္ပာဒေတဗ္ဗော၊ ပဉ္စင်းခံမပေးအပ်။ (ဝိ၊ ၁။ ၂၇)။

(ဖ) အန္တိမဝတ္ထု အဇ္ဈာပန္န ပုဗ္ဗော နာမ၊ အန္တိမဝတ္ထု အဇ္ဈာပန္န ပုဗ္ဗပုဂ္ဂိုလ် မည်သည်ကား။ စတုန္နံ၊ လေးပါးကုန်သော။ ပါရာဇိကာနံ၊ ပါရာဇိက အာပတ်တို့တွင်။ အညတရံ၊ တပါးပါးသော ပါရာဇိက အာပတ်သို့။ အဇ္ဈာပန္နပုဗ္ဗော၊ ရောက်ပြီးသော ပုဂ္ဂိုလ်တည်း။ (ကခ်ါ။ ၁၀၄)။

---

## ၁၃-နေဝသုဒ္ဓနာသုဒ္ဓါဒိဝိမတိဧွဒနီ

ဆရာတော်

ဆက်ကပ်ရန်— ပြာသိုလဆုတ် ၇-ရက်။

တပည့်တော် ရှိသေစွာ လျှောက်ထားဝံ့ပါသည် ဘုရား။

ဆရာတော်ဘုရား ကျန်းမာစွာ ရှိစေရန် အမြဲ ဆုတောင်းမေတ္တာ ပို့သလျက် ရှိပါသည်ဘုရား။

တပည့်သိလိုသော အောက်ပါ ၂-ချက်ကို လျှောက်ထားပါသည် ဘုရား၊ သနားသဖြင့် ရေးသား၍ ပြန်ကြားတော်မူပါဘုရား—

(က) နေဝသုဒ္ဓ နာသုဒ္ဓ ချထားသော ရဟန်းအား နောင်စင်ကြယ်၏ ဟု အယူရှိလျှင် သံဃာများက ပြန်၍ လက်ခံပါက ဝိနည်းနှင့် လျော်၏ မလျော်၏၊ အစဉ်အလာလည်း နောက်က ရှိခဲ့ မရှိခဲ့။

(ခ) စေတီတဆူအား လှူပြီးသည့် ပိုလျှံနေသော အနာမာသဝတ္ထုတို့ကို အခြား လိုအပ်နေသော စေတီတဆူ၌ သုံးစွဲပါက ရဟန်းများအတွက် ဝိနည်းနှင့် ဆန့်ကျင် မဆန့်ကျင်၊ လူများအတွက် ကုသိုလ်ဖြစ် မဖြစ်။

တပည့်–ဇာဂရ
မင်းကျောင်း ပရိယတ္တိစာသင်တိုက်
ကျောက်တန်းမြို့(ဟံ)ခရိုင် မှော်ဝန်း။

## ဖြေဆိုချက်

မေတ္တာ ရွှေသား၏ ပြန်ကြားလိုက်သည် ဦးဇာဂရ—

မေးလျှောက်စာသည် ညောင်တုန်းသို့ ခရီးထွက်ခါနီးမှ ရောက်လာသည်၊ အချိန်ရသရွေ့ တတ်နိုင်သမျှ ရှာဖွေစီစဉ်၍ ဝိနယောပဒေသနှင့် အညီ အာစရိယောပဒေသများကိုလည်း မှီလျက် ရေးသား ဖြေကြားလိုက်သည်။

အမေး (က) နောသုဒ္ဓ နာသုဒ္ဓ ချထားသောရဟန်းအား နောင်စင်ကြယ်၏ဟု အယူရှိလျှင် သံဃာများက ပြန်၍လက်ခံပါက ဝိနည်းနှင့် လျော်၏ မလျော်၏၊ အစဉ်အလာလည်း နောက်က ရှိခဲ့ မရှိခဲ့။

(ခ) စေတီတဆူအား လှူပြီးသည့် ပိုလျှံနေသော အနာမာသဝတ္ထုကို အခြားလိုအပ်နေသော စေတီတဆူ၌ သုံးစွဲပါက ရဟန်းများအတွက် ဝိနည်းနှင့် ဆန့်ကျင် မဆန့်ကျင်။

## (က) အဖြေ

ပဥ္စမ ဒုဋ္ဌ ဒေါသသိက္ခာပုဒ် အဖွင့် အဋ္ဌကထာ (ပါ၊ ဋ္ဌ၊ ၂။ ၁၇၅-၇)၌ အလဇ္ဇီသည် လဇ္ဇီကို၊ လဇ္ဇီသည် အလဇ္ဇီကို၊ အလဇ္ဇီသည် အလဇ္ဇီကို၊ လဇ္ဇီသည် လဇ္ဇီကို၊ စောဒနာသော အရာအားဖြင့် စောဒက က စုဒိတကအား စောဒနာသောအရာ လေးမျိုးလာသည်။

ဝိနိစ္ဆယသည်—သုဒ္ဓ၊ အသုဒ္ဓ၊ နေဝသုဒ္ဓနာသုဒ္ဓ၊ ကမ္မ ဝိနိစ္ဆယ—ဟု အကျဉ်းအားဖြင့် လေးမျိုးရှိသည်။ ထိုတွင် သတေကိစ္ဆ အတေကိစ္ဆ အာပတ်အားဖြင့် စောဒနာရာ၌သာ သုဒ္ဓ အသုဒ္ဓ ဝိနိစ္ဆယကို ဒုဋ္ဌ ဒေါသသိက္ခာပုဒ်၌ ဥပေါသထက္ခန္ဓက ပဝါရဏာက္ခန္ဓက ပါဠိ အဋ္ဌကထာ ဋီကာတို့၌ ဟောမိန့်လာရှိသည်။ အတေကိစ္ဆဖြင့် စောဒနာရာ၌သာ နေဝသုဒ္ဓ နာသုဒ္ဓကို ဒုဋ္ဌ ဒေါသ သိက္ခာပုဒ် အဖွင့်အဋ္ဌကထာ ဋီကာတို့၌မိန့်ဆိုလာရှိသည်။ သတေကိစ္ဆအာပတ်ဖြင့် စောဒနာရာ၌ ဝိနည်းမိုရ် ပုဂ္ဂိုလ် အလိုရှိခဲ့သော် တဇ္ဇနီယစသော ကမ္မဝိနိစ္ဆယကို ကမ္မက္ခန္ဓက သမထက္ခန္ဓကပါဠိ အဋ္ဌကထာ ဋီကာတို့၌ ဟောမိန့်လာရှိသည်။ ဤကား ဦးဇာဂရ လေ့ကျက်ရန် ယေဘုယျအားဖြင့် လာရာဌာနများကို ပြလိုက်သည်။

ထိုတွင် လဇ္ဇီစောဒကသည် စောဒနာအပ်သော အလဇ္ဇီစုဒိတကသည် ခပ်သိမ်းသော ရဟန်းတို့၏ မျက်မှောက်ထင်ထင် မြင်အပ် ကြားအပ်သော ဝီတိက္ကမ ဝတ္ထုများစွာ သက်ရှိပါလျက် အာပတ်သင့်ခြင်း အပြစ်ရှိခြင်း သာပတ္တိက သာဝဇ္ဇ ဒေါသ သမ္ဗန္ဓိစ္ဆန ဒေါသာဂမ ပဋိညာဉ်ကို မပေးမူ၍ အာပတ်မသင့်ခြင်း အပြစ်မရှိခြင်း အနာပတ္တိက အနဝဇ္ဇ ဒေါသာသမ္ဗန္ဓိစ္ဆန ဒေါသာပဂမ ပဋိညာဉ်ကိုသာ ပေးအံ့၊ ဓမ္မဝိနိစ္ဆက ဝိနယဓရ ပုဂ္ဂိုလ်တို့သည် ထို စုဒိတက ပုဂ္ဂိုလ်၏ ရှေ့နောက်အမူအရာ ကာယ ဝစီသမာစာရ ဖြစ်ရာ ဉဿုံ အလုံးစုံကို ဇေ့စုံသေချာ နှိုင်းယှဉ်တိုင်းထွာသည်ရှိသော် ယုံမှားသံသယ ဝေမတိက မပျောက်နိုင်သော အရာ၌ သုဒ္ဓ အသုဒ္ဓဟု တိတိကျကျမဆုံးဖြတ်အပ်၊ နေဝသုဒ္ဓ နာသုဒ္ဓ-ဟုသာ ဆုံးဖြတ်ရသည်။ ထိုပုဂ္ဂိုလ်သည် အသက်ရှိလျက် သေသော, စိမ်းလျက် ပုပ်သိုးသော ပုဂ္ဂိုလ်မည်သည်။

ထိုကြောင့် (ဝိ၊ ၄၊ ၂။ ၁၇၆) ၌—

ဧဝံ လဇ္ဇိနာ စောဒိယမာနော အလဇ္ဇီ ဗဟူသုပိ ဝတ္ထူသု ဥပ္ပန္နေသု ပဋိညံ န ဒေတိ၊ သော နေဝ "သုဒ္ဓေါ" တိ ဝတ္တဗ္ဗော န "အသုဒ္ဓေါ" တိ။ ဇီဝမတကော နာမ, အာမကပူတိကော နာမ စေသ-ဟု မိန့်တော်မူအပ်၏။

ထို နေဝသုဒ္ဓ နာသုဒ္ဓ ဆုံးဖြတ်ပြီးသော အလဇ္ဇီစုဒိတကအား ဆိုအပ်ပြီးသော သက်ရောက်တိုက်ဆိုက်ကြုံကြိုက်လာသော ဝီတိက္ကမ ဝတ္ထုများစွာမှတပါး ထိုသက်ရောက်တိုက်ဆိုက်ကြုံလာသော ဝီတိက္ကမ ဝတ္ထုနှင့်တူသော ဝီတိက္ကမ ဝတ္ထုဖြစ်ပေါ်လာပြန်သော်လည်း ဓမ္မဝိနိစ္ဆက ဝိနယဓရ ပုဂ္ဂိုလ်တို့သည် သုဒ္ဓ အသုဒ္ဓ—ဟု တိတိကျကျ မဆုံးဖြတ်အပ်၊ လိင်္ဂနာသနကဲ့သို့ သံဃာတော်တို့ အပေါင်းအဖေါ် မပြုလုပ်ရခြင်း, သံဃာဘောင်မှ ကွင်းရှောင် ကြဉ်ဖယ်ထားရခြင်း၊ တဿ နာသိတက(ရှေး နေဝသုဒ္ဓ နာသုဒ္ဓအတိုင်းသာ) ဆုံးဖြတ်ရသည်။

ထိုကြောင့် (ဝိ၊ ၄၊ ၂။ ၁၇၇) ၌—

သစေ ပနဿ အညမ္ပိ တာဒိသံ ဝတ္ထု ဥပ္ပဇ္ဇတိ၊ န ဝိနိစ္ဆိနိတဗ္ဗံ။ တဿ နာသိတကောဝ ဘဝိဿတိ—ဟု မိန့်တော်မူအပ်၏။

ဝိမတိ (၁။ ၂၈၈) ၌လည်း—

"တဿ နာသိတကောဝ ဘဝိဿတိ"တိ ဣမိနာ ဝိနိစ္ဆယံ အဒတွာ သံဃတော ဝိယောဇနံ နာမ လိင်္ဂနာသနာ ဝိယ အယမ္ပိ ဧကော နာသနပ္ပကာရောတိ ဒဿေတိ—ဟု ဖွင့်တော်မူအပ်၏။

ဤလဇ္ဇီစောဒက, အလဇ္ဇီစုဒိတက နှစ်ဌာနှ၌သာ နေဝသုဒ္ဓ နာသုဒ္ဓ အဆုံးအဖြတ်လာသည်။ ပေဘုတ်အုပ်တို့၌ တင်ထားအပ်သော ရှေးဟောင်း နေဝသုဒ္ဓ နာသုဒ္ဓ ဖြတ်ထုံး ဖြတ်ရ ဟူ၍ အမှတ်တရ မတွေ့မိ။ နောင်စင်ကြယ်၏ဟု အယူရှိလျှင် သံဃာတော်က တဖန် လက်ခံပေါင်းသင်း ဆက်ဆံထိုက်သည် မပေါင်းသင်း မဆက်ဆံထိုက် ဟူ၍လည်း အာစရိယောပဒေသ ကထာမဂ္ဂ မတွေ့ မမြင်မိ။ နေဝသုဒ္ဓ နာသုဒ္ဓသာ မဟုတ်, အသုဒ္ဓအဆုံးဖြတ်၌လည်း ဤသို့သော ကထာမဂ္ဂမျိုး

မရှိမတွေ့ခဲ့ပေ။ ဤအဆုံးအဖြတ် နှစ်မျိုးကား ပဋိညာဉ် ရ မရ လိင်္ဂနာသန တထာနာသိတက အားဖြင့်သာ ထူးသည်၊ သံဃဝိဒေယျာဇနအားဖြင့်ကား အတူပင်ဖြစ်သည်။ ထိုကြောင့် အလွန်မှ အလေးပြုသင့်သော အရာဖြစ်သည်။

ဝိနယယုတ္တိကို ဆောင်သော် အသုဒ္ဓ ဝိနိစ္ဆယသည် သာဝဇ္ဇ ဒေါသသမ္ပဋိစ္ဆနပဋိညာဉ်ဖြင့် အဓိကရုဏ်းကို ငြိမ်းသတ်ပြီး ဖြစ်စေခြင်းဟူသော ပဋိညာတ ကရဏသမထသို့ အပြီးတိုင်ရောက်သည်။ နေဝသုဒ္ဓ နာသုဒ္ဓ ဝိနိစ္ဆယကား ဝိတိက္ကမ ဝတ္ထုများစွာ သက်လာပါလျက် သာဝဇ္ဇ ဒေါသသမ္ပဋိစ္ဆနပဋိညာဉ်ကို မပေး (မရ) သောကြောင့် ဝိနယဓရပုဂ္ဂိုလ်တို့ အသုဒ္ဓသညာ ရှိသော်လည်း ယင်းအဓိကရုဏ်းကို အပြီးမပြတ် မငြိမ်းမသတ်မူ၍ သံဃာဘောင်မှ ကွင်းရှောင်ပယ်ရှား ထားခြင်းတည်း။ ထို အဓိကရုဏ်းသည် ပဋိညာတကရဏ သမထသို့ အပြီးတိုင်မရောက်။ သမထသို့ ရောက်သော အသုဒ္ဓ ဝိနိစ္ဆယသည် သုဝိနိစ္ဆိတ ဒုဝိနိစ္ဆိတ–ဟု နှစ်မျိုးရှိသည်၊ ထိုတွင် ဓမ္မဝိနယတို့ဖြင့် ဆုံးဖြတ်အပ်ပြီးသော သုဝိနိစ္ဆိတ ဖြစ်အံ့၊ တည်မြဲကိုင်း (ရှေး အဆုံးအဖြတ်အတိုင်း) တည်တန့်ခွင့် မပေး၊ နောက်ထပ်တဖန် ဆုံးဖြတ်ဘို့ရန် လှုံ့ဆော်ရွေ့ရှားစေလျှင် ဥက္ကောဋန ပါစိတ်အာပတ်သင့်၏။

ထိုကြောင့် (ဝိ၊ ၄၊ ၄။၁၉၅) ၌—

တတ္ထ ဂတံ ဝူပသန္တန္တိ န ဟောဝ ခေါ ပန သဘာဂဘိက္ခုုန့် သညတ္တိယာ ဝူပသန္တံ ဟောတိ၊ အပိ စ ခေါ သံဃံ သန္နိပါတေတွာ အာရောစိတံ သံဃမဇ္ဈေ ဝိနယဓရော ဝူပသမေန္တိ၊ ဤဒံ တတ္ထ ဂတံ ဝူပသန္တံ နာမ။ တေ ဥက္ကောဋေသ္သာပိ ပါစိတ္တိယမေဝ–ဟု မိန့်တော်မူအပ်ပြီ။

အဓမ္မဝိနယတို့ဖြင့် ဆုံးဖြတ်အပ်သော ဒုဝိနိစ္ဆိတဖြစ်အံ့၊ တည်မြဲကိုင်း (ရှေးအဆုံးအဖြတ်အတိုင်း) တည်တန့်ခွင့်မပေး နောက်ထပ်တဖန် ဆုံးဖြတ်ဘို့ရန် လှုံ့ဆော်ရွေ့ရှားသော်လည်း အာပတ်မသင့် လှုံ့ဆော်ကောင်းသည်။

ထိုကြောင့် (ဝိ၊၃။ ၁၆၆)၌· အဓမ္မကမ္မေ အဓမ္မကမ္မသညီ၊ အနာပတ္တိ ဟု ဟောတော်မူအပ်ပြီ။

ကြားချပ်စောဒနာ— ဤ၌ ကံသာ လာသည်၊ ဝိနိစ္ဆယ မလာ ဟူငြားအံ့–

၁။ ဝိနည်း မိုရ်ပုဂ္ဂိုလ်တို့သည် စုဒိတက၏ အဒန္တဒမနအကျိုးမြော်ကိုး၍ ကံပြုလိုသော်သာ တဇ္ဇနီယ စသောကံကို ပြုရသည်။

၂။ ယင်း အကျိုးမရှိရာဟု ထင်မြင်ယူဆ၍ ကံမပြုလိုသော် တဇ္ဇနီယ စသောကံကို မပြုအပ်၊ သတေကိစ္ဆအာပတ်ကို ဓမ္မဝိနယ အားလျော်စွာ ဒေသနာဂါမ် ဝုဋ္ဌာနဂါမ်တို့ဖြင့် ကစားစေအပ် ဆုံးဖြတ်စေအပ်၏။

ထို့ကြောင့် (၁) ဝိမတိ၊ ၂။ ၂၁၃၃၌—

တေနေဝ နိယာဃကမ္မေပိ "အပိဿု ဘိက္ခု ပကတာ ပရိဝါသံ ဒေန္တာ"တိ အာဒိနာ သံ၀ရေ အဋ္ဌာနမေဝ ကမ္မနိမိတ္တဘာဝေန ဝုတ္တံ။ အဒန္တံ ဒမနတ္ထမေဝ ဟိ တဇ္ဇနီယာဒိ ကမ္မာနိ အနုညာတာနီတိ–ဟု ဖွင့်ပြတော်မူသည်။ ဤသည်လည်း အာကခ်မာနဆက္ကနှင့် အညီတည်း။

(၂) ဝိ၊ ၃။ ၂၅၆-၇-၌ သော စေ ဘိက္ခဝေ စောဒကော ဘိက္ခု အမူလကေန ပါရာဇိကေန အနုဒ္ဓံသိတံ ပဋိဇာနာတိ၊ သံဃာဒိသေသံ အာရောပေတွာ သံဃေန ပဝါရေတဗ္ဗံ။ သော စေ ဘိက္ခဝေ စောဒကော ဘိက္ခု အမူလကေန သံဃာဒိသေသေန ။ပ။ ယထာဓမ္မံ ကာရာပေတွာ သံဃေန ပဝါရေတဗ္ဗံ။ သော စေ ဘိက္ခဝေ စုဒိတော ဘိက္ခု "ပါရာဇိကံ အဇ္ဈာပန္နော"တိ ပဋိဇာနာတိ၊ နာသေတွာ သံဃေန ပဝါရေတဗ္ဗံ။ပ။ ယထာဓမ္မံ ကာရာပေတွာ သံဃေန ပဝါရေတဗ္ဗံ–ဟု ဟောတော်မူအပ်ပြီ။

ထို့ကြောင့် အဓိကရုဏ်းကို လှုံ့ဆော်ခြင်းဖြင့် တဖန် သမထတို့ကို လှုံ့ဆော်ခြင်းကို ဟောရာ ပရိဝါ အဓိကရဏဘေဒ၊ ဥက္ကောဋနာကာရပြ "တတ္ထ အဓိကရဏံ ဥက္ကောဋေတိ"စသော ပါဠိကိုဖွင့်သော အဋ္ဌကထာဆရာသည်–ဆုံးဖြတ်၍ ငြိမ်းစေအပ်ပြီးသော အဓိကရုဏ်းကို လှုံ့ဆော် ရွေ့ရှားစေသော ရဟန်းအား ဤဥက္ကောဋနသိက္ခာပုဒ်ဖြင့် အာပတ်တပ်၍ ဖွင့်ပြတော်မူသည်။ ဤပါဠိအဋ္ဌကထာတို့ကို ထောက်၍ ကံကိုသာမဟုတ် ဝိနိစ္ဆယချပြီးသော အဓိကရုဏ်းကိုလည်း ဤ၌ ထည့်သွင်းယူအပ်သည်ဟု မြဲမြဲကြပ်ကြပ် မှတ်သားအပ်၏။

သမထသို့ အပြီးတိုင်မရောက်သေးသော နေဝသုဒ္ဓ နာသုဒ္ဓ တထာနာသိတက အဆုံးအဖြတ်၌ ဥက္ကောဋနကြောင့် တစုံတရာ အပြစ်မထင် အကျိုးသာမြင်သည်။ မှန်၏–ဝိတိက္ကမဝတ္ထုများစွာ သက်ပါလျက် ပဋိညာဉ်မပေးသောကြောင့် ချအပ်သော နေဝသုဒ္ဓဖြစ်လျှင် ဥက္ကောဋနဖြင့် မူလ အဓိကရုဏ်း ပေါ်တက်ကြလာသည်။ ယင်းကို ဓမ္မဝိနယအားလျော်စွာသော ပဋ္ဌဒေါသသမ္မုခါစ္ဆန-ပဋိညာဉ်ဖြင့် အသုဒ္ဓအဆုံးအဖြတ်ပေး၍ သမထသို့အပြီ တိုင် ရောက်နိုင်သည်။ အကယ်၍ နိုင်ထက်မူ၍ အဓမ္မဝိနယတို့ဖြင့် ဆုံးဖြတ်အပ်သော နေဝသုဒ္ဓ နာသုဒ္ဓဖြစ်လျှင်လည်း ဓမ္မဝိနယတို့ဖြင့် သုဒ္ဓအဆုံးအဖြတ် ပေး၍ သမထသို့ အပြီးတိုင်ရောက်နိုင်သည်ဟု မှတ်ယူသင့်သည်။

ထိုသို့ မူလ အဓမ္မိက ဝူပသန္တ အဓိကရုဏ်းကို လဇ္ဇီပက္ခရှာ၍ တဖန်ပြန်လည်လှုံ့ဆော် ဖော်ထုတ်၍ ဆုံးဖြတ်ဘူးသော ထုံးဟောင်းကား=သတ္တသတိကက္ခန္ဓက၌ မူလဒသဝတ္ထုက အဓိကရုဏ်းကို အဓမ္မဝိနယတို့ဖြင့် အရှင်ယသအား ပဋိသာရဏီယကံပြု၏။ (ဒသဝတ္ထုက အဓိကရုဏ်းကို ပဋိသာရ-ဏီယကံဖြင့် ငြိမ်းစေသည်ဟူလို)။ ထိုနောက် အရှင်ယသသည် ကောသမ္ဗီပြည်သို့ ကြွ၍ ပါဝေယျက ရဟန်း အဝန္တိတိုင်း ဒက္ခိဏာပထမှ ရဟန်းတို့ထံ တမန်စေလွှတ်ပြီး လဇ္ဇီပက္ခကို ရှာကြံ စုဆောင်းသည်။ အဟော ဂင်္ဂါတောင်၌ စုဝေးသည်၊ တဖန် သောရေယျမှ သင်္ကဿသို့၊ သင်္ကဿမှ ကဏ္ဏ-ကုဇ္ဇသို့၊ ကဏ္ဏကုဇ္ဇမှ ဥဒုမ္ဗရသို့၊ ဥဒုမ္ဗရမှ အဂ္ဂဠပြည်သို့၊ အဂ္ဂဠပြည်မှ သဟဇာတိသို့ ကြွသွားသော အရှင်ရေဝတအထံသို့ အဆင့်ဆင့် မေး၍ အမှီလိုက်ကာ လဇ္ဇီပက္ခစုဆောင်း၍ သံဃာ

စည်းဝေးပြီးလျှင် မူလဒသဝတ္ထုက အဓိကရုဏ်းကို ဓမ္မဝိနယတို့ဖြင့် တဖန် ငြိမ်းစေတော်မူသည်။ (သတ္တသတိကက္ခန္ဓကကို စေ့စေ့ကြည့်လေ။)

ဤဆိုအပ်ပြီးသော ပါဠိအဋ္ဌကထာဋီကာ ဝိနယော ပဒေသထုံးဟောင်းသာဓကေတို့ကို ကြပ်ကြပ်ထင်ထင် ဆင်ခြင် တိုင်းထွာပြီးလျှင် နေဝသုဒ္ဓနာသုဒ္ဓ ချထားအပ်သော ရဟန်းကို စင်ကြယ်၏ဟူသော အမှတ်မျှဖြင့် သံဃာများ ပြန်လည်လက်ခံပါက ဝိနည်းနှင့်မလျော် အစဉ်အလာထုံးစံလည်း ပြက်ပြက်ထင်ထင် မရှိခဲ့ဟု သိမြင်မှတ်ယူရမည်။ ယခင်ပါဠိ အဋ္ဌကထာ ဋီကာ ဝိနယော-ပဒေသထုံးဟောင်းရှိသည့်အတိုင်းသာ မူလအဓိကရုဏ်းကို လှုံ့ဆော်ဖော်ထုတ်၍ ဓမ္မဝိနယတို့ဖြင့် သုဒ္ဓ အသုဒ္ဓ ဟု တိတိကျကျ ပြန်လည်ဆုံးဖြတ်သင့်သည်ဟု အခိုင်အမာ မှတ်ယူ သိမြင်ရမည်။

(က) အမေး၏ အဖြေ ပြီး၏။

---

## (ခ) အဖြေ

စေတိယသန္တကသည် မုချ-ပရိယာယအားဖြင့်နှစ်မျိုးရှိသည်။ထိုတွင်(က)ဥဘတောသံဃဿ စ စေတိယဿ စ ဒမ္မိတိ ဝုတ္တေပိ ဧသေဝ နယော စသည့် ဝိ၊ ဋ္ဌ၊ ၃။ ၄၂၃–၌ လာသည့် အတိုင်း သော်၎င်း၊ စေတိယဿ ဒမ္မိ-စသည် စေတီကို သုံးသပ်၍သော်၎င်း လှူအပ်သော ပစ္စည်းသည် မုချစေတိယသန္တကတည်း။ (ခ) ဒဿာမ ကရိဿာမာတိ ဝါစာ ဘိန္နာ ဟောတိ-ဟု ပရိဏာဘသိက္ခာပုဒ်၏ ပဒဘာဇနီ (ဝိ၊၁။ ၃၇၀)၌ လာသောနည်းဖြင့် စေတီအား ညွှတ် ကိုင်းရှိုင်းပြီး၍ တည်ရှိသော စေတီသို့ မရောက်သေးသော အဝဿမ္ဘာဝီယနည်း မုချရောက်မည့်ပစ္စည်းသည် ပရိယာ-စေတိယသန္တကတည်း။

ထိုတွင် (က) စေတိယသန္တကသည် ဝိ၊ ၅။ ၂၂၅-၌ အတ္ထိ ပရိက္ခာရော ရက္ခိတဗ္ဗော ဂေါပေ-တဗ္ဗော န မမာယိတဗ္ဗော န ပရိဘုဉ္ဇိတဗ္ဗော။ ဝိ၊ ဋ္ဌ၊ ၄။ ၁၆၀-၌ တတိယော စေတိယ-သန္တကော–ဤသို့စသည်ဖြင့် သုတ်သင် စောင့်ရှောက်ခြင်းမှတပါး မည်သည့် သံဃာ ဂိုဏ်း ပုဂ္ဂိုလ်ကိစ္စအတွက်မျှ ပေးကမ်းသုံးစွဲနိုင်သည်ဟု အပြောင်းအလဲ အနှုတ်အပယ်မရှိ တိတိကျကျ ထိုလှူရင်းစေတီ၌ သုံးစွဲရမည့်အဖြစ်သာ လာရှိသည်။ ဝိ၊ ဋ္ဌ၊ ၄။ ၂၅၄-ကိုလည်း ကြည့်လေ။

(ခ) စေတိယသန္တကမျိုး၌လည်း ဝိ၊ ၁။ ၃၇၀။ ဝိ၊ ၂။ ၂၀၄-တို့၌ စေတိယဿ ပရိဏတံ အညစေတိယဿ ဝါ ဂဏဿ ဝါ ပရိဏာမေတိ၊ အာပတ္တိ ဒုက္ကဋဿ-ဟု ပြောင်းလွှဲ မလှူစေသင့်ကြောင်း တိတိကျကျလာသည်။ ဝိ၊ ဋ္ဌ၊ ၂။ ၃၁၂-၌သာ—

စေတိယဿ ပရိဏတန္တိ ဧတ္ထ နိယမေတွာ အညစေတိယဿဿတ္ထာယ ရောပိတမာလာဝစ္ဆတော အညစေတိယမ္ပိ ပုပ္ဖမ္ပိ အာရောပေတုံ န ဝဋ္ဋတိ။ ဧကဿ စေတိယဿ ပန ဆတ္တံ ဝါ ပဋာကံ ဝါ အာရောပေတွာ ဌိတံ ဒိသွာ သေသံ အညဿ စေတိယဿ ဒါပေတုံ ဝဋ္ဋတိ-ဟု အပိုအလျှံ နှုတ်ပယ် ချက်လာသည်။

ဤ အဋ္ဌကထာ၏ အလိုကို စစ်စင်ဖုဖု သိခဲ့သည်။ ဤအဋ္ဌကထာ၌ အညစေတိယံ မို ပုပ္ဖမို အာရောပေတုံ န ဝဋ္ဋတိ-ဟူသောစကားကို ညှတ်အပ်ပြီး ပန်း (ညှတ်တိုင်း မလှူ မတင်ရသေး သည်)ကို ရည်၍ ဆိုသည်။ အကယ်၍ ညှတ်ကိုင်း ကပ်လှူပြီး ပန်းကိုယူ၍ တပါးသော စေတီ၌ ပူဇော်အံ့၊ အပ်၏ ဟု သာရတ္ထ ၂။ ၄၄၈။ ၌ ဖွင့်သည်။ ယုတ္တိအကြောင်းမပြ ငုပ်ကွယ်နေသည်၊ ရှာသော်- ညှတ်ခြင်း ပြတ်စဲသောကြောင့်ရှင်း ညှိုးနွမ်း၍ ကစဝရသဘော ရှိသောကြောင့်ရှင်း အပ်သည်ဟု မှတ်ယူသင့်သည်။ ဤသို့ယူလျှင် အနော့စိတံ မိလာယမာနံ ဩစိနိတွာ ယတ္ထ ကတ္ထစိ ပူဇေတုံ ဝဋ္ဋတိ ဟူသော ဝိမတိ ၂။ ၃၆၂-နှင့် ညီညွတ်၍ နှီးနှောမိသည်။ ဣတံ ဒိသွာ သေသံ အညဿ စေတိယဿ ဒါပေတုံ ဝဋ္ဋတိ-၌ ညှတ်ရင်းစေတီအား ထီး သို့မဟုတ် တံခွန်ကုက္ကား တင်လှူအံ့ဟု ညှတ်သည့်အတိုင်း တင်လှူပြီး၍ ညှတ်သည်ထက် အပိုအလျှံ အကျန် ကို (ညှတ်ကိုင်းမှု ပြီးမဲ့စဲ၍ ယင်းမှတပါး ယူလာသော အပိုအလျှံ အကျန်ကို ဟူလို။) မြင်သော် တပါးသော စေတီအား လှူစေခြင်းငှါ အပ်၏ဟု တိတိကျကျ သိမြင်မှတ်ယူရမည်။

သာရတ္ထ၊ ၂။ ၄၈၈။ ဝိမတိ၊ ၁။ ၃၆၂-တို့၌ ဣတံ ဒိသွာတိ သေသကံ ဂဟေတွာ ဣတံ ဒိသွာ-ဟု ဒါပေတုံ ကာရိုက်နှင့် ညီအောင် ဝဏ်ဝုတ္တိ ဖွင့်တော်မူကြသည်။ ဤသို့ ဆိုအပ်ပြီးသော ဝိနည်း ဥပဒေအရ စေတီတဆူအား လှူပြီးသည့် ပိုလျှံသော အနာမာသ ဝတ္ထုသည် မူလ ညှတ်ရင်းအတိုင်း ပြုပြင်ပြီးမှ တခြား တပါး ယူလာသော အကြွင်းအကျန် အပိုအလျှံဖြစ်မှု တခြား လိုအပ်နေသော စေတီတဆူ၌ သုံးစွဲပါက ရဟန်းတော်များအတွက် ဝိနည်းပြစ် မရှိ၊ လူအများ အတွက် အကုသိုလ်လည်း မဖြစ်၊ အကယ်၍ မပြုပြင်မီကပင် ဤ စေတီတော်ကို ပြုပြင်ရန်ဟု လှူ ထားသောပစ္စည်း ဖြစ်အံ့၊ ထိုစေတီ၏ မုချ သန္တကဖြစ်၍ လိုသမျှပြုပြင်ပြီးသော်လည်း အပိုအလျှံ မဟုတ်၊ အတိုးအပွားထား၍ နောင် ပြုပြင်ရန်ဟုသာ ထားသင့်သည်။ အခြား စေတီတဆူ၌ မသုံးစွဲ သင့်ဟု သန္နိဋ္ဌာန်ကျ မှတ်ယူ သိမြင်သင့်သည်။ မသုံးစွဲသင့်သည်၌ သုံးစွဲပါက မသင့်မတင့်သော အားဖြင့်(မဟုတ်မမှန် လွဲမှားသောအားဖြင့်)စီမံခန့်ခွဲခြင်း (ကျင့်ခြင်း) သို့မဟုတ် မိမိပိုင် ဥစ္စာကဲ့သို့ ကျင့်ခြင်း ဖြစ်ရာသည်။ ဘုရားရှင် စက်ဆုပ်တော်မူအပ်သော အနာစာရ ဒုဗ္ဗိစာရိတ ဖြစ်၍ ရဟန်းတို့အတွက် အာပတ်မှ မလွတ်၊ ဂ္ဂဿရိယအဖြစ် စသည်ဖြင့် သုံးစွဲပါက ထုလ္လစ္စဉ်း စသည့် အာပတ်အပြစ် မလွတ် ဖြစ်သည်။ လူတို့အတွက် စိတ်ပယောဂ အားလျော်စွာ ဒုစရိုက် ကမ္မပထ အကုသိုလ်ပွါးရာသည်။

> ထိုကြောင့် အဘိ၊ ဋ္ဌ၊ ၂။ ၃၂၄-၌ သံဃာပ္ပါဒစေတိယပ္ပါဒပဋ္ဌာပနကမ္မန္တိ ဝေဠုပါနံ ဝါ မိစ္ဆာဇီဝေန ဇီဝိတကပ္ပနကကမ္မာနံ ယေန ကေနစိ။ ဗုဒ္ဓ ၊ဋ္ဌိကုဋ္ဌေနာတိ ဗုဒ္ဓေဟိ ဂရဟိတေန ပဋ္ဌိသိဒ္ဓေန။ အယံ ဝုစ္စတီတိ အယံ သဗ္ဗောပိ အနာစာရော နာမ ကထိ- ယတိ-ဟူ၍ရှင်း၊

မူလဋီ၊ ၂။ ၁၇၉-၌ သံဃဘောဂစေတိယဘောဂါနံ အယောနိသော ဝိစာရဏံ သံဃုပ္ပါဒစေတိယုပ္ပါဒပဋ္ဌပနံ၊ အတ္တနော သန္တကေ ဝိယ ပဋိပဇ္ဇနန္တိ ကေစိ-ဟူ၍ရှင်း၊ အနု၊ ဋီ၊ ၂။ ၁၈၀-၌ အယောနိသော ဝိစာရဏံ အယာထာဝတော ပဋိပတ္တိ-ဟူ၍ရှင်း မိန့်ဆို ဖွင့်ပြ တော်မူကြသည်။

ထိုကြောင့် အခြား စေတီတဆူ၌ သုံးစွဲသင့်သော အပိုအလျှံပစ္စည်းကို မသုံးစွဲသင့်သော
အပိုအလျှံပစ္စည်းဟု သေသေချာချာ ပိုင်းပိုင်းထင်အောင် ဆင်ခြင်ပြီးလျှင် အပြစ်လွတ်အောင်
ကျင့်ကြံ စီမံ ခန့်ခွဲသင့်သည်ဟု မြဲမြဲကြပ်ကြပ် မှတ်ယူအပ်၏။ (အမှာ–စေတိယသန္တက၏ ပရ-
ပရိဂ္ဂဟိတအဖြစ် စသည်ပြလျက် အာပတ်တပ်၍ ဆုံးဖြတ်လျှင် ကျယ်အံ့သည်၊ အချိန်လည်း မရ၊
ဦးဇာဂရလည်း လေ့လာနိုင်သည်ဖြစ်၍ ဤမျှ လိုရင်းအဆုံးအဖြတ် ပေးလိုက်သည်။)

ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့် ကျောက်တန်းမြို့ မင်းကျောင်း ပရိယတ္တိ
စာသင်တိုက် ဦးစီးနာယက တပည့် ရှင်ဇာဂရ မေးလျှောက်အပ်သော အမေးပုစ္ဆာများကို ဓမ္မ-
ဝိနယ ကောင်းစွာပြလျက် မန္တလေးမြို့ ဒက္ခိဏာရာမတိုက် အမရပူရဆရာတော် ဖြေကြားအပ်
သော ဝိမတိစ္ဆေဒနီကထာ ပြီး၏။

### ဤ အဆုံးအဖြတ်၌ ပါသော ပါဠိအဋ္ဌကထာ စသည်တို့ကို
### က-ခ စသော အမှတ်စဉ်အတိုင်း အနက်ပြန်ဆိုလိုက်အံ့

(က) ဝေံ၊ ဤသို့။ လဇ္ဇိနာ၊ လဇ္ဇီပုဂ္ဂိုလ်သည်။ စောဒိယမာနော၊ စောဒနာအပ်သော။
အလဇ္ဇိ၊ အလဇ္ဇီ ပုဂ္ဂိုလ်သည်။ ဗဟူသု၊ များစွာကုန်သော။ ဝတ္ထူသု၊ ဝီတိက္ကမ ဝတ္ထုတို့သည်။
ဥပ္ပန္နေသုပိ၊ ဖြစ်ကုန်သော်လည်း။ ပဋိညံ၊ ဝန်ခံခြင်းကို။ န ဒေတိ၊ မပေး။ သော၊ ထို ဝန်မခံ
သော အလဇ္ဇီပုဂ္ဂိုလ်ကို။ သုဒ္ဓေါ တိ၊ စင်ကြယ်သော ပုဂ္ဂိုလ် ဟူ၍လည်း။ နေဝ ဝတ္တဗ္ဗော၊
မဆိုအပ်။ အသုဒ္ဓေါတိ၊ မစင်ကြယ်သော ပုဂ္ဂိုလ် ဟူ၍လည်း။ န ဝတ္တဗ္ဗော၊ မဆိုအပ်။ စ၊
ဆက်ဦးအံ့။ သေ ယော၊ ထို ဝန်မခံသော အလဇ္ဇီပုဂ္ဂိုလ်သည်။ ဇီဝ မတကော နာမ၊ အသက်
ရှိလျက် သေသော ပုဂ္ဂိုလ် မည်၏။ အာမကပူတိကော နာမ၊ စိမ်းလျက် ပုပ်သိုးသော ပုဂ္ဂိုလ်
မည်၏။ (ဝိ၊ ၄၊ ၂။ ၁၇၆)။

(ခ) ပန၊ အထူးကို ဆိုဦးအံ့။ အဿ၊ ထို ဝန်မခံသော အလဇ္ဇီပုဂ္ဂိုလ်အား။ အညံ၊
တပါးသော။ တာဒိသံ၊ ထိုသို့ သဘောရှိသော။ ဝတ္ထုံပိ၊ ဝတ္ထုသည်လည်း။ သစေ ဥပ္ပဇ္ဇတိ၊
အကယ်၍ ဖြစ်အံ့။ န ဝိနိစ္ဆိနိတဗ္ဗံ၊ မဆုံးဖြတ်အပ်။ တထာ၊ ထို နေဝ သုဒ္ဓ နာသုဒ္ဓ အခြင်းအရာ
အားဖြင့်။ နာသိတကောဝ၊ ဖျက်ဆီးအပ်ပြီးသော ပုဂ္ဂိုလ်သည်သာလျှင်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။
(ဝိ၊ ၄၊ ၂။ ၁၇၇)။

(ဂ) တထာ နာသိတကော ဘဝိဿတီတိ ဣမိနာ၊ ဤပါဠ်ဖြင့်။ ဝိနိစ္ဆယံ၊ သုဒ္ဓ အသုဒ္ဓ-ဟု
အတိအကျ ဆုံးဖြတ်ခြင်းကို။ အဒတွာ၊ မပေးမူ၍။ သံဃတော၊ သံဃာမှ။ ဝိယောဇနံ နာမ၊
ကွေကွင်းစေခြင်းမည်၏။ လိင်္ဂနာသနာ ဝိယ၊ ရှင်သာမဏေတို့အား အသွင်ဖျက်းဆီးခြင်းကဲ့သို့။
အယမ္ပိ၊ ဤ နေဝသုဒ္ဓ နာသုဒ္ဓ ဟု ဆုံးဖြာ်ခြင်းသည်လည်း။ ဧကော၊ တခုသော။ နာသနပ္ပ-
ကာရော၊ ဖျက်ဆီးပုံအထူးတည်း။ ဣတိ ဣမံ အတ္ထံ၊ ဤ အနက်ကို။ ဒဿေတိ၊ ပြ၏။ (ဝိမတိ၊
၁။ ။၂၈၈)

(ဃ) တတ္ထ ဂတံ ဝူပသန္တန္တိ၊ ကား။ သဘာဂဘိက္ခုနံ၊ သဘောတူကုန်သော ရဟန်းတို့ကို။ သညတ္တိယာ၊ သိစေခြင်းဖြင့်။ ဝူပသန္တံ၊ ငြိမ်းပြီးသော အဓိကရုဏ်းသည်။ န ပဟောဝ ခေါ ပန ဟောတိ၊ မဖြစ်သည်သာလျှင်တည်း။ အပိ စ ခေါ၊ အဟုတ်သော်ကား။ သံဃံ၊ သံဃာကို။ သန္နိပါတေတွာ၊ စည်းဝေးစေပြီး၍။ အာရောစိတံ၊ ပြောကြားအပ်သော အဓိကရုဏ်းကို။ သံဃ-မဇ္ဈေ၊ သံဃာ၏ အလယ်၌။ ဝိနယဓရော၊ ဝိနည်းဆောင် ရဟန်းတို့သည်။ ဝူပသမေန္တိ၊ ငြိမ်းစေကုန်၏။ ဣဒံ၊ ဤသည်ကား။ တတ္ထ၊ ထို ဝိနည်းခိုရ်ရှိရာ ကျောင်းတိုက်၌။ ဂတံ၊ ဖြစ်သော။ ဝူပသန္တံ နာမ၊ ငြိမ်းပြီးသော အဓိကရုဏ်း မည်၏။ တေံ၊ ထို ငြိမ်းပြီးသော အဓိကရုဏ်းကို။ ဥက္ကောဋေန္တဿာပိ၊ လှုံ့ဆော်သော ရဟန်းအားလည်း။ ပါစိတ္တိယမေဝ၊ ပါစိတ် အာပတ် သင့်သည်သာတည်း။ (ဝိ၊ ၄၊ ၄။ ၁၉၅)

(ဒ) ယော ဘိက္ခု၊ အကြင် ရဟန်းသည်။ အဓမ္မကမ္မေ၊ မတရားသောကံ၌။ အဓမ္မကမ္မ-သညီ၊ မတရားသောကံဟု အမှတ်ရှိ၏။ တဿ ဘိက္ခုနော၊ ထို ရဟန်းအား။ အနာပတ္တိ၊ အာပတ် မသင့်။ (ဝိ၊ ၁။ ၁၆၆)

(စ) တေနေဝ၊ ထိုကြောင့်သာလျှင်။ နိယဿကမ္မေပိ၊ နိယဿကမ်၌လည်း။ ဘိက္ခူ၊ ရဟန်းတို့သည်။ ပကတာ၊ အမြဲအားထုတ်ကုန်သည်။ ပရိဝါသံ၊ ပရိဝါသ်ကို။ ဒေန္တာ၊ ပေးကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ အာဒိနာ၊ ဤသို့ အစရှိသော။ (ဝိ၊ ၄။ ၁၃) စူဠဝါ ပါဠိတော်ဖြင့်။ သံဝရေ၊ စောင့်စည်းခြင်း၌။ အဋ္ဌာနမေဝ၊ မတည်ခြင်းကိုသာလျှင်။ ကမ္မနိမိတ္တဘာဝေန၊ ကံပြုခြင်း၏ အကြောင်း၏ အဖြစ်ဖြင့်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဟိ သစ္စံ၊ မှန်၏။ အာဒန္တံ၊ မယဉ်ကျေးသော သူကို။ ဒမနတ္ထမေဝ၊ ဆုံးမခြင်း အကျိုးငှါသာလျှင်။ တဇ္ဇနီယာဒိကမ္မာနိ၊ တဇ္ဇနီယ အစရှိကုန်သော ကံတို့ကို။ အနုညာတာနိ၊ ခွင့်ပြုတော်မူအပ်ကုန်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ (ဝိမတိ၊ ၂။ ၂၁၃)

(ဆ) ဘိက္ခဝေ၊ ရဟန်းတို့။ စောဒကော၊ စောဒနာတတ်သော။ သော ဘိက္ခု၊ ထိုရဟန်းသည်။ အမူလကေန၊ မြင်ခြင်း ကြားခြင်း ယုံမှားခြင်း အရင်းမရှိသော။ ပါရာဇိကေန၊ ပါရာဇိက အာပတ်ဖြင့်။ အနုဒ္ဓံသိတံ၊ စွပ်စွဲခြင်းကို။ စေ ပဋိဇာနာတိ၊ အကယ်၍ ဝန်ခံငြားအံ့။ သံဃာဒိ-သေသံ၊ သံဃာဒိသိသ် အာပတ်သို့။ အာရောပေတွာ၊ တင်၍။ သံဃေန၊ သံဃာသည်။ ပဝါရေ-တဗ္ဗံ၊ ပဝါရဏာ ပြုအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ စောဒကော၊ သော။ သော ဘိက္ခု၊ သည်။ အမူလကေန၊ သော။ သံဃာဒိသေသေန၊ ဖြင့်။ ပ။ ယထာဓမ္မံ၊ တရား အားလျော်စွာ။ ကာရာပေတွာ၊ ပြုစေ၍။ ဝါ ကုစားစေ၍။ သံဃေန၊ သည်။ ပဝါရေတဗ္ဗံ၊ ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ စုဒိတော၊ စောဒနာအပ်သော။ ဝါ–စောဒနာ ခံရသော။ သော ဘိက္ခု၊ သည်။ အဟံ၊ ငါသည်။ ပါရာဇိကံ၊ ပါရာဇိက အာပတ်သို့။ အဇ္ဈာပန္နော၊ ရောက်ပြီ။ ဣတိ၊ ဤသို့။ စေ ပဋိဇာနာတိ၊ အကယ်၍ ဝန်ခံအံ့။ နာသေတွာ၊ ဖျက်ဆီး၍။ ဝါ လူထွက်စေ၍။ သံဃေန၊ သည်။ ပဝါရေတဗ္ဗံ၊ ၏။ (ဝိ၊ ၂၅၆–၇)

(င) တတ္ထ၊ ထိုကျောင်း၌။ ဇာတကံ၊ ဖြစ်သော။ အဓိကရဏံ၊ အဓိကရုဏ်းကို။ ဥက္ကောဋေတိ၊ လှုံ့ဆော်၏။

(စ) အဟံ၊ ငါသည်။ ဥဘတောသံဃဿ စ၊ဘိက္ခုသံဃာ ဘိက္ခုနီသံဃာ ဟု ဆိုအပ်သော နှစ်ပါးသော သံဃာအားရင်း။ စေတိယဿ စ၊ စေတီအားရင်း။ ဒမ္မိ၊ ပေးလှူ၏။ ဣတိ၊ ဤသို့။ ဝုတ္တေပိ၊ ဆိုအပ်သော အရာ၌လည်း။ ဧသေဝ နယော၊ ဤနည်းကိုသာလျှင်။ ဝေဒိတဗ္ဗော၊ သိအပ်၏။ (ဝိ၊ ဋ္ဌ၊ ၃။ ၄၂၃)

(ဆ) မယံ၊ ငါတို့သည်။ ဒဿာမ၊ လှူပါကုန်အံ့။ ကရိဿာမ၊ ပြုပါကုန်အံ့။ ဣတိ ဤသို့။ ဝါစာ၊ စကားကို။ ဘိန္နာ၊ မြွက်ဆိုအပ်ပြီးသည်။ ဟောတိ၊ ဖြစ်၏။ (ဝိ၊ ဂ။ ၃၈၀)

(ဇ) ရက္ခိတဗ္ဗော၊ စောင့်ရှောက်အပ်သော။ ဂေါပေတဗ္ဗော၊ လုံခြုံစေအပ်သော။ န မမာယိတဗ္ဗော၊ ငါ၏ ဥစ္စာဟု မသိမ်းပိုက်အပ်သော။ န ပရိဘုဉ္ဇိတဗ္ဗော၊ မသုံးစွဲကောင်းသော။ ပရိက္ခာရော၊ စေတိယသန္တကပရိက္ခရာသည်။ အတ္ထိ၊ ၏။ (ဝိ၊၅။ ၂၂၅)

(ဈ) တတိယော၊ သုံးခုမြောက်သော ပရိက္ခရာသည်။ စေတိယသန္တကော၊ စေတီ၏ ဥစ္စာ ဖြစ်သော ပရိက္ခရာတည်း။ (ဝိ၊ ဋ္ဌ၊ ၄။ ၁၆၈)

(ည) စေတိယဿ၊ စေတီအား။ ပရိဏတံ၊ နှုတ်မြွက်၍ ညွတ်ပြီးသောဥစ္စာကို။ အညစေတိယဿ ဝါ၊ တပါးသော စေတီအားရင်း။ သံဃဿ ဝါ၊ သံဃာအားရင်း။ ပုဂ္ဂလဿ ဝါ၊ ပုဂ္ဂိုလ် အားရင်း။ ပရိဏာမေတိ၊ ညွတ်စေအံ့။ တဿ ဘိက္ခုနော၊ အား။ ဒုက္ကဋံ၊ ဒုက္ကဋ် မည်သော။ အာပတ္တိ၊ သည်။ အဿ၊ ဖြစ်၏။ (ဝိ၊ ၁။ ၃၈၀။ ဝိ၊ ၂။ ၂၀၄)

(ဋ) စေတိယဿ ပရိဏတန္တိ ဧတ္ထ၊....ဤပါဠိ၌။ နိယမေတွာ၊မှတ်သား၍။ အည စေတိယဿ၊ တပါးသော စေတီ၏။ အတ္ထာယ၊ အကျိုးငှါ။ ရောပိတမာလာ ဝစ္ဆတော၊ စိုက်ပျိုးအပ်သော ပန်းပင်ငယ်မှ။ အည စေတိယမှိ၊ တပါးသောစေတီ၌။ ပုပ္ဖမ္ပိ၊ ပန်းကိုလည်း။ အာရောပေတုံ၊ တင်ခြင်းငှါ။ န ဝဋ္ဋတိ၊ မအပ်။ (ဝိ၊ ဋ္ဌ၊ ၂။ ၃၁၂)

(ဌ) အနောဇဝိတံ၊ မဆွတ်ခူးအပ်သော။ မိလာယမာနံ၊ ညှိုးနေသောပန်းကို။ ဩစိနိတွာ၊ ဆွတ်ခူး၍။ ယတ္ထ ကတ္ထစိ၊ အမှတ်မရှိ တဆူသောစေတီ၌။ ပူဇေတုံ၊ ပူဇော်ခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ (ဝိမတိ၊ ၁။ ၃၆၂)

(ဍ) သံဃုပ္ပါဒ စေတိယုပ္ပါဒပဋ္ဌာပနကမ္မံ၊ သံဃာအားဖြစ်သော ပစ္စည်း စေတီအား ဖြစ်သောပစ္စည်းတို့ကို မတရား ပေးကမ်းမှုရင်း။ ဣတိ ဝေရူပါနံ၊ ဤသို့အစရှိကုန်သော။ မိစ္ဆာဇီဝေန၊ မှားယွင်းသော အသက်မွေးမှုဖြင့်။ ဇီဝိတကပ္ပနက ကမ္မာနံ ဝါ။ အသက်မွေးကြောင်း အမှုတို့တွင်ရင်း။ ယေန ကေနစိ၊ အမှတ်မရှိတပါးပါးသောအမှုဖြင့်။ ဗုဒ္ဓ ပဋိကုဋ္ဌေနာတိ၊....ကား။ ဗုဒ္ဓေဟိ၊ ဘုရားရှင်တို့သည်။ ဂရဟိတေန၊ ကဲ့ရဲ့တော်မူအပ်သော။ ပဋိသိဒ္ဓေန၊ တားမြစ်တော်မူအပ်သော၊ အယံ ဝုစ္စတီတိ၊ ....ကား။ အယံ သဗ္ဗောပိ၊ ဤ အလုံးစုံကိုလည်း။ အနာစာရော နာမ၊ အနာစာရ မည်၏ဟူ၍။ ကထိယတိ၊ ဆိုအပ်၏။ (အဘိ၊ ဋ္ဌ၊ ၂။ ၃၂၄။ ဝိသုဒ္ဓိ၊ ဋ္ဌ၊ ၁။ ၄၁-၂)

(ထ) သံဃဘောဂ စေတိယ ဘောဂါနံ၊သံဃာ၏ပစ္စည်း စေတီ၏ပစ္စည်းတို့ကို။အယောနိသော၊ မသင့်သောအားဖြင့်။ ဝိစာရဏံ၊ စီမံခြင်းသည်။ သံဃုပ္ပါဒ စေတိယုပ္ပါဒပဋ္ဌပနံ၊ မည်၏။ အတ္တနော၊ မိမိ၏။ သန္တကေ ဝိယ၊ ဥစ္စာ၌ ကဲ့သို့။ ပဋိပဇ္ဇနံ၊ ကျင့်ခြင်းတည်း။ ဣတိ၊ ဤသို့။ ကောစိ၊ အချို့သောဆရာတို့သည်။ ဝဒန္တိ၊ ဆိုကုန်၏။ (မူလ၊ ဋီ၊ ၂။ ၁၇၉)

(ဒ) အယာထာဝပဋိပတ္တိ၊ မဟုတ်မမှန် ဖေါက်ပြန်သောအားဖြင့် ကျင့်ခြင်းသည်။ အယောနိသော၊ မသင့်သောအားဖြင့်။ ဝိစာရဏံ၊ စီမံခြင်းမည်၏။ (အနုဋီ၊၂။၁၀၀)

## ၁၄-သိက္ခာပစ္စက္ခာတကာဒိ ဝိမတိဋ္ဌေဒနီ

သာမဏေရောတိ မံ ဓာရေဟိ-ဟု သိက္ခာချ၍ အသွင်ကို မပယ်မူ၍ မိမိကိုယ်ကို သာမဏေ ဖြစ်သည်ဟု ယူဆပြီးလျှင် သာမဏေတို့နှင့် ပေါင်းသင်းရာ၌ ထေနက ဖြစ် မဖြစ် ဤအမေးကို သံသယကုက္ကုစ္စ မရှိ သိမှတ်ရန် ဓမ္မဝိနယရှိတိုင်း ဖြတ်ပိုင်းလှီးချ သာဓက ယုတ္တိတို့ဖြင့် ရေးသား လျှောက်ထားရမည်ဟူသော မန်ကျည်းကုန်းကျောင်းရှာ ဆရာတော်၏ အမိန့်ကို ဦးထိပ်ပန်ဆင် လျက် ဓမ္မဝိနယကိုသာ အလေးဂရုပြု၍ ဖြေကြားပေအံ့---

ဤအမေး၌---

၁။ သိက္ခာပစ္စက္ခာတက ဟူသည် အဘယ်ပုဂ္ဂိုလ်နည်း-

၂။ အဘယ် သံဝါသကို ထိုက်သော အသွင်၌ တည်သနည်း-

၃။ အဘယ် သံဝါသကို သာယာသော် ထေနက ဖြစ်သနည်း-

၄။ အဘယ်ထေနက ဖြစ်ထိုက်သနည်း-

၅။ အဘယ်သို့ ထေနက ဖြစ်ထိုက်သနည်း-ဟု ပုစ္ဆာ ငါးချက်ထုတ်၍ ဖြေဆိုရာ၏။

### ၁-နံပါတ်အဖြေ

၁။ သိက္ခာပစ္စက္ခာတက ပုဂ္ဂိုလ်ဟူသည် ဘိက္ခု သိက္ခာကို စွန့်ချ၍ ရဟန်းအသွင်ကို မစွန့်သေးဘဲ ရဟန်းအသွင်၌ တည်နေသော ပုဂ္ဂိုလ်တည်း။ ထိုကြောင့်-

သိက္ခံ ပစ္စက္ခာယ ဘိက္ခုလိင်ေ ဌိတော သိက္ခာပစ္စက္ခာတကော။
ဝဇိရဗုဒ္ဓိဋီကာ (၁၀၃)။

ဂဟဋ္ဌောတိ ဝိသုံ ဝုတ္တတ္တာ သမဏလိင်ံ အပရိစ္စတ္တောယေဝ ပုဂ္ဂလော သိက္ခာ-ပစ္စက္ခာတကောတိ ဝေဒိတဗ္ဗော။ ကင်္ခါ ဝယာဇနာ မဟာဋီကာ (ပ၊ ၁၅၄)တို့၌ မိန့်အပ် ကုန်ပြီ။

(၁) နံပါတ် အဖြေ ပြီး၏။

## ၂-နံပါတ်အဖြေ

၂။ ထိုသိက္ခာပစ္စက္ခာတက ပုဂ္ဂိုလ်သည် သာမဏေတို့၏ သံဝါသကို ထိုက်သော သာမဏေ၏ အသွင်၌ တည်၏။ ထိုစကား မှန်၏။ သိက္ခာပစ္စက္ခာတက ပုဂ္ဂိုလ်သည် ဆရာရဟန်းပေးအပ်သော သာမဏေအသွင်ကို မစွန့်သေး၊ ဆရာပေးအပ်သော သင်္ကန်းတို့၌ ငဲ့ကွက်ခြင်းရှိနေသော ကြောင့် ထိုလက်ရှိအသွင်ဖြင့်သာ သုံးပါးသော သရဏဂုံတို့ဖြင့် သာမဏေစစ် သာမဏေ မှန် ကေန်ဖြစ်လာနိုင်သည်။ ထိုကြောင့် ဝဇိရဗုဒ္ဓိဋီကာ (၁၀၃)၌—

သော သကာသာဝေသု သာပေက္ခတ္တာ သာမဏေရဘာဝံ ပတ္ထယမာနော တေနေဝ လိင်္ဂေန တီဟိ သရဏဂမနေဟိ သာမဏေရော ဟောတိ၊ န ပုန ကာသာဝံ ပဋိဂ္ဂါဟာပေ-တဗ္ဗော။

ဟု မိန့်အပ်ပြီ။ အကယ်၍သိက္ခာပစ္စက္ခာတက ပုဂ္ဂိုလ်သည် ဘိက္ခုသိက္ခာကို စွန့်ချလိုက်သည် နှင့် တပြိုင်နက် သင်္ကန်းကိုပင် မချွတ်မပယ်သေးသော်လည်း ဆရာရဟန်း ပေးအပ်သော သာမဏေအသွင်မျှ မကျန်ကြွင်းခဲ့ငြားအံ့၊ န ပုန ကာသာဝံ ပဋိဂ္ဂါဟာပေတဗ္ဗော-ဟူသော ဗျတိရေက စကားကို မဆိုသင့်။ ဆိုလည်း ဆိုခဲ့၏။ အဋ္ဌကထာဆရာသည်လည်း သာမဏေရ သံဝါသထိုက်သော သာမဏေအသွင် ကျန်ကြွင်းနေသေးသောကြောင့်သာ သိက္ခာပစ္စက္ခာတက ၏ ဘေနကကို ပကတိ သာမဏေနှင့် အတူပြု၍ ဘိက္ခုသံဝါသကို ကျင့်ရာ၌သာ ပြဆိုတော်မူ ခဲ့၏။ ထိုကြောင့် သိက္ခာပစ္စက္ခာတက ပုဂ္ဂိုလ်သည် သာမဏေတို့၏ သံဝါသထိုက်သော သာမဏေ၏ အသွင်၌ တည်နေသည်၏ အဖြစ်ကို သန္နိဋ္ဌာန်ကျ သိမြင်မှတ်ယူတော်မူပါ။

( ၂ ) နံပါတ် အဖြေပြီ ၏။

---

## ၃-နံပါတ် အဖြေ

၃။ ဘိက္ခုသံဝါသကို သာယာသော်သာ ထေနကဖြစ်သည်။ ခွဲ၍ ပြအံ့။ သံဝါသသည် ဘိက္ခု သံဝါသ, သာမဏေရ သံဝါသ ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် ရဟန်းဟုဝန်ခံခြင်း, ရဟန်း တို့၏ ဝါကို ရေတွက်ခြင်းစသည်သည် ဘိက္ခုသံဝါသ မည်၏။ သာမဏေဟု ဝန်ခံခြင်း, သာမဏေ တို့၏ ဝါကို ရေတွက်ခြင်းစသည်သည် သာမဏေရ သံဝါသမည်၏။ ထင်ရှားပြီ။

ဘိက္ခုသံဝါသသည် သိက္ခာချခြင်း သင်္ကန်း၌ ငဲ့ကွက်ခြင်းမရှိ၊ ပယ်ချွတ်၍ အနွိမ ဝတ္ထုကို ကျူးလွန်ခြင်းတို့၏ အစွမ်းဖြင့် ဘိက္ခုပဋိညာဉ်ကို မစွန့်သေးသမျှ အဓိသီလရှိသည်ဖြစ်စေ, မရှိ သည်ဖြစ်စေ၊ ထိုသူ၌ ရှိနေသော ဆရာရဟန်းပေးအပ်သော ရဟန်းအသွင်အား လျော်ကန်ထိုက် တန်လေသည်။ သာယာသော်လည်း ထေနက မဖြစ်။ ထို ကြောင့် မဟာဝါ အဋ္ဌကထာ(၃၀၁)၌–

သိက္ခံ အပစ္စက္ခာယ သလိင်္ဂေ ဌိတော မေထုနံ ပဋိသေဝိတ္ဝာ ဝဿဂဏနာဒိဘေဒံ ဝိဓိံ

**အာပဇ္ဇန္တော ထေယျသံဝါသကော န ဟောတိ၊ ပဗ္ဗဇ္ဇာမတ္တံ လဘတိ-ဟူ၍ရင်း။**

ထို၏ အဖွင့် ဝိမတိဋီကာ (ဒု၊ ၁၂၁-၂) ၌-

ထေယျသံဝါသကော န ဟောတီတိ ဘိက္ခုဟိ ဒိန္နလိင်္ဂဿ အပရိစ္စတ္တတ္တာ လိင်္ဂတ္ထေန-ကော န ဟောတိ၊ ဘိက္ခုပဋိညာယ အပရိစ္စတ္တတ္တာ သံဝါသတ္ထေနကော န ဟောတီတိ။ ယံ ပန မာတိကာဋ္ဌကထာယံ "လိင်္ဂါနုရူပဿ သံဝါသဿ သာဒိတတ္တာ န သံဝါသတ္ထေ-နကော"တိ ကာရဏံ ဝုတ္တံ၊ တမ္ပိ ဣဒမေဝ ကာရဏံ သန္ဓာယ ဝုတ္တံ။ ဣတရထာ သာမဏေ-ရဿပိ ဘိက္ခုဝဿဂဏနာဒိသု လိင်္ဂါနုရူပသံဝါသော ဧဝ သာဒိတောတိ သံဝါသတ္ထေန-ကတာ န သိယာ ဘိက္ခုဟိ ဒိန္နလိင်္ဂဿ ဥဘိန္နမ္ပိ သာဓာရဏတ္တာ-ဟူ၍ဖွင့်၍ မိန့်အပ်ကုန်ပြီ။

ထိုအတူ သာမဏေရသံဝါသသည် သက်နိုး၌ ငဲ့ကွက်ခြင်းမရှိ ပယ်ချွတ်၍ လူဝတ်လဲခြင်း သက်နိုးကို လူ၏အသွင်ဝတ်ဆင်၍ သက်နိုးကို ဆောင်ခြင်း၌ ဝန်ချလိုက်ကာ လူ၏အဖြစ်ကို လက်ခံသာယာသည်၏ အစွမ်းအားဖြင့် သာမဏေရ ပဋိညာဉ်ကို မစွန့်ခဲ့သေးသမျှ သရဏဂုံ ရှိသည်ဖြစ်စေ၊မရှိသည်ဖြစ်စေ ထိုသူ၌ ရှိနေသော ဆရာရဟန်း ပေးအပ်သော သာမဏေအသွင်အား လျော်ကန်ထိုက်တန်လေသည်။ သာယာသော်လည်း ထေနက မဖြစ်။

ထိုကခါ် အဋ္ဌကထာ(၁၀၄-၅)၌—

ယော ပန ဘိက္ခုဟိ ပဗ္ဗဇိတော သာမဏေရော သမာနော ကာသာယာနိ အပနေတွာ တေသု သဥဿဟော ဝ မေထုနံ ပဋိသေဝိတွာ ပုန ဝိုဝါသေတွာ သာမဏေရဘာဝံ ပဋိဇာနာတိ၊ အယံ ဘိက္ခုဟိ ဒိန္နလိင်္ဂဿ အပရိစ္စတ္တတ္တာ န လိင်္ဂတ္ထေနကော, လိင်္ဂါနုရူပဿ သံဝါသဿ သာဒိတတ္တာ နာပိ သံဝါသတ္ထေနကော—ဟူ၍ဖွင့်။

ထိုအဖွင့်၏ ဋီကာသစ် (၁၆၀) ၌ လိင်္ဂါနုရူပဿ သံဝါသဿာတိ သာမဏေရလိင်္ဂါနုရူပဿ သာမဏေရသံဝါသဿ- ဟူ၍ဖွင့် မိန့်အပ်ကုန်၏။သိက္ခာပစ္စက္ခာတက ပုဂ္ဂိုလ်အားလည်း ပြဆိုအပ်ပြီးသော ကာသာဝေသု သာပေက္ခတ္တာ ။ပ။ ပဋိဂ္ဂဟေတဗ္ဗော- ဟူသော ဝဇိရဗုဒ္ဓိဋီကာ (၁၀၃) ပကတိ သာမဏေနှင့် ထပ်တူထပ်မျှ ထေနကကို ပြသော ကခါ်အဋ္ဌကထာ(၁၀၄-၅)တို့ကို ထောက်၍ ပကတိသာမဏေကဲ့သို့ပင် သာမဏေအသွင် အထင်အရှားရှိနေသေးသည်၏ အဖြစ်ကိုင်း၊ ထိုသာမဏေအသွင် ရှိသေးသောကြောင့် သာမဏေရ လိင်္ဂါနုရူပဿ သာမဏေရ သံဝါသဿ ဟူသော ဋီကာသစ်(၁၆၀)ကို ထောက်၍ သာမဏေရသံဝါသကို သာယာထိုက်သည်၊ သာယာခြင်းကြောင့် ထေနက မဖြစ် သည်၏ အဖြစ်ကိုင်း, သိက္ခာချသည်၏ အစွမ်းအားဖြင့်ဘိက္ခုပဋိညာဉ်ကို စွန့်ပြီးသည့်အတွက် ဘိက္ခုအသွင် ကွယ်ပ သာမဏေအသွင်မျှသာ ကျန်တော့ရကား သာမဏေအသွင်အား မလျော်ကန် မထိုက်တန်သော ဘိက္ခုသံဝါသကို သာယာသော်သာ ထေနက ဖြစ်သည်၏ အဖြစ်ကိုင်း သန္နိဋ္ဌာန်ကျ သိမြင်မှတ်ယူတော်မူပါ။

(၃)နံပါတ်အဖြေ ပြီး၏။

## ၄- နံပါတ်အဖြေ

၄။ ထေနကသုံးပါးတွင် ဘိက္ခုသံဝါသတ္ထေနကသာ ဖြစ်ထိုက်သည်။ ထိုစကား မှန်၏။ ထို သိက္ခာပစ္စက္ခာတက ပုဂ္ဂိုလ်သည် ဆရာရဟန်း ပေးအပ်သောအသွင်ကို မစွန့်သေး၊ ထိုအသွင်၌ တည်နေသေးသောကြောင့် ဘိက္ခူဟိ ဒိန္နလိင်္ဂဿ အပရိစ္စတ္တတ္တာ န လိင်္ဂတ္ထေနကော- ဟူသော ကင်္ခါအဋ္ဌကထာ(၁၀၅) ဝိမတိဋီကာ(၁၂၀)တို့နှင့်အညီ လိင်္ဂတ္ထေနက မဖြစ်ထိုက် မဖြစ်ကောင်း၊ လိင်္ဂတ္ထေနက မဖြစ်ထိုက် မဖြစ်ကောင်းလျှင် ဥဘယတ္ထေနကလည်း မဖြစ်ထိုက် မဖြစ်ကောင်း။ ဖြစ်ကောင်းသည်ကား—

တစုံတယောက်သော ရဟန်းသည် သိက္ခာကို ချ၍ ဆရာရဟန်းပေးအပ်သော အသွင်ကိုမပယ် မူ၍ဒုဿီလ အမူအရာကို ပြု၍သော်၎င်း, မပြုမူ၍သော်၎င်း တစုံတယောက်သောသူ ငါ့ကို သိက္ခာ ချမှန်းမသိဟု တဖန်ရဟန်းတို့၏ ဝါကို ရေတွက်အံ့၊ သီတင်းကြီးစဉ်အတိုင်း ရဟန်းတို့၏ ရှိခိုးခြင်းကို သာယာအံ့၊ နေရာဖြင့် တားမြစ်အံ့၊ ဥပုသ်စသည်တို့၌ ထင်အံ့၊ ထိုသူသည် ဘိက္ခုသံဝါသမျှကို သာ ခိုးသောကြောင့် သံဝါသတ္ထေနက ဖြစ်၏။ ထို့ကြောင့် ကင်္ခါအဋ္ဌကထာ(၁၀၅)၌—

ယော စ ခေါ သာမဏေရော သမာနော ဝိဒေသံ ဂန္တွာ ဘိက္ခုဝဿာနိ ဂဏေတိ။ ယထာ- ဝုဍ္ဎံ ဝန္ဒနံ သာဒိယတိ၊ အာသနေန ပဋိဗာဟတိ၊ ဥပေါသထာဒီသု သန္ဒိဿတိ၊ အယံ သံဝါသတ္တ ယောဝ ထေနိတတ္တာ သံဝါသတ္ထေနကော နာမ။ ဘိက္ခုဝဿဂဏနာဒိကော ဟိ သဗ္ဗောပိ ကိရိယာဘေဒေါ ဣမသ္မိံ အတ္ထေ သံဝါသောတိ ဝေဒိတဗ္ဗော။ သိက္ခံ ပစ္စက္ခာယ "န မံ ကောစိ- ဇာနာတီ"တိ ပုန ဧဝံ ပဋိပဇ္ဇန္တေပိ ဧသေဝ နယော- ဟူ၍၎င်း၊ မဟာဝါ အဋ္ဌကထာ (၂၉၈) ၌ ထိုအတူ၎င်း၊ ထို၏ အဖွင့်ဋီကာသစ် (၁၆၉) ၌—

ဣဒံ ဝုတ္တံ ဟောတိ—သစေ ကောစိ ဘိက္ခု သိက္ခံ ပစ္စက္ခာယ လိင်္ဂံ အနပနေတွာ ဒုဿီ- လကမ္မံ ကတွာ ဝါ အကတွာ ဝါ "န မံ ကောစိ ဇာနာတီ"တိ ပုန သဗ္ဗံ ပုဗ္ဗေ ဝုတ္တံ ဝဿဂဏနာဒိ- ဘေဒံ ဝိဓိံ ပဋိပဇ္ဇတိ၊ သော ထေယျသံဝါသကော ဟောတီတိ—ဟူ၍၎င်း မိန့်အပ်ကုန်၏။

(မှတ်ချက်) ဋီကာသစ်ဆရာသည် မဟာဝါအဋ္ဌကထာ (၃၀၁)မှ ယူ၍ ဤစကားကို ဆို သည်။ ပုဗ္ဗေ ဝုတ္တန္တိ သံဝါသတ္ထေနကေ ဝုတ္တံ—ဟု မဟာဝါယောဇနာ ဖွင့်သည်။

ဤသို့ သိက္ခာပစ္စက္ခာတက ပုဂ္ဂိုလ်၏ ထေနက အဖြစ်ကို သံဝါသတ္ထေနကအရာ၌သာ ဖွင့်ပြ ကြသော အဋ္ဌကထာ ဋီကာ ယောဇနာတို့ကို ထောက်၍ သံဝါသတ္ထေနကသာ ဖြစ်ထိုက်သည်၏ အဖြစ်ကို၎င်း ထိုသံဝါသတ္ထေနကသည်လည်း ဘိက္ခုသံဝါသကို ဝဋ္ဋနာစိတ်ဖြင့် ခိုးသော်သာ ဖြစ်ထိုက်သည်၏ အဖြစ်ကို၎င်း သန္နိဋ္ဌာန်ကျ သိမြင် မှတ်ယူတော်မူပါ။

(၄) အဖြေ ပြီး၏။

## (၅) နံပါတ် အဖြေ

သိက္ခာပစ္စက္ခာတက ပုဂ္ဂိုလ်သည် ပကတိအားဖြင့် သာမဏေတို့နှင့် ပေါင်းသင်းသော်လည်းကောင်း, သာမဏေရောတိ မံ ဓာရေဟိ ဟု သိက္ခာချ၍ သာမဏေ မဖြစ်မှန်း မသိ၊ သာမဏေ ဖြစ်တန်ရာသည်-ဟု သာမဏေတို့နှင့် ပေါင်းသင်းသော်ငြင်း ထေနက မဖြစ်။

ရှင်းပြအံ့။ ။ပကတိအားဖြင့် သာမဏေတို့နှင့် ပေါင်းသင်းသော သိက္ခာပစ္စက္ခာတက ပုဂ္ဂိုလ်သည် ၂၊ ၃၊ ၄-အဖြေဘို့၌ ပြအပ်ပြီးသော အဋ္ဌကထာ ဋီကာ ဘိုကို ထောက်၍ မိမိ၌ ထင်ရှား ရှိနေသော ဘိက္ခုဒိန္နသာမဏေရ အသွင်အား လျှော်ကန်ဆိုက်တန်သော သာမဏေရ-သံဝါသကို လက်ခံ သာယာလေရကား သံဝါသထေနက မဖြစ်-ဟု ယုံမှားကင်းကွာ မှတ်ယူတော်မူပါ။

သာမဏေ မဖြစ်မှန်း မသိ၊ သာမဏေ ဖြစ်တန်ရာသည်ဟု သာမဏေတို့နှင့် ပေါင်းသင်းသော သိက္ခာပစ္စက္ခာတက ပုဂ္ဂိုလ်သည်ကား ပကတိအားဖြင့် သာမဏေတို့နှင့် ပေါင်းသင်းသော သိက္ခာပစ္စက္ခာတက ပုဂ္ဂိုလ်ကဲ့သို့ သံသယ ကုက္ကုစ္စပင် ဖြစ်ပွါးဘွယ် မရှိ၊ အလွန်လျှင် သန့်ရှင်း စင်ကြယ် ထေနက နယ်မှ လွန်မြောက်လေသည်။ ထိုစကား မှန်၏။ ငယ်ရွယ်သော သာမဏေ၊ ဝါ-ပဗ္ဗဇ္ဇာအရာတို့၌ မလိမ္မာသော သာမဏေကြီးသည် ဆွေမျိုးထံ ပြန်၍ လူထွက်ပြီးလျှင် အိမ်မှာ အလုပ်မလုပ်လိုသောကြောင့် ထို ရှင်လူထွက်ကို ဆွေမျိုးတို့က (ပယ်ချွတ်ထားသော) သင်္ကန်းတို့ကိုပင် ဝတ် ဆင်ဖုံးလွှမ်းကာ ခွက် သပိတ် လက်မှာ ပေး၍ "သွားချေ .. ရဟန်းပင် ဖြစ်လေလော့" ဟု အိမ်မှ နှင်ထုတ်လိုက်ရာ ထို ရှင်ယောင်သည် ကျောင်းသို့ သွား၍ သူ လူထွက်ပြီး တဖန် ကိုယ်တိုင် ရှင်ပြုလာသည်ဟု ရဟန်းတို့ကလည်း မသိ၊ ဤသို့ ကိုယ်တိုင် ရှင်ပြုလျှင် ထေယျ-သံဝါသက ဖြစ်သည်ဟု မိမိကိုယ်တိုင်လည်း မသိ၊ အကယ်၍ ထိုသူကို အသက် နှစ်ဆယ်ပြည့်သော် ရဟန်း ခံပေးအံ့၊ ထေနကမှ လွတ်မြောက်၍ ရဟန်းအဖြစ်သို့ ကေန် ရောက်သည်ဟု ဗုဒ္ဓမတညူ အဋ္ဌကထာ ဆရာ ပြဆို ဆုံးဖြတ်တော်မူသည်။

ထိုကြောင့် မဟာဝါအဋ္ဌကထာ (၃၀၁)၌–

အပရော ဒဟရသာမဏေရော မဟန္တော ဝါ ပန အဗျတ္တော၊ သော ပုရိမနယေ-နေဝ ဥပ္ပဗ္ဗဇိတွာ ဃရေ ဝတ္တဂေါရက္ခဏာဒီနိ ကမ္မာနိ ကာတုံ န ဣစ္ဆတိ၊ တမေနံ ဉာတကာ တာနိယေဝ ကာသာယာနိ အစ္ဆာဒေတွာ ထာလကံ ဝါ ပတ္တံ ဝါ ဟတ္ထေ ဒတွာ "ဂစ္ဆ သာမဏေရောဝ ဟောဟိ" တိ ဃရာ နိက္ခာမေန္တိ။ သော ဝိဟာရံ ဂစ္ဆတိ၊ နေဝ နံ ဘိက္ခူ ဇာနန္တိ "အယံ ဥပ္ပဗ္ဗဇိတွာ ပုန သယမေဝ ပဗ္ဗဇိတော" တိ၊ နာပိ သယံ ဇာနာတိ "ယော ဧဝံ ပဗ္ဗဇတိ၊ သော ထေယျသံဝါသကော နာမ ဟောတိ"တိ။ သစေ တံ ပရိပုဏ္ဏဝဿံ ဥပသမ္ပာဒေန္တိ၊ သူပသမ္ပန္နော–ဟု မိန့်အပ်ပြီ။

ပြဆိုအပ်ပြီးသော အဋ္ဌကထာတို့ကို ထောက်၍ ရဟန်းပေးအပ်သော အသွင်မျှ မရှိ၊ သရဏဂုံ နှင့် ကင်းဝေးဘိလျက် ရဟန်း သာမဏေတို့ကို လှည့်စားဖြားယောင်းလိုသော အသုဒ္ဓစိတ် မပါ၊

သုဒ္ဓစိတ်ဖြင့်သာ ဝတ်ရုံ ပေါင်းသင်းလေသောကြောင့် ထို ရှင်ယောင်သည် ထေယျသံဝါသကမှ လွတ်မြောက်၍ ရဟန်းအဖြစ်သို့ပင် ရောက်တုံသေး၏။

ရဟန်းပေးအပ်သော အသင် အထင်အရှားရှိလျက် သာမဏေမဖြစ်မှန်း မသိ သာမဏေဖြစ် တန်ရာသည်ဟု ဝိနယာလင်္ကာရဋီကာအားထား၍ လှည့်ဖျားလိုသော စိတ်ယုတ် စိတ်သွမ်း မယှဉ် ဝိနယဂရုက အလွန်ပင် စင်ကြယ်သောစိတ်အစဉ်ဖြင့် ပေါင်းသင်းရာ၌ကား ဆိုဘွယ်မရှိ၊ ထေနကနယ်မှ လွတ်မြောက်၍ ရဟန်းအဖြစ်သို့ ရောက်နိုင်သော ဘဗ္ဗပုဂ္ဂလ မုချအစစ် ဧကန်ဖြစ်သည်ဟု သန္နိဋ္ဌာန်ကျ သိမြင်မှတ်ယူတော်မူပါ။

(၅) အဖြေ ပြီး၏။

ဤမျှအတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့် ကျေးဇူးရှင်ဖြစ်သော မန်ကျည်းကုန်း ကျောင်းရှာ ဆရာတော် မေးအပ်သော ပုစ္ဆာကို သာသနာတော် စည်ပင်ပြန့်ပွါးခြင်းကို မျှော်ကိုးလျက် ဒက္ခိဏာရာမတိုက် အမရပူရကျောင်းနေ တပည့် ဥက္ကံသ မည်သော အမရပူရဆရာတော်သည် နှေ့ခြင်.ပြီး ရေးသားဖြေဆိုအပ်သော ဝိမတိစ္ဆေဒနီကထာ ပြီးဆုံးလတ်ပြီ။

**ဤအဆုံးအဖြတ်၌ ပါသော ပါဠိအဋ္ဌကထာစသည်တို့ကို**
**က-ခ-စသော အမှတ်စဉ်အတိုင်း အနက်ပြန်ဆိုလိုက်အံ့**

(က) သိက္ခံ၊ သိက္ခာကို။ ပစ္စက္ခာယ၊ စွန့်ချ၍။ ဘိက္ခုလိင်ေ၊ ရဟန်းအသွင်၌။ ဌိတော၊ တည်နေသောပုဂ္ဂိုလ်သည်။ သိက္ခာပစ္စက္ခာတကော၊ သိက္ခာပစ္စက္ခာတကပုဂ္ဂိုလ်မည်၏။ (ဝဇီရ။၁။၁၀၃)

(ခ) ဂဟဋ္ဌောတိ၊ ဂဟဋ္ဌောဟူ၍။ ဝိသုံ၊ သီးခြား။ ဝုတ္တတ္တာ၊ ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်။ သမဏလိင်အပရိစ္စတ္တော၊ ရဟန်း၏ အသွင်ကို မစွန့်သေးသော။ ပုဂ္ဂလာယေဝ၊ ပုဂ္ဂိုလ်ကိုသာလျှင်။ သိက္ခာပစ္စက္ခာတကောတိ၊ ၍။ ဝေဒိတဗ္ဗော၊ သိအပ်၏။ (ကင်္ခါဝိတရဏီ-မဟာဋီကာ၊ ၁။၁၅၄။)

(ဂ) သော၊ ထိုသိက္ခာချပြီးသော ပုဂ္ဂိုလ်သည်။ သကာသယေသု၊ မိမိသက်န်းတို့၌။ သာပေက္ခတ္တာ၊ ငဲ့ကွက်ခြင်းရှိသည်၏ အဖြစ်ကြောင့်။ သာမဏေရဘာဝံ၊ သာမဏေ၏ အဖြစ်ကို။ ပတ္ထယမာနော၊ တောင့်တလျက်။ တေနေဝ လိင်ေန၊ ထိုသက်န်းအသွင်ဖြင့်သာလျှင်။ တီဟိ၊ သုံးပါးကုန်သော။ သရဏဂမနေဟိ၊ သရဏဂုံတို့ဖြင့်။ သာမဏေရော၊ သာမဏေသည်၊ ဟောတိ၊ ဖြစ်နိုင်သေး၏။ ပုန၊ တဖန်။ ကာသာဝံ၊ သက်န်းကို။ န ပဋိဂ္ဂါဟာပေတဗ္ဗော၊ မခံယူစေအပ်။ (ဝဇီရ။၁၀၃။)

(ဃ) သိက္ခံ၊ သိက္ခာကို။ အပစ္စက္ခာယ၊ မချမူ၍။ သလိင်ေ၊ မိမိအသွင်၌။ ဌိတော၊ တည်လျက်။ မေထုနံ၊ မေထုန်ကို။ ပဋိသေဝိတွာ၊ မှီဝဲပြီး၍။ ဝဿဂဏနာဒိဘေဒံ၊ ဝါကိုရေတွက်ခြင်းစသည်ပြားသော။ ဝိဓိံ၊ အစီအရင်သို့။ အာပဇ္ဇန္တော၊ ရောက်သောရဟန်းသည်။ ထေယျ-

သံဝါသကော၊ ထေယျသံဝါသကသည်။ န ဟောတိ၊ မဖြစ်။ ပဗ္ဗဇ္ဇာမတ္တံ၊ ရှင်သာမဏေမျှကို။ လဘတိ၊ ရ၏။ (ဝိ၊ဋ္ဌ ၃။၃၀၁။ ဝိ၊သင်္ဂဟ။၁၄၉။)

(င) ထေယျသံဝါသကော န ဟောတီတိ၊ ကား။ ဘိက္ခူဟိ၊ ရဟန်းတို့သည်။ ဒိန္နလိင်္ဂဿ၊ ပေးအပ်ပြီးသော အသွင်ကို။ အပရိစ္စတ္တတ္တာ၊ မစွန့်အပ်သေးသည်၏ အဖြစ်ကြောင့်။ လိင်္ဂတ္ထေ-နကော၊ အသွင်ကိုခိုးတတ်သူသည်။ န ဟောတိ၊ မဖြစ်။ ဘိက္ခုပဋိညာယ၊ ရဟန်းဟုဝန်ခံခြင်းကို။ အပရိစ္စတ္တတ္တာ၊ ကြောင့်။ သံဝါသတ္ထေနကော၊ အပေါင်းအဖော်ကို ခိုးတတ်သူသည်။ န ဟောတိ။ မဖြစ်။ ဣတိ၊ ဤသို့။ ဒဠှံ၊ မှတ်အပ်၏။ ပန၊ ဆက်ဦးအံ့။ မာတိကာဋ္ဌကထာယံ၊ မာတိကာအဋ္ဌကထာ (ကင်္ခါ။၁၀၅)၌။ လိင်္ဂါနုရူပဿ၊ အသွင်အားလျော်သော။ သံဝါသဿ၊ ပေါင်းဖော်ခြင်းကို။ သာဒိတတ္တာ၊ သာယာအပ်သည်၏ အဖြစ်ကြောင့်။ န သံဝါသတ္ထေနကော၊ အပေါင်းအဖော်ကို ခိုးတတ်သူ မဟုတ်။

ဣတိ၊ ဤသို့။ ယံ ကာရဏံ၊ အကြင်အကြောင်းကို။ ဝုတ္တံ၊ မိန့်ဆိုအပ်ပြီ။ တမ္ပိ ထိုအကြောင်းကိုလည်း။ ဣဒမေဝ ကာရဏံ၊ ဤအကြောင်းကိုသာလျှင်။ သန္ဓာယ၊ ရည်ရွယ်၍။ ဝုတ္တံ၊ မိန့်ဆိုအပ်ပြီ။ ဣတရထာ၊ ဤမှတပါးသော အခြင်းအရာအားဖြင့်။ အတ္ထေ၊ အနက်ကို။ ဂယှမာနေ၊ ယူအပ်သည်ရှိသော်။ သာမဏေရဿာပိ၊ သာမဏေ၏လည်း။ ဘိက္ခုဝဿဂဏနာဒီသု၊ ရဟန်းဝါကို ရေတွက်ခြင်း အစရှိသည်တို့၌။ လိင်္ဂါနုရူပသံဝါသေ ဝေ၊ အသွင်အားလျော်သော ပေါင်းဖော်ခြင်းကိုသာလျှင်။ သာဒိတေ၊ သာယာအပ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သံဝါသတ္ထေနကတာ၊ အပေါင်းအဖော်ကို ခိုးတတ်သူ၏ အဖြစ်သည်။ န သိယာ၊ မဖြစ်ရာ။ ကသ္မာ၊ အဘယ်ကြောင့်နည်း ဟူမူကား။ ဘိက္ခူဟိ၊ တို့သည်။ ဒိန္နလိင်္ဂဿ၊ ၏။ ဉဘိန္နမ္ပိ၊ လိင်္ဂသံဝါသ နှစ်ပါးစုံတို့၏လည်း။ သာဒိရဏတ္တာ၊ ဆက်ဆံသည်၏ အဖြစ်ကြောင့်တည်း။ (ဝိမတိ၊ ၂။ ၁၂၁-၂)

(စ) ပန၊ အဘို့တပါးကား။ ယော၊ အကြင် သာမဏေသည်။ ဘိက္ခူဟိ၊ တို့သည်။ ပဗ္ဗဇိတော၊ ရှင်ပြု ပေးအပ်သော။ သာမဏေရော၊ သာမဏေသည်။ သမာနော၊ ဖြစ်လျက်။ ကာသာယာနိ၊ သင်္ကန်းတို့ကို။ အပနေတွာ၊ ပယ်ခွါ၍။ တေသု၊ ထိုသင်္ကန်းတို့၌။ သဉ္ဈာဟောဝ၊ နောက်ဝတ်ဦးမည်ဟူသော အားထုတ်ခြင်း ရှိသည်ဖြစ်၍သာလျှင်။ မေထုနံ ဓမ္မံ၊ မေထုန် အကျင့်ကို။ ပဋိသေဝိတွာ၊ မှီဝဲပြီး၍။ ပုန၊ တဖန်။ နိဝါသေတွာ၊ သင်္ကန်းကို ဝတ်ရုံ၍။ သာမ-ဏေရဘာဝံ၊ သာမဏေ၏ အဖြစ်ကို။ ပဋိဇာနာတိ၊ ဝန်ခံ၏။ အယံ၊ ဤ သာမဏေသည်။ ဘိက္ခူဟိ၊ တို့သည်။ ဒိန္နလိင်္ဂဿ၊ ကို။ အပရိစ္စတ္တတ္တာ၊ ကြောင့်။ လိင်္ဂတ္ထေနကော၊ သည်။ န၊ မဟုတ်။ လိင်္ဂါနုရူပဿ၊ သာမဏေအသွင်အား လျော်သော။ သံဝါသဿ၊ သာမဏေတို့နှင့် ပေါင်းဖေါ်ခြင်းကို။ သာဒိတတ္တာ၊ ကြောင့်။ သံဝါသတ္ထေနကောပိ၊ သည်လည်း။ န၊ မဟုတ်။ (ကင်္ခါ။ ၁၀၅)

(ဆ) လိင်္ဂါနုရူပဿ သံဝါသဿာတိ၊—ကား။ သာမဏေရလိင်္ဂါနုရူပဿ၊ သာမဏေ၏ အသွင်အားလျော်သော။ သာမဏေရသံဝါသဿ။ သာမဏေတို့နှင့် ပေါင်းဖေါ်ခြင်းကို။ (ကင်္ခါ၊ ဋီ၊ သစ်။၁၆ဂ)

(ဧ) င–နှင့် စ–တို့ ပြန်ကြည့်။

(ဈ) ယော စ၊ အကြင် သာမဏေသည်လည်း။ သာမဏေရော၊ သည်။ သမာနော၊ လျက်။ ဝိဒေသံ၊ အရပ်တပါးသို့။ ဂန္တွာ၊ သွား၍။ ဘိက္ခုဝဿာနိ၊ ရဟန်းဝါတို့ကို။ ဂဏေတိ၊ ရေတွက်၏။ ယထာဝုဍ္ဎံ၊ ကြီးသောသူတို့၏ အစဉ်အားဖြင့်။ ဝါ–သီတင်းကြီး အစဉ်အတိုင်း။ ဝန္ဒနံ၊ ရှိခိုးခြင်းကို။ သာဒိယတိ၊ သာယာ၏။ အာသနေန၊ နေရာဖြင့်။ ပဋိဗာဟတိ၊ တားမြစ်၏။ ဥပေါသထာဒီသု၊ ဥပုသ်အိမ် အစရှိသည်တို့၌။ သန္ဒိဿတိ၊ ထင်၏။ အယံ၊ ဤသာမဏေသည်။ သံဝါသမတ္တမေဝ၊ ရဟန်းတို့နှင့် ပေါင်းဖော်ခြင်းမျှကိုသာလျှင်။ ထေနိတတ္တာ၊ ခိုးအပ်သည်၏အဖြစ်ကြောင့်။ သံဝါသတ္ထေနကော နာမ၊ အပေါင်းအဖော်ကို ခိုးတတ်သောသူမည်၏။ ဟိ၊ မှန်၏။ ဘိက္ခုဝဿဂဏနာဒိကော၊ ရဟန်းဝါကို ရေတွက်ခြင်းအစရှိသော။ သဗ္ဗောပိ၊ အလုံးစုံလည်းဖြစ်သော။ ကိရိယဘေဒေါ၊ အမူအရာအထူးကို။ ဣမသ္မိံ အတ္ထေ၊ ဤ ထေယျသံဝါသက အရာ၌။ သံဝါသောတိ၊ သံဝါသဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်၏။ သိက္ခံ၊ သိက္ခာကို။ ပစ္စက္ခာယ၊ ၍။ မံ၊ ငါ့ကို။ ကောစိ၊ တစုံတယောက်သောသူသည်။ န ဝိဇာနာတိ၊ မသိ။ ဣတိ၊ ဤသို့။ ပုန၊ တဖန်။ ဧဝံ၊ ဤသို့။ ပဋိပဇ္ဇန္တောပိ၊ ကျင့်သောသူ၌လည်း။ ဧသေဝ နယော၊ ဤနည်းကုံသာလျှင်။ ဝေဒိတဗ္ဗော၊ ၏။ (ဝိ၊ ၄၊ ၃။ ၂၉၇။ ကင်္ခါ။ ၁၀၅)

(ည) ဣဒံ၊ ဤသို့သော အဓိပ္ပါယ်ကို။ ဝုတ္တံ၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ ကောစိ၊ တစုံတယောက်သော။ ဘိက္ခု၊ ရဟန်းသည်။ သိက္ခံ၊ ကို။ ပစ္စက္ခာယ၊ ၍။ လိင်္ဂံ၊ ရဟန်း အသွင်ကို။ အနပနေတွာ၊ မပယ်စွန့်မူ၍။ ဒုဿီလကမ္မံ၊ သီလမရှိသော ပုဂ္ဂိုလ်တို့၏အမှုကို။ ကတွာ ဝါ၊ ပြု၍သော်၎င်း။ အကတွာ ဝါ၊ မပြုမူ၍သော်၎င်း။ မံ၊ ငါ့ကို။ ကောစိ၊ တစုံတယောက်သောသူသည်။ န ဇာနာတိ၊ မသိ။ ဣတိ၊ ဤသို့။ ပုန၊ တဖန်။ သဗ္ဗံ၊အလုံးစုံသော။ပုဗ္ဗေ၊ ရှေးသံဝါသတ္ထေနက အရာ၌။ ဝုတ္တံ၊ ဆိုအပ်ပြီးသော။ ဝဿဂဏနာဒိဘေဒံ၊ ဝါရေတွက်ခြင်း စသည်ပြားသော။ ဝိဓိံ၊ အစီရင်ကို။ ပဋိပဇ္ဇတိ၊ ကျင့်၏။ သော၊ ထိုရဟန်းသည်။ ထေယျသံဝါသကော၊ သည်။ ဟောတိ၊ ၏။ ဣတိ ဣဒံ၊ ဤသို့သော အဓိပ္ပါယ်ကို။ ဝုတ္တံ၊ ဆိုလိုသည်။ ဟောတိ၊ ၏။ (ကင်္ခါ၊ ဋီ၊ သစ်။ ၁၆၉)

(ဋ) ပုဗ္ဗေ ဝုတ္တနယေ၊ ကား။ သံဝါသတ္ထေနကေ၊ သံဝါသတ္ထေနကအရာ၌။ ဝုတ္တံ၊ မိန့်ဆိုအပ်ပြီးသော။ ဝိဓိံ၊ ကို။ ပဋိပဇ္ဇတိ၊ ၏။ (ပါစိတ်ယော။ ၂၆၀)

(ဌ) အပရော၊ တပါးသော။ ဒဟရသာမဏေရော၊ ငယ်သောသာမဏေသည်။ အဗျတ္တော၊ မလိမ္မာသည်။ ဟောတိ၊ ဖြစ်၏။ မဟန္တော ဝါ၊ ကြီးသော်လည်း။ အပရော၊ တပါးသော။ သာမဏေရော၊ သည်။ အဗျတ္တော၊ မလိမ္မာသည် ဟောတိ၊ ဖြစ်၏။ သော၊ ထိုသာမဏေသည်။ ပုရိမနယေနေဝ၊ ရှေး၌ဖြစ်သော နည်းဖြင့်သာလျှင်။ ဥပ္ပဗ္ဗဇိတွာ၊ လူထွက်ပြီး၍။ ဃရေ၊ အိမ်၌။ ဝစ္ဆဂေါရက္ခဏာဒီနိ၊ နွားငယ်နွားကြီးတို့ကို ကျောင်းခြင်း အစရှိကုန်သော။ ကမ္မာနိ၊ အမှုတို့ကို။ ကာတုံ၊ ပြုခြင်းငှါ။ န ဣစ္ဆတိ၊ အလိုမရှိ။ တမေနံ၊ ထိုရှင်လူထွက်ကို။ ဉာတကာ၊ ဆွေမျိုးတို့သည်။ တာနိယေဝ ကာသာယာနိ၊ ထိုသင်္ကန်းတို့ကိုသာလျှင်။ အစ္ဆာဒေတွာ၊ ဝတ်ရုံစေ၍။ ထာလကံ ဝါ၊ ခွက်ငယ်ကိုသော်၎င်း။ ပတ္တံ ဝါ၊ သပိတ်ကိုသော်၎င်း။ ဟတ္ထေ၊ လက်၌။ ဒတွာ၊ ပေးပြီး၍။ ဂစ္ဆ၊

**သွားလော့**။ **သမဏော၀**။ ရဟန်းသည်သာလျှင်။ ဟောဟိ၊ ဖြစ်လော့။ ဣတိ၊ ဤသို့။ ဃရာ၊ **အိမ်မှ၊**နိဟရန္တိ၊ နှင်ထုတ်ကြကုန်၏။ သော၊ ထုံ ကိုယ်တိုင် သင်္ကန်းဝတ်လာသော သာမဏေအတု အယောင်သည်။ ဝိဟာရံ၊ ကျောင်းသို့၊ ဂစ္ဆတိ၊ သွား၏။ အယံ၊ ဤသာမဏေသည်။ ဥပ္ပဗ္ဗဇိတွာ၊ လူထွက်ပြီး၍။ ပုန၊ တဖန်။ သယမေဝ၊ ကိုယ်တိုင်သာလျှင်။ ပဗ္ဗဇိတော၊ ရှင်ပြုလာသူတည်း။ ဣတိ၊ ဤသို့။ နံ၊ ထိုသူကို။ ဘိက္ခူ၊ ရဟန်းတို့သည်။ နေဝ ဇာနန္တိ၊ မသိကြကုန်။ ယော၊ အကြင် သူသည်၊ ဧဝံ၊ ဤသို့။ ပဗ္ဗဇတိ၊ ကိုယ်တိုင်ရှင်ပြု၏။ သော၊ ထိုသူသည်။ ထေယျသံဝါသကော နာမ၊ ခိုးခြင်းဖြင့် ပေါင်းဖေါ်ခြင်း ရှိသောသူ မည်သည်။ဝါ-(ပါစိတ်ယော။ ၂၅၉။ ကာ်ဒွီ၊ သစ်။ ၁၆၇) အပေါင်းအဖေါ်ကို ခိုးသူမည်သည်။ ဟောတိ၊ ၏။ ဣတိ၊ ဤတို့။ သယံ၊ ကိုယ်တိုင်။ နာပိ ဇာနာတိ၊ သိလည်းမသိ။ တံ၊ ထို ကိုယ်တိုင် သင်္ကန်းဝတ်လာသော **သာမဏေကို**။ ပရိပုဏ္ဏ-ဝဿံ၊ အသက်နှစ်ဆယ်ပြည့်လတ်သော်။သစေ ဥသမ္ပာဒေန္တိ၊အကယ်၍ ရဟန်းခံပေးကုန်ငြားအံ့။ ဧဝံ **သန္တေ**သု၊ ဤသို့ ရဟန်းခံပေးကုန်လတ်သော်။ သူပသမ္ပန္နော၊ ကောင်းစွာ ရဟန်းဖြစ်၏။

(ဝိ၊ ၄၊ ၃။ ၃၀၀။ ဝိ၊ သင်္ဂဟ။ ၁၄၉)

## ၁၅-နီလကဟာပဏ္ဏာဒိ ဝိမတိစ္ဆေဒနီ

၁။ ပဌမာသကော ပါဒေါတိ တဒါ ရာဇဂဟေ ဝီသတိမာသကော ကဟာပဏော ဟောတိ၊ တသ္မာ ပဌမာသကော ပါဒေါ၊ ဧတေန လက္ခဏေန သဗ္ဗဇနပဒေသု ကဟာပဏဿ စတုတ္ထော ဘာဂေါ "ပါဒေါ"တိ ဝေဒိတဗ္ဗော။ သော စခေါ ပေါရာဏဿ (နီလကဟာ-ပဏဿ) (နေလကဟာပဏဿ) (နေ၌ကဟာပဏဿ) ဝသေန။ အဌကထာပါဌ်၌ အထွေထွေ အဘယ်ပါဌ်သင့်မည်, အလုံးစုံပင် သင့်မည် သဘောတော်ကျ ၎င်းတို့၏ ပဒတ္ထ ပြလျက် ဝိနိစ္ဆယ ချပေးပါရန်။

၂။ ယဒိ စေတံ ဥဒ္ဒေသာဝသာနေ ဝစနံ သန္ဓာယ ဝုတ္တံ သိယာ၊ န အာဝိကရိဿာ-မီတိ စိတ္တံ ဥပ္ပါဒေန္တဿ နိဒါနေ သမတ္တေပိ ဝုတ္တ မုသာဝါဒေါ န သိယာ၊ ယာဝတတိယံ အနုသာဝိယမာနေတိ ဝစနတော။ နိဒါနဝဏ္ဏနာ ကင်္ခါအဋ္ဌကထာ ၁၀၁-၌ နိဒါနုဒ္ဒေသာဝသာန စကား ပိုင်းခြားပြ၍ ကသ္မာ ပုဒ်ကို ကာရက ကြိယာ အပြည့်အစုံ စပ်ဟပ် အနက်ယောဇနာ ပေးတော်မူပါရန်။

၃။ ပဗ္ဗတာယတီတိ ဧတ္ထ ခါတုပစ္စယန္တာနံ ဘုဇာဒိတ္တာ "ဘူဝါဒိတော အ"ဣတိ အပစ္စ-ယော န ဟောတိ-ဟူသော ရူပသိဒ္ဓိဋီကာ၌ ဟိတ်ဖိုလ်တန်အောင် အဓိပ္ပါယ် ရှင်းလင်းပေးတော်မူပါရန်။ .... .... ....တပည့်ဉာဏ်၌ (ဘုဇာဒိတ္တာ)ပါဌ်၌ အဘူဝါဒိတ္တာ ရှိမှသာ အဓိပ္ပါယ် ဖြောင့် သလို ထင်မိပါသည်။

တပည့်–

**အဘယာရာမ-ပဒုမ**။

ပူးတွဲပါ အဘယာရာမတိုက် ရှင်ပဒုမ မေးလျှောက်အပ်သော ပုစ္ဆာကို သာသနဇောတိကာရုံ ဆရာတော်၏ အမိန့်အရ အမရပူရဆရာတော် အာဂုမ်ယုတ္တိ ရှေ့နောက် ညှိ၍ သိသာရုံမျှ ဖြေကြားလိုက်သည်။

## (၁) နံပါတ် ပုစ္ဆာ၏ အဖြေ

နီလကဏှပဏ္ဏ၊ နေလကဏှပဏ္ဏ၊ နေဠကဏှပဏ္ဏ–ဟု အဋ္ဌကထာပါဌ် အထွေထွေ ရှိရာ နီလကဏှပဏ္ဏ၊ နေဠကဏှပဏ္ဏ-ပါဌ်တို့ကား မသင့်။ နေလကဏှပဏ္ဏပါဌ်သာ သင့်သည်။

ခွဲ့အံ့– ယင်းပုဒ်ကား ဒေါသ (အင်္ဂါ) ဝါစက လေ-ပုဒ်နှင့် ပဋိသေဓဇောတက အဗျယ ပုဒ်တို့ အညပဒတ္ထ၌ အချင်းချင်းငဲ့စပ်၍ ကေပဒတ္ထုပဂမလက္ခဏာ ရှိသော ဗဟုဗ္ဗီဟိ သမာသ် ပုဒ်တည်း။

လေ၊ ဝုစ္စတိ ဒေါသော၊ နိဒ္ဒေါသတ္တာ တထိရိတော။ ဥရတ္တာဝိနိစ္ဆယဋီကာ ၄၀၉။ ထိုတွင် လေ-ပုဒ်ကား ကမ္ဗန အနက်ဟော ဒန္တဇ လကာရန္တ ဠလဓာတ်၊ ဏ-ပစ္စည်းဖြင့်ပြီးသော ပုဒ်တည်း။

ဠလ ကမ္ပနေ၊ ဠလတိ၊ လေ၊ လော။ တွေ လေ ဝုစ္စတိ ဒေါသော။ ကေနဋ္ဌေန၊ ဒေါသောတိ စေတ္ထ အင်္ဂဏော ဝေဒိတဗ္ဗော န ပဋိဃော။ “နေလင်္ဂေါ သေတပစ္ဆာဒေါ”တိ ဠာဒ မေတ္ထ နိဒဿနံ။ နီတိ၊ ဓာတု။ ၁၆၇။

လဋ္ဌာနမဝိသေသော- ဟူသော ပဒရူပသိဒ္ဓိကို ထောက်၍ မုဒ္ဓဇ- အက္ခရာနှင့်လည်း သင့် ကောင်းပါ၏ ဟူငြားအံ့၊ ပဒရူပသိဒ္ဓိဆရာသည် ထိုဋကားကို မုဒ္ဓဇဋ္ဌ-အက္ခရာ အာဂုမ်ဖြင့် သာ ပြီး ကောင်းသော ဆဋ္ဌာဘိညာ ဆဋ္ဌင်္ဂ ဆဋ္ဌာသိတိ ဆဋ္ဌံသာ ဆဋ္ဌာယတနံ-ဟူသော အာဂမသန္ဓိ ပုဒ်တို့ကို အပြီးစီရင်ရန် မောဂ္ဂလာန်၌ ဆာဋ္ဌော-ဟု သုတ်သီး ရှိသကဲ့သို့ ဤကစ္စည်း၌ မုဒ္ဓဇဋ္ဌ ကာရာဂမ သုတ်သီး မရှိ။ ဒန္တဇ လ-ကာရာဂမ သုတ်သာ ရှိသောကြောင့်ရင်း၊ မုဒ္ဓဇ ဋ္ဌ-ကာရာ-ဒေသဖြင့် ပြီးသော အာရုဠ္ဌော ဂူဠ္ဌော ဝူဠ္ဌော ဗာဠ္ဌော ဂါဠ္ဌော မူဠ္ဌော-စသော ကိတ်ပုဒ်တို့ကို အပြီးစီရင်ရန်။ မောဂ္ဂလာန် ၌၊ ရူပ။ ၁၄၇။ မုပ၊ ၁၄၉။ သုတ်များ အသီးသီး ရှိသကဲ့သို့ ဤ ကစ္စည်းကျမ်း၌ မုဒ္ဓဇဋ္ဌ–ကာရာဒေသ သုတ်သီး မရှိ။ ဒန္တဇ လ–ကာရာဒေသသုတ် သာ ရှိသောကြောင့်ရင်း, အလွယ်တကူ ဒန္တဇ လ–၏အက္ခရာ၏ အစား မုဒ္ဓဇဋ္ဌ–အက္ခရာ သုတ်ဖြင့်သာ လာ၍ ပြု၍ အပြီးစီရင်လေဟု သုတ်၌ လ–ဋ္ဌ အထူးမရှိ ဟူသော အနက်ကိုသာ ပြလို၍ ဆိုသည်။ ဥဒါဟရဏ်တို့၌ လ–ဋ္ဌ အထူးမရှိ၊ ဒန္တဇလ ရှိက မုဒ္ဓဇဋ္ဌနှင့် သင့်သည်။ မုဒ္ဓဇဋ္ဌနှင့် ရှိက ဒန္တဇလ နှင့် သင့်သည် ဟူသော အနက်ကို ပြလို၍ ဆိုသည် မဟုတ်သောကြောင့် ရင်း ဓာတ်ကျမ်းတို့ဝယ် ဒန္တဇလ ကာရန္တ ဠလ–ဓာတ်၌ ထုတ်သမျှ ဥဒါဟရဏ်ဘို့ကို မုဒ္ဓဇ အက္ခရာ အစီအရင် အထူးမပြ၊ ပကတိ ဒန္တဇ လ အက္ခရာ ဖြင့်သာ ထုတ်ပြအပ်သည်၏ အဖြစ်ကြောင့်ရင်း မုဒ္ဓဇ ဋ္ဌ-အက္ခရာနှင့် ဋ္ဌေ မသင့်၊ ဒန္တဇ အက္ခရာနှင့် လေသာ သင့်သည်ဟု သန္နိဋ္ဌာန်ကျ သိမြင်မှတ်ယူရမည်။ တဖန် ပဋိသေဓ ဇောတကအဗျယ သည် နိဒ္ဒေါသော စသည်တို့ကဲ့သို့ နိ ဥပသာရပုဒ်၊ အပ္ပဋိပုဂ္ဂလော စသည်တို့ကဲ့သို့ န နိပါတ်ပုဒ် နှစ်မျိုးတွင် အဘယ် အဗျယပုဒ် ဖြစ်သင့်သည်ကို စိစစ်၍ ဤ၌ ပုဒ်မှန် သိရမည်။

## ဝိစစ်ဟန်

နီဥပသာရပုဒ်ဖြစ်အံ့၊ နောက်ဖြစ်သော ဗျဉ္ဇနာဒိပုဒ်၊ သရာဒိပုဒ်တို့နှင့် သမာသ် ဖြစ်ကြရာ၌ သမာသ်အစီအရင် အထူး ရှိသည် မဟုတ်။ ဗျဉ္ဇနာဒိပုဒ်နှင့် သဒိသ အသဒိသ ဒွေဘာဝသန္ဓိ, သရာဒိပုဒ်နှင့် ရ–ကာရာဂမသန္ဓိဟူသော သန္ဓိ အစီအရင် အထူးသာ ရှိသည်။ ဤ၌ လေ ဟူသော သရာဒိပုဒ်နှင့် နီ ဥပသာရပုဒ်တို့ သမာသ်ဖြစ်သည်ရှိသော် (နီရေလကဟာပဏာ ဟု သမာသ်၏ အတွင်း၌ ရကာရာဂမသန္ဓိ အစီအရင်ဖြင့် ပုဒ်နေ ဖြစ်ရာသည်။ ဤသို့ကား ဤပုဒ်သည်ရင်း အလားတူဖြစ်သော ပုဒ်ဟူသမျှသည်ရင်း ပါဠိအဋ္ဌကထာ ဋီကာတို့၌ တစိုးတစိမျှ မရှိခဲ့။ ထို့ကြောင့် နီဥပသာရအဗျယ မဟုတ်ဟု သန္နိဋ္ဌာန်ကျ သိမြင်မှတ်ယူရမည်။

ဥ ဒု နိ ဥပသဂ္ဂါဒိပရေသု–ဥက္ကံသော ဥက္ကံသော၊ ဒုကရံ ဒုက္ကရံ၊ နိကခေါ် နိက္ကခေါ်၊ ဧဝံ ဥဂ္ဂတံ ဒုစ္စရိတံ၊ နိဇ္ဇရံ၊ ဥညာတံ၊ ဥန္နတိ၊ ဥတ္တာရော၊ ဒုက္ကရော၊ နိဒ္ဒရော၊ ဥန္နတော၊ ဒုပ္ပညော၊ ဒုဗ္ဗလော၊ နိမ္မလော၊ ဥယျုတ္တော၊ ဒုလ္လဘော၊ နိဗ္ဗတ္တော၊ ဥဿာဟော၊ ဒုဿဟော၊ နိဿရော။ **ပရဒွေ-ဘာဝေါ ဌာနေသုတ်။** ရူ။ ၄၀။

ဃရာဒိသု ပဥဒုနိအာဒိပရစတုတ္ထေသု တာဝ ပဃရတိ ပဂ္ဃရတိ၊ ဧဝံ ဥဃရတိ ဥဂ္ဃရတိ ဥဂ္ဃါဋေတိ၊ ဒုဃေါသော၊ နိဃေါသော၊ **ဝဂ္ဂေ ဃောသာ ဃောသာနံ တတိယပဌမာ** သုတ်၊ ရူ။ ၄၂။

ရကာရော နိ ဒု ပါတု ပုန ဓိ ပါတ စတုရာဒိတော၊ နိအန္တရံ နိရန္တရံ ဧဝံ နိရာလယော၊ နိရိန္ဓနော၊ နိရီဟကံ၊ နိရုတ္တရော၊ နိရောဇံ ။လ။ ပထဝီ ဓာတုရေဝေသာ။ **ယဝမဒနတရလာ စာဂမာ**သုတ်၊ ရူ။ ၃၄။

နိလကဟာပဏ၊ နီလကဟာပဏ–ပုဒ်တို့ကား၊ ဥတ္တရဝိနိစ္ဆယ ဋီကာ၌ လာသော "နိဒ္ဒေါ-သတ္တာ"ဟူသော ဝိဂ္ဂိုဟ်ပြဟိတ်ပါဌ်ကို မှီ၍ နိပုဒ်ထင်လျက် ရေးမှား ပျက်ပြားဟန်ရှိသည်။ နောက်၌ ထင်ရှားလတ့ံ။

န နိပါတ်ပုဒ်သည်ကား ဗျဉ္ဇနာဒိ ပုဒ်တို့နှင့် သမာသ်ဖြစ်ရာ၌ အ–အာဒေသ သရာဒိ ပုဒ်တို့နှင့် သမာသ် ဖြစ်ရာ၌ အန် အာဒေသ၊ သမာသ် အစီအရင်အထူးရှိသည်။ ထို အစီအရင်ဖြင့် အနေလ-ကဟာပဏ–ဟု ရှိသင့်သကဲ့သို့ ဖြစ်သော်လည်း ထိုအစီအရင်သည် ယေဘုယျသာ၊ အပ္ပက အားဖြင့် လေ စသော သရာဒိ ပုဒ်တို့၌ အန်–မပြုရ။ သမာသ်အတွင်း၌ ပုဗ္ဗသရလောပသန္ဓိ အစီအရင်ဖြင့်သာ နေလကဟာပဏ ဟု ဖြစ်သင့်သည်။

ထိုစကား မှန်၏။ ပုဗ္ဗသရလောပ နိမိတ်ကြောင့် အနည်းငယ်သော အယျ အည အဋ္ဌ အဿု သဒ္ဒါ ဝိသေသတို့၏ ပရသရ ဒီဃ အစီအရင်ကိုပြသော သဒ္ဒနီတိဆရာသည် ယေဘုယျ အားဖြင့် ပုဗ္ဗသရလောပ သန္ဓိ အစီအရင်သည်သာ ဖြစ်သည်၏ အဖြစ်ကို သိစေသည်။ သာဓကေ။ နေတံ မမ၊ နေသော ဟမသ္မိ။ အနတ္တလက္ခဏသုတ်။ နတ္ထိ ဘန္တေ၊ နသိ ရာဇဘဋ္ဌော။ ဝိနည်းမဟာဝါ။ ယာ သာ ဝါစာ နေလာ။ ဗြဟ္မဇာလသုတ်။၄။ နေလာတိ ဧလံ ဝုစ္စတိ ဒေါသော။ နာဿာ ဧလန္တိ နေလာ။ နိဒ္ဒေါသာတိ အတ္ထော။ နေလင်္ဂေါ သေတပစ္ဆာဒေါတိ ဧတ္ထ ဝုတ္တ နေလံ ဝိယ။

ရင်း အဖွင့် အဋ္ဌကထာ။ ၇၄။ လေံ ဝုစ္စတိ ဒေါသော။ ဣလတိ စိတ္တံ ပုဂ္ဂလော ဝါ ကမ္ပတိ တေနာတိ ကတွာ။ ရင်းဋီကာသစ်။ ၃၄၁။

ယခု ထုတ်ပြခဲ့ပြီးသော ပါဠိ အဋ္ဌကထာ ဋီကာတို့ကို ထောက်၍ ဤသို့လည်း သရုဒိဖြစ်သော ဒေါသ အင်္ဂုဏ်ဝါစက လေ-ပုဒ်နှင့် ပဋိသေဓ ဇောတက န နိပါတ်ပုဒ်တို့ ဗဟုဗ္ဗိဟိသမာသ် ဖြစ်သောကြောင့် သမာသ်၏ အတွင်း၌ ပုဗ္ဗသရ လောပ သန္ဓိ အစီအရင်ဖြင့် နေလကဟာပဏ ဟူသော ပါဌ်သည်သာ အသင့်အမှန်ဟု သန္နိဋ္ဌာန်ကျ သိမြင်မှတ်ယူရမည်။

(၁) နံပါတ်ပုစ္ဆာ၏ အဖြေ ပြီး၏။

---

## (၂) နံပါတ် ပုစ္ဆာ၏ အဖြေ

နိဒါနုဒ္ဒေသာဝသာနကို ပိုင်းခြား၍ မပြမီ ရှေးဦးစွာ အနည်းငယ် ရှင်းပြဦးအံ့။ ယခု မေးလျှောက်စာ၌ ထုတ်ပြထားသော ပါဌ်ဝယ် ဥဒ္ဒေသာဝသာနေ အရကား— နိဒါနုဒ္ဒေသာ-ဝသာန မဟုတ်။ ပါရာဇိကုဒ္ဒေသာဝသာနတည်း။ ထိုစကား မှန်၏။ ဤ ယဒိ စေတံ စသော စကားသည် အောက်၌ ထုတ်ပြအပ်ခဲ့သော အပရေ အနုသာဝိတန္တိပဒဿ ချီသော အပရေ ဆရာ၏ စကားကို မလှုပ်နိုင်အောင် ချုပ်ကိုင်တည်ထား၍ (ဟန္ဒိ ပုဂ္ဂလော ဥပလဗ္ဘတိ သစ္ဆိကဋ္ဌ ပရမတ္ထေန စသော ကထာ ဝတ္ထုကို မျှော်) အပြစ်ပြလျက် ပယ်ချလို၍ တက်လာသော စကား ဖြစ်သည်။ ထိုကြောင့် ရှေးဝါကျ၌ ဥပရိ ဥဒ္ဒေသာဝသာနေနှင့် ဤ ဥဒ္ဒေသာဝသာနေ ပုဒ်တို့ကား အရတူ ဖြစ်သည်။

ဥပရိ ဥဒ္ဒေသာဝသာနေတိ ပါရာဇိကုဒ္ဒေသာဝသာနေ။ ကခါ၊ ဋီကာသစ်။ ၁၆၁။ ဤသို့သော ရှေ့နောက်ဝါကျ သမ္ဗန္ဓ အစပ်အသွားကို မမျှော်မူ၍ ဤ ယဒိ စေတံ-ချီသော ဌပနာ ဝါကျ၌ ပါရှိသော ဥဒ္ဒေသာဝသာနေ ပုဒ်၏အရကို—

နိဒါနုဒ္ဒေသာဝသာနကို ယူအပ်သည်ရှိသော် နောက်ဖြစ်သော န အာဝိကရိဿာမိ ။လ။ န ယုဇ္ဇတိ-ဟူသော အယုတ္တိပြ အာဘောဂရုပ် အဖြေ ပါဌ်တို့နှင့် ဖြောင့်ဖြောင့်ဆန့်ကျင်ရာသည်။ နစ်နစ်နောနော သဘောမိအောင် ကြံမိစေ။

### အပိုင်းအခြား

နိဒါနုဒ္ဒေသသည် ဥဒ္ဒိဋ္ဌ နိဒါနုဒ္ဒေသာဝသာန၊ တန္တြာရဋ္ဌ နိဒါနုဒ္ဒေသာဝသာန ဟူ၍ နှစ်ပါးရှိ၏။ ထိုတွင် ယခု ပေ ဘုတ်အုပ်တို့၌ ရှိသော "ဝေ မေတံ ဓာရယာမိ"ကား ဥဒ္ဒိဋ္ဌ နိဒါနုဒ္ဒေသာဝသာန ဖြစ်သည်။ အာဝိကတာ ဟိဿ ဖာသု ဟောတိ တွင် ရှေ့ကား တန္တြာရဋ္ဌ နိဒါနုဒ္ဒေသာဝသာန ဖြစ်သည်။

ထိုကြောင့်— ကခါ၊ ဌ၊ ၁၀၂။၃။ တံ ပနေတံ ပါရာဇိကာဒီနံ အဝသာနေ ဒိဿတိ၊ န နိဒါနာဝသာနေ။ ကိဥ္စာပိ န ဒိဿတိ၊ အထ ခေါ ဥဒ္ဒေသကာလေ "အာဝိကတာ

ဟိယျ ဖာသု ဟောတိ” တိ ဝတွာ “ဥဒ္ဒိဋ္ဌံ ခေါ အာယသ္မန္တော နိဒါနံ၊ တတ္ထာယသ္မန္တေ ပုစ္ဆာမိ” တိ အာဒိနာ နယေန ဝတ္တဗ္ဗမေဝ။ ဧဝံဟိ နိဒါနံ သုဥဒ္ဒိဋ္ဌံ ဟောတိ။ အညထာ ဒုဥဒ္ဒိဋ္ဌံ-ဟု နောက် ၁၀၂။၌ မိန့်အပ်လတ့်။ နိဒါနေ သမတ္တေပိ၌ နိဒါနအရကို တန္တ္ထာ ရှင့ နိဒါနုဒ္ဒေသ ဟူ၍ မှတ်လေ။

**ကာချကကြိယာနှင့်တကွ အနွယ ဝါကျကို အပြည့်အစုံထုတ်၍ ယောဇနာဟန်**

ကသ္မာ၊ ကြောင့်။ အဟံ၊ သည်။ အာပတ္တိံ၊ ကို။ န အာဝိကရိဿာမီတိ၊ ထင်စွာ မပြုအံ့ဟူ၍။ စိတ္တံ၊ ဝီတိက္ကမစိတ်ကို။ ဥပ္ပါဒေန္တဿ၊ ဖြစ်စေသော။ ဘိက္ခုနော၊ အလဇ္ဇီရဟန်းအား။ နိဒါနေ၊ နိဒါန်းသည်။ သမတ္တေပိ၊ အာဝိကတာ ဟိဿ ဖာသု ဟောတိဟု ပြီးသော်လည်း။ ဝုတ္တမုသာဝါ-ဒေါ၊ ပါဠိ၌ “သမ္ပဇာန မုသာဝါဒဿ ဟောတိ” ဟု ဟောတော်မူအပ်သော သမ္ပဇာနမုသာဝါဒ ဒုက္ကဋ်အာပတ်သည်။ န သိယာ၊ မဖြစ်ရာသနည်း(ဗျတိရေက)။ ပါရာဇိကုဒ္ဒေသေ၊ ၌။ သမတ္တေ ယေဝ၊ “ဧဝ မေတံ ဓာရယာမိ”ဟု ပြီးသော်သာလျှင်။ ဝုတ္တ မုသာဝါဒေါ၊ သည်။ သိယာ၊ ဖြစ်ရာ **သနည်း(အနွယ)။ ဣတိ အယံ၊ သည်ကား။ ပုစ္ဆာ၊ တည်း။ ရှေးဝါကျ၌လည်း ဤသို့ အပြည့်အစုံ အနွယနှင့်တကွ ယောဇနာ။**

အမှာ။ ။အကြောင်းကင်းလျက် အကျိုးသက်သက်သာ ဆိုအပ်သော စကား၌ ကွယ်ဝှက်သော အကြောင်းကို ကသ္မာ-ဟူသော အမေးကိုထုတ်သည်။ ထိုအမေးပုစ္ဆာသည် မူလ ရှေးဖလ ဝါကျလျှင်ဖြစ်ရာ ဝိသယရှိသောကြောင့် မူလရှေးဝါကျတခုလုံးကို လိုက်စေ၍ အနက် ယောဇနာ ရသည်မှတ်။

(၂) နံပါတ်ပုစ္ဆာ၏ အဖြေ ပြီး၏

---

၃ နံပါတ်ပုစ္ဆာ၏ **အဖြေ**—

ပဗ္ဗတာယတီတိ ဋ္ဌေဓာတုပစ္စယန္တာနံ ဘုဇာဒိတ္တာ “ဘုဝါဒိတော အ” ဣတိ အပစ္စယော န ဟောတိ၌ ဟိတ်ဖိုလ်ဖြောင့် မှန် တော်တန်သော အဝေပွါယ်ကား။

ဘောတ္တု မိစ္ဆတိဟူသော ဓာတ်၏ အနက်၌ ခ-ပစ္စည်းသက်၍ပြီးသော ဗုဘုက္ခ-ဟူသော ဓာတု ပစ္စယန္တသဒ္ဒါသည် ကာရကရူပစာအားဖြင့် ဘုဇမည်၏။ ထိုအတူ ခ-အစကာရိုက်ပစ္စည်းအဆုံးရှိသော ဓာတုပစ္စယန္တ သဒ္ဒါဟူသမျှသည် ဘုဇသဒ္ဒါလျှင် အတူရှိသောကြောင့် ဘုဇာဒိမည်၏။ ဤသို့ ပဗ္ဗတာယတိ၌ ဓာတုပစ္စယန္တသဒ္ဒါတို့၏ ဘုဇာဒိ (အာကတိဂဏ) သဒ္ဒါဖြစ်သောကြောင့် ဘုဝါဒိ တော အ-သုတ်ဖြင့် အ-ပစ္စည်းမဖြစ် (မသက်ရ) ဟု ဆိုလိုသည်။ ထိုစကားသည် ဘုဇာဒိ သဒ္ဒါတို့ နောင် မည်သည့် ဝိကရဏပစ္စည်းမျှမဖြစ်သောကြောင့် အာဒိဒီပက ဥပလက္ခဏ စကားတည်း။

**အလားတူ အသုံးအနှုန်းစကား ထုတ်ပြချက်**—

သမ္မန္တံ ပယောဇယတိ၊ သမေတိ၊ ဃမယတိ။ ဃဋ္ဋာဒိတ္တာ န ဝုဒ္ဓိ၊ ရူ။ ၅၄၃သုတ်။ အထ ဝါ **ဝစ** ဝိယတ္တိယံ ဝါစာယံ၊ ပသယှ ပဝတ္တုံ သီလမဿာတိ ပသယှ ပဝတ္တာ ပသယှပဝတ္တာရော။

ဘုဇာဒိတ္တာ ခေတ္တန္တလောပ ဒ္ဒိတ္တာနိ။ ရှု၊ ၅၉၀ သုတ်။ အဘုဋ္ဌိတ္တာတိ ဘုတ္တော၊ ဩဒနော။ ဘုဇာဒိတ္တာ ခေတ္တန္တလောပေါ ဒ္ဒိတ္တာဋ္ဌ။ ရှု၊ ၆၂၈ သုတ်။

ယခု ထုတ်ပြအပ်ပြီးသော ဟိတ်ဖိုလ်ဖြောင့်မှန် တော်တန်သော အခိပ္ပါယ် အလားတူထင်သော ပုဒ်ခေတ်တို့ဖြင့် သဘောလက္ခဏာ တူမှတ်၍ဆိုသော စာကိုယ်ဆရာ၏ အသုံးအနှုန်း စကားရပ်များကို ထောက်ထား၍ အဘုဝါဒိတ္တာ-ဟု ရှိမှသာ အဓိပ္ပါယ်ဖြောင့်သည်ဟု ငါ့ရှင်ဉာဏ်သက်သော အတိုင်း ပယ်ဖျက်ပြင်ဆင်မှုကို မပြုအပ်။ ဘုဇာဒိတ္တာဟူသော ပါဌ်သည်သာ ပါဌ်ဟောင်း ပါဌ်ကောင်း ဖြစ်သည်ဟု မြဲမြံစွာမှတ်ယူရမည်။

မှာထားချက်။ ။တိဇ ဂုပ ကိတ မာနေဟိ ခ ဆသာ ဝါ·သုတ်မှ ရှေ·ဦးအစ တိဇ-ခေတ်ဖြင့် မမှတ်သည်ကား ထိုသုတ်သည် ပကာရဝါစက အာဒိမပါ လိုရာခေတ်အထူးကိုသာ ညွှန်ပြသော ကြောင့် သာမညသဒ္ဒါဟူသမျှကို သင်္ဂြိုဟ်မှတ်သားတတ်သော အာကတိဂိုဏ်းမှတ် ခေတ်မဖြစ်ကောင်း၊ အကယ်၍ မှတ်သည်ဖြစ်အံ့ ထိုသုတ်ရှိ ခေတုပစ္စယန္တ လေးခုကိုသာ ရရာသည်၊အကြွင်းမဲ့ ပစ္စယန္တတို့ကို မရလေရာ။

## ၃ နံပါတ်ပုစ္ဆာ၏ အဖြေပြီး၏။

ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့် ကျေးဇူးရှင် ဆရာတော်မြတ် ချမှတ်အပ်သော အမိန့်တော်ကို ဦးထိပ်ထက် ပန်ဆင်လျက် တပည့်ဖြစ်သော ဥက္ကံသမည်သော အမရပူရ ဆရာတော်သည် ဆုံးဖြတ်အပ်သော ဝိမတိစ္ဆေဒနီကထာ ပြီးဆုံးလတ်ပြီ။

၁၃၁၄-ခု ကဆုန်လဆန်း ၁၅-ရက်နေ့

ဤအဆုံးအဖြတ်၌ပါသော ပါဠိအဋ္ဌကထာ စသည်တို့ကို

က-ခ စသော အမှတ်စဉ်အတိုင်း အနက်ပြန်ဆိုလိုက်အံ့

(က) ပဋ္ဌမာသကော ပါဒေါတိ၊ ဟူသည်ကား။ တဒါ၊ ထိုအခါ၌။ ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌။ ဝီသတိမာသကော၊ ပဲနှစ်ဆယ်တန်ကြေးရှိသော။ ကဟာပဏော၊ တကျပ်သည်။ဟောတိ၊ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ပဋ္ဌမာသကော၊ ငါးပဲသည်။ ပါဒေါ၊ တမတ်မည်၏။ ဧတေန လက္ခဏေန၊ ဤလက္ခဏာဖြင့်။ သဗ္ဗဇနပဒေသု။ အလုံးစုံသောဇနပုဒ်တို့၌။ ကဟာပဏဿ၊ တကျပ်၏။ စတုတ္ထော၊ လေးခုမြောက်သော။ ဘာဂေါ၊ အဘို့ကို။ ပါဒေါတိ၊ တမတ်ဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်၏။ သော စ ခေါ၊ ထိုတမတ်ကိုလည်း။ပေါရာဏဿ၊ ရှေး၌ဖြစ်သော၊ နေလကဟာပဏဿ၊ ရှေး၌ဖြစ်သော ကျမ်းအားလျော်စွာ လက္ခဏာနှင့် ပြည့်စုံသည်ဖြစ်၍ ဖြစ်စေအပ်သော အပြစ်မရှိသော အသပြာတကျပ်၏။ ဝသေန၊ အစွမ်းဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။ (ဝိ၊ဋ္ဌ၊၁။၂၅၈)

(ခ) စ၊ဆက်ဦးအံ့။တော်၊"ယဿ သိယာ"အစရှိသော စကားသုံးခုအပေါင်းကို။ဝါ၊ဤအနုသာဝိတ် ဟူသောပုဒ်ကို။ ဥဒ္ဒေသာဝသာနေ၊ ပါရာဇိကုဒ္ဒေသအဆုံး၌။ ဝစနံ၊ဆိုအပ်သော စကားကို။ သန္ဓာယ၊ ရည်ရွယ်၍။ ဝုတ္တံ၊ ဆိုအပ်သည်။ ယဒိ သိယာ၊ အကယ်၍ဖြစ်အံ့။ န အာဝိကရိဿာမိ-တိ၊ ထင်စွာမပြုအံ့ဟူ၍။ စိတ္တံ၊ စိတ်ကို။ ဥပ္ပါဒေန္တဿ၊ ဖြစ်စေသောရဟန်းအား။ နိဒါနေ၊ နိဒါန်း

သည်။ သမတ္တောပိ၊ ပြီးဆုံးသော်လည်း။ ဝုတ္တမုသာဝါဒေါ၊ ဆိုအပ်သော မုသာဝါဒ ဒုက္ကဋ်အာပတ်သည်။ န သိယာ၊ မဖြစ်ရာ။ ကသ္မာ၊ စသည့်အနက် (၅)အမှတ်ကြည့်ပါ။ (ကခ်ါ။၁၀၁)

(ဂ) ပဗ္ဗတာယတီတိ တွေ၊ ပဗ္ဗတာယတိဟူသော ဤပြယုဂ်၌။ ခါတုပစ္စယန္တာနံ၊ ဓါတ်ကို ညွှန်ပြသော အာယ စသော ပစ္စည်းအဆုံးရှိကုန်သော ပုဒ်တို့၏။ ဘုဇာဒိတ္တာ၊ ဘုဇာဒိဂိုဏ်း၏ အဖြစ်ကြောင့်။ ဘူဝါဒိတော အဉ္ဉတိ သုတ္တေန၊ ဘူဝါဒိတော အဟူသော သုတ်ဖြင့်။ အပစ္စယော၊ အပစ္စည်းသည်။ န ဟောတိ၊ မသက်ရ။ (ရူ၊ဋီ၊သုတ္တ။၅၃၆)

(ဃ) ဒေါသော၊ အပြစ်ကို။ လောတိ၊ လောဟူ၍။ ဝုစ္စတေ၊ ဆိုအပ်၏။ နိဒ္ဒေါသတ္တာ၊ အပြစ်မရှိသည်၏ အဖြစ်ကြောင့်။ တထာ၊ ထို နေလာဟူသော အခြင်းအရာအားဖြင့်။ ဤရိတော၊ ဆိုအပ်၏။ (ဥပ္ပတ္တရ ဝိနိစ္ဆယဋီ။၄၀၉)

(င) တော၊ ဤရူပကန္ဒသည်။ မမ၊ ငါ၏ ဥစ္စာသည်။ န၊ မဟုတ်။ သော၊ ဤရူပကန္ဒသည်။ အဟံ၊ အတ္တ အသက်လိပ်ပြာ ဝိညာဉ်ကောင်သည်။ နအသ္မိ၊ မဟုတ်။ (ဝိ၊၃။၂၀။သံ၊ ၂။ ၅၆)

(စ) ဘန္တေ၊ အရှင်ဘုရား။ နတ္ထိ၊ မရှိပါဘုရား။ တွံ၊ သင်သည်။ ရာဇဘဋော၊ မင်းထံခစားမင်းယောကျ်ားသည်" န အသိ၊ မဟုတ်ဘဲ ဖြစ်ပါ၏လော။ (ဝိ၊၃။၁၃၀)

(ဆ) ယာ သာ ဝါစာ၊ အကြင်စကားသည်။ နေလာ၊ အပြစ်မရှိ။ (ဒီ၊ ၁။ ၄။ မ၊ ၁။ ၂၃၇။ အံ၊ ၁။ ၁၂၆။ အဘိ၊ ဓ။ ၂၆၀။ အဘိ၊ ပု။ ၁၃၃)

(ဇ) နေလာတိ တွေ၊ နေလာဟူသောပ ဋ်၌။ ဒေါသော၊ အပြစ်ကို။ လေ၊ လေဟူ၍။ဝုစ္စတိ၊ ဆိုအပ်၏။ အဿာ ဝါစာယ၊ ထိုစကားအား။ လေံ၊ အပြစ်သည်။ န မရှိ။ ဣတိ၊ ဤသို့ အပြစ်မရှိရာ၏ အဖြစ်ကြောင့်။ သာ ဝါစာ၊ ထိုစကားသည်။ နေလာ၊ နေလာမည်၏။ နိဒ္ဒေါသာ၊ အပြစ်မရှိသော စကားကို။ လဗ္ဘတိ၊ ရအပ်၏။ ဣတိ အယံ၊ ဤသည်ကား။ အတ္တော၊ အနက်တည်း။ နေလင်္ဂေါ၊ အပြစ်မရှိသော သီလတည်းဟူသော အစိတ်အင်္ဂါရှိသော။ သေတပစ္ဆာဒေါ၊ ဖြူစင်သော အရဟတ္တဖိုလ် တည်းဟူသော အမိုးရှိသော။ ရထော၊ မဟာဘုတ် လေးပါးဖြင့်ပြီးသော ကိုယ်ဟုဆိုအပ်သော ရထားသည်။ ဝတ္တတိ၊ ဖြစ်၏။ ဣတိတွေ၊ ဤ(ဥဒါန။ ၁၇၃။ သံ၊ ၂။၄၇၃။)ပါဠိတော်၌။ ပဝတ္တံ၊ ဖြစ်သော။ ဝုတ္တ နေလံ ဝိယ၊ ဟောတော်မူအပ်သော နေလ သဒ္ဒါကဲ့သို့တည်း။(ဒီ၊ဋ္ဌ၊၁။၇၄)

(ဈ) တေန ဒေါသေန၊ ထိုအပြစ်ဖြင့်။ စိတ္တံ၊ စိတ်သည်။ ဣလတိ ကမ္ပတိ၊ တုန်လှုပ်တတ်၏။ ဣတိတသ္မာ၊ ထိုသို့ စိတ်၏ တုန်လှုပ်ကြောင်း၏ အဖြစ်ကြောင့်။ သော ဒေါသော၊ ထိုအပြစ်သည်။ လေ၊ လေမည်၏။ ဝါ၊ တနည်းကား။ တေန ဒေါသေန၊ ဖြင့်။ ပုဂ္ဂလော၊ သည်။ ဣလတိ ကမ္ပတိ၊ ၏။ ဣတိ တသ္မာ၊ ထိုသို့ ပုဂ္ဂိုလ်၏ တုန်လှုပ်ကြောင်း၏ အဖြစ်ကြောင့်။ သော ဒေါသော၊ သည်။ လေ၊ ၏။ ဣတိ ကတ္ဘာ ဣတိ တသ္မာ၊ ထိုကြောင့်။ ဒေါသော၊ အပြစ်ကို။ လေ၊ လေဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ (သီ၊ ဋီ၊ သစ်။ ၃၄၁)။

(ည) သစ္စိကဋ္ဌပရမတ္ထေန၊ မှန်သောသဘော မြတ်သော အနက်သဘောအားဖြင့်။ ပုဂ္ဂလော၊ အတ္တ အသက် လိပ်ပြာ ဝိညာဉ်ကောင်ကို။ ဟဉ္စိ ဥပလဗ္ဘတိ၊ အကယ်၍ သိအပ်သည်ဖြစ်အံ့။ (အဘိ၊ က။ ၁)။

(ဋ) ဥပရိ ဥဒ္ဒေသာဝသာနေတိ၊ ....ကား။ ပါရာဇိကုဒ္ဒေသာဝသာနေ၊ ပါရာဇိကုဒ္ဒေသ အဆုံး၌။ (ကခ်၊ ဋီ၊ သစ်။ ၁၆၁)။

(ဌ) ပန၊ ဆက်ဦးအံ့။ တံ ဧတံ၊ ထို "တတ္ထာယသ္မန္တေ ပုစ္ဆာမိ"အစရှိသော သုံးကြိမ်တိုင် အောင် ကြားစေခြင်းသည်။ ပါရာဇိကာဒီနံ၊ ပါရာဇိကုဒ္ဒေသ အစရှိသည်တို့၏။ အဝသာနေ၊ အဆုံး၌။ ဒိဿတိ၊ ထင်၏။ နိဒါနာဝသာနေ၊ နိဒါနုဒ္ဒေသ၏ အဆုံး၌။ န ဒိဿတိ၊ မထင်။ ကိဉ္စာပိ န ဒိဿတိ၊ အကယ်၍ကား မထင်။ အထခေါ၊ ထိုသို့ မထင်သော်လည်း။ ဥဒ္ဒေသကာလေ၊ နိဒါ- နုဒ္ဒေသကို ပြရာအခါ၌။ အာဝိကတာ ဟိဿ ဖာသု ဟောတီတိ၊ ဟူ၍။ ဝတွာ၊ ဆိုပြီး၍။

ဥဒ္ဒိဋ္ဌံ ခေါ အာယသ္မန္တော နိဒါနံ၊ တတ္ထာယသ္မန္တေ ပုစ္ဆာမိတိ အာဒိနာ၊ ဤသို့ အစရှိသော။ နယေန၊ နည်းဖြင့်။ ဝတ္တဗ္ဗမေဝ၊ ဆိုအပ်သည်သာလျှင်တည်း။ ဟိ၊ အကျိုးကို ပြဦးအံ့။ ဧဝံ၊ ဤသို့ ဆိုအပ်သည်ရှိသော်။ နိဒါနံ၊ နိဒါန်းကို။ သုဥဒ္ဒိဋ္ဌံ၊ ကောင်းစွာပြအပ်သည်။ ဟောတိ၊ ဖြစ်၏။ အညထာ၊ တပါးသောအခြင်းအရာအားဖြင့်။ အတ္တော၊ အနက်ကို။ ဂယှမာနေ၊ ယူအပ် သည် ရှိသော်။ နိဒါနံ၊ ကို။ ဒုဥဒ္ဒိဋ္ဌံ၊ မကောင်းသဖြင့် ပြအပ်သည်။ ဟောတိ၊ ဖြစ်၏။ (ကခ်။ ၁၀၂)။

(ဍ) .... .... ....(ဂ)အမှတ် ကြည့်။

(ဎ) သမ္မန္နံ၊ ငြိမ်းတက်သူကို။ ပယောဇေတိ၊ အားထုတ်စေ၏။ သမေတိ သမယတိ၊ ငြိမ်း စေ၏။ ဃဋ္ဋာဒိတ္တာ၊ ဃဋ္ဋာဒိဂိုဏ်း၏ အဖြစ်ကြောင့်။ န ဝုဒ္ဓိ၊ သာမေတိ သာမယတိ ဟု ဝုဒ္ဓိ မဖြစ်။ (ရူ။ ၅၄၃-သုတ္တ)။

(ဏ) အထ ဝါ၊ တနည်းကား။ ဝစ၊ ဝစ ဓာတ်သည်။ ဝိယတ္တိယံ၊ လိမ်မာသော သူ၏ ဥစ္စာဖြစ်သော။ ဝါစာယံ၊ စကား၌။ ဝတ္တတိ၊ ဖြစ်၏။ ပသယှ၊ နှိပ်စက်၍။ ပဝတ္တံ၊ ပြောဆို ခြင်းငှါ။ သီလံ၊ အလေ့သည်။ အဿ၊ ထိုပုဂ္ဂိုလ်အား။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထိုကြောင့်။ ပသယှပဝတ္တာ၊ မည်၏။ ပသယှပဝတ္တာ၊ နှိပ်စက်၍ ပြောဆိုခြင်းငှါ အလေ့ရှိသောသူ။ ပသယှ ပဝတ္တာ ရော၊ တို့။ ဘုဇာဒိတ္တာ၊ ဘုဇာဒိဂိုဏ်း၏ အဖြစ်ကြောင့်။ ဓာတွန္တလောပ ဒွိတ္တာနိ၊ ဓာတွန် စ ကျေခြင်း၊ တ ပစ္စည်း၏ ဒွေဘော် ပြုခြင်းတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ (ရူ။ ၅၇၉-သုတ္တ)။

(တ) အဘုဉ္ဇိတ္ထ၊ စားအပ်ပြီ။ ဣတိ၊ ထိုကြောင့်။ ဘုတ္တော၊ မည်၏။ ဩဒနော၊ ထမင်းကို။ လဗ္ဘတိ၊ ရအပ်၏။ ဘုဇာဒိတ္တာ၊ ဘုဇာဒိဂိုဏ်း၏ အဖြစ်ကြောင့်။ ဓာတွန္တလောပေါ၊ ဓာတွန် ဇကို ချေ။ ဒွိတ္တဉ္စ၊ တ- ပစ္စည်းကိုလည်း ဒွေဘော်ပြု။ (ရူ။ ၆၂၇-သုတ္တ)။

## ၁၆–သုက်ဿာတာဒိဝိမတိဝိနောဒနီ

### သူပုန်နယ်တွင်း မှောင်ခိုပစ္စည်းယူသော ရဟန်း

အစိုးရ သတ်မှတ်ပိုင်းခြားထားသော နေရာမှ ဤပစ္စည်းများကိုမယူနှင့်၊ (ဝါ) သူပုန်နယ်တွင်းသို့ ဆေးထိုးရန် ကိရိယာနှင့်ထိုးဆေးများ မယူရဟု အမိန့် သတ်မှတ်ထားသည်ကို ရဟန်းများက မသိအောင် ယူသောအရာဝယ် အာပတ်မှ လွတ် မလွတ် သေချာစွာ အဆုံးအဖြတ် သိလိုပါ၏

မလွတ်သော် ခိုးခြင်းကြီးတို့တွင် အဘယ်အထဲဝင်သည်ဟု သွင်းပေးရန် လျှောက်ထားအပ်ပါသည် ဘုရား။

ဦးကုသလ
ပတ္တမြားကျောင်း မြင်းဝန်တိုက် မန္တလေးမြို့။

### ဖြေဆိုချက်

အထက်ဖော်ပြထားသော မန္တလေးမြို့ မြင်းဝန်တိုက် ပတ္တမြားကျောင်း ဦးကုသလ မေးလျှောက်အပ်သော အမေးကို ဝိနယောပဒေသ၌ ချသွင်းလျက် အကျဉ်းအားဖြင့် ဖြေကြားဆုံးဖြတ်ပေအံ့ —

အစိုးရမင်းတို့ ပိုင်းခြားကာ သတ်မှတ်ထားသော နယ်မြေမှ သူပုန်နယ်မြေသို့ ဝှက်ကဲတိမ်းရှောင် မသိအောင်ယူအပ်သော ဆေးထိုးကိရိယာနှင့် ဆေးပစ္စည်းများသည် အစိုးရနှင့် အစိုးရတို့ထံမှ အာဏာရရှိသူ တစုံတယောက်၏ ဘဏ္ဍာ မဟုတ်၊ မိမိ မိမိနှင့် ဘဘောတူ ယူဆောင်သူတို့၏ ဘဏ္ဍာသာ ဖြစ်သည်။ ထိုဘဏ္ဍာမျိုးသည် ပါရာဇိက ဝတ္ထု မဟုတ်။ ပစ္စည်းရှင်တို့က မိမိအား ကိုယ်နှုတ်တို့ဖြင့် မပေးအပ်၊ လက်မလွှတ်အပ်၊ မငဲ့ကွက် မစွန့်အပ်၊ အစောင့်အရှောက်စီရင်၍ စောင့်ရှောက်အပ်သော သေတ္တာ စသည်တို့၌ ထည့်၍ လုံခြုံစေအပ်၊ ငါ့ဥစ္စာဟု မြတ်နိုးအပ်၊ ယူသူမှ တပါးသော ဥစ္စာပိုင်ရှင်တို့ သိမ်းဆည်းအပ်သော ဘဏ္ဍာမျိုးသည်သာ ပါရာဇိက ဝတ္ထု ဖြစ်သည်။

ထိုကြောင့် အဒိန္န–ဟူသော မာတိကာ၏ ပဒဘာဇနီ (ဝိ၊ ၁။၅၇) ၌–

အဒိန္နံ နာမ ယံ အဒိန္နံ အနိဿဋ္ဌံ အပရိစ္စတ္တံ ရက္ခိတံ ဂေါပိတံ မမာယိတံ ပရပရိဂ္ဂဟိတံ၊ တံ အဒိန္နံ နာမ။

ဟု ဟောတော်မူအပ်ပြီ။ ဆိုအပ်ပြီးသော ပါရာဇိက ဝတ္ထုမဟုတ်သော မိမိ မိမိနှင့် သဘောတူ လူမသိအောင် ယူသောသူတို့၏ ဆေးထိုးကိရိယာ ဆေးပစ္စည်းဘဏ္ဍာကို ဝါ ကိုယ့်ဘဏ္ဍာကို ဝှက်ကဲတိမ်းရှောင် မသိအောင် ယူရာ၌ ၂၅-ပါးသော ခိုးခြင်းတို့တွင် နိဿဂ္ဂိယသုက်ဿာတ ခိုးခြင်း၌သာ သက် မသက် ချသွင်းကြည့်သင့်သည်။ တပါးသော ခိုးခြင်းတို့၌ မကျဉ်းပါးသင့်။

## ချသွင်းကြည့်ဟန်

ဤအရပ်ထို့ ဘဏ္ဍာကို ယူဆောင်၍ ဝင်သောသူ (သို့မဟုတ်) ထွက်သောသူအား (အန္တောသုက်ဃာတေ စသော နောက်ပါဋ္ဌိအရ ထွက်သူကိုလည်း ယူ) အခွန်ကောက်ယူစေရာ—

အစိုးရမင်းတို့ သတ်မှတ်ထားသော အရပ်သို့ ဝင်သောသူ ထွက်သောသူသည် သတ်မှတ်ထားသော အကောက်အခွန်ကို ပေး၍သာ ဝင်ထွက်ရသည်။ ဝင်လျှင် ထွက်လျှင် ထိုသူထံမှ သတ်မှတ်ထားသော အကောက်ခွန်သည် မင်းအား ထိုက်သော ဘဏ္ဍာ, မင်းအား ပေးအပ်သော ဘဏ္ဍာဖြစ်တော့သည်၊ ထိုရာဇာရဟ ရာဇဒေယျဘာဂ ဘဏ္ဍာကို ထေယျစိတ်ဖြင့် (ဤ အရပ်နေ အစိုးရမင်းအား အကောက်အခွန်ကို မပေးအံ့-ဟု ထေယျစိတ်ကို ဖြစ်စေ၍) အခွန်တော်ဌာန နယ်မြေ အပိုင်းအခြာ ကို လွန်မြောက်စေမှု ပါရာဇိက အာပတ်သင့်သည်။ **ဤကား သုက်ဃာတ** ခိုးခြင်းတည်း။ ဤ သုက်ဃာတ၌ ဝှက်ကွယ်၍ မသိအောင် ယူဆောင်အပ်သော မိမိ ဘဏ္ဍာသည် ပါရာဇိက ဝတ္ထုမဟုတ်။ အကောက်ခွန် ဟူသော ရာဇာရဟ ရာဇဒေယျဘာဂ ဘဏ္ဍာ သည်သာ ပါရာဇိက ဝတ္ထုဖြစ်သည်။ ထေယျ စိတ်သည်လည်း အကောက်ခွန်၌သာ ဖြစ်သည်။ ထိုကြောင့် အဋ္ဌကထာ (၁၁၄) ၌—

ရာဇဂ္ဂံ ဘဏ္ဍန္တိ ရာဇာရဟံ ဘဏ္ဍံ။ ယတော ရညော **ပဥ္စမာသကံ ဝါ အတိရေကပဥ္စမာသကံ ဝါ အဂ္ဃနကံ သုင်္ကံ** ဒါတဗ္ဗံ ဟောတိ၊ တံ ဘဏ္ဍန္တိ **အတ္ထော**။ ဟု—

အကောက်ခွန်ကိုသာ ပါရာဇိက ဝတ္ထု၏ အဖြစ်ဖြင့် ပိုင်းခြားတော်မူပြီးလျှင်။ ထေယျစိတ္တောတိ ဣတော ရညော သုင်္ကံ န ဒဿာမီတိ ထေယျစိတ္တံ ဥပ္ပါဒေတွာ တံ ဘဏ္ဍံ အာမသတိ၊ ဒုက္ကဋံ။ ပ။ ပါရာဇိကံ။ ဟု အကောက်ခွန်၌သာ ထေယျစိတ်ဖြစ်သည်၏ အဖြစ်ကို မိန့်တော်မူအပ်ပြီ။ (သုက်ဃာတကထာ ပါဋ္ဌိတော်ကို ကျယ်အံ့စိုး၍ မထုတ်လိုက်၊ ရှာလွယ်ပါ၏)။

သူပုန်နယ်မြေ အတွင်းသို့ ဆေးထိုး ကိရိယာနှင့် ဆေးပစ္စည်းများကို မသိအောင် ယူဆောင်ရာ၌ ဆေးထိုး ကိရိယာ ဆေးပစ္စည်းများသည် ပါရာဇိက ဝတ္ထုလည်း မဟုတ်၊ ထေယျစိတ်၏ ဖြစ်ရာ ဖြစ်ကြောင်းလည်း မဟုတ်၊ ဝှက်ကွဲ တိမ်းရှောင် မသိအောင် ယူသော သူသည်လည်း မင်းဘဏ္ဍာကို ခိုးလိုသောစိတ်ဖြင့် ဆောင်သည် မဟုတ်၊ မင်းဘေးမှ ကြောက်သောကြောင့် မင်းဘေးမှ လွတ်လိုသောစိတ်ဖြင့်သာ ဆောင်သည်။ သုက်ဃာတ၌ မင်းအား ထိုက်သော အကောက်ခွန် ဘဏ္ဍာကို မပေးဘဲ ထုတ်ဆောင်လျက် မင်း၏ အကောက်ခွန်ကို ဖျက်ဆီး သကဲ့သို့ တစုံဘရာ မင်းအား ထိုက်သော ဘဏ္ဍာကို မပေးဘဲ ယုတ်လျော့ ပျက်စီးအောင် ဖျက်ဆီးသည်လည်း မဟုတ်၊ ထို့ကြောင့် သုက်ဃာတ ခိုးခြင်း၌ မသက်ဝင်(အလျော်မဟုတ်)၊ ကြွင်းသော ခိုးခြင်းတို့၌ ဆိုဘွယ် မရှိ-ဟု သန္နိဋ္ဌာန်ကျ သိမြင် မှတ်ယူရမည်။

တဆင့်တက်၍ စိစစ် ရှင်းလင်းချက်။ ။ ယခုကာလ အစိုးရမင်း တို့သည် သူပုန် နယ်မြေ အတွင်းသို့ ဆေးထိုးကိရိယာ ဆေးပစ္စည်း မသွင်းယူရ၊ ယူလျှင် ထိုက်သင့်သော ငွေဒဏ်, (သို့မဟုတ်) ထောင်ဒဏ်, (သို့မဟုတ်) ငွေဒဏ် ထောင်ဒဏ် နှစ်ရပ် ကျခံစေ ရမည်ဟု ဥပဒေ ထုတ် **ကတ်သည်၊ ထိုဥပဒေ၌ ငွေဒဏ် ထောင်ဒဏ်များသည် ပြည်ပိုင် အစိုးရထံမှ အာဏာ ရရှိထား**

သော တရားရုံးတော်မှ ချမှတ် ရိုက်တပ်လိုက်သော အခါမှ ရာဇာရဟ ရာဇဒေယျဘာဂ ဘဏ္ဍာ ဖြစ်လာသည်။ ဆိုင်ရာ တရားရုံးတော်မှ "ဒဏ်ငွေ မည်ရွေမည်မျှ ထမ်းဆောင်စေ"ဟု မချမှတ် မရိုက်တပ်သေးမီ (သို့မဟုတ်) မရိုက်တပ်ပါက ရာဇာရဟ ရာဇဒေယျ ဘဏ္ဍာ အဖြစ်သို့ မရောက်သေး၊ ဝါ, မရောက်လာ။ (ပါရာဇိက ဝတ္ထုပြင် မရှိသေး)။ ထိုရာဇာရဟ ။ပ။ မရောက်လာသော ဘဏ္ဍာ၌ "ဒဏ်ငွေကို မပေးအံ့"ဟု ထေယျ စိတ်လည်း မဖြစ်ကောင်း။ ထို့ကြောင့် အစိုးရမင်းတို့ သတ်မှတ်ထားသော နယ်မြေမှ သူပုန် နယ်မြေသို့ ဆေးထိုး ကိရိယာ ဆေးပစ္စည်းများကို ဝှက်ကဲ့ တိမ်းရှောင် မသိအောင် ယူသော ရဟန်းအား ပါရာဇိက အာပတ် မသင့်၊ ရိုက်တပ်သော ဒဏ်ငွေကို မထမ်းဆောင်ဘဲ သွေ့ရှောင် ဖျက်ဆီးသော အခါမှသာ ဘဏ္ဍာ အတိုးပြတ်၍ အာပတ်သို့ တင်အပ်သည်ဟု ယုံမှားမရှိ သိမြင် မှတ်ယူရမည်။

ရဟန်းတို့အား မအပ်မလျော်သော အမှုကို ပြုခြင်းကြောင့်ကား ဒုက္ကဋ် အာပတ်မှ မလွတ်ရကား စင်စစ် မပြုအပ် မပြုကောင်း၊ ထိုအမှုမျိုးကို ဝေးစွာ ရှောင်ကြဉ်ရာသတည်း။

ဤမျှသော စကား အစဉ်ဖြင့် ဦးကုသလ၏ အမေးကို ဝိနယောပဒေသ၌ ချသွင်းလျက် အကျဉ်းအားဖြင့် အမရပူရကျောင်း ဆရာတော်ဘုရား ဖြေကြား ဆုံးဖြတ်အပ်သော ဝိမတိစ္ဆေဒနီကထာ ပြီး၏။

ဤအဆုံးအဖြတ်၌ ပါသော ပါဠိအဋ္ဌကထာ စသည့်ကို
က—ခ စသော အမှတ်စဉ် အတိုင်း အနက် ပြန်ဆိုလိုက်အံ့—

(က) အဒိန္နံ နာမ၊ အဒိန္န မည်သည်ကား။ ယံ၊ အကြင်ဥစ္စာကို။ အဒိန္နံ၊ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်။ အနိဿဋ္ဌံ၊ မစွန့်လွှတ်အပ်။ အပရိစ္စတ္တံ၊ မစွန့်ကြဲအပ်။ ရက္ခိတံ၊ စောင့်ရှောက်အပ်၏။ ဂေါပိတံ၊ လုံခြုံစေအပ်၏။ မမာယိတံ၊ မြတ်နိုးအပ်၏။ ပရပရိဂ္ဂဟိတံ၊ သူတပါးတို့သည် သိမ်းဆည်းအပ်၏။ တံ၊ ဤဥစ္စာသည်။ အဒိန္နံ နာမ၊ အဒိန္န မည်၏။

(ခ) ရာဇဂ္ဂံ ဘဏ္ဍန္တိ၊ — — ဟူသည်ကား။ ရာဇာရဟံ၊ မင်းအားထိုက်သော။ ဘဏ္ဍံ၊ ဘဏ္ဍာတည်း။ ယတော၊ အကြင်ဘဏ္ဍာမှ။ ရညော၊ မင်းအား။ ပဉ္စမာသကံ ဝါ၊ ငါးပဲကို သော်၎င်း။ အတိရေကပဉ္စမာသကံ ဝါ၊ ငါးပဲထက် အပိုအလွန်ကို သော်၎င်း။ အဂ္ဃနကံ၊ အဘိုး ထိုက်တန်သော။ သုက်ံ၊ အခွန်ကို။ ဒါတဗ္ဗံ၊ ပေးအပ်သည်။ ဟောတိ၊ ဖြစ်၏။ တံ ဘဏ္ဍံ၊ ထို ဘဏ္ဍာကို။ အာမသတိ၊ သုံးသပ်၏။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။

(ဝိ၊ ၃၊ ၁။ ၃၁၄)

ထေယျ စိတ္တောတိ၊ ——ကား။ ဣတော၊ ဤဘဏ္ဍာမှ။ ရညော၊ မင်းအား။ သုက်ံ၊ အခွန်ကို။ န ဒဿာမိ၊ မပေးအံ့။ ဣတိ၊ ဤသို့။ ထေယျစိတ္တံ၊ ခိုးလိုသော စိတ်ကို။ ဥပ္ပါဒေတွာ၊ ဖြစ်စေ၍။ တံ ဘဏ္ဍံ၊ ထိုဘဏ္ဍာကို။ အာမသတိ၊ သုံးသပ်အံ့။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ ဒုက္ကဋံ၊ ဒုက္ကဋ် အာပတ်သင့်၏။ ပ။ ပါရာဇိကံ၊ ပါရာဇိက အာပတ်သင့်၏။ (ဋီ၊ ၃၊ ၁။ ၃၁၄)

## ၁၇-ဥပနိက္ခိတ္တ ဘဏ္ဍာဒိဝိမတိစ္ဆေဒနီ

မန္တလေးမြို့ ဒက္ခိဏာရာမတိုက် စာချဆရာတော် ဦးနာဒရ အရှင်မြတ်သို့ လျှောက်ထား တောင်းပန်လွှာ—

ရှမ်းပြည်တောင်ပိုင်း အောင်ပန်းမြို့ ဂိုဏ်းထောက် တပည့် ဦးပုညနှင့် ကျေးကုန်းကျောင်း တပည့်တော် ဦးဝီရိယဓဇ တို့က လျှောက်ထား တောင်းပန် အပ်ပါသည် ဆရာတော် အရှင် သူမြတ် ဘုရား။

တပည့်တော်များ၏ အောင်ပန်းနယ်ရှိ သံဃာတော်များ မကွဲပြားမှုကို ရှေးရှု ငဲ့ကွက်တော် မူပြီးလျှင် ပူးတွဲပါ ဒုတိယ သိက္ခာပုဒ် အမှုတွဲကို လက်ခံ ကြည့်ရှု စစ်ဆေးတော်မူပြီးလျှင် အဆုံး အဖြတ် ပေးသနားတော်မူရန် လျှောက်ထား အပ်ပါသည် ဘုရား။

ဆရာတော် ဘုရား၏ အဆုံးအဖြတ်များကို တပည့်တော်တို့၏ အောင်ပန်း နယ်လုံးဆိုင်ရာ သံဃာတော်များက လိုက်နာရန် အားလုံး ဆန္ဒ ရရှိပြီး ဖြစ်ပါသည် ဘုရား။ ။

ဂိုဏ်းထောက် ဆရာတော်<br>ဦးပုည<br>ပြင်သာကျောင်း<br>အောင်ပန်းမြို့။

ကျေးကုန်းဆရာတော်<br>ဦးဝီရိယဓဇ။ (မူအတိုင်း။)

အထက်ပါ လျှောက်ထားချက်အရ စစ်တန်း စစ်ချက် အထွက် အဆို မပို မယုတ် စေရ ယထာဓမ္မ ကျန မှန်ကန်အောင် အထပ်ထပ် စူးစမ်း ဆင်ခြင်လျက် သုတ်သင် ဖြေကြား ပေးရန် ကျေးဇူးရှင် သာသနာ့ ဇောတိကာရုံ အုတ်ကျောင်း ဆရာတော် အမိန့် ချမှတ်တော် မူချက်အရ အမရပူရ ဆရာတော် ဖြေကြားလိုက်သည်။

### ဖြေဆိုချက်

၁၃၁၃-ခု သီတင်းကျွတ် လပြည့်ကျော် ၃-ရက်နေ့စွဲ။

စောဒက .... .... မမြခင်၊ ပွဲစားစိုး။

စုဒိတက .... .... လွယ်မောကျောင်း ဦးပဏ္ဍိဝ။

အမှု .... .... .... ဥပနိက္ခိတ္တ ဘဏ္ဍာမှု။

တရားခံ မောင်ကျော် အစစ်ခံချက်အရ လွယ်မောကျောင်း ဆရာနှင့် စပ်ယှက်နေသဖြင့် ယခု အမှုသည် သံဃာတော်များနှင့်သာ သက်ဆိုင်နေ၍ စစ်ဆေးစီရင် ဆုံးဖြတ်တော်မူရန် သာမိုင်း ခမ်းနယ် မြို့စားမင်း ရုံးတော်မှ တရားလို တရားခံတို့ အစစ်ခံ ထွက်ချက်များပါ တင်ပြလျက်

သာမိုင်းခမ်းနယ် ဂိုဏ်းချုပ် ဂိုဏ်းအုပ်များထံသို့ အပ်နှံလှူပေးအပ်သော အမှုကို ၎င်း သံဃာ့ ရုံးတော်မှ အထက်ပါ‌ လျှောက်လွှာဖြင့် စစ်ချက် စစ်တန်းနှင့်တကွ အောင်ပန်း နယ်လုံးဆိုင်ရာ သံဃာဆန္ဒကို ယူပြီးလျှင် အဆုံးအဖြတ် တောင်းခံ လျှောက်ထားရာ တင်ပြ ဆက်ကပ်လိုက်သော တရားလို, တရားလိုပြသက်သေ၊ တရားခံ, တရားခံပြသက်သေ တို့၏ ထွက်ဆို အစစ်ခံချက်တို့ကို သေချာစေ့ငု ကြည့်ရှုလေ့လာသောအခါ–

တရားလို၏ အစစ်ခံချက်မှ ကောက်နုတ်အပ်သော လိုအပ်ရာရာ သံဃာ့ဘောင်သို့ သက်လာသော အစစ်ခံချက်များ၊ သာမိုင်းခမ်းနယ်ရှင် မြို့စားမင်းရုံးတော်၌—

၁။ ကျမပိုင် ပစ္စည်းများ လဘက်ခြောက်အိတ် ၂-ပိုင်း၊ ထန်းဖာနှင့်ထည့်လျက် အဝတ်အထည် များ၊ ၎င်းတို့ကို လွယ်မောကျောင်း ဘုန်းကြီးထံ အပ်ထား၍ လဲရိုးရွာနေ ကိုစိန် ကိုယ်တိုင် စင်မြင့်ပေါ်တွင် တင်ထားပေးပါသည်။ ၎င်းပစ္စည်းများ အပ်ထားကြစဉ်အခါ ၁။ အောင်ပန်းမြို့နေ ပွဲစား ပြည့်။ ၂။ လက်သမား မြ။ ၃။ လဲရိုးရွာနေ ကိုစိန်။ ၄။ ကိုညို တို့ ရှိကြပါသည်။ တချက်။

၂။ အပ်နှံထားသော ပစ္စည်းများကို (ဝါဆိုလအတွင်း) လွယ်မောကျောင်းတွင် သွားရောက် ယူသောအခါ ဖာကို တွေ့သော်လည်း ပစ္စည်းများစုံလင်ခြင်း မရှိသဖြင့် ဘုန်းတော်ကြီး ထံ ပြော ပြပြီး ပြန်လာပါသည်။ တချက်။

၃။ နောက် အောင်ပန်းဈေးထဲတွင် လွယ်မောရွာနေ မောင်ကျော်ထံတွင် ကျမ ဖာထဲတွင် ထည့်ထားသော ဝါနီအင်္ကျီကို ဝတ်သာရာ တွေ့မြင်ရသဖြင့် ဌာနာအုပ်မင်းထံ တိုင်တန်း ပါသည်။ တချက်။

ပြင်သာကျောင်း ဂိုဏ်းထောက် ဆရာတော်ဘုရား ရုံးတော်၌–

၁။ ထန်း ဖာတလုံး အတွင်းမှာ အထည်ပစ္စည်း အပြည့်အစုံထည့်ထားရာ လွယ်မောဘုန်းကြီး ကျောင်း ကြမ်းစင်ပေါ်မှာ တင်ထားရန် လျှောက်ထားသောအခါ လွယ်မောဘုန်းကြီး က ကြည့်၍ ထားခဲ့-ဟု ပြောသဖြင့် လဲရိုးရွာနေ ကိုစိန်နှင့် အောင်ပန်းမြို့ လက်သမား မြတို့နှင့် အတူတကွ တင်ထားခဲ့ပါသည်ဘုရား။ တချက်။

၂။ ပွေးလုရွာနေ ကိုရောင် ဆိုသူနှင့် တပည့်တော်မတို့ လွယ်မောကျောင်းတွင် ထားခဲ့သည့် ဆန်အိတ်, လဘက်ခြောက်အိတ် ပစ္စည်း အပြည့်အစုံနှင့် ထန်းဖာကို သွားရောက်ယူသော အခါ လဘက်ခြောက်အိတ်နှင့် ဆန်အိတ်ကို မတွေ့ပါ။ ထန်းဖာ တပည့်တော်မ ထား သော နေရာတွင် မရှိ။ ထင်းရှူးသေတ္တာတလုံးအတွင်းမှာ ထန်းဖာကို တွေ့မြင်ရပါသည်။ ထန်းဖာတွင် ချုပ်ထားသော ကြိုးများ နေရာ ပျက်နေသည်ကို တွေ့ရပါသည်၊ ၎င်း ထန်းဖာကို ဖွင့်ကြည့်ရာ ပစ္စည်း အပြည့်အစုံ မရှိပါ၊ ရရှိသော ပစ္စည်းများမှာ ဖျင်အင်္ကျီ-၁, လုံချည် ၅-ကွင်း, ပိုက်ဆံ အနုတ်ထုပ် ၁ဝ-ကျိုးခန့်ကိုသာ ပြန်၍ ရပါသည် ဘုရား။ တချက်။

၃။ ယခု အရှင်ဘုရားထံတွင် ရှိနေသော ဝါနီအင်္ကျီမှာ အမှတ်အသားထားသဖြင့် လွယ်မောရွာမှ ကိုကျော် ဈေးထဲ ဝတ်လာသည်၊ ပုလိပ်ဌာနတွင် တိုင်တန်း သိမ်းဆည်းခိုင်းရပါသည်။ တချက်။

၄။ ၎င်းအင်္ကျီတွေ့စဉ်က လွယ်မောဘုန်းကြီးကျောင်းမှ ပစ္စည်းများ စပါးနှင့်လဲ၍ စားကုန်ပြီ ထင်သောကြောင့် သွားရောက်ယူရပါသည်။ ၁၃၀၇-ခု ဝါဆိုလက ထင်ပါသည်။တချက်။

ဤကား တရားလို၏ အစစ်ခံချက်။

## တရားလိုပြသက်သေ အစစ်ခံချက်များ

ပွဲစားပြည့် အစစ်ခံချက်။

ပွဲစား စိုး မမြခင်တို့နှင့်အတူ ဂျပန်များ ကြောက်၍ပါသဖြင့် လွယ်မောကျောင်းသို့ ပစ္စည်းများယူ၍ ပြေးသွားပြီး ကျောင်းရောက်သောအခါ သတော်ကြမ်းပေါ် တက်၍ ကိုယ့်ပစ္စည်း သူ့ပစ္စည်း ထားရပါသည်။ တချက်။

လက်သမား မြ ထွက်ချက် အထူး မရှိ။

ကိုစိန်၏ အစစ်ခံချက်။

ဘုန်းကြီးထံ အပ်မအပ် မသိပါ၊ လွယ်မောဘုန်းကြီးက ဒါယိကာမများ ပစ္စည်းများ လာအပ်ထားကြပါသည်ဟု ပြောသည်ကို မကြား မသိရပါ၊ ပွဲစား ပြည့်တို့ အပ်ကြောင်း ကိုလည်း မသိရပါဘုရား။ ထိုမှတပါး ထွက်ချက်များကား မထူးခြားလှ။ တချက်။

ဤကား တရားလိုပြ သက်သေတို့၏ အစစ်ခံချက်

## ကောက်နုတ်ချက်

တရားခံ၏ အစစ်ခံချက်မှ ကောက်နုတ်အပ်သော လိုအပ်ရာရာ သံဃာ့ဘောင်သို့ သက်လာသော အစစ်ခံချက်များ—

၁။ အဆိုပါ တိုင်တန်းချက်တွင် ပါသည့်ပစ္စည်းများ မသိ မမြင်ပါ။ တချက်။

၂။ လဲရိုးရွာ ကိုစိန်ညိုနှင့် အောင်ပန်း ပွဲစားမြ ပွဲစားပြည့်တို့၏ ပစ္စည်းကို သူတို့နှင့်အတူ ယူလာကြပါသည်။ ဘုန်းကြီးကို မအပ်ပါ၊ ပွဲစားစိုး မမြခင် ပစ္စည်း မအပ်ထား၊ ပဌမအကြိမ် ပွဲစားစိုး တို့ ပစ္စည်းလာမေးသောအခါ ဘာများပါလာသည် မသိ၊ လာထားကြောင်း ကြားရပါသည်။ ဒုတိယအကြိမ် လာပို့သောအခါ ကလေး နေမကောင်း၍ ဘာ ပါလာသည်ကို မသိပါ၊ တချက်။

၃။ ဒုတိယအကြိမ် ဂုံအိတ်ဆောင်း၍ လာပါသည်၊ ဘာ ပါလာသည် မသိပါ၊ ဘာမျှ မလျှောက် မတိုင်ကြားပါ၊ ကုလားထိုင်သာ အပ်ပါသည်။ ကျောင်းကို ပွဲစားစိုး မမြခင် ၃-ကြိမ် တိုင်တိုင် လာပါသည်။ တချက်။

၄။ ပွဲစားစိုး မမြခင်တို့ ၃-ကြိမ်လာစဉ် ပဌမအကြိမ်မှာ ကုလားထိုင်နှင့် ရေအည့်သော မြောတောင်းကို အပ်ပါသည်၊ နောက်သာသော အကြိမ်များမှာ ဂ.လေး မမာ၍ ဘာမျှမသိပါ။ တချက်။

၅။ ကျောင်းပေါ်ရှိ သင်္ဘောကြမ်းပေါ်မှာ မည်သူ၏ ပစ္စည်းကိုမျှ မထားပါ၊ တပည့်တော်၏ ခေါင်းအုံးထည့်ထားသော ထင်းရှူးသေတ္တာ တလုံးသာ ရှိပါသည်။ တချက်။

၆။ ကလေးဖျားနေ၍ ပွဲစားစိုး မမြခင်တို့ ထားသော ပစ္စည်းများ မအိ လှည်းနှင့် ယူသွားတင်နေသော အခါမှသာ သိရပါသည်၊ မသိရခြင်းမှာ ၎င်းတို့ ထား မထား မသိရပါ။ တချက်။

၇။ ထင်းရှူးသေတ္တာထဲသို့ ပွဲစားစိုး မမြခင်တို့ ထန်းဖါရောက်ခနကြောင်း လွယ်စောင်ရွာတွင် မသာအသုဘ ရှိနေ၍ ပွဲစားစိုး မမြခင်တို့ ပစ္စည်းထားသည်ကို မသိပါ၊ လဲရိုးရွာနေ ကိုညို သာ သိပါသည်။ တချက်။

၉။ လွယ်မောရွာ မောင်ကျော်ထံတွင် ချည်လုံချီနှင့် ယခု ရှေ့တော်မှာ ရှိသော ဝါနီအင်္ကျီနှင့် လဲရပါသည်။ တချက်။

၁၀။ ၁၃၀၆-ခု တန်ဆောင်မုန်းလဆန်း ၁၅-ရက်နေ့က အင်းကုန်းရွာနေ လက်သမား ပေ ထံမှ ဝယ်ယူရပါသည်။ တချက်။

၁၁။ ယခု ရှေ့တော်မှာ အင်္ကျီဝယ်စဉ်က အဓိက (မျက်မြင်) သက်သေ ရှိပါသည်။

အင်္ကျီမှာ ၂ထည်ဖြစ်၍ ၁-ထည်မှာ မိန်းမဝတ်အင်္ကျီ တကာမအို အတွက်ဖြစ်၍ (၁) မောင်ငုံ လွယ်မောရွာနေ (၂) ကိုအေး လွယ်မောရွာ (၃) မောင်ထွေး လွယ်မောရွာ တို့ ဖြစ်ပါသည်။ ငွေကို မောင်ငုံ ရေတွက်၍ ပေးရပါသည် ဘုရား။ တချက်။ ဤကား တရားခံ၏ အစစ်ခံချက်။ ။

## မောင်ကျော်၏ အစစ်ခံချက်

လွယ်မော ဘုန်းကြီးကျောင်း ထံမှ အမှန် လဲလှယ်ယူကြောင်း ထွက်ဆိုသည်။ ၉-နံပါတ်၌ တရားခံကိုယ်တိုင် ဝန်ခံထားသည်။ ထိုကြောင့် ၎င်းပြသက်သေ ကိုစိန် ထွက်ချက် မလိုပြီ။ တရားခံပြသက်သေ မောင်ငုံ၏ အစစ်ခံချက်—

ယောကျ်ားဝတ်အင်္ကျီမှာ ဂျပန်ငွေနှင့် (၉၅၀) မိန်းမဝတ် အင်္ကျီမှာ (၇၅၀) ပေးဝယ်ရကြောင်း ကိုအေး ပြော၍ သိရပါသည်။ ငွေကို ဘုန်းကြီးကိုယ်တိုင် ပေးရသည်ဟု ဘုန်းကြီးကပြော၍ သိရပါသည် ဘုရား။

ယခု ကောက်ယူပြအပ်သော အစစ်ခံထွက်ချက်အရပ်ရပ်များတွင် တရားလိုမ-မမြခင်၏ အစစ်ခံချက်သည် မြို့စားမင်းရုံးတော်နှင့် သံဃာရုံးတော် နှစ်ဌာနလုံးမှာပင် ပစ္စည်းများကို လွယ်မော

ဘုန်းကြီးကျောင်းကို လျှောက်ထားအပ်နှံထားသည်။ မိမိပိုင် အင်္ကျီကို ကိုကျော်ဝတ်လာသည်ကို ဈေးတွင်မြင်၍ သွားရောက်ယူလျှင် စုံလင်စွာ မတွေ့ရ။ ပျောက်ဆုံးပါသည်ဟု နှစ်လအခါ ညီညာ မယိမ်း မတိမ်းမဖေါက် ရှေ့နောက်မမှား တသားတည်းထွက်ဆိုထားသော စကား ဖြစ်သည့်ပြင် သက်သေများ၏ ထွက်ချက်များကလည်း တရားလို၏ ပစ္စည်းကို ဘုန်းကြီးအား အပ်နှံထားသည်ကို မသိပါဟူသော ကိုစိန်၏ ထွက်ချက် စကားတခွန်းမှ တ၂ါး အားလုံး တရားလို ဆိုတိုင်းပင် လွယ်မောကျောင်း၌ ပစ္စည်းထားကြောင်း ထောက်ခံလျက်ရှိလေသည်။

တရားခံ ရှင်ပဏ္ဍဝ၏(၁၀ နှင့် ၁၁)နံပါတ် ထွက်ချက်များ၌ ဒိဋ္ဌသက်သေတင်ပြလျက် သေသူ လက်သမား ဖေထံမှ မိမိဝယ်ယူရပါသည်ဟူ၍ရင်း အဘိုးငွေကို မောင်ပုံရေတွက်၍ ပေးရပါသည်ဟူ၍ ရင်း ထွက်ဆိုသောစကားများသည် သက်သေ မောင်ပုံ၏ ထွက်ချက်မှာ ဝယ်ရကြောင်းကို ကိုအေး ပြော၍ သိရ၂ါသည်၊ ငွေကို ဘုန်းကြီးကိုယ်တိုင် ပေးရသည်ဟု ဘုန်းကြီးကတဆင့် ပြော၍သာ သိရပါသည်ဟု မတူကွဲပြား ထွက်ဆိုထားသောကြောင့် ယုံကြည်ထိုက်သောစကား မဟုတ်သည့် အပြင် မောင်ကျော်ကလည်း ထိုအင်္ကျီကို လွယ်မောဘုန်းကြီးထံမှ လဲလှယ်ရကြောင်း သက်သေနှင့် အခိုင်အမာ ထွက်ဆိုသည်။

ထိုထွက်ချက်ကို တရားခံ ရှင်ပဏ္ဍဝကိုယ်တိုင် (၉) နံပါတ်ထွက်ချက်၌ ဝန်ခံထားသည်။ (၇) နံပါတ်ထွက်ချက်အရ၊ တရားလို၏ ပစ္စည်းဌာန အာကာရရွေ့ရှားပျက်စီးနေကြောင်းကိုလည်း သိရသည်ဖြစ်၍ ထိုပစ္စည်းကို ထေယျစိတ်ဖြင့် လွယ်မောဘုန်းကြီး တရားခံ ရှင်ပဏ္ဍဝခိုးယူထား ကြောင်း အလွန်ထင်ရှားသည်။ ဘဏ္ဍာနှင့်သက်ဆိုင်သော (၁၊ ၂၊ ၃၊ ၄၊) ထွက်ချက်များ၌ ထို စွဲချက်တင်ထားသောပစ္စည်းများ မအပ်မနှံပါဟူသော ထွက်ဆိုချက်မျှကိုသာယူ၍ အဆုံးအဖြတ် ပေးလျှင် ဌာနာစာဝနဖြင့် မူလစ္ဆေဇ္ဇ အန္တိမပါရာဇိကအဆုံးအဖြတ်ပေးဘွယ်ရှိသော်လည်း —

> အထဿ ပါရာဇိကစ္ဆာယာ ဒိဿတိ၊ "ပါရာဇိကာပတ္တိ"တိ န တာဝ ဝတ္တဗ္ဗံ။ ကသ္မာ မေထုနဓမ္မဝီတိက္ကမော ဟိ ဥတ္တရိမနုဿဓမ္မဝီတိက္ကမော စ ဩဠာရိကော၊ အဒိန္နာဒါန- မနုဿဝိဂ္ဂဟဝီတိက္ကမာ ပန သုခုမာ စိတ္တလဟုကာ။ တေ သုခုမေနေဝ အာပဇ္ဇတိ၊ သုခုမေန ရက္ခတိ(ဝိ၊ဋ္ဌ၊၁။ ၂၀၁)ဟူ၍ရင်း၊ ဒုလ္လဘော ဟိ ဗုဒ္ဓုပ္ပါဒေါ တတော ဒုလ္လဘတရာ ပဗ္ဗဇ္ဇာ စ ဥပသမ္ပဒါ စ (ဝိ၊ဋ္ဌ၊၁။ ၂၀၂) ဟူ၍ရင်း၊ မိန့်မှာအပ်သော အဋ္ဌကထာ အနု- သာသနီအရ....

အလွန်သိမ်မွေ့သော အဒိန္နာဒါန် အရာဖြစ်သည်လည်းတကြောင်း၊ ပုထုဇဉ်တို့ဓမ္မတာ ယထာကာရီ တထာဝါဒီ မညီမညာ မှုရာကွဲပြား ဆိုမှားမိသောကြောင့် အလွန်မှရခဲလှစွာသော ရဟန်း၏ အဖြစ်ကို မဆုံးရှုံး စေလိုသည်လည်းတကြောင်း တို့ကြောင့် ထွက်ချက်အရပ်ရပ်၊ စေ့စပ်နှီးနှော သဘောယုတ္တိ ရှိ-မရှိ မှန်-မမှန်ကို အတန်တန်ကြည့်ရှုဆင်ခြင်ပြန်လျှင် ထိုတရားခံ ရှင်ပဏ္ဍဝသည် (၂) နံပါတ်ထွက်ချက်၌ ပဌမအကြိမ် ပွဲစားစိုးတို့ ပစ္စည်းလာပေးသောအခါ ဘာများလာထား သည် မသိပါဟု ဖုံးကွယ်ပြီးသည်ကို တဖန် (၃၊၄) နံပါတ်ထွက်ချက်တို့၌ ပဌမအကြိမ်မှာ ကုလား ထိုင်နှင့် ရေထည့်သော မြေခတောင်းအပ်ပါသည်ဟု ထွက်ဆိုဝန်ခံပြန်သည်။

ထို (၁၊၂၊၃၊၄၊) ထွက်ချက်တို့၌ အချို့သော အချက်အလက်တို့ကိုသာ ရွေးကောက်ဝန်ခံ၍ အချို့သော အချက်အလက်များကို ဖုံးကွယ်ထားသည်၊ တိမ်းစောင်းမညီ ကွေ့လည်ချောင်ပတ် ဝှက်ကပ်သောစကားများကို ဆိုနေခြင်းသည် ရိုးဖြောင့်မှန်ကန်စွာ ဆိုသောလက္ခဏာမထင်၊ မီးပုံကြီးကို ရွှေတောင်ကြီးအသွင် မှတ်ထင်၍ တိုးဝင်သော ပိုးပရန်ကဲ့သို့ ဝိနည်းအပြစ်ကို မမြင်၊ လူမှုပြစ်ကိုသာ ကြဉ်လို၍ သမ္မဇဉ်ကင်းကွာ လွန်စွာကြောက်ဖွယ်ကောင်းသော အန္တိမဝတ္ထုဘက်သို့သာ ယိမ်းယိုင်တိမ်းပါး မှောက်မှားသက်ဆင်းစေမည့် စကားများကိုသာ ဆိုမိဟန်လက္ခဏာရှိလေသည်။

ဟုတ်မှန်တိုင်းကို မဆိုသောကြောင့် ရေနောက်ဝယ်ကျက်စားသောငါး ကဲ့သို့အလိုကို သိနိုင်ခဲ့ရကား ပုနပ္ပုန် အနုဝဇ္ဇတဗ္ဗ-ဟူသော ပါဠိတော်နှင့်အညီ တရားလိုနှင့်အတူ ကျောင်းသို့လာရောက်၍ ပစ္စည်းထားသူများ၏ ပစ္စည်းထားပုံအခြေအနေကို တဘန် အမှတ်မဲ့ စစ်ဆေးမေးမြန်းစေပြန်လျှင် ၄င်းဒါယိကာမ (တရားလို) ဘုန်းကြီးထံ ပစ္စည်းအပ်စဉ်အခါက တယောက်ထည်းမဟုတ်ပါ၊ များစွာသော ဒါယကာ ဒါယိကာမများလည်း မိမိတို့၏ ပစ္စည်းအသီးသီးကို ဘုန်းကြီးထံမှာပင် လျှောက်ထားကာ အပ်နှံ၍ထားကြပါသည်ဘုရားဟု တရားခံ (စုဒိတက) ပုဂ္ဂိုလ်ထွက်ဆိုပြန်လေသည်၊ ဤနောက်ထပ် အမှတ်မဲ့ထွက်ဆိုသော စကားကို ထောက်လျှင်၊ ရှေး (၂)နံပါတ်၌ အတူလာကြသော ကိုစိန်၊ ကိုညို ပွဲစားပြည့် လက်သမားမြတို့ ပစ္စည်းမအပ်ပါဟု ထွက်ဆိုသော စကား၊ ပဌမအကြိမ်ချင်းတူလျက် အပ်-မအပ် မညီသော (၂)နံပါတ်နှင့် (၃) နံပါတ်ထွက်ဆိုသော စကားများသည် ရှေ့နောက်မစပ်မညီသောကြောင့်ရင်း၊ ဘေးရန်ရှိသောအခါ ဘေးရန်ကင်းမည့်နေရာသို့ ပစ္စည်းများကို သွားရောက်ထားသောအခါ ထိုနေရာကို ပိုင်ဆိုင်စောင့်ရှောက်နေသော ဗ္ဗဿရိယပုဂ္ဂိုလ်ကို အသိမပေး မအပ်မနှံဘဲ ထား ခြင်းမျိုးသည် လောကထုံးစံ လွန်ဆန်ကာ မရှိကောင်းသောကြောင့်ရင်း၊ ဤကျောင်းမှာ ပစ္စည်းထားပါရစေဟု ခွင့်ပန်ပြီးထားသည်ကို မမြစ်မလှန် ကျေနပ်လက်ခံလျှင် မတားမြစ်သေးသမျှ အပ်နှံသည်ပင်ဖြစ်သောကြောင့်ရင်း ရှေ့နောက်စကား လောကသွားကို ထောက်ချင့်၍ ရှေ့ယခင်က ရှေ့နောက်မညီ ထွက်ဆိုသော (၁) (၂) (၃) (၄) (၆) နံပါတ်ထွက်ချက်စကားများနှင့် (၅) (၇) နံပါတ် ထွက်ချက်စကားများသည် ဝိနည်း၌ မလိမ္မာ လောကပြစ်မျှကိုသာ ပယ်ခွါလိုသောကြောင့် ဖောက်လွဲ-တည် လေ်လည် ထွက်ဆိုသောစကား များသာ ဖြစ်သည်ဟူ၍ရင်း။ နောက်ထပ်ထွက်ချက်အတိုင်း တရားလိုနှင့်အတူ လာကြသော ဒါယကာ ဒါယိကာမများကဲ့သို့ တရားလိုမ-မမြခင်သည်လည်း ကေန် သူ၏ ပစ္စည်းကို ဘုန်းကြီးအား လျှောက်ထားအပ်နှံသည်၊ အပ်နှံသောအခါလည်း တချို့တဝက်သာ မဟုတ်၊ ထားသမျှပင် အပ်နှံသည်ဟူ၍ရင်း ငါတို့အသင့် ယူဆယုံကြည်မိကြသည်။ ထိုကြောင့်ပင် စွဲဆိုတင်ပြထားသော ဘဏ္ဍာသည် ဉပနိက္ခိတ္တဘဏ္ဍာဖြစ်သည်ဟု ယူဆဆုံ့ဖြတ်သည်။

ယင်းသို့ ဉပနိက္ခိတ္တ ဘဏ္ဍာ ဖြစ်လေပြီတကား—

တံ ပန ဉပနိဓိ နာမ သင်္ဂေါပနတ္ထာယ အတ္တနော ဟတ္ထေ ပရေဟိ ဌပိတဘဏ္ဍံ အဂုတ္တဒေသတော ဌာနာ စာဝေတွာ ဂုတ္တဋ္ဌာနေ ဌပနတ္ထာယ ဟရတော အနာပတ္တိ၊ ထေယျစိတ္တေနပိ ဌာနာ စာဝေန္တဿ အဝဟာရော နတ္ထိ။ ကသ္မာ ? အတ္တနော

ဟတ္ထေ နိက္ခိတ္တတ္တာ၊ ဘဏ္ဍဒေယျံ ပန ဟောတိ။ ထေယျစိတ္တေန ပရိဘုဉ္ဇတောပိ ဧသေဝ နယော ( ဝိ၊ ဋ္ဌ၊ ၁။ ၃၀၆ ) ဟူသော ပါရာဇိကကဏ် အဋ္ဌကထာနှင့် အညီ— လှူယ်မောကျောင်းနေ ရှင်ပဏ္ဍဝသည် ခိုးလိုသောစိတ်ဖြင့် တည်ရာဌာနမှ ရွှေစေသည် ဆောင်ယူသည်ဖြစ်စေ၊ တပါးသူ ယူ၍ ပျောက်ဆုံးသွားသည်ဖြစ်စေ၊ ခိုးခြင်း အဝဟာရ မဖြစ်၊ ဘဏ္ဍာစားသာ ထိုက်သည်။

ယဒိ ပန သော ဒါနေ နိရုဿာဟော၊ ဘဏ္ဍဿာမိကောပိ " န မယှံ ဒဿတိ " တိ ဓုရံ နိက္ခိပတိ။ ဧဝံ ဥဘိန္နံ ဓုရနိက္ခေပေန ဘိက္ခုနော ပါရာဇိကံ (ဝိ၊ ဋ္ဌ၊ ၁။ ၃၀၆) ဟူသော ၎င်းအဋ္ဌကထာနှင့်အညီ နှစ်ဦးနှစ်ဝ မပေးတော့, မရတော့ဟု ညီတူညီမျှ ဝန်ချမှသာ အန္တိမပါရာဇိကဖြင့် ဆုံးဖြတ်ရာသည်။

ယခုမူကား စုဒိတက ရှင်ပဏ္ဍဝ ကလည်း သံဃာ့ မျက်မှောက်ဝယ် အကယ်၍ တရားလိုမ မမြခင်၏ ပစ္စည်းမှန်ခဲ့၍ တောင်းခဲ့လျှင် ပြန်ပေးပါမည်လောဟု မေးလျှင် သူ့ပစ္စည်း မှန်ခဲ့လျှင် ပြန်ပေးပါမည်ဟု ဝန်ခံလေသောကြောင့် ဌာနာစာဝနအရာ မဟုတ်ရကား အန္တိမ ပါရာဇိက အာပတ်ဖြင့် မဆုံးဖြတ်သင့် မဆုံးဖြတ်ရ။

ဘဏ္ဍဒေယျံ နာမ ယံ ပရဿ နဋ္ဌံ၊ တဿ မူလံ ဝါ တဒေဝ ဝါ ဘဏ္ဍံ ဒါတဗ္ဗံ (ဝိ၊ ဋ္ဌ၊ ၁။ ၂၇၇) ဟူသော အဋ္ဌကထာနှင့် အညီ မိမိ လက်ဝယ် ပျောက်ဆုံးသမျှ ဘဏ္ဍာများကို ပစ္စည်းရှင် ပွဲစားစိုး မမြခင်တို့အား မူလရင်းဘဏ္ဍာ၏ တန်ဘိုးကိုပင် ဖြစ်စေ၊ မူလ ရင်းဘဏ္ဍာ ကိုပင်ဖြစ်စေ ပေးအပ်စေ။

ပါရာဇိကသို့ မရောက်သော်လည်း ထေယျစိတ်ဖြင့် သူတပါး၏ ပစ္စည်းကို ယူလေရကား—

ထေယျစိတ္တေန ပန ဂဟဏေ ဒုက္ကဋတော န မုစ္စတိ (ဝိမတိ၊ ၁။ ၁၇၉) ဟူသော ဋီကာ ရှင်တို့ စကားအရ၊ ဂဟဏဒုက္ကဋ်မှကား မလွတ်၊ ထိုဒုက္ကဋ် အာပတ်ကို သံဃာတော်များ သံသယ ကင်းရှင်းအောင် သံဃာ့မျက်မှောက်၌ပင် ဒေသနာ ကြားစေ။

ပြီးလျှင်—— ကပ္ပိယံပိ စ ဝတ္ထုံသို့၊ စိတ္တဿ လဟုဝတ္တိနော။
ဝသေန သာမညဂုဏာ၊ စဝန္တိဓ ပုထုဇ္ဇနာ။
တသ္မာ ပရပရိက္ခာရံ၊ အာသိဝိသမိဝေါရဂံ။
အဂ္ဂိံ ဝိယ စ သမ္ပဿံ၊ နာမသေယျ ဝိစက္ခဏောတိ။

(ဝိ၊ ဋ္ဌ၊ ၁။ ၃၄၆) ဟူသော အဋ္ဌကထာ အနုသာသနီနှင့်အညီ ဤဘုရား သာသနာတော်၌ ပုထုဇ္ဇန် ရဟန်းတို့သည် ကပ္ပိယဝတ္ထု၌ သော်လည်း လျင်လျားဖြစ်တတ်သော စိတ်၏ အစွမ်းဖြင့် ရဟန်း၏ အဖြစ် အဓိသီလ သိက္ခာဂုဏ်မှ အလွယ်နှင့် လျောတတ်သောကြောင့် သူတပါး၏ ပရိက္ခရာ ဘဏ္ဍာကို အဆိပ်ထန်သော မြွေပွေး မြွေဟောက်ပမာ ရဲရဲညီးသော မီးပုံကြီးအသွင် ရှုဆင်ခြင်လျက် မယူငင် မကိုင်တွယ်ဘဲ ရှောင်လွှဲဖဲကြဉ် ဉာဏ်နှင့်ဆင်ခြင်၍ အဓိသီလသိက္ခာကို လုံခြုံစွာ စောင့်ရှောက် နေထိုင်စေ။

ဤမျှအတိုင်း အရှည်ရှိသော စကားအစဉ်ဖြင့် အောင်ပန်းမြို့ နယ်လုံးဆိုင်ရာ သံဃာ့ဆန္ဒကို ယူ၍ အောင်ပန်းမြို့ ပြင်သာကျောင်း ဂိုဏ်းထောက်ဆရာတော် ဦးပုညနှင့် ကျေးကုန်းကျောင်း ဆရာတော် ဦးဝီရိယဓဇတို့ လျှောက်ထားအပ်သော လွယ်မောကျောင်းနေ ရှင်ပဏ္ဍဝ၏ ဒုတိယ မှုကို စစ်တန်းစစ်ချက် အထွက်အဆို မပိုမယုတ် စေရ ယထာဓမ္မ ကျနမှန်ကန်အောင် အထပ်ထပ် စူးစမ်း ဆင်ခြင်လျက် သုတ်သင် ဖြေကြား ပေးရန် ကျေးဇူးရှင် သာသနာ့ ဇောတိကာရုံ အုတ်ကျောင်း ဆရာတော် အမိန့်ချမှတ်တော် မူချက်အရ ဥက္ကံသ အမည်ရှိသော အမရပူရဆရာ ငါသည် အလွန်စင်ကြယ်သော သာသနာတော်ကြီး၏ စည်ပင် ပြန့်ပွါးခြင်းကို တောင့်တလျက် တည့်မှန်ဖြောင့်မတ် ဆုံးဖြတ်အပ်သော ဝိမတိစ္ဆေဒနီကထာ ဤတွင် ဆုံးလတ်ပြီ။

## ဤအဆုံးအဖြတ်၌ပါသော ပါဠိအဋ္ဌကထာစသည်တို့ကို<br>က-ခ စသော အမှတ်စဉ်အတိုင်း အနက်ပြန်ဆိုလိုက်အံ့

(က) အထ၊ ထိုသို့ မဟုတ်မူ၍။ အဿ၊ ထို သိက္ခာပုဒ်ကို လွန်ကျူးမိသော ရဟန်းအား။ ပါရာဇိကစ္ဆာယာ၊ ပါရာဇိက အာပတ်သင့်နိုင်သည့် အရိပ်အယောင်သည်။ စေ ဒိဿတိ၊ အကယ်၍ ထင်ငြားအံ့။ ပါရာဇိကာပတ္တိတိ၊ ပါရာဇိက အာပတ်သင့်၏ ဟူ၍။ န တာဝ ဝတ္တဗ္ဗံ၊ (အဆော တလျင် အဆုံးအဖြတ်စကားကို) မပြောဆိုသင့်သေး။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူ။ ဟိ၊ အကျယ်စကားကို ဖြေကြား ပြဆိုအံ့။ မေထုနဓမ္မဝီတိက္ကမော စ၊ မေထုနဓမ္မသိက္ခာ ပုဒ်ကို လွန်ကျူးခြင်းသည်၎င်း။ ဥတ္တရိမနုဿဓမ္မဝီတိက္ကမော စ၊ ဥတ္တရိမနုဿဓမ္မသိက္ခာပုဒ်ကို လွန်ကျူး ခြင်းသည်၎င်း။ ဩဠာရိကော၊ ရုံ့ရင်းကြမ်းတမ်း၏။ အဒိန္နာဒါန မနုဿဝိဂ္ဂဟ ဝီတိက္ကမာ ပန၊ အဒိန္နာဒါန သိက္ခာပုဒ်ကို လွန်ကျူးခြင်းနှင့် မနုဿဝိဂ္ဂဟ သိက္ခာပုဒ်တို့ကို လွန်ကျူးခြင်းတို့သည် ကား။ သုခုမာ၊ သိမ်မွေ့ နူးညံ့ကုန်၏။ စိတ္တလဟုကာ၊ ပေါ့ပါးလျင်မြန်သော စိတ်ဖြစ်ခြင်း ရှိကုန် ၏။ တေ ဝီတိက္ကမေ၊ ထို သိက္ခာပုဒ်တို့ကို လွန်ကျူးခြင်းတို့သို့။ သုခုမေနေဝ၊ နူးညံ့ သိမ်မွေ့ သော စိတ်ဖြင့်ပင်လျှင်။ အာပဇ္ဇတိ၊ ရောက်တတ်၏။ တေ ဝီတိက္ကမေ၊ တို့ကို။ သုခုမေနေဝ၊ လျှင်။ ရက္ခတိ၊ စောင့်ရှောက်နိုင်၏။ (ဝိ၊ ဋ္ဌ၊ ၁။ ၂၀၂။)

(ခ) ဟိ သစ္စံ၊ မှန်၏။ ဗုဒ္ဓုပ္ပါဒေါ၊ ဘုရားရှင်တို့၏ ဖြစ် ပွင့်တော်မူခြင်းသည်။ ဒုလ္လဘော၊ ရနိုင်ခဲ၏။ တတော၊ ထိုဗုဒ္ဓုပ္ပါဒထက်။ ပဗ္ဗဇ္ဇာ စ၊ ရှင်သာမဏေ အဖြစ်သည်၎င်း။ ဥပသမ္ပဒါ စ၊ ရဟန်း အဖြစ်သည်၎င်း။ ဒုလ္လဘတရာ၊ သာ၍ ရနိုင်ခဲကုန်၏။ (ဝိ၊ ဋ္ဌ၊ ၁။ ၂၀၂။)

ပုနပ္ပုနံ၊ အဖန်ဖန်အထပ်ထပ်။ အနုဝိဇ္ဇိတဗ္ဗံ၊ မေးမြန်း စိစစ် စူးစမ်း ဆင်ခြင်ရမည်။

(ဂ) ပန၊ ဆက်ဦးအံ့။ တံ ဥပနိဓိ နာမ၊ ထို အပ်နှံထားအပ်သော ဥစ္စာမည်သည်။ သင်္ဂေါ- ပနတ္ထာယ၊ လုံခြုံစေခြင်း စောင့်ရှောက်စေခြင်းအကျိုးငှါ။ အတ္တနော၊ မိမိ၏။ ဟတ္ထေ၊ လက်၌။ ပရေဟိ၊ သူတပါးတို့သည်။ ဌပိတဘဏ္ဍံ၊ ထားအပ်သော ပစ္စည်းဘဏ္ဍာတည်း။ အဂုတ္တ ဒေသ- တော၊ မလုံခြုံသောနေရာမှ။ ဌာနာ(ပစ္စည်းဘဏ္ဍာ၏ ထားမြဲ) တည်နေရာမှ။ စာဝေတွာ၊ ရွေ့ လျောစေ၍။ ဂုတ္တဋ္ဌာနေ၊ လုံခြုံရာအရပ်၌။ ဌပနတ္ထာယ၊ ထားခြင်းအကျိုးငှါ။ ဟတ္ထေ၊ လက်၌။ ဌပိတဘဏ္ဍံ၊ ထားအပ်သော ပစ္စည်းဘဏ္ဍာတည်း။ ဟူသည်ဟု- ...

ဟရန္တဿ၊ ဆောင်ယူသော ရဟန်းအား။ အနာပတ္တိ၊ အာပတ် မသင့်။ ထေယျစိတ္တေနာပိ၊ ခိုးလိုသော စိတ်ဖြင့်သော်လည်း။ ဌာနာ၊ မှ။ စာဝေန္တဿ၊ ရွှေလျောစေသော ရဟန်းအား။ အဝဟာရော၊ ခိုးခြင်းသည်။ နတ္ထိ၊ မရှိ။

ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူ။ အတ္တနော၊ မိမိ၏။ ဟတ္ထေ၊ လက်၌။ နိက္ခိတ္တတ္တာ၊ (ဥစ္စာရှင်ကိုယ်တိုင် ပေးထားအပ်)အပ်နှံထားအပ်သည်၏ အဖြစ်ကြောင့်တည်း။ ပန၊ ထိုသို့ပင် ခိုးခြင်း မရှိသော်လည်း။ ဘဏ္ဍဒေယျံ၊ ဘဏ္ဍာစား ပေးရမှုသည်ကား။ ဟောတိ၊ ဖြစ်၏။ ထေယျစိတ္တေန၊ ခိုးလိုသောစိတ်ဖြင့်။ ပရိဘုဥ္ဇတောပိ၊ သုံးဆောင်လာသော ရဟန်းအားလည်း။ ဧသေဝ နယော၊ ဤဆိုအပ်သောနည်းကဲ့သို့သော နည်းကို။ ဒဋ္ဌဗ္ဗော၊ မှတ်သားအပ်၏။ ဝိ၊ ဋ္ဌ၊ ၁။ ၃၀၆။

(ဃ) ပန၊ အဖိုတပါး။ သော ဘိက္ခု၊ ထိုဥစ္စည်း သိမ်းထားအပ်သော ရဟန်းသည်။ ဒါနေ၊ (ဥစ္စာရှင်အား ပြန်၍) ပေးခြင်း၌။ နိရုဿာဟော၊ အားထုတ်ခြင်း မရှိ ယည်။ ယဒိ ဟောတိ၊ အကယ်၍ ဖြစ်အံ့။ ဘဏ္ဍသာမိကောပိ၊ ဥစ္စာရှင်ပုဂ္ဂိုလ်သည်လည်း။ အယံ ဘိက္ခု၊ ဤ ပစ္စည်း သိမ်းထားသောရဟန်းသည်။ မယှံ၊ ငါ့အား။ န ဒဿတိ၊ မပေးတော့လတံ့။ ဣတိ၊ ဤသို့။ ဓုရံ နိက္ခိပတိ၊ ဝန်ချငြားအံ့။ ဧဝံ၊ ဤသို့ ဆိုအပ်ခဲ့သောနည်းဖြင့်။ ဥဘိန္နံ၊ ရဟန်းနှင့် ပစ္စည်းရှင် ၂-ဦးစလုံးတို့၏။ ဓုရ နိက္ခေပေန၊ ဝန်ချခြင်းအားဖြင့်။ ပါရာဇိကံ၊ ပါရာဇိက အာပတ် သင့်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဝိ၊ ဋ္ဌ၊ ၁။ ၃၀၆။

(င) ဘဏ္ဍဒေယျံ နာမ၊ (ဘဏ္ဍာ စားပေးအပ်သော) ဘဏ္ဍဒေယျ မည်သည်။ ပရဿ၊ သူတပါး၏။ ယံ၊ အကြင် ပစ္စည်း ဥစ္စာသည်။ နဋ္ဌံ၊ ပျောက်ဆုံးသွား၏။ တဿ၊ ထို ပျောက်ဆုံးသွားသော သူ့ဘပါး ပစ္စည်းဥစ္စာ၏။ မူလံ၊ တန်ဘိုးကိုသော်၎င်း။ တဒေဝ ဘဏ္ဍံ ဝါ၊ ထိုပစ္စည်း ဥစ္စာကိုသော်၎င်း။ ဒါတဗ္ဗံ၊ ပေးအပ်၏။ ဝါ၊ ပေးရမည်။ ဝိ၊ ဋ္ဌ၊ ၁။ ၂၇၇။

(စ) ပန၊ ထိုသို့ပင် ခိုးယူခြင်း မရှိသော်လည်း။ ထေယျစိတ္တေန၊ ခိုးလိုသော စိတ်ဖြင့်။ ဂဟဏေ၊ ကိုင်ယူခြင်းကြောင့်။ ဒုက္ကဋတော၊ ဒုက္ကဋ် အာပတ်မှ။ န မုစ္စတိ၊ မလွတ်မြောက်ချေ။ ဝိမတိ၊ ၁။ ၁၇၉။

(ဆ) ဣဓ၊ ဤ သာသနာတော်၌။ ပုထုဇ္ဇနာ၊ ပုထုဇဉ်ရဟန်းတို့သည်။ ကပ္ပိယေ၊ (ကိုယ်တိုင် ယူခြင်းငှါ) အပ်စပ်သော။ ဝတ္ထုသ္မိံ ပိ၊ မိဘ စသည်တို့၏ ပစ္စည်း ဥစ္စာ၌သော်မှလည်း။ လဟုပဝတ္တိနော၊ လျင်မြန်စွာ ပြောင်းလဲ ဖြစ်ပေါ်ခြင်းရှိသော။ စိတ္တဿ၊ ခိုးလိုသော အကုသိုလ်စိတ်၏။ ဝသေန၊ အစွမ်းဖြင့်။ သာမညဂုဏာ၊ ရဟန်း၏ အဖြစ်တည်းဟူသော အဓိသီလ ဂုဏ်ကျေးဇူးမှ။ စဝန္တိ၊ ရွှေလျောတတ်ကုန်၏။

တသ္မာ၊ ထိုကြောင့်။ အာသီဝိသံ၊ လျင်သောအဆိပ်ရှိသော။ ဥရဂံ၊ မြွေပွေး မြွေဟောက်ကို။ သမ္ပဿံ၊ မြင်သောသူသည်။ န အာမသတိ ဝိယ စ၊ မကိုင်တွယ်သကဲ့သို့၎င်း။ အဂ္ဂိံ၊ အလျံပြောင်ပြောင် တောက်လောင်နေသည့် မီးကို။ သမ္ပဿံ၊ သည်။ န အာမသတိ ဝိယ စ၊

ငင်း။ တထာ၊ ထိုအတူ။ ပရပရိက္ခာရံ၊ သူတပါး၏ ပစ္စည်းဥစ္စာဘဏ္ဍာကို။ သမ္ပဿံ သမ္ပဿန္တော၊ တွေ့မြင်သော။ ဝိစက္ခဏော၊ ကြောင်းကျိုး မြော်မြင် ပညာရှင် ရဟန်းသည်။ တံ ပရပရိက္ခာရံ၊ ....ကို။ န အာမသေယျ၊ သုံးသပ် ကိုင်တွယ်မှုကို မပြုရာသည်သာလျှင်တည်း။ ဝိ၊ ဋ၊ ၁။ ၃၄၆။

---

### ၁၈-ဒါယဇ္ဇာဒိဝိမတိစ္ဆေဒနီ

ဤဆိုလတ္တံ့သော အမေးကို သိသာထင်ရှားအောင် ဖြေကြားပေးရန် သာသနဇောတိကာရုံ အုတ်ကျောင်းဆရာတော် အမိန့်ချမှတ်တော်မူချက်အရ--

၁၃၁၃-ခု သီတင်းကျွတ် လဆန်း ၈-ရက်နေ့။

ပူးတွဲပါ ရှင်စန္ဒာသီရိ လျှောက်အပ်သော အမေး ပုစ္ဆာများကို သာသနာတော် စည်ပင် ပြန့်ပွား ထွန်းကားစေရန် ရည်သန်တောင့်တ၍ သိသာရုံမျှ ယထာဓမ္မ ယထာဝိနယကို ပြလျက် အမရပူရ ဆရာတော် ဖြေကြားပေအံ့။ ။

ရှင်စန္ဒာသီရိ၏ လျှောက်လွှာ၌ လိုရင်း ကောက်ချက်ချလိုက်လျှင် ....

၁။ အဘ ဦးထွန်းအောင်မှ မိနီ (အကြီး), မိစော (အငယ်) သမီးနှစ်ယောက် ထွန်းကားသည်။

၂။ မိနီကား အိမ်ထောင်သည်၊ သားသမီးလေးယောက် ထွန်းကားသည်၊ ယခု ကွယ်လွန်ပြီ၊ သားသမီး လေးယောက် ကျန်ရစ်သည်။

၃။ မိစော အိမ်ထောင်မရှိ၊ သားသမီးမရှိ၊ တူမအငယ်ဆုံး မိရင်နှင့် သဘောမျှစဉ်က အတူ နေသည်။

၄။ ငင်းအဘအမွေများကို မခွဲဝေဘဲ နှစ်ဦးအတူ ခံစားလာခဲ့ရာ ပေါင်တန်သျှေ ပေါင် ထားသော လယ်ယာတို့ အမည်စာရင်းတွင်ငင်း အစိုးရ တစ်(က)စားရင်း ဖြတ်ပိုင်းစသည် များတွင်ငင်း နှစ်နာမည်ချည်း ဖြစ်ပါသည်။

၅။ ရှေးသဘောချင်းမျှစဉ်က မယ်စောအဆို ငါပိုင်စု တွက်စုကို ဆက်လက်အမွေခံနိုင်အောင် ငါမရှိက အခြား အမွေစားတွေ မရှုပ်နိုင်အောင် ဆိုတဲ့သဘောနှင့် လယ်ပေါင်ယာပေါင် စာချုပ်စာတန်းများတို့တွင် မယ်စောနှင့် မိရင်တို့ နှစ်နာမည်ချည်း ဖြစ်ပါသည်။

၆။ မယ်စော နာမကျန်း ဖြစ်တဲ့အခါ မိရင်က ပြုဘော်မရဆို၍ ငါပိုင်တဲ့အမွေအတွက် ဘုန်းကြီးလှူမည် ဆိုပြီး လှူကြောင်းသည်း ထင်ရှားပါသည်၊ လှူစဉ်က တူမ မရှိ ပြန်လာသောအခါ ကန့်ကွက်ပါသည်၊ အလှူ မြောက် မမြောက် သိလိုပါသည်-ဟု ဖြစ်သည်။

ထို ကောက်ချက်များတွင် (၁) (၂) (၃) ကောက်ချက်များကား နောက်-၃ ချက်၏ အမွေ သက်ဆင်းလာပုံ အခြေခံ အချက်များဖြစ်သည်။ နောက်-၃-ချက်သည်သာ ဩတိဏ္ဏအချက်များ

ဖြစ်သည်။ ထို နောက်-၃-ချက်တွင် (၄) နှင့် (၅) နံပါတ် အချက်တို့ကား အလွန် ဆန်းကျင်လှ သည် ဖြစ်ရာ တခုတည်းသော အဖြေဖြင့် ပြီးပြတ်နိုင်သော သဘောမရှိ၊ (**အမေးကား အလွန် ရှုပ်ထွေးလှသည်။**)

ထိုကြောင့် (၄) နံပါတ် ထွက်ချက်အရ အောက်ပါ **အဆုံးအဖြတ်ကို ပေးသနားတော်** မူလိုက်သည်—

"အဘအမွေများကို မခွဲဝေဘဲ နှစ်ဦးသဘောတူ **ခံစားလာခဲ့ရာ**" ဟူသော **စကားအရ အဘ** ဦးထွန်းအောင်၏ အမွေကို မိနီ မိစော ညီအစ်မနှစ်ယောက်တို့ **မခွဲခဲ့သေးဘဲ ယခု မိစော နှင့်** မိရင်တို့ အတူခံစားနေကြသည်ဟုသာ အဓိပ္ပါယ်ရသည်။

ဤ (၄)နံပါတ် မှတ်ချက်။ ။

မိနီ မိစော ညီအစ်မနှစ်ယောက်တို့ အမွေခွဲခဲ့ပြီးဖြစ်လျှင် "အဘအမွေများကို မခွဲဝေဘဲ"ဟု မသုံးနှုန်းနိုင်၊ စာလုံးမဲထားသော စကားများသည် မခွဲဝေရသေးသော ပစ္စည်း၌ တူ တူမ လေးယောက်လုံး အမွေသက်ရမည် ဖြစ်သောကြောင့် အပိုသာဖြစ်သည်။ မိရင်မှတပါး အမွေစား ၃-ယောက်အတွက် ဘာမျှမသိရ။ အကယ်၍ ဤအတိုင်း ..... ..... (**မိနီ မိစောတို့ အမွေမခွဲရသေး မကွဲသေး**) ဖြစ်ခဲ့လျှင် ထို အမွေ အိမ်ရာမြေနှင့် လယ်ယာမြေ အားလုံးကို ကျန်ရစ်သော မိစောက တစု, မိနီ၏ သားသမီး လေးယောက်က တစု ဟု လောကအမွေ ပစ္စည်း ဥပဒေအရ သားစု မြေးစု ပိုင်ဆိုင်ကြလေသည်၊ ထိုအမွေကား ဂဏသန္တက ဖြစ်တော့သည်။ ထိုဂဏသန္တက ၅-ဦးပိုင် အိမ် ယာမြေနှင့် လယ်မြေတို့ကို အသီးသီး မခွဲဝေမူ၍ မိစောတဦးတည်းက (၆)နံပါတ် ထွက်ချက်အရ စုံညီမဟုတ်ဘဲ၊ သူ၏တွက်စုအဖြစ်သို့ ကေန်မရောက်သေးသော အမွေပစ္စည်းများကို သူ၏ တွက်စု ဟု သဘောပိုက်ကာ လှူဒါန်းငြားသော်လည်း အလှူမမြောက်။ ထိုပစ္စည်းများကို ဘုန်းကြီးက အလှူခံရငြားသော်လည်း မပိုင်မရလေ၊ မိစောသေလျှင် လောကဓမ္မ အမွေပစ္စည်း ဥပဒေအရ ကျန်ရစ်သော မိနီ၏ သားသမီးလေးယောက်တို့ ညီတူညီမျှ သက်ဆိုင်ကြသည်-ဟု သန္နိဋ္ဌာန်ကျ သိမြင်မှတ်ယူရမည်။

ထိုကြောင့် မဟာဝါ စီဝရက္ခန္ဓက အဋ္ဌကထာ (ဝိ၊ ဋ္ဌ၊ ၃။၄၁၅-၆)၌—

ဒွိန္နံ သန္တကံ အဝိဘတ္တံ။ ကေသိဉ္စိ ကာလကတေ ဣတရော သာမီ။
ဗဟူနမ္ပိ သန္တကေ ဧသေဝ နယော-ဟူ၍ရှင်း။

**သစေပိ** အဝိဘဇိတ္ဝာ သဒ္ဓိဝိဟာရိကာဒီနံ ဒေန္တိ၊ **အဒိန္နမေဝ** ဟောတိ။ ဝိဘဇိတွာ ဒိန္နံ ပန သုဒိန္နံ-ဟူ၍ရှင်း မိန့်အပ်ပြီ။

ဤကား (၄) နံပါတ် ထွက်ချက်အရ။ မိနီ-မိစော ညီအမနှစ်ယောက်တို့ **အဘအမွေ မခွဲမဝေ** ရသေးသော ပစ္စည်းကို မိစောသဘောအရ လှူသော်လည်းမမြောက်-ဟု အတိအကျ ချမှတ် ပေးသနားတော်မူလိုက်သော အဆုံးအဖြတ်တည်း။

(၅) နံပါတ်ထွက်ချက်အရ အောက်ပါအဆုံးအဖြတ်ကို ပေးသနားတော်မူလိုက်သည်။

ငါပိုင်စု တွက်စုကိုပါ ဆက်လက်အမွေခံနိုင်အောင် ငါမရှိက အခြားအမွေစားတွေ မရှုပ်နိုင်အောင် ဟူသောစကားအရ အဘ ဦးထွန်းအောင်၏ အမွေကို မိနီ မိစော ညီအမနှစ်ယောက်တို့ အသီးသီး ခွဲဝေပြီးကြပြီးဖြစ်သည်၊ သားသမီးမရှိသော မိစောသည် မိမိပိုင် အိမ်ရာ လယ်ယာ စသည်များကို နောက်အရေးအတွက် ကိစ္စတခုတစုံ ကြုံလာသောအခါ အကူအညီရမည်ကို မြော်လင့်၍ တူမငယ်နှင့် ရောနှောပေါင်းစပ် တွဲဘက်၍ မှီဝဲသုံးဆောင် နေထိုင်ခဲ့သည်။ မိမိသေလျှင် မိမိပိုင်စု တွက်စု ပစ္စည်းများကို အခြားတူ တူမ ၃-ယောက်တို့ မခံစားစေလို၊ တူမငယ် မိရင် တယောက်တည်းကိုသာ ခံစားစေလိုသောကြောင့် လယ်ပေါင်ယာပေါင် စာချုပ်စာတန်း စသည်များတို့တွင် မိမိနာမည်နှင့် တွဲဘက်၍ မိရင်နာမည်ပါ ထည့်သွင်းထားသည်-ဟု အဓိပ္ပါယ်ရသည်။

**မှတ်ချက်။** ။စင်စစ် မိနီ-မိစောတို့ မခွဲဝေရသေးဖြစ်မူ မိမိသေလျှင် မိရင်မှတပါး အမွေခံများ မရှုပ်နိုင်အောင် ဘာမျှမလုပ်နိုင်၊ လုပ်၍လည်း လောကဓမ္မ အမွေပစ္စည်း ဥပဒေမမြောက်။

အကယ်၍ ဤအတိုင်း (မိစောတို့ ထိုအမွေကို ခွဲဝေပြီးသား အမွေကွဲပြီးသား)သာ ဖြစ်ခဲ့လျှင် ဤ (၅) နံပါတ် ထွက်ချက်ဝယ် စာရင်း ပူးတွဲဘင်ထားခြင်းကို ဤသို့စစ်၍ မှတ်အပ်သည်။

### ပေးခြင်းအမျိုးမျိုး

ပေးခြင်းသည် (၁) သေသောအခါဖြင့် မှတ်၍ပေးခြင်း၊

(၂) သေသောအခါဖြင့် မမှတ်မူ၍ အပေးမြောက်အောင် မူလစ္ဆေဇ္ဇအားဖြင့် ပေးခြင်း၊

(၃) တာဝကာလိက အပေးမမြောက်သော ပေးခြင်း၊

(၄) မိမိသန္တက အဖြစ်ကို မလွှတ်မူ၍ မတင်မကျ စိမ်နှုတ်မြွက်ထားခြင်းဟူသော အပေးမမြောက်သော ပေးခြင်း-ဟု လေးမျိုးရှိသည်များတွင်—

ယခု မိစောကမူ မိရင်ကို အကျိုးတခုခုကို မြော်ရည်ငဲ့ကွက်၍ လယ်ပေါင်လယ်ယာ စာချုပ်စာတန်းများတွင် နာမည်ထည့်သွင်း မြွက်ကြားထားသည်ကား "မမစ္စယေန မယှံ ပရိက္ခာရော သံဃဿ ဟောတု"စသော စူဠဝါ ဘိက္ခုနီ ခန္ဓက ပါဠိတော်(၄၅၉) "မမစ္စယေန မယှံ ပရိက္ခာရော ဥပဇ္ဈာယဿ ဟောတု"စသော ၎င်း ခန္ဓက အဋ္ဌကထာ (၁၃၀) စသည်တို့၌ကဲ့သို့ သေသောကာလဖြင့် မှတ်၍ပေးခြင်း အစ္စယဒါနမျိုး မဟုတ်။

ဣမံ တုယှံ ဒေမိ၊ ဒဒါမိ ဒဇ္ဇာမိ စသော ပဌမ ကထိနသိက္ခာပုဒ် အဋ္ဌကထာ(၂၃၁)၌ ကဲ့သို့ သေသောကာလဖြင့် မမှတ်မူ၍ အရင်းပြတ် လွတ်လွတ်ပေးစွန့်ခြင်း ဟူသော မူလစ္ဆေဇ္ဇ ပေးခြင်းမျိုးလည်း မဟုတ်။ ယာဝ တုမှေ နိဝသိဿထ၊ တာဝ တုမှာကံ ဣမံ ဂေဟံ ဒေမိ-ဟူသော သေခိယသိက္ခာပုဒ် အဖွင့် ဝိမတိဝိနောဒနီ ဋီကာ (၆၁) စသည်တို့၌ ကဲ့သို့ ကာလ ဝိသေသကို ပိုင်းခြား၍ဖြစ်စေ၊ ကာလဝိသေသကို မပိုင်းခြားမူ၍ ဖြစ်စေ၊ ပေးကမ်းခြင်းဟူသော တာဝ-

ကာလိက ပေးခြင်းမျိုးလည်း မဟုတ်။ စင်စစ်သော်ကား မိမိ နာမကျန်း စသော ကိစ္စတို့၌ ကူဖော်လောင်ဘက် ရရန်အကျိုးအတွက် ငဲ့ကွက် မျှော်လင့်၍ ဟုတ်ကောင်းနိုးနိုး အားကိုးယုံစား တဘက်သား ကျေနပ်ရုံ မတင်မကျ စိမ်နှုတ်မြွက်ခြင်းမျှသာ ဖြစ်သည်။ မိရင်ပိုင် ပစ္စည်း အဖြစ်သို့ မရောက်သေးပေ။

ထိုကြောင့် တတိယ ပါရာဇိကသိက္ခာပုဒ် အဖွင့် သာရတ္ထဒီပနီဋီကာ(၂၆၀)၌ တထာ ဟိ ဒါန- စေတနာ စဇိတဗ္ဗံ ဝတ္ထုံ အာရမ္မဏံ ကတွာ စဇနမတ္တမေဝ ဟောတိ၊ အညသန္တက ကရဏံ တဿ စဇနံ-ဟု မိန့်အပ်ပြီ။

ယခုကာလ အစိုးရမင်းတို့ သတ်မှတ်ပြဋ္ဌာန်းထားသော လူတို့ ပစ္စည်း လွှဲပြောင်းရေး ဥပဒေ ပုဒ်မ ၁၂၃-အရ ရေစစ္စတြီပြုလုပ်သော စာချုပ်နှင့် ခေါင်း အလုံအလောက်ကပ်၍ လွှဲပြောင်းပေး မှသာ ထို လွှဲပြောင်း ပေးအပ်သော ပစ္စည်းကို အလွှဲခံရသူ ပိုင်ဆိုင်နိုင်ခွင့်ရှိသည်ဟု အဆိုရှိသည်။ ယခု ပြဆိုအပ်ခဲ့ပြီးသော လောက ဓမ္မ နှစ်ဌာန ဥပဒေ အဆိုအမိန့်တို့ကို ထောက်ထား၍ ဤမျှ သာ စိမ်ပြုလုပ်ထားခြင်းဖြင့် မိစောပိုင် ပစ္စည်းသည် တူမ မိရင်ပိုင် ပစ္စည်းအဖြစ်သို့ ပြောင်းလွှဲ ပေါက်ပြန်၍ မဘည်နိုင်သေး၊ ပါကတိက မိစောပိုင် ပစ္စည်းအဖြစ်၌သာ တည်နေသေးသည်။

ထိုကြောင့် (၆)နံပါတ် ထွက်ချက်အရ မိမိ မျှော်လင့်ချက် မပြည့်စုံ၍ မိမိ ရှေးက မတင်မကျ စိမ် မြွက်ဆိုခဲ့သည်ကို ရုပ်သိမ်း ပယ်နှုတ်၍ မိစောပိုင် ပစ္စည်းကို မိစော သဘောအတိုင်း မူလစ္ဆေဇ္ဇ လှူဒါန်းအပ်သောအလှူသည် ထုတ်ပြအပ်ပြီးသော သုဒိန္န သုဂဟိတ ကို ပြသော ပဌမ ကထိန သိက္ခာပုဒ် အဋ္ဌကထာ ဒါနသရုပ်ပြ တတိယ ပါရာဇိက သိက္ခာပုဒ်၏ အဖွင့် သာရတ္ထဒီပနီဋီကာတို့ကို ထောက်၍ ဝတ္ထုပရိစ္စာဂ လက္ခဏာ ကောင်းစွာ ပြည့်စုံလုံလောက် ထမြောက် အောင်မြင်သည်။ အလှူကို ခံရသော ဘုန်းကြီးသည်လည်း ထို ပစ္စည်းကို အစိုးရ ပိုင်ဆိုင်သည်။ တူမ မိရင်က ကြားဝင်ပြောကြား ဟန့်တား ကန့်ကွက်သော်လည်း အခွင့်အရာမဟုတ်-ဟု သံသယကင်းကွာ ယုံကြည်စွာ မှတ်ယူအပ်သည်။

ဤကား (၅)နံပါတ် ထွက်ချက်အရ မိနီ, မိစော ညီအစ်မ နှစ်ယောက်တို့ အသီးအသီး ခွဲဝေ ပြီးသော အမွေပစ္စည်းကို ပစ္စည်းရှင် မိစော၏ သဘောအတိုင်း လှူဒါန်းခြင်းသည် ထမြောက် အောင်မြင်သည်ဟု အတိအကျ ချမှတ် ပေးသနားတော်မူလိုက်သော အဆုံးအဖြတ်တည်း။

ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့် ရနောင်မြို့ ရွှေဥမင်ကျောင်း ရှင်စန္ဒာသီရိ မေး လျှောက်အပ်သော ပုစ္ဆာကို သိသာ ထင်ရှားအောင် ဖြေကြားပေးရန် ကျေးဇူးရှင် သာသန ဇောတိကာရုံ အုတ်ကျောင်း ဆရာတော် အမိန့် ချမှတ်တော်မူချက်အရ တပည့်ဖြစ်သော ဥက္ကံသ မည်သော အမရပူရဆရာ ငါသည် သာသနာတော် စည်ပင်ပြန့်ပွါး ထွန်းကားစေရန် ရည်သန် တောင့်တ၍ သိသာရုံမျှ ယထာဓမ္မ ယထာဝိနယကို ပြလျက် ဖြေကြား ဆုံးဖြတ်အပ်သော **ဝိမတိဝိနောဒနီကထာ ပြီးဆုံးလတ်ပြီ။**

## ဤ အဆုံးအဖြတ်၌ ပါသော ပါဠိ အဋ္ဌကထာ စသည်တို့ကို က–ခ စသော အမှတ်စဉ်အတိုင်း အနက်ပြန်ဆိုလိုက်အံ့

(က) ဒွိန္နံ၊ ပုဂ္ဂိုလ် ၂-ဦးတို့၏။ သန္တကံ၊ ဥစ္စာသည်။ အဝိဘတ္တံ၊ (သူ့ဟာ ကိုယ့်ဟာ ဟု အသီးသီး) မခွဲခြမ်း မဝေဘန် အပ်သေးသည်။ သစေ ဟောတိ၊ အကယ်၍ ဖြစ်အံ့။ (တတ္ထ၊ ထို နှစ်ဦးတို့ အနက်)။ ဧကသ္မိံ ကာလကတေ၊ တဦး သေဆုံးသည်ရှိသော်။ ဣတရော၊ ကျန် တဦးသည်။ သာမိ၊ ထို ပစ္စည်းကို အစိုးရ၏။ ဝါ–ပိုင်ရှင် ဖြစ်သွား၏။။ ဗဟူနံ၊ အများသော ပုဂ္ဂိုလ်တို့၏။ သန္တကေပိ၊ ဥစ္စာ၌လည်း။ ဧသေဝ နယော၊ ဤနည်းကဲ့သို့သော နည်းကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

အဝိဘဇိတွာ၊ (၂-ဦးပိုင် သို့မဟုတ် အများပိုင်ပစ္စည်းကို) မခွဲခြမ်း မဝေဘန်မူ၍။ သဒ္ဓိဝိဟာ- ရိကာဒီနံ၊ အတူနေတပည့် စသည်တို့အား။ သစေပိ ဒေန္တိ၊ (ငါ့စိုးငါပိုင် သဘောဖြင့်) ပေးငြား သော်လည်း။ တံ၊ ထိုသို့ ပေးခြင်းသည်။ အဒိန္နမေဝ၊ မပေးအပ်သည်သာလျှင်။ ဝါ–အပေး မမြောက်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ပန၊ အနွယသော်ကား။ ဝိဘဇိတွာ၊ (သူ့ဟာ ကိုယ့်ဟာ ဟု) ခွဲခြမ်းဝေဘန်ပြီး၍။ ဒိန္နံ၊ (မိမိပိုင် ပစ္စည်းကို) ပေးအပ်သည် ရှိသော်။ သုဒိန္နံ၊ ကောင်းစွာ ပေးအပ်သည်။ ဝါ–အပေး မြောက်သည်။ ဟောတိ၊ ဖြစ်၏။ (ဝိ၊ဋ္ဌ၊၃။၄၁၅။–၆။)

(ခ) မမ၊ ငါ၏။ အစ္စယေန၊ သေလွန်သော အခါ၌။ မယှံ၊ ငါ၏။ ပရိက္ခာရော၊ ပစ္စည်း ပရိက္ခရာသည်။ သံဃဿ၊ သံဃာတော်အား ဝါ–သံဃာတော် အတွက်။ ဟောတု၊ ဖြစ်ပါစေ သတည်း။ (ဝိ၊ ၄။ ၄၅၉။)

(ဂ) မမ၊ ငါ၏။ အစ္စယေန၊ ၌။ မယှံ၊ ငါ၏။ ပရိက္ခာရော၊ သည်။ ဥပဇ္ဈာယဿ၊ ဥပဇ္ဈာယ် ဆရာ့အတွက်။ ဟောတု၊ တည်း။ (ဝိ၊ ဋ္ဌ၊ ၄။ ၁၄၀)

(ဃ) ဣမံ၊ ဤ(ပစ္စည်းဘဏ္ဍာ) ဥစ္စာကို။ တုယှံ၊ သင့်အား။ ဒေမိ၊ ပေးကမ်းပါ၏။ ဒဒါမိ၊ လှူဒါန်းပါ၏။ ဒဇ္ဇာမိ၊ စွန့်ကြဲပါ၏။ (ဝိ၊ ဋ္ဌ၊ ၂။ ၂၃၁။)

(င) ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ တုမှေ၊ သင်တို့သည်။ နိဝသိဿထ၊ နေကုန်လတ့်။ တာဝ၊ ထို နေသမျှ ကာလပတ်လုံး။ တုမှာကံ၊ သင်တို့အား။(အရှင်ဘုရားတို့အား) ဣမံ ဂေဟံ၊ ဤအိမ်ကို။ ဒေမိ၊ ပေးလှူပါ၏။ (ဝိမတိ၊ ၂–၆၁။)

တထာ ဟိ၊ ထိုစကား မှန်၏။ ဒါနစေတနာ၊ ပေးလှူကြောင်း ဒါနစေတနာ မည်သည်။ စဇိဘဗ္ဗံ ဝတ္ထုံ၊ ပေးလှူဘွယ် ပစ္စည်းဝတ္ထုကို။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ စဇနမတ္တမေဝ၊ ပေးကမ်းစွန့်ကြဲခြင်းမျှသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ အညသန္တကကရဏံဝ၊ တပါးသော သူ၏ ဥစ္စာဖြစ်အောင် ပြုလိုက်ခြင်းသည်သာလျှင်။ တဿ၊ ထို လှူဘွယ်ပစ္စည်းကို။ စဇနံ၊ ပေးကမ်းစွန့်ကြဲခြင်း မည်၏။ (သာရတ္ထ၊ ၂။ ၆၀။)

## ၁၉-ရူပိယဒါယာဒ ဝိမတိစွေ့ဒနီ

| | |
|---|---|
| မန္တလေးမြို့–ခရိုင် | ၁၃/၁၄ |
| ၇၀–တရားမကြီး ဦးအာစိဏ္ဏ– | ၁/ဦးမြဆောင် |
| (၎င်း၏ ကိုယ်စားလှယ်ရသူ) | ၂/ဦးတင်အောင် |
| ဦးမောင်ကလေး။ | ၃/ဦးဖြိုးအောင် |
| | ၄/ဦးဇောတိက |
| | ၅/ဦးဇောတိက |

ဦးမြဆောင် .... .... .... .... .... .... .... နှင့် .... .... .... .... .... ... ဦးမောင်ကလေး

၂၉–၁၂–၇၀။ တရားပိုင်များ

ဦးအေးမောင်၊ ခရိုင် တရားမ တရားသူကြီး။ မန္တလေး။

ပြိုင်/ ဦးညွန့်မြိုင်၊ ဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ၊ တရားရုံးချုပ် ရှေ့နေကြီး။

### ကောက်ချက်များ

၁။ ဆရာတော် ဦးကလျာဏကွယ်လွန်သောအခါ ကျန်ရစ်ခဲ့သော ငွေစုလက်မှတ်များ၏ တန်ဘိုး ငွေ (၂၃၀၀၀) သည်၊ သာသနာနှင့်သက်ဆိုင်သော ဝတ္ထုပစ္စည်းမဟုတ်မူ၍ ဆရာတော်၏ သီးသန့် ဝတ္ထုဖြစ်သည်ဟု ဆိုခြင်းမှာ မှန် မမှန်။

၂။ ထိုငွေ (၂၃၀၀၀) ကို လူပုဂ္ဂိုလ်အနေဖြင့် ဆက်ခံခွင့် ရှိ-မရှိ။

၃။ ထိုငွေ (၂၃၀၀၀) ကို ရဟန်းသံဃာအနေဖြင့် ဆက်ခံခွင့် ရှိ-မရှိ။

၄။ ဦးမြဆောင်သည် ဆရာတော် ဦးကလျာဏ၏ တူအရင်းဖြစ်သည်ဆိုခြင်းမှာ မှန်-မမှန်။

၅။ ဦးအာစိဏ္ဏသည် ဆရာတော် ဦးကလျာဏရှိစဉ်က အုပ်ချုပ်သော သံဃာဂိုဏ်းနှင့် ပတ်သက်ခြင်း မရှိဟု ဆိုခြင်းမှာ မှန်-မမှန်။

၆။ ဦးမြဆောင်သည် အမွေဆက်ခံခွင့် လက်မှတ်ကို ရထိုက်သူ ဖြစ်ပါသလော။

၇။ ဆရာတော် ဦးအာစိဏ္ဏသည် အမွေဆက်ခံခွင့်လက်မှတ်ကို ရထိုက်သူ ဖြစ်ပါသလော။

၈။ လျှောက်သူသည် မည်သည့်သက်သာခွင့်ကို ရထိုက်ပါသနည်း။

အေးမောင်
ခရိုင်တရားမ-တရားသူကြီး
မန္တလေးမြို့။
၂၉-၁၂-၇၀

အဆိုပါ တရားမ တရားသူကြီး ဦးအေးမောင်၏ အမေးကို လောကကြောင်း သာသနာ ဝိနည်းကြောင်းတို့ဖြင့် လမ်းမှန်ကျအောင် အဖြေရေးပေးတော်မူရန် ဝေယန်ဘုံသာတိုက် ဦးဝဏ္ဏသာမိ၏ တောင်းပန်ချက်အရ အမရပူရဆရာတော် ဖြေကြားလိုက်သည်။

## ဝိနိစ္ဆယ

၁။ ပဌမပုစ္ဆာအတွက် ဆရာတော် ဦးကလျာဏသည် မိမိ၏ ကံ ဉာဏ် ဝီရိယတို့ဖြင့် ရလာသော ငွေများကို မိမိ၏ ကိုယ်ရေးကိုယ်တာအတွက်မှ တပါး ကျောင်းစသည် သာသနာရေး၌ သုံးစွဲရန်ဟု နှုတ်ဖြင့်၎င်း စာဖြင့်၎င်း ကြိုတင် ရည်ညွှန်းသတ်မှတ်ချက်မရှိဘူးပါ။ ယခု ဘဏ်စုငွေ (၂၃၀၀၀ိ)ကိုလည်း သာသနာရေးနှင့် ပတ်သက်၍ နှုတ်ဖြင့်၎င်း စာဖြင့်၎င်း ရည်ညွှန်းသတ်မှတ်ထားချက် တစုံတရာ မရှိပါ။ ထို့ကြောင့် ယခု ဘဏ်စုငွေ (၂၃၀၀၀ိ) သည် သာသနာနှင့် သက်ဆိုင်သော ဝတ္ထုပစ္စည်းမဟုတ်၊ ဆရာတော်၏ သီးသန့်ဝတ္ထုပစ္စည်းဖြစ်ကြောင်း ထင်ရှားပါသည်။

၂။ ဒုတိယပုစ္ဆာအတွက် ထိုငွေ(၂၃၀၀၀ိ)ကို လူပုဂ္ဂိုလ်အနေဖြင့် ဆက်ခံခွင့် ရှိပါသည်။ အနည်းငယ်ရှင်းပြပါအံ့၊ (၁) ကိုယ်တိုင်ခံယူအပ်သော ရွှေငွေ။ (၂) သူတပါးကို ခံယူစေသော ရွှေငွေ။ (၃) မိမိအနီး၌ ပေးလှူချထားအပ်သည်ကို သာယာလက်ခံအပ်သော ရွှေငွေများကို ဘုရားရှင် အရင်းပြုတ် ပယ်ရှားတားမြစ်တော်မူသည် (ရူပိယသိက္ခာပုဒ်ကြီး တခု ပညတ်တော်မူသည်)၊ ထိုသိက္ခာပုဒ်ကို လွန်ကျူး၍ ရွှေငွေတို့ကို ဆိုခဲ့ပြီးသော ခံယူနည်းသုံးမျိုးတို့တွင် တမျိုးမျိုးဖြင့် ခံယူမိသောရဟန်းသည် ထိုရွှေငွေကို သံဃာ၏ အလယ်၌ ထား၍ စွန့်ရသည်၊ အာပတ်ကိုလည်း ဒေသနာကြားရသည်။ ထိုစွန့်ရာအရပ်၌ ထိုရွှေငွေဖြင့် ရဟန်းတို့အား အပ်သော ကပ္ပိယ ထောပတ် ဆီ ပျား တင်လဲတို့ကို လဲလှယ်ပေးမည့် အရာမ်စောင့် သီကင်းသည့် လူဒါယကာ ယောက်ယောက် ရလျှင်ရ, မရလျှင် ထိုဒါယကာကို စွန့်ပစ် (လွှတ်ပစ်) ခိုင်းရသည်။

ထို့ကြောင့် –

နော စေ လဘေထ၊ သော ဝတ္တဗ္ဗော "အာဝုသော ဣမံ ဆဍ္ဍေဟိ"တိ။ သစေ သော ဆဍ္ဍေတိ၊ ဣစ္စေတံ ကုသလံ-ဟု ပါ႕ဇိကဏ် ရူပိယသိက္ခာပုဒ် (၃၄၆) မျက်နှာ၌ ရဟန်းနှင့် မစပ် အရင်ပြုတ် ပညတ်တော်မူသည်။

ထိုလူ ဒါယကာသည် ရွှေငွေကို ရဟန်းတို့ခိုင်းတိုင်း စွန့်မပစ် (လွှတ်မပစ်) ဘဲ ကိုယ်တိုင်ယူသွားလျှင် မယူသင့်ဟု ဘယ်ရဟန်းကမျှ မတားမြစ်အပ်။

ထို့ကြောင့် ၎င်းအဋ္ဌကထာ(၂၇၁)၌- သစေ သော ဆဍ္ဍေတီတိ ယတ္ထ ကတ္ထစိ ခိပတိ။ အထာပိ န ဆဍ္ဍေတိ၊ သယံ ဂဟေတွာ ဂစ္ဆတိ၊ န ဝါရေတဗ္ဗော-ဟု ဖွင့်တော်မူသည်။ ဤပါဠိအဋ္ဌကထာတို့ကို ထောက်၍ (၂-အတွက်) ထို မတာသန္တက ငွေ (၂၃၀၀၀ိ)ကို လူပုဂ္ဂိုလ်အနေဖြင့် ဆက်ခံခွင့်ရှိသည်၊ ဆက်ခံကောင်းသည်-ဟု မှတ်ယူသိမြင်ရမည်။

**ဝိမတိစ္ဆေဒနီ ၁၄—ပ-မ-သ-ရ**

(၃-၇ အတွက်)ဆရာတော် ဦးကလျာဏ ကွယ်လွန်သောအခါ ကျန်ရစ်သော ငွေစုလက်မှတ်များ တန်ဘိုးငွေ (၂၃၀၀၀)ကို ရဟန်းသံဃာအနေဖြင့် ဆက်ခံခွင့် မရှိ။

အနည်းငယ် ရှင်းပါမည်——

ရဟန်းသံဃာများအား ဘုရားရှင် ခွင့်ပြု ပေးခဲ့သော အမွေသည်– (၁) သပိတ်သင်္ကန်း၊ (၂) သပိတ်သင်္ကန်းမှ ကြွင်းသော လဟုဘဏ်၊ (၃) ၂၅-ပါးသော ဂရုဘဏ်-ဟု သုံးမျိုးသာဖြစ်သည်။ ထိုမှတပါး ရွှေငွေ စသော ပစ္စည်းဟူသမျှသည် ဘုရားရှင်ခွင့်ပြုပေးခဲ့သောအမွေမဟုတ်။ ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူသောအခါ ဘဏ္ဍာများစွာရှိသော ရဟန်းတပါး မည်သူ့အားမျှ မပေးခဲ့ ဝိဿာသဂ္ဂါဟဖြင့် ယူသူ ရဟန်းလူပုဂ္ဂိုလ် တစုံတယောက်မျှလည်း မရှိပဲ ကွယ်လွန်သွားရာ- ကိုယ်တော်တိုင် ပစ္စည်းအမွေ ဝေ၍ ပေးတော်မူသည်။

ပေးတော်မူပုံ……ရဟန်းတို့ ရဟန်းကွယ်လွန်လျှင် သံဃာသည် သပိတ် သင်္ကန်း၏ ပိုင်ရှင်တည်း၊ စင်စစ်သော်ကား (ဝါ-ဒါပေမဲ့) ဂိလာနုပဋ္ဌာကတို့ကား ထိုကွယ်လွန်သော ရဟန်းအား ကျေးဇူးများလှသည်၊ ရဟန်းတို့ တိစီဝရိက် (သင်္ကန်း ၃-ထည်)နှင့် သပိတ်ကို ဂိလာနုပဋ္ဌာကတို့အား ပေးခြင်းငှါ ငါဘုရား ခွင့်ပြုတော်မူသည်။ထို ကျန်ရစ်သော ပစ္စည်းတွေထဲက (ဂိလာနုပဋ္ဌာကတို့အား ပေးအပ်သော သပိတ်သင်္ကန်းမှတပါး) လဟုဘဏ်= ပေါ့ပါးစွာ ခွဲဝေ သုံးစွဲသင့်သော ဘဏ္ဍာ။ လဟုပရိက္ခရာ=ပေါ့ပါးစွာ ခွဲဝေသုံးစွဲသင့်သော ပရိက္ခရာ ကို သမ္မုခီဘူတ=မျက်မှောက်ဖြစ်သော သံဃာသည် ဝေဘန်ခြင်းငှါ ငါဘုရား ခွင့်ပြုတော်မူသည်။ ထိုကျန်ရစ်သော ပစ္စည်းတွေထည်းမှ ဂရုဘဏ်=လေးလေးစားစား မခွဲမဝေပဲ သုံးစွဲသင့်သော ပရိက္ခရာသည် အာဂတာနာဂတ စတုဒ္ဒိသ သံဃာ (ဤပစ္စည်းရှိရာသို့ရောက်လာ မရောက်လာသော အရပ်လေးမျက်နှာ၌ရှိသော သာသနာ့ဝန်ထမ်း ရဟန်းသံဃာ)၏ ဥစ္စာဖြစ်၍ မခွဲမဝေ မစွန့်မပေးအပ်သော ဘဏ္ဍာ ပရိက္ခရာ ဖြစ်စေဟု……..

ကွယ်လွန်သူ၏ ကျန်ရစ်သော ကပ္ပိယဘဏ္ဍာ ကပ္ပိယပရိက္ခရာ သုံးမျိုးကိုသာ ဘုရားရှင်ကိုယ်တိုင် ဆက်ခံခွင့် အမွေခွဲဝေ ပေးသနားတော်မူခဲ့သည်၊ ရွှေငွေစသော အကပ္ပိယ ပါစိတ်ဝတ္ထု၊ ပုလဲ ပတ္တမြား စသော အကပ္ပိယဒုက္ကဋ်ဝတ္ထုတို့ကို သာသနာ့ဝန်ထမ်း ရဟန်းသံဃာအား ဆက်ခံခွင့် အမွေခွဲဝေ ပေးတော်မမူခဲ့။

ထို့ကြောင့်—

တေန ခေါ ပန သမယေန အညတရော ဘိက္ခု ဗဟုဘဏ္ဍော ဗဟုပရိက္ခာရော ကာလင်္ကတော ဟောတိ။ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ။ ဘိက္ခုဿ ဘိက္ခဝေ ကာလင်္ကတေ သံဃော သာမီ ပတ္တစီဝရေ၊ အပိ စ ဂိလာနုပဋ္ဌာကာ ဗဟူပကာရာ။ အနုဇာနာမိ ဘိက္ခဝေ သံဃေန တိစီဝရဉ္စ ပတ္တဉ္စ ဂိလာနုပဋ္ဌာကာနံ ဒါတုံ၊ ယံ တတ္ထ လဟုဘဏ္ဍံ လဟုပရိက္ခာရံ၊ တံ သမ္မုခီဘူတေန သံဃေန ဘာဇေတုံ။ ယံ တတ္ထ ဂရုဘဏ္ဍံ ဂရုပရိက္ခာရံ၊ တံ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ အဝိဿဇ္ဇိကံ အဝေဘင်္ဂိကန္တိ-ဟု မဟာဝါ ဠိပါဠိ ဝရကွန္တက (၄၂၀) ၌ အမွေပေးသနား ဟောကြားတော်မူအပ်ပြီ။

ဤသည့် ပါဠိတော်ကို ထောက်၍ ဘုရားရှင်သာသနာတော်၌ ကွယ်လွန်သော ရဟန်း၏ ကျန်ရစ်သော ပစ္စည်းတို့တွင်–

(၁) တိစီဝရိက်နှင့် သပိတ်၊

(၂) ထိုမှ ကြွင်းသော လဟုဘဏ် လဟုပရိက္ခရာ၊

(၃) ၂၅-ပါးသော ဂရုဘဏ် ဂရုပရိက္ခရာ-အားဖြင့် ရဟန်းကို ဆက်ခံခွင့်ရှိသော အမွေ သုံးမျိုးသာ ရှိသည်၊ ထိုပြင် ရွှေ ငွေ ပုလဲ ပတ္တမြား စသော အကပ္ပိယ(ရဟန်းတို့အား မအပ်သော) ပစ္စည်းအရပ်ရပ်သည် ရဟန်းတို့ ဆက်ခံခွင့်ရှိသော အမွေ မဟုတ်။

အမွေခံလည်း (၁) ဂိလာနုပဋ္ဌာက၊ (၂) သမ္မုခီဘူတသံဃာ၊(၃) အာဂတာနာဂတ စာတုဒ္ဒိသ သံဃာ အားဖြင့် ပုဂ္ဂိုလ်သုံးမျိုးသာ ရှိသည်။ ဘုရားဂိုဏ်း ဘုရားသာသနာ အနေဖြင့် အခြား အမွေခံ မရှိဟု သန္နိဋ္ဌာန်ကျ သိမြင်မှတ်ယူအပ်သည်။

ဤကောက်ချက်ကို ဝိနယာလင်္ကာရဋီကာ၊ ဒု၊ (၃၅) ၌–

တတ္ထ တိစီဝရ ပတ္တ အဝသေသလဟုဘဏ္ဍ ဂရုဘဏ္ဍ ဝသေန အာမိသဒါယဇ္ဇံ တိဝိဓံ ဟောတိ။ ဘေသု တိစီဝရပတ္တံ ဂိလာနုပဋ္ဌာကဿ ဘာဂေါ ဟောတိ၊ အဝသေသ လဟုဘဏ္ဍံ သမ္မုခီဘူတ သံဃဿ၊ ပဉ္စဝီသတိ ဂရုဘဏ္ဍံ စာတုဒ္ဒိသ သံဃဿ။ ဣမိနာ ဣတော တိဝိဓဘဏ္ဍတော အညံ ဘိက္ခုဘဏ္ဍံ နာမ နတ္ထိ၊ ဣမေဟိ တိဂိဓေဟိ ပုဂ္ဂလေဟိ အညော ဒါယာဒေါ နာမ နတ္ထီတိ ဒဿေတိ-ဟု မိန့်ဆို ဖွင့်ပြတော်မူအပ်ပြီ။

ဤ ပါဠိတော် ဋီကာတို့ ဟောမိန့်တော်မူချက်အရ ကွယ်လွန်သူ ဦးကလျာဏ၏ ကျန်ရစ်သော မတည်နွှက ငွေ (၂၁၀၁၀) ကို ရဟန်းသံဃာအနေဖြင့် လက်ခံခွင့် မရှိ၊ လက်ခံလျှင်လည်း အလဇ္ဇီ သာ ဖြစ်ရာသည်။ ထို့ကြောင့် (၇)အတွက် သာသနာ့ဝန်ဆောင် ရဟန်းဖြစ်သော ဆရာတော် ဦးအာစိဏ္ဏသည် အမွေဆက်ခံခွင့် လက်မှတ်ကို ရထိုက်သူ မဟုတ်။

## ချုပ်ချက်

သံဃာ ဂိုဏ်း ပုဂ္ဂိုလ်ကို မသုံးသပ်မူ၍ နဝကမ္မ စသည်အား သုံးသပ်လျှအပ်သော ရွှေ ငွေ တို့ကား ယခင်ပစ္စည်း ဘဏ္ဍာသုံးမျိုး၌ ထိုက်သင့်သည့် အားလျော်စွာ သက်ဝင်သည်၊ မလိုအပ်၍ အကျယ် မရေးပြီ။

(၄) အတွက် ဦးမြဆောင်သည် ဦးကလျာဏ၏ တူအရင်း ဖြစ်ကြောင်း ဤရုံးတော်သို့ အခိုင်အမာ တင်ပြထားပြီး ဖြစ်ပါသည်။

(၆) အတွက် ရဟန်းတို့၏ ရွှေငွေကို လူပုဂ္ဂိုလ်တို့ ဆက်ခံယူငင်သုံးစွဲမှုကို ဘုရားရှင် မပယ် သောကြောင့် လောကမင်း အစိုးရတို့ သတ်မှတ်ထားသော ပစ္စည်းဆက်ခံခွင့်ဥပဒေ ဘဏ်ဥပဒေ များနှင့် ညီညွတ်သော ဦးမြဆောင်သည် အမွေဆက်ခံခွင့် လက်မှတ်ကို ရထိုက်သူ ဖြစ်ပါသည်။

(ဂ)အတွက် ဆိုခဲ့ပြီးသော လောကအကြောင်း သာသနာ့ ဝိနည်းကြောင်းများ အရ လျှောက်သူ သာသနာ့ဝန်ထမ်း ရဟန်းတော် ဦးအာစိဏ္ဏသည် ဤငွေ (၂၃၀၀၀ိ) နှင့်ပတ်သက်၍ တစုံတရာ သက်သာခွင့် မရထိုက်ပါ။

ဤတွင်ရွှေ မန္တလေးမြို့ ခရိုင်တရားမ တရားသူကြီး ဦးအေးမောင်၏ အမေးကို အဖြေ ရေးသားပေးရန် ဝေယန်ဘုံသာတိုက် ဦးဝဏ္ဏသာမိ၏ တောင်းပန်ချက်အရ ဒက္ခိဏာရာမတိုက် အမရပူရဆရာတော် ရေးပေးလိုက်သော ဝိမတိဝိနောဒနီ ကထာ ပြီး၏။

## ဤအဆုံးအဖြတ်၌ ပါသော ပါဠိအဋ္ဌကထာ စသည်တို့ကို
## က–ခ–ဂသော အမှတ်စဉ်အတိုင်း အနက်ပြန်ဆိုလိုက်အံ့

(က) တေ၊ ထိုရွှေငွေ လဲလှယ်မည့်သူကို။ နော စေ လဘေထ၊ အကယ်၍ မရအံ့။ သော၊ ထို အရံစောင့် ဥပါသကာကို။ အာဝုသော၊ ဒါယကာ။ဣမံ ရူပိယံ၊ ဤရွှေငွေကို။ ဆဍ္ဍေဟိ၊ စွန့်ပစ်လော့။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗော၊ ပြောဆိုရမည်။ သော၊ သည်။ သစေ ဆဍ္ဍေတိ၊ အကယ်၍ စွန့်ပစ်အံ့။ ဣစ္စေတံ၊ ဤသို့ စွန့်ပစ်ခြင်းသည်။ ကုသလံ၊ ကောင်း၏။ (ဝိ၊ ၁။ ၃၄၆)

(ခ) သစေ သော ဆဍ္ဍေတိ၊ ကား။ ယတ္ထ ကတ္ထစိ၊ တစုံတခုသော အရပ်၌။ ခိပတိ၊ စွန့်ပစ် ၏။ အထာပိ န ဆဍ္ဍေတိ၊ စွန့်မပစ် စေဦးတော့။ သယံ၊ ကိုယ်တိုင်။ ဂဟေတွာ၊ ယူ၍။ ဂစ္ဆတိ၊ သွားအံ့။ နဝါရေတဗ္ဗော၊ မတားမြစ်အပ်။ (ဝိ၊ ဋ္ဌ၊ ၂။ ၂၇၁)

(ဂ) တေန ခေါ ပန သမယေန၊ ထိုအခါ၌။ အညတရော၊ တပါးသော။ ဗဟုဘဏ္ဍော၊ များသော ဘဏ္ဍာ ရှိသော။ ဗဟုပရိက္ခာရော၊ များသောပရိက္ခရာရှိသော။ ဘိက္ခု၊ ရဟန်းသည်။ ကာလင်္ကတော၊ ပျံတော်မူသည်။ ဟောတိ၊ ဖြစ်၏။ ဘဂဝတော ၊ မြတ်စွာဘုရားအား။ ဧတမတ္ထံ၊ ဤအကြောင်းကို။ အာရောစေသုံ၊ လျှောက်ကြားကုန်ပြီ။ ဘိက္ခဝေ၊ တို့။ ဘိက္ခုဿ၊ ၏။ ကာလင်္ကတေ၊ ပျံတော်မူခြင်းကြောင့်။ (ကာလင်္ကတေတိ၊ ကာလကိရိယာယ။ ဝိ၊ ဋ္ဌ၊ ၃။ ၄၁၄)။ သံဃော၊ သံဃာသည်။ ပတ္တစီဝရေ၊ သပိတ်သင်္ကန်း၌။ ဝါ၊ ကို။ သာမိ၊ စိုးပိုင်၏။ အပိ စ၊ ထိုသို့ပင် စိုးပိုင်သော်လည်း ဂိလာနုပဋ္ဌာကာ၊ သူနာပြု ရဟန်းတို့သည်။ ဗဟူပကာရာ၊ များသောကျေးဇူး ရှိကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သံဃေန၊ သံဃာသည်။ တိစီဝရဉ္စ သုံးထည်သော သင်္ကန်းကိုရင်း။ ပတ္တဉ္စ၊ သပိတ်ကိုလည်းကောင်း။ ဂိလာနုပဋ္ဌာကာနံ၊ သူနာပြုရဟန်းတို့အား။ ဒါတုံ၊ ပေးခြင်းငှါ။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ တတ္ထ၊ ထိုများသောဘဏ္ဍာ များသောပရိက္ခရာတို့တွင်။ ယံ လဟုဘဏ္ဍံ၊ အကြင်လဟုဘဏ်သည်ရင်း။ ယံ လဟုပရိက္ခာရံ၊ အကြင်လဟုပရိက္ခရာသည်ရင်း။ အတ္ထိ၊ ရှိ၏။ တံ၊ ထို လဟုဘဏ္ဍာ လဟုပရိက္ခရာကို။ သမ္မုခီဘူတေန၊ မျက်မှောက်ဖြစ်သော။ သံဃေန၊ သည်။ ဘာဇေတုံ၊ ခွဲဝေခြင်းငှါ။ အနုဇာနာမိ၊ ၏။ တတ္ထ၊ တို့တွင်။ ယံ ဂရုဘဏ္ဍံ၊ အကြင်ဂရုဘဏ် သည်ရင်း။ ယံ ဂရုပရိက္ခာရံ၊ အကြင်ဂရုပရိက္ခရာသည်ရင်း။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုဂရုဘဏ် ဂရုပရိက္ခ ရာကို။ အာဂတာနာဂတဿ၊ ရောက်လာပြီး မရောက်လာသေးသော။ စာတုဒ္ဒိသဿ၊ အရပ် လေးမျက်နှာ၌ ရှိသော။ သံဃဿ၊ သံဃာ၏။ သန္တကံ၊ ဥစ္စာသည်။ ဟုတွာ၊ ဖြစ်၍။ ဝါ၊ ကြောင့်။

အဝိဿဇ္ဇိကံ၊ စွန့်လည်း မစွန့်အပ်။ အဝေဘင်္ဂိကံ၊ ဝေလည်း မဝေဘန်အပ်။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။ (ဝိ၊ ၃။ ၄၂၀-၁)

(ဃ) တတ္ထ၊ ထို ပံ့ုတော်မူသော ရဟန်း၏ ဥစ္စာတို့တွင်။ တိစီဝရပတ္တ အဝသေသ လဟုဘဏ္ဍ ဂရုဘဏ္ဍဝသေန၊ သင်္ကန်းသုံးထည် သပိတ်တလုံး ထိုမှကြွင်းသော သင်္ကန်းစသော လဟုဘဏ် ညောင်စောင်းစသော ဂရုဘဏ်တို့၏ အစွမ်းဖြင့်။ အာမိသ ဒါယဇ္ဇံ၊ ပစ္စည်းအာမိသ အမွေသည်။ တိဝိဓံ၊ သုံးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏ တေသု၊ ထိုသုံးပါးတို့တွင်။ တိစီဝရပတ္တံ၊ သင်္ကန်း သုံးထည်နှင့် သပိတ်သည်။ ဂိလာနုပဋ္ဌာကဿ၊ သူနာပြုရဟန်း၏။ ဘာဂေါ၊အဘို့အစုသည်။ဟောတိ၊ ဖြစ်၏။ အဝသေသ လဟုဘဏ္ဍံ၊ သုံးထည်သောသင်္ကန်းနှင့် သပိတ်မှ ကြွင်းသော သင်္ကန်းစသော လဟုဘဏ်သည်။ သမ္မုခီဘူတ သံဃဿ၊ မျက်မှောက်ဖြစ်သော သံဃာ၏။ ဘာဂေါ၊ သည်။ ဟောတိ၊ ၏။ ပဉ္စဝီသတိဝိဓဂရုဘဏ္ဍံ၊ ညောင်စောင်းစသော နှစ်ဆယ့်ငါးပါး အပြားရှိသော ဂရု ဘဏ်သည်။ စာတုဒ္ဒိသ သံဃဿ၊ အရပ်လေးမျက်နှာ၌ရှိသော သံဃာ၏။ ဘာဂေါ၊ သည်။ ဟောတိ၊ ၏။ ဣမိနာ၊ ဤ ဘိက္ခုဿ ဘိက္ခုဒဝ ကာလကတေ စသောပါဠိဖြင့်။ ဣတော တိဝိဓဘဏ္ဍတော၊ ဤသုံးပါးအပြားရှိသော ဘဏ္ဍာမှ။ အညံ၊ တပါးသော။ဘိက္ခုဘဏ္ဍံ န မ၊ ရဟန်း၏ဘဏ္ဍာမည်သည်။ နတ္ထိ၊ မရှိ။ တိဝိဓေဟိ၊ သုံးပါးအပြားရှိကုန်သော။ ဣမေဟိ ပုဂ္ဂလေဟိ၊ ဤသူနာပြုစသော ပုဂ္ဂိုလ် တို့မှ။ အညော၊ တပါးသော။ ဒါယာဒေါ နာမ၊ အမွေခံမည်သည်။ နတ္ထိ၊ မရှိ။ ဣတိ ဣမံ အတ္ထံ၊ ဤအနက်သဘောကို။ ဒဿေတိ၊ ပြ၏။ (ဝိနယာလင်္ကာရ၊ ဋီ၊ ၂။ ၃၅)

## ၂၀-သံဃဘေဒကမှု ဝိပတိစ္ဆေဒနီ

ယခုကာလ၌ အာပတ်သင့် မသင့် အငြင်းပွါး၍ ပုဂ္ဂိုလ်တပါးကို အာမိသ သမ္ဘောဂ, ဓမ္မ- သမ္ဘောဂကို မပြုဘဲ ကြဉ်ထားသည့်အတွက် အခြားပုဂ္ဂိုလ်တပါးက သံဃာညီညွတ်စေလိုသော ဆန္ဒဖြင့် ထိုပုဂ္ဂိုလ်အပေါ်၌ အပြစ်ရှိက ကုစားရန်, အပြစ်မရှိက ပေါင်းသင်းရန်ဟု လျှောက် ထား၍ စည်းဝေးပြီးလျှင် အဆုံးအဖြတ်ကို ခံယူစေသောအခါ ထိုသံဃအစည်းအဝေးမှ အဖန်ဖန် စစ်ဆေးမေးမြန်း၍ လဇ္ဇီသုဒ္ဓသညာ ရသည့်အလျောက် ဓမ္မဝိနယကို ပြလျက် အာမိသ သမ္ဘောဂ, ဓမ္မသမ္ဘောဂကို ပြု၍ ပေါင်းသင်ကြရန် လဇ္ဇီသုဒ္ဓဝိနိစ္ဆယကို ပေးတော်မူလိုက်ရာ အချို့သော သံဃာ့ဘောင်မသက်သောရဟန်းဘို့က မပေါင်းဘဲ နှစ်သင်းနှစ်ပက္ခအချင်းချင်းအာမိသသမ္ဘောဂ, ဓမ္မသမ္ဘောဂ စသည် မစပ်မယှဉ် ဖဲကြဉ်ခွဲခြား ကွဲပြားကြရာ၌ အကြားမှ ရှက်ဆောင်သော ပုဂ္ဂိုလ် သည် သံဃဘေဒက ဖြစ်မဖြစ် သံဃဘေဒကကံ ထိုက် မထိုက် ဤအမေးကို သံသယ ကုက္ကုစ္စ မရှိ၊ သိမှတ်ရန် ဓမ္မဝိနယ ရှိတိုင်း ဖြတ်ပိုင်းလိုးချ သာဓက ယုတ္တိ တို့ဖြင့် ရေးသားလျှောက်ထား ရမည်ဟူသော မန်ကျည်းကုန်း ကျောင်းရှာ ဆရာတော်၏ အမိန့်တော်ကို ဦးထိပ်ထက်ပန်ဆင် လျက် ဓမ္မဝိနယကိုသာ အလေးဂရုပြု၍ ဖြေကြားပေအံ့။

## ဖြေဆိုချက်

အဖြေ။ ။သံဃာ ညီညွတ်စေလိုသော ဆန္ဒဖြင့် ရှက်ဆောင်သည့်အတွက် ဝိနိစ္ဆယ တည် မတည် နှစ်လီ နှစ်ပက္ခ ကွဲပြားကြငြားသော်လည်း ကြားဝင် ဆောင်ရွက်သော ပုဂ္ဂိုလ်သည် သံဃဘေဒကကံ မထိုက်-ဟု မှတ်ယူတော်မူပါ။

သံဃာ ကွဲပြားခြင်း (သံဃ ဘေဒ) သည် နာနာသံဝါသက ရဟန်းတို့၏ ကွဲပြားခြင်း, သမာန သံဝါသက ရဟန်းတို့၏ ကွဲပြားခြင်းဟူ၍ နှစ်မျိုးရှိ၏။ ထိုတွင် ကောသမ္ဗကက္ခန္ဓက၌ လာသော ဝိနယဓရ ရဟန်း သုတ္တန္တိက ရဟန်းတို့ကဲ့သို့ နှစ်ပက္ခ တသိမ်တည်း၌ အင်္ဂါးအခြားဥပုသ် ပဝါရဏာ ကံကြီး ကံငယ် ပြုသည်၏ အစွမ်းဖြင့် ကွဲပြားခြင်းသည် နာနာသံဝါသက ရဟန် တို့၏ ကွဲပြား ခြင်း မည်၏။

## ချဲဦးအံ့

ထိုရဟန်းတို့သည် အာပတ် သင့်မသင့် အငြင်းပွါးပြီးလျှင် သုတ္တန္တိက ရဟန်းတို့ကို အာပတ်ကို မကုခြင်းကြောင့် ဥက္ခေပနီယကံ ပြု၍ နှင်ထုတ်ကုန်၏၊ (ထိုအတူ ကမ္မက္ခန္ဓက ၌ လာသော ဆန္န ရဟန်းကို အာပတ် မရှုခြင်းကြောင့်, အရိဋ္ဌ ရဟန်းကို အယူကို မစွန့်ခြင်းကြောင့် ဥက္ခေပနီယကံ ပြု၍ နှင်ထုတ်ကုန်ပြီ။) ထို နှင်ထုတ်အပ်သောရဟန်းသည် ဥက္ခိတ္တက ရဟန်း မည်၏၊ ထိုဥက္ခိတ္တက ရဟန်းသည် ကမ္မနာနာသံဝါသက ရဟန်း မည်၏၊ ထို စကား မှန်၏။ ထို ဥက္ခိတ္တက ရဟန်းကို ဥက္ခေပနီယကံ၏ အစွမ်းဖြင့် နာနာသံဝါသက ဖြစ်ရကား ကမ္မနာနာသံဝါသက ရဟန်းဟု ဆို အပ်၏။

> ထိုကြောင့် သံဃ ဘေဒက သိက္ခာပုဒ်အဖွင့် သာရတ္ထဋီကာ (ဒု၊ ၃၆၁)၌။ ကမ္မ-နာနာသံဝါသကော နာမ ဥက္ခေပနီယကမ္မကတော။ သော ဟိ ဥက္ခေပနီယကမ္မဝသေန နာနာသံဝါသကော ဟောတီတိ “ ကမ္မနာနာသံဝါသကော ” တိ ဝုစ္စတိ-ဟု မိန့်အပ်ပြီ။

ထို ဥက္ခိတ္တက ကမ္မနာနာသံဝါသက ရဟန်းသည် သန္နိဋ္ဌ သမ္ဘတ္တ ရဟန်းတို့သို့ ကပ်၍ “အနာပတ္တိ သော အာဝုသော၊ နေသာ အာပတ္တိ ” စသည် ပြောကြားသည့် အတွက် ပက္ခ ရဟန်းများကို ရပြန်လေက ထိုဥက္ခိတ္တက ရဟန်းသို့ အတုလိုက်၍ ကျင့်ကုန်သော ပက္ခ ရဟန်းတို့ကား ဥက္ခိတ္တာ-နုဝတ္တက ရဟန်းတို့ မည်ကုန်၏။ ထို ဥက္ခိတ္တာနုဝတ္တက ရဟန်းတို့ကား လဒ္ဓိနာနာသံဝါသက ရဟန်း တို့ မည်ကုန်၏။ ထိုစကား မှန်၏။ ထို ဥက္ခိတ္တာနုဝတ္တက ရဟန်းတို့ကို မိမိ၏ အယူဖြင့် နာနာ-သံဝါသက ဟု ဆိုအပ်၏။ ထိုကြောင့် ၎င်းဋီကာ (၃၆၁) ၌ပင်–

> တတ္ထ လဒ္ဓိနာနာသံဝါသကော နာမ ဥက္ခိတ္တာနုဝတ္တကော။ သော ဟိ အတ္တနော လဒ္ဓိယာ နာနာသံဝါသကော ဇာတောတိ “လဒ္ဓိ နာနာသံဝါသကော ”တိ ဝုစ္စတိ-ဟု မိန့်အပ်ပြီ။

ဥက္ခေပက ရဟန်းတို့သည် ဥက္ခိတ္တာနုဝတ္တက ရဟန်းတို့နှင့် အတူတကွ အာမိသ သမ္ဘောဂ, ဓမ္မသမ္ဘောဂ ကိုလည်း မပြုအပ်၊ ဉပုသ် ပဝါရဏာ ကံကြီး ကံငယ်ဟု ဆိုအပ်သော တူသော ပေါင်းဖော်ခြင်းကိုလည်း မပြုအပ်၊သဟ သေယျ လောက်သော ကေစ္ဆန္န ဖြစ်သော ကျောင်းစေ့ပ်, မဏ္ဍပ်, တန်ဆောင်း စသည်တို့၌ အတူတတွ အိပ်လည်း မအိပ်အပ်။ အကယ်၍ ပြုငြားအံ့၊ ပါစိတ် အာပတ် သင့်၏။ ထိုကြောင့် ပါစိတ် ပါဠိတော် (၁၈၀)၌–

"ယော ပန ဘိက္ခု ဇာနံ တထာဝါဒိနာ ဘိက္ခုနာ အကဋာနုဓမ္မေန တံ ဒိဋ္ဌိံ အပ္ပဋိနိဿဋ္ဌေန သဒ္ဓိံ သံဘုဉ္ဇေယျ ဝါ သံဝသေယျ ဝါ သဟ ဝါ သေယျံ ကပ္ပေယျ၊ ပါစိတ္တိယန္တိ –ဟု ပညတ်တော်မူအပ်ပြီ။ (ပဒဘာဇနီကိုလည်း ယူပါ)

ထိုမျှလောက် ဥက္ခိတ္တကရဟန်းကို နှင်ထုတ်ခြင်း, ထို ဥက္ခိတ္တကရဟန်းသို့ အတုလိုက်၍ ကျင့်ခြင်း မျှဖြင့် သံဃာမကွဲပြားသေး၊ စင်စစ်သော်ကား–မိုးရွာသည်ရှိသော် မချွတ်ကေန် အမှန်မုချ ကောက်ပဲပြည့်စုံ အောင်မြင်လတ္တံ့ ဖြစ်သောကြောင့် ယခု မိုးရွာသောအခါ၌ ကောက်ပဲပြည့်စုံ အောင်မြင်ပြီဟု ဆိုအပ်သကဲ့သို့ ထို့အတူသာ နှင်ထုတ်ခြင်း, အတုလိုက်၍ ကျင့်ခြင်း ဟူသော အကြောင်းကြောင့် ထို နှင်ထုတ်ခြင်း အတုလိုက်၍ ကျင့်ခြင်းကို မှီ၍ နှစ်ဖက်သော ရဟန်းတို့၏ ပက္ခကိုရှာ၍ အချင်းချင်း အမျက်၏အစွမ်းဖြင့် ကိုယ်နှုတ်တို့ဖြင့် ခိုက်ရန်စ တိုးပွါးခြင်းဖြင့်သာ နောင်အခါ မချွတ်ကေန် အမှန်မုချ သံဃာကွဲပြားလတ္တံ့၊ ထို ကွဲပြားခြင်းသည်လည်း ခိုက်ရန် တိုးပွါးခြင်းဖြင့်သာ ဖြစ်၏။ (အာနန္တရိယကံနှင့် စပ်သော) သံဃဘေဒ၏ အစွမ်းဖြင့် မဖြစ်။ ထိုကြောင့်–(အဝဿမ္ဘာဝိယ နည်းအားဖြင့်) ဘိန္နော ဟု ဟောတော်မူသည်ဟု သိမြင် မှတ်ယူ တော်မူပါ။

ထိုကြောင့် ကောသမ္ဗကက္ခန္ဓက အဋ္ဌကထာ (၄၃၁)၌–

ဘိန္နော ဘိက္ခုသံဃော ဘိန္နော ဘိက္ခုသံဃောတိ ဧတ္တ န တာဝ ဘိန္နော၊ အပိ စ ခေါ ယထာ ဒေဝေ ဝုဋ္ဌေ ဠဒါနိ သဿံ နိပ္ဖန္နန္တိ ဝုစ္စတိ၊ အဝဿံ ဟိ တံ နိပ္ဖဇ္ဇိဿတီတိ၊ ဧဝမေဝ ဣမိနာ ကာရဏေန အာယတိံ အဝဿံ ဘိဇ္ဇိဿတိ၊ သော စ ခေါ ကလဟဝသေန, န သံဃ-ဘေဒဝသေန၊ တသ္မာ "ဘိန္နော" တိ ဝုတ္တံ ဟု မိန့်တော်မူအပ်ပြီ။

ရင်းအဖွင့် ဝိမတိဝိနောဒနီဋီကာ (၂၀၇)၌လည်း "န တာဝ ဘိန္နော" တိ ဣဒံ ဥက္ခိပနတဒ-နုဝတ္တနမတ္တေန သံဃော ဘိန္နော နာမ န ဟောတိ၊ တံ နိဿာယ ပန ဥဘယပက္ခိကာနံ ပက္ခံ ပရိယေသိတွာ အညမညံ ကောဓဝသေန ကာယဝစီကလဟ ဝဍ္ဎနေနေဝ ဟောတီတိ ဣမမတ္ထံ သန္ဓာယ ဝုတ္တံ။ တေနာဟ "သော စ ခေါ ကလဟဝသေနာ"တိ–ဟု မိန့်အပ်ပြီ။

ဘယ်အခါ သံဃဘေဒဖြစ်သည်ဟု အဋ္ဌကထာ ဋီကာတို့၌ တိုက်ရိုက်သေချာ ဖွင့်တော်မမူကြ။ သို့သော်လည်း သံဃဘေဒကက္ခန္ဓက၌ ဒေဝဒတ်ကဲ့သို့ တသိမ်တည်း၌ နာနာသံဝါသက ရဟန်း တို့သည် အသီးသီး ဥပုသ်ပဝါရဏာ ကံကြီး ကံငယ်ပြုသောအခါ သံဃဘေဒ ဖြစ်သည်ဟုသာ ပါဠိကို အစဉ်လျှောက်၍ သိမြင်မှတ်ယူတော်မူပါ။ ထိုစကား မှန်၏။

၁။ **သမာနသံဝါသက ရဟန်းတို့၏ ကွဲပြားခြင်းကား— သံဃဘေဒကက္ခန္ဓက၌ ဒေဝဒတ်**ကဲ့သို့ တသိမ်တည်း၌ ပကတတ်ဖြစ်ကုန်သော တသိမ်တည်း၌ တည်သော **သမာနသံဝါသက** ရဟန်းတို့သည် ဘေဒကရ ဝတ္ထု ၁၈-ပါးဖြင့် ပရိသတ်ကို ဆွဲငင်ရှင်းလင်း တသင်းတပါး **ဖယ်ရှား** စုစည်း အသီးအခြား ဥပုသ်ပဝါရဏာ ကံကြီး ကံငယ်ပြု၍ ကွဲပြားခြင်းတည်း။

ထိုကြောင့် သံဃဘေဒကက္ခန္ဓက (၃၆၈)၌—

ဘိက္ခု ခေါ ဥပါလိ ပကတတ္တော သမာနသံဝါသကော သမာနသီမာယံ ဌိတော သံဃံ ဘိန္ဒတီတိ။ပ။ ဧတ္တာဝတာ ခေါ ဥပါလိ သံဃော ဘိန္နော ဟောတီတိ-ဟု ဟောတော်မူအပ်ပြီ။

ဤသို့ အယုတ်အားဖြင့် ဓမ္မဝါဒီပက္ခ၌ လေးယောက်, အဓမ္မဝါဒီပက္ခ၌ လေးယောက်အားဖြင့် ရှစ်ယောက်သော တသိမ်တည်း တည်သော သမာနသံဝါသက ရဟန်းတို့သည် အဓမ္မကို ဓမ္မဟုရင်း။လ။ အဒုဋ္ဌုလ္လ အာပတ်ကို ဒုဋ္ဌုလ္လအာပတ်ဟူ၍ရင်း ပြ၍ ပက္ခကိုရ၍ လေးပါးသော သံဃာ့ကံတို့တွင် တပါးပါးသော သံဃာ့ကံကို တသိမ်တည်း၌ အသီးအခြား ပြုကုန်သော ရဟန်းတို့ဖြင့်သာ သံဃာကွဲပြားသည် မည်၏။ ခွဲသော ရဟန်းလည်း သံဃဘေဒက ဖြစ်သည်။ (ဗျတိရိက် လှန်ပါ။)

ထိုကြောင့် သံဃဘေဒကက္ခန္ဓက အဋ္ဌကထာ (၁၁၅) ၌—

ဧဝံ "အဓမ္မံ ဓမ္မော"တိ ဝါ။ပ။ "ဒုဋ္ဌုလ္လာပတ္တိ" တိ ဝါ ဒီပေတွာ ပက္ခံ လဘိတွာ စတုန္နံ သံဃကမ္မာနံ အညတရံ သံဃကမ္မံ ကေသိမာယံ ဝိသုံ ကရောန္တေဟိ သံဃော ဘိန္နော နာမ ဟောတိ။ တေန ဝုတ္တံ "တေ ဣမေဟိ အဋ္ဌာရသဟိ ဝတ္ထူဟိ အပကာသန္တီ"တိအာဒိ-ဟု မိန့်တော်မူအပ်ပြီ။

သာရတ္ထဋီကာ ၃။၄၂၂-၌လည်း ဧတ္ထ စ သိမဋ္ဌကသံဃေ အသန္နိပတိတေ ဝိသုံ ပရိသံ ဂဟေတွာ ကတဝေါဟာရာနုဿာဝနသလာကဂ္ဂါဟဿ ကမ္မံ ဝါ ကရောန္တဿ ဥဒ္ဒေသံ ဝါ ဥဒ္ဒိသန္တဿ ဘေဒေါ စ ဟောတိ အာနန္တရိယ ကမ္မဉ္စ-ဟူ၍ မိန့်အပ်ပြီ။

ဆိုအပ်ခဲ့ပြီးသောအတိုင်း သံဃာကို ခွဲသော်လည်း ဓမ္မကိုရင်း အဓမ္မကိုရင်း မဖေါက်မပြန်ဟုတ်မှန်တိုင်းသိ၍ရင်း ယုတ်မာသော သံဃာကွဲပြားစေလိုခြင်း ပါပိစ္ဆာ ကျ်မို၍ရင်း ဖေါက်ပြန်သောအားဖြင့် ပြသော ရဟန်းအားသာလျှင် သံဃဘေဒဖြစ်သည်၊စင်စစ်ဟုတ်မှန်၏ဟူသော အမှတ်ဖြင့် ပြသော ရဟန်းအား သံဃဘေဒ မဖြစ်။

ထို့ကြောင့် ဝိမတိဝိနောဒနီဋီကာ ၂။၂၅၆ ၌- ဣမံ အဓမ္မံ ဓမ္မောတိ ကရိဿာမာတိ အာဒိ ဓမ္မဥ္စ အဓမ္မဥ္စ ယာထာဝတော ဉတွာဝ ပါပိစ္ဆံ နိဿာယ ဝိပရီတတော ပကာသေန္တဿေဝ သံဃဘေဒေါ ဟောတိ။ န ပန တထာသညာယ ပကာသေန္တဿာတိ ဒဿနတ္ထံ ဝုတ္တံ။ ဧဝံ နယော အဝိနယံ ဝိနယောတိ ဒီပေန္တီတိအာဒီသုပိ-ဟု မိန့်အပ်ပြီ။

ထိုပြင် ညီညွတ်၏ဟူသော အမှတ်ဖြင့်သော်၎င်း အပ်၏ဟူသောအမှတ်ဖြင့်သော်၎င်း(သံဃာ) ခွဲခြင်းကိုပြုသော ရဟန်းအား ကွဲပြားခြင်းသာ ဖြစ်သည်၊ အာနန္တရိယကံကား မထိုက်။

ထိုကြောင့် သာရတ္ထဋီကာ ၃။၄၂၂ ၌ သမဂ္ဂသညာယ ပန "ဝဋ္ဋတိ"တိ သညာယ ဝါ ကရောန္တဿ ဘေဒေါဝ ဟောတိ၊ န အာနန္တရိယကမ္မံ။ ဟုမိန့်အပ်ပြီ။

ဤသို့ ထုတ်ပြအပ်ပြီးသော ပါဠိသာဓက အဋ္ဌကထာဋီကာပကရဏတို့ကိုထောက်ထားဆင်ခြင်တော်မူ၍—

၂။ ထိုဥက္ခိတ္တ ဥက္ခိတ္တာနုဝတ္တက ဖြစ်ကုန်သော နာနာသံဝါသက ရဟန်းတို့သည် ထိုကျောင်း၌သာ သိမ်အတွင်းဝယ် ဥပုသ်ပြုကုန်၏၊ သံဃကံကို ပြုကုန်၏၊ ဥက္ခေပက ရဟန်းတို့ကား သိမ်ပသို့သွား၍ ဥပုသ်ပြုကုန်၏ သံဃကံကို ပြုကုန်၏၊ ထိုအခါ တယောက်သော ဥက္ခေပက ရဟန်းသည် ဘုရားရှင်သို့ ကပ်၍ ထိုအကြောင်းစကားကို လျှောက်ကြားလေလျှင်—။

တေ စေ ဘိက္ခု ဥက္ခိတ္တာနုဝတ္တကာ ဘိက္ခု တတ္ထေဝ အန္တောသီမာယ ဥပေါသထံ ကရိဿန္တိ၊ သံဃကမ္မံ ကရိဿန္တိ။ ယထာ မယာ ဉတ္တိ စ အနုဿာဝနာ စ ပညတ္တာ၊ တေသံ တာနိ ကမ္မာနိ ဓမ္မိကာနိ ကမ္မာနိ ဘဝိဿန္တိ အကုပ္ပါနိ ဌာနာရဟာနိ။ တုမှေ စေ ဘိက္ခု ဥက္ခေပကာ ဘိက္ခု တတ္ထေဝ အန္တောသီမာယ ဥပေါသထံ ကရိဿထ၊ သံဃကမ္မံ ကရိဿထ၊ ယထာ မယာ ဉတ္တိ စ အနုဿာဝနာ စ ပညတ္တာ။ တုမှာကမ္ပိ တာနိ ကမ္မာနိ ဓမ္မိကာနိ ကမ္မာနိ ဘဝိဿန္တိ အကုပ္ပါနိ ဌာနာရဟာနိ။ တံ ကိဿ ဟေတု။ နာနာသံဝါသကာ ဧတေ ဘိက္ခု တုမှေဟိ၊ တုမှေ စ တေဟိ နာနာသံဝါသကာ-ဟူ၍ ကောသမ္ဗကက္ခန္ဓက ဝိ၊၃။ ၄၇၅-၌—

တသိမ်တည်းဝယ် နာနာသံဝါသက ရဟန်းတို့သည် အသီးအသီး ဥပုသ်ပဝါရဏာ ကံကြီး ကံငယ်ကို ပြုအပ်ကြောင်းကို ဟောတော်မူအပ်ပြီ။

တဖန်သည်း ဟောတော်မူအပ်သောအတိုင်း တသိမ်တည်း၌ နာနာသံဝါသက ရဟန်းတို့ အသီးသီး ဥပုသ်ပဝါရဏာ ကံကြီး ကံငယ်ပြုကြ၍ ဥက္ခေပကသံဃာနှင့် ဥက္ခိတ္တာနုဝတ္တက သံဃာတို့ ကွဲပြားပြီးသောအခါ နှစ်ဘက်သော ရဟန်းတို့သည် ဘုမ်းစားဇရပ်၌၎င်း ရွာတွင်း၌၎င်း ငြင်းခုံခြင်း ဖြစ်ကြကုန်သည်-ခိုက်ရန်ဖြစ်ကြကုန်သည်၊ ဆန့်ကျင်ဘက်ဖြစ်သော စကားကိုဆိုကြကုန်သည် ဖြစ်၍ အချင်းချင်း ရဟန်းတို့အား မလျော်သော ကာယကံကို၎င်း ဝစီကံကို၎င်း ပြုကြကုန်-လက်ဖြင့်သုံးသပ် ပုတ်ခတ်ခြင်းကို ပြုကြကုန်သောအခါ လူတို့ ကဲ့ရဲ့ချ ဖရိုဖရဲ ဖြန့်ကြဲသော စကားကို ဆိုကြကုန်သည်တွင်မှ အဆင့်ဆင့် ဘုရားရှင် ကြားတော်မူ၍ စစ်ဆေးမေးမြန်းကဲ့ရဲ့တော်မူ၍တရားနှင့် လျော်သော စကားကို ပြုတော်မူပြီးလျှင် ၎င်းခန္ဓက(၄၇၆)၌—

ဘိန္နေ ဘိက္ခဝေ သံဃေ အဓမ္မိယာယမာနေ အသမ္မောဒိကာယ ဝတ္တမာနာယ ဧတ္တာဝတာ န အညမညံ အနနုလောမိကံ ကာယကမ္မံ ဝစီကမ္မံ ဥပဒံသေဿာမ၊ ဟတ္ထပရာမာသံ ကရိဿာမာတိ အာသနေ နိသီဒိတဗ္ဗံ။ ဘိန္နေ ဘိက္ခဝေ သံဃေ ဓမ္မိယာယမာနေ သမ္မောဒိကာယ

ဝတ္တမာနာယ အာသန္နတ္တရိကာယ နိသီဒိတဗ္ဗံ- ဟူ၍ ကွဲပြားပြီးသော သံဃာတို့ကျင့်ဆောင်ရန် နည်းပေးသနား ဟောကြားတော်မူအပ်ပြီ။

ထို့ကြောင့် အဘယ်အခါ သံဃဘေဒဖြစ်သည်ဟူ။ပ။ ကံကြီးကံငယ် ပြုသောအခါ သံဃဘေဒ ဖြစ်ပြီဟု သိမြင်မှတ်ယူတော်မူပါ။

ဤ နာနာသံဝါသက ရဟန်းတို့၏ ကွဲပြားခြင်းကား ခိုက်ရန် ပွားများခြင်းဖြင့်သာ ကွဲပြားခြင်းဖြစ်သည်၊ အာနန္တရိယကံနှင့် စပ်သော သံဃဘေဒ၏ အစွမ်းဖြင့် ကွဲပြားသည် မဟုတ်သောကြောင့် သဂ္ဂန္တရာယ် မဂ္ဂန္တရာယ် မဖြစ်ဟု သိမြင်မှတ်ယူတော်မူရာသည်။ ထိုကြောင့် ကောသမ္ဗကက္ခန္ဓက ပါဠိတော် (၅၀၆-၇) ၌

အထ ခေါ တဿ ဥက္ခိတ္တကဿ ဘိက္ခုနော ဓမ္မဥ္စ ဝိနယဥ္စ ပစ္စဝေက္ခန္တဿ တေဒဟောသိ။ပ။ တာဝဒေဝ ဥပေါသထော ကာတဗ္ဗော ပါတိမောက္ခံ ဥဒ္ဒိသိတဗ္ဗန္တိ-ဟူ၍ရင်း။

ဥပေါသထက္ခန္ဓက (၁၄၁)၌ တသ္မာ သရမာနေန ဘိက္ခုနာ အာပန္နေန ဝိသုဒ္ဓါပေက္ခေန သန္တီ အာပတ္တိ အာဝိကာတဗ္ဗာ၊ အာဝိကတာ ဟိဿ ဖာသု ဟောတိ ဟူ၍ရင်း ဟောတော်မူအပ်ပြီ။

၂။ အမေးပုစ္ဆာ၌ ပါရှိသောအတိုင်း ယခုကာလ အချို့သော သံဃာ့ဘောင်သို့ သက်သော ရဟန်းတို့က ပေါင်းသင်း၍ အချို့သော သံဃာ့ဘောင်သို့ မသက်သော ရဟန်းတို့က မပေါင်းသင်းမူ၍ ဝိနိစ္ဆယ၌ မတည် နှစ်လီ နှစ်ပက္ခ အာမိသသမ္ဘောဂ, ဓမ္မသမ္ဘောဂ စသည် မစပ် မယှဉ် ဖဲကြဉ် ခွဲခြား ကွဲပြားကြသည်လည်း သံဃ ဘေဒ မဖြစ်။

သံဃာ ညီညွတ်စေလိုသော ဆန္ဒဖြင့် ဆောင်ရွက်သည့်အတွက် ဝိနိစ္ဆယ၌ မတည် နှစ်လီနှစ်ပက္ခ ကွဲပြားကြငြားသော်လည်း ကြားဝင်ဆောင်ရွက်သော ပုဂ္ဂိုလ်သည် ဘေဒကလည်းမဖြစ် သံဃဘေဒကကံလည်း မထိုက်ဟု သံသယကုက္ကုစ္စ ကင်းစွာ မှတ်ယူတော်မူပါ။ အပြစ်မရှိသည့်အပြင် တဖျင့်တပါး ကွဲပြားနေသော သံဃာကို ညီညွတ်အောင် ဆောင်ရွက်ပြုလုပ် အားထုတ်သောသူဖြစ်၍ မြတ်သောကောင်းမှု ပွားတိုးရာသည်၊ အာယုကပ်ပတ်လုံး နတ်ပြည်၌ မွေ့လျော်ရာသည်ဟု ယုံကြည်လေးမြတ် မှတ်ယူတော်မူပါ။

ထိုကြောင့် သံဃဘေဒကက္ခန္ဓက (၃၆၀)၌ ယော စ ခေါ ဒေဝဒတ္တ ဘိန္နံ သံဃံ သမဂ္ဂံ ကရောတိ၊ ဗြဟ္မံ ပုညံ ပသဝတိ။ ကပ္ပံ သဂ္ဂမှိ မောဒတိ-ဟု ဟောတော်မူအပ်ပြီ။

ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့် ကျေးဇူးရှင် ဖြစ်သော မန်ကျည်းကုန်းကျောင်းရှာ ဆရာတော် မေးအပ်သော ပုစ္ဆာကို သာသနာတော်စည်ပင်ပြန့်ပွားခြင်းကို မျှော်ကိုးလျက် တပည့် ဥက္ကံသ မည်သော အမရပူရဆရာတော်သည် ဆုံးဖြတ်ဖြေကြားအပ်သော ဝိမတိစ္ဆေဒနီ ကထာ ပြီးဆုံးလတ်ပြီ။

## နေ့ခြင်းပြီး ရေးသော အဆုံးအဖြတ်။

(မှတ်ချက်) အထက်ပါ ဝိနိစ္ဆယ ဖြစ်ပေါ်လာခဲ့သော အမေးပုစ္ဆာများမှာ–

မန်ကျည်းကုန်းကျောင်းရှိ ဆရာတော် အမိန့်ရှိလိုက်သည် တပည့် မောင်ဥက္ကံသ–

သိရှိရန်မှာ.... သာသနာတော်၌ သံဃာကွဲပြားခြင်း ဘယ်နှစ်ပါး ရှိပါသနည်း။

အဘယ်ကွဲပြားခြင်းသည် သံဃ ဘေဒကကံထိုက်၍ အဘယ်ကွဲပြားခြင်းသည် သံဃ ဘေဒကကံ မထိုက်သနည်း။

ယခုမျက်မြင် ရွှေကျင် သုဓမ္မာ ဝံသာနု ဒိုင်အာကီ တို့ ကွဲခြင်းမျိုးသည် အဘယ်ကွဲပြား ခြင်းမျိုးပါနည်း။

မိမိဆရာစသော သုဒ္ဓလဇ္ဇီသညာ ရသော ပုဂ္ဂိုလ်တို့ကို တပါးသောပုဂ္ဂိုလ်တို့က အသုဒ္ဓအလဇ္ဇီ သညာဖြင့် ဖြစ်စေ ဒုဋ္ဌ ဒေါသဖြင့် ဖြစ်စေ အာမိသ သမ္ဘောဂ ဓမ္မသမ္ဘောဂ မပြုဘဲ ကြဉ်ဖယ် ထားပြီးလျှင် သုဒ္ဓလဇ္ဇီ၏အဖြစ်၌ မတည်ရလေအောင် လွှဲရှောင်လှည့်စားလျက် သံဃာ့ကောင်သို့ မသက်ဘဲနေလျှင် ထိုပုဂ္ဂိုလ်ဖြင့် အဘယ်ပြုအံ့နည်းဟု ရသမျှ လဇ္ဇီပက္ခကို ရှာ၍ ထိုအဓိကရဏ်း ကို ငြိမ်းစေရာ ထိုပုဂ္ဂိုလ်တို့တွင် အဓိကရဏ်းငြိမ်းစေလိုသော ပုဂ္ဂိုလ်များနှင့် မငြိမ်းစေလိုသော ပုဂ္ဂိုလ်များ ထပ်မံကွဲရာ အပြစ် ရှိမရှိ သာဓက ယုတ္တိ ထုံး ပုံ သက်သေနှင့်တကွ သိလိုသည်။ ။

ဤဆရာတော် ဘုရား၏ အမိန့်ပုစ္ဆာ မေးမြန်းလွှာကြောင့် ဤ အဆုံးအဖြတ်များ ဖြစ်ပေါ် လာခြင်းဖြစ်ပါသည်။

### ဤအဆုံးအဖြတ်၌ ပါသော ပါဠိအဋ္ဌကထာ စသည်တို့ကို က–ခ–စသော အမှတ်စဉ်အတိုင်း အနက်ပြန်ဆိုလိုက်အံ့

(က) ဥက္ခေပနီယကမ္မကတော၊ ဥက္ခေပနီယ (နှင့်ထုတ်ဆိုက်သော) ကံကို ပြုအပ်သော ပုဂ္ဂိုလ် သည်။ ကမ္မနာနာသံဝါသကော နာမ၊ ကမ္မနာနာသံဝါသက ပုဂ္ဂိုလ်မည်၏။ ဟိ၊ မှန်၏။ သော၊ ထိုကမ္မနာနာသံဝါသက ပုဂ္ဂိုလ်သည်။ ဥက္ခေပနီယကမ္မဝသေန၊ ဥက္ခေပနီယကံ၏ အစွမ်းအားဖြင့်။ နာနာသံဝါသကော၊ အထူးထူးသော ပေါင်းဖော်ခြင်းရှိသူသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ကမ္မနာနာသံဝါသကောတိ၊ ကမ္မနာနာသံဝါသက ပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ (သာရတ္ထ၊ ၂။ ၃၆၁။)

(ခ) တတ္ထ၊ ထိုလဒ္ဓိနာနာသံဝါသက ကမ္မနာနာသံဝါသက ပုဂ္ဂိုလ်တို့တွင်။ ဥက္ခိတ္တာနုဝတ္တကော၊ ဥက္ခိတ္တက ရဟန်းအယူသို့ အစဉ်လိုက်တတ်သော ပုဂ္ဂိုလ်သည်။ လဒ္ဓိနာနာသံဝါသကော နာမ၊ လဒ္ဓိနာနာသံဝါသက ပုဂ္ဂိုလ်မည်၏။ ဟိ၊ မှန်၏။ သော၊ ထိုလဒ္ဓိနာနာသံဝါသက ပုဂ္ဂိုလ်သည်။ အတ္တနော၊ မိမိ၏။ လဒ္ဓိယာ၊ အယူကြောင့်။ နာနာသံဝါသကော၊ သည်။ ဇာတော၊ ဖြစ်၏။ ဣတိ တသ္မာ၊ ကြောင့်။ လဒ္ဓိနာနာသံဝါသကောတိ၊ လဒ္ဓိနာနာသံဝါသက ပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ (သာရတ္ထ၊ ၂။ ၃၆၁)

(ဂ) ယော ပန ဘိက္ခု၊ အကြင်ရဟန်းသည်။ ဇာနံ=ဇာနန္တော၊ ဥက္ခိတ္တက ရဟန်းဟုသိလျက်။ တထာဝါဒိနာ၊ ထိုသို့ မေထုန်မှီဝဲခြင်းသည် နတ်ရွာနိဗ္ဗာန်၏ အန္တရာယ်မဖြစ်ဟု အယူရှိသော။ အကဋာနုဓမ္မေန၊ မပြုအပ်သော ဩသာရဏ (သံဃဘောင်သို့ ပြန်သွင်းခြင်း) ကံရှိသော။ တံ ဒိဋ္ဌိံ၊ ထို အယူကို။ အပ္ပဋိနိဿဋ္ဌေန၊ မစွန့်သေးသော။ ဘိက္ခုနာ၊ ရဟန်းနှင့်။ သဒ္ဓိံ၊ အတူ တကွ။ သံဘုဉ္ဇေယျ ဝါ၊ အာမိသ သမ္ဘောဂအားဖြင့် အတူတကွသုံးဆောင်ငြားအံ့။ သံဝသေယျ ဝါ၊ ဥပုသစသော သံဃကံကို အတူပြုငြားအံ့။ သဟသေယျံ၊ တမိုးတရံတည်းသောကျောင်း၌ အတူတကွ အိပ်ခြင်းကို။ ကပ္ပေယျ ဝါ၊ ပြုမူလည်း ပြုငြားအံ့။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သင့်၏။ (ဝိ၊ ၂။ ၁၈၀)

(ဃ) ဘိန္နော ဘိက္ခုသံဃော၊ ဘိန္နော ဘိက္ခုသံဃောတိ ဧတ္ထ .. ဟူသော ဤပါဠ်၌။ န တာဝ ဘိန္နော၊ ကွဲပြီး မဟုတ်သေး။ အပိစ ခေါ၊ ကွဲပြီးမဟုတ်သေးသော်လည်း။ ဒေဝေါ၊ မိုးသည်။ ဝုဋ္ဌော၊ ရွာသည်ရှိသော်။ ဣဒါနိ၊ ယခုအခါ၌။ သဿံ၊ ကောက်စပါးသည်။ နိပ္ဖန္နံ၊ ပြီးပြည့်စုံပြီ။ ဣတိ၊ ဤသို့။ ဝုစ္စတိ ယထာ၊ ဆိုအပ်သကဲ့သို့။ ဟိ၊ မှန်၏။ အဝဿံ၊ မချွတ်ကေန်။ တံ၊ ထို ကောက်စပါးသည်။ နိပ္ဖဇ္ဇိဿတိ၊ ပြီးပြည့်စုံလတ့ံ။ အဝဿံ၊ မချွတ်ကေန်။ ဘိက္ခုသံဃော၊ ရဟန်း အပေါင်းသည်။ ဘိဇ္ဇိဿတိ၊ ကွဲလတ့ံ။ သော စ ခေါ၊ ထိုသံဃာသည်လည်း။ ကလဟဝသေန၊ ခိုက်ရန်ဖြစ်ခြင်း၏ အစွမ်းအားဖြင့်။ ဘိဇ္ဇိဿတိ၊ ကွဲလတ့ံ။ သံဃ ဘေဒဝသေန၊ သံဃဘေဒကံ ထိုက်သည်၏ အစွမ်းဖြင့်။ န ဘိဇ္ဇိဿတိ၊ ကွဲလတ့ံမဟုတ်။ တသ္မာ၊ ထို့ကြောင့်။ ဘိန္နောတိ၊ ကွဲပြီဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။ (ဝိ၊ ဋ္ဌ၊ ၃။ ၄၃၁)

(င) "န တာဝ ဘိန္နော"တိ ဣဒံ၊ "န တာဝ ဘိန္နော" ဟူသော ဤစကားကို။ ဥက္ခိပနတဒနုဝတ္တန-မတ္တေန၊ ဥက္ခေပနီယကံပြုခြင်း ဥက္ခိတ္တကရဟန်းသို့ အတုလိုက်ခြင်းမျှဖြင့်။ သံဃော၊ သံဃာသည်။ ဘိန္နော နာမ၊ ကွဲပြီးမည်သည်။ န ဟောတိ၊ မဖြစ်။ ပန၊ ဆက်ဦးအံ့။ တံ၊ ထိုဥက္ခေပနီယ ကံပြုခြင်း ဥက္ခိတ္တကရဟန်းသို့ အတုလိုက်ခြင်းကို။ နိဿာယ၊ မှီ၍။ ဥဘယပက္ခိကာနံ၊ နှစ်ဖက်သော အသင်း အပင်းရှိကုန်သော ရဟန်းတို့၏။ ပက္ခံ၊ အသင်းအပင်းကို။ ပရိယေသိတွာ၊ ရှာပြီး၍။ အညမညံ၊ အချင်းချင်း ကောဓဝသေန၊ အမျက်၏ အစွမ်းဖြင့်။ ကာယဝစီကလဟဝဍ္ဎနေနေဝ၊ ကိုယ်နှုတ်တို့ဖြင့် ခိုက်ရန်ဖြစ်ခြင်းကို တိုးပွားစေခြင်းဖြင့်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဣတိ ဣမံ အတ္ထံ၊ ဤသို့သော အနက်ကို။ သန္ဓာယ၊ ရည်ရွယ်၍။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။ တေန၊ ထို့ကြောင့်။ သော စ ခေါ ကလဟဝသေနာတိ၊ "သော စ ခေါ ကလဟဝသေန"ဟူ၍။ အာဟ မိန့်ဆိုပြီ။ (ဝိမတိ၊ ၂။ ၂၀၇)

(စ) ဥပါလိ၊ ဥပါလိ။ ပကတတ္တော၊ ပြကတေ့အားဖြင့် သီလသဘောရှိသော။ သမာနသံ-ဝါသကော၊ တူသော ပေါင်းဖော်ခြင်းရှိသော။ သမာနသီမာယံ၊ တူမျှသော သိမ်၌။ ဌိတော၊ တည်သော။ ဘိက္ခု၊ ရဟန်းသည်။ သံဃံ၊ သံဃာကို။ ဘိန္ဒတိ၊ ခွဲနိုင်၏။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏ ။ပ။ ဥပါလိ၊ ဥပါလိ။ ဧတ္တာဝတာ၊ ဤမျှလောက်သော အခြင်းအရာ ဖြင့်။ သံဃော၊ သံဃာသည်။ ဘိန္နော၊ ကွဲပြာ သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဝေါစ၊ မိန့်တော်မူ၏။ (ဝိ၊ ၄။ ၃၆၈)။

(ဆ) ဝေ၊ ဤသို့။ အဓမ္မံ၊ တရားမဟုတ်သည်ကို။ ဓမ္မောတိ ဝါ၊ တရားဟုတ်၏ ဟူ၍ရင်း။ အ ဒုဋ္ဌုလ္လာပတ္တိံ ၊ ဒုဋ္ဌုလ္လ အာပတ် မဟုတ်သည်ကို။ ဒုဋ္ဌုလ္လာပတ္တီတိ ဝါ၊ ဒုဋ္ဌုလ္လအာပတ်ဟုတ်၏ ဟူ၍ရင်း။ ဒီပေတွာ၊ ပြ၍။ ပက္ခံ၊ အသင်းအပင်းကို။ လဘိတွာ၊ ရ၍။ စတုန္နံ၊ လေးပါးကုန်သော။ သံဃကမ္မာနံ၊ အပလောကန စသော သံဃကံတို့တွင်။ အညတရံ၊ တပါးပါးသော။ သံဃကမ္မံ၊ သံဃကံကို။ ကေသီမာယံ၊ တသိမ်တည်း၌။ ဝိသုံ ကရောန္တေဟိ၊ အသီးအခြား ပြုကုန်သော ရဟန်းတို့သည်။ သံဃော၊ သံဃာကို။ ဘိန္နော နာမ၊ ခွဲခြားအပ်သည်မည်သည်။ ဟောတိ၊ ဖြစ်၏။ တေန၊ ထိုကြောင့်။ တေ ဓမ္မေဟိ အဋ္ဌာရသဟိ ဝတ္ထူဟိ အပကဿန္တီတိ အာဒိ၊ တေ ဓမ္မေဟိ အဋ္ဌာရသဟိ ဝတ္ထူဟိ အပကဿန္တိ အစရှိသည်ကို။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။ (ဝိ၊ ၄၊ ၃။ ၁၁၅)။

(ဇ) စ၊ ဆက်ဦးအံ့။ ဧတ္ထ၊ ဤအရာ၌။ သီမဋ္ဌကသံဃော၊ သိမ်အပြင်၌ တည်သော သံဃာသည်။ အသန္နိပတိတော၊ မစည်းဝေးမီ။ ဝိသုံ၊ သီးခြား။ ပရိသံ၊ ပရိသတ်ကို။ ဂဟေတွာ၊ ယူ၍။ ကတ ဝေါဟာရ နုဿာဝန သလာကဂ္ဂါဟဿ၊ ပြုအပ်ပြီးသော အဓမ္မ စသည်ကို ပြောဆိုခြင်း အနီး၌ ကြားစေခြင်း စာရေးတံမဲကို ယူစေခြင်း ရှိသော ရဟန်းအား။ ဝါ၊ သည်ရင်း။ ကမ္မံ၊ ဥပေါသထ ကံမှ တပါးသော သံဃ ကံကို။ ကရောန္တဿ ဝါ၊ ပြုသော ရဟန်းအားရင်း။ ဝါ၊ သည်ရင်း။ ဥဒ္ဒေသံ၊ ပါတိမောက် ပြခြင်းကို။ ဥဒ္ဒိသန္တဿ ဝါ၊ ပြသော ရဟန်းအားရင်း။ ဝါ၊ သည်ရင်း။ ဘေဒေါ စ၊ သံဃာကို ခွဲခြင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ အာနန္တရိယကမ္မဥ္စ၊ စုတိ၏ အခြားမဲ့၌ အပါယ်သို့ ကျစေတတ်သော အာနန္တရိယကံ သည်လည်း။ ဟောတိ၊ ဖြစ်၏။ (သာရတ္ထ၊ ၃။ ၄၂၂)။

(ဈ) ဓမ္မံ အဓမ္မံ ဓမ္မောတိ ကရိဿာမာတိအာဒိ၊ ....ကရိဿာမ ဤသို့ အစရှိသည်ကို။ ဓမ္မဥ္စ၊ တရား ဟုတ်သည်ကိုရင်း။ အဓမ္မဥ္စ၊ တရား မဟုတ်သည် ကိုရင်း။ ဥတ္တာဝ၊ သိ၍သာလျှင်။ ပါပိစ္ဆံ၊ ယုတ်မာသောအလိုကို။ နိဿာယ၊ မှီ၍။ ဝိပရီတတော၊ ဖောက်ပြန်သောအားဖြင့်။ ပကာသေန္တဿဝ၊ ပြသော ရဟန်းအားသာလျှင်။ သံဃဘေဒေါ၊ သံဃာကို ခွဲခြင်း သံဃဘေဒကံသည်။ ဟောတိ၊ ဖြစ်၏။ ပန၊ ဗျတိရိက်ကို ဆိုဦးအံ့။ တထာသညာယ၊ ထိုဟုတ်မှန်သော အမှတ်သညာဖြင့်။ ပကာသေန္တဿ၊ အား။ ဝါ၊ သည်။ သံဃဘေဒေါ၊ သည်။ န ဟောတိ၊ မဖြစ်။ ဣတိ၊ ဤအနက်သဘောကို။ ဒဿနတ္ထံ၊ ပြခြင်းငှါ။ ဝုတ္တံ၊ ဆိုအပ်၏။ အဝိနယံ ဝိနယောတိ ဒီပေန္တီတိအာဒီသုပိ၊ အဝိနယံ ဝိနယောတိ ဒီပေန္တိ-ဤသို့ အစရှိသည်တို့၌လည်း။ ဧသ နယော၊ ဤနည်း ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ (ဝိမတိ၊ ၂။ ၂၅၆)။

(ည) သမဂ္ဂသညာယ ပန ဝဋ္ဋတီတိ၊ ကား။ သညာယ၊ ညီညွတ်၏ဟူသော သညာဖြင့်။ ကရောန္တဿ ဝါ၊ ပြုသော ရဟန်းအားလည်း။ ဝါ၊ သည်လည်း။ ဘေဒေါဝ၊ သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ အာနန္တရိယကမ္မံ၊ သည်။ န ဟောတိ၊ မဖြစ်။ (သာရတ္ထ၊ ၃။ ၄၂၁)။

(ဋ) ဘိက္ခူ၊ ရဟန်း။ ဥက္ခိတ္တာနုဝတ္တကာ၊ နှင်ထုတ်ခံရသော ရဟန်း၏ နောက်လိုက်ဖြစ်ကုန်သော။ တေ ဘိက္ခူ၊ ထိုရဟန်းတို့သည်။ တတ္ထေဝ၊ ထိုကျောင်း၌သာလျှင်။ အန္တောသီမာယ၊ သိမ်အတွင်း၌။ ယထာ၊ အကြင်သို့သော အခြင်းအရာအားဖြင့်။ မယာ၊ ငါဘုရားသည်။ ဥတ္တိ ၅၊ ဥတ်ကိုရင်း။ အနုဿာဝနာ ၈၊ ကမ္မဝါစာကိုရင်း။ ပညတ္တာ၊ ပညတ်အပ်၏။

တထာ၊ ထို ပညတ်တော်မူသည့်အတိုင်း။ ဥပေါသထံ၊ ဥပုသ်ကို။ စေ ကရိဿန္တိ၊ အကယ်၍ ပြုကုန်အံ့။ သံဃ ကမ္မံ၊ သံဃ ကံကို။ စေ ကရိဿန္တိ၊ ကုန်အံ့။ တေသံ၊ ထိုရဟန်းတို့၏။ တာနိ ကမ္မာနိ၊ ထို ကံတို့သည်။ အကုပ္ပါနိ၊ မဖျက်ဆီးအပ်ကုန်သော။ ဓမ္မိကာနိ၊ တရားနှင့်ညီကုန်သော။ ကမ္မာနိ၊ ကံတို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ့်။

ဘိက္ခု၊ ရဟန်း။ ဥက္ခေပကာ၊နှင့်ထုတ်တတ်သော။တုမ္ဟေ ဘိက္ခူ၊ သင်ရဟန်းတို့သည်။တတ္ထေဝ၊ ထိုကျောင်း၌သာလျှင်။ ယထာ၊ အားဖြင့်။ မယာ၊ သည်။ ဉ တ္တိ စ၊ ကိုဋ်း။ အနုဿာဝနာ စ၊ ကိုင်း။ ပညတ္တာ၊ အပ်၏။ တထာ၊ အတိုင်း။ အန္တောသီမာယ၊ ၌။ ဥပေါသထံ၊ ကို။ စေ ကရိဿထ၊ အကယ်၍ပြုကုန်အံ့။ သံဃကမ္မံ၊ ကို။ စေ ကရိဿထ၊ ကုန်အံ့။ တုမှာကံ၊ သင်တို့၏။ တာနိ ကမ္မာနိပိ၊ တို့သည်လည်း။ အကုပ္ပါနိ၊ ကုန်သော။ ဌာနာရဟာနိ၊ ကုန်သော။ ဓမ္မိကာနိ၊ ကုန်သော။ ကမ္မာနိ၊ တို့သည်။ ဘ ဝိဿန္တိ၊ ကုန်လတ့်။ တံ၊ ထိုသို့ဖြစ်ခြင်းသည်။ ကိဿ ဟေတု၊ အဘယ့်ကြောင့်နည်း ဟူမူကား။ ဧတေ ဘိက္ခူ၊ နှင်ထုတ်ခံရသော ရဟန်း၏အသင်းအပင်း ဖြစ်ကုန်သော ထိုရဟန်းတို့သည်။ တုမှေဟိ၊ သင်တို့နှင့်။ နာနာသံဝါသကာ၊ အထူးထူးသောပေါင်းဖေါ်ခြင်း ရှိကုန်၏။ တုမ္ဟေ စ၊ သင်တို့သည်လည်း။ တေဟိ၊ ထိုရဟန်းတို့နှင့်။ နာနာသံဝါသကာ၊ ကုန်၏။ (ဝိ၊ ၃။ ၄၇၅)

(၄) ဘိက္ခဝေ၊ တို့။ သံဃာ၊ သံဃာသည်။ ဘိန္နေ၊ ကွဲလတ်သော်။ အဓမ္မိယာယမာနေ၊ မတရားသော အမှုကို။ ဝတ္တမာနေ၊ ပြုအပ်သော်။ အသမ္မောဒိကာယ၊ ဝမ်းမြောက်ဝမ်းသာမဖြစ်ခြင်းသည်။ ဝတ္တမာနာယ၊ ဖြစ်သော်။ ဧတ္တာဝတာ၊ ဤမျှလောက်ဖြင့်။ အညမညံ၊ အချင်းချင်း။ အနနုလောမိကံ၊ မလျော်သော။ ကာယကမ္မံ၊ ကာယကံကိုဋ်း။ ဝစီကမ္မံ၊ ဝစီကံကိုဋ်း။ န ဥပဒံသေဿာမ၊ မပြုကုန်အံ့။ ဟတ္ထပရာမာသံ၊ လက်ရောက်ကျူးလွန်မှုကို။ န ကရိဿာမ၊ မပြုကုန်အံ့။ ဣတိ၊ ဤသို့။ အာသနေ၊ နေရာ၌။ နိသီဒိတဗ္ဗံ ထိုင်အပ်၏။ ဘိက္ခဝေ၊ တို့။ သံဃေ၊ သည်။ ဘိန္နေ၊ သော်။ ဓမ္မိယာယမာနေ၊ တရားသောအမှုကို။ ဝတ္တမာနေ၊သော်။ သမ္မောဒိကာယ၊ ဝမ်းမြောက် ဝမ်းသာဖြစ်ခြင်းသည်။ ဝတ္တမာနာယ၊ သော်။ အာနန္တရိကာယ၊ အခြားမဲ့သော နေရာ၌။ နိသီဒိတဗ္ဗံ၊ ၏။ (ဝိ၊ ၃။ ၄၇၆)

(၃) အထ ခေါ၊ ထိုအခါ၌။ ဥက္ခိတ္တကဿ၊ နှင်ထုတ်ခံရသော။ တဿ ဘိက္ခုနော၊ ထိုရဟန်း အား။ ဓမ္မဥ္စ၊ တရားကိုဋ်း။ ဝိနယဥ္စ၊ ဝိနည်းကိုဋ်း။ ပစ္စဝေက္ခန္တဿ၊ ဆင်ခြင်သည်ရှိသော်။ ဧတံ၊ ဤသို့သောအကြံသည်။ အဟောသိ၊ ဖြစ်ပြီ။ ပ။ တာဝဒေဝ၊ ထိုခဏ၌ပင်လျှင်။ ဥပေါသထော၊ ဥပုသ်ကို။ ကာတဗ္ဗော၊ ပြုအပ်၏။ ပါတိမောက္ခံ၊ အာဏာပါတိမောက်ကို။ ဥဒ္ဒိသိတဗ္ဗံ၊ ပြအပ်၏။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူပြီ။ (ဝိ၊ ၃။ ၅၀၆-၇)

(၁) တသ္မာ၊ ထိုကြောင့်။ သရမာနေန၊ အမှတ်ရသော။ အာပန္နေန၊ အာပတ်သို့ ရောက်ပြီးသော။ ဝိသုဒ္ဓါပေက္ခေန၊ စင်ကြယ်ခြင်းကို အလိုရှိသော။ ဘိက္ခုနာ၊ သည်။ သန္တီ၊ ထင်ရှားရှိသော။ အာပတ္တိ၊ အာပတ်ကို။ အာဝိကာတဗ္ဗာ၊ ထင်စွာပြုအပ်၏။ ဟိ၊ အကျိုးကိုဆိုဦးအံ့။ အာဝိကတာ၊ ထင်စွာပြုခြင်းကြောင့်။ အဿ၊ ထိုရဟန်းအား။ ဖာသု၊ ပဌမစျာန် စသည်ကို ရခြင်းငှါ ချမ်းသာသည်။ ဟောတိ၊ ဖြစ်၏။ (ဝိ၊ ၃။ ၁၄၁)

(ဏ) ဒေဝဒတ္တ၊ဒေဝဒတ်။ ယော စ ခေါ၊ အကြင်ပုဂ္ဂိုလ်သည်ကား။ဘိန္နံ၊ သော။ သံဃံ၊ ကို။ သမဂ္ဂံ ကရောတိ၊ ညီညွတ်အောင်ပြု၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ ဗြဟ္မံ၊ မြတ်သော။ ပုညံ၊ကုသိုလ်ကို။ ပသဝတိ၊ ပွားစေ၏။ ကပ္ပံ၊ အာယုကပ်ပတ်လုံး။ သဂ္ဂမှိ၊ နတ်ပြည်၌။ မောဒတိ၊မွေ့လျော်ရ၏။ (ဝိ၊ ၄။ ၃၆၀)

## ၂၁-သကအဌ္ဌုပ္ပတ္တိပဏ္ဏ ဝိမတိစ္ဆေဒနီ

တပည့်တော် ရှိသေလေးမြတ်စွာ လျှောက်ထားပါသည်ဘုရား—

လျှောက်ထားရန်မှာ သံဃာအားလုံး မှတ်ပုံတင်ကပ်ပြား ဆောင်သင့် မဆောင်သင့် ဖြစ်ပါသည် ဘုရား။

သုတ်မဟာဝါ မဟာပရိနိဗ္ဗာနသုတ် အင်္ဂုတ္တိုရ်စသည်တို့တွင် ဟောတော်မူအပ်သော ဘိက္ခုအပရိဟာနိယ ဓမ္မ(၇)ပါးတွင် တတိယမြောက် အပရိဟာနိယမှာ—

ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ အပညတ္တံ န ပညပေဿန္တိ၊ ပညတ္တံ န သမုစ္ဆိန္ဒိဿန္တိ၊ ယထာပညတ္တေသု သိက္ခာပဒေသု သမာဒါယ ဝတ္တိဿန္တိ။ ဝုဒ္ဓိယေဝ ဘိက္ခူနံ ပါဋိကင်္ခါ, နော ပရိဟာနိ—

ဟူသော ပါဠိတော် (ဆဋ္ဌ) မူသုတ်မဟာဝါအဋ္ဌကထာ စာမျက်နှာ ၃၁၅-တွင်—

အပညတ္တန္တိအာဒီသု နဝံ အဓမ္မိကံ ကတိကဝတ္တံ ဝါ သိက္ခာပဒံ ဝါ ဗန္ဓန္တာ အပညတ္တံ ပညပေန္တိ နာမ—

စသော ပါဠိတော် အဋ္ဌကထာတို့ကို ယထာဘူတ အဓိပ္ပါယ်ယူ၍—

ကပ်ပြားဆောင်လျှင် ဘုရားရှင် မပညတ်သည်ကို ပညတ်ခြင်း, အကတိက ဝတ်ထားခြင်း ဖြစ်မဖြစ် အဆုံးအဖြတ် ပေးသနားတော်မူပါဘုရား။

ဤသို့ ကပ်ပြားဆောင်ခြင်း မဆောင်ခြင်း အမှုမှာ သာသနာကို စောင့်ထိန်းကုန်သော သီလဝန္တ သိက္ခာကာမ ဖြစ်ကြကုန်သော သာသနာစောင့်ဆရာတော်ကြီးများ၏ တာဝန်ကြီးဖြစ်ပါသည် ဘုရား။

ဦးသုရိယ
တိုက်အုပ်ဆရာတော်
မဟာဓမ္မိကာရုံတိုက်
မကွေးမြို့။

## ပြည်ထောင်စု မြန်မာနိုင်ငံတော် ဆရာတော် သံဃာတော်များ
## သက်သေခံကပ်ပြား လျှောက်ထားချက်များ

၁။ ဤသက်သေခံကပ်ပြားကို သေချာစွာသိမ်းဆည်းရန်လိုအပ်သည့်အပြင် ခရီးသွားလာသော အခါ၌လည်း အရှင်ဘုရားနှင့်အတူ ထားရှိရန် လိုအပ်ပါသည်ဘုရား၊ နည်းဥပဒေ ၂၉-တွင် ပြဋ္ဌာန်းထားပါသဖြင့် သက်ဆိုင်သူများ စစ်ဆေးသောအခါ ထုတ်ပေး ပြသရန် လိုပါသည်ဘုရား။

၂။ ဤသက်သေခံ ကပ်ပြားသည် လွှဲပြောင်းခြင်း လွှဲအပ်ခြင်း မပြုနိုင်ပါဘုရား။

၃။ ဤသက်သေခံ ကပ်ပြား ပျောက်ဆုံးသော်ငြား ပျက်စီးသော်ငြား မထင်မရှားဖြစ်သော်ငြား ဆိုင်ရာ လက်ထောက် မှတ်ပုံတင်အရာရှိထံ လဲလှယ်နိုင်ပါသည်ဘုရား။

၄။ သက်သေခံကပ်ပြားပေါ်ရှိ အမှတ်အသားများကို ပြောင်းလွှဲရေးသားခြင်း မပြုလုပ်ရပါ ဘုရား။

၅။ အရှင်ဘုရားထံတော်တွင် သက်သေခံကပ်ပြား တခုသာလျှင် ထိန်းသိမ်းပိုင်ခွင့် ရှိပါသည် ဘုရား။

၆။ အရှင်သူမြတ်သည် လူထွက်သော်ငြား ပျံလွန်တော်မူသော်ငြား ကျောင်းတိုက်တွင် အုပ်ချုပ်သော ဆရာတော် အရှင်သူမြတ်မှ သက်ဆိုင်ရာ စာရင်းထိန်း ( သူကြီး ) ထံ ၇-ရက်အတွင်း အကြောင်းကြားရပါမည်ဘုရား၊ အကြောင်းကြားသောအခါ ထိုသက်သေခံကပ်ပြားကို စာရင်းထိန်းက လာရောက် သိမ်းဆည်း ပါလိမ့်မည်ဘုရား။

၇။ အရှင်ဘုရားသည် မှတ်ပုံတင်ထားသော ကျောင်းတိုက်မှ တမြို့တရွာသို့ ဝါကပ်ရန်အတွက်, သို့တည်းမဟုတ် အခြားကိစ္စ တရပ်ရပ်ကြောင့် တလထက်ကျော်လွန် သွားရမည်ဖြစ်ပါက ဆိုင်ရာ စာရင်းထိန်းထံ အကြောင်းကြားရန် လိုအပ်ပါသည်ဘုရား။

၈။ မှတ်ပုံတင်ထားသော ကျောင်းတိုက်မှ အခြားတရပ်တရွာ ကျောင်းတိုက်သို့ ပြောင်းရွှေ့ သီတင်းသုံးပါက သီတင်းသုံးမည့် နေရာသစ်ကျောင်း၏ လိပ်စာကို အရှင်သူမြတ်၏ သက်သေခံ ကပ်ပြားပေါ်တွင် ပြောင်းလွှဲ ရေးသားရန် လိုအပ်ပါသဖြင့် စာရင်းထိန်းထံ ၃-ရက်အတွင်း ပေးအပ်၍ ပြောင်းလွှဲရေးသားရန် ခိုင်းစေရပါမည်ဘုရား။

၉။ သက်သေခံကပ်ပြားပေါ်တွင် အကြောင်းအရာ ပြောင်းလွှဲချက် တခုခုပေါ်ပေါက်ခဲ့သော် ပြောင်းလွှဲရေးသားရန် စာရင်းထိန်းအား ခိုင်းစေရပါမည်ဘုရား။

၁၀။ အထက်ပါ လျှောက်ထားချက်များ အနက်မှ တခုခု ပျက်ကွက်ခဲ့သော် အက်ဥပဒေပုဒ်မ ၆-(၂) နှင့် ငြိစွန်းပါသည်ဘုရား။ ။

ပ-မ ဗ-စ အမှတ် ၃၄ မြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ဌာန။
(မိတ္တူမှန်ပါဘုရား) (၈-၆-၅၉)

၁-၀၀-၀၀၀-၅-

## ဖြေဆိုချက်

၁၃၂၁-ခု ဝါဆိုလပြည့်ကျော် ၆-ရက်နေ့။

ယခုအခါ အစိုးရမင်းတို့ ပညတ်အပ်သော မှတ်ပုံတင်ကပ်ပြားကို ရဟန်းတော်တို့ဆောင်လျှင် ဘုရားရှင် မပညတ်သည်ကို ပညတ်ခြင်း, ကတိကဝတ် ထားခြင်းဖြစ် မဖြစ် အဆုံးအဖြတ်ပေးသနား တော်မူရန် မကွေးမြို့ ဓမ္မိကာရုံတိုက်အုပ် ဆရာတော် ရှင်သူရိယ မေးလျှောက်အပ်သည်ကို သာသ နာတော်ကြီး၏ စင်ကြယ်ကြီးပွါးခြင်းကို လိုလားတောင့်တ၍ သိလိုရင်းပါဠိတော်ကို ထုတ်ပြလျက် ယထာဘူတ ကျနမှန်ကန်စွာ အကျဉ်းရုံးကာ သိသာရုံမျှ ဖြေကြားလိုက်အံ့။

### သိလိုရင်း ပါဠိတော်

(၁) ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ အပညတ္တံ န ပညပေဿန္တိ၊

(၂) ပညတ္တံ န သမုစ္ဆိန္ဒိဿန္တိ၊

(၃) ယထာပညတ္တေသု သိက္ခာပဒေသု သမာဒါယ ဝတ္တိဿန္တိ၊ ဝုဒ္ဓိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဠိကင်္ခါ၊ နော ပရိဟာနိ။ သတ္တင်္ဂုတ္တိုရ် ဝဇ္ဇီသတ္တကဝဂ် ပဌမ သတ္တကသုတ်။ ၄၁၂ (ဆဋ္ဌ) သုတ်။ မဟာဝါမဟာပရိနိဗ္ဗာနသုတ်။ ၆၅ (ဆဋ္ဌ)။

ယင်းပါဠိတော်တို့၏ သဒ္ဒါပ ကောက်နုတ်ချက်–

ဘုရားရှင် မပညတ် အပ်သည့် အဓမ္မိက ကတိက ဝတ်သစ် သိက္ခာပုဒ်သစ်ကို ရဟန်းတို့ မပညတ်ပဲ ပညတ်အပ်ပြီးသည့် ကတိကဝတ် သိက္ခာပုဒ်ဟောင်းများကို ရဟန်းတို့ မဖြတ်နှုတ် မပယ်ဖျက်ပဲ ပညတ်အပ်သမျှ သိက္ခာပုဒ်တို့ကို ရဟန်းတို့ ကောင်းစွာ ဆောက်တည်၍ ကျင့်နေကြ သမျှ ကာလပတ်လုံး ရဟန်းတို့အား တိုးတက် ကြီးပွါးရန်သာ ( သာသနာ ကြီးပွါးရန်သာ ) ဆုတ်ယုတ်ရန် မဟုတ်။

ဘုရားရှင် မပညတ်အပ်သည့် အဓမ္မိက ကတိကဝတ်သစ် သိက္ခာပုဒ်သစ်ကို ရဟန်းတို့ ပညတ် ကုန်အံ့၊ ဘုရားရှင် ပညတ်အပ်ပြီးသည့် ကတိကဝတ် သိက္ခာပုဒ်ဟောင်းများကို ရဟန်းတို့ ဖြတ်နှုတ် ပယ်ဖျက်ကုန်အံ့၊ ဘုရားရှင် ပညတ်အပ်သမျှ သိက္ခာပုဒ်တို့ကို ရဟန်းတို့ ကောင်းစွာ ဆောက်တည်၍ မကျင့်ကုန်အံ့၊ ရဟန်းတို့အား တိုးတက်ကြီးပွါးရန်မဟုတ်၊ ဆုတ်ယုတ်ရန်သာ။

ဘုရားရှင် မပညတ်အပ်သည့် ဓမ္မိက ကတိကဝတ်သစ်ကို လဇ္ဇီရဟန်းတို့ ထပ်ဆင့် ပညတ် သော်လည်း ရဟန်းတို့အား တိုးတက်ကြီးပွါးရန်သာ၊ ဆုတ်ယုတ်ရန် မဟုတ်။

ဘုရားရှင် မပညတ်အပ်သည့် ဓမ္မိက အဓမ္မိက ကတိကဝတ်သစ် သိက္ခာပုဒ်သစ်ကို လူတို့ ပညတ်ကုန် သော်ငြား၊ မပညတ်ကုန် သော်ငြား၊ ဘုရားရှင် ပညတ်အပ်ပြီးသော ကတိကဝတ်

သိက္ခာပုဒ်ဟောင်းများကို လူဘို့ ဖြတ်နှုတ် ဖယ်ဖျက်ကုန်သော်ငြင်း၊ မဖြတ်နှုတ် မပယ်ဖျက်ကုန်သော်ငြင်း၊ ဘုရားရှင် ပညတ်အပ်သမျှ သိက္ခာပုဒ်တို့ကို လူတို့ကောင်းစွာ ဆောက်တည်၍ကျင့်ကုန်သော်ငြင်း ရဟန်းတို့ ကြီးပွါးရန်လည်းမဟုတ်၊ ဆုတ်ယုတ်ရန်လည်းမဟုတ်၊ (သာသနာကြီးပွါး ဆုတ်ယုတ်မှုနှင့် မဆိုင် ဟူလို)။

## အကျယ်ပြဆိုချက်

ခွဲအံ့ —

၁။ အခါတပါး သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဘုရားရှင်သည် "ဣစ္ဆာမဟံ ဘိက္ခဝေ တေမာသံ ပဋိသလ္လီယိတုံ၊ နမှိ ကေနစိ ဥပသင်္ကမိတဗ္ဗော အညတြ ဧကေန ပိဏ္ဍပါတနီဟာရကေန" ဟု ကိုယ်တော်၏ အဇ္ဈာသယကို ထုတ်ဖော် မြွက်ကြား ဟန့်တား ပယ်မြစ်ကာမျှဖြင့် "ဣစ္ဆာမာဝုသော ဘဂဝါ တေမာသံ ပဋိသလ္လီယိတုံ၊ န ဘဂဝါ ကေနစိ ဥပသင်္ကမိတဗ္ဗော အညတြ ဧကေန ပိဏ္ဍပါတနီဟာရကေန၊ ယော ဘဂဝန္တံ ဥပသင်္ကမတိ၊ သော ပါစိတ္တိယံ ဒေသာပေတဗ္ဗော"ဟု ဘုရားရှင် မပညတ်အပ်သည့် အဓမ္မိကကတိက ဝတ်သစ်ကို အာပတ်တွေ အပိုတပ်၍ ဖွဲ့ယူပညတ်ကုန်သော သာဝတ္ထိပြည်နေ ရဟန်းတို့ကဲ့သို့ ဘုရားရှင် မပညတ်အပ်သည့် အဓမ္မိက ကတိက ဝတ်သစ်ကို ဖြစ်စေ သိက္ခာပုဒ်သစ်ကို ဖြစ်စေ နောက်ထပ် ဖွဲ့ယူပညတ်သော ရဟန်းတို့သည် (ဖွဲ့ယူပညတ် ကုန်သည်ရှိသော်) မပညတ်အပ်သည်ကို ပညတ်ကုန်သည် မည်၏၊ ထိုရဟန်းမျိုးကို "အပညတ္တံ ပညပေန္တိ" ဟု ဆိုရ၏၊ ထိုသို့ ပညတ်လျှင် ရဟန်းတို့ ကြီးပွါးရန် မဟုတ်၊ ဆုတ်ယုတ်ရန်သာ။ ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ အပညတ္တံ န ပညပေဿန္တိ၊ ဝုဒ္ဓိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နော ပရိဟာနိ ဟူသော ပါဠိတော်နှင့် ဆန့်ကျင်၏၊ သာသနာစောင့် သီလဝန္တ သိက္ခာကာမ ရဟန်းဟူသမျှတို့ ဆိုအပ်ပြီးသော သာဝတ္ထိပြည်နေ ရဟန်းတို့ကဲ့သို့ မပြုကျင့်အပ်။ ထိုသို့ မပြုမကျင့် မဖွဲ့ယူ မပညတ်ပဲ သာဝတ္ထိပြည်နေ ရဟန်းတို့ ထပ်မံထုတ်ဆင့် အသစ်ပညတ်အပ်သော အဓမ္မိက ကတိကဝတ်ကိုပင် မလိုက်နာ ပယ်ခွါရှောင်ရှား ဇွန့်ပစ်တားသော အရှင်ဥပသေန မထေရ်ကဲ့သို့ ဘုရားရှင် မပညတ်အပ်သည့် အဓမ္မိက ကတိကဝတ်သစ်ကို ဖြစ်စေ သိက္ခာပုဒ်သစ်ကို ဖြစ်စေ ကိုယ်တိုင် မဖွဲ့ယူ မပညတ်၊ သူတပါး ပညတ်အပ်သည်ကိုလည်း မလိုက်နာ မကျင့်သုံးသော ရဟန်းတို့သည်ကား (မပညတ် မလိုက်နာ မကျင့်သုံးသော်ကား) မပညတ်အပ်သည်ကို ပညတ်ကုန်သည် မမည်၊ ထိုရဟန်းမျိုးကို "အပညတ္တံ န ပညပေန္တိ" ဟု ဆိုရ၏။ ထိုသို့ မပညတ် မလိုက်နာ မကျင့်သုံးလျှင် ရဟန်းတို့အား ကြီးပွါးရန်သာ၊ ဆုတ်ယုတ်ရန် မဟုတ်။

ယာဝကီဝဉ္စ ။လ။ နော ပရိဟာနိ ဟူသော ပါဠိတော်နှင့် မဆန့်ကျင်၊ သက်ဝင်ကိုက်ညီ၏။ သာသနာစောင့် သီလဝန္တ သိက္ခာကာမ ရဟန်းဟူသမျှ ထိုဆိုအပ်ပြီးသော အရှင်ဥပသေန မထေရ်ကဲ့သို့ ပြုကျင့်အပ်၏။ ဤသို့(၁)ပါဠိတော်၏ ယထာဘူတ အဓိပ္ပါယ်ကို ယုံမှားမရှိ သိမြင်မှတ်ယူသင့်သည်။

**ထို့ကြောင့် အံ၊ ဌ၊ ၃။ ၁၅၈။ ဒီ၊ ဌ၊ ၂။ ၁၁၅။ တို့၌—**

**အပညတ္တန္တိအာဒီသု နဝံ အဓမ္မိကံ ကတိကဝတ္တံ ဝါ သိက္ခာပဒံ ဝါ ဗန္ဓန္တာ အပညတ္တံ ပညပေန္တိ နာမ ပုရာဏသန္ထတ ဝတ္ထုသ္မိံ သာဝတ္ထိယံ ဘိက္ခူ ဝိယ။ တထာ အကရောန္တာ ပန အပညတ္တံ န ပညပေန္တိ နာမ အာယသ္မာ ဥပသေနော ဝိယ—ဟု မိန့်အပ်ပြီ။**

## မှတ် ချက်

**အကျယ်စကားရပ်** ပါဠိတော်နှင့် အဋ္ဌကထာပါဌ်တို့ကို ဖြစ်သင့်သည့်အလျောက် ခွဲစိပ်ဆက်စပ်၍ ပြထားသည်။ ဤအဋ္ဌကထာတို့၌ အဓမ္မိကံကား ကတိကဝတ္တ၌ ဗျဝစ္ဆေဒက ဝိသေသန, သိက္ခာပဒ၌ ဘူတကထန ဝိသေသနတည်း။ တနည်း ယထာလာဘ နည်းတည်း။ ထိုအဋ္ဌကထာဖြင့် အပညတ္တံ အရ ဓမ္မိက ကတိကဝတ်သစ်ကို မယူအပ်၊ အဓမ္မိက ကတိကဝတ်သစ် သိက္ခာပုဒ်သစ်ကိုသာ ယူအပ်သည်ကို သိစေ၏။ ပါဠိ၌ဝယ် ဘိက္ခူ-ဟူသော ကတ္တား ပါဌ်ဖြင့်လည်း လူပုဂ္ဂိုလ်ကို ပညတ်သောပုဂ္ဂိုလ်, မပညတ်သောပုဂ္ဂိုလ်ဟု မယူအပ်, ရဟန်းကိုသာ ယူအပ်သည်ကို သိစေ၏။ ထို့ကြောင့် ဘုရားရှင် မပညတ်အပ်သည့် ဓမ္မိက ကတိကဝတ်သစ်ကို လဇ္ဇီရဟန်းတို့ ။ပ။ ထပ်ဆင့် ပညတ် ကုန်သော်လည်း ရဟန်းတို့အား ကြီးပွားရန်သာ၊ ဆုတ်ယုတ်ရန် မဟုတ်။ ဘုရားရှင် မပညတ်အပ်သည့် ဓမ္မိက အဓမ္မိက ကတိကဝတ်သစ် သိက္ခာပုဒ်သစ်ကို လူတို့ ပညတ်ကုန်သော်ငြား မပညတ်ကုန်သော်ငြား ရဟန်းတို့အား ကြီးပွားရန်လည်းမဟုတ် ဆုတ်ယုတ်ရန်လည်း မဟုတ်ဟု အောက်၌ ယူဆ ဆိုဖြာ်အပ်သည်ကို ယုံကြည်လေးမြတ် လက်ခံကျင့်သုံး အပ်၏။

၂။ ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီးသည့်နောက် အနှစ်(၁၀၀)မြောက် ရောက်သောအခါ ဘုရားရှင် ပညတ်အပ်ပြီးသော သန္နိဓိကာရက သိက္ခာပုဒ်ကို "ကပ္ပတိ သိင်္ဂိလောဏကပ္ပေါ" ဟူ။ပ။ ဘုရားရှင် ပညတ်အပ်ပြီးသော ရူပိယသိက္ခာပုဒ်ကို "ကပ္ပတိ ဇာတရူပရဇတံ"ဟု ဖြတ်နှုတ်ပယ်ချ ဥဗ္ဗိနယပြု၍ သာသနာတော်ကို ပြသော အဓမ္မဝတ္ထု ဆယ်ပါးကို ပြသော ဝေသာလီပြည် ဝဇ္ဇီတိုင်းသား ရဟန်းများကဲ့သို့ ဓမ္မဝိနယဖြစ်သော ဘုရားရှင်သာသနာကို ဥဒ္ဓမ္မ ဥဗ္ဗိနယ ပြု၍ ပြသော ရဟန်းတို့သည် (ပြုကြကုန်သည်ရှိသော်) ပညတ်အပ်သည်ကို ဖြတ်နှုတ်ပယ်ဖျက်ကုန်သည် မည်၏။ ထိုရဟန်းမျိုးကို "ပညတ္တံ သမုစ္ဆိန္ဒန္တိ"ဟု ဆိုရ၏။ ထိုသို့ ဖြတ်နှုတ်ပယ်ဖျက်လျှင် ရဟန်းတို့ ကြီးပွားရန် မဟုတ်၊ ဆုတ်ယုတ်ရန်သာ။ ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ ပညတ္တံ န သမုစ္ဆိန္ဒိဿန္တိ ဝုဒ္ဓိယေဝ ။ပ။ ပရိဟာနိ ဟူသော ပါဠိတော်နှင့် ဆန့်ကျင်၏ သာသနာစောင့် သီလဂရု သိက္ခာကာမ ရဟန်းဟူသမျှ ထိုသို့အပ်ပြီးသော ဝဇ္ဇီတိုင်းသား ရဟန်းတို့ကဲ့သို့ မပြုကျင့်အပ်။

ထိုသို့ မပြု မကျင့် မဖြတ်နှုတ် မပယ်ချဘဲ ဝေသာလီပြည် ဝဇ္ဇီတိုင်းသား ရဟန်းတို့ အဓမ္မဝတ္ထု ဆယ်ပါးကို ပြုကြကုန်၏ဟု ကြားလျှင် ကြောင့်ကြမဲ့မနေ အဓမ္မဝါဒီတို့ကို နှိမ်နင်း၍ ဓမ္မ(လမ်းမှန်)ကို ပြအံ့ဟု ကြံစည်၍ ဝေသာလီပြည် ဝဇ္ဇီတိုင်းသို့ အရောက်ကြွတော်မူ၍ မကြောက် မညှာ မဆုတ်

မနစ် ဓမ္မအစစ်အမှန်ကို ပြလျက် လဇ္ဇီပက္ခကို ရအောင်စုဆောင်း သံဃာ (၁၂၀၀၀၀) မျှ ပေါင်းရုံး စည်းဝေးပြီးလျှင် ထိုဝဇ္ဇီတိုင်းသား ရဟန်းတို့ ဖြတ်နှုတ်ပယ်ဖျက်အပ်ပြီးသော သိက္ခာပုဒ်တော်များကို ပြန်လည်တည်တံ့ ကြံ့ကြံ့ခိုင်မြဲအောင် ဒုတိယ သင်္ဂါယနာတင်သော အရှင်ယသမထေရ်ကဲ့သို့ ဘုရားရှင် ပညတ်အပ်ပြီးသည့် ကတိကဝတ်ဟောင်းကို ဖြစ်စေ သိက္ခာပုဒ်ဟောင်းကိုဖြစ်စေ ကိုယ်တိုင် မဖြတ်မနှုတ် မပယ်ဖျက်, သူတပါး ဖြတ်နှုတ်ပယ်ဖျက်သည်ကိုလည်း မလိုက်နာ မကျင့်သုံး, အဓမ္မကို နှိမ်နင်း၍ ဓမ္မကို ပြသော ရဟန်းတို့သည် (ပြကုန်သော်ကား) ပညတ်အပ်ပြီးသည်ကို မဖြတ်နှုတ် မပယ်ဖျက်ကုန်သည် မည်၏။ ထိုရဟန်းမျိုးကို "ပညတ္တံ န သမုစ္ဆိန္ဒန္တိ" ဟု ဆိုရ၏။ ထိုသို့မဖြတ်နှုတ် မပယ်ဖျက်လျှင် ရဟန်းတို့အား ကြီးပွါးရန်သာ ဆုတ်ယုတ်ရန်မဟုတ်။ ယာဝကီဝဥ္စ လ၊ နော ပရိဟာနိ ဟူသော ပါဠိတော်နှင့် မဆန့်ကျင်၊ သက်ဝင်ကိုက်ညီ၏။ သာသနာစောင့် သီလဝန္တ သိက္ခာကာမ ရဟန်းဟူသမျှ ဆိုအပ်ပြီးသော အသျှင်ယသမထေရ်ကဲ့သို့ ပြုကျင့်အပ်၏။ ဤသို့ ၂-ပါဠိတော်၏ ယထာဘူတ အဓိပ္ပါယ်ကို ယုံမှားမရှိ သိမြင်မှတ်ယူသင့်သည်။

ထို့ကြောင့် ထိုအဋ္ဌကထာတို့၌ –

> ဥဒ္ဓမ္မံ ဥဗ္ဗိနယံ သာသနံ ဒီပေန္တာ ပညတ္တံ သမုစ္ဆိန္ဒန္တိ နာမ ယေသသတ ပရိနိဗ္ဗုတေ ဘဂဝတိ ဝေသာလိကာ ဝဇ္ဇိပုတ္တကာ ဝိယ။ တထာ အကရောန္တာ ပန ပညတ္တံ န သမုစ္ဆိန္ဒန္တိ နာမ အာယသ္မာ ယသော ကာကဏ္ဍကပုတ္တော ဝိယ ဟု မိန့်ဆိုအပ်၏။

ဤအဋ္ဌကထာ၌ ခက်ခဲသောပုဒ် မရှိ။ ပါဠိ၌ ဘိက္ခူ ဟူသော ကတ္တားပါဌ်၏ အနက်ကို ရှေးနည်းမှီ၍ သိအပ်၏။

ထို့ကြောင့် ဘုရားရှင်ပညတ်အပ်ပြီးသော ကတိကဝတ် သိက္ခာပုဒ်ဟောင်းများကို ရဟန်းတို့ မဖြတ်နှုတ် မပယ်ဖျက်သမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာ ဆုတ်ယုတ်ရန်မဟုတ်။ ရဟန်းတို့ ဖြတ်နှုတ်ပယ်ဖျက်ကုန်သော်ကား ရဟန်းတို့အား ဆုတ်ယုတ်ရန်သာ ကြီးပွားရန်မဟုတ်။ လူတို့ ဖြတ်နှုတ်ပယ်ဖျက် ကုန်သော်ငြား မဖြတ်နှုတ် မပယ်ဖျက်ကုန်သော်ငြား ရဟန်းတို့အား ကြီးပွါးရန်လည်း မဟုတ်၊ ဆုတ်ယုတ်ရန်လည်း မဟုတ်ဟု အောက်၌ ယူဆဆုံးဖြတ်သည်ကို ယုံကြည်လေးမြတ် လက်ခံကျင့်သုံးအင်၏။

၃။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူသောအခါ ကီဋာဂိရိဇနပုဒ်၌ ပန်းပင်ငယ်စိုက်ပျိုးခြင်း စသည်ဖြင့် ခုဒ္ဒါနုခုဒ္ဒကအာပတ်တို့ကို ဝတ္ထုကို သိသောသညာနှင့်တကွ လွန်ကျူးလိုသော စေတနာဖြင့် ကြံစည်ဆုံးဖြတ်၍ (စိတ်ပါလက်ပါ)လွန်ကျူးကျော်နင်းလျက် ပညတ်အပ်သမျှ သိက္ခာပုဒ်တို့၌ မတည် လော်လီဖေါက်ပြား အဿဇိနှင့် ပုနဗ္ဗသုက ကျောင်းထိုင်ရဟန်းများကဲ့သို့ ခုဒ္ဒါနုခုဒ္ဒကအာပတ်တို့ကို စိတ်ပါလက်ပါ လွန်ကျူးကျော်နင်းသော ရဟန်းတို့သည် (ကျော်နင်းကုန်သည်ရှိသော်)ပညတ်အပ်သမျှ သိက္ခာပုဒ်တို့၌ ကောင်းစွာဆောက်တည်၍ မကျင့်ကုန်သည် မည်၏။ ထိုရဟန်းမျိုးကို "ယထာပညတ္တေသု သိက္ခာပဒေသု သမာဒါယ န ဝတ္တန္တိ" ဟုဆိုရ၏။ ထိုသို့ မကျင့်လျှင် ရဟန်းတို့ကြီးပွားရန် မဟုတ် ဆုတ်ယုတ်ရန်သာ။ ယာဝကီဝဥ္စ ဘိက္ခဝေ ဘိက္ခူ ယထာ

ပညတ္တေသု သိက္ခာပဒေသု သမာဒါယ ဝတ္တိဿန္တိ၊ ဝုဒ္ဓိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နော ပရိဟာနိဟူသော ပါဠိတော်နှင့် ဆန့်ကျင်၏။ သာသနာစောင့် သီလဝန္တသိက္ခာကာမ ရဟန်းဟူသမျှတို့ ထိုဆိုအပ်ပြီးသော ကိဋ္ဌာဂိရိဇနပုဒ်သား အဿဇိနှင့် ပုနဗ္ဗသုက ရဟန်းတို့ကဲ့သို့ မပြုကျင့်အပ်။ ထိုသို့ မပြုမကျင့် ပညတ်အပ်သမျှ သိက္ခာပုဒ်တို့၌ ကောင်းစွာမဆောက်တည် မကျင့်သုံးပဲ မနေ့, ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ခါနီး "အာနန္ဒာ ငါဘုရား ပရိနိဗ္ဗာန်စံပြီးသောအခါ သံဃာသည် အလိုရှိသည် ရှိသော် (သံဃာ သဘောတူပါက) ခုဒ္ဒါနုခုဒ္ဒကအာပတ်တို့ကို နှုတ်ရစ်"ဟု မှာတော်မူရာ ကိုယ်တော်တိုင် နှုတ်သိမ်းနိုင်သော အာဏာရှိလျက် ကိုယ်တော်တိုင် မနှုတ်သိမ်းခဲ့၊ သံဃာအားသာ တာဝန်လွှဲတော်မူခဲ့သည်၊ ယခုမျက်မှောက် ထင်ရှားရှိသော မထေရ်အများ သံဃာသည်လည်း သိက္ခာပုဒ်တခုဟလေကိုမျှ မနှုတ်သိမ်း မပယ်စွန့်ပဲ အလုံးစုံသော သိက္ခာပုဒ်တို့ကို ချီးမြှောက် ထောက်ပံ့ကျင့်သုံးကြရန် ပရိယာယ်အားဖြင့် ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်များကို အမျိုးမျိုး အစားစား ပြောကြားသည်ဟု စိတ်ကြံမှတ်သား၍ သံဃာအလိုဆန္ဒအရ သိက္ခာပုဒ် တခုတလေကိုမျှ မနှုတ်သိမ်းသည်၏ အဖြစ်ကြောင့် ဥတ္တိဒုတိယကံပြု၍ ပညတ်အပ်သမျှ သိက္ခာပုဒ်တို့၌ ကောင်းစွာဆောက်တည်၍ ကျင့်သော အရှင်မဟာကဿပ မထေရ်ကဲ့သို့ ခုဒ္ဒါနုခုဒ္ဒက အာပတ်တို့ကို စိတ်ပါလက်ပါ မလွန်ကျူး မကျော်နင်း, ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်တို့ကိုပါ မချန် အကုန်လက်ခံကျင့်သော ရဟန်းတို့သည် (........သော်) ပညတ်အပ်သမျှ သိက္ခာပုဒ်တို့၌ ကောင်းစွာဆောက်တည်၍ ကျင့်ကုန်သည် မည်၏။ ထိုရဟန်းမျိုးကို "ယထာပညတ္တေသု သိက္ခာပဒေသု သမာဒါယ ဝတ္တန္တိ"ဟု ဆိုရ၏။ ထိုသို့ အပြည့်အစုံကျင့်သုံးလျှင် ရဟန်းတို့အား ကြီးပွါးရန်သာ ဆုတ်ယုတ်ရန် မဟုတ်၊ ယာဝကီဝဉ္စ၊ လ၊ နော ပရိဟာနိ ဟူသော ပါဠိတော်နှင့် မဆန့်ကျင် သက်ဝင် ကိုက်ညီ၏။ သာသနာစောင့် သီလဝန္တ သိက္ခာကာမ ရဟန်း ဟူသမျှ အသျှင် မဟာကဿပ မထေရ်ကဲ့သို့ ပြုကျင့်အပ်၏။ ဤသို့ ၃-ပါဠိတော်၏ ယထာဘူတ အဓိပ္ပါယ်ကို ယုံမှားမရှိ သိမြင် မှတ်ယူသင့်သည်။

ထိုကြောင့် အဋ္ဌကထာတို့၌–

> ခုဒ္ဒါနု ခုဒ္ဒကာ ပန အာပတ္တိယော သဥ္စိစ္စ အဝီတိက္ကမန္တာ ယထာပညတ္တေသု သိက္ခာ-ပဒေသု သမာဒါယ န ဝတ္တန္တိ နာမ အဿဇိပုနဗ္ဗသုကာ ဝိယ။ တထာ အကရောန္တာ ပန ယထာပညတ္တေသု သိက္ခာပဒေသု သမာဒါယ ဝတ္တန္တိ နာမ အာယသ္မာ မဟာကဿ-ပေါ ဝိယ စ-ဟု မိန့်အပ်၏။

ဤအဋ္ဌကထာ၌ အသိခက်သော ပုဒ် မရှိ၊ ပါဠိ၌ ဘိက္ခု-ဟူသော ကတ္တားပါဌ်၏ အနက်ကိုလည်း အောက်၌ ဆိုခဲ့ပြီ။

ထိုကြောင့် ပညတ်သမျှ သိက္ခာပုဒ်တို့ကို ရဟန်းတို့ ကောင်းစွာဆောက်တည်၍ ကျင့်နေကြသမျှ ကာလပတ်လုံး ရဟန်းတို့ အား ကြီးပွါးရန်သာ၊ ဆုတ်ယုတ်ရန် မဟုတ်။ ရဟန်းတို့ ကောင်းစွာဆောက်တည်၍ မကျင့်ကုန်သည်ရှိသော် ရဟန်းတို့အား ဆုတ်ယုတ်ရန်သာ၊ ကြီးပွါးရန်မဟုတ်။ လူဘို့ ကောင်းစွာဆောက်တည်၍ ကျင့်ကုန်သော်ငြား မကျင့်ကုန်သော်ငြား ရဟန်းတို့ ကြီးပွါး

ရန်လည်း မဟုတ်၊ ဆုတ်ယုတ်ရန်လည်း မဟုတ်ဟု အောက်၌ ယူဆ ဆုံးဖြတ်အပ်သည်ကို ယုံကြည် လေးမြတ် လက်ခံကျင့်သုံးအပ်၏။

## အကျဉ်း မှတ်သားဘွယ်

၁။ ယခု မေးလျှောက်အပ်သော မှတ်ပုံတင်ကပ်ပြား ဥပဒေပညတ်သည် ဘုရားရှင် မပညတ် အပ်သော အပညတ္တ ဥပဒေပညတ်သစ်ပင်ဖြစ်သော်လည်း ရဟန်းတို့ ဖွဲ့စည်း ပညတ်အပ်သည့် ဥပဒေပညတ် မဟုတ်၊ လူ အစိုးရမင်းတို့ ဖွဲ့စည်း ပညတ်အပ်သည့် ဥပဒေပညတ် ဖြစ်သည်။

၂။ ထို မှတ်ပုံတင် သက်သေခံကပ်ပြားကို ဆောင်ခြင်း, ထို ဥပဒေကို လိုက်နာ ကျင့်သုံးခြင်း ဖြင့် ဘုရား ပညတ် အပ်ပြီးသည့် တစုံတခုသော ကတိက ဝတ်ဟောင်း သိက္ခာပုဒ်ဟောင်းသည် မူလစ္ဆေဇ္ဇ ရပ်တန့်ပျက်ပြား ပြတ်စဲသွားမည် မဟုတ်၊ ထိုမင်းတို့ အာဏာဥပဒေသည် လောက၌ တည်နေစဉ်ကပင် သာသနာ၌လည်း ဘုရားရှင် သိက္ခာပုဒ် အပြည့်အစုံ မယုတ်မလျော့ မပျက် မပြား တည်နေမည်သာ ဖြစ်သည်။

၃။ ထိုမှတ်ပုံတင် သက်သေခံကပ်ပြားကို ဆောင်ခြင်း,ထိုဥပဒေကို လိုက်နာကျင့်သုံးခြင်းသည် မည်သည့် ခုဒ္ဒါနုခုဒ္ဒကအာပတ်ကိုမျှ လွန်ကျူး ကျော်နင်းခြင်းမဟုတ်၊ ထိုမှတ်ပုံတင် သက်သေခံ ကပ်ပြားကို ဆောင်လျက်ပင် ဘုရားရှင် ပညတ်အပ်သမျှ သိက္ခာပုဒ်တို့၌ ကောင်းစွာဆောက်တည် ကျင့်သုံး၍ သီလသိက္ခာ ပြည့်စုံစွာ ဖြည့်ကျင့်နိုင်မည်ဖြစ်သည်၊ မှတ်ပုံတင်သက်သေခံ ကပ်ပြားကို ဆောင်ခြင်း၌ တစုံတခု သီလသိက္ခာ ဆုတ်ယုတ်ခြင်းမရှိ၊ ထို့ကြောင့် ထိုမှတ်ပုံတင်သက်သေခံကပ် ပြားကို ဥပဒေအရဆောင်ခြင်းသည် ဘုရားရှင် မပညတ်အပ်သည်ကို ပညတ်ခြင်း, အကတိကဝတ် (အဓမ္မိက ကတိကဝတ်) ထားခြင်းမဖြစ်။ ပညတ်အပ်ပြီးသော ကတိကဝတ် သိက္ခာပုဒ်ဟောင်း များကို ဖြတ်နှုတ်ပယ်ဖျက်ခြင်းလည်း မဖြစ် တစုံတခုသော ခုဒ္ဒါနုခုဒ္ဒက အာပတ်ကို စိတ်ပါလက်ပါ လွန်ကျူးကျော်နင်းလျက် ပညတ်အပ်သမျှ သိက္ခာပုဒ်တို့ကို ဆောက်တည်၍ မကျင့်ခြင်းမဟုတ် ဟု သန္နိဋ္ဌာန်ကျ သိမြင်မှတ်ယူရမည်။ ထိုစကား မှန်၏- ဘုရားရှင် ရှေ့လက်ထက်တော်ကစ၍ ယခု ကာလအထိ ဝိနည်းသိက္ခာ တစုံတရာ ဆုတ်ယုတ် ပျက်ပြားထိပါးခြင်း မရှိသော မင်းတို့ပညတ်အပ် သည့် ဓမ္မကံဘူသမျှ၌ ထိုမင်း စိုးပိုင်ရာ တိုင်းနိုင်ငံ၌ နေကြကုန်သော ရှင်ရဟန်းတို့သည်လိုက်နာ ကျင့်ကြံခဲ့ရသည်ချည်း ဖြစ်သည်။ ဘုရားရှင် ကိုယ်တော်တိုင်ပင် မင်းတို့ လထပ်ရက်ငင်နှင့် ကြုံကြိုက် သော နှစ်၌ မင်းတို့ထပ်ငင်သည့်အတိုင်း ဝါကို ငင်ခြင်း, မင်းတို့ထပ်ငင်သော လရက်ကျမှ ဝါဆို ဝါကပ်ခြင်း၌ တစုံတရာ ဝိနည်းသိက္ခာဆုတ်ယုတ်ပျက်ပြားခြင်း မရှိသည့်အတွက် အလိုက်သင့်ကျင့် ရန် အနုဇာနာမိ ဘိက္ခဝေ ရာဇာနံ အနုဝတ္တိတုံ ဟု ခွင့်ပြုတော်မူခဲ့ပြီ၊ ထို့ကြောင့် တစုံတရာ ဝိနည်းသိက္ခာ ဆုတ်ယုတ်ပျက်ပြား၍ (ဝိနည်းသိက္ခာပုဒ်) နှင့် ဆန့်ကျင်သော မင်းတို့ဥပဒေ၌သာ တစုံဘယောက်သော ရှင်ရဟန်းမျှ မလိုက်နာ မကျင့်သုံးအပ် မကျင့်သုံးထိုက် မကျင့်သုံးကောင်း။ တစုံတရာ ဝိနည်းသိက္ခာ မဆုတ်ယုတ် မပျက်ပြား၍ တရား (ဝိနည်းသိက္ခာပုဒ်)နှင့် မဆန့်ကျင် သော မင်းဘို့ဥပဒေ၌ကား ထိုမင်းတို့နိုင်ငံနေသူ ရှင်ရဟန်းတို့ လိုက်နာ ကျင့်သုံးအပ်၏ ကျင့်သုံး ထိုက်၏ဟု ဝိနယကုက္ကုစ္စမရှိ သန္နိဋ္ဌာန်ကျ သိမြင်မှတ်ယူရမည်။

ထို့ကြောင့် ဝိ၊ ဌ၊ ၃။ ၃၄၉၊ ၃၅၀။ ၌—

အနုဇာနာမိ ဘိက္ခဝေ ရာဇာနံ အနုဝတ္တိတုန္တိ ဧတ္ထ ဝဿူပကဍ္ဎနေ ကာစိ ပရိဟာနိ နာမ နတ္ထီတိ အနုဝတ္တိတုံ အနုညာတံ၊ တသ္မာ အညသ္မိမ္ပိ ဓမ္မိကေ ကမ္မေ အနုဝတ္တိ-တဗ္ဗံ၊ အဓမ္မိကေ ပန န ကဿစိ အနုဝတ္တိတဗ္ဗံ- ဟု မိန့်အပ်ပြီ။

ဤမျှအတိုင်းအရှည်ရှိသောစကားဖြင့် မကွေးမြို့ မဟာဓမ္မိကာရုံတိုက်အုပ်ဆရာတော် ရှင်သူရိယ မေးလျှောက်အပ်သော ပုစ္ဆာကို သာသနာတော်ကြီး၏ စင်ကြယ်ကြီးပွါးခြင်းကို လိုလားတောင့်တ၍—

မန္တလေးမြို့ ဒက္ခိဏာရာမ-ဘုရားကြီးတိုက် အမရပူရကျောင်း ဆရာတော်သည် သိလိုရင်း ပါဠိ-တော်တို့၏ ယထာဘူတ အနက်ကို အခက်အပို မလိုစေရ တိကျပြတ်သားစွာ သိသာရုံမျှ ရေးသား ဆုံးဖြတ်အပ်သော ဝိမတိစ္ဆေဒနီကထာ ပြီးဆုံးလတ်ပြီ။

၁၃၂၁-ဝါဆိုလပြည့်ကျော် ၆-ရက်နေ့။

## ဤ အဆုံးအဖြတ်၌ ပါသော ပါဠိ အဋ္ဌကထာ စသည်တို့ကို
## က-ခ-စသော အမှတ်စဉ်အတိုင်း အနက်ပြန်ဆိုလိုက်အံ့

(က) ဘိက္ခဝေ၊ ရဟန်းတို့။ ယာဝကီဝဉ္စ၊ အကြင်မျှ အတိုင်းအရှည်ရှိသော ကာလပတ်လုံး။ ဘိက္ခူ၊ ရဟန်းတော်တို့သည်။ အပညတ္တံ၊ ဘုရားမပညတ်ခဲ့သည့် တရားနှင့် မလျော်သော ကတိကဝတ်နှင့် သိက္ခာပုဒ်အသစ်ကို။ န ပညပေဿန္တိ၊ မပညတ်ကုန်ငြားအံ့။ ပညတ္တံ၊ ဘုရားရှင် ပညတ်တော် မူအပ်သော သိက္ခာပုဒ်တော်ကို။ န သမုစ္ဆိန္ဒိဿန္တိ၊ မချိုးဖျက်ကြကုန်ငြားအံ့။ ယထာပညတ္တေသု၊ ဘုရားရှင် ပညတ်တော်မူအပ်တိုင်းကုန်သော။ သိက္ခာပဒေသု၊ သိက္ခာပုဒ်တော် တို့၌။ သမာဒါယ၊ ဆောက်တည်၍။ ဝတ္တိဿန္တိ၊ ကျင့်ကုန်ငြားအံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ တာဝတကံ၊ ထိုကဲ့သို့ ကျင့်သုံးနေသမျှ ကာလပတ်လုံး။ ဘိက္ခူနံ၊ ရဟန်းတော်တို့အား။ ဝုဒ္ဓိ-ယေဝ၊ ကြီးပွားချမ်းသာခြင်းကိုသာလျှင်။ ပါဋိကင်္ခါ၊ မချွတ်ကေန် အမှန် အလိုရှိအပ်၏။ ပရိ-ဟာနိ၊ ဆုတ်ယုတ်ခြင်းကို။ နော ပါဋိကင်္ခါ၊ အမှန် အလိုမရှိအပ်။ (ဒီ၊ ၂။ ၆၅။ အံ၊ ၂။ ၄၁၂။)

(ခ) ဘိက္ခဝေ၊ ရဟန်းတို့။ အဟံ၊ ငါဘုရားသည်။ တေမာသံ၊ ၃-လပတ်လုံး။ ပဋိသလ္လီ-ယိတုံ၊ နေ့တိုင်းသမာပတ်၌ ဓမ္မဝိဟာရဖြင့် စိတ်ကို ငြိတွယ်နေစေခြင်းငှါ။ ဝါ၊ ထိုထို သတ္တဝါသင်္ခါရ တို့မှ ဖဲခွါ၍ နိဗ္ဗာန်အာရုံ၌ စိတ်ကို ငြိတွယ် နေစေခြင်းငှါ။ (သာရတ္ထ၊ ၂။ ၁၇၈၊ ၁၈၀ နည်း)။ ဝါ၊ တပါးတည်း ကိန်းအောင်းနေခြင်းငှါ (ဝိ ဋ္ဌ၊ ၂။ ၄ နည်း)။ ဣစ္ဆာမိ၊ အလိုရှိ၏။ ကောစိ ပိဏ္ဍပါတ-နီဟာရကေန၊ ဆွမ်းပို့သော ရဟန်းတပါးကို။ အညတြ၊ ကြဉ်ထား၍။ အဟံ၊ ငါဘုရားသို့။ ကောစိ၊ တစုံတ ယောက်သောသူသည်။ န ဥပသင်္ကမိတဗ္ဗော၊ မချဉ်းကပ်ရ။

အာဝုသော၊ ငါ့ရှင်တို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ တေမာသံ၊ လုံး။ ပဋိသလ္လီယိတုံ၊ ငှါ။ ဣစ္ဆတိ၊ အလိုရှိတော်မူ၏။ ကောစိ ပိဏ္ဍပါတနီဟာရကေန၊ ကို။ အညတြ၊ ၍။ ကောစိ၊ သည်။

ဘဂဝါ၊ ဘုရားထံသို့။ န ဥပသင်္ကမိတဗ္ဗော၊ ရ။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ ဘဂဝန္တံ၊ ဘုရားရှင်ထံသို့။ ဥပသင်္ကမတိ၊ ချဉ်းကပ်၏။ သော ဘိက္ခု၊ ထိုရဟန်းကို။ ပါစိတ္တိယံ၊ ပါစိတ်-အာပတ်ကို။ ဒေသာပေတဗ္ဗော၊ ဒေသနာ ကြားစေအပ်၏။ (ဝိ၊၂။၃၃၆။)

(ဂ) အပညတ္တန္တိအာဒိသု၊ အပညတ္တံ အစရှိသော ပါဠိရပ်တို့၌။ အတ္ထော၊အနက်အဓိပ္ပါယ်ကို။ ဝေ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ နဝံ၊ အသစ်ဖြစ်သော။ အဓမ္မိကံ၊ တရားအား မလျော်သော။ ကတိကဝတ္တံ ဝါ၊ ကတိကဝတ်ကိုရင်း။ သိက္ခာပဒံ ဝါ၊ သိက္ခာပုဒ်ကိုရင်း။ ဂဏှန္တာ၊ ယူသောရဟန်းတို့သည် (အံ၊ဌ၊အလို)။ ဗန္ဓန္တာ၊ ဖွဲ့ကုန်သော ရဟန်းတော်တို့သည် (ဒီ ဋ၊အလို)။ အပညတ္တံ၊ မပညတ် အပ်သော အရာကို။ ပညပေန္တိ နာမ၊ ပညတ်ကြသည် မည်ကုန်၏။ ပုရာဏသန္ထတ ဝတ္ထုသ္မိံ၊ အခင်းဟောင်း ဝတ္ထု၌ (ဝိ၊၁။၇၃၆-၌ အကျယ်ကြည့်)။ သာဝတ္ထိယံ၊ သာဝတ္ထိမြို့၌။ ဝိဟရန္တာ၊ နေကုန်သော။ ဘိက္ခူ ဝိယ၊ ရဟန်းတော်တို့ ကဲ့သို့တည်း။

ပန၊ အဖို့တပါး။ တထာ၊ ထိုဆိုခဲ့သည့် အခြင်းအရာအားဖြင့်။ အကရောန္တာ၊ မပြုသည့် ရဟန်းတို့သည်။ အပညတ္တံ၊ ကို။ န ပညပေန္တိ နာမ၊ မပညတ်သည် မည်ကုန်၏။ အာယသ္မာ ဥပသေနော ဝိယ၊ (ဝိ၊၁။၃၃၆-၇-၌ လာသော) အရှင် ဥပသေန ထေရ်ကဲ့သို့တည်း။ (ဒီ၊ဋ၊၂။ ၁၁၅။ အံ၊ဋ၊၃။၁၅၇)

(ဃ) သိင်္ဂီလောဏကပ္ပေါ၊ ဆားမရှိသောနေရာ၌ သုံးဆောင်အံ့ ဟု သားချိုဗူးဖြင့် ဆားကို ဆောင်ထားကောင်း၏ဟု (သန္နိဓိသိက္ခာပုဒ်ကို) တမျိုးကြံဆခြင်းသည်။ (ကပ္ပသဒ္ဒေါ ဝိကပ္ပတ္ထော ပက္ခန္တရံ ကပ္ပတီတိ အတ္ထော။ ဝိမတိ၊ ၁။ ၂၄)။ ကပ္ပတိ၊ (ရဟန်းတော်တို့အား) အပ်စပ်၏။ ။လ။ ဇာတရူပ ရဇတံ၊ ရွှေငွေသည်။ ကပ္ပတိ၊ ၏။ (ဝိ၊၄။၄၉၁။)

(င) ဥဒ္ဓမ္မံ၊ တရားသဘောမှ ကင်းသည်ကို။ ဥဗ္ဗိနယံ၊ ဝိနည်းသဘောမှ ကင်းသည်ကို။ ကတွာ၊ ပြု၍။ (ဥဒ္ဓမ္မန္တိ ဓမ္မတော ဝိရဟိတံ။ ဥဗ္ဗိနယန္တိ ဝိနယတော ဝိရဟိတံ။ ပါစိတ်၊ ယော။ ၂၆၆)။ ဥဒ္ဓမ္မံ၊ ဘုရားတရားတော် ပျက်စီးအောင်။ ဥဗ္ဗိနယံ၊ ဘုရားဝိနည်း စည်းမျဉ်းပျက်စီးအောင် (ဝိမတိ၊ ၁။ ၉၆)။ သာသနံ၊ သာသနာတော်ကို။ ဒီပေန္တာ၊ ပြကုန်သော။ ဘိက္ခူ၊ ရဟန်းတော် တို့သည်။ ၂ညတ္တံ၊ ပညတ်တော် မူအပ်ပြီးသော သိက္ခာပုဒ်တော်ကို။ သမုစ္ဆိန္ဒန္တိ နာမ၊ ချိုးဖျက်ကြ သည် မည်ကုန်၏။ ဘဂဝတိ၊ ဘုရားရှင်သည်။ ဝဿသတ ပရိနိဗ္ဗုတေ၊ ပရိနိဗ္ဗာန်စံပြီး၍ အနှစ် တရာရှိလတ်သော်။ ဝေသာလိကာ၊ ဝေသာလီပြည်၌ နေကုန်သော။ ဝဇ္ဇီပုတ္တကာ ဝိယ၊ ဇဇ္ဇီ တိုင်းသား ရဟန်းများကဲ့သို့ ပေတည်း။ (ဝတ္ထု အကျယ် စူဠဝါ ပါဠိတော် ၄၉၁-စသည်၌ ကြည့်)။ တဿ၊ ထိုကဲ့သို့။ အကရောန္တာ၊ မပြုကုန်သော။ ဘိက္ခူ ပန၊ ရဟန်းတော်ဘို့သည်ကား။ ပညတ္တံ၊ ကို၊ န သမုစ္ဆိန္ဒန္တိ နာမ၊ မချိုးဖျက်သည် မည်ကုန်၏။ ကာကဏ္ဍကပုတ္တော၊ ကာကဏ္ဍကပုဏ္ဏား၏ သားဖြစ်သော။ အာယသ္မာ ယသော ဝိယ၊ အရှင်ယသ ရဟန္တာ မထေရ်ကဲ့သို့ တည်း။ (စူဠဝါ၊ ၄၉၂- စသည်၌ ကြည့်)။ ဒီ၊ ဋ၊ ၂။ ၁၁၅။ အံ၊ ဋ၊ ၃။ ၁၅၉။

(စ) ပန၊ အဖို့ဘပါး။ အဿဇိပုနဗ္ဗသုကာ ဝိယ။ (ဝိ၊ ၁။ ၂၇၄။ ဝိ၊ ၄။ ၂၂။ ပါဠိတော်၌ လာသော)အဿဇိနှင့် ပုနဗ္ဗသုက ရဟန်းတို့ ကဲ့သို့။ ခုဒ္ဒါနု ခုဒ္ဒကာ၊ ငယ်ကုန် အလွန်ငယ်ကုန်သော။

**ဝါ၊ ဒုက္ကဋ် ဒုဗ္ဘာသိအာပတ်** ဖြစ်ကုန်သော။ အာပတ္တိယော၊ အာပတ်တို့ကို။ သဉ္စိစ္စ၊ စေတနာဖြင့် **စေ့ဆော်ကြိုးကုတ် အားထုတ်ပြီး၍**။ ဝီတိက္ကမန္တာ၊ လွန်ကျူးကုန်သော။ ဘိက္ခူ၊ ရဟန်းတော်တို့ **သည်**။ ယထာပညတ္တေသု၊ ပညတ်တော်မူတိုင်းကုန်သော။ သိက္ခာ ပဒေသု၊ သိက္ခာပုဒ်တို့၌။ သမာ- **ဒါယ၊ ဆောက်တည်၍**။ န ဝတ္တန္တိ နာမ၊ ကျင့်သည် မမည်ကြကုန်။

**အာယသ္မာ**၊ ရှည်သောသက်တော် ရှိတော်မူသော။ မဟာကဿပေါ ဂိယာ၊ (ဝိ၊ ၄။ ၄၀၄ သင်္ဂါ- ယနာတင်ခန်း၌ လာသော) မဟာကဿပ ရဟန္တာထေရ်ကဲ့သို့။ တထာ၊ ထိုအသျှင်နှင့် ပုန္ဗသုက ရဟန်းတို့ကဲ့သို့။ အကရောန္တာ၊ မပြုကုန်သော။ ဘိက္ခူ ပန၊ ရဟန်းတော်တို့သည်ကား။ သိက္ခာ- ပဒေသု၊ သိက္ခာပုဒ်တို့၌။ သမာဒါယ၊ ဆောက်တည်၍။ ဝတ္တန္တိ နာမ၊ ကျင့်သည် မည်ကုန်၏။ ဒီ၊ ဋ္ဌ၊ ၂။ ၁၁၅။ အံ၊ ဋ္ဌ၊ ၃။ ၁၅၉။

(ဆ) ဘိက္ခဝေ၊ ရဟန်းတို့။ (ဓမ္မိကေ၊ တရားအားလျော်သော။ ကမ္မေ၊ ဝါဆပ်ခြင်းစသည့် အမှုကိစ္စမျိုး၌။ ဝိ၊ ဋ္ဌ၊ ၃။ ၃၅၁)။ ရာဇာနံ၊ အုပ်ချုပ်သော အစိုးရမင်းသို့။ အနုဝတ္တိတုံ၊ လိုက်လျော ခြင်းငှါ။ အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုတော်မူ၏။ ဝိ၊ ၃။ ၁၈၃။

(ဇ) အနုဇာနာမိ ဘိက္ခဝေ ရာဇာနံ အနုဝတ္တိတုန္တိ ဧတ္ထ ပါဠေ၊ အနုဇာနာမိ...အနုဝတ္တိတုံ ဟူသောပါဌ်၌။ ဝဿူပကစ္စနေ၊ ဝါကို အထက်သို့ငင်ရာ၌၊ ဝါ-ဝါဆို ဝါသို-ဟု ဝါထပ် ရက်ငင် ပြုရာ၌။ ဘိက္ခူနံ၊ ရဟန်းတော်တို့အဖို့။ ကာစိ၊ စိုးစဉ်းမျှသော။ ပရိဟာနိ နာမ၊ သီလစသည်၏ ဆုတ်ယုတ်ခြင်း မည်သည်။ နတ္ထိ၊ မရှိ။ ဣတိ တသ္မာ၊ ထိုကြောင့်။ ရာဇာနံ အုပ်ချုပ်သည့် အစိုးရ မင်းသို့။ အနုဝတ္တိတုံ၊ လိုက်လျောခြင်းငှါ။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ အနုညာတံ၊ ခွင့်ပြု တော်မူအပ်၏။ တသ္မာ၊ ထိုကြောင့်။ အညသ္မိမ္ပိ၊ ဝါထပ် ရက်ငင်ကိစ္စမှ တပါးလည်းဖြစ်သော။ ဓမ္မိကေ၊ တရားအားလျော်သော။ ဝါ၊ တရားနှင့်ယှဉ်သော။ ကမ္မေ၊ အမှုကိစ္စမျိုး၌။ ရညော၊ အား။ အနုဝတ္တိတဗ္ဗံ၊ လိုက်လျောသင့်၏။ ပန၊ ဗျတိရိက်ကား။ အဓမ္မိကေ၊ တရားအား မလျော် သော။ ကမ္မေ၊ ၌။ ကဿစိ၊ တစုံတယောက်သော သူအား။ န အနုဝတ္တိတဗ္ဗံ၊ မလိုက်လျောရ။ ဝိ၊ ဋ္ဌ၊ ၃။ ၃၄၉-၅၀။

## ၂၂-စိတ္တ, သညာဒိဇာနနဝိမတိစ္ဆေဒနီ

အုတ်ကျောင်းဆရာတော်ထံ လျှောက်စာ –

စိတ္တန္တိ အာရမ္မဏံ စိန္တေတီတိ စိတ္တံ ဝိဇာနာတီတိ အတ္ထော။

အဋ္ဌသာလိနီ အဋ္ဌကထာ စိတ္တုပ္ပါဒကဏ္ဍ(၁၀ ၆-နှာ)။ဝိဇာနာတီတိ သညာပညာကိစ္စ ဝိသိဋ္ဌံ ဝိသယဂ္ဂဟဏမာဟ။ ၎င်းမူလဋီကာ (၆၅-နှာ)သညာပညာကိစ္စံ သညာဏကရဏ ပဋိဝိဇ္ဈနာနိ၊ တဒုဘယဝိဓုရာ အာရမ္မဏူပလဒ္ဓိ ဝိဇာနာတီတိ ဣမိနာ ဝုတ္တာတိ အာဟ "သညာပညာကိစ္စ ဝိသိဋ္ဌံ ဝိသယဂ္ဂဟဏ"န္တိ။ နနု စ ဖဿာဒီ ကိစ္စတောပိ ဝိသိဋ္ဌကိစ္စံ စိတ္တန္တိ။ သစ္စမေတံ၊ သော ပန ဝိသေသော န တထာ ဒုရဝဗောဓော ယထာ သညာ ဝိညာဏာနန္တိ သညာပညာကိစ္စ ဝိသိဋ္ဌလက္ခဏတာယ ဝိညာဏလက္ခဏမာဟ။ ၎င်းအနုဋီကာ (၇၀-နှာ)

ၾင်းတို့ဝယ် ဝိသိဋ္ဌ သဒ္ဒါ၏ အပါဒါနတ္ထကိုပြရာ ပညာသဒ္ဒါ ပါရှိနေခြင်းကို သဘောမရဖြစ်နေပါသည်၊ အနုဋီကာလည်း မူလဋီကာ ပမာဒလိခိတပါဌ်ကို မသုတ်သင်ဘဲ ဖွင့်မှားလေသည်ဟု ထင်မိပါသည်။

> ကေနဋ္ဌေန ပညာတိ ပဇာနနဋ္ဌေန ပညာ။ ကိမိဒံ ပဇာနနံ နာမ။ သဉ္ဇာနန ဝိဇာနနာကာရဝိသိဋ္ဌံ နာနာပ္ပကာရတော ဇာနနံ။ သဗ္ဗံ တံ ကေတော ကတ္ဝာ ဝိညာဏက္ခန္ဓော ဝေဒိတဗ္ဗော။ ဝိညာဏံ စိတ္တံ မနောတိ အတ္ထတော ဧကံ။ ဝိသုဒ္ဓိမဂ် ခန္ဓနိဒ္ဒေသ (၆၆၊ ၇၂ နှာ)

> မိနိတဗ္ဗာတ္ထံ နာဋ္ဌိယာ မိနမာနော ပုရိသော သဉ္ဇာနနာကာရ ဝိသိဋ္ဌေန အာကာရေန ဝိသယံ ဂဏှာတိ။ တံ အာရမ္မဏူပလဒ္ဓိသင်္ခါတံ ဝိဇာနနံ လက္ခဏံ ဧတဿာတိ ဝိဇာနန လက္ခဏံ။ ၾင်း မဟာဋီကာ(ဒု၊၁၁၂-နှာ)

ၾင်းတို့ အဆိုအမိန့်ကို ရှုသော် ယခင်ကျမ်းတို့၌ ယခင်အရာတို့၌ ပညာမပါသင့်၊ ပညာ သဒ္ဒါ မရှိမှသာ သဘောအဓိပ္ပါယ်ရမည်-ဟု ထင်ပါသည်၊ သံသယကို ပယ်ဖျောက်ပေးရန် လျှောက်ထားပါကြောင်း။

အဘယာ

ပဒုမ

## ဖြေဆိုချက်

ဤအမေးကို အကျဉ်းမျှဖြေကြားရန် သာသနာ့ဇောတိကာရုံ ဆရာတော်အမိန့်ချမှတ်ချက်အရ–

၁၃၁၁-ခု သီတင်းကျွတ်လဆန်း ၇-ရက်နေ့၊အဘယာရာမတိုက် ရှင်ပဒုမ မေးလျှောက်အပ်သော ပုစ္ဆာကို အဋ္ဌကထာဋီကာအနုတို့ကို ရှေ့နောက်ညှိနှိုင်း ဖြတ်ပိုင်းလှီးချ ယထာဘူတ ကျန မှန်ကန်စွာ ပုခမ်းကျောင်း၌ စာပို့ချနေစဉ် အမရပူရဆရာတော် အကျဉ်းမျှဖြေကြားပေအံ့–

ကေနဋ္ဌေန ပညာတိ။လ။ ပဇာနနံ-ဟူသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာ (ဒု-၆၆ နှာ)၌ ဝိသိဋ္ဌ၏ အပါဒါနတ္ထကို သဉ္ဇာနန ဝိဇာနနကိုပြခြင်း၊ ဝိဇာနနလက္ခဏံ-ဟူသောအဋ္ဌကထာ၏ အဖွင့် မဟာဋီကာ၌ သဉ္ဇာနနာကာရကိုသာ ပြခြင်းတို့ကိုထောက်၍ ဝိဇာနာတိဟူသော အဋ္ဌကထာ၏အဖွင့် မူလဋီကာ၌ ဝိသိဋ္ဌ၏ အပါဒါနတ္ထကို ပြရာဝယ် ပညာသဒ္ဒါမပါသင့်-ဟု မမှတ်အပ်၊ ပါရှိသော ပညာသဒ္ဒါကို ပမာဒလိခိတ-ဟု မဖျက်သင့်။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ အချင်းချင်းထူးသော ကိစ္စ၏ အစွမ်းအားဖြင့် အာရုံယူ၍ ဖြစ်ကြကုန်သော သညာ ဝိညာဏ် ပညာတို့၏ သိတတ်သည်၏အဖြစ်သည် တူကြကုန်သော်လည်း သညာထက် ဝိညာဏ်၊ သညာဝိညာဏ်ထက် ပညာ၏ လွန်ကဲထူးမြတ်သော သိပုံအခြင်းအရာ သိခြင်းသဘောရှိသည်၏ အဖြစ်ကြောင့် ထိုလွန်ကဲ ထူးမြတ်သော သိပုံအခြင်းအရာ သိခြင်းသဘော၏ အစွမ်းအားဖြင့် သဉ္ဇာနနာကာရ ဝိဇာနနာကာရတို့ကို အပါဒါန်ခံ၍ ပညာ၏ ပဇာနနသဘောကို

ပြတော်မူသည်။ ထိုအနက်ကို(ဝိသုဒ္ဓိ၊ ၂။ ၆၆-နှာ)အထက် ဝိတ္ထာရ တပ္ပါကဋီကရဏနှစ်ဝါကျတို့ဖြင့် သိအပ်၏။

ဤ၌ ဝိသိဋ္ဌသဒ္ဒါသည် အသမာန ဝိသဒိသအနက်ကို မဟော၊ သာတိသယအနက်ကို ဟော၏။ ထို့ကြောင့် မဟာဋီကာ (ဒု-၇၄)၌ သဉ္ဇာနနာကာရ ဝိဇာနနာကာရ ဝိသိဋ္ဌန္တိ သဉ္ဇာနနာကာရ ဝိဇာနနာကာရေဟိ သာတိသယံ-ဟု မိန့်အပ်၏။ အဋ္ဌကထာ ဥပမာ သံသန္ဒန(ဝိသုဒ္ဓိ၊ ၂။၆၇)၌လည်း—

သညာ ဟိ အဇာတဗုဒ္ဓိနော ဒါရကဿ ကဟာပဏဒဿနံ ဝိယ ဟောတိ။ နီလာဒိဝသေန အာရမ္မဏဿ ဥပဋ္ဌာနာကာရ မတ္တဂ္ဂဟဏတော။ ဝိညာဏံ ဂါမိကဿ ပုရိသဿ ကဟာပဏ-ဒဿနံ ဝိယ ဟောတိ။ နီလာဒိဝသေန အာရမ္မဏာကာရ ဂဟဏတော၊ ဥဒ္ဓမ္ပိ စ လက္ခဏပဋိဝေဓ သမ္ပါပနတော။ ပညာ ဟေရညိကဿ ကဟာပဏဒဿနံ ဝိယ ဟောတိ။ နီလာဒိဝသေန အာရမ္မ-ဏာကာရံ ဂဟေတွာ လက္ခဏပဋိဝေဓဉ္စ ပါပေတွာ ဥဒ္ဓမ္ပိ မဂ္ဂ ါတုဘာဝ ပါပနတော။ တသ္မာ ယဒေတံ သဉ္ဇာနနဝိဇာနနာ ကာရဝိသိဋ္ဌံ နာနာပ္ပကာရတော ဇာနနံ၊ ဣဒံ ပဇာနနန္တိ ဝေဒိတဗ္ဗံ

ဟူ၍ ဥဒ္ဒိ နှစ်ပုဒ်တို့နှင့်တကွ မိန့်တော်မူအပ်ပြီ။

မိနိတဗ္ဗဝတ္ထုံ စသော ဝိသုဒ္ဓိမဂ် မဟာဋီကာ(ဒု–၁၁၂)၌လည်း ရှေး၌ အဋ္ဌကထာ ဖွင့်ပြတော်မူအပ်သောနည်းကို အစဉ်လျှောက်၍ တပါးထက် အဆင့်ဆင့် လွန်ကဲ ထူးမြတ်သော သိပုံ အခြင်းအရာ သိခြင်းသဘော၏ အစွမ်းအားဖြင့် ဝိဇာနနလက္ခဏာကို ပြရာဝယ် သဉ္ဇာနနာကာရ ကိုသာ အပါဒါန် ခံတော်မူသည်။ အချင်းချင်း တူသောကိစ္စ၏ အစွမ်းအားဖြင့် ဝိဇာနန လက္ခဏာကို ပြသည် မဟုတ်သောကြောင့် ပညာ၏ ပဇာနနာကာရ ကို အပါဒါန် မခံသည်ဟူ၍ မှတ်ယူ သိမြင်ရမည်။

ဝိဇာနာတီတိ–ဟူသော အဋ္ဌသာလိနီ အဋ္ဌကထာ၏ အဖွင့် မူလဋီကာ (မူလဋီ၊ ၁။ ၆၅)၌ကား ဝိသုဒ္ဓိမဂ် အဋ္ဌကထာ မဟာဋီကာတို့၌ကဲ့သို့ တပါးသည် တပါးထက် အဆင့်ဆင့် လွန်ကဲ ထူးမြတ်သော သိပုံ အခြင်းအရာ သိခြင်းသဘော၏ အစွမ်းအားဖြင့် ဝိဇာနာတိ၌ အန္တတ်ဖြစ်သော ဝိဇာနန သရုပ်ကို ပြသည် မဟုတ်၊ စင်စစ်သော်ကား အချင်းချင်း ထူးသောကိစ္စ၏ အစွမ်းအားဖြင့် ဝိဇာနန၏ သရုပ်ကို ပြသောကြောင့် သညာ၏ သညာဏကိစ္စကိုသာ ဝိသိဋ္ဌ၏ အပါဒါန် ခံတော်မူသည်။ ဤသို့ မူလဋီကာရှင်၏ အလိုတော်ကျ အာဘောဂကို သိမြင်တော်မူသော အနုဋီကာ ဆရာသည် သညာပညာကိစ္စံ သညာဏကရဏ ပဋိဝိဇ္ဈနာနိ။ တဒုဘယဝိဓုရာ အာရမ္မဏူပလဒ္ဓိ "ဝိဇာနာ-တီတိ" ဣမိနာ ဝုတ္တာတိ အာဟ "သညာ ပညာကိစ္စဝိသိဋ္ဌံ ဝိသယဂ္ဂဟဏ"န္တိ (အနုဋီ၊ ၁။ ၇၀)ဟူ၍ မိန့်တော်မူအပ်ပြီ။

ဤမူလဋီကာ၌ ဝိသိဋ္ဌ သဒ္ဒါသည် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ကဲ့သို့ သာတိသယအနက်ကို မဟော။ ယံ ပနေတ္ထ အဝိသိဋ္ဌံ(အညွန်း ၂၃၈-နှာ၌ ကြည့်)-ဟူသော အဋ္ဌကထာ၌ ဝိသိဋ္ဌသဒ္ဒါကဲ့သို့ အသမာန ဝိသဒိသ အနက်ကို ဟောသည်။ တဒုဘယဝိဓုရာ၊ ထို သညာကိစ္စ ပညာကိစ္စတည်း ဟူသော အမှတ်ပြုခြင်း ထိုးထွင်း၍သိခြင်း နှစ်ပါးစုံမှ ထူးသော ဟု ဂူကြီးဆရာတော် မြန်မာ ပြန်တော်မူသည်။

ဤ၌ ဝိသိဋ္ဌသဒ္ဒါ၏ အသမာန ဝိသဒိသ အနက်ဟော ဖြစ်သောကြောင့်သာလျှင်“နနု စ”စသော စောဒနာခွင့်ကို ရသည်။ သာတိသယ ဟော ဖြစ်ခဲ့သော် ထိုသို့သော စောဒနာခွင့်ကိုပင် မရတော့ရာ။

အကယ်၍ ဤ မူလဋီကာ၌ ဝိသိဋ္ဌပုဒ်နှင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ဝိသိဋ္ဌ ပုဒ် နှစ်ခုသည် တူသော အနက်ရှိသည်ဖြစ်က ဤ၌ ပညာသဒ္ဒါ ပါရှိတိုင်းသော သညာ ပညာ ကိစ္စ ဝိသိဋ္ဌ ဟူသော ပုဒ်ကို ဖွင့်သော အနုဋီကာရှင် ဆရာ ဓမ္မပါလသည် ဝိသုဒ္ဓိမဂ်ကို ဖွင့်သောအခါ မဟာဋီကာ၌ ပညာသဒ္ဒါကို ချ၍ မဖွင့်ရာ၊ ဖွင့်လည်း ဖွင့်ခဲ့သည်။ ဤသို့ ရှေ့နောက်ညီညွတ်နိုင်း ဖြတ်ပိုင်းလိုးချ ထုတ်ပြခဲ့ပြီးသော ယုတ္တိ သာဓကတို့ဖြင့် ဝိဇာနာတီတိ။ လ။ မာဟ (မူလဋီ၊ ၁။ ၆၅) ဟူသော ဤ မူလဋီကာ၌ ပညာသဒ္ဒါ ပါရှိခြင်းသည်သာ သင့်သည်၊ ပါသော ပညာသဒ္ဒါသည် ပမာဒလိခိတ မဟုတ်၊ သုဒ္ဓရပါဌ ဖြစ်သည်ဟူ၍ သန္နိဋ္ဌာန်ကျ ယုံမှားမရှိ သိမြင်မှတ်ယူရာသည်။

မ၊ ဋ္ဌ၊ ၂။ ၂၄၃ —၄။ မ၊ ဋီ၊ ၂။ ၂၆၄–၅ တို့၌လည်း နည်းတူ သိအပ်၏။

ဤမျှ အတိုင်းအရှည်ရှိသော စကား အစဉ်ဖြင့် ကျေးဇူးရှင် ဆရာတော်မြတ် ချအပ်သော အမိန့်တော်ကို ဦးထိပ်ထက် ပန်ဆင်လျက် တပည့်ဖြစ်တော ဉက္ကံသ မည်သော အမရပူရ ဆရာ မထေရ်မြတ်သည် ဆုံးဖြတ်အပ်သော ဝိမတိဝိနောဒနီ ကထာ ပြီးဆုံးလတ်ပြီ။

ဤအဆုံးအဖြတ်၌ ပါသော ပါဠိအဋ္ဌကထာစသည်တို့ကို
က-ခ စသော အမှတ်စဉ်အတိုင်း အနက်ပြန်ဆိုလိုက်အံ့

(က) စိတ္တန္တိ၊ စိတ္တံဟူသည်ကား။ အာရမ္မဏံ၊အာရုံကို၊ စိန္တေတိ၊ သိတတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ စိတ္တံ၊ စိတ္တမည်၏။ ဝိဇာနာတိ၊ ထူးခြားစွာ သိတတ်၏။ ဣတိ အယံ၊ ဤသည်ကား။ စိန္တေတီတိ ပဒဿ၊ စိန္တေတိ ဟူသော ပုဒ်၏။ အတ္ထော၊ အနက်တည်း။ အဘိ၊ဋ္ဌ၊၁။၁၀၆။

(ခ) ဝိဇာနာတီတိ ဣမိနာ၊ ဝိဇာနာတိဟူသော ဤပါဌ်ဖြင့်။ သညာ ပညာကိစ္စ ဝိသိဋ္ဌံ၊ သညာ စေတသိက် ပညာစေတသိက်တရားတို့၏ သိခြင်းကိစ္စ ၂-ပါးမှ ထူးခြားသော။ ဝိသယဂ္ဂ-ဟဏံ၊ (စိတ်၏) အာရုံကို ယူခြင်းကိစ္စကို။ (အဋ္ဌကသာစရိယော၊ အဋ္ဌကထာဆရာသည်)။ အာဟ၊ မိန့်ဆိုတော်မူပြီ။

(ဂ) သညာ ပညာကိစ္စံ၊ သညာစေတသိက် ပညာစေတသိက်တရားတို့၏ သိခြင်းကိစ္စ ဟူသည်မှာ။ သညာဏကရဏ ပဋိဝိဇ္ဈနာနိ၊ အမှတ်အသားပြု၍ သိခြင်း ထိုးထွင်းသိခြင်းတို့ပင် တည်း။ တဒုဘယဝိဓုရာ၊ ထိုအမှတ်အသားပြု၍ သိခြင်း ထိုးထွင်းသိခြင်းဟူသော သညာကိစ္စနှင့် ပညာကိစ္စ ၂-ပါးတို့မှ မတူထူးခြားသော။ အာရမ္မဏူပလဒ္ဓိ၊ အာရုံကို ရယူခြင်းကို။ ဝါ-အာရုံသိမှု စိတ်ဝိညာဏ်၏ ကိစ္စကို။ “ဝိဇာနာတီတိ” ဣမိနာ၊ ဝိဇာနာတိ ဟူသော ဤပါဌ်ဖြင့်။ ဝုစ္စတိ၊ မိန့်ဆိုအပ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ သညာ ပညာကိစ္စဝိသိဋ္ဌံ ဝိသယဂ္ဂဟဏန္တိ၊ ဟူ၍။ အဋ္ဌကထာ-စရိယော။ သည်။ အာဟ၊ မိန့်တော်မူပြီ။

နနု စ စေဒေမိ၊ စေဒနာဉီးအံ့။ စိတ္တံ၊ စိတ်သည်။ ဖဿာဒိကိစ္စတော ပိ၊ ဖဿစသည် စေတသိက်တရားတို့၏ ဖုသန-တွေ့ထိခြင်းစသော ကိစ္စတို့မှလည်း။ ဝိသိဋ္ဌကိစ္စံ၊ မတူထူးခြားသော ကိစ္စရှိသည်။ ဟောတိ နနု၊ ဖြစ်သည်မဟုတ်ပါလော။ ဣတိ အယံ၊ ဤသည်ကား။ စောဒနာ၊ စောဒနာခြင်းဘည်း။ တော၊ သင်စောဒကဆိုအပ်သည့်စကားသည်။ သစ္စံ၊ မှန်၏။ ပန တထာ ပိ၊ ထိုသို့ပင်မှန်သော်လည်း။ သညာ ပညာ ဝိညာဏာနံ၊ သညာ စေတသိက် ပညာစေတသိက်နှင့် စိတ် ဝိညာဏ်တရားတို့၏။ ဝိသေသော၊ သိပုံအခြင်းအရာ မတူထူးခြားပုံကို။ ဒုရဝဗောဓော ယထာ၊ သိနိုင်ခဲသကဲ့သို့။ တထာ၊ ထို့အတူ။ သော ဝိသေသော၊ ထိုဖုသနကိစ္စ စသည်တို့မှ မတူထူးခြားသော ကိစ္စကို။ န ဒုရဝဗောဓေ၊ ခဲယဉ်းသဖြင့် သိအပ်သည်မဟုတ်။ ဝါ-သိနိုင်ခဲသည် မဟုတ်။ ဣတိ၊ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ သညာ ပညာကိစ္စ ဝိသိဋ္ဌလက္ခဏာတာယ၊ သညာ စေတသိက် ပညာစေတသိက်တို့၏ သိခြင်းကိစ္စမှ မတူထူးခြားသော ကိစ္စရှိသည်၏ အဖြစ်ကြောင့်။ ဝိညာဏလက္ခဏံ၊ ထူးခြားစွာ သိခြင်းလက္ခဏာကို။ အဋ္ဌကထာစရိယော၊ သည်။ အာဟ၊ မိန့်ဆိုပြီ။ အနုဋီ၊ ၁။၇၀။

(ဃ) ကေနဋ္ဌေန ပညာတိ၊ ကေနဋ္ဌေန ပညာဟူသည်ကား။ ပဇာနနဋ္ဌေန၊ အပြား အားဖြင့် သိခြင်းအနက်သဘောကြောင့်။ ပညာ၊ ပညာမည်၏။ ဣဒံ ပဇာနနံ နာမ၊ ဤအပြား အားဖြင့် သိခြင်းမည်သည်။ ကိံ၊ အဘယ်နည်းဟူမူ၊ သဉ္ဇာနန ဝိဇာနနာကာရဝိသိဋ္ဌံ၊ အမှတ်ပြု၍ သိသောအခြင်းအရာ ထူးခြားစွာသိသော အခြင်းအရာတို့ထက် လွန်ကဲသော။ နာနပ္ပကာရတော၊ အထူးထူး အပြားပြားအားဖြင့်။ ဇာနနံ၊ သိခြင်းတည်း။ ပ။ ဟိ ဒ စ္စံ၊ မှန်၏။ သဗ္ဗံ တံ၊ ထိုအလုံး စုံကို။ ကေတော ကတ္ဗာ၊ တပေါင်းတည်းပြု၍။ ဝိညာဏက္ခန္ဓောတိ၊ ဝိညာဏက္ခန္ဓာဟူ၍။ ဝေဒိ- တဗ္ဗော၊ သိအပ်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ မိန့်ဆိုအပ်ခဲ့၏။ ပ။ ဝိညာဏံ၊ ဝိည ဏ်သည်ငှင်း။ စိတ္တံ၊ စိတ်သည်ငှင်း။ မနော၊ စိတ်မနောသည်ငှင်း။ အတ္ထတော၊ အနက်တရားကိုယ်အားဖြင့်။ ဧကံ၊ တူ၏။ ဝါ၊ တခုတည်းပင်တည်း။ (ဝိသုဒ္ဓိ၊ ၂။ ၆၆၊ ဂ၂)။

(င) မိနိတဗ္ဗဝတ္ထုံ၊ (စပါး ဆန် စသည့်) ခြင်တွယ်စရာ ဝတ္ထုပစ္စည်းကို။ နာဠိယာ၊ ကွမ်းစား တောင်း, စလယ်တောင်းဖြင့်။ မိနမာနော၊ ခြင်တွယ်နေသော။ ပုရိသော ဝိယ၊ ယောကျ်ားကဲ့သို့။ ဝိညာဏံ၊ ဝိညာဏ်သည်။ သဉ္ဇာနနာကာရ ဝိသိဋ္ဌေန၊ အမှတ်ပြု၍ သိသောအခြင်းအရာမှ မတူ ထူးခြားသော။ ယေန အာကာရေန၊အကြင် ထူးခြားစွာသိသော အခြင်းအရာ လက္ခဏာဖြင့်။ ဝိသယံ၊ အာရုံကို။ ဂဏှာတိ၊ ယူတတ်၏။ တေသ၊ ထို ဝိည ဏ်အား။ အာရမ္မဏူပလဒ္ဓိသင်္ခါတံ၊ အာရုံကို ရယူခြင်းဟု ဆိုအပ်သော။ တံ ဝိဇာနနံ၊ ထို ထူးခြားစွာ သိခြင်းဟူသော။ လက္ခဏံ၊ မှတ်ကြောင်း လက္ခဏာသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ တံ ဝိညာဏံ၊သည်။ ဝိဇာနနလက္ခဏံ၊ ဝိဇာနနလက္ခဏာ မည်၏။ ဝါ၊ ထူးခြားစွာသိခြင်း အမှတ်လက္ခဏာရှိသော တရား မည်၏။ (ဝိသုဒ္ဓိ၊ ဋီ၊ ၂၊ ၁၁၂)။

(စ) သဉ္ဇာနနာကာရဝိဇာနနာကာရ ဝိသိဋ္ဌန္တိ၊ ဟူသည်ကား။ သဉ္ဇာနနာကာရဝိဇာနနာ- ကာရေဟိ၊ အမှတ်ပြု၍ သိသော အခြင်းအရာ ထူးခြားစွာသိသော အခြင်းအရာတို့ထက်။

သာတိသယံ၊ အလွန်အကဲနှင့်တကွ။ ဝါ၊ လွန်ကဲမြင့်မြတ်သော (နာနပ္ပကာရတော၊ အထူးထူး အပြားပြားအားဖြင့်။ ဇာနန်၊ သိခြင်းတည်း။) (ဝိသုဒ္ဓိ၊ ဋီ၊ ၂။ ၇၄)။

(ဆ) ဟိ၊ ဥပမာ ဥပမေယျ နှီးနှော၍ ပြဦးအံ့။ နီလာဒိဝသေန၊ အညို အပြာ စသည်တို့၏ အစွမ်းဖြင့်။ အာရမ္မဏဿ၊ အာရုံ၏။ ဥပဋ္ဌာနာကာရမတ္တဂဟဏတော၊ ထင်လာသော အခြင်း အရာမျှကိုသာ ယူတတ်သည်၏အဖြစ်ကြောင့်။ သညာ၊ သညာစေတသိက်သည်။ အဇာတဗုဒ္ဓိနော၊ စိစစ်နိုင်သည့် ဝိစာရဏာပညာ မရှိသေးသော။ ဒါရကဿ၊ ကလေးသူငယ်၏။ ကဟာပဏဒဿနံ ဝိယ၊ အသပြာ ကျပ်ဒင်္ဂါးကို မြင်သည်နှင့်တူသည်။ ဟောတိ၊ ဖြစ်၏။

နီလာဒိဝသေန၊ ဖြင့်။ အာရမ္မဏာကာရဂဟဏတော စ၊ အာရုံ အခြင်းအရာကို ယူတတ် သည်၏ အဖြစ်ကြောင့်ရင်း။ ဥဒ္ဓမ္ပိ၊ ထိုထက်အလွန်လည်း။ လက္ခဏပဋိဝေဓသမ္ပာပနတော စ၊ အနိစ္စ စသော လက္ခဏာတို့ကို သိခြင်းသို့ ရောက်စေတတ်သည်၏ အဖြစ်ကြောင့်ရင်း။ ဝိညာဏံ၊ ဝိညာဏ်သည်။ ဂါမိကဿ၊ ရွာ၌နေသော။ ပုရိသဿ၊ ယောကျ်ား၏။ ကဟာပဏဒဿနမိဝ၊ သည်။ ဟောတိ၊ ဖြစ်၏။

နီလာဒိဝသေန၊ ဖြင့်။ အာရမ္မဏာကာရံ၊ အာရုံအခြင်းအရာကို။ ဂဟေတွာ စ၊ ယူ၍ရင်း။ လက္ခဏပဋိဝေဓံ၊ အနိစ္စ စသော လက္ခဏာတို့ကို သိခြင်းသို့။ ပါပေတွာ စ၊ ရောက်စေ၍ရင်း။ တတော၊ ထိုထက်။ ဥဒ္ဓမ္ပိ၊ ပိုလွန်၍။ မဂ္ဂပါတုဘာဝ ပါပနတော၊ (သောတာပတ္တိမဂ်စသည့်) မဂ် ဖြစ်ပေါ်ခြင်းသို့ ရောက်စေတတ်သည်၏အဖြစ်ကြောင့်။ ပညာ၊ ပညာစေတသိက်သည်။ ဟေရညိ- ကဿ၊ ရွှေပန်းထိမ်သည်၏။ ကဟာပဏဒဿနမိဝ၊ သည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထိုကြောင့်။ သဉ္ဇာနန ဝိဇာနနာကာရဝိသိဋ္ဌံ၊ အမှတ်ပြု၍သိသော အခြင်းအရာ ထူးခြားစွာသိသော အခြင်း အရာတို့ထက် လွန်ကဲသော။ နာနပ္ပကာရတော၊ အထူးဆူး အပြားပြားအားဖြင့်။ ယဒေတံ ဇာနန်၊ အကြင်သိခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤ သိခြင်းမျိုးကို။ ပဇာနနန္တိ၊ အပြားအားဖြင့် သိခြင်းဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ (ဝိသုဒ္ဓိ၊ ၂။ ၆၇)။

(ဇ) ပန၊ အဖွိုတပါး။ တွေ့ တေသု ဝိနယပိဋကံ သုတ္တန္တပိဋက အဘိဓမ္မ ပိဋကေသု၊ ဤ ဝိနယပိဋကသဒ္ဒါ သုတ္တန္တပိဋကသဒ္ဒါ အဘိဓမ္မပိဋကသဒ္ဒါတို့၌။ သမာဘိနိဝိဋ္ဌံ၊ အကျုံးဝင်သော။ အဝိသိဋ္ဌံ၊ မတူထူးခြားသည် မဟုတ်သော။ ဝါ၊ (အနက်အားဖြင့်) တူသော။ ယံ ပိဋကံ၊ အကြင် ပိဋကသဒ္ဒါသည်။ အတ္ထိ၊ ရှိ၏။ အဘိ၊ ဋ္ဌ၊ ၁။ ၂၁။ ဝိ၊ ဋ္ဌ၊ ၁။ ၁၆။ ဒီ၊ ဋ္ဌ၊ ၁။ ၁၉။

## ၂၃–မဇ္ဈေစေတိယသီမာဒိဝိမတိစ္ဆေဒနီ

မော်လမြိုင်ကျွန်းမြို့နယ် ဘိုခမီဒေါင့်ရွာ ညောင်ကုန်းကျောင်း ဘုန်းကြီး ရှင်ဇလန္ဓာသဘာ လေးမြတ်စွာ ရှိခိုးလျှောက်ထားဝံ့ပါသည် ဆရာတော်ဘုရား။

တပည့်တော်အား သနားတော်မူသဖြင့် အောက်ပါပုစ္ဆာတို့ကို ပါဠိအဋ္ဌကထာ ဋီကာစသော သာဓကနှင့်တကွ အဖြေဝိနိစ္ဆယ ရေးသား၍ ချီးမြှောက်တော် မူကြပါဘုရား။

၁။ အလယ်၌တည်ရှိသော စေတီကို ပတ်လည်ရံ၍ သိမ်သမုတ်လိုသော် ဘယ်သို့နှုတ်၍ ဘယ်သို့ သမုတ်ရမည်။

၂။ အဆောက်အဦရှိပြီး ဌာန၌ သိမ်သမုတ်လိုသော် ဘယ်သို့နှုတ်၍ ဘယ်သို့သမုတ်ရမည်။

၃။ ပကတိဂါမသိမ်ကို သိမ်း၍ သမုတ်လိုသော် ဘယ်သို့ သိမ်းရမည်။

၄။ သိမ်နှုတ်သောအခါ တညောင်စောင်း၌သံဃာဘယ်မျှနေ၍ ကမ္မဂါ ဘယ်မျှဖတ်ရမည်နည်း။

၅။ ကမ္မဝါစာ၌ ပုဒ်အက္ခရာတို့ကို မှန်အောင် ဘယ်သို့ ရွတ်ရမည်နည်း။

## စေတီကိုရံ၍ သိမ်သမုတ်ခြင်း

ယခုကာလ သိမ်သမုတ် လိုကြကုန်သည် ရှိသော် သမ္မာဒ အဇ္ဈောတ္ထရဏ သက်ရဒေါသ သုံးပါးမှ ကင်းလွတ် စင်ကြယ်သော ဂါမသိမ်အပြင်၌ ဗဒ္ဓသိမ် အသစ်သမုတ်၍ ဉပုသ် ပဝါရဏာ ဉပသမ္ပဒါကံ အစရှိသော ကံကြီး ကံငယ်တို့ကို နိဿံသယ နိက္ကုက္ကုစ္စဖြစ်၍ ပြုလုပ်ဆောင်ရွက် နိုင်ကြရန် သိမ်သမုတ်မည့် ရပ်ကွက်ဒေသ၌ ရှေးသိမ်ဟောင်း သိမ်ဝှက်တို့ ရှိနိုင်မည် မရှိနိုင်မည် ရှိလောက် မရှိလော်က်သည်၏ အဖြစ်ကို ဝိနယဓရ ဝိနယဝိဒူ ဝိနယညူ ပုဂ္ဂိုလ်တို့ သုတမယဉာဏ် စိန္တာမယဉာဏ်တို့ဖြင့် ကြည့်ရှုနိုင်းချိန် စူးစမ်းရှာဖွေ၍ ရှိလောက်လျှင် ရှိလောက်သည့်အလျောက်, မရှိလောက်လျှင် မရှိလောက်သည့်အလျောက် ဆုံးဖြတ်၍ နှုတ်ကြ သမုတ် ကြရမည်။

အဘယ်သို့ ကြည့်ရှုနိုင် ချိန် စူးစမ်းရှာဖွေရမည်နည်း၊ ဂါမခေတ် တခုလုံးကိုဖြစ်စေ ဂါမခေတ် နှစ်ခုလုံးကိုဖြစ်စေ လွှမ်းခြုံ၍ သမုတ်အပ်သော တယူဇနာ နှစ်ယူဇနာ သုံးယူဇနာ ရှိသော မဟာသိမ်ရှိရာ ရပ်ကွက်ဒေသများ၌ သိမ်သစ်သမုတ်ခြင်းငှါ သိမ်ဟောင်းသိမ်ဝှက် နှုတ်ရန် ခဲယဉ်း လှသည်၊ အဘယ်ကြောင့် ခဲယဉ်းသနည်းဟူမူ ၎င်းမဟာသိမ်မျိုးရှိရာ ရပ်ကွက်၌ သိမ်နှုတ်လိုလျှင် ၎င်းသိမ်တွင်းရှိ ရဟန်းများကို သုက်သင်နိုင်မှ သီမသမူဟနနကံ အောင်မြင်နိုင်မည်၊ မသုတ်သင် နိုင်လျှင် မအောင်မြင်နိုင်၊ ထို့ကြောင့် ခဲယဉ်းလှပေသည်၊ ၎င်းခဲယဉ်းရာ ခဲယဉ်းကြောင်းဖြစ်သော တယူဇနာ နှစ်ယူဇနာ သုံးယူဇနာရှိသော မဟာသိမ် ဟူသည်တို့ကိုလည်း ဣဒ္ဓိမန္တဖြစ်ကုန်သော တန်ခိုးရှင် ရဟန်းတို့သည်သာ လွယ်လင့်တကူ စည်းဝေး သုတ်သင်၍ သမုတ်ခြင်းငှါ စွမ်းနိုင် ကုန်ရာသည်။

ယင်းသို့ စွမ်းနိုင်သော တန်ခိုးရှင် တို့ကိုသာ ရည်ရွယ် မှန်းထားတော်မူ၍ ၎င်းသိမ်မျိုးကို မြတ်စွာဘုရား ခွင့်ပြုတော် မူခဲ့သည် ဖြစ်ရာ၏၊ ခပ်သိမ်းသော ကာလ ခပ်သိမ်းသော အရပ်၌ ခပ်သိမ်းသော ရဟန်းတို့ သုတ်သင်ခြင်း စည်းဝေးသမုတ်ခြင်းငှါ မကောင်း။ မတတ်ကောင်း မရကောင်းလောက်သော အကြောင်းကိုလည်း မြတ်စွာဘုရား ဟောတော် မမူတန်ရာ။ မြတ်စွာဘုရား သက်တော်ထင်ရှား တည်ရှိတော် မူစဉ် ကာလ၌ ရာဇဂြိုဟ်ပြည်တွင် တဆယ့်ရှစ် ရပ်သော ကျောင်းတိုက်ကြီးတို့ကို အတွင်းပြု၍ တသိမ်ကည်းပြု၍ ဓမ္မသေနာပတိ ဖြစ်တော် မူသော အရှင်သာရိပုတ္တရာ မဟာထေရ်မြတ် သမုတ်အပ်သော ပကရဏာဂတ မဟာသိမ်တလုံး

ကျမ်းဂန်၌ ထင်၏။ သီဟိုဠ်ကျွန်း၌ အနုရာဓမြို့ကို အတွင်းပြု၍ **မဟာမဟိန္ဒထေရ် သမုတ်အပ်သော** မဟာသိမ်တလုံး ကျမ်းဂန်၌ ထင်၏။ ရာဇဂြိုဟ် သီဟိုဠ်တို့ကဲ့သို့ ဤမည်သောအရပ်၌ ဤမည်သော ရဟန်းတို့သည် သမုတ်အပ်ကုန်သော တယူဇနာ နှစ်ယူဇနာ သုံးယူဇနာရှိကုန်သော မဟာသိမ် တို့သည် ရှိကုန်သေး၏ ဟု မည်သည့် ကျမ်းဂန်တို့၌ မျှမထင်၊ ဤ မြန်မာတိုင်းရပ်၌လည်း ထိုကဲ့ သို့သော မဟာသိမ်မျိုး မရှိနိုင်သည်၏ အဖြစ်ကို သုတမယ ဉာဏ်ဖြင့် နှိုင်းချိန် ဆင်ခြင်၍ သိအပ်ပေ၏။

ထိုစကားမှန်၏၊ အဘယ်သို့ မှန်သနည်း ဟူမူကား ဤမြန်မာ တိုင်းရပ်၌ ရာထောင်များစွာ ရှည်ကြာမြင့်ညောင်း နှစ်အပေါင်းက တည်ထွန်းဖြစ်ပေါ် လာခဲ့ကုန်သော ဗဒ္ဓသိမ် တို့သည် ကျောက်တိုင်နိမိတ်နှင့်တကွ ထိုထို ရပ်ကွက် ဒေသများ၌ ယခုတိုင် ပေါ်ထင်လျက် ရှိပေကုန်၏၊ အထူးအားဖြင့် အရိမဒ္ဒနမည် ပုဂံပြည်၏ အနုရုဒ္ဓါမင်းကြီး လက်ထက်၌ ၎င်း မင်းကြီးသည် သမုတ်စေအပ်သော အလျား (၁၄၂) တရာ့လေးခြောက်ဆယ့်နှစ်တောင်၊ အနံ (၁၄၇) တရာ့လေး ဆယ့်ခုနစ်တောင်ရှိသော မဟာ သိမ်တလုံး နိမိတ်နှင့်တကွ ယခုတိုင် ပေါ်ထင်လျက် ရှိပေ၏၊ ရတနာပူရမြို့၌ နရပတိ ဇေယျသူရမင်း လက်ထက် သမုတ်အပ်သော အလျား အနံ ပမာဏ မသိ သိမ်တလုံး ကျောက်စာနှင့် တကွ ယခုတိုင် ပေါ်ထင်လျက် ရှိ၏၊ တိ ယောဇနပရမ အစရှိသော မဟာသိမ် အကယ်၍စင်စစ် ရှိပါမူကား– ရှေးဆရာမြတ်တို့သည် အသစ် အသစ်ဖြစ်သော သိမ်ကို မသမုတ်ကြကုန်ရာ၊ သမုတ်ကား သမုတ်ကြကုန်၏ ထိုသိမ်တို့၌လည်း ဥပသမ္ပဒါစသော ကံကို ပြုလာကြကုန်၏၊ ယင်းသို့ ဥပသမ္ပဒါ အစ ရှိသော ကံကို ပြုလာခဲ့ကြ ကုန်သောကြောင့်သာလျှင် လည်း မရေမတွက်နိုင်သော ရဟန်းတို့ ပွါးတိုးကုန်လျက် ယနေ့ထက်တိုင် သာသနာတော်ကို တည်ထွန်းစေလျက် ရှိကြကုန်၏၊ ဤသို့သော အကြောင်းကြောင့်လည်း ဤမြန်မာ တိုင်းရပ်၌ တယူဇနာ နှစ်ယူဇနာ သုံးယူဇနာ မဟာ သိမ်မရှိဟု သိအပ် သိသင့် သိထိုက်ပေ၏၊ သာသနာတော် ကွယ်ပခြင်း သိမ်နုတ် ကမ္မဝါစာဖြင့် နုတ်အံ့ဟူသော အာဘောဂကို ဖြစ်စေလျက် သိမ်နုတ်ခြင်း–

ဤအကြောင်းနှစ်ပါးတွင် တပါးပါးကြောင့်သိမ်ပျက်၏ဟု အဋ္ဌကထာဆိုခြင်းကြောင့် ဂေါတမ ရှင်တော်ဘုရား၏ သာသနာတော်မှ ရှေးကျသော ဘုရားရှင် တို့၏ သာသနာတော်တွင်းက သမုတ် အပ်သော သိမ်များလည်း ဤသာသနာတော်တွင်း၌ မရှိစကောင်းဟူ၍ သိအပ်၏၊ ပုဂံပြည် သာသနာ တည်ထွန်းစ အနော်ရထာမင်း လက်ထက်မှာပင် အရှင်အရဟံ သမုတ်အပ်သော ငှက်ပစ်တောင် သိမ်တော်, ၎င်းမှ တယူဇနာကွာခြားသော တောင်စင်းကွင်းဘုရားသိမ်တော်, ၎င်းမှ တယူဇနာ ကွာခြားသော ကျောက်ပန်းတောင်း နှစ်ကျပ်ခွဲသိမ်တော် အစရှိသော တယူ ဇနာလျှင် သိမ်တလုံး သမုတ်အပ်သော သိမ်များလည်း ယခုတိုင် မတိမ်မကော ကျောက်အမှတ် အသားနှင့်တကွ ထင်ထင် ပေါ်ပေါ် တည်ထွန်းလျက် ရှိကြပေသေး၏။ ထိုနောင်မှ အကြား အကြား၌ ကာလရွေ့လျောလာသည့် အားလျော်စွာ သမုတ်အပ်သော သိမ်များလည်း အမှတ် အသားနှင့်တကွ ရှိကြပေသေး၏၊ ယင်းသို့ ဆိုအပ်ခဲ့ပြီးသော စိစစ်ရှာဖွေပုံ အခဏ်းခဏ်းတို့ဖြင့် စူးစမ်းဆင်ခြင်ပါက မိမိတို့ သိမ်သမုတ်အပ်လိုရာရာ ရပ်ကွက်၌ သိမ်ဟောင်း သိမ်ဝှက် တိမ်မြုပ် ငုပ်လျှိုးလျက်ရှိလေက် မရှိလေက်ကို ချင့်ထောက် သိနိုင်သလောက် **သိအောင် စူးစမ်းရှာဖွေ**

သင့်ပေသည်။ အထူးအားဖြင့် မော်လမြိုင်ကျွန်းခေါ် သော ရပ်ကွက်ဒေသများသည် အင်္ဂလိပ်မင်း လက်ထက်ရောက်မှ ပင်လယ်တိမ် ပင်လယ်ကော အရပ်၌ တည်ထောင် ပြုစုအပ်သော လူနေ အိမ်ခြေ မြို့ရွာနိဂုံး ဇနပုဒ်များ ဖြစ်ထွန်းပေါ် ပေါက်လာသည်ဟု ကြားရဘူးပေသည်။ဤအတိုင်း မှန်လျှင် ၎င်းရပ်ကွက်များ၌ သိမ်သမုတ်လိုက မနုတ်ဘဲပင် သမုတ်နိုင်ရန် သံသယ ကင်းလောက် ဘိုရာရှိသော်လည်း သိမ်ဟောင်း သိမ်ဝှက် ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ၊ သိမ်ရှင်ဟုဆိုအပ်သော မိမိ သံသယမရှိစေကာမူ အရည်မရ အဖတ်မရ ဂရဟိတ အမနာပ ပြောဆိုလေ့ ရှိကြကုန်သော ပုဂ္ဂိုလ်တို့၏ ပရူပဝါဒဘေးမှ ကင်းလွတ် စေခြင်းငှါ—

(က) ဣမသ္မိံ သီမာသမူဟနနာဓိကာရေ သီမံ ဝါ သီမာပရိစ္ဆေဒံ ဝါ ဇာနနဘာဝေါ အင်္ဂံ န ဟောတိ၊ အန္တောသီမာယံ ဌိတဘာဝေါ, “သီမံ သမူဟနိဿာမာ” တိ ကမ္မဝါစာကရဏဉ္စ ဣဒမေဝ ဒွယံ အင်္ဂံ ဟောတိ၊ တသ္မာ ဣမိနာ အင်္ဂဒွယေန သမ္မန္နေ သတိ သီမံ အဇာနန္တာပိ သမူဟနိတုံ သက္ကောန္တိ—

ဟူသော ဝိနယာလင်္ကာရ ဋီကာပါဌ် ပ၊ ၃၇၅-နှာ ( ဝိမတိ၊ ၂။ ၁၅၆ ) နှင့် အညီ ဤသိမ်နုတ်သော အရာ၌ သိမ် သိမ်၏ အပိုင်းအခြားကို သိခြင်းသည် လိုရင်းအကြောင်း အင်္ဂါမဟုတ်၊ ကမ္မပ္ပတ္တ ရဟန်းတို့ သိမ်တွင်း၌ တည်ခြင်း အင်္ဂါ ၁-ပါး၊ ၎င်းရဟန်း တို့၏ “ သိမ်နုတ်ကုန်အံ့ ” ဟူသော အာဘောဂ မနသိကာရဖြင့် သိမ် ကမ္မဝါစာ ဖတ်ရွတ်ခြင်း အင်္ဂါ ၁-ပါး၊ ဤအင်္ဂါ ၂-ပါးသာလျှင် သိမ်နုတ်ခြင်း၏ လိုရင်းအင်္ဂါ ဖြစ်လေသောကြောင့် ဤအင်္ဂါ ၂-ပါးနှင့် ပြည့်စုံပါက သိမ် ရှိ မရှိ မသိကုန်သော် လည်း နုတ်ခြင်းငှါ စွမ်းနိုင်လေရကား—

(ခ) တသ္မိံ သီမာသမူဟနနကာလေ ယဒိ ပကတိဂါမသီမာယံ အာရဒ္ဓံ၊ တံ ပကတိဂါမ-ပရိစ္ဆေဒံ, ယဒိ ဝိသုံဂါမသီမာယံ အာရဒ္ဓံ၊ တံ ဝိသုံဂါမပရိစ္ဆေဒံ အညေသံ ဘိက္ခူနံ အပ္ပဝိသနတ္ထာယ သမန္တတော သုသံဝိဟိတာရက္ခံ ကာရာပေတွာ ကမ္မဝါစံ သာဝေတုံ သမတ္ထေန ဗျတ္တိဗလသမ္ပန္နေန ဝိနယဓရေန သဟ သမာနသံဝါသကေ လဇ္ဇီပေသလေ ဣမဿ ကမ္မဿ စတုဝဂ္ဂကရဏီယတ္တာ စတ္တာရော ဘိက္ခူ ကမ္မပ္ပတ္တေ, ဘိက္ခူနံ ပကတတ္တဘာဝဿ ဒုဗ္ဗိညေယျတ္တာ ဝါ တတော အဓိကပ္ပမာဏေ ဘိက္ခူ ဂဟေတွာ ဣဒါနိ ဗန္ဓိတဗ္ဗာယ နိမိတ္တာနံ ဝိဟာရပရိက္ခေပဿ စ အန္တော စ သဗ္ဗတ္ထ ဗဟိ စ သမန္တာ လေဍ္ဍုပါတမတ္တေ ပဒေသေ သဗ္ဗတ္ထ မဉ္စပ္ပမာဏေ မဉ္စပမာဏေ ဌာနေ ဟတ္ထပါသံ အဝိဇဟိတွာ တိဋ္ဌန္တာ, နိသီဒန္တာ ဂါ ဟုတွာ ပဌမံ အဝိပ္ပဝါသသီမာ-သမူဟနန ကမ္မဝါစံ, တတော သမာနသံဝါသကသီမာသမူဟနနကမ္မဝါစံ သာဝေတွာ သီမာယ သမုဂ္ဃါတေ ကတေ ပေါရာဏကသီမာသု ဝိဇ္ဇမာနာသုပိ ပစ္ဆိမန္တေန ဧကေ ဝီသတိယာ ဘိက္ခူနံ နိသီဒနာရဟတ္တာ သီမာယ မဉ္စပ္ပမာဏေ မဉ္စပ္ပမာဏေ ဌာနေ တိဋ္ဌန္တာ ဘိက္ခူ အဝဿံ တာသု သီမာသု တိဋ္ဌန္တာ ဘဝေယျုံ၊ တသ္မာ သီမဋ္ဌာ ဟုတွာ သီမာသမူဟနနကမ္မဝါစံ ဝတွာ တာ သီမာ သမူဟနေယျုံ။ တတော

ပေါရာဏဗဒ္ဓသီမာနံ သမူဟတတ္တာ ဂါမသီမာယေဝ အဝသ္ဌော ဘဝေယျ-ဟူသော ဝိနယာလင်္ကာရဋီ၊ ၁။ ၃၅၇-ကိုရင်း၊

(ဂ) ဤဒိသေသု ဝိဟာရေသု ဆ ပဉ္စမတ္တေ ဘိက္ခူ ဂဟေတွာ ဝိဟာရကောဋိတော ပဋ္ဌာယ ဝိဟာရပရိက္ခေပဿ အန္တော စ ဗဟိ စ သမန္တာ လေဍ္ဍုပါတေ သဗ္ဗတ္ထ (မဥ္စပ္ပမာဏေ) မဥ္စပ္ပမာဏေ ဩကာသေ နိရန္တရံ ဌတွာ ပဌမံ အဝိပ္ပဝါသ သီမံ, တတော သမာနသံဝါသကသီမဉ္စ သမူဟနနဝသေန သီမာယ သမုဂ္ဃါတေ ကတေ တသ္မိံ ဝိဟာရေ ခဏ္ဍသီမာယ, မဟာသီမာယ ဝါ ဝိဇ္ဇမာနတ္တေ သတိ အဝဿံ ကေသ္မိံ မဉ္စဋ္ဌာနေ တာသံ မဇ္ဈဂတာ တေ ဘိက္ခူ တာ သမူဟနေယျုံ၊ တတော ဂါမသီမာယေဝ အဝသိဿေယျ-ဟူသော ဝိမတိ ဋီကာကိုရင်း၊ (ဝိမတိ၊ ၂။ ၁၅၆)။

ကောင်းစွာ ပိုက်ကျုံး နှလုံးသွင်း ဆင်ခြင်၍ အကြင်သို့သော အခြင်းအရာအားဖြင့် ကြံ၍ နုတ်သည်ရှိသော် သိမ်ဟောင်း သိမ်ဝှက် ရှိခဲ့ပါက ကောင်းစွာ ကျွတ်လွတ် ကင်းရှင်း နိုင်ရာ၏၊ ထိုသို့သော အခြင်းအရာအားဖြင့် ကြံ၍ သိမ်ဟောင်း သိမ်ဝှက်ရှိလျှင် ကျွတ်လွတ် ကင်းရှင်း လောက်အောင် နုတ်ရမည်။

မှတ်ချက်။ ။ အထက်အဆိုပါ ဋီကာ နှစ်စောင်တို့၌ မဟာသိမ် သံသယ မကင်းဘွယ် အရပ်များ၌ သိမ်နုတ်ခြင်းများကို ရည်ရွယ်မှန်းထားလျက် ကျောင်းတိုက် အာရာမ် (အရံ) အကုန်အစင် နုတ်သည့်အပြင် အာရာမ်၏ အပြင်ဘက် ဝန်းကျင်ပတ်လည် ခဲတကျ တိုင်အောင် သိမ်နုတ်ရမည့် အဖြစ်ကိုဆိုသည်။ ဤမြန်မာတိုင်းရင်း၌ကဲ့သို့ သံသယမကင်းနိုင်ဘွယ် မဟာသိမ်မျိုး မရှိနိုင်သောကြောင့် ဝန်းကျင်ပတ်လည် ပိုင်းခြားကန့်သတ် သိမ်သမုတ်အပ်လိုရာ ရပ်ကွက် နိမိတ် အတွင်း၌ ကုန်စင်ကျနအောင် နုတ်သည့်ပြင် နိမိတ်၏ ပြင်ဘက်ဝန်းကျင် ပတ်လည် ငါးတောင် စီ လောက် ကျနသေချာစွာ နုတ်ပြီးသမုတ်လျှင် ဝိပတ္တိ ဒေါသကင်းလျက် သန့်ရှင်းစင်ကြယ်သော သမ္ပတ္တိသိမ်အဖြစ်သို့ ရောက်နိုင်သည်ဟု နိဿံသယ မုချအတ်ဆတ် ယူအပ်၏။

ဤ အဆုံးအဖြတ်ကား သဗ္ဗသာမာရဏ အဆုံးအဖြတ်တည်း။

---

## (၁) မေးခွန်း ဖြေဆိုရန်ကား ဤသို့တည်း

စေတီတလုံး၏ အောက်တည့်တည့် ဝန်းကျင်ပတ်လည် ရပ်ကွက်ပမာဏသည် ရဟန်း နှစ်ကျိပ် တပါး စည်းဝေး ကံဆောင်လောက်သော အောက်ကင်းဆုံး ခဏ္ဍသိမ် ပမာဏ ရှိ မရှိ နှိုင်းချိန် ရပေမည်။ ၎င်းပမာဏအောက် ကျဉ်းငယ်ခဲ့သော် စေတီ၏ အခြေ ဝန်းကျင်ပတ်လည် နံ့စပ်အောင် နုတ်လျှင် သံသယ ကင်းရှင်းလောက်ပြီ။ ၎င်းပမာဏထက် ကြီးကျယ်ခဲ့သော် အခြေ ဝန်းပတ်ရံ နုတ်ပြီးလျှင် ရှေးဦးစွာ ပထမပတ်ကို ဒုတိယပတ်၌ စသည်ဘို့သို့တက်၍ ငါး ငါးခြောက်ပါးလောက် ဟတ္ထပါသ် မစွန့်ဘဲ နုတ်ရမည်။ ပထမ ဒုတိယ ပတ်၌ ဝန်းကျင်ပတ်ရံ နုတ်ပြီးလျှင် ၎င်း၏အတွင်း အောက်ထစ်ဆုံး ခဏ္ဍသိမ် ပမာဏ ရှိလောက် မရှိလောက် နှိုင်းချိန်ရမည်။ မရှိလောက်လျှင်

အထက် တက်နုတ်ရန်မလို ၎င်းပမာဏ ကျန်လောက်သေးလျှင် တက်၍ ၎င်းနည်း နုတ်ရဦးမည်။ ကမ္မဝါ ဖတ်သောအခါ ထိုင်၍လည်းဖတ် မတ်တပ် ရပ်၍လည်း ဖတ်နိုင်သည်၊ သံသယ ကင်းလောက်အောင် စိတ်ကျေနပ်စွာ နုတ်ပြီးလျှင် နိမိတ်အတွင်း အလိုရှိရာ ရပ်ကွက် တနေရာရာက စည်းဝေး၍ သမုတ်ရမည်။

၁-မေးခွန်း အဖြေ ပြီး၏။

---

## (၂) မေးခွန်း၌ ဖြေဆိုရန်ကား ဤသို့တည်း

အဆောက်အဦ ရှိပြီး ဌာန၌ သိမ်နုတ်ရန် သိမ်သမုတ်ရန် အထူး ဝိသေသရှိတော့သည်မဟုတ်၊ အထက် ဖေါ်ပြ ရေးသားခဲ့သော ဝိမတိ ဝိနယာ လင်္ကာရ ဋီကာတို့၌ ဆိုအပ်သော သီမာသမူဟ နန ဝိဓိ အတိုင်း အလျား ငါးတောင် အနံ နှစ်တောင်ထွာ ညောင်စောင်း ပမာဏ ပိုင်းခြား အပ်သော ညောင်စောင်းကွက် အတိုင်း နုတ်ရမည်ပင် ဖြစ်သည်။

ပဲခူး ကလျာဏီသိမ် နုတ်ပုံ စည်းစံနှုန်အတိုင်း သိမ်မြေရာအတွင်း ငါးတောင်စတုရန်းကွက်ဖွဲ့၍ တကွက် တကွက်လျှင် ငါးပါးခြောက်ပါး ထိုင်၍ အကွက်စေ့အောင် ကမ္မဝါ ဖတ်နုတ်လျှင်လည်း သိမ်ဖုံးသိမ်ဝှက်ရှိက ကျွတ်လွတ်ကင်းရှင်းနိုင်သည်၊ အကွက်တကွက် ငါးပါးခြောက်ပါး ထိုင်ရမည် ဆိုသည်မှာလည်း ပကတတ္တဘော ဂုဏ်ကို သိနိုင်ခဲသည့်အတွက် "ဆ ပဉ္စ မတ္တေ ဘိက္ခူ ဂဟေတွာ" ဟု ဝိမတိ ဝိနောဒနီဋီကာ ဆိုသောကြောင့် ရေးလိုက်ရသည်။ ပကတတ္တဘောဂုဏ်၌ နိရာ-သင်္ကာ ဖြစ်လောက်သော ပုဂ္ဂိုလ်များ ဖြစ်ပါမူကား စတုဝဂ္ဂ ကရဏီယကံ ဖြစ်သည်အားလျော်စွာ တကွက် တကွက်၌ လေးပါး လေးပါး ထိုင်၍ ကမ္မဝါ ဖတ်နုတ်သွားလျှင်လည်း ပြီးစီးနိုင်သည်။ သိမ်နုတ်မျိုးတွေ အမျိုးမျိုး အစားစား ကုန်စင်အောင် ရေးသားရမည် ဆိုသော် ရေးသား၍ မကုန်နိုင်လောက်အောင် များပြားလှချေ၏။ များပြားသလောက် ရေးသော်လည်း အကျိုးထူး ရှိမည် မဟုတ်သောကြောင့် မရေးသားလို။ အကျဉ်းအားဖြင့် ဂဏပူရဏ ရဟန်း သုံးပါးလေးပါး နှင့် တကွ ကမ္မဝါစာ ဖတ်သော ရဟန်းတပါး သိမ်ဟောင်း အတွင်း တည်မိ ထိုင်မိ၍ သိမ်နုတ် လိုသော စိတ်ပါပါနှင့် ကမ္မဝါစာ ပီသစွာ တကြိမ် ဆုံးအောင်ဖတ်လိုက်လျှင် သိမ်ဟောင်းသိမ်ဝှက် သိမ်ဖုံး ထိုနေရာ၌ ရှိပါက စင်စစ်မုချ ဧကန္တ ကျွတ်လွတ်ကင်းရှင်း ရမည် မလွဲတည်း။ အချို့ ဆရာတို့ကား သီမာသမူဟနန ကံကို ပြုလုပ်ဆောင်ရွက်ကြကုန်သော ကမ္မကာရက ရဟန်းတို့၏ ခြေရာချင်းစပ်မိအောင် ထိုင်၍ ရွတ်ဖတ်နုတ်နိုင်မှ သိမ်ကျွတ်သည့်အနေဖြင့် ၎င်းအတိုင်း နုတ်ကြ ကုန်သတတ်၊ ထိုကဲ့သို့ နုတ်ခြင်းမျိုးကို အလေးပြုသည်၏ အစွမ်းအားဖြင့် ပြုလုပ်အပ်ပေသည်ဟု ဖါထေးဖေးမ၍ ယူခဲ့သော် အပြစ်မရှိကြောင်းကို-ဝိနယာလင်္ကာရ ဋီ၊ ၁ ၃၆၃-၌

(ဃ) အညေ ပန အာစရိယာ ကမ္မကာရက ဘိက္ခူနံ ပဒဝလဉ္ဇသမ္ဗန္ဓံ ကတွာ သမူဟနန္တိ၊ တံ ဂရုကရဏဝသေန ကတန္တိ ဂယှမာနေ ဒေါသော နတ္ထိ-ဟု ပြဆိုအပ်သတည်း။

အချို့သော မထေရ်တို့ကား ကာရကသံဃာ ခြေနင်းမိရာ အရပ်၌သာ သိမ်ကျွတ်သည် နုတ်သည်၊ ခြေမနင်းမိဘဲ ကြွင်းကျန်လစ်လပ် နေရစ်သော အရပ်ဌာနစု၌ သိမ်မကျွတ်ဟု အယူရှိကြကုန်လျက် သိမ်မနုတ်မီ ဇရပ်တန်ဆောင်း စသော တစုံတခုသော အဆောက်အဦ ဆောက်လုပ်ထားပြီး နေရာ၌ သိမ်နုတ်ရမည်ဆိုသော် တိုင်နေရာ၌ ခြေနင်းခွင့် မရလေသောကြောင့် သိမ်မကျွတ်ဟု ပြောဆိုကြကုန် သတတ်။ ပြောဆိုကြကုန်သည့် အတိုင်း အခါတပါး၌ သီရိခေတ္တရာမြို့ဝယ် မဟာသတ္တ မင်းတရားလက်ထက် ၎င်းမင်းတရား ဆောက်လှူဒါန်းအပ်သော နန္ဒန ကျောင်းတော်ရှေ့မှာ ၎င်းမင်းတရား၏ အဂ္ဂမဟေသီက သိမ်သမုတ် တည်ထားစေသောအခါ သိမ်မနုတ်မီ ဇေတဝန် ဇရပ် ဆောက်လုပ်ပြီးမှ ၎င်းအတွင်း သိမ်နုတ်ကြရန် သံဃာများကို ပင့်ခေါ်ကြသောအခါ ၎င်းမြို့၌ မဟာရက္ခ မူလိက အမည်ရသော ဂဏပါမောက္ခ မထေရ်ကြီးတပါးက ဇရပ်တိုင်ဖောက်ထွင်းပြီး တိုင်ပေါက်တွင်းသို့ ခြေလျှိုနုတ်ရမှ ငါလိုက်မည်၊ ဤလိုမှ ငါ့စိတ်တိုင်းကျ မနုတ်ရလျှင် ငါမလိုက်ဟု ဇွတ်ခံ၍နေသတတ်၊ ထိုအခါ ဂဏပါမောက္ခ မထေရ်ကြီးမှတပါး အလုံးစုံသော မထေရ်တို့သည် ဂဏပါမောက္ခ မထေရ်၏စကားကို မလိုက်နာနိုင် ကြကုန်သဖြင့် တိုင်နေရာမျှလောက် ရပ်ကွက်အစပ်အပိုင်းဖြင့် သိမ်တည်နိုင်တော့သည် မဟုတ်၊ တိုင်ပတ်လည် ရပ်ကွက်စု၌ ကမ္မဝါ ဖတ်နုတ်လျှင် သိမ်ရှိက ကျွတ်နိုင်တော့သည်သာဟု သဘောတူ နုတ်ကြ သမုတ်ကြကုန်သတတ်။

ဟံသာဝတီ ပဲခူး ဓမ္မစေတီမင်း၏ ကလျာဏီသိမ် နုတ်စဉ် သမုတ်စဉ်ကလည်း ဦးစွာ ဇရပ်ဆောက်လုပ်ပြီးမှ နုတ်ကြ သမုတ်ကြသတတ်၊ အတိုချုပ်မှာ သိမ်နုတ်သောအခါ အဆောက်အဦ ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ၊ သိမ်သမုတ်လိုရာ အရပ်နိမိတ်အတွင်း၌ ရဟန်းလေးပါးဖြစ်စေ ငါးပါးဖြစ်စေ ခြောက်ပါးဖြစ်စေ ဟတ္ထပါသ် မလွတ်စေမူ၍ ငါးတောင် ပမာဏလောက်ရှိသော ရပ်ကွက်၌ ထိုင်၍ ဆိုအပ်ခဲ့ပြီးသော သီမာသမူဟနန အင်္ဂါနှစ်ပါးနှင့် ပြည့်စုံစေလျက် အကွက်ရွေ့ နုတ်ပြီးလျှင် နိမိတ်ပြင်ဘက်ပတ်လည် ငါးတောင်စီလောက် ၎င်းနည်းကမ္မဝါဖတ် နုတ်သွားလျှင် ဘယ်လိုပင် သိမ်ဟောင်းသိမ်ဝှက် ရှိစေကာမူ ကျွတ်လွတ်ကင်းရှင်း စင်ကြယ်ခြင်းသို့ ရောက်နိုင်လောက်ပြီဟူ၍ မှတ်သင့်မှတ်ထိုက်တော့သည် သာတည်း။

ဖဝါးချင်းစပ်အောင် နုတ်ရမည်ဟူသော စကားကို ပါဠိအဋ္ဌကထာ ဋီကာစသော ကျမ်းဂန်တို့၌ မလာမရှိသောကြောင့် ပညာရှိတို့ ဝန်မခံကြကုန်၊ ၎င်းနုတ်ခြင်းမျိုးကို အလေးပြုသောအားဖြင့် ဆိုပေသည်ဟု မြှောက်စားချီးပင့်၍ ယူအပ်သည်ရှိသော် အပြစ်မရှိဟု ဆိုသော်လည်း "ငါတို့ဆရာ ဤသို့ ပြောဟောသည်၊ ဤသို့ ပြုလုပ်မှ ဤအမှုအောင်မြင်ရာသည်၊ ဤသို့မပြုက မအောင်မြင်"ဟု မှတ်ထင်အောက်မေ့၍ ဒိဋ္ဌာနုဂတိသို့ လိုက်ခြင်း၏ အကြောင်း ဖြစ်လေသောကြောင့် ပကရဏာ ပဂတ ဗာဟိရ-နည်းသို့ မလိုက်ဘဲ၊ ပကရဏာဂတ ကျမ်းဂန်လာ မုချဖြစ်သော ဥပဒေသထုံးနည်းကိုသာ သိပ်သည်းစွာယူ၍ ပြုလုပ်ခြင်းသည်သာ ဝိညူပသတ္ထ သုန္ဒရတရ ဖြစ်ပေသည်ဟုမှတ်။

ထိုကြောင့်–

(င) ပေါရာဏသီမာယ အန္တော ဌတွာ ကေသို့ ဌာနေ သီမာသမူဟနန ကမ္မဝါ-စာယ ကတာယ သကလာပိ သီမာ သမူဟတာဝ ဟောတိ။ တသ္မာ "ပဒဝလဉ္ဇသမ္ဗန္ဓ

ာတဒ္ဒာ သမ္မုဟနိတဗ္ဗ” န္တိဝစနံ ပဏ္ဍိတာ န သမ္ပဋိစ္ဆန္တိ။ ဤဒိသံ ပန ဝစနံ ဂရုကရဏဝသေန ဝုတ္တန္တိ ဂဃ္ဍမာနေ ကိဥ္စာပိ ဒေါသော နတ္ထိ၊ တထာပိ သိဿာနုသိဿ နံ ဒိဋ္ဌာနုဂတိ-အာပဇ္ဇန ကာရဏံ ဟောတိ။ တေ ဟိ “အမှာကံ အာစရိယာ ဧဝံ ကထေန္တိ ဧဝံ ကရောန္တီ” တိ ဒဠှီကမ္မဝသေန ဂဟေတွာ တထာ အကတေ သီမာ သမူဟတာ န ဟောတီတိ မညန္တိ။ တသ္မာ ပကရဏာဂတနယဝသေနေဝ ကရဏံ ဝရံ ပသတ္ထံ ဟောတီတိ ဒဋ္ဌဗ္ဗံ-ဟု ဝိနယာလင်္ကာရ ဋီ၊ ၁။ ၃၆၄။ ၌ မိန့်မှာ ရေးသား ထားခဲ့လေသတည်း။

၂-မေးခွန်း အဖြေ ပြီး၏။

---

## ၃-၄–မေးခွန်း၌ ဖြေဆိုရန်ကား ဤသို့တည်း—

(စ) ယတ္တကေ ပဒေသေ တဿ တဿ ဂါမဿ ဘောဇကာ ဗလိံ လဘန္တိ၊ သော ပဒေ-သော အပ္ပေါ ဝါ ဟောတု မဟန္တော ဝါ၊ ဂါမသီမာတွေဝ သင်္ချံ ဂစ္ဆတိ။ မဟာဝဂ္ဂ ဥပေါသ-ထက္ခန္ဓကအဋ္ဌကထာ ၃၃၃။

(ဆ) ဗလိံ လဘန္တီတိ ဣဒံ ယေဘုယျဝသေန ဝုတ္တံ။ “အယံ ဂါမော ဧတ္တကော ကရီသ-ဘာဂေါ” တိအာဒိနာ ပန ရာဇပဏ္ဏေသု အာရောပိတေသု ဘူမိဘာဂေသု ယသ္မိံ ယသ္မိံ တဋ္ဌာ-ကမာတိကာသုသာနပဗ္ဗတာဒိကေ ပဒေသေ ဗလိံ န ဂဏှန္တိ၊ သောပိ ဂါမသီမာ ဧဝ။ ရာဇာဒီဟိ ပရိစ္ဆိန္နဘူမိဘာဂေါ ဟိ သဗ္ဗောဝ ဌပေတွာ နဒီလောဏိဇာတဿရေ ဂါမသီမာတိ ဝေဒိတဗ္ဗာ။ ဝိမတိ၊ ၂။ ၁၅၇။ ဝိနယာလင်္ကာရဋီ၊ ၁။ ၃၄၈။

ထိုထိုရွာ၏ ခွန်စားပိုင်ရှင် ရွာသူကြီး ရွာစားတို့ အခွန်အတုက်ကောက်ခံရယူရာ ရပ်ကွက်ဒေသ သည် ကျဉ်းသည်ဖြစ်စေ ကျယ်သည်ဖြစ်စေ၊ တခုသော ဂါမသိမ် တခုသော ဂါမခေတ် မည်သည် ဟူ၍မှတ်။ အဋ္ဌကထာလာ သာဝသေသ ကောက်ချက် “ဗလိံ လဘန္တိ” ဟူသောစကားကို ယေဘုယျ အားဖြင့်သာ အဋ္ဌကထာဆိုသောကြောင့် ဤရွာသည် ဤရွေ့ဤမျှ အတိုင်းအရှည် ပမာဏရှိ သော မင်းပယ် ဒသမကေအဘို့ ရှိသည်စသောအားဖြင့် မင်း၏ မြေပုံစာရင်း တင်သွင်းရေးသား အပ်သော အခွန်အတုတ် ကောက်ခံရယူရာ မဟုတ်သော တဘက်ဆည်ကန် ရေမြ ေင်းသုသာန် တောင် အစရှိသော ရပ်ကွက်ဒေသစုနှင့်တကွ မင်း စသော နယ်ပိုင်ရှင် ရာထူးရှိသူတို့က ဤမည် သော နိမိတ်အကွက်အတွင်း ဤမည်သောသူကြီး၏ နယ်ဟု ပိုင်းခြားအပ်သော မြေအဘို့အလုံးစုံ သည် မြစ်ဆားငံအိုင် ဇာတဿရ အလွတ် ဂါမသိမ်တခု ပကတိ ဂါမခေတ်တခု မည်၏ဟုမှတ်။

## ဋီကာလာ အနုဝသေသ အစိပ္ပါယ်ကောက်ချက်

နယ်သိမ်းနည်းမှာ— ဗဟိကရဏ-ဟတ္ထပါသာ နယန- အန္တောဟရဏ-အားဖြင့် သုံးမျိုးရှိသည်။ ထိုသုံးမျိုးတို့တွင် သိမ်သမုတ်လိုရာ ပကတိဂါမ ခေတ်တွင်းရှိ ရဟန်းတို့တွင် သီမာသမ္မုတိ ကမ္မပ္ပတ္တ ရဟန်းတို့မှ တပါးသော ရဟန်းတို့ကို ပကတိဂါမခေတ်မှ အပြင်ဘက်သို့ အကုန်ထုတ်ပစ်ခြင်းသည်

**ဗဟိကရဏသိမ်းနည်း** သုတ်သင်နည်းမည်၏။ ဗဟိကရဏ သုတ်သင်နည်းကိုလည်း ပကတိဂါမအတွင်း၌တည်သော မြစ် သမုဒ္ဒရာ ဇာတဿရအိုင်တို့၌ တည်နေစေခြင်း၊ ဗဒ္ဓသိမ်တွင်း၌တည်နေစေခြင်း၊ ဂါမခေတ်နယ်နိမိတ်၏ ပြင်ဘက် နယ်တပါးသို့ ထွက်စေခြင်းအားဖြင့် ပြုလုပ်ရမည်၊ သုတ်သင်ရမည်။ ဂါမခေတ်တွင်းရှိ ရဟန်းတို့ကို သမုတ်မည့် သိမ်နိမိတ်အတွင်း ဟတ္ထပါသ်သို့ ပင့်ဆောင်ခြင်းသည် **ဟတ္ထပါသာနယန** သုတ်သင်နည်း မည်၏။ ဂါမပြင်သို့လည်း မထွက်နိုင်၊ မြစ် သမုဒ္ဒရာ ဇာတဿရ ဗဒ္ဓသိမ်တို့၌လည်း မတည်နိုင် ဟတ္ထပါသ်သို့လည်း မလိုက်နိုင်သောက်သော အကြောင်းရှိ၍ ဆန္ဒထိုက်ကုန်သော ရဟန်းတို့၏ ဆန္ဒကို ဆောင်ယူခြင်းသည် **ဆန္ဒာဟရဏသုတ်သင်နည်းမည်၏။**

ထို့ကြောင့် ကင်္ခါ ဝိတရဏီ အဋ္ဌကထာ။ ဂ၉-၌—

(၈) သဗ္ဗန္တိမေန ပရိစ္ဆေဒေန စတူဟိ ဘိက္ခူဟိ သန္နိပတိတွာ ယာဝတိကာ တသ္မိံ ဂါမခေတ္တေ ဗဒ္ဓသီမံ ဝါ နဒီသမုဒ္ဒဇာတဿရေ ဝါ အနောက္ကမိတွာ ဌိတာ ဘိက္ခူ၊ တေ သဗ္ဗေ ဟတ္ထပါသေ ဝါ ကတွာ, ဆန္ဒံ ဝါ အာဟရိတွာ သမ္မတာ-ဟု မိန့်အပ်သတည်း။

ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် အပပြုသင့်သောပုဂ္ဂိုလ်ကို အပပြု, ဟတ္ထပါသ်သို့ ဆောင်သင့်သော ပုဂ္ဂိုလ်ကို ဆောင် ဆန္ဒတောင်းသင့်သော ပုဂ္ဂိုလ်ကို ဆန္ဒတောင်း၍ နယ်သိမ်းရမည် ဟူလို။

၃·၄—မေးခွန်းအဖြေ ပြီး၏။

---

## ၅·မေးခွန်း၌ ဖြေကြားရန်ကား ဤသို့တည်း

(၈၂) ကမ္မဝါစံ ကရောန္တေန ဘိက္ခုနာ ယထာယံ
သိထိလံ ဓနိတဉ္စ ဒီဃရဿံ၊ ဂရုကလဟုကဉ္စေဝ နိဂ္ဂဟိတံ။

သမ္ဗန္ဓံ ဝဝတ္ထိတံ ဝိမုတ္တံ၊ ဒသဓာ ဗျဉ္ဇနဗုဒ္ဓိယာ ပဘေဒေါတိ ဝုတ္တော၊

အယံ သုတ္တ ဥပလက္ခိတဗ္ဗော-ဟူသော (၂၄၇-နှာ) ပရိဝါကမ္မဝဂ် အဋ္ဌကထာ မိန့်မှာတော်မူသည့်အတိုင်း ကမ္မဝါစာဖတ်ရမည်။

ပဉ္စဝဂ္ဂ ဒုတိယ **စတုတ္ထ** အက္ခရာဆယ်လုံးကို တင်းတင်းပြင်းပြင်း ရွတ်အပ်သော **ဓနိတအက္ခရာ**, ပဉ္စဝဂ္ဂ ပထမ တတိယ အက္ခရာဆယ်လုံး– နိဂ္ဂဟိတ္ထ သိထိလ, ပဉ္စဝဂ္ဂ ပဉ္စမအက္ခရာငါးလုံး အဝဂ်ရှစ်လုံး နေယျတ္ထ အနုလောမသိထိလ ပေါင်းနှစ် ဆယ့်သုံးလုံ့ကို မတင်းမပြင်း လျော့လျော့ရွတ်အပ်သော **သိထိလ**ဟူ၍ရင်း၊ အာ ဤ ဦ ဧ ဩ-ဟူသော သရအက္ခရာ ငါးလုံးနှင့်တွဲယှဉ်သောဗျည်းဟူသမျှကို **ဒီဃ**ဟူ၍ရင်း၊ အ ဣ ဥ–ဟူသော သရအက္ခရာသုံးလုံး ၎င်းနှင့် တွဲယှဉ်သော ဗျည်းဟူသမျှကို **ရဿ** ဟူ၍ရင်း၊ ဒီဃသရသံယုတ္တနှင့် တကွ သံယုတ်နှောင်းသောသရ ဗျည်းအက္ခရာဟူသမျှကို **ဂရုက**ဟူ၍ရင်း၊ သံယုဂ်ကင်းသော ရဿသရ သံယုတ္တဟူသမျှကို **လဟုက**ဟူ၍ရင်း၊ **ကရိဏ်း**ကို မစွန့်မလွှတ်နှိပ်၍ မဖွင့်အပ်သော ခံတွင်းဖြင့် နာသိက ဌာန်နှာခေါင်းသံပါအောင်ရွတ်

**အပ်သော** ဗိန္ဒုလုံးကို **နိဂ္ဂဟိတ**-ဟူ၍ငင်း၊ ကရိဏ်းကိုမနှိပ်ဘဲ စွန့်လွှတ်၍ ဖွင့်အပ်သော ခံတွင်းဖြင့် **နာသိကဌာန်** နှာခေါင်းသံ မထွက်အောင် ရွတ်အပ်သောအက္ခရာကို ဝိမုတ္တ-ဟူ၍ငင်း၊ နောက်ပုဒ် **နှင့်စပ်၍** ရွတ်အပ်သောအက္ခရာကို **သမ္ဗန္ဓ**-ဟူ၍ငင်း၊ နောက်ပုဒ်နှင့်မစပ်ဘဲ ဖြတ်၍ ရွတ်အပ်သော **အက္ခရာကို ဝဝတ္ထိတ**–ဟူ၍ငင်း မှတ်သား၍ ဓနိတသံ သိထိလသံ ဒီဃသံ ရဿသံ ဂရုသံ လဟုသံ **သမ္ဗန္ဓသံ** ဝဝတ္ထိတသံ နိဂ္ဂဟိတသံ ဝိမုတ္တသံ ကျနသေချာစွာ ထွက်ပေါ်လာအောင် ကမ္မဝါစာ **ဖတ်ရွတ်ရမည်။**

၅-မေးခွန်းအဖြေ ပြီး၏။

မော်လမြိုင်ကျွန်းမြို့၊ ဘိုခမီ ဒေါင့်ရွာ ညောင်ကုန်းကျောင်း ဘုန်းကြီး ရှင်ဣန္ဒာသဘ **မေးလျှောက်အပ်သော** ပုစ္ဆာငါးချက်ကို ပါဠိအဋ္ဌကထာဋီကာ အယောက်အထား သာဓကနှင့်တကွ **ယုတ္တိပြ၍**မဟာဝိသုတာရာမတိုက်ကြီး၏ နှစ်ဆက်မြောက် သီလ သမာဓိ ပညာကြောင့် အရှင်ဖြစ် **တော်မူသော** အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာယေရ်မြတ်၏ အမိန့်ကို ဦးထိပ်၌ ပန်ဆင်လျက် အမရပူရဆရာတော် ရဟန်း ၈-ဝါမြောက် ရောက်သောအခါ ဆုံးဖြတ်အပ်သော ဝိနိစ္ဆယ **သီမာသင်္ခေပကထာကို** သာသနာတော်အကျိုးကို မြှော်ကိုးတောင့်တ၍ ဆုံးဖြတ်ပြီးစီးရာ **ကာလကား** ၁၂၉၆-ခု တော်သလင်းလဆန်း ၁၃-ရက် ကြာသပတေးနေ့ ညနေ စက်နာရီ ၅-နာရီ မိနစ် ၄၀-အချိန် လက်တော်ရောက် ဆက်ကပ်သတည်း။

ဤအဆုံးအဖြတ်၌ ပါသော ပါဠိအဋ္ဌကထာစသည်တို့ကို

က-ခ စသော အမှတ်စဉ်အတိုင်း အနက်ပြန်ဆိုလိုက်အံ့

(က) ဣမသ္မိံ သီမာသမူဟနနာဓိကာရေ၊ ဤသိမ်နုတ်သောအရာ၌။ သီမံ ဝါ၊ ရှေးက သမုတ်ထားသော သိမ်ဟောင်းကိုငင်း။ သီမာပရိစ္ဆေဒံ ဝါ၊ သိမ်ဟောင်း၏ အကျယ်အဝန်းကိုငင်း။ ဇာနနဘာဝေါ၊ သိသည်၏ အဖြစ်သည်။ အင်္ဂံ၊ အကြောင်းအင်္ဂါသည်။ န ဟောတိ၊ မဟုတ်။ အန္တောသီမာယံ၊ ရှေးကသမုတ်ထားသည့် သိမ်ဟောင်း၏အတွင်း၌။ ဌိတဘာဝေါ၊ တည်သည် ၏အဖြစ်သည်ငင်း။ သီမံ၊ သိမ်ဟောင်းကို။ သမူဟနိဿာမ၊ နုတ်ကုန်အံ့။ ဣတိ မနသိကတွာ၊ ဤသို့နှလုံးသွင်း၍။ ကမ္မဝါစာကရဏံ၊ သိမ်နုတ်ကမ္မဝါစာကို ရွတ်ဖတ်ခြင်း ငင်း။ ဣတိ၊ ဤသို့။ ဣဒမေဝ ဒွယံ၊ ဤ ၂-ခုအပေါင်းသည်သာလျှင်။ အင်္ဂံ၊ သည်။ ဟောတိ၊ ဟုတ်၏။ တသ္မာ၊ ထိုကြောင့်။ ဣမိနာ အင်္ဂဒွယေန၊ ဤအကြောင်းအင်္ဂါ ၂-ခု အပေါင်းနှင့်။ သမ္ပန္နေ၊ ပြည့်စုံသည်။ သတိ၊ ရှိသော်။ သီမံ၊ ရှေးကသမုတ်ထားခဲ့သော သိမ်ဟောင်းကို။ အဇာနန္တာပိ၊ မသိကုန် သော်လည်း။ သမူဟနိတုံ၊ နုတ်ခြင်းငှါ။ သက္ကောန္တိ၊ စွမ်းနိုင်ကုန်၏။ ဝိနယာလင်္ကာရဋီ၊ ၁။ ၃၅၇။

(ခ) တသ္မိံ သီမာသမူဟနနကာလေ၊ ထိုသိမ်ဟောင်းကို နုတ်သောအခါ၌။ ပကတိ-ဂါမသီမာယံ၊ ပကတိဂါမသိမ်၌။ (ဌိတေဟိ၊ တည်ကုန်သောရဟန်းတို့သည်) ယဒိ အာရဒ္ဓံ၊ အကယ်၍ အားထုတ်အပ်သည်ဖြစ်အံ့။ တံ ပကတိဂါမပရိစ္ဆေဒံ၊ ထိုပကတိဂါမ=သူကြီးတပိုင်ရွာ၏ **အပိုင်းအခြားအဘွင်းသို့။** အညေသံ ဘိက္ခူနံ၊ တပါးသောရဟန်းတို့ကို။ အပ္ပဝိသနတ္ထာယ၊

မဝင်စေခြင်းငှါ။ သမန္တတော၊ ထက်ဝန်းကျင်မှ။ သုသံဝိဟိတာရက္ခံ၊ ကောင်းစွာစီရင်အပ်သော အစောင့်အရှောက်ကို။ ကာရာပေတွာ၊ ပြုစေ၍။ ဝိသုံဂါမသီမာယံ၊ အစိုးရမင်းတို့က ပေးအပ်သည့် ဝိသုံဂါမသိမ်၌။ (ဋီကာ၊ ဝိသုံဂါမယ်ဟူသည်။) ယဒိ အာရဒ္ဓံ၊ အံ့။ တံ ဝိသုံဂါမပရိစ္ဆေဒံ၊ ထို ဝိသုံ ဂါမ၏ အပိုင်းအခြားအတွင်းသို့။ အညေသံ ဘိက္ခူနံ၊ တို့ကို။ အပ္ပဝိသနတ္ထာယ၊ ငှါ။ သမန္တတော၊ မှ။ သုသံဝိဟိတာရက္ခံ၊ ကို။ ကာရာပေတွာ၊ ၍။ ကမ္မဝါစံ၊ သိမ်နုတ်ကမ္မဝါစာကို။ သာဝေတုံ၊ ကြားစေခြင်းငှါ။ ဝါ၊ ရွတ်ဖတ်ခြင်းငှါ။ သမတ္ထေန၊ စွမ်းနိုင်သော။ ဗျတ္တဗလသမ္ပန္နေန၊ အစွမ်း သတ္တိရှိ၍ ဉာဏ်ကရိယာစသည်ကို ပြပြင်စွာ ရွတ်ဆိုနိုင်ခြင်းနှင့်ပြည့်စုံသော။ ဝိနယဓရေန၊ ဝိနည်းဓိုရ်ရဟန်းသည်။ သမာနသံဝါသကော၊ တူသော ပေါင်းဖော်ခြင်းရှိကုန်သော။ လဇ္ဇီ- ပေသလေ၊ မကောင်းမှုမှ ရှက်တတ်၍ သီလကို ချစ်မြတ်နိုးကုန်သော။ ဣမဿ ကမ္မဿ၊ ဤ သိမ်နုတ်သော သိမ်သမူဟနနကံ၏။ စတုဝဂ္ဂကရဏီယတ္တာ၊ ၄-ပါးအစုရှိသော စတုဝဂ် ရဟန်းတော်တို့ ပြုအပ်သည်၏ အဖြစ်ကြောင့်။ ကမ္မပ္ပတ္တေ၊ ကံအား လျောက်ပတ်ကုန်သော။

စတ္တာရော ဘိက္ခူ၊ ရဟန်းတော် ၄-ပါးတို့ကို။ ဂဟေတွာ၊ ပင့်ခေါ်၍။ ဝါ၊ တနည်းသော်ကား။ ဘိက္ခူနံ၊ ရဟန်းတို့၏။ ပကတတ္တဘာဝဿ၊ ပကတိသော သီလသဘောရှိသည့် ပကတတ် ရဟန်းအဖြစ်ကို။ ဒုဗ္ဗိညေယျတ္တာ၊ သိနိုင်ခဲသည်၏ အဖြစ်ကြောင့်။ တတော၊ ထို ၄-ပါးထက်။ အဓိကပ္ပမာဏေ၊ ပိုလွန်သော အရေအတွက်ရှိကုန်သော။ ဘိက္ခူ၊ ရဟန်းတော်တို့ကို။ ဂဟေတွာ၊ ၍။ ဣဒါနိ၊ ယခု အခါ၌။ ဗန္ဓိတဗ္ဗာယ၊ သမုတ်အပ်လတံ့သော။ သီမာယ၊ သိမ်၏။ နိမိတ္တာနံ စ၊ ရေခကျောက် စသော နိမိတ်တို့၏ရင်း။ ဝိဟာရပရိက္ခေပဿ စ၊ ကျောင်းအရံအတား၏ရင်း။ အန္တော စ၊ အတွင်း၌ရင်း။ သဗ္ဗတ္ထ၊ အလုံးစုံသော အရပ်မျက်နှာတို့၌။ ဗဟိ စ၊ အပြင်ပ၌ရင်း။ သမန္တာ၊ ယက်ဝန်းကျင်မှ။ လေဍ္ဍုပါတမတ္တေ၊ ခဲတကျမျှလောက်သော။ ပဒေသေ၊ အရပ်၌။ သဗ္ဗတ္ထ၊ ၌။ မဍ္ဍပ္ပမာဏေ မဍ္ဍပ္ပမာဏေ၊ ညောင်စောင်း ( =ခုဋင် ) ပမာဏ ညောင်စောင်း ပမာဏရှိသော။ ဌာနေ၊ အရပ်၌။ ဟတ္ထပါသံ၊ ၂-တောင့်ထွာ ဟတ္ထပါသ်ကို။ အဝိဇဟိတွာ၊ မစွန့်မူ၍။ တိဋ္ဌန္တာ ဝါ၊ ရပ်ကုန်သည်ရင်း။ နိသီဒန္တာ ဝါ၊ ထိုင်ကုန်သည်ရင်း။ ဟုတွာ၊ ဖြင်၍။ ပဌမံ၊ ရှေးဦးစွာ။ အဝိပ္ပဝါသသီမာသမူဟနနကမ္မဝါစံ၊ အဝိပ္ပဝါသ သိမ်နုတ် ကမ္မဝါစာကို။ သာဝေတွာ၊ ကြားစေ၍။ ဝါ၊ ဖတ်ပြီး၍။ တတော၊ ထိုနောင်မှ။ သမာနသံဝါသကသမူဟ- နနကမ္မဝါစံ၊ သမာနသံဝါသက သိမ်နုတ်ကမ္မဝါစာကို။ သာဝေတွာ၊ ၍။ သီမာယ၊ သိမ် ဟောင်းကို။ သမုဂ္ဃါတေ၊ နုတ်ခြင်းကို။ ကတေ၊ ပြုအပ်ပြီးသော်။ ပေါရာဏကသီမာသု၊ ရှေးက သမုတ်ထားသည့် သိမ်ဟောင်းတို့သည်။ ဝိဇ္ဇမာနာသုပိ၊ ရှိကုန်သော်လည်း။ ပစ္ဆိမန္တေန၊ အယုတ်ဆုံးအားဖြင့်။ ကေဝိသတိယာ၊ နှစ်ကျိပ်တပါးသော။ ဘိက္ခူနံ၊ ရဟန်းတော်တို့၏။ နိသီဒနာရဟတ္တာ၊ ထိုင်လောက်သည်၏ အဖြစ်ကြောင့်။ သီမာယ၊ သိမ်ဟောင်း၏။ မဍ္ဍပ္ပမာဏေ၊ သော။ ဌာနေ၊ ၌။ တိဋ္ဌန္တာ၊ တည်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ အဝဿံ၊ မချွတ်။ တာသု သီမာသု၊ ထို သိမ်ဟောင်းတို့၌။ တိဋ္ဌန္တာ၊ တည်ကုန်သည်။ ဘဝေယျုံ၊ ဖြစ်ကုန်ရာ၏။ တသ္မာ၊ ထို့ကြောင့်။ သီမဋ္ဌာ၊ သိမ်ဟောင်း၌ တည်ကုန်သည်။ ဟုတွာ၊ ၍။ သီမာသမူဟ- နနကမ္မဝါစံ၊ ကို။ ဝတွာ၊ ဖတ်ပြီး၍။ တာ သီမာ၊ ထို သိမ်တို့ကို။ သမူဟနေယျုံ၊ နုတ်ကုန်

ရာ၏။ တဘော၊ ထိုနောင်မှ။ ပေါရာဏဗဒ္ဓသီမာနံ၊ ရှေးဗဒ္ဓသိမ်ဟောင်းတို့ကို။ သမူဟတတ္တာ၊ နုတ်အပ်ကုန်ပြီးသည်၏ အဖြစ်ကြောင့်။ ဂါမသီမာယေဝ၊ ဂါမသိမ်သည်သာလျှင်။ အဝသိဋ္ဌာ၊ ကြွင်းကျန်ရစ်သည်။ ဘဝေယျ၊ ဖြစ်ရာ၏။ ဝိနယာလင်္ကာရဋီ၊ ၁။ ၃၅၆-၇။

(ဂ) ဤဒိသေသု၊ ဤသို့ သဘောရှိကုန်သော။ ဝိဟာရေသု၊ ကျောင်းတို့၌။ ဆပဥ္စမတ္တေ၊ ၅-ပါး ၆-ပါး အတိုင်းအရှည် ရှိကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဂဟေတွာ၊ ပင့်ခေါ်၍။ ဝိဟာရကောဋ္ဌာသတော၊ ကျောင်းအစွန်းအဖျားမှ။ ပဋ္ဌာယ၊ စ၍။ ဝိဟာရပရိက္ခေပဿ၊ ကျောင်းအရံအတာ၏။ အန္တော စ၊ အတွင်းဖက်၌ရင်း။ ဗဟိ စ၊ အပြင်ဖက်၌ရင်း။ သမန္တာ၊ ထက်ဝန်းကျင်မှ။ လေဍ္ဍုပါတေ၊ ခဲတကျအတွင်း၌။ သဗ္ဗတ္ထ၊ အလုံးစုံသော အရပ်မျက်နှာတို့၌။ မဋ္ဌပ္ပမာဏေ မဋ္ဌပ္ပမာဏေ၊ သော။ ဩကာသေ၊ အရပ်၌။ နိရန္တရံ၊ မပြတ်မလပ်။ ဝါ၊ စပ်မိအောင်။ ဌတွာ၊ တည်၍။ ပဌမံ၊ ရှေးဦးစွာ။ အဝိပ္ပဝါသသီမံ စ၊ အဝိပ္ပဝါသသိမ်ကိုရင်း။ တတော၊ ထိုနောင်မှ။ သမာနသံဝါသကသီမဥ္စ၊ သမာနသံဝါသကသိမ်ကိုရင်း။ သမူဟနနဝသေန၊ နုတ်ခြင်း၏ အစွမ်းဖြင့်။ သီမာယ၊ သိမ်ဟောင်းကို။ သမုဂ္ဃါတေ၊ နုတ်ခြင်းကို။ ကတေ၊ ပြုအပ်ပြီးသော်။ တသ္မိံ ဝိဟာရေ၊ ထိုကျောင်းတိုက်၌။ ခဏ္ဍသီမာယ ဝါ၊ ခဏ္ဍသိမ်ဟောင်းသည်ရင်း။ မဟာသီမာယ ဝါ၊ မဟာသိမ်ဟောင်းသည်ရင်း။ ဝိဇ္ဇမာနတ္တေ၊ ထင်ရှားရှိသည်၏ အဖြစ်သည်။ သတိ၊ ရှိသော်။ အဝဿံ၊ မချွတ်ကေန်။ ကေသုစိ မဋ္ဌပ္ပမာဏေ၊ တခုသော ညောင်စောင်းပမာဏရှိသော အရပ်ဌာန၌။ ဌာသံ၊ ထို သိမ်ဟောင်းဖြစ်သည့် ခဏ္ဍသိမ် မဟာသိမ်တို့၏။ မဇ္ဈဂတာ၊ အလယ်၌ တည်ကုန်သော။ တေ ဘိက္ခူ၊ ထို သိမ်နုတ်ကမ္မဝါစာဖတ်သည့် ရဟန်းတော်တို့သည်။ တာ၊ ထို ခဏ္ဍသိမ်ဟောင်းနှင့် မဟာသိမ်ဟောင်းတို့ကို။ သမူဟနေယျုံ၊ နုတ်ကုန်ရာ၏။ တတော၊ ထို့ကြောင့်။ ဂါမသီမာယေဝ၊ ဂါမသိမ်သည်သာလျှင်။ အဝသိဿေယျ၊ ကြွင်းကျန်ရစ်လေရာ၏။ ဝိမတိ၊ ၂။ ၁၅၆။ ဝိနယာလင်္ကာရ၊ ဋီ၊ ၁။ ၃၅၇။

(ဃ) ပန၊ ဝါဒအထူးကား။ အညေ၊ တပါးကုန်သော။ အာစရိယာ၊ ဆရာတို့သည်။ ကမ္မကာရကဘိက္ခူနံ၊ သိမ်နုတ်ကံဆောင်သော ရဟန်းတော်တို့၏။ ပဒဝလဉ္စသမ္ဗန္ဓံ၊ ခြေရာချင်းစပ်အောင်။ ကတွာ၊ ပြု၍။ သမူဟနန္တိ၊ သိမ်နုတ်ကြကုန်၏။ တံ၊ ထိုသို့ ခြေရာချင်းစပ်အောင် သိမ်နုတ်ခြင်းကို။ ဂရုကရဏဝသေန၊ ဝိနည်းတော်ကို လေးစားခြင်း၏ အစွမ်းဖြင့်။ ကတံ၊ ပြုအပ်၏။ ဣတိ၊ ဤသို့။ ဂဟေတဗ္ဗံ၊ ယူဆအပ်သည်ရှိသော်။ ဒေါသော နတ္ထိ၊ အပြစ်မရှိ။ ဝိနယာလင်္ကာရ၊ ဋီ၊ ၁။ ၃၆၃။

(င) ပေါရာဏသီမာယ၊ သိမ်ဟောင်း၏။ အန္တော၊ အတွင်း၌။ ဌတွာ၊ တည်၍။ ကေသုစိ ဌာနေ၊ တခုသော အရပ်၌။ သီမာသမူဟနနကမ္မဝါစာယ၊ သိမ်နုတ် ကမ္မဝါစာကို။ ကတာယ၊ ရွတ်ဖတ်အပ်သည်ရှိသော်။ သီမာ၊ သိမ်ဟောင်းသည်။ သမူဟတာဝ၊ နုတ်အပ်ပြီးသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ ပဒဝလဉ္စသမ္ဗန္ဓံ၊ ခြေရာချင်းစပ်အောင်။ ကတွာ၊ ပြု၍။ သမူဟနိတဗ္ဗံ၊ နုတ်အပ်၏။ ဣတိ ဝစနံ၊ ဤသို့ဆိုအပ်သော စကားကို။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ န သမ္ပဋိစ္ဆန္တိ၊ လက်မခံကြကုန်။ ပန၊ အနွယသော်ကား။ ဤဒိသံ၊ ဤသို့သဘောရှိသော။ ဝစနံ၊

စကားကို။ ဂရုကရဏဝသေန၊ ဖြင့်။ ဝုတ္တံ၊ ဆိုအပ်၏။ ဣတိ၊ ဤသို့။ ဂယှမာနေ၊ ယူအပ်သည် ရှိသော်။ ဒေါသော၊ အပြစ်သည်။ ကိဉ္စာပိ နတ္ထိ၊ အကယ်၍ကား မရှိပေ။ တထာပိ၊ ထိုသို့ပင် မရှိသော်လည်း။ သိဿာနုသိဿာနံ၊ တပည့် တပည့်၏ တပည့်တို့၏။ ဝါ၊ တပည့် အဆက်ဆက် တို့၏။ ဒိဋ္ဌာနုဂတိအာပဇ္ဇနကာရဏံ၊ မြင်အပ်သည်ကို အတုလိုက်ခြင်းသို့ ရောက်ခြင်း၏ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။

ဟိ၊ မှန်၏။ တေ၊ ထိုသူတို့သည်။ အမှာကံ၊ ငါတို့၏။ အာစရိယာ၊ ဆရာတို့သည်။ ဧဝံ၊ ဤသို့။ ကထေန္တိ၊ ဆိုကြကုန်၏။ ဧဝံ၊ ဤသို့။ ကရောန္တိ၊ ပြုကုန်၏။ ဣတိ၊ ဤသို့။ ဒဠှိကမ္မဝသေန၊ မြဲမြံစွာ ပြုခြင်း၏ အစွမ်းဖြင့်။ ဂဟေတွာ၊ ယူဆ၍။ တထာ၊ ထိုသို့ ခြေရာချင်း စပ်အောင်။ အကတေ၊ (သိမ်နုတ်ခြင်းကို) မပြုအပ်သည်ရှိသော်။ သီမာ၊ သိမ်သည်။ သမူဟတာ၊ နုတ်အပ် ပြီးသည်။ န ဟောတိ၊ မဖြစ်။ ဣတိ၊ ဤသို့။ မညန္တိ၊ အောက်မေ့ ကြကုန်၏။ တသ္မာ၊ ကြောင့်။ ပကရဏာဂတနယဝသေနေဝ၊ ကျမ်းဂန်လာသော နည်းဖြင့်သာလျှင်။ ကရဏံ၊ ပြုလုပ်ခြင်းသည်။ ဝရံ၊ မြတ်သည်။ ပသတ္ထံ၊ ချီးကျူးဘွယ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏။ ဝိနယာလင်္ကာရ၊ ဋီ၊ ၁။ ၃၆၄။

(စ) ယတ္ထကေ၊ အကြင်မျှ အတိုင်းအရှည်ရှိသော။ ပဒေသေ၊ အရပ်၌။ တဿ တဿ ဂါမဿ၊ ထိုထိုရွာကို။ ဘောဇကာ၊ စားရကုန်သော ရွာသူကြီး ရွာစားတို့သည်။ ဗလိံ၊ အခွန်တော် ဘဏ္ဍာကို။ လဘန္တိ၊ ရကုန်၏။ သော ပဒေသော၊ ထိုအခွန် ရရာ အရပ်သည်။ အပ္ပေါ ဝါ၊ ငယ်သည်မူလည်း။ ဟောတု၊ ဖြစ်စေ။ မဟန္တော ဝါ၊ ကြီးသည်မူလည်း။ ဟောတု၊ ဖြစ်စေ။ ဂါမသီမာတွေဝ၊ ဂါမသိမ် ဟူ၍သာလျှင်။ သင်္ချံ၊ ခေါ်ဝေါ်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။ ဝိ၊ ဋ္ဌ၊ ၃။ ၃၃၃။

(ဆ) ဗလိံ လဘန္တိတိ ဣဒံ၊ ဗလိံ လဘန္တိ ဟူသော (ဝိ၊ ဋ္ဌ၊ ၃။ ၃၃၃) ဤအဋ္ဌကထာ စကားကို။ ယေဘုယျ ဝသေန၊ ယေဘုယျနည်း၏ အစွမ်းဖြင့်။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။ ပန၊ စင်စစ် သော်ကား။ အယံ ဂါမော၊ ဤရွာသည်။ ဧတ္တကော၊ ဤမျှအတိုင်း အရှည်ရှိ၏။ ကရိသဘာဂေါ၊ ဤမျှပယ် (= ကေ) အဖို့ရှိ၏။ ဣတိအာဒိနာ၊ ဤသို့စသည်ဖြင့်။ ရာဇပဏ္ဏေသု၊ မင်း၏ စာတို့၌ (လယ်ဝန်ရုံး စာဖိုင်တွဲ စာအုပ်တို့၌)။ အာရောပိတေသု၊ ရေးသား၍ မှတ်တမ်းတင် အပ်ပြီး ကုန်သော။ ဘူမိဘာဂေသု၊ မြေအဖို့တို့တွင်။ ယသ္မိံ ယသ္မိံ တဋ္ဌာက မာတိကာ သုသာန ပဗ္ဗတာ- ဒိကေ၊ အကြင် အကြင် ရေကန် ချောင်း မြောင်း သုသာန် တောင် အစရှိသော။ ပဒေသေ၊ အရပ်၌။ ဗလိံ၊ ကို။ န ဂဏှန္တိ၊ မကောက်ယူကုန်။ သောပိ၊ ထိုရေကန်စသော အရပ်သည်လည်း။ ဂါမသီမာ ဧဝ၊ ဂါမသိမ် မည်သည်သာလျှင်တည်း။ ဟိ၊ မှန်၏။ ရာဇာဒီဟိ၊ မင်းအစရှိသော အစိုးရ အရာရှိတို့သည်။ ပရိစ္ဆိန္နဘူမိဘာဂေါ၊ ပိုင်းခြားအပ်သော မြေအဖို့ဖြစ်သော။ နဒီ လောဏိ- ဇာတဿရေ၊ မြစ် ဒီအိုင် (ပင်လယ်ကမ်းပေ ဒီရေနှင့် စပ်နေသည့် ရေအိုင်) ထုံး အိုင် တို့ကို။ ဌပေတွာ၊ ချန်ထား၍။ သဗ္ဗော၊ အလုံးစုံသော အရပ်သည်ပင်။ ဂါမသီမာ၊ ဂါမသိမ် မည်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ ဝိမတိ၊ ၂။ ၁၅၇။ ဝိနယာလင်္ကာရ၊ ဋီ၊ ၁။ ၃၄၈။

(၉) သဗ္ဗန္တိမေန ပရိစ္ဆေဒေန၊ အယုတ်ဆုံးအပိုင်းအခြားအားဖြင့်။ စတုဟိ ဘိက္ခူဟိ၊ ရဟန်း ၄-ပါးတို့သည်။ သန္နိပတိတ္ဗာ၊ စည်းဝေး၍။ ယာဝတိကာ၊ အကြင်မျှအတိုင်းအတာရှိကုန်သော။ တသ္မိံ ဂါမခေတ္တေ၊ ထိုဂါမခေတ်၌။ ဗဒ္ဓသိမံ ဝါ၊ ဗဒ္ဓသိမ်သို့သော်ငြားလည်း။ နဒီသမုဒ္ဒဇာတဿရေ ဝါ၊ မြစ်သမုဒ္ဒရာထုံးအိုင်တို့သို့ သော်ငြား။ အနောက္ကမိတ္ဗာ၊ မသက်ဝင်မူ၍။ ဌိတာ၊ တည်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ သန္တိ၊ ရှိကုန်၏။ တေ သဗ္ဗေ၊ ထိုအလုံးစုံသော ရဟန် တို့ကို။ ဟတ္ထပါ-သေ ဝါ၊ ၂-တောင့်ထွာ ဟတ္ထပါသ်၌ မူလည်း။ ကတ္ဗာ၊ ရောက်အောင်ပြု၍။ ဆန္ဒံ ဝါ၊ ဆန္ဒကိုမူလည်း။ အာဟရိတ္ဗာ၊ ဆောင်၍။ သမ္မတာ၊ သမုတ်အပ်သောသိမ်သည်။ ပရိသာသမ္ပတ္တိယာ၊ ပရိသတ်၏ ပြည့်စုံခြင်းနှင့်။ ယုတ္တာ နာမ၊ ယှဉ်သောသိမ်မည်၏။ ကခ်ါ။ ၉။

(၅) ကမ္မဝါစံ၊ ကမ္မဝါစာကို။ ကရောန္တေန၊ ရွတ်ဖတ်လိုသော။ ဘိက္ခုနာ၊ ရဟန်းသည်။ ယ္ဝာယံ ဗျဉ္ဇနပ္ပဘေဒေါ၊ အကြင်အက္ခရာတို့၏ သိထိလစသောအထူးကို။ သိထိလ....ပဘေဒေါတိ၊ ပဘေဒေါဟူ၍။ ဝုတ္တော၊ (ရှေးအဋ္ဌကထာတို့၌) မိန့်ဆိုအပ်၏။ အယံ ဗျဉ္ဇနပ္ပဘေဒေါ၊ ဤ... ကို။ သုဋ္ဌု၊ ကောင်းမွန်စွာ။ ဥပလက္ခိတဗ္ဗော၊ မှတ်သားသင့်၏။

သိထိလံ၊ လျော့လျော့ ရွတ်ဆိုအပ်သော ၂၃-လုံးသော အက္ခရာငြား။ ဓနိတံ၊ ပြင်းပြင်း ရွတ်အပ်သော ၁၀-လုံးသော အက္ခရာငြား။ ဒီဃံ၊ ရှည်ရှည်ရွတ်ဆိုအပ်သော အာစသော ဒီဃသရ ၅-လုံးငြား။ ရဿံ၊ တိုတိုရွတ်ဆိုအပ်သော အ စသော ရဿသရ=၃-လုံးငြား။ ဂရုကံ၊ လေးလေး ပင်ပင် ရွတ်ဆိုအပ်သော ဒီဃသရ ၅-လုံးနှင့် ဗုဒ္ဓရက္ခိတတ္ထေရဿ စသည်ကဲ့သို့ သံယုတ် စာလုံး အဆင့်နောက်၌ ရှိသောအက္ခရာငြား။ လဟုကံ၊ ပေါ့ပေါ့ပါးပါး ရွတ်ဆိုအပ်သော ရဿ သရ ၃-လုံး ငြား။ နိဂ္ဂဟိတံ၊ ဌာန်ကရိုဏ်းတို့ကိုနှိပ်၍ မဖွင့်သော ခံတွင်းဖြင့် နှာသံပါအောင် ရွတ်ဆိုအပ်သော နိဂ္ဂဟိတ်ငြား။ သမ္ဗန္ဓံ၊ ပုဒ်စပ်၍ ရွတ်အပ်သော သဒ္ဒါငြား။ ဝိမုတ္တံ၊ ဌာန်ကရိုဏ်းတို့ကို လွှတ်၍ မပိတ်ပဲ ရွတ်ဆိုအပ်သော သဒ္ဒါငြား။ ဣတိ၊ ဤသို့။ ဗျဉ္ဇနဗုဒ္ဓိယာ၊ အက္ခရာတို့ကို ဖြစ်စေတတ်သော စိတ္တုပ္ပါဒ်ကြောင့်။ ဒသဓာ၊ ၁၀-ပါးသော အပြားအားဖြင့်။ ဗျဉ္ဇနာနံ၊ အက္ခရာတို့၏။ ပဘေဒေါ၊ အထူ ကို။ ဉာတဗ္ဗော၊ သိအပ်၏။ ဝိ၊ ဋ၊ ၄။ ၂၄၇။ ဝိမတိ။ ၂။ ၃၁၄။ ပါစိတ်၊ ယော။ ၆၃၇။

## ၂၄-မတသန္တက ဝိဟာရာဒိ ဝိမတိစ္ဆေဒနီ

ဘုရားဘပည့်တော် ဝဏ္ဏာသာမိ အောက်ပါ ပြဿနာကို တိကျစွာ သိလိုပါသည်၊ သိလိုသည့် ပြဿနာများ –

၁။ မဟာဝေယန်ဘုံသာတိုက်မြေနှင့် ကျောင်းများကို ဆရာတော် ဦးအာစိဏ္ဏ ပိုင် မပိုင်၊ ဆရာတော်ဦးအာစိဏ္ဏ၏ အုပ်ချုပ်မှုသည် တရားဝင် သမ္မုတိရ ဟုတ် မဟုတ်။

၂။ ဆရာတော် ဦးအာစိဏ္ဏသည် သံဃဆန္ဒကို မရယူမူ၍ မဟာဝေယန်ဘုံသာတိုက် သံဃာတို့ လိုက်နာရန် စည်းကမ်းနှင့် ကတိကဝတ်များကို ပြုလုပ်သင့် မသင့်။

၃။ ဆရာတော်ဦးကလျာဏ ပျံလွန်တော်မူပြီးနောက် ကျန်ရစ်သော မတသန္တက ကပ္ပိယ ဘဏ္ဍာများကို တပည့်တော်(ဝဏ္ဏသာမိ) အား ပန်ကြားပေးခဲ့ပါသည်။ ထိုဘဏ္ဍာများ ကို တပည့်တော်(ဝဏ္ဏသာမိ) စီမံသုံးစွဲခွင့် ရှိမရှိ။

(ဤ၌ အစည်းအဝေးမှတ်တမ်းတင်ပြသည်)

၄။ ဆရာတော်ဦးကလျာဏ၏ မတသန္တက ရွှေငွေများကို မည်သူပိုင်၍ မည်သို့ကျင့်ရမည်တို့ ကို သိသာအောင် ဖြေကြားပေးပါရန် လျှောက်ပါသည် ဆရာတော်ဘုရား။

မှတ်ချက်။ ။လူဘိုးနှံမှ မည်သို့ချမှတ်သည် ဖြစ်စေ၊ ယထာဓမ္မ ကျနမှန်ကန်စွာ သိလို၍ မေး လျှောက်ပါသည် ဆရာတော်။

ဖော်ပြပါ ပြဿနာ (၄) ချက်ဘို့ကို ဝိနယောပဒေသ ထင်စွာပြလျက် သိသာရုံမျှ အမရပူရ ဆရာတော်ဘုရား ဖြေကြားလိုက်သည်။

## (၁) အဖြေ

မဟာ ဝေယန်ဘုံသာတိုက် မြေနှင့် ကျောင်းများကို ဆရာတော် ဦးအာစိဏ္ဏ မပိုင်။

မဟာ ဝေယန်ဘုံသာတိုက် မြေကို မြေပုံ၌ သံဃိက မြေဟု တွေ့ရသောကြောင့် သံဃာအား စွန့်လွှတ် လှူဒါန်းအပ်သော မြေဟု သိသာ ထင်ရှားသည်။

ဝိဟာရော ဝိဟာရဝတ္ထု၊ ဣဒံ ဒုတိယံ အဝိဿဇ္ဇိယံ၊ န ဝိဿဇ္ဇေတဗ္ဗံ သံဃေန ဝါ ဂဏေန ဝါ ပုဂ္ဂလေန ဝါ-စသည်။ ဝိ၊၄။၃၂၁။ ယံ တတ္ထ ဂရုဘဏ္ဍံ ဂရုပရိက္ခာရံ၊ တံ အာဂတာ နာဂတဿ စာတုဒ္ဒိသဿ သံဃဿ အဝိဿဇ္ဇိကံ အဝေဘင်္ဂိကံ ဝိ၊ ၃။၄၂၁။ ပါဠိယံ အဝိဿဇ္ဇိကံ အဝေဘင်္ဂိကန္တိ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿေဝ သန္တကံ ဟုတွာ ကဿစိ အဝိဿဇ္ဇိကံ အဝေဘင်္ဂိကံ ဘဝိတုံ အနုဇာနာမီတိ အတ္ထော။ ဝိမတိ၊ ဋီ၊ ၂။ ၂၀၁။ တို့ကို ထောက်၍ မဟာ ဝေယန်ဘုံသာတိုက် မြေသည် စာတုဒ္ဒိသ သံဃာပိုင် အဝိဿဇ္ဇိယ အဝေဘင်္ဂိယ (မစွန့်လွှတ်အပ် မခွဲဝေအပ်သော) ဂရုဘဏ် မြေဖြစ်သည်။ ဆရာတော် ဦးအာစိဏ္ဏ ပိုင် မြေမဟုတ်။ ဆရာတော် ဦးအာစိဏ္ဏသည် အာရာမိဿရ (=တိုက်အရာမ် မြေပိုင်ရှင်) မဟုတ်-ဟု အခိုင်အမာ သိသာထင်ရှားသည်။ သံဃာအားလုံး စာတုဒ္ဒိသာ သံဃာပိုင်ဆိုင်သော မြေဖြစ်သည်-ဟု သံသယကင်းစွာ မှတ်ယူရာသည်။

ကျောင်းသည်လည်း သာသနာတော်၌ ပုဂ္ဂလိက၊ ဂဏသန္တက၊ သံဃိက-ဟု သုံးမျိုးရှိသည်။ ထိုသုံးမျိုးတို့တွင်-

သံဃိကာယ ဘူမိယာ ပုဂ္ဂလိက ဝိဟာရံ ကာရေတိ၊ ဥပၯုံ သံဃိကံ ဟောတိ ဥပၯုံ ပုဂ္ဂလိကံ-စသည် ဝိ၊၃၊၄။၇၆။ ကို ထောက်၍ သံဃိက (=သံဃာပိုင်) မဟာဝေယန်ဘုံသာတိုက် မြေပေါ်၌ ဆောက်အပ်သော ပုဂ္ဂလိက ကျောင်းကို ထက်ဝက်သံဃိက, ထက်ဝက်ပုဂ္ဂလိက-ဟု တိတိကျကျ သိမြင်မှတ် ယူအပ်သည်။

မှတ်ချက်။ ။ သံဃိက မြေပေါက် သစ် ဝါး စသည်နှင့် ရောနှော၍ ပုဂ္ဂလိကကျောင်း ဆောက်လုပ်လျှင် သုံးပုံ တပုံသာ ပုဂ္ဂလိက ဖြစ်သည်၊ ဂဏသန္တက ကျောင်းလည်း အတူပင် ဖြစ်သည်။

သံဃိကော နာမ ဝိဟာရော သံဃဿ ဒိန္နော ဟောတိ ပရိစ္စတ္တော။ ဝိ၊ ၂။၆၂၆၅။ ယဒါ ဒါယကော ဝိဟာရံ ပတိဋ္ဌာပေတွာ ဒေတိ၊ တဿ မုဋ္ဌ စေတနံ ပတွာ ဒိန္နကာလတော ပဋ္ဌာယ သော ဝါ တဿ ဝံသေ ဥပ္ပန္နော ဝါ ဇနပဒသာမိက ရာဇာဒယော ဝါ ဣဿရာ ဘဝိတုံ ဝါ ဝိစာရေတုံ ဝါ န လဘန္တိ၊ ပဋိဂ္ဂါဟက ဘူတော သံဃော ဝါ ဂဏော ဝါ ပုဂ္ဂလော ဝါ၊ သောယေဝ ဣဿရော ဘဝိတုံ ဝါ ဝိစာရေတုံ ဝါ လဘတီတိ ဒဋ္ဌဗ္ဗံ။ ဝိနယာလင်္ကာရ၊ဋ္ဌီ၊၂။၆၁။

နဟိ သကလေ ဝိနယ ပိဋ္ဋကေ အဋ္ဌကထာ ဋီကာ သု စ ဝိဿဇ္ဇေတွာ ဒိန္နဝိဟာရဿ ဒါယကော ဣဿရောတိ ဝါ ဒါယကေန ဝိစာရေတဗ္ဗောတိ ဝါ ပါဠော အတ္ထိ၊ သံဃိကော ဂဏသန္တကော ပုဂ္ဂလိကော ဣစ္စေဝ ပါဠော အတ္ထိ။ ဝိနယာလင်္ကာရ၊ ဋီ၊ ၂။၇၇။ တို့ကို ထောက်၍ မဟာ ဝေယန်ဘုံသာတိုက်မြေ ထိုမြေပေါ်၌ ဆောက်လုပ် လှူဒါန်းအပ်သော သံဃိက ကျောင်းတို့ကို စာတုဒ္ဒိသ သံဃာသာ ပိုင်ဆိုင်သည်၊ သီမဋ္ဌကသံဃာ (=ဝိဟာရသိမ်ခေါ် တိုက်တွင်း၌ တည်ရှိသော သံဃာ)သာ စီမံခန့်ခွဲပိုင်ခွင့် ရှိသည်။ ဆရာတော် ဦးအာစိဏ္ဏ ဟပါးတည်း, သို့မဟုတ် ဦးအာစိဏ္ဏနှင့် အပေါင်းပါ အချို့အဝက်ဂိုဏ်းသည်ရင်း, ကျောင်းဒါယကာနှင့် ကျောင်းဒါယကာ၏ အဆက်အနွယ်သည်ရင်း ပိုင်ဆိုင်ခွင့်မရှိ, စီမံ ခန့်ခွဲ ပိုင်ခွင့် မရှိ–ဟု ပြတ်ပြတ်သားသား ယုံမှားမရှိ သိမြင် မှတ်ယူရမည်။

(၁)အဖြေ ပြီး၏။

---

## (၂) အဖြေ

ဆရာတော် ဦးအာစိဏ္ဏသည် သံဃဆန္ဒအရ မယူမူ၍ မဟာ ဝေယန်ဘုံသာတိုက် သံဃာ လိုက်နာရန် စည်းကမ်းနှင့် ကတိကဝတ်များကို မပြုလုပ်သင့်။

မဟာ ဝေယန်ဘုံသာ တိုက်အတွင်းရှိ ကျောင်းများသည် ဆရာတော် ဦးကလျာဏကို မှီ၍ ဆရာတော် ဦးကလျာဏကို သဒ္ဓါကြည်ညိုသူတို့က ဆောက်လုပ် လှူဒါန်းခဲ့သော ကျောင်းများ ဖြစ်သည်။ ဆရာတော် ဦးကလျာဏ ရှိစဉ်ကပင် ရိုးရာပြုနေကျ ဥပသမ္ပဒါစသော ကံများမှတပါး စာသင်တပည့် လက်ခံမှု၊ ထိန်းသိမ်းမှု စာပေပို့ချသင်ယူမှု၊ ကျောင်းထိုင်ဘုန်းကြီး ခန့်အပ်မှုစသော ကိစ္စအရပ်ရပ်သည် ဆရာတော် ဦးအာစိဏ္ဏနှင့် မည်သည့်အခါ မည်သို့မျှ မစပ်၊ ဆရာတော် ဦးကလျာဏ သဘောအတိုင်း သီးသန့် နေထိုင်ကျင့်သုံး လာခဲ့ကြသည်၊ ဆရာတော် ဦးကလျာဏ ပျံလွန်တော်မူပြီး နှစ်အနည်းငယ်တိုင်အောင်လည်း အစဉ်အလာအတိုင်း သီးသန့် နေထိုင် ကျင့်သုံးခဲ့ကြသည်။ ယခုမှ (ဦးကလျာဏ မရှိသည့်နောက် ကာလအတန်ကြာမှ) ဦးအာစိဏ္ဏသည် စည်းကမ်းနှင့် ဂတိဝန်ခံချက်တွေ ရေးဆွဲ၍ သံဃိက (သံဃာပိုင်) မဟာဝေယန် ဘုံသာတိုက်နှင့်

ကျောင်းများကို တဦးတည်း သူပိုင်သကဲ့သို့ အစိုးတရ အပိုင်အဆိုင် သုံးစွဲကျင့်ကြံလာခြင်းဖြစ်သည်။ ထိုသို့ သုံးစွဲကျင့်ကြံလာခြင်းသည် ပရိဝါပါဠိတော်၌ လာသော အဓမ္မိက ပရိဘောဂ(တရားနှင့် မသင့်မလျော်သော သုံးစွဲခြင်း) ကိုးပါးတို့တွင် သုံးခုမြောက်ဖြစ်သော အဓမ္မိက ပရိဘောဂ၌ ပါဝင်သည်။ ဝိနည်းတရားတော်နှင့် မညီ၊ ဘုရားအလိုတော်နှင့် ဖီလာဆန့်ကျင်သည်။ ထို့ကြောင့် သံဃိက (သံဃာပိုင်) ဖြစ်သော မဟာဝေယန်ဘုံသာတိုက်နှင့် တိုက်အတွင်းရှိ ကျောင်းများနှင့် စပ်လျဉ်း၍ ဆရာတော် ဦးအာဇိဏ္ဏ စီရင်စီမံ ခန့်ခွဲထားသော စည်းကမ်းများသည်၎င်း ဝန်ခံချက် (က–ခ) များသည်၎င်း ဘုရားရှင်၏ ဝိနည်းတော်နှင့် မညီ ဖီလာဆန့်ကျင်သည်၊ တရားဝင် မဖြစ်ထိုက်ပါ။

တိုက်အတွင်းရှိ သီမင္ဂဏ သံဃာစုံညီ စည်းဝေး၍ သံဃဆန္ဒအရသာ စည်းကမ်းသတ်မှတ်သင့်သည်။ (သို့ဖြစ်၍ တရားမဝင်သော ဆရာတော် ဦးအာစိဏ္ဏ၏ စည်းကမ်းနှင့် ဝန်ခံချက်ကို ပယ်ဖျက်သင့်သည်)

အလိုရှိလျှင် ထည့်ရန် ဘာသာပြန်များ–

ဝိ၊ ၄။ ၃၂၁-ဘာသာပြန်။ ကျောင်း၊ ကျောင်းရာမြေ။ ဤဥစ္စာသည် နှစ်ခုမြောက်သော မစွန့်လွှတ်အပ်သော ဥစ္စာတည်း။ သံဃာသည်၎င်း ဂိုဏ်းသည်၎င်း ပုဂ္ဂိုလ်သည်၎င်း **မစွန့်လွှတ်အပ်** (အပိုင်မပေး မစွန့်ကောင်း)။

ဝိ၊ ၃။ ၄၂၁-ဘာသာပြန်-ထိုဥစ္စာတို့တွင် အကြင်ဥစ္စာသည် လေးသော (အလေးပြုအပ်သော) ဥစ္စာဖြစ်၏၊ လေးသော (အလေးပြုအပ်သော) အသုံးအဆောင်ဖြစ်၏။ ထို လေးသော ဥစ္စာ လေးသောအသုံးအဆောင်သည် လာမလာသော အရပ်လေးမျက်နှာ၌ တည်ရှိသော သံဃာ၏ မစွန့်လွှတ်အပ်သော ဥစ္စာ, မခွဲဝေအပ်သော ဥစ္စာတည်း။

ဝိမတိ၊ ဋီ၊ ၂။ ၂၀၁-ဘာသာပြန်- လာ မလာသော အရပ်လေးမျက်နှာ၌ တည်ရှိသော သံဃာ၏ ဥစ္စာဖြစ်၍ (ဥစ္စာဖြစ်သောကြောင့်) တစုံတယောက်အား မစွန့်လွှတ်အပ်၊ မခွဲဝေအပ်သော ဥစ္စာဖြစ်ခြင်းငှါ ငါဘုရား ခွင့်ပြု၏-ဟု ပါဠိ၌ အဝိဿဇ္ဇိကံ အဝေဘင်္ဂိကံ ပုဒ်၏ အနက် ဖြစ်သည်။

ဝိ၊ ၄။ ၈၆-ဘာသာပြန်–သံဃာ၏ ဥစ္စာ(သံဃာပိုင်)မြေ၌ ပုဂ္ဂလိကကျောင်းကို ဆောက်လုပ်စေအံ့၊ ထက်ဝက်သံဃိက, ထက်ဝက်ပုဂ္ဂလိက ဖြစ်သည်၊ ပုဂ္ဂလိကနှစ်ကျောင်း ဆောက်လုပ်စေအံ့၊ တကျောင်း သံဃိက, တကျောင်း ပုဂ္ဂလိကဖြစ်သည်။ သံဃိက မြေပေါက်သစ်ဝါးစသော အဆောက်အဦဖြင့် ဝါ-သံဃိကမြေပေါက်သစ်ဝါးစသော အဆောက်အဦနှင့် ရောနှော၍ ပုဂ္ဂလိက ကျောင်း ဆောက်လုပ်စေအံ့၊ သုံးပုံ တပုံသာ ပုဂ္ဂလိကဖြစ်သည်။

ဝိ၊ ၂။ ၆၂-ဘာသာပြန်–သံဃိကကျောင်းမည်သည် သံဃာအားလှူအပ်သောကျောင်း သံဃာအား စွန့်လွှတ်အပ်သော ကျောင်းတည်း။

ဝိနယာလင်္ကာရ၊ ဋီ၊ ၂။ ၆၁-ဘာသာပြန်– အကြင်အခါ ဒါယကာသည် ကျောင်းကိုတည်ထား၍ ပေးလှူ၏၊ (ထိုအခါ) ထိုဒါယကာ၏ စွန့်လွှတ်သော စေတနာသို့ ရောက်ပြီး၍ ပေးလှူ

သည်မှ စ၍ ထိုကျောင်းဒါယကာသည်ရှင်း ထိုကျောင်းဒါယကာ၏ အဆက်အနွယ်၌ ဖြစ်သော သူသည်ရှင်း နယ်ပယ်၏ အရှင်မင်းစသည်တို့သည်ရှင်း အစိုးတရ (အပိုင်အဆိုင်) ဖြစ်ခွင့် မပြုရကြ။ စီရင်ပိုင် (စီမံခန့်ခွဲပိုင်) ခွင့်မရကြ။ ကျောင်းကို အလှူခံသော သံဃာသည်ရှင်း ဂိုဏ်းသည်ရှင်း ပုဂ္ဂိုလ်သည်ရှင်း အစိုးရပိုင်ဆိုင်ခွင့် စီရင်ပိုင် (စီမံခန့်ခွဲပိုင်) ခွင့်ရ၏ ဟုမှတ်။

ဝိနယာလင်္ကာရ၊ ဠ၊ ၂။ ၇၈။ ဘာသာပြန်- အလုံးစုံသော ဝိနည်းပိဋကတ်၌ရှင်း အဋ္ဌကထာ ဋီကာ-တို့၌ရှင်း စွန့်လွှတ် လှူဒါန်းအပ်ပြီးသော ကျောင်းကို ကျောင်းဒါယကာ အစိုးရပိုင် ဆိုင်၏ ဟူ၍ရှင်း ကျောင်းဒါယကာ စီရင် စီမံခန့်ခွဲအပ်၏ ဟူ၍ရှင်း ကျောင်းဒါယကာ၏ ဥစ္စာကျောင်း ဟူ၍ရှင်း ပါဠိ (ဘုရားစကား) မရှိ။ သံဃာပိုင်ကျောင်း ဂိုဏ်းပိုင်ကျောင်း ရဟန်းပိုင်-ပုဂ္ဂိုလ်ပိုင် ကျောင်းဟုသာ ပါဠိ(ဘုရားစကား)ရှိသည်။

ဝိ၊ ဌ၊ ၃။ ၄၆။ ဘာသာပြန်-သံဃာသည် ဘဏ္ဍာစိုး ရဟန်းအားသော်ရှင်း ဓမ္မကထိက ရဟန်း ဝိနည်းဆောင် ရဟန်း စသည်တို့အားရှင်း ဂဏဝါစက (စာချ) ရဟန်းအားရှင်း သံဃာအား ကျေးဇူးများသည်၏ အဖြစ်ကိုရှင်း တရားဟောခြင်း စာပေကျမ်းဂန် ပို့ချခြင်း စသောဂုဏ်ထူးရှိ သည်၏ အဖြစ်ကိုရှင်း မှတ်သားလျက် အမြဲနေခြင်းငှါ ကျောင်းကို အပလောကန ကံ(တိုက်တွင်း ရှိ သံဃာစည်းဝေး၍ ညီညွတ်သော သံဃာ၏ အလိုဆန္ဒဖြင့်သုံးကြိမ်ပန်ကြား၍ ပြုအပ်သောကံ) ဖြင့် သမုတ်၍ ပေး၏။ထိုကြောင့် သံဃာသည် ဒ ကြင်ပုဂ္ဂိုလ်အား ပေး၏၊ ထိုပုဂ္ဂိုလ်သည်လည်း ကျောင်းမှ မထစေအပ်(အမြဲနေထိုင်ခွင့်ရ) သော ပုဂ္ဂိုလ်မည်၏။

(၂)အဖြေ ပြီး၏။

---

## (၃)အဖြေ

ဆရာတော် ဦးကလျာဏ ပျံလွန်ပြီးနောက် ကျန်ရှိသော မတသန္တက ပစ္စည်းများကို ပန် ကြားပြီးသည်မှစ၍ ဦးဝဏ္ဏသာမိ စီမံခန့်ခွဲ သုံးစွဲခွင့်ရှိခြင်း။

ဆရာတော် ဦးကလျာဏ ပျံလွန်ပြီးနောက် သံဃာ့အစည်းအဝေးမှာ ကပ္ပိယ ပစ္စည်းများကို သုံးစွဲခွင့်ရှိအောင် သံဃာထုထံ ဦးဝဏ္ဏသာမိအား ပန်ကြားပေးသည်။အထောက်အထား အစည်း အဝေး မှတ်တမ်း ရှိပါသည်—

အပလောကနကံဖြင့် သံဃာထံ ပန်ကြား၍ ပေးသည်ကား ကိုယ်ပိုင် မသုံးစွဲထိုက်သည့် သံဃိကလဟုဘဏ် ပစ္စည်းကို ကိုယ်ပိုင်သုံးစွဲခွင့်ရအောင် ပေးရခြင်း, သံဃိက ဂရုဘဏ်ပစ္စည်းကို သံဃိက ပရိဘောဂဖြင့်စောင့်ရှောက်သုံးစွဲပိုင်ခွင့် ရှိအောင်ပေးရခြင်း, အမြဲမနေထိုက်သည့်သံဃိက ကျောင်းကို အမြဲနေထိုက် စီမံအုပ်ချုပ်ထိုက်အောင် ပေးရခြင်းများသာ ဖြစ်သည်။ သို့အတွက် ပန်ကြားပြီးသည့်အခါမှစ၍ ဦးဝဏ္ဏသာမိ သုံးပိုင်ခွင့်ရှိခဲ့ပါပြီ၊ဦးဝဏ္ဏသာမိ ပိုင်ခဲ့ပါပြီ၊သူ့ သဘော မတူပဲ ဘာကိုမျှ ဘယ်သူမျှ အတင်းကောင်းခံခွင့် ယူခွင့် မရှိတော့။

ထို့ကြောင့် အစ္စိန္နစီဝရဇိဏ္ဏစီဝရနင္ဒစီဝရာနဥ္စ သံဃံ သန္ဒိပါတေတွာ ဗျတ္တေန ဘိက္ခုနာ ယာဝတတိယံ သာဝေတွာ အပလောကနကမ္မံ ကတွာ စီဝရံ ဒါတုံ ဝဋ္ဋတိ- ဟူ၍ရင်း၊ ပေသလဿ ဘိက္ခုနော တတြုပ္ပါဒတော ဣဏပလိဗောဓမ္ပိ ဗဟုဿုတဿ သံဃဘာရနိတ္ထာရကဿ ဘိက္ခုနော အနုဋ္ဌာပနီယသေနာသနမ္ပိ သံဃကိစ္စံ ကရောန္တာနံ ကပ္ပိယ ကာရကာဒီနံ ဘတ္တဝေတနမ္ပိ အပလော-ကနကမ္မေန ဒါတုံ ဝဋ္ဋတိ-ဟူ၍ရင်း ပရိဝါအဋ္ဌကထာ။ ၂၅၃။ ၌ မိန့်တော်မူ၏။

(၃)အဖြေ ပြီး၏။

---

(၄)အဖြေ

မတသန္တက ရွှေငွေ စသော ပစ္စည်း ၂-မျိုး

မတသန္တက ရွှေငွေသည်—

(၁) အပ်သောနည်းဖြင့် ရထားသော ရွှေငွေ၊

(၂) မအပ်သောနည်းဖြင့် ရ ထားသောရွှေငွေ ဟု နှစ်မျိုးရှိသည်။

(၁) ရွှေငွေသည်— သံဃာဂိုဏ်း ပုဂ္ဂိုလ်ကို သံဃဿ ဂဏဿ ဣမဿ စသည်တိုက်ရိုက်မသုံး သင်မူ၍ စေတိယဿ ဝိဟာရဿ နဝကမ္မဿ-ဟု ပြောဆိုလှူဒါန်း၍ မူလ သေသူရဟန်း ကပ္ပိယ ကာရကဖြင့် ခံယူထားသော ရွှေငွေတည်း။ ထိုရွှေငွေကိုကား လှူလာလျှင် မအပ်ဟု မပယ်ရ၊ "ဒီသူတွေက ဒီလိုပြောဆို လှူဒါန်းသွားသည်"ဟုကပ္ပိယကာရကအား ပြောကြား ရမည်၊စေတီ ကျောင်း အမှုသစ်အလို့ငှါ (အတွက်) မိမိရဟန်းကိုယ်တိုင်ကား မခံရပါ။

ထို့ကြောင့်— သစေ ပန သံဃံ ဝါ ဂဏံ ဝါ ပုဂ္ဂလံ ဝါ အနာမသိတွာ "ဣဒံ ဟိရည သုဝဏ္ဏံ စေတိယဿ ဒေမ၊ ဝိဟာရဿ ဒေမ၊နဝကမ္မဿ ဒေမာ"တိ ဝဒန္တိ။ ပဋိက္ခိပိတုံ န ဝဋ္ဋတိ။ "ဣမေ ဣဒံ ဘဏန္တိ"တိ ကပ္ပိယကာရကာနံ အာစိက္ခိတဗ္ဗံ။"စေတိယာနံ အတ္ထာယ တုမှေ ဂဟေတွာ ဌပေထာ"တိ ဝုတ္တေ ပန"အမှာကံ ဂဟေတုံ န ဝဋ္ဋတိ"တိ ပဋိက္ခိပိတဗ္ဗံ-ဟုပါရာဇိကဏ်အဋ္ဌကထာ ဒုတိယအုပ် ၂၅၇-၌ ဖွင့်ပြတော်မူ၏။

ထိုသို့ မူလသေသူရဟန်းက တရားနှင့်အလျော် အပ်သောနည်းဖြင့် ရထားသော မတသန္တက ရွှေငွေဖြစ်လျှင် သံဃာသည် ကပ္ပိယကာရကအား ပြောကြားအပ်သည်။ အကယ်၍ ကျေးကျွန်က ယူထားသည် ဖြစ်အံ့၊ ရဟန်းသံဃာနှင့် မဆိုင်တော့ သံဃာအစိုးမရ။ သံဃာနှင့်ဆိုင်သော ပတ်သက်သော တိုက်တာအရာမ်စောင့်က ယူလျှင်ကား သံဃာနှင့်ဆိုင် သံဃာပင်အစိုးရသည်။

ထို့ကြောင့်-မတကဿ ဟိရညသုဝဏ္ဏာဒိ အကပ္ပိယဘဏ္ဍံ ဟောတိ။ပ။မေမေန ဥပ္ပန္နံ စေ၊ကပ္ပိယ ကာရကော အာစိက္ခိတဗ္ဗော။ ဒါသော စေ ဂဟိတော ဟောတိ၊ န သံဃော သာမီ။ အာရာမိ-ကော စေ၊ သံဃော သာမီ-ဟု ဝဇိရဗုဒ္ဓိဋီကာ၊ ၄၉၉-၌ ဖွင့်ဆိုတော်မူ၏။

(၂) ရွှေငွေဟူသည် မူလသေသူရဟန်းက တရားနှင့်မလျော်မအပ်သောနည်းဖြင့်ရထားသော ရွှေငွေတည်း။ ထိုရွှေငွေဖြစ်လျှင်မူကား သံဃာသည် ရူပိယသိက္ခာပုဒ်ဖြင့် ထိုရွှေငွေကိုရင်း ထိုရွှေငွေမှ ဖြစ်ပေါ်လာသော ကပ္ပိယဘဏ္ဍာများကိုရင်း အရင်းပြတ်ပယ်ပြီးဖြစ်သောကြောင့် ဆက်ခံ မသုံးစွဲရ၊ ထိုရူပိယသိက္ခာပုဒ်လာသည့်အတိုင်း ရူပိယဆဍ္ဍကသမ္မုတိပေး၍ မငဲ့မကွက် စွန့်ပစ်ရမည်။

ထိုကြောင့်—နေ၀ စ ဝဋ္ဋတိ၊ ပဥ္စဟင်္ဂေဟိ သမန္နာဂတော ဘိက္ခု ရူပိယ ဆဍ္ဍကော သမ္မန္နိ-တဗ္ဗော။ပ။ တေန သမ္မတေန ဘိက္ခုနာ အနိမိတ္တံ ကတွာ ပါတေတဗ္ဗံ၊ နိမိတ္တံ ကတွာ ပါတေတိ၊ **အာပတ္တိ** ဒုက္ကဋဿ-ဟု ပါရာဇိကဏ်ပါဠိတော် ၃၄၆-၌ ဟောတော်မူ၏။

ရွှေငွေ ဒင်္ဂါး မတ် ပဲ ပြားတော့ လူတို့ရောင်းဝယ်ဖောက်ကားနေသော စက္ကူစသည်သည် နိဿဂ္ဂိယဝတ္ထု၊ ပုလဲ ပတ္တမြား စသည်သည် ဒုက္ကဋ်ဝတ္ထု၊ ချည် စသည့် ကပ္ပိယဝတ္ထုတို့တွင် နိဿဂ္ဂိယ ရွှေငွေ စသည်ကို မိမိအတွက်ဖြစ်စေ၊ သံဃာဂိုဏ်း ပုဂ္ဂိုလ်အတွက်ဖြစ်စေ စေတီအတွက် ဖြစ်စေ ခံယူခြင်းငှါ မအပ် မခံကောင်း။ မိမိအတွက် ခံယူသည့် ရဟန်းအား နိဿဂ္ဂိယပါစိတ် အာပတ်သင့်၏။ အခြားသံဃာစသည်တို့အတွက် ခံယူသည့် ရဟန်းအား ဒုက္ကဋ်အာပတ်သင့်သည်၊ ဒုက္ကဋ်ဝတ္ထုကို မိမိအတွက်ဖြစ်စေ၊ သံဃာအတွက်ဖြစ်စေ ခံယူသောရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။ ကပ္ပိယဝတ္ထုမှာကား အာပတ်မသင့်။

ထိုကြောင့်—တတ္ထ နိဿဂ္ဂိယံ ဝတ္ထုံ အတ္တနော ဝါ သံဃပုဂ္ဂလစေတိယာနံ ဝါ အတ္ထာယ သမ္ပဋိစ္ဆိတုံ န ဝဋ္ဋတိ။ အတ္တနော အတ္ထာယ သမ္ပဋိစ္ဆတော နိဿဂ္ဂိယံ ပါစိတ္တိယံ ဟောတိ၊ သေသာနံ ဒုက္ကဋံ။ ဒုက္ကဋဝတ္ထုံ သဗ္ဗေသမ္ပိ အတ္ထာယ သမ္ပဋိစ္ဆတော ဒုက္ကဋမေဝ။ ကပ္ပိယဝတ္ထုမှိ အနာပတ္တိ-ဟု ပါရာဇိကဏ်အဋ္ဌကထာ ဒုတိယအုပ် ၂၆၉-၌ ဖွင့်ပြတော်မူ၏။ သူများကို **အခံခိုင်း** လျှင်လည်း နည်းတူပင်မှတ်။ ဥဂ္ဂဏှာပေယျ ပုဒ်ကို ထောက်ပါ။

## မတသန္တကပစ္စည်းများ ပိုင်ဆိုင်ခြင်း (၃) မျိုး

**ဝိနိစ္ဆယ**—ဒွိသန္တက, ဝိဿာသဂ္ဂါဟ, ပရိဒိန္နဘဏ္ဍာတို့မှ အလွတ် ဖြစ်သော ကပ္ပိယဘဏ္ဍာ အ ကပ္ပိယဘဏ္ဍာ စသည် မတသန္တကပစ္စည်းများ (၁) ရဟန်းသေရာတိုက်တွင်းမှာရှိလျှင် ထိုတိုက် သံဃာပိုင်သည်။ (၂) ရဟန်းသေရာတိုက်မှ တိုက်တပါးမှာရှိမူ ထိုပစ္စည်းရှိရာ တိုက်သံဃာပိုင် သည်။ (၃) တိုက်ပြင်ပမှာရှိလျှင် ထိုပစ္စည်း၏ ၁၂-တောင်အတွင်းရောက်သော **သံဃာပိုင်သည်။** တို့ကြောင့် အညေသံ အဒတွာ ဒူရေ ဌပိတပရိက္ခာရာပိ တတ္ထ တတ္ထ သံဃဿေဝ ဟောန္တိ-ဟု မဟာဝါ အဋ္ဌကထာ-၄၁၃။ ဝိနယသင်္ဂဟ အဋ္ဌကထာ ၂၆၁-တို့၌၎င်း၊ ဘိက္ခုနော ကာလကင်္တဿ သန္တကေ ဝတ္ထုမှိ ဝုတ္တတ္ထာ, ဂိဟီနာ တစ်နတ္တာ စ ပရိက္ခာရဿ ဌပိတဋ္ဌာနံ ဝုတ္တန္တိ **ဝိညာယတိ-ဟု ဝိနယာလင်္ကာရ ဋီကာ** ဒုတိယအုပ် ၃၄-၌၎င်း မိန့်ဆိုဖွင့်ပြတော်မူကြကုန်၏။

## မတသန္တက သံဃိကရွှေငွေကို လူတို့ပိုင်ဆိုင်နိုင်ခြင်း

သို့ပင် သံဃိက သံဃသန္တက ဖြစ်သော်လည်း နိဿဂ္ဂိယ ရွှေငွေ စသည်ကို လူတို့ယူလျှင် မတားမြစ်ရ၊ ယူသူ ဂိဟိသန္တကသာ၊ ထိုသူသာ အစိုးရသည်၊ သံဃာ မပိုင်တော့၊ သံဃာ အစိုးမရတော့။ ထို့ကြောင့် အထာပိ န ဆဒ္ဒေတိ၊ သယံ ဂဟေတွာ ဂစ္ဆတိ၊ န ဝါရေတဗ္ဗော-ဟု ရူပိယ သိက္ခာပုဒ်အဖွင့် အဋ္ဌကထာ ၂၇၀-၌ရှင်း။

ဒါသော စေ ဂဟိတော ဟောတိ၊ န သံဃော သာမိ-ဟု ဝဇိရဗုဒ္ဓိဋီကာ- ၄၉၉ -၌ရှင်း ဖွင့်ပြတော်မူကြ၏။ ဤအဋ္ဌကထာ ဋီကာတို့ကို ထောက်၍ တိုက်ပြင်ပရှိ ငွေစု လက်မှတ်ကို မောင်မြဆောင် ယူပြီ ဖြစ်၍ မောင်မြဆောင် ဥစ္စာ၊ မောင်မြဆောင်သာ ပိုင်တော့သည်ဟုမှတ်။

ရဟန်းတို့ထံမှ ရွှေငွေကို လုယူသွားလျှင် သူတို့ပိုင်ကောင်း မပိုင်ကောင်းသော ပစ္စည်းများ–

ပုဂ္ဂလိက ဂဏိက ရွှေငွေကို လုယူသွားလျှင် ယူသူ၏ ပစ္စည်းမဖြစ်၊ သံဃိက ရွှေငွေကို ယူသွားလျှင် ယူသူ၏ ပစ္စည်းဖြစ်သွားသည်။

ဝိနိစ္ဆယ—ပုဂ္ဂလိက ရွှေငွေကား ပုဂ္ဂိုလ်ပိုင်၊ ပုဂ္ဂိုလ် သိမ်းဆည်းထားသော ရွှေငွေတည်း။ မစွန့်သေးသမျှ အဒိန္န ပရပရိဂ္ဂဟိတ ဖြစ်သည်။ ဂဏိက ရွှေငွေလည်း အတူပင် ဖြစ်သည်။ လုယူသွာ သောသူ ရဟန်းဖြစ်လျှင် ပါရာဇိက ကျသည်။

ထို့ကြောင့်—ပရိစ္စာဂါဒိမှိ ကတေ "ဣဒံ မယှံ သန္တက" န္တိ ဝတ္ထုသာမိနာ အဝိဒိတမ္ပိ ပရပရိဂ္ဂဟိတမေဝ ဗာလုမ္ဘာဒီနံ သန္တကံ ဝိယ၊ တာဒိသံ အဝဟာရန္တေသပိ ဉာတကာဒီဟိ ပစ္ဆာ ဥတ္တာ ဝတ္ထုသာမိနာစ အနုဗန္ဓိတဗ္ဗာတာ ပါရာဇိကောဝ ဟောတိ-ဟု ဝိမတိ၊ ဋီကာ ပဌမအုပ်။ ၁၇၁-၌ မိန့်သည်။ သံဃိက ရွှေငွေဖြစ်က ယူသွားလျှင် ယူသူပိုင်သည်၊ သံဃာ မပိုင်တော့။

ထို့ကြောင့်–မတကဿ ဟိရညသုဝဏ္ဏာဒိ အကပ္ပိယဘဏ္ဍံ ဟောတိ ။ပ။ ဒါသော စေ ဂဟိတော ဟောတိ၊ န သံဃော သာမိ-ဟု ဝဇိရဗုဒ္ဓိဋီကာ။ ၄၉၉-၌ မိန့်သည်။

### (၄) အခြေ ပြီး၏။

ဤမျှအတိုင်း အရှည်ရှိသော စကား အစဉ်ဖြင့် မန္တလေးမြို့ မဟာဝေယန်ဘုံသာတိုက် ဦးဝဏ္ဏသာမိ လျှောက်ထားအပ်သော အမေးပုစ္ဆာများကို ဝိနယောပဒေသ ကောင်းစွာပြလျက် အမရပူရ ဆရာတော်ဘုရား ဖြေကြားအပ်သော ဝိမတိဝိနောဒနီကထာ ပြီး၏။

(မြန်မာပြန် ပါပြီးရကား နိဿယနက် မပေးတော့ပြီ)။

## ၂၅-မာနတ္တာဒိ ဝိမတိဝိနောဒနီ

မလှိုင်မြို့ မြို့သစ်ကျောင်း အရှင် တိလောကသာရသည် မိမိ၏ သမဂ္ဂရင်း ဖြစ်၍ ပါဠိ အဋ္ဌကထာတို့သို့ ချဉ်းနင်းသက်ဝင်နိုင်သူ ဖြာ်ရကား ပါဠိ အာဂုမ်များစွာ မပြမူ၍ မေးလျှောက်အပ်သော အမေးနှစ်ရပ်ကို ဝိနယောပဒေသ ပြလျက် အကျဉ်းမျှ ဖြေကြားပေအံ့။

### အမေးပုစ္ဆာများ

(၁) အဋ္ဌသမောဓာန် ပက္ခာရိဝါသ် စီစဉ်ရာ၌ ကမ္မဝါစာတွင် “သမ္ဗဟုလာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော” အထိသာ ရှိ၍ တပည့်တော်က “ကောဒသာဟပ္ပဋိစ္ဆန္နာယော ။ပ။ ပက္ခပ္ပဋိစ္ဆန္နာယော” ဆက်ဖတ်ရန် စီစဉ်ပါသည်။ “ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော” ကိုလည်း “ယာ အာပတ္တိယော ပက္ခပ္ပဋိစ္ဆန္နာယော” ဟု ပြင်လိုပါသည်။ အချို့က ကမ္မဝါစာကို ပြင်ရမည် ဝန်လေးကြ၍ ဆယ်ရက် ပရိဝါသ်သာ ယူလိုကြပါ၏။ သို့အတွက် တပည့်တော် စီစဉ်သည့်အတိုင်း သင့် မသင့် မိန့်ကြားစေလိုပါသည်။

(၂) ထို့ပြင် အဆုံးအဖြတ်များစွာ(မိုးနံကုန်းအပါအဝင်)တို့တွင် မာနတ်ချရာ၌ ကြားစရာမလို၊ မကြားရ ဆုံးဖြတ်ကြပါ၏။ ဝိနယာလင်္ကာရ ဋီကာကမူ “ဒေဝသိကံ အာရောစေတဗ္ဗံ” အရ နံနက် ပကတတ်များ ည မလာခဲ့သော် ရတ္တိစ္ဆေဒ ဖြစ်မည်စိုး၍ ကြားရန် ညွှန်ကြားပါ၏။ ယင်း၌လည်း ကြားသင့် မကြားသင့် သိလိုပါသေးသည်။ သာသနာပြုသည့် သဘောဖြင့် ညွှန်ကြား မိန့်တော် မူစေလိုပါသည်ဘုရား။

### (၁) အဖြေ

ပက္ခပ္ပဋိစ္ဆန္န အဋ္ဌသမောဓာန်ပရိဝါသ် အစီအစဉ်မှာ အရှင် တိလောကသာရ စီစဉ်သည့်အတိုင်း သင့်မြတ်ပါသည်။ ရှေးရှေးသော ဝိနယဝိဒူ တို့လည်း ဤနည်းအတိုင်း ကျင့်တော်မူခဲ့ကြပါသည်။ သင့်မြတ်ကြောင်းကို ရှေးနောက် နှိုးနှော သဘောယုတ္တိ တို့ဖြင့် အနည်းငယ် ရှင်းပြပါအံ့—

ဖုံးလွှမ်းမိသော ရက်တူ ရက်မတူ ပေါင်းစရာအာပတ်အလီလီ အသီးသီးမရှိ၊ ဖုံးလွှမ်းမိသော ရက်တခုသာရှိ၍ ဖုံးလွှမ်းအပ်သော အာပတ်ဖြင့်သာ ပေးအပ်၊ နေအပ်သော ပဋိစ္ဆန္နပရိဝါသ်ကိုပြရာ ဝိ၊ ၄။ ၁၀၀-၌ ကောဟပ္ပဋိစ္ဆန္နပရိဝါသ်, ၁၁၂၊ ၌ ဒွီဟ, တီဟ, စတုဟ, ပဉ္စာဟပ္ပဋိစ္ဆန္နပရိဝါသ်တို့သာ တိုက်ရိုက်လာသည်၊ ဆာဟပ္ပဋိစ္ဆန္န ။ပ။ စုဒ္ဒသာဟ, အတိရေကပက္ခ, မာသ, အတိရေကမာသစသည် ပဋိစ္ဆန္နပရိဝါသ်များ တိုက်ရိုက် မလာရှိချေ။

သို့ပင် မလာမရှိသော်လည်း မိမိဖုံးလွှမ်းမိသမျှ ရက်အာပတ်ကို ဝစီဘေဒဖြင့် ထင်စွာပြု၍သာ ကျင့်သုံးအပ်သည်၏ အဖြစ်ကို “ဝေမဿ ဝစနီယော” စသည်ဖြင့် ပရိဝါသ်တောင်းအပ် ကမ္မဝါစာဖြင့် ပေးအပ်,ကြားအပ်သော အစီရင်ပါဠိ၌ လာသောကြောင့် ပါဠိ၊ ၁နုလောမ နယဒဿနအားဖြင့် ဝိ၊ ၄၊ ၄။ ၂၁- ၂၊ ၌—

“အထ ဒွီဟာဒိပ္ပဋိစ္ဆန္နာ ဟောတိ ။ပ။ ယောဇနာ ကာတဗ္ဗာ” ဟု လောက ဝေါဟာရ=နေ့ရက်, ပက္ခ, လ, နှစ် ရေတွက်ရိုး ရေကွက်စဉ်ကို မလွန်ရေမူ၍ အာဟာဒိပဋိစ္ဆန္န, အတိရေကပက္ခာဒိပဋိစ္ဆန္နပရိဝါသ်တို့၏ ယောဇနာဝိဓိကို အဋ္ဌကထာ၌ရာ ဖွင့်ပြတော်မူသည်ကိုရှင်း, တပါးလည်း- မူလအာပတ်တို့ကက် အပိုအလွန် ဖုံးလွှမ်းအပ်သော အာပတ်ရှိနေသော ရဟန်းအား သြဓာနသမောဓာနပရိဝါသ်ကို ပြရာ- ဝိ၊ ၄၊ ၄။ ၂၇၊ ၌

“နနု အယံ သမုစ္စယက္ခန္ဓကော နာမ ဗုဒ္ဓါနံ ဌိတကာလသဒိသော၊ အာပတ္တိ ပန ပဋိစ္ဆန္နာ ဝါ ဟောတု အပ္ပဋိစ္ဆန္နာ ဝါ သမကဦနတရအတိရေကပ္ပဋိစ္ဆန္နာ ဝါ၊ ဝိနယဓရဿ ကမ္မဝါစံ ယောဇတုံ သမတ္ထဘာဝေါယေဝေတ္ထ ပမာဏံ”—

ဟု တိုက်ရိုက်မလာ မရှိသော အနုလောမအရာ၌ ဝိနည်းဓိုရ် ပုဂ္ဂိုလ်၏ ဝတ္တုအားလျော်စွာ ကမ္မဝါစာယှဉ်စပ် ရွတ်ဖတ်ခြင်းငှါ စွမ်းနိုင်သည်၏ ဒ.ဖြစ်သည်သာ ပမာဏဖြစ်ကြောင်းပြသော မဟာ ဒုမထေရ် ဝါဒလာရှိသည်ကိုရင်း ဘောက်ထားဆင်ခြင်၍ ဖုံးလွှမ်းမိသော ရက်တူ,ရက်မတူ ပေါင်းစရာအာပတ်အလီလီ အသီးသီးရှိကြ၍ အကြာမြင့်ဆုံး ဖုံ လွှမ်းအပ်သော အာပတ်ရက် အပိုင်းအခြားအားဖြင့် ပေါင်း၍ ကျင့်သုံ အပ်သော အဂ္ဃသမောဓာနပရိဝါသ်၌လည်း ယင်းပရိ-ဝါသ်ကိုပြရာ ဝိ၊ ၄။ ၁၃၄-၆၊ ၌ ကောဟမှ နဝါဟ အထိ ပဋိစ္ဆန္နအာပတ်တို့ကို ဒသာဟပ္ပဋိစ္ဆန္န အာပတ်တို့ဖြင့် ပေါင်းယူကျင့်သုံးအပ်သော အဂ္ဃသမောဓာန ပရိဝါသ်တခုသာ လာသည်။ ကော-ဟနှင့်ဒွိဟ, ကောဟနှင့် တီဟပ္ပဋိစ္ဆန္န စသည်ဘို့ကိုပေါင်းယူကျင့်သုံးအပ်သော အစိတ်အစိတ်အဂ္ဃ သမောဓာနပရိဝါသ်များသည်ရင်း တိုက်ရိုက်မလာ မရှိချေ။ ဝိ၊ ၄။ ၁၃၇-၅၁၊၌ ဒွေမာသ-ပဋိစ္ဆန္နအဂ္ဃသမောဓာန ပရိဝါသ်များလာသည်။ အတိရေက ဒွေမာသမှ အတိရေကသဋ္ဌိသံဝစ္ဆရ ပဋိစ္ဆန္န အဂ္ဃသမောဓာနပရိဝါသ် စသည် တိုက်ရိုက်မလာ မရှိ၊ အဋ္ဌကထာဆရာလည်း ပဋိစ္ဆန္န ပရိ-ဝါသ်၌ နယဒဿနဖွင့်ပြပြီးဖြစ်၍ အထူးစိစစ် ဖွင့်ပြတော်မမူ။

သို့ပင်ပါငြား၌လည်း မလာ၊အဋ္ဌကထာ၌လည်း အထူးဖွင့်မပြငြားသော်လည်း ဝိနည်းဓိုရ်၏ ဝတ္ထု အားလျော်စွာ ကမ္မဝါစာ ယှဉ်စပ်ရွတ်ဖတ်ခြင်းငှာ စွမ်းနိုင်သည်၏ အဖြစ်သည်သာ ပမာဏဖြစ် သောကြောင့် ရှေးပဋိစ္ဆန္နပရိဝါသ်၌ ဖွင့်ပြအပ်ပြီးသော ယောဇနာနည်းကို ယူ၍ ဤပက္ခပ္ပဋိစ္ဆန္န-အဂ္ဃသမောဓာနပရိဝါသ်၌ အရှင်ဘုရား စီစဉ်သည့်အတိုင်း ယာစနဝိဓိ, အာရောစနဝိဓိတို့ဖြင့် တောင်းယူကျင့်သုံးပါမှ ၁၁-၁၂-၁၃-၁၄-ရက် ပက္ခဖုံးလွှမ်းမိသော အာပတ်တို့မှလည်း ထရာ, စင်ကြယ်ရာပါသည်၊ သို့မဟုတ်က အဆိုပါအာပတ်များမှ မထရာ, မစင်ကြယ်ရာပါ။

ထိုကြောင့် ပက္ခအတွင်း အလီလီဖုံးလွှမ်းအပ်သော အာပတ်တို့မှ ထလို, စင်ကြယ်လိုသော လဇ္ဇီပေသလ သိက္ခာကာမ ရဟန်းတို့သည်၊ ၁၁–၁၂–၁၃–၁၄ ပက္ခဖုံးလွှမ်းရက် အာပတ်တို့ အတွက်ပါ မကျန်ရအောင် “သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော။ ပ။ ဒသာဟပ္ပ-ဋိစ္ဆန္နာယော၊ သမ္ဗဟုလာ အာပတ္တိယော ဧကာဒသာဟ, ဒွါဒသာဟ, တေရသာဟ, စုဒ္ဒသာဟ, ပက္ခပ္ပဋိစ္ဆန္နာယော” ဟူ၍ရင်း, “ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော နေရာ၌ “ ယာ အာပတ္တိယော ပက္ခပ္ပဋိစ္ဆန္နာယော” ဟူ၍ရင်း တောင်းယူ ကျင့်သုံးသင့်သည်ဟု သံသယကင်းကွာ မှတ်ယူရာသည်။

(၁) အမေး အဖြေ ပြီး၏။

## (၂) အဖြေ

“မာဠကတော ဘိက္ခုူသု နိက္ခန္တေသု ကေဿပိ သန္တိကေ နိက္ခိပိတုံ ဝဋ္ဋတိ၊ မာဠကတော နိက္ခမိတွာ သတိံ ပဋိလဘန္တေန သဟာ ဂစ္ဆန္တဿ နိက္ခိပိတဗ္ဗံ။ သစေ သောပိ ပက္ကန္တော၊ အညဿ ယဿ မာဠကေ နာရောစိတံ၊ တဿ အာရောစေတွာ နိက္ခိပိတဗ္ဗံ”။ ဝိ၊ ၄၊ ၄။ ၁၇။

“တဿ အာရောစေတွာ နိက္ခိပိတဗ္ဗန္တိ အနာရောစနေန ဝတ္တဘေဒဒုက္ကဋ ပရိမောစနတ္ထံ ဝုတ္တံ”။ သာရတ္ထဋီ၊ ၃။ ၃၇။ တို့၌

ကြားအပ်ပြီးသော သွားဖော် သွားဖက် ရဟန်းအား မကြားပဲ ချရမည် ဆိုသည်မှာ- နေ့မကူးသေး၊ ထိုနေ့၌သာ ကြားပြီးဖြစ်၍ မကြားပဲ ချဟု ဆိုသည်။ မကြားရသေးသော ရဟန်းအား ကြား၍ ချရမည် ဆိုသည်မှာ ကျင့်ဆဲ မာနတ်ဝတ်ကို ချ၍ အသစ်ဆောက်တည် ကျင့်သုံးမည့် မာနတ်ဝတ်ဖြင့် ညဥ့်အရေအတွက်ယူ၍ ခြောက်ညဥ့် ပြည့်အောင် ကျင့်မည့် နိက္ခိတ္တမာနတ်အရာ ဖြစ်၍ ဝတ္တဘေဒဒုက္ကဋ်မှ လွတ်ခြင်းအကျိုးငှါ ဟုသာ ဖွင့်တော်မူသည်၊ ရတ္တိစ္ဆေဒမှ လွတ်ခြင်းအကျိုးငှါဟု ဖွင့်တော်မမူပါ၊ ကွဲကွဲပြားပြား မှတ်သားထားရမည်။

ယခု မေးသောအရာကား-ပဌမနေ့ ဆောက်တည်ကျင့်သုံးအပ်ပြီးသော မာနတ်ဝတ်ကို ဒုတိယနေ့ နံနက် မာနတ်ဝတ်ချသောအခါ မချမီ ထပ်မံကြားသင့်၊ မကြားသင့်ကို မေးသော အရာဖြစ်သည်။ ဤ၌ “ဒေဝသိကံ အာရောစေတဗ္ဗံ” မိမိ ကျင့်အပ်ဆဲဖြစ်သော မာနတ်ဝတ် အကျင့်ကို နေ့စဥ်ရက်ဆက် ကြားရမည်ဟု နိက္ခိတ္တ, အနိက္ခိတ္တ မမှတ်သား၊ သာမညအားဖြင့် ဝိ၊ ၄။ ၉၇၊ ၌ ဟောတော်မူသောကြောင့် ယခုချတော့မည့် မာနတ်ဝတ်သည် နေ့ရက်လည်း ကူးလာပြီ၊ ချလည်း မချရသေး၊ မချသေးသမျှ မာနတ်ဝတ်အကျင့် မငြိမ်းစဲသေး၊ မငြိမ်းမစဲ တင်းလင်းရှိနေသော မာနတ်ဝတ်ကို ကြားမှသာ ဝတ္တဘေဒဒုက္ကဋ်မှ လွတ်ရာသည်။ နောက်ညချမ်း (အရုဏ်အတွင်း) ဆောက်တည်ပြန်က မာနတ်ဝတ်အသစ် ပကတတ်အသစ် ပြန်ဖြစ်၍ ငြိမ်းစဲ ပြီးသော မာနတ်ဝတ်ကို နံနက်က ကြားပြီးဖြစ်သော်လည်း-

ယခု ဆောက်တည်ဆဲ မာနတ်ဝတ်ကို မကြားပဲ မနေရာ၊ ကြားရမည်သာ ဖြစ်သည်၊ မကြားက အနာရောစန ရတ္တိစ္ဆေဒ ဖြစ်ရာသည်။ ဂရုက အရာ၌ တည်သော အပဏ္ဏကပဋိပဒါ ဖြစ်သည်ဟု တပ်တပ်ထင်ထင် သိမြင်မှတ်ယူရမည်။

အချို့ဆရာမြတ်တို့ကား- “ဒေဝသိကံ အာရောစေတဗ္ဗံ” အရ ကြား၍သာ ချရမည်ဟု ယူအပ်သည်ရှိသော် နံနက်ကကြားအပ်ပြီးသော ပကတတ်ဖြစ်လျက် ညအခါ ထိုသူများထံ မာနတ်ဆောက်တည်ရုံမျှသာ ဆောက်တည်ရတော့မည်၊ ကြားဘွယ်မရှိပြီ၊ မကြားခြင်းကြောင့် အနာရောစန ရတ္တိစ္ဆေဒသည် အဘယ်မှာဖြစ်တော့အံ့နည်း” ဟု အပြစ်ကောက်တော်မူကုန်၏၊ ထိုဆရာမြတ်တို့ ကောက်သော အပြစ်သည် သူ့မာနတ်ဝတ်နှင့် သူ့ပကတတ်ကို သီးသန့်မခြားမူ၍ ကောက်သော အပြစ်ဖြစ်သောကြောင့် ကောက်တိုင်းမရောက်ဟု မှတ်ယူသိမြင်ရမည်။

တဖန် ဆိုဘွယ်ကား–ဝိနယာလင်္ကာရဋီ၊၂။၂၃၀၊ ၌—

(၁) “မာနတ္တစရဏကာလေ ပန သမာဒါနကာလေ အာရောစိတေပိ နိက္ခိပနေ အဝသ်ံ အာရောစေတဗ္ဗမေဝ။ ကသ္မာ? ဒိဝသန္တရဘာဝတော။ ဒေဝသိကံ အာရောစေ-တဗ္ဗန္တိ ဟိ ဝုတ္တံ။

(၂) ဇဝံ သန္တေပိ သာယံ သမာဒါနကာလေ အာရောစေဿတိ။ တသ္မာ နိက္ခိပနေ အာရောစနကိစ္စံ နတ္ထိတိ စေ?န။

(၃) သာယံ သမာဒါနကာလေ ဧတေ ဘိက္ခူ အာဂစ္ဆိဿန္တိပိ၊ န အာဂစ္ဆိဿန္တိပိ။ အနာ-ဂတာနံ ကထံ အာရောစေတုံ လဘိဿတိ၊ အနာရောစနေ စ သတိ ရတ္တိစ္ဆေဒေါ သိယာ။ တသ္မာ တသ္မိံ ဒိဝသေ အဂ္ဂုဏော ဥဋ္ဌိတေ ဝတ္တနိက္ခိပနတော ပုရေဖေဝ အာရောစေတဗ္ဗန္တိ နော မတိ”ဟု–

ယမန်နေ့က ကြားအပ်ပြီးသော ရဟန်းတို့သည် ညချမ်းမာနတ်ဝတ်ဆောက်တည်သောအခါ မလာကြသော် ကြားခွင့် မရ၊ မကြားကလည်း ရတ္တိစ္ဆေဒဖြစ်ရသောကြောင့် နံနက်မာနတ်ဝတ် မချမီ မဆွကပင် ကြားရမည်ဟု ဝတ္တဘေဒအင်္ဂါကို ရတ္တိစ္ဆေဒအင်္ဂါပြု၍ ဝိနိစ္ဆယစကား ဆိုတော်မူမိသည်။

အနည်းငယ် ရှင်းပြအံ့–

(၁) အမှတ်ဝိနိစ္ဆယမျှဆိုလျှင် ဝိညူပသတ္ထ သာရဝိနိစ္ဆယဖြစ်ရာသည်။ ဥဂ္ဂုမျှဖြင့် ရပ်တန့်တော်မမူပဲ ဒေဝသိကာရောစနဝတ်ပြ ပါဠိတော်ကို မရှု၊ အနာရောစနရတ္တိစ္ဆေဒအင်္ဂါပြ ပါဠိတော်ကိုသာ ရှု၍ (၂) အမှတ်စောဒနာကို ထုတ်သည်ကား အရာမဟုတ်။ တဖန်-ဒေဝသိကာနာရော-စန ဝတ္တဘေဒအင်္ဂါကို အနာရောစနရတ္တိစ္ဆေဒအင်္ဂါပြု၍ (၃) အမှတ်အဖြေ ဝိနိစ္ဆယကို ဆိုခြင်းသည်လည်း ပါဠိ၌ မသက်ဝင်၊ မနှီးနှော၊ ဆန့်ကျင်သည်။ ထိုကြောင့် ထိုဆရာ၏ စကားကို လျစ်လျူရှုသင့်သည်ဟု မှတ်ပါ။

ဒေဝသိကာနာရောစန၏ ရတ္တိစ္ဆေဒအင်္ဂါ မဟုတ်ကြောင်းကို–

“စတ္တာရော ခေါ ဥပါလိ မာနတ္တစာရိကဿ ရတ္တိစ္ဆေဒါ သဟဝါသော ဝိပ္ပဝါသော အနာရောစနာ ဦနေ ဂဏေ စရဏံ၊ ဣမေ ခေါ ဥပါလိ စတ္တာရော မာနတ္တစာရိကဿ ဘိက္ခုနော ရတ္တိစ္ဆေဒါတိ”ဟု ဒေဝသိကာနာရောစနအင်္ဂါ မထည့်မူ၍ ဟောတော်မူအပ်သော ဝိ၊၄။၉၉၊ ပါဠိတော်ကို ထောက်၍ နေရာတကျ သိမြင်မှတ်ယူရာ၏။

**အကျဉ်းမှတ်ရန်။** ။အာရောစနဝတ်ပျက်လျှင် အနာရောစနဖြစ်၍ ဝတ္တဘေဒ ဒုက္ကဋ်အာပတ်လည်း သင့်သည်၊ ရတ္တိစ္ဆေဒလည်း ဖြစ်သည်။ ဒေဝသိကာရောစနဝတ်

ပျက်လျှင် ဒေဝသိကာနာရောစန ဝတ္တဘေဒဒုက္ကဋ်ရှိသာ သင့်သည်၊ ရတ္တိစ္ဆေဒ မဖြစ်ဟု သိမှတ်တော်မူပါ။

(၂) အမေး၏ အဖြေ ပြီး၏

ဤတွင်ရွှေ သမဂ္ဂရင်းဖြစ်သော အရှင်တိလောကသာရ မေးလျှောက်အပ်သည်ကို ဝိနယောပဒေသ ကောင်းစွာပြလျက် အမရပူရဆရာတော် ဖြေကြားအပ်သော ဝိမတိစ္ဆေဒနီ-ကထာ ပြီး၏။

၁၃၃၈-ခု တော်သလင်းလပြည့်ကျော် (၁၀) ရက်။

# ဝိမတိစ္ဆေဒနီကျမ်း ပြီး၏။

ပ မ-သ-စ — ၉၅၄ — ၂၉-၄-၇၇ — ၁၅၀၀။

အလိမ္မာ စာမှာရှိသည်
လူတော် လူကောင်း ဖြစ်အောင်

လူ့သဘာဝ စရိုက်ဆိုးများကို ပယ်ရှားပြီး စရိုက်ကောင်းများကို ဖော်ဆောင်မည့်
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာနမှ

# မြန်မာပြန်ပိဋကတ်များကို ဖတ်ပါ

မြန်မာစာဖတ်တတ်သူတိုင်း ဗုဒ္ဓရှင်တော်ဘုရား၏ နိကာယ်ငါးရပ် ပိဋကတ်ပါဠိတော်
၅၂–ကျမ်းလုံးကို ဖတ်ရှုနားလည်နိုင်ကြပြီ

## မြန်မာပြန်ကျမ်းများ

| | | | | |
|---|---|---|---|---|
| ၁။ ဒီဃနိကာယ် | (သုတ္တန်) | ပါဒုါတ | (၃-ကျမ်း) | ၃-အုပ် |
| ၂။ မဇ္ဈိမနိကာယ် | (သုတ္တန်) | ။ | (၃-ကျမ်း) | ၃-အုပ် |
| ၃။ သံယုတ္တနိကာယ် | (သုတ္တန်) | ။ | (၅-ကျမ်း) | ၃-အုပ် |
| ၄။ အင်္ဂုတ္တရနိကာယ် | (သုတ္တန်) | ။ | (၁၁-ကျမ်း) | ၃-အုပ် |
| ၅။ ခုဒ္ဒကနိကာယ် (ကျမ်း-၃၀) မှ | | | ဝိနည်း(၅-ကျမ်း) | ၅-အုပ် |
| | | | အဘိဓမ္မာ(၄-ကျမ်း) | ၅-အုပ် |
| | | | အခြားသုတ္တန်(၁၄-ကျမ်း) | ၇-အုပ် |

**တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကြီး**

အတွဲ ၁၀-တွဲ ထွက်ပြီ။

**မဟာဗုဒ္ဓဝင်**

၆-တွဲ ၈-အုပ် အပြည့်အစုံထွက်ပြီ။

---

ရန်ကုန်မြို့ ကမ္ဘာအေး သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်တွင် ဒု-ညွှန်ကြားရေးမှူး
ဦးချစ်တင် (မှတ်ပုံတင်အမှတ်—၀၁၈၀၃/၀၂၂၆၂) က ပုံနှိပ်ထုတ်ဝေသည်။